www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ – ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
မုန်းလို့မရတဲ့ ရာသီ/ သျှင်မ၊ ရန်ကုန်။ ရွှေသမင်စာပေ၊
၂၀၁၅။
၄၁၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) မုန်းလို့မရတဲ့ ရာသီ



## အခန်း (၁)

အစတည်းက ပြုံးငြင်ခဲ့သည့်မျက်နှာတွေက မင်္ဂလာပွဲကြီး ပြီးသွား
...နှင့် မင်းသားခေါင်း ကွာကျသွားသည့်နယ် ...

"မိဘမဲ့ အခြေအနေမဲ့ အားလုံးမဲ့နေတာတောင် ငါတို့က ကိုယ့်သား
...ချက်နှာကို ငဲ့ပြီး ခုလို မင်္ဂလာပွဲကြီး တခမ်းတနား လုပ်ပေးခဲ့ကြ
...ယ် .. ညည်း သိတတ်ရမှာက ကိုယ့်ကိုယ်ကိုယ် ဘယ်လိုအဆင့်
...န်းလဲဆိုတာ မမေ့ဘဲ ဒီအိမ်မှာ နေတတ် စားတတ်ဖို့ပဲ .."

မင်္ဂလာဝတ်စုံ မလဲရသေးသည့် သတို့သမီးကို ဒေါ်မေညွန့် က
...င်ကြေညာ၏ ။

...ားမှာရှိနေသော သမီးငယ် ချိုမေလွင့် မျက်နှာကလည်း တင်းနေ
...သူမအထက်က အစ်ကို အောင်မြင်ကျော် ကတော့ ဘာသိဘာသာ
...ကြည့်မျိုးနှင့် ...

"ကိုကို ဘယ်သွားလဲ မေမေ .."

"ခေါင်းမူးလို့ ခဏနားနေတယ်လေ .. ငါ့သားက စိတ်နကိုယ်နှ
...ဆင်းရဲမခံတဲ့သူ .. ဒါကြောင့် အစစအရာရာ ငါ လျှော့ပေးနေခဲ့
... .."



www.burmeseclassic.com

www.burmeseclassic.com



"လျှော့လက်စနဲ့ လျှော့လိုက်တော့ မေအမရာ .. သူများ မင်္ဂလာ
ညကို .."

"ကိုလေးက တစ်မျိုး .."

"နင်ကရော ဘာထိုင်လုပ်နေတာလဲ ..၊ အဝတ်စားတောင်
လေးအဲ ဒီမှာထိုင်ပြီး စပ်စုနေတယ် .."

"စပ်စုတာ မဟုတ်ဘူးနော် .. သမီးမိန်းကလေးဆိုတာ ဒီတိုင်း

"ဘာ ဒီတိုင်းလဲ .."

"မိဘရဲ့ ပူပင်သောကကို မျှဝေ ခံစားပေးနေတာလေ .. ကိုကို
ချို လည်း နှမြောတာပဲ .."

နှမြောတိုင်း ဖက်နဲ့ ထုပ်သိမ်းထားလို့ ရသလား ..၊

မေးလိုက်ရင် မေမေ ဒေါကန်သွားမှာမို့ ဒီတိုင်းလှည့်ထွက်လာ
သူ့အတွက်ကတော့ ဒီည ခြံထဲမှာ ဆက်တိုက် အပျော်တွေ ဆ
ရဦးမည်။

ပြီးရင် လူကြီးတွေကသာ ပင်ပန်းလို့ နားကြမည် ..၊ သူတို့တွေ
အပြင်ထွက်လိမ့်ဖို့ အစီအစဉ်တွေ အဆင်သင့် ရှိထားပြီးသား ..။

"အငယ်ကောင် .. မင်းနော် ဘာတွေစိတ်ကူးပြီး ခြေလှမ်းပြင်
သလဲ မေမေ သိပါတယ် .. အချိန်မရှိတော့ဘူး .. တော်ပြီ .."

မိဘတစ်ယောက်ရဲ့ အရည်အချင်းတွေကို လန့်တောင် လန့်သွား
သည်။ ခြေလှမ်းတွေကို သိသာစွာ နှေးကွေးစေရင်း ပခုံးတွန့်သွားမိ

ဒေါ်မေညွန့် မှာ အကြီးဆုံးသားကိုပဲ အားကိုးနေရတာပဲ ..၊

ရင်ခွဲရုံလေး ရှိနေတာလည်း ဒီသားရဲ့ စေ့စပ်သေချာမှုကြော
ညီတွေ ညီမတွေအပေါ် နူးညံ့စွာ ပြောဆို စည်းရုံးနိုင်တာလည်း
ဒီသားပဲ ဖြစ်၏။

ဒါတွေအားလုံးက အိမ်ထောင်ကျသွားပြီးသည့်အချိန်မှာ အ
အတိုင်း ရှိနေပါဦးမလား ..၊





မိသားစုစီးပွားရေးဆိုပြီး ဂရုစိုက်ခဲ့တာတွေ .. မိဘအပေါ်မှာ ..၊
ပြီးတော့ ညီ ညီမတွေအပေါ်မှာ ဂရုစိုက် ကြင်နာတာတွေ .. ဒါတွေ
ပျောက်ရှ လျော့ပါးသွားခဲ့မည်ဆိုလျှင် ...

"ဂီတ .."

"ဟုတ်ကဲ့ အမေ .."

"ယောက္ခမ ချွေးမ အထာတွေကိုပဲ ငါ ကြိုတင်ပြောထားချင်
တယ် .. ငါတို့မိသားစုထဲမှာ 'ငါ့ယောက်ျား'ဆိုတဲ့ မာန်မာနနဲ့ ဘယ်
ခြေအနေမျိုးမှာမှ သွေးခွဲဖို့ မကြိုးစားပါနဲ့ .."

"ဂီတ မှာ အဲဒီလိုစိတ်ဓာတ်မျိုး မရှိပါဘူး အမေ .. ကိုယ်က
တစ်ကောင်ကြွက်မို့ မိသားစုရှိတဲ့ ကို့ ကိုတောင် အားကျနေမိတာပါ..၊
ကိုနဲ့ လက်ထပ်ရတဲ့အတွက်လည်း ကျေနပ်တယ် .."

ပလီနေတာလားဆိုသည့် အကြည့်တွေနှင့် ဒေါ်မေညွန့် က မျက်
မှောင်ကုတ်၏။

ရုပ်လေးက ချောချော .. အပြုံးလေးကလည်း ချိုပါပေသည်။
စကားပြောတော့လည်း နားဝင်ပီယံ ..၊

ဂီတ ဆိုသည့် နာမည်နှင့်လိုက်အောင် သူမနဲ့ စကားပြောမိလိုက်
သူနှင့် အပြုံးလေးနဲ့ အပြောမှာပဲ တစ်ခါတည်း ငြိသွားနိုင်၏။

ဒါပေမယ့် အပြုံးတွေ အမြဲတမ်း တင့်တယ်နေဖို့က ဘာမှမရှိလို့
တော့ မဖြစ် ...၊

"ဂီတ က အရည်အချင်းရှိတဲ့ မိန်းကလေးပါ မေမေရယ် .. သူ့
ညာလေးနဲ့သူ တင့်တင့်တယ်တယ် ရပ်တည်နေနိုင်တဲ့သူပါ ..၊ သူ့မှာ
ဆိုင်းအဝိုင်း မရှိပေမယ့် အားကိုးရာဖို့အတွက်နဲ့ ကျွန်တော့်ကို လက်
ထပ်မှာ မဟုတ်ပါဘူး .. ကျွန်တော်တို့ချင်း တကယ့်မေတ္တာစစ်နဲ့ ချစ်ကြ
တာပါ" တဲ့ ...။

သားဖြစ်သူကတော့ သူမကို လက်ထပ်ပါရစေလို့ မအေကို ဖွင့်ဟ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ပြီးဆိုတည်းက တစ်ချက်လေးမှ နောက်ဆုတ်ဖို့ စိတ်ကူးရှိခဲ့
မဟုတ် ...၊

ဒီမိန်းကလေးမှာ ဘယ်လိုပညာတွေနဲ့ ပြုစားနိုင်နေရတာလဲ...

"အစ်မ ကိုကို ခေါ်နေတယ် ..."

"ဟင် .."

ဝင်သွားသည့် အောင်မြင်ကျော် က ပြန်ထွက်လာရင်း သတင်း
သွား၏။ ပြီးတော့ ထိုသတင်းကို အားလုံး စိတ်ဝင်စား အငိုက်မိသွား
လေးမှာ အသာလေး လစ်ထွက်လာခဲ့၏။

သူ့ကို ခေါ်မေညှန့် တကယ့်ကို သတိမထားလိုက်မိတာဖြစ်သ
စကားပြောနေတုန်း သားက ခေါ်သည်ဆိုတော့ ဂီတ ထလိုက်ဖို့အတွ
ကိုယ်လေး ကြွသွား၏။ ပြီးမှ သူမကို လှမ်းကြည့်ပြီး ပြန်ထိုင်သွားက

"အမေ ပြောစရာရှိသေးလား ဟင် .."

"ရှိလမယ် သွားပါအေ .. ညည်းသာ အခု ငါ ပြောခဲ့တာတွေ
မမေ့ပါနဲ့ .."

"ဟုတ်ကဲ့ပါ .."

ဂီတ နေရာမှထလာခဲ့ရင်း ပင့်သက်လေး ရှိုက်မိ၏။ မင်္ဂလာအိမ်
ဟု သတ်မှတ်ပေးထားသည့် ကိုမှာ အိပ်ခန်းရှေ့ ရောက်တော့ သူ
တံခါးဖွင့်ဖို့ လက်တင်ရုံရှိသေးသည် အထဲကဖွင့်လိုက်သဖြင့် နှစ်ယော
သား မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွားကာ ...

"ဂီတ .."

မြင့်မား မျက်နှာက စိုးရိမ်မကင်းရှိနေခဲ့လျက် ဂီတ လက်လေး
လှမ်းဆွဲ၍ အခန်းထဲ ဝင်စေပြီးမှ ...

"ဂီတ မေမေ ဘာတွေပြောလိုက်လို့လဲ ဟင် .. ကိုယ် ခေါင်း
တအားမူးနေလို့ကွာ .."

"ဘာမှမပြောပါဘူး ကိုရယ် .. ခုမှ မျက်နှာစုံညီ စကားပြော





တာဆိုတော့ အမေ စကားပြောနေတုန်း အတင်းဖြတ်ပြီး ထလာလို့
မကောင်းဘူးလေ .."

"ကိုယ် နေမကောင်းတာကို လာကြည့်ဖို့ မင်းကိုပြောတာ မဟုတ်
ပါဘူး .. မင်းကို ထားခဲ့ပြီး ကိုယ် အခန်းထဲဝင်နေမိတာကို တောင်းပန်
တာ .. ဆောရီးပါကွာ .."

"ကိုကလည်း ..."

ဂီတ က သူ့နဖူးကို လက်ဝါးလေးနဲ့ လှမ်းရိုက်ပြီး ပြုံးပြကာ...

"နောက်ဆို မိသားစုတွေ အတူတူနေကြမယ့်ဟာ ကို မျက်နှာလွှဲ
လို့ မဖြစ်လောက်အောင် ဂီတ က စိမ်းစိမ်းနေလို့ ဘယ်ဖြစ်မလဲ .."

အဝတ်စားလဲဖို့ ဗီရိုဆီ လျှောက်သွားတော့ မြင့်မား က နောက်က
နေ ဖက်ထားလိုက်ပြီး အတင်းလိုက်နမ်းနေကာ ...

"ကိုယ်တောင် အကျီမလဲဘဲ ဒီတိုင်းဝင်လှဲနေတာ .."

"ဟာ .. ကိုယ်ကလည်း လွှတ်ပါဦး .."

"မလွှတ်ဘူး .. မင်း ဒီနေ့ အရမ်းလှတာပဲ ..၊ ကိုယ်လေ မင်းကို
စေ့စေ့ကြည့်မိတိုင်း ရင်တွေခုန်နေရတာ သိလား .."

ဂီတ မျက်နှာလေး ဝင်းမွတ်နေကာ မျက်တောင်ကော့ကြီးတွေက
အားကောင်းနေကြသဖြင့် မိတ်ကပ်ပြင်တော့ 'မျက်တောင်တု မတပ်ဘဲ
လှအောင်လုပ်ပေးလိုက်လို့ ရတယ်နော် .. ဘယ်လိုလဲ' လို့ မိတ်ကပ်
ဆရာမက မေးခဲ့သေးသည်။

ပြီးတော့ အထူအပါးညီကာ နီမြန်းတွေးအိနေသည့် နှုတ်ခမ်းလွှာ
လေးတွေက သူ့ရင်ခုန်သံတွေကို ဖမ်းစားနိုင်ဆုံး ...၊

"ဂီတ .."

"ဘာလဲ ကို .. အား ..."

"ဟား .. ဟား .. ဟား ..."

"မရယ်နဲ့ .. သွား .."



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ဆွဲလှဲတာ မဟုတ် .. ကိုယ်ကလည်း အတင်းရုန်းကန်နေတာမဟုတ်ဘဲ ဒီလိုပဲ ဆွဲလိုက်ဖယ်လိုက်နှင့် မွှေ့ရာပေါ် နှစ်ယောက်စလုံး လဲကျသွားကြ၏။

ဂီတ အဝတ်စားလဲဖို့ ဘယ်လိုမှ မအောင်မြင်တော့ဘူးဆိုတာ နားလည်လိုက်ကာ ...

"ဘာမှန်းမသိဘူးကွာ .. ဒီမှာ အင်္ကျီတွေနဲ့ ဘယ်လောက် ကျပ်ကျပ်သိပ်သိပ် နေရလဲ သိရဲ့လား .."

"သိတယ်လေ .. ဒါပေမယ့် ..."

"ဟာ .. မသိဘူးသွား .."

လည်တိုင်မှာ လည်ဆွဲတွေ လက်တွေမှာ လက်ဝတ်ရတနာတွေနှင့် သူ နမ်းနေတာကို ရှောင်ဖယ်ရင်း မင်္ဂလာဦးည ရင်ခုန်သံတွေက ကြင်စဦးတို့၏ သဘာဝသရုပ်ကို ဖော်ကျူးခဲ့လေသည်။ သို့သော် ...

"ဒေါက် .. ဒေါက် ..."

"ဟင် .."

"ကိုကို့ .."

"သားကြီး ရေ .. မြင့်မား .."

"ဗျာ .. မေမေ .. ခဏလေး .."

နှစ်ယောက်စလုံး တံခါးအတူသွားဖွင့်ကြတော့ ဒေါ်မေညွန့် က အဝတ်စားမလဲရသေးဘဲ ရှိနေကြသည့် သူတို့ကို အံ့သလိုဖြစ်သွား၏။ ပြီးမှ အားနာသည့်မျက်နှာတစ်ချက် ဖြစ်သွားကာ ...

"မင်းညီ အပြင်ထွက်သွားတယ် .."

"ကျော် လား .. သူလည်း သူငယ်ချင်းတွေနဲ့ အတူရှိနေချင်မှာပေါ့ မေမေ .. ဒီညတော့ ပေးနေလိုက်ပါ .."

"မဟုတ်ဘူး .. မဟုတ်ဘူး.. သူတို့ ခြံထဲမှာပဲရှိနေကြတာ – အဲဒါ ဖိုးသဲ တို့လူစု လာခေါ်သွားတာတဲ့ .."





"ဟင်!..."

ဖိုးသဲ ဆိုတာ ဆေးမှုနဲ့ နာမည်ကျော်နေတဲ့သူ ဖြစ်သည်။ ပေါင်းသင်းကြတဲ့ သူတို့အုပ်စုထဲမှာ အသက်ကြီးဆုံးဖြစ်ကာ ထောင်တန်းဆိုတာလည်း မကြောက် .. အုပ်ထိန်းသည့်လူကြီးတွေကိုယ်တိုင် မနိုင်လို့ လွှတ်ထားရတဲ့ လူပေလူတေလေး ...

"သေချာလို့လား မေမေ .."

"သေချာပါတယ် သားရယ် .. ခြံထဲမှာ ဝိုင်းကူသိမ်းပေးတဲ့ ဟိုဘက်ခြံက သားထူး ကိုယ်တိုင် လာပြေးပြောတာ .."

"ဒါဆို လွှတ်ထားလို့ မဖြစ်ဘူး .."

"ဟုတ်တယ် မြန်မြန်လိုက်ခေါ်ပါ .. ဟိုကောင်လေး ကားနဲ့ ပါသွားတာ .. အိမ်ကကား ရှိတယ် .."

"ဒီမှာ ချို့ ယူလာတယ် ကားသော့ .. ရော့ ကိုကို .."

ကားသော့ကို လှမ်းယူလိုက်ပြီး မြင့်မား က ဂီတ ကို တောင်းပန်သလို လှည့်ကြည့်သည်။

ဂီတ က ပြုံးပြကာ ...

"သွားလေ .. မောင်လေး ဒုက္ခရောက်သွားလိမ့်မယ် .."

"ကျေးဇူးပဲ .. ဂီတ အိပ်နှင့်တော့နော် .."

"အင်းပါ .. ကို ညဘက် ကား သတိထားမောင်း နော် .."

"အိုခေ .. အိုခေ ..."

သူက အိုခေ ပြောသွားပေမယ့် ဂီတ သူ့နောက်ကို ခြေ ငါးလှမ်းလောက် အပြေးတစ်ပိုင်း ပါသွားမိသေးသည်။

"ကို ညဘက်မှာ ကားရှင်းတယ်ဆိုပြီး လွှတ်မမောင်းနဲ့ နော် .."

"ပူမနေပါနဲ့ အစ်မရယ် .. ညဘက်လေးပဲ ကားမောင်းရတာ အရသာရှိတာ .. ချို့ တို့ မောင်နှမကိုလည်း ကိုကိုပဲ ညဘက် ကားမောင်း သင်ပေးတာ .."



www.burmeseclassic.com

www.burmeseclassic.com



ချိုမေလွင် က ဂီတ ကို သည်းမနေနဲ့ဆိုသည့် မျက်စောင်းလေး တစ်ချက်နှင့် လှည့်ထွက်သွား၏။

ဒေါ်မေညွှန့် ကတော့ ကိုယ့်သားလေးကို စိုးရိမ်တာပဲမို့ ဂီတ ကို စာနာသည့်အကြည့်နဲ့ နှစ်သိမ့်သွားခဲ့၏။

ထိုအကြည့်တစ်ချက်ကို ဖမ်းဆုပ်ထားမိရင်း ဂီတ ကျေနပ်သွားခဲ့သည်။

တစ်ယောက်ကိုတစ်ယောက် နားလည်ဖို့ ကြိုးစားရင်း သည်းခံခွင့်လွှတ်သွားနိုင်ရင်တော့ မိသားစုဘဝရဲ့ နွေးထွေးခြင်းကို သူမ ပိုင်ဆိုင်ခွင့် ရတော့မှာပါ ...၊

ဒါပေမယ့် အရာရာဟာ မျှော်လင့်သလို ဖြစ်မလာခဲ့ခြင်းနှင့် ပတ်သက်၍ ...၊





## အခန်း (၂)

"အောင်မယ်လေး .. ငါ့သားကြီး .. သားကြီးရယ် .. အဖြစ်ဆိုးလှချေလား .. ဟီး .. ဟီး ..."

"ကိုကို အဲဒီမိန်းမကြောင့် သေတာ .. လက်ထပ်တဲ့ညမှာ သေတာ သူ့ကြောင့် ...၊ မိန်းမက နိုက်တာတဲ့ .. အဲဒါ ဟုတ်တယ် .."

ဒေါ်မေညွှန့် ရင်ဘတ်ထုထုပြီး ငိုသည် ...၊ ချိုမေလွင် က ဂီတ ကိုပဲ လက်ညှိုးငေါက်ငေါက်ထိုး၍ ငိုနေရင်း အသံပြာအောင် အော်၏။ ဘကယ်တော့ အောင်မြင်ကျော် က ဖိုးသဲ နဲ့ ပါသွားတာ မဟုတ်ပေ...၊

ဒီညက အောင်မြင်ကျော် တို့ ခြံထဲမှာ မင်္ဂလာပွဲရှိသည်ဆိုပြီး ဖိုးသဲ တို့က ခဲဖိုး ငွေလာညှစ်တာ ဖြစ်၏။

"မလိုချင်ဘူး ယောကျ်ား .. သတို့သားက ငါနဲ့ သိပ်ကြည်တာ မဟုတ်ဘူး .. မင်းအစ်ကိုဆိုတော့ မင်းမှာပဲ တာဝန်ရှိတာ ...၊ ပေး နော် ခရဘူး .. ငါ မုန်းထားသလောက် ရမှ ဖြစ်မှာ .."

အပြင်ဘက်တစ်နေရာမှာ ငုတ်တုတ်ထိုင်ရင်း ညက ပြောခဲ့ ပေးခဲ့ တြတာတွေကို ပြန်တွေးရင်း အောင်မြင်ကျော် အံကြိတ်နေမိသည်။

သူသာ အိမ်ကို ဘယ်သွားမည်လို့ ပြောဆိုသွားခဲ့လျှင် ကိုကို သေမှာ မဟုတ်ပေ ...၊

www.burmeseclassic.com



ခုတော့ သူ့ကို စိုးရိမ်ကြီးပြီး ကားနဲ့လိုက်တာ အမူးသမားတွေ မောင်းတဲ့ကားနဲ့တိုက်မိပြီး ကိုကို ဆေးရုံမှာ စကားမေးဘောင်မရခဲ့ပေ..။

ဒီနေ့ ကိုကို့ ရက်လည်နေ့ပါ ..၊ ဒါပေမယ့် မေမေတို့ရဲ့ငိုသံတွေက လုံးဝ ပျောက်ကွယ်သွားသည်ဆိုတာ မရှိ .. အိမ်နီးချင်းတွေ ဖျောင်းဖျနားချလည်း မရ .. ဘယ်လိုနှစ်သိမ့်အားပေးပေးမယ့် ခဏကာ ငိုသံစဲသွားပြီး နောက်တော့ ဒီတိုင်း ..၊

"ချို သိတယ်.. အဲဒါတွေ သူ့ကြောင့်ဖြစ်တာ.. သူက အကုသိုလ်မ"

"ချို .."

ဇည့်သည်တွေ စဲသွားသည့်အချိန်ထိ လက်သုိုးထိုး အော်နေသဖြင့် အောင်မြင်ကျော် အထဲဝင်သွားပြီး အော်ပစ်လိုက်မိသည်။

"အစ်မက နင့်ထက် အသက်ကြီးတယ်.. နင် မိုက်ရိုင်းလှချေလား.."

"ကိုလေးက မသိဘဲနဲ့ .."

"ဘာလို့ မသိရမှာလဲ .. ဘာကို သိရဦးမှာလဲ ..၊ ငါတို့ အစ်ကိုကြီးကို ဆုံးရှုံးရသလို သူလည်း ယောက်ျားတစ်ယောက်လုံး ဆုံးရှုံးသွားတာပဲ .. ပြီးတော့ ..."

မင်္ဂလာဦးညတောင် မဖြတ်သန်းလိုက်ရသေးပေမယ့် လက်ထပ်ပြီးတဲ့မိန်းမဘဝက တစ်ခုလပ် ဖြစ်ရတာပဲ ..၊ ပြောလို့မထွက်တော့ဘဲ တက်ခေါက်လိုက်မိသည်။

"တော်တော့ .. အဲဒီစကားတွေ ထပ်မပြောနဲ့တော့ .."

ဒေါ်မေညွန့် ကတော့ နှစ်သိမ့်ပေးနေကြသည့် မိတ်ဆွေနှစ်ဦးကြားမှာ ငိုနေပေမယ့် ဘယ်သူ့ကိုမှ မကြည့် ..၊ ဘာမှလည်း မပြောပေ ..။

ချို လက်သီးနှစ်ဖက်ဆုပ်၍ အံကြိတ်ရင်း လှည့်ဝင်သွားမှ ကျော်က ဂီတ ငိုနေသည့်ဘေးမှာ လျှော့ရိလျှော့ရဲ ဝင်ထိုင်လိုက်ကာ ...

"ကျွန်တော် အစ်မကို တောင်းပန်ပါတယ် .. အားလုံးအတွက် တောင်းပန်ပါတယ် .."



ပြောရင်း ငိုသံပါလာကာ ခေါင်းငိုက်စိုက်ကျ၏။ ဂီတ ငိုနေခဲ့သည့်မျက်ရည်တွေလောက် ဘယ်မျက်ရည်က ပူမှာလဲ ..၊

တစ်ခုလပ်ဘဝဖြင့် ရပ်တည်သွားရမည့်အဖြစ်ထက် ဒီမိသားစုကဘာ မကြည်ဖြူစွာ မောင်းထုတ်လိုက်မည်ဆိုလျှင် ..၊

"သူ့ခမျာလည်း ဒီလို ဘယ်ဖြစ်ချင်ပါ့မလဲ မညွန့် ရယ် .. ကြားလို့သည်း မကောင်းပါဘူး .. ကလေးမလေးကို ဖျောင်းဖျပါဦး .."

နောက်နေ့တွေမှာပါ ချို က မျက်နှာမြင်တိုင်း ပြောနေသဖြင့် ခင်နီးသည့်မိတ်ဆွေတချို့က သတိပေးကြ၏။ ဂီတ ကတော့ သူမရဲ့အလုပ်ကို ပြန်ဆင်းသည်။ သူငယ်ချင်း ဖွင့်ထားသည့် ကွန်ပျူတာသင်တန်းမှာ ဂိုက်ဒ်လုပ်ရင်း လက်လှမ်းမီသမျှ ဝါသနာပါရာသင်တန်းတွေသည်း တက်ဖို့ ကြိုးစား၏။

"နင့်အိမ်မှာ ယောက္ခမတွေက မကြည်ဖြူဘူး ဆို .."

"အစတည်းက မကြည်ခဲ့တာပါ .."

"ဒါဆို ရေရှည် ဘယ်လိုလုပ်မှာလဲ ဂီတ ရယ် .. နင့်အဖြစ်ကလည်းင်လေးစရာကြီး .."

သင်တန်းတက်ဖို့တောင် လုံးပမ်းနိုင်သေးသည်ဆိုသော အံ့ဩသည့်အကြည့်နှင့် ပန်းရောင် က ညည်းနေ၏။

"ရေရှည်အတွက်ကြောင့် ငါ ဒီတိုင်း ပိုကြိုးစားနေရတာပေါ့န်းရောင် ရယ် .. ငါက အိမ်ထောင်သည်ဖြစ်နေပြီ ..၊ တစ်ခုလပ်ဆိုတာဆိုးမထက် ဂုဏ်ကျက်သရေမဲ့တယ်.. ငါ့အတွက် အုပ်ထိန်းသူလူကြီးသူမရှိလို့ မဖြစ်ဘူးဟ.. သူတို့မိသားစုက ငါ့အတွက် အရိပ်ကောင်းပဲ .."

ဘယ်လိုစိတ်ဆင်းရဲစရာတွေပဲ တွေ့တွေ့ သည်းခံမျိုသိပ်ဖို့ ဂီတဆုံးဖြတ်ထားခဲ့သည်။ သို့သော် အိမ်မှာ နှစ်လပြည့်သည့်နေ့ ..၊

"ဘာ!... ဘာပြောတယ် .. ညည်း ..."

ဒေါ်မေညွန့် မျက်လုံးကြီး ပြူးထွက်လာသည်။ ပြီးတော့ ဂီတ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကို ကြည့်၍ ခေါင်းတွင်တွင် ခါရင်း ...

"မဟုတ်တာတွေ လာမပြောနဲ့ .. ယုတ္တိမရှိတာတွေ .. ညည်း .. ညည်း .. ခု ထွက်သွား .."

"အမေ .."

"မခေါ်နဲ့ .. သွား .. ငါ့သားက မင်္ဂလာဝတ်စုံတောင် မလဲရသေးဘဲနဲ့ အပြင် ချက်ချင်းထွက်သွားရတာ ..၊ ညည်း.. ညည်း ငါ့သား မရှိတာမှ ဖြစ်ချင်တိုင်း ဖြစ်နေပြီး ..."

"အမေ အဲဒီလို မပြောပါနဲ့ .."

"ပြောမယ် .. ဒါ ငါ့သားရဲ့ကိုယ်ဝန် ဘယ်လိုမှမဖြစ်နိုင်ဘူး .."

ဒေါ်မေညွန့် သား သေလို့ ပူလောင်ရသည့်သောကတွေကို ငြိမ်းသတ်နေရတာ မသေနိုင်သည့်မီးက ခုထိ တောက်လောင်နေဆဲပါ ..။

သင်းကို သားတစ်မျက်နှာတည်းနဲ့ သားရှိနေတုန်းကလည်း လက်ခံခဲ့သည် ..၊ မရှိတော့ဘူးဆိုတော့လည်း မရှိတော့သည့်မျက်နှာလေးကို ငဲ့ပြီး သည်းခံ ကြည့်ဖြူထားခဲ့ရ၏။

ဒီ့ထက် ဘာကို ဆက်ပြီး သည်းခံနေရမှာလဲ ..၊

"လက်ထပ်ပြီး မင်္ဂလာပွဲတောင် မသိမ်းရသေးဘူး.. ညည်းမို့ ပြောထွက်တယ်..၊ ပြီးတော့ .. ပြီးတော့ ငါ့သား နေမကောင်းလို့ အစောကြီးဝင်ခွေနေတာ .. ထွက်သွား .. ညည်း သွားတော့ ဂီတ ..၊ ခုချိန်ကစပြီး ညည်း ငါ့ချွေးမ မဟုတ်တော့ဘူး.. ငါ့သားနဲ့လည်း ဘာမှမဆိုင်တော့ဘူး"

"မဟုတ်ပါဘူး .. ဂီတ ရှင်းပြပါရစေ အမေရယ် .. ဒီအဖြစ်ကို အမေမှ နားလည်မပေးရင် ဘယ်သူကမှ .."

"ဘာကို နားလည်ရမှာလဲ ..၊ ငါတို့တစ်အိမ်လုံးကို ညည်းက ခြေလေးချောင်းသတ္တဝါတွေ မှတ်နေသလား .. သေသွားတဲ့ ငါ့သားကိုတော့ နွားမလုပ်နိုင်းပါနဲ့အေ .. ညည်းကို ငါ သိပ်ရွံတယ် ..၊ သွားပါတော့အေ .."



ဂီတ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျရင်း အံလေးကြိတ်ထား ...

"သွားပါ့မယ် အမေ .. အစတည်းက ဂီတ သွားစရာမရှိလို့ ခိုကပ်နေတာ မဟုတ်ပါဘူး ..၊ ဂီတ ရဲ့ယောကျ်ားကို ချစ်လို့ .. သူ့မိသားစုတွေရဲ့ဘဝလေးထဲမှာ နွေးနွေးထွေးထွေး နေချင်လို့ပါ .."

ဒေါ်မေညွန့် မျက်ရည်ပြည့်အိုင်နေသည့်မျက်လုံးတွေနှင့် ရူးစိုက်ကြည့်နေလျက် ဘာစကားမှ မပြော ..၊

"ဒါပေမယ့် ဂီတ ပြန်လာမယ် အမေ .. အဲဒါ ဂီတ ရဲ့ဂုဏ်သိက္ခာ.. ဂီတ တို့ ရင်သွေးလေးရဲ့ အနာဂတ်အတွက် .. ဘယ်တုန်းကမှ ထောက်ပြန်ခဲ့ဘူးဆိုတာ သက်သေပြဖို့အတွက်ပဲ .. ကို့ရင်သွေး ဟာ ဂီတ လို တစ်ကောင်ကြွက် မျက်နှာငယ် မဖြစ်ရဘူး ..၊ ကို့ မိဘတွေရဲ့လက်ပေါ်မှာ စုပြုံပိုင်းချစ်ကြတာကို ခံရမယ် .. သူ့ဦးလေး တွေ အဘွားတွေရဲ့ လက်ပေါ်မှာ ဂီတ တို့ရဲ့ ရင်သွေးလေး ကြီးပြင်းရမယ် .."

သစ္စာဆိုသကဲ့သို့ စကားတွေဆိုရင်း တစ်စက်ချင်း ကျနေသော မျက်ရည်စက်တို့ကို ချန်ခဲ့လျက် ဂီတ တရွေ့ရွေ့ ဆုတ်ခွာလာခဲ့သည်။

သူမရင်ထဲမှာ ရင်သွေးအတွက် မိခင်လောင်းတစ်ဦး၏ အားမာန်အပြည့်နှင့် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"မေမေ .."

"ဟင် .."

"သားသား ဒီစက်ဘီးလေး လိုချင်တယ် .."

စက်ဘီးနေရာကို ရောက်တာနှင့် သားက ခြေတစ်လှမ်းမှ ဆ… မတိုးတော့ပေ ..၊ နေပူနေပြီမို့ ဆွဲလာရသည့်အထုပ်တွေနဲ့ စိတ်အိုက်… တုန်း သားကြောင့် ပြန်လှည့်ကြည့်ရတော့သည်။

"သားသားရဲ့ စက်ဘီးတွေက ကြီးတယ်လေ.. သားက က… လေးပဲ ရှိသေးတာ .."

"မေမေကလည်း ဟိုမှာ 'ကလေးစီး' လို့ ရေးထားတာကို .."

စာရေးထားတဲ့ဆီ လက်ညှိုးထိုးပြသဖြင့် ထိုလက်လေးကို ဂီ… က ဆုပ်ကိုင်ထားလိုက်ကာ ...

"ကလေးစီးပေမယ့် သားက အဲဒီလို လျှပ်စစ်ဘီးတွေ စီးရမ… အရွယ် မဟုတ်သေးဘူးလေ ..၊ ပြီးတော့ ..."

"မေမေ .."

"ဟင် .."

"ပိုက်ဆံ မရှိတော့လို့ မို့လား .."





သားနဖူးလေးကို ပွတ်သပ်ရယ်မိကာ ဂီတ က ခေါင်းခါလိုက်သည်။

"သားသား လိုအပ်နေပြီဆိုရင် မေမေက ပိုက်ဆံ မရှိလည်း …ဆွဲမဝယ်သေးဘဲ သားအတွက် အဓိကထားပြီး ဝယ်ပေးမှာပေါ့ ..၊ …မေ့သားလေးအတွက် မေမေ အားလုံး ဖန်ဆင်းပေးမှာလို့ ပြောထား …သဲ .. သားသားက မေမေ့ကို မယုံကြည်တော့ဘူးလား .."

"ယုံတယ်ဆိုရင် ဝယ်ပေးမှာလား .."

"မဟုတ်ဘူးလေ .. မေမေ့အတွက် သားသားက အဓိကဆိုတာ …ရမယ် .. အခု ဒီလိုစက်ဘီးတွေ သားအရွယ်မှာ စီးဖို့ မလိုအပ်သေးလို့ …အခု ဝယ်မပေးသေးတာဆိုတာလည်း ယုံရမယ် .. မေမေကလည်း …သားက ပြောပြရင် နားလည်လွယ်တဲ့ သားလိမ္မာလေးဆိုတာ ယုံ …တယ်လေ .."

မှန်ကုတ်ကုတ်မျက်ခုံးတန်းလေးတွေ ပြေကျသွားသည်။ ပြီးတော့ …သားမှာ ဒူးထောက်လေးထိုင်နေသည့် ဂီတ ရဲ့လည်ပင်းကို ဖက်လိုက် …တာ ...

"သားသား စီးလို့ရရင် ဝယ်ပေးမှာလား .."

"ဝယ်ပေးမှာပေါ့ သားလေးရယ် .. မေမေ့အတွက် လိုအပ်မယ် …တာတွေကို အားလုံး ဘေးဖယ်ထားပြီး သားလေး လိုချင်နေတာ..၊ …ယ်ပေးဖို့ လိုအပ်နေတာ ဘာဖြစ်ဖြစ် မေမေက ရအောင် ဝယ်ပေးမှာ.."

…မားလေး က စက်ဘီးကို မကြည့်တော့ဘဲ ခေါင်းလေးညိတ်၏။ …ရှေ့မှာ နေမပူပေမယ့် နေရှိန်တာက လူကို မီးကင်နေတဲ့အတိုင်း..၊

"လာ .. သားသား ဒီဘက်က လျှောက် .. နေရိပ်တယ် .."

သားကို ကောက်ချီလိုက်ချင်ပေမယ့် လက်ထဲမှာလည်း အထုပ် …ပိုးတွေနဲ့ဖြစ်နေကာ ဂီတ စိတ်မချမ်းမသာ ဖြစ်နေမိ၏။

"မေမေ့ .."

"ဟင် .. သားသား ညောင်းနေပြီလား .."

www.burmeseclassic.com

"ညှောင်းပါဘူး.. သားသား မေမေ့ကို ဝိုင်းကူမယ်လေ.. သားသာ
ကို အဲဒါတွေ ပေး .."

"သားသား ရယ် .."

ရွှေးစတွေ စီနေသည့်ကြားက ရင်ထဲမှာ ငြိမ်းချမ်းသွားသည်
ကလေးငယ်လေးမေမယ့် မအေ ပင်ပန်းနေသည့်မျက်နှာကို ဖတ်တ
သော ဂရုစိုက်ကြင်နာချင်စိတ်လေးက သူမအတွက် အမောပြေစေခဲ့၏

တကွစီငှားပြီး သားအမိ ကားပေါ်မှာ ထိုင်မိကြကာမှ ...

"မေမေ့သားလေးက သိပ်လိမ္မာတာပဲ .."

သားကို ပွေ့ပိုက်ဖက်ထားပြီး နမ်းရှိုက်မိ၏။ သားလေးက စိ
ထားနူးညံ့တာရော .. မျက်နှာလေးက အစ အဖေတူသားလေးပါ .

ထို့ပြင် ကလေးတစ်ယောက် တတ်သိနားလည်ခြင်းထက်
သည်။ ဒီနေ့ထိ ပြင်းဖြင်းထန်ထန် ဆူပြောခဲ့ရတာ မရှိသလို ရိုက်နှ
ဆုံးမစရာ မလိုတဲ့အထိ သားလေးက သဘောပေါက်လွယ်၏။

ပြီးတော့ စကားတတ်လိုက်တာလည်း တချို့လူကြီးတွေဆိုတ
တအံ့တသြ ဖြစ်ကုန်ရတဲ့အထိ ..။

"မေမေ .."

"ဟင် .."

"ဘွားဘွားတို့ဆီ ဘယ်တော့ လိုက်ပို့မှာလဲ ဟင် .."

"သားရယ် .. မေမေ့အလုပ်က ..."

သားလေးကို ရှင်းပြမလို့ စကားစလိုက်ပေမယ့် ကားပေါ်က
တစ်နေရာကို လှမ်းကြည့်လိုက်မိကာ ...

"ကားဆရာ ခဏ .. ခဏ .. ဒီမှာပဲ ရပ်ပေးပါ .. ဒီနားလေးပဲ

အလောတကြီး တားဆီးမိကာ ကားက ရပ်လို့ရတဲ့နေရာ
မောင်းချသွားသဖြင့် ဂီတ အထုပ်အပိုးတွေနဲ့ သားလက်လေးကို ဆွဲ
ပြန်လှည့်လျှောက်ခဲ့ပြီး ...





"သားလေး မြန်မြန် လျှောက် .."

"မေမေ ဘာဖြစ်လို့လဲ ဟင် .."

"ပြီးတော့ ပြောပြမယ် သား .."

ကိုယ့်ရှေ့မှာ မြင်လိုက်ရတာ အောင်မြင်ကျော် မှ အောင်မြင်ကျော်
.. ဒီကွမ်းယာဆိုင်ရှေ့မှာ ယောက်ျားလေးနှစ်ယောက်နဲ့ ရှိနေတာ
ရောက်သွားတာလဲ ..၊

ဟိုဒီ လှည့်ပတ်ကြည့်နေတုန်း အောင်မြင်ကျော် ကို ရှေ့နားက
ကြားထဲက ထွက်လာတာ မြင်လိုက်ရကာ ...

"ကျော် .."

အနည်းငယ် အလှမ်းကွာပေမယ့် ကျော် က ချာခနဲ လှည့်ကြည့်
ဂီတ ကို မြင်လိုက်သည်နှင့် ငေးစိုက်ငြိမ်သက်သွားကာ ရှေ့ကိုလည်း
လာ .. ဘယ်ကိုမှလည်း ဆက်မသွား ..၊

"ကျော် .."

ဂီတ သူ့နား ရောက်သွားမှ ...

"အစ်မ .."

"ဟုတ်တယ် .. နင် ဘယ်လိုပုံစံ ဖြစ်နေတာလဲ .."

ကျော် က ခုမှ သူ့ကိုယ်သူ သတိရသွားသလို ဆံပင်တစ်ချက်သပ်
မျက်နှာလွှဲပစ်၏။ ဆံပင်ဘုတ်သိုက်ဆံရှည်ကို နားနှစ်ဖက်နောက်မှာ
ညှပ်ညှပ်ထားသေးသည်။

ပြီးတော့ အတွင်းခံတီရှပ်ပေါ်မှာ ရှပ်အင်္ကျီလက်တိုအပေါ်ကို ထပ်
ထားပုံက ကပိုကရို ..၊

"မင်းတို့ အဆင်မပြေကြဘူးလား ကျော် .."

"မသိဘူး.. ကျွန်တော် အိမ်မကပ်တာ အစ်မ ထွက်သွားတည်းကပဲ"

"ဟင် .."

"လုံးဝ မပြန်ဘဲနေတာ တစ်နှစ်လောက် ရှိပြီ .."

www.burmeseclassic.com



"ဘယ်လို!..."

"အစ်မက .."

သူ တစ်ခုခုကို သတိရသွားကာ ဂီတ ကို စူးစူးစမ်းစမ်းကြည့်သည် ပြီးတော့မှ ဂီတ ရဲ့နောက်နားမှာ ရပ်နေသည့် မား ကို မြင်သွားပြီး –

"အစ်မ .. ဒီ .. ဒီကလေးလေးက ..."

"အဲဒါ မင်းတူ လေ .. အစ်မသား .."

"ဟာ .. ဒီကောင် ..."

ကျော့် မျက်နှာမှာ ဖြစ်ပျက်ပြောင်းလဲသွားပုံတွေက ဘယ်လိုပုံ ပါလို့တောင် ပြောဖို့ ခက်လေသည်။

"ချာတိတ် .."

ကလေးငယ်လေးတွေနဲ့ အတူမနေခဲ့ဖူးတော့ 'သား ..'လို့ ရုတ် တရက် မခေါ်ဖြစ်ဘဲ ဓာတ်လေးရှေ့မှာ ထိုင်လိုက်ကာ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်မိ၏။ ပြီးတော့ ကိုကိုနဲ့ တော်တော်ဆင်တူနေသော ကလေး မျက်နှာလေးကို ငေးကြည့်ကာ ...

"ချာတိတ်က ချစ်ဖို့ကောင်းလိုက်တာကွာ .. တကယ်ချော တဲ့ ကောင်ပဲ .."

"မင်း ဒီလိုလေလုံးတွေနဲ့ လုပ်စားလာခဲ့တာ ထင်တယ် .."

ဘယ်လိုမှ ထင်မှတ်မထားတဲ့လူတွေ သူတို့ဆီကို ရောက်လာကြ ၏။ ပတ်ဝန်းကျင်မှာ လူရှင်းနေကာ ကလေးနဲ့ ကျော့် ... ဒီ... ဘေး ဝိုင်းပတ် ရပ်လိုက်တော့ ဂီတ ကမန်းကတန်း ဝိုင်းထဲ ဝင်ရပ်လိုက်ကာ–

"ဒီမှာ .. ဘာကိစ္စများ ရှိလို့လဲရှင် .."

လေးယောက်စလုံး ဂီတ ကို လှည့်ကြည့်သည် ..၊ ဒါပေမယ့် မတ်တတ်ထရပ်လိုက်သည့် ကျော့် ဘက်ကိုပဲ လှည့်၍ ...

"မင်း ဒီနေ့ ဦးမိုးကျော် လက်ထဲက ဖြတ်ခုတ်သွားတာ ဘယ်သူ့ အတွက်လဲ အောင်မြင်ကျော် .."



"မင်းကို ဘယ်အင်အားနဲ့ ဘယ်သူကပဲ အထောက်အခံလုပ်ပေး ငါတို့နယ်ပယ်မှာ မင်းက တစ်ကျပ်သားကောင်ပါ .."

"ဒါဆိုလည်း ဘာလို့ ဂရုစိုက်နေသေးလဲ ရာဇာ .."

ကျော် က ဘေးလူတွေကို ငဲ့ကြည့်ကာ ...

"အုပ်စုနဲ့ ငါ့နောက် လိုက်လာစရာ လိုလို့လား .."

"ဒါ ငါတို့ရဲ့ဂရုစ် ပဲ .. မင်းနောက်လိုက်ဖို့ လူစုလာတာ မဟုတ် ဒီမှာ ကျော် .. ငါတို့ မင်းကို စကားအများကြီး မပြောချင်ဘူး.. ...င်းဆန့်ခတ်တွေဖြစ်ရင် ငါတို့ နာမည်ပျက်မယ် .. အဲဒီတော့ မင်း ...တို့က ပွဲစားလုပ်နေကြပေမယ့် 'စည်း'ဆိုတာ ရှိတယ် .. များများ ...ိုင်း များများရတာ မဟုတ်ဘူး .."

"ဒီကောင့်ကို ဆုံးမမနေနဲ့ ရာဇာ .. ငါတို့ ဝါးမျှိနေတဲ့လေတွေထဲ ...ိုပ်အတောက် ဘယ်လောက်ပါနိုင်သလဲဆိုတာပဲ သူ သိပါစေ.."

"နောက်ထပ်တစ်ခါ မင်းကို ငါတို့ရဲ့ပတ်ဝန်းကျင်မှာ မတွေ့ချင် .. ဒါ နောက်ဆုံး သတိပေးတာ .."

"ဒီမှာ ဟေ့ကောင် .."

ကျော် က မျက်နှာ တစ်ချက်နီသွားကာ ထွက်သွားဖို့ခြေလှမ်းပြင် ...သည့် ရာဇာ့ ပခုံးကို လှမ်းဆွဲ၏၊ ဂီတ မျက်လုံးပြူးသွားကာ ...

"ကျော် .. နေဦး .."

ထိုလက်ကို သူမကပဲ ကမန်းကတန်း ဆွဲဖြုတ်ချလိုက်ကာ ...

"ဆောရီးပါရှင် .. သူက ကျွန်မမောင်လေးပါ .. အိမ်နဲ့စိတ်ဆိုးပြီး ...ယာက်တည်း အလုပ်လက်မဲ့ဖြစ်နေတုန်းမို့ပါ .. သူက ပွဲစားလည်း ...တ်ပါဘူး .. ဖျက်ဆီးတဲ့စိတ်ဓာတ်မျိုးလည်း မရှိခဲ့ဖူးပါဘူး ..၊ နောက် ...ည်း ဘာမှဖြစ်ဖို့ မရှိတော့ဘူးဆိုတော့ အားလုံး အဆင်ပြေသွား... ...နော် .."

"အစ်မ ဗျာ .."



www.burmeseclassic.com

www.burmeseclassic.com



"ကျော် .."

တစ်ဖက်က ပြန်တင်းလာသည့် အခြေအနေကြောင့် ကျေ
အတွက် ဘယ်လိုမှ မလွယ်နိုင်မှန်း ဂီတ သိသည်။ ထို့ကြောင့် ကျေ
လက်မောင်း ကို ဆောင့်ဆွဲ၍ မျက်နှာနားကပ်ကာ ...

"သားလေးရှေ့မှာ မင်းက တုတ်ပွဲ ဓားပွဲတွေ ဖြစ်သွားချင်
လား .."

ကျော့် အကြည့်တွေက ကလေးဆီ ရောက်သွား၏။ ထိုခဏေ
မှာပဲ ကျော့် လက်ထဲကို သူမ အထုပ်တွေ ထည့်ပေးလိုက်ကာ ကလေ
ကို လက်တစ်ဖက်က ဆွဲ၍ ...

"လာ .. ပြန်လိုက်ခဲ့တော့ .."

ကျော့် ကို တစ်ဖက်က ပါအောင် ဆွဲခေါ်ခဲ့လိုက်သည်။ ထိုနေ့
အိမ်ကိုလည်း မပြန်ဖြစ်သေးဘဲ အထုပ်အပိုးတွေနဲ့ပဲ စားသောက်ဆို
တစ်ဆိုင်မှာ ဝင်ထိုင်ဖြစ်ခဲ့ပြီး ...

"အစ်မက တော်တော်ပြောင်းလဲသွားတယ် နော် .."

ကျော် က အရင်မှတ်ချက်ချ၏။ ပြီးမှ ...

"အင်းလေ .. သုံးနှစ်လောက်ကြာပြီဆိုတော့ ဒီလောက်တော့ရှိ
ပေါ့ .."

ကိုကိုနဲ့ လက်ထပ်ခဲ့တုန်းက ဆံပင်က ပခုံးသာသာလေးနှင့် ဖြ
ငယ်ငယ် ...၊

ခုကျတော့ ဆံပင်တွေ ခါးလောက်ထိရှည်နေကာ တမင်လှအော
ပြုပြင်ထားသဖြင့် ကော်ဖီရင့်ရင့်ဆံနွယ်တွေက ပိုးသားလို ပြောင်အိ
နေ၏။ မျက်နှာမှာ မိတ်ကပ်ပြေပြေနှင့် မြန်မာဝတ်စုံ ဝတ်ထားပေမ
ရိုးရိုးရှင်းရှင်းလေးနဲ့ လှနေ၏။

ကလေးတစ်ယောက်ကို လက်ဆွဲထားတာတောင် ကလေးအမေ
လို့ ဘယ်သူမှ ထင်မှာမဟုတ် ...၊





"အစ်မ နောက်အိမ်ထောင် ပြုလိုက်ပြီလား .."

ရုတ်တရက် လူကိုကြည့်ပြီး ကောက်မေးလိုက်သဖြင့် ဂီတ အံ့ဩ
သွား၏။ ပြီးမှ သဘောပေါက်သွားသလို ပြုံးမိကာ ...

"ငါ အလှတွေပြင်ထားတယ်ဆိုပြီး အဲလိုထင်လိုက်တာလား .."

"အဲလိုကြီးတော့ မဟုတ်ပါဘူး .. ဒါပေမယ့် ဖြစ်နိုင်တာကို တွေး
မိတာ .."

ကျော် က ဝန်ခံလိုက်တော့ ပြုံးလိုက်မိ၏။ သားလေးကို ငုံ့ကြည့်
၍ ခေါင်းလေးကို တယုတယ ပွတ်သပ်ရင်း ...

"ငါ့ဘဝတစ်ခုလုံးကို ငါ့သားလေးအတွက် ပေးဆပ်ဖို့ ပြင်ထားပြီး
သား ကျော် .. ဘယ်တော့မှ နောက်အိမ်ထောင် မပြုဘူးလို့တော့ စကား
ကို အကုန် မပြောပါဘူး .."

"အဟွန်း .. ပြောလည်း မယုံပါဘူး .."

"အေးပါ .. အခြေအနေ အချိန်အခါဆိုတာ ရှိသေးတယ်လေ ..၊
ဒါပေမယ့် အဲဒီလိုမျိုး ရှိခဲ့ရင်တောင် ငါ့သားလေးက ပထမ အရေးကြီး
ပဲ .. သားကို ထိခိုက်ဆင်းရဲစေမှာမျိုး ဘယ်တော့မှ မဖြစ်စေရဘူး .."

ဟိုတုန်းတည်းက သူမကို မြင်လိုက်တဲ့လူတိုင်း 'လှတယ်'လို့
မပြောဘဲ မနေနိုင်အောင် ရုပ်ဆင်းအင်္ဂါ ပြေပြစ်တဲ့သူက ခုလို ပြင်ဆင်
မှုတွေနဲ့ ပြောင်းလဲသွားတော့ သူမ ပြောနေတာတွေကို ယုံချင်ပေမယ့်
ဒါက တစ်ဖက်တည်းစကားပဲ ရှိသေးတာ မဟုတ်ဘူးလား ...၊

ကိုယ့်တူလေးကို ငုံ့ကြည့်မိတော့လည်း မရိုးဖြစ်သူကို သဝန်တို
မိသလိုလို ...၊ မေမေတို့ကိုပဲ မကျေနပ်စိတ်တွေ ထပ်ပြီး တိုးပွားလာခဲ့
သလိုလို ...၊

"ဟင်း .."

ကလေးရဲ့ခေါင်းလေးကို ပွတ်သပ်ရင်း ရင်ခွင်ထဲ ဆွဲယူလိုက်မိတဲ့
အထိ ချစ်ကြင်နာစိတ်တွေ ဖြစ်သွားခဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သားသား နာမည်က ဘယ်သူလဲ .."

"ဂီတမြင့်မား .."

"ဟာ .. တကယ့်အလန်းပဲ .. နေပါဦး .. ဖအေနာမည်ကို ဘာဖြစ်လို့ နောက်က ထားရဘာလဲ .."

မေးတာက ဂီတ ကို ပေမယ့် ...

"သားသားမေမေက သားသားရဲ့ အခိက .."

ဟင်!...

ကလေး ဖြေလိုက်တာကို အံ့ဩသွားပြီး ငုံ့ကြည့်မိ၏။ ပြီးတော့မှ အားပါးတရပြုံးကာ မျက်နှာလေးကို မော့ယူပြီး နမ်းပစ်လိုက်မိသည်။

"ဟုတ်ပါပြီကွာ .. ဦးဦးက မေးတာ မှားသွားတာပါ ...၊ ငါ့တူကြီးက တော်တော်သွက်တာပဲ .. ချစ်ဖို့ကောင်းလိုက်တာ ကွာ .."

ကျော် က ကလေးကို ဖျစ်ညှစ်မိမတတ် ဖက်ထားကာ ပါးနဲ့ပွတ်လိုက် .. ငုံ့နမ်းလိုက်နှင့် ...

"ကိုကိုသာရှိနေရင် သူ့သားလေးကို ဘယ်လောက်ချစ်မလဲ .."

တီးတိုးရေရွတ်ရင်း မျက်နှာတစ်ပြင်လုံး ဆွေးမြည့်သွား၏။

"သူ မရှိတော့ပေမယ့် သားအတွက် ကွက်လပ်မရှိအောင် ငါ အတတ်နိုင်ဆုံး ကြိုးစားခဲ့တာပါ .. မင်း ထင်လိုက်သလိုမျိုး ငါ အလှတွေ ပြင်ထားတယ်ဆိုတာလည်း ငါ့အလုပ်က အလှပြင်ဆိုင်ဖွင့်ထားတဲ့ အလုပ်မို့လို့ပါ .."

"ဟင် .. အစ်မက .. အလှပြင်ဆိုင် ဖွင့်ထားတယ် .."

"ဟုတ်တယ် .. ဒါပေမယ့် တစ်ဦးတည်းပိုင်တော့ မဟုတ်သေးပါဘူး .. ဒါကြောင့် ငါ့တစ်ပိုင်တစ်နိုင် ခွဲထွက်နိုင်အောင် ကြိုးစားပြီး စုနေတာ ...၊ မင်းအကြောင်းကိုလည်း ပြောပြဦး ကျော် .. အိမ်မှာ ဘာတွေ ဖြစ်နေကြတာလဲ .."

ကျော့် မျက်နှာမှာ ရှုပ်ထွေးခြင်းတွေ ပြန်လည်ရောက်လာခဲ့၏။





ပြီးတော့မှ ...

"မနေချင်တော့လို့ .."

အရင်းအဖျားမရှိ ပြောကာ ...

"ရော့ .. သားသား စား .."

ရောက်လာသည့် ရေခဲမုန့်ကို ကလေးရှေ့ ဆွဲယူ ကပ်ပေးလိုက်ပြီး မှ —

"အစ်မကို နှင်ချလိုက်တုန်းက ကျွန်တော်က ဝင်ပြောမိလို့ စကားတွေ များခဲ့ကြတယ်.. ပြောကြတာထက် ပိုပြီး မလိုအပ်တာတွေ လျှောက်ပြောလို့ ကျွန်တော်လည်း တင်းတာနဲ့ အပြင်ထွက်ပြီး ထင်သလို လိမ့်နေလိုက်တယ် .."

အစကတော့ ပြန်ဖြစ်လိုက် .. မပြန်ဖြစ်လိုက် ...၊ ကိုယ် ရည်းစားထားတာကျတော့ မကောင်းဘူးဖြစ်ကာ ချို့ ကျတော့ ကြိုက်သလို ရှုတ်နေတာကို ပြောပြတာတောင် မကြိုက် ...၊

"ကျွန်တော်က ယောက်ျားလေး မေမေ .. မေမေ့သမီးကို မေမေ ဆုံးမ .."

"အဲဒီယောက်ျားလေးတွေကိုပဲ သင်းတို့ အရွယ်ရောက်လာတာနဲ့ ဘက်လိုက်ပြီး 'မိုက်' ဖက်ပါကုန်ကြတာ ငါ သိတယ် ကျော်.. မင်း အစ်ကိုဘက်က ဖင်း သိပ်နာနေတာ မင်းလည်း ဒီတိုင်းဖြစ်ချင်လာလို့ ပေါ့ .. ပိုကောင်မလေးကို ကြည့်စမ်း ...၊ လင်သေတာ လပိုင်းလေးပဲ ရှိသေးတယ် .. ဗိုက်က ထွက်နေပြီ .."

"မေမေဗျာ .."

"ဟဲ့ .. ပြောတော့ ပြောတဲ့ပါးစပ်က ရိုင်းတယ်လေ .. မင်းက ဘယ်လောက်သိလို့ ဒီဟာမဘက်က ကာကွယ်ပြီး မအေကို လက်ညှိုးထိုးနေရတာလဲ ...၊ မင်း အဲဒီမိန်းကလေးကို မယူရဘူး.. ဂီတ ဆိုတဲ့ မိန်းမနဲ့ ရှိခဲ့လို့ကိုပဲ မင်းကို အဲဒီမိန်းမနဲ့ သဘောမတူတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဆိုင်ဘူး .."

"ဆိုင်တယ်.. လုံးဝ ဆိုင်တယ် .. မင်းယူမယ့်မိန်းမက နိုင်ငံခြားမှာ တစ်နှစ်တောင် သွားနေတာဆိုတော့ ဂီတ ထက် ပိုဆိုးတဲ့မိန်းမမျိုးပဲဖြစ်မှာ .. ချစ်လှခင်လှပါတယ်ဆိုတာတွေက မီးနဲ့ဝေးတဲ့ ချိတ်လိုပဲ..၊ အနေဝေးသွားတာနဲ့ အေးခဲသွားတာ.. ပြီးတော့ နီးစပ်ရာမှာ ငြိကြတာပဲ .."

ဒီစကားတွေကို ပြန်မပြောဖြစ်ပေမယ့် ဖြစ်ပျက်ပုံကိုတော့ ပြောပြမိကာ ကျော့် မျက်နှာက မှဲ့၍ ...

"မေမေက အစွန်းလွတ် သိပ်ပြောတာ .. အဲဒီနောက်ပိုင်း ကျွန်တော် လုံးဝ မပြန်တော့ဘူး .. ဒါတွေက အစ်မနဲ့ မဆိုင်ပါဘူး .."

"မဆိုင်ပါဘူးလို့တော့ ပြောလို့ မရပါဘူး .."

ဂီတ စိတ်မချမ်းမသာ ဖြစ်သွားသည်။

"အခု မင်းရဲ့ချစ်သူကရော .."

"ဘာကိုလဲ .."

"မင်းနဲ့ .."

"ဒီလိုပါပဲ .."

"မဟုတ်ဘူးလေ .. သူ နိုင်ငံခြားက ပြန်ရောက်ပြီမို့လား ..၊ အဆင်ပြေကြရဲ့လား .."

"ပြန်ရောက်လာတယ် .. ဒါပေမယ့် .."

ဒါပေမယ့် ဆိုသည့်နောက်မှာ ဂီတ ရင်မောစွာ စောင့်နေမိ၏။ ခဏကြာမှ ...

"သူ စေ့စပ်ပြီးသွားပြီ .."

"ကျော် ရယ် .."

"ဘာလဲ .. အစ်မက ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်သွားတာလား.. ဒါမှမဟုတ် မေမေ ပြောသလို ဖြစ်လာတာပဲမို့လားလို့ ပြောချင်တာလား .."





"ငါ ဘာမှမှ မပြောရသေးတာ ကျော် .."

"အစ်မ မပြောရသေးပေမယ့် ကျွန်တော်က ပြောစရာရှိတယ်.."

ဂီတ က ခေါင်းလေး ညိတ်ပြလိုက်မှ ...

"သူနဲ့ ကျွန်တော် နှစ်ဦးသဘောတူ လမ်းခွဲလိုက်တာပါ .. ဘာဖြစ်လို့လဲဆိုတော့ .."

"ပြောလေ .. ဘာဖြစ်လို့လဲ .."

"သူ့အမေက နှလုံးရောဂါ ရှိတယ် .. အဆင့်အတန်း ခွဲခြားတာမျိုး မောက်မောက်မာမာတော့ မဟုတ်ပေမယ့် ကျွန်တော်ကိုယ်တိုင်က အနိုင်တိုက်ဖို့ အင်အားမှမရှိတာ .."

ပြောနေရင်း မျက်နှာ ခဏပွတ်ပစ်၏။ ပြီးတော့ ကလေး လက်ထဲက ဇွန်းလေးကို ယူကာ ရေခဲမုန့်ကို သူကိုယ်တိုင် ခွံ့ကျွေးသည်။

"သူ့မောင်ရဲ့ ဆရာဆိုလား .. သူငယ်ချင်းဆိုလား .."

"သူနဲ့ စေ့စပ်တာလား .."

"အင်း .."

"ဒါဆို ခုထိ လက်မထပ်ရသေးဘူးပေါ့ .."

"ကျွန်တော်တို့ တွေ့ရင်တော့ မိတ်ဆွေတွေလိုပဲ ခေါ်ပြောမပျက်ကြပါဘူး .."

အဲဒီအပြုံးတွေက အေးချမ်းနိုင်ပါလား ..၊

"ဘာပဲဖြစ်ဖြစ် မောင်လေးရယ် .. မင်း အိမ်ကိုပဲ ပြန်နေလိုက်ပါ.."

"မပြန်ချင်ပါဘူးဗျာ .. ဟိုကောင်မလေးနဲ့ ကျွန်တော် ဒီတစ်ခါဆို လက်ပါ ပါမိတော့မှာ .."

"ချို့ ကိုလား .. ချို့ က ကိုယ့်ညီမလေးပဲ ကျော် ရယ် .. မောင်နှမသုံးယောက်ရှိခဲ့တာ ခုဆို မင်းတို့နှစ်ယောက်ပဲ ရှိတော့တယ် .. မိသားစုတစ်စုရဲ့ ခိုင်မာနွေးထွေးတဲ့ အစုအဖွဲ့လေးကို .."

"အစ်မရာ .. အစ်မက တစ်ကောင်ကြွက်မို့ မိသားစုဘ၀ကို မက်



www.burmeseclassic.com

www.burmeseclassic.com



နေကာပါ .. လူများလေ စိတ်ရှုပ်ရလေ ..၊ မိသားစု အတွင်းရေးလောက် ရှင်းရခက်တာလည်း မရှိဘူး .. နီးတကျက်ကျက် ဆိုတဲ့စကားတွေက အဲဒီလို မိသားစုများများနဲ့ နေရကြတဲ့လူတွေဆီက လာတာပဲ .."

"ဒီလိုလည်း မဟုတ်သေးပါဘူးကွာ .. အစ်မဆိုရင် အခု ဆိုင်ခွဲထွက်နိုင်ဖို့ ကြိုးစားနေတာ အမေနဲ့ အတူတူ ပြန်နေနိုင်ဖို့ပဲ .."

"ဘာ!..."

"ဟုတ်တယ် .. သားလေးကို သူ့ဦးလေး အဒေါ်တွေနဲ့ သူ့ဘွားအေနဲ့ သိုက်သိုက်ဝန်းဝန်း ရှိနေစေချင်တာ ငါ့ဆန္ဒပဲ .. ငါပေးနိုင်တဲ့ ရင်ခွင်တစ်ခြမ်းဟာ သားရဲ့ကိုယ်လုံးသေးသေးလေးကိုပဲ နွေးစေနိုင်မှာပေါ့.."

"သူတို့က ကလေးကို ချစ်ကြခင်ကြမယ်များ အစ်မ ထင်လို့လား.."

"မင်းရော မင်းတူလေးကို မြင်လိုက်တော့ မချစ်ဘူးလား .."

"ကျွန်တော်က အစတည်းက အစ်မနဲ့ အစ်ကို့ကို နားလည်ခဲ့တာ .."

"အမေ နားလည်မပေးနိုင်တာက သူ့သားကို ချစ်တဲ့စိတ်နဲ့ပါ..၊ သူ့သားနဲ့တူတဲ့ သူ့မြေးလေးကို မြင်ရင် သူ ချစ်မှာပဲ .."

"အစ်မကို အမေ မယုံမကြည် ပြောလိုက်တာတွေ အစ်မ မေ့သွားပြီလား .."

"ဘယ်မေ့မလဲ ကျော် ရယ် .. ဒါပေမယ့် ဒါက နာစရာမှ မဟုတ်တာ .. သူ့သားရဲ့ရင်သွေးကို လွယ်ထားရပေမယ့် သူ့သွေးသားပါပဲ ..၊ ငါ့ဘက်မှာ အမှန်တရား ရှိတယ် .."

ကျော် က ခေါင်းညိတ်နေကာ ...

"ပွင့်ပွင့်လင်းလင်း ပြောရရင် အစ်မကိုမြင်တာနဲ့ အမေ တစ်ခုခု စော်ကားပြောဦးမှာပဲလို့ ကျွန်တော် ထင်နေလို့ပါ .. အစ်မ သည်းခံနိုင်ခဲ့ပေမယ့် ခုထိလည်း သည်းခံနိုင်တယ် ထားဦး .. အခု သားလေးမျက်နှာ ရှိနေပြီ .."





"ဒါကြောင့် ရောက်အောင်သွားမယ်လို့ အစ်မ ဆုံးဖြတ်ထားတာပေါ့ .. သားလေး ဒီအရွယ်ထိ စောင့်နေတာကလည်း အစ်မ လိုချင်တာ အားကိုးရာ မဟုတ်ဘူးဆိုတာ ပြနိုင်ဖို့ပဲ ..၊ သားလေးအတွက် မိသားစု မေတ္တာကလွဲရင် အစ်မ ကိုယ့်အားကိုယ်ကိုးနိုင်တယ် .."

"ဟုတ်ပါတယ် .. ဘာပဲဖြစ်ဖြစ် မေမေတို့နဲ့ အဆင်ပြေသွားတော့ အစ်မအတွက်လည်း ပိုလုံခြုံပါတယ် .. မိန်းမသားတစ်ယောက်က ငွေမရှိရင် လုနေပေမယ့် အန္တရာယ်ရှိသလို .. ငွေရှိနေပေမယ့်လည်း လုံခြုံဖို့က ပိုအပ်တာပဲ .."

ကျော့် မျက်နှာကို ကြည့်နေရင်း ဂီတ က ပြုံးလိုက်၏။ ပြီးမှ...

"ဒါဆို အမေ့အိမ်မှာ တို့ ပြန်နေမယ့်ကိစ္စ မမှားဘူးဆိုတာ မင်း လက်ခံသွားပြီပေါ့ .."

ကျော် က မဖြေဘဲ မျက်လွှာပင့်ကြည့်၏။ သူ့ရဲ့အဖြေတစ်ခုခုမှာ ဂီတ ရှေ့ဆက်ပြောဖို့ ဟစ်စုံတစ်ရာ ရှိနေပြီမှန်းလည်း ရိပ်မိသွားတာ ဖြစ်သည်။

"အဲဒီတော့ အစ်မတို့တွေ မိသားစု သိုက်သိုက်ဝန်းဝန်း ပြန်နေကြမယ် .. မကောင်းဘူးလား .."

"အဟွန်း .."

"ဘာရယ်တာလဲ .."

"အစ်မက စာအုပ်ကြီးအတိုင်း သွားနေလို့လေ .."

"ဆန်းပြားမှုတွေကလည်း စာအုပ်ထဲကပဲ သွားတာပါ ကျော် ရယ် .. အမေက တို့ကို ခုချိန်ထိ မယုံကြည်နိုင်ဘူးဆိုရင်တောင်မှ သူ့ရဲ့ သားငယ်လေးကို လွမ်းတဲ့စိတ်နဲ့ အဲဒီသားကသာ တို့သားအမိဘက်က ရှိနေရင် အမေ့စိတ်တွေ တစ်မျိုးပြောင်းသွားနိုင်တာပေါ့ .. ပြီးတော့ မျိုး့ကိုလည်း တို့က မင်း ထင်သလို မထင်ဘူး .. သူလည်း ပြောင်းလာမှာပါ .."



www.burmeseclassic.com

www.burmeseclassic.com



"အစ်မက ကျွန်တော့်ကို ပြန်စေချင်လို့ မေမေ့ဆီမှာ ပြန်နေဖို့ စိတ်ကူးပေါက်လာတာလား .. ဒါမှမဟုတ် ကျွန်တော် ပြန်ဖြစ်ရဲ့ ခဏ လောက် ပြေးပြီး ပူးပေါင်းပေးချင်တာလား .."

"ကျော် ရယ် .. မင်းပြောတာတွေက အရမ်းကို ကလေးဆန်နေ ပြီ .. တို့ရဲ့ မျှော်လင့်ချက်တွေက သားလေးရဲ့အနာဂတ်ပါ .. မင်းကို မြင်လိုက်မှ ဒီစိတ်တွေ ထဖြစ်လာတယ်ဆိုရင်တောင် ငါ့မောင်တွေ ညီမ တွေအပေါ်မှာ အစ်မ ဘယ်လောက် မေတ္တာထားသလဲဆိုတာ မင်း သိဖို့ ကောင်းပါတယ် .."

ကျော် က သွားတွေပေါ်အောင် ရယ်နေရင်း ခေါင်းညိတ်သည်။ ပြီးတော့ ကလေးကို ငုံ့နမ်းလိုက်ပြီး ...

"အဆင်ပြေမှာပါ .."

ဂီတ ကျေနပ်သွားသလို ပြုံးလျက် အမေတို့မိသားစု စီးပွားရေး အဆင်မပြေကြဘူးဆိုတာ စုံစမ်း သိရှိထားခဲ့ပေမယ့် ဒီမောင်နှမတွေ ဘယ်လိုနေထိုင် စခန်းသွားနေကြသလဲ ဆိုတာတော့ မသိခဲ့ပေ ..။

ဘာပဲဖြစ်ဖြစ် ဝါးအစည်းပြေသလိုတော့ မဖြစ်စေရ ..၊



အခန်း (၄)

"မိုးစီ ရယ် .. ငါ ဒီမှာ ကားမလာလို့ စောင့်ရင်းနဲ့ ငုတ်တုတ်မေ့နေ ... လာတော့လည်း တက်လို့မရဘူး .."

"... ... ... ..."

"တက္ကစီငှားဖို့လား ..၊ ငှားလည်း လမ်းတွေ ဒီလောက်ပိတ်နေတာ ...မှာလဲ ..၊ ဘတ်စ်ကားတိုးစီးတာကမှ မြန်ဦးမယ် .."

ဂီတ ဆိုင်ကို မှန်းလှမ်းဆက်နေတုန်း မား က တစ်နေရာကို မှုး ကြည့်နေခဲ့၏။

တားမှတ်တိုင်ဘေးက ကြံရည်ဆိုင်လေးမှာ စားပွဲတစ်လုံးနှင့် တစ် ...တ်တည်းထိုင်နေသော လူတစ်ယောက် ..၊ ထိုသူရှေ့ကို ဒန်ခွက် ...ုံး သွားချထားလိုက်သည့် အမျိုးသမီးက ထိုလူ့မျက်နှာကို ငုံ့ကြည့် ...၍ ...

"မုတ်ဆိတ်မွေး ပါးမြိုင်းမွေးငုတ်စိနဲ့ လောင်းကုတ်ခပ်ရုတ်ရုတ်ကြီး ...ထားတော့ ရှင်ဖြစ်ချင်တဲ့ဘဝက သရုပ်ပေါ်နေလို့ပါ.. ဒီမှာ ရော.."

ချထားပြီးသည့်ဒန်ခွက်ကို ရှေ့ထပ်တိုးပေးလိုက်ကာ မျက်လုံးချင်း ...အောင် ကြည့်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဘဝင်မြင့်တဲ့လူ .. ရှင် တစ်နေ့နေ့ ဝဋ်လည်ရင် အကျ[illegible] စိုးလို့ ဘဝဖျက်ယတြာ လုပ်တယ်လို့ သဘောထားပြီး [illegible]င်းစား[illegible] တော့ .."

"တောက်!..."

မျက်နှာကြမ်းကြမ်းနှင့် ထိုင်နေသူထံမှ တက်[illegible]က်သံနှင့်[illegible] ပိုက်ဆံထည့်ပေးလိုက်သည့် သူ့မ လက်ကောက်ဝတ်ကို [illegible]က်ခနဲ [illegible] ထားလိုက်၏။ သူမက ကိုင်လိုက်သည့်လက်ကို မျက်[illegible] [illegible]ာင်ဖျား[illegible] စင်းကြည့်ပြီးမှ ပြုံးကာ ...

"ဟော ဒီသူတောင်းစား ကျွန်မလက်ကိုဆွဲပြီး [illegible] ကြိုးစား[illegible] ပါတယ်လို့ အော်လိုက်စေချင်လို့လား .."

စကားသံတွေကို မား ဘာမှမကြားရပေ ..၊ ဒါပေမယ့် မျက်နှ[illegible] အမွေးအမှင်တွေနှင့် စိတ်ဝင်စားဖွယ်လူကြီးကို တစိုက်မတ်မတ် [illegible] နေရင်း ထိုနေရာမှ ထလာခဲ့၏။

ထွက်ခွာသွားသည့် အမျိုးသမီးကို လိုက်မော့ကြ[illegible]ရင်း ခြေ[illegible] တွေက ဒန်ခွက်တင်ထားသော စားပွဲခုံနားထိ ရောက်[illegible]ားခဲ့သည်[illegible]

ပြီးတော့ ခွက်ကိုမမြင်ရဘဲ ခြေဖျားလေး ထော[illegible]ကြည့်သ[illegible] ပြီးတော့ ထိုလူ့မျက်နှာကို ပြန်မော့ကြည့်၍ သူ့ဘောင်းဘ[illegible]အိတ်လေး[illegible] ကို နှိုက်နေသည်။

လက်လေး ပြန်ထုတ်လိုက်တော့ နှစ်ရာတန်အသစ်လေးတစ်[illegible] ပါလာ၏။ ထိုင်နေသူ၏ စူးရဲ ဒေါသမျက်လုံးတွေအောက်မှာ မား [illegible] ဘာမှဂရုမစိုက်ဘဲ သူ့စိတ်ကူးလေးရှိနေတဲ့အတိုင်းပဲ တစ်ယောက်တ[illegible] လှုပ်ရှားနေခဲ့၏။

အနားမှာရှိနေသည့် ကုလားထိုင်ပေါ် သူ့ဟာသူတက်ကာ [illegible] ပေါ်က ဒန်ခွက်ထဲကို ကိုင်ထားသည့် နှစ်ရာတန်လေး ရောက်သွ[illegible] အောင် ခဲရာခဲဆစ် ထည့်လိုက်သည်။





"မင်း .. ဘာလုပ်တာလဲ ဟေ့ကောင် .."

"သားလေး!..."

ကလေးရဲ့ လက်သေးသေးလေးကို ထိုသူ ဆုပ်ကိုင်လိုက်ချိန်တွင် [illegible]တာ ပြေးလွှားရောက်လာ၏။

"ရှင် ကလေးကို ဘာလုပ်တာလဲ .."

စိတ်လိုက်မာန်ပါ လက်ကို ဆောင့်ဆွဲဖြုတ်ပစ်လိုက်မိကာ ...

"သားလေး .."

ပိုက်ဆံခွက်နဲ့ သားရဲ့လက်လေး ရောက်နေပုံကို သတိထားမိကာ [illegible]လန့်တကြား ဖြစ်သွား၏။

"ဘာဖြစ်တာလဲ သား .. သားလေး ဒီမှာ ဘာလုပ်နေတာလဲ .."

"သားသားက ဦးကို ပိုက်ဆံပေးတာ .."

ဟင်!...

စိုးရိမ်စိတ် မွှန်သွားသဖြင့် ခွက်ထဲက နှစ်ရာတန်အသစ်လေးကို [illegible] သတိထားမိလိုက်သည်။ သားလေးက ပိုက်ဆံအသစ်လေးတွေကို [illegible]ထားတတ်ကာ သွားရင်းလာရင်း အလှူခံနေတာ တွေ့ရင်လည်း သူ့[illegible]က်လေးနဲ့ ထည့်လှူချင်သည်။

တောင်းရမ်းနေသည့် သနားစရာလူတွေ တွေ့ရင်လည်း သူ့လက်[illegible]မှာ မရှိရင်တောင် 'ဟို ဘဘကြီး သနားပါတယ် .. ပိုက်ဆံထည့်လိုက်[illegible] မေမေ.. နော်' ဆိုတာမျိုး သနားစိတ် အလွန်ကြီးမားသည့်ကလေး..၊

"ကလေးက ရှင့်ကို ပိုက်ဆံပေးတာပဲ .. ဘာဖြစ်လို့ ကလေး [illegible]ကြောက်အောင် ပြူးပြဲခြောက်ရတာလဲ ..၊ တကယ်ပါပဲ .. လာ .. [illegible]သားလေး .. အောက်ဆင်း .."

ဂီတ က မျက်လုံးကြီး တဝင်းဝင်းနဲ့ ရန်လိုနေသည့်မျက်နှာကြီးကို [illegible]သချာကြည့်ပြီးမှ ကလေးကို ခုံပေါ်ကနေ ဆွဲချီခေါ်သည်။

"ဒီလိုတောင်းတဲ့လူမျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ် .."



www.burmeseclassic.com

www.burmeseclassic.com



တော်ရုံနှင့် ဒေါသမထွက်တတ်ပေမယ့် ကလေးနဲ့ ပတ်သက်ရ တော့ ဂီတ ကိုယ့်စိတ်ကိုတောင် မယုံပေ ..။

ကလေးကိုချီလာခဲ့ရင်း လွယ်ထားသည့် ဆလင်းဘက်ခ်အိတ်ထေ တယမ်းယမ်းနှင့် ဘတ်စ်ကားစောင့်ဖို့လည်း အာရုံမရောက်တော့ပါ

တက္ကစီငှားဖို့ စိတ်ကူးလိုက်တော့ တက္ကစီဝင်ထိုးလို့လွယ်သည် နေရာထိ လျှောက်ရပြန်သည်။ သူမတို့ ကားပေါ်တက်သွားကြတဲ့အထ တစိုက်မတ်မတ် လိုက်ကြည့်နေသည့် စားပွဲကလူကိုတော့ မေ့သွားခဲ့ ဖြစ်၏။

သူ့မျက်လုံးတွေ ဒန်ခွက်ဆီ ပြန်ရောက်ကာ အထဲက တစ်ထောင် တန်နဲ့ နှစ်ရာတန်လေးဆီ အကြည့်ရောက်၏။ ပြီးတော့ နေရာမှထ အိတ်ထဲက တစ်ထောင်တန်တစ်ရွက် ထုတ်ပြီး စားပွဲပေါ် တင်ထား သည်။ မျက်လုံးတွေက ခြေလှမ်းတွေအတိုင်း ငေးစိုက်နေပေမယ့် သူ့ စိတ်တွေက နားထဲမှာ စွဲကျန်ရစ်သည့် စကားသံတွေအတိုင်း ...

"သိပ်ဘဝင်မြင့်တဲ့လူ..."

"ရှင် အကျနာမှာ စိုးလို့ .."

"ဘဝပျက်ယတြာ လုပ်တယ်လို့ သဘောထားပြီး တောင်းစာ လိုက်တော့ .."

တလွှားလွှားလှမ်းနေသည့် ခြေလှမ်းတွေအတိုင်း လောင်းကုတ် အောက်ဖျားစတွေက တလွင့်လွင့် ခါနေကြ၏။ မျက်နှာပြင်သည် တော့မည့်မိုးလို ညိုမှောင်နေကာ အံကြိတ်ထားသည့်မေးရိုးနှစ်ဖက် နိုင်ကြည့်နေ၏။

'နနဇင် ..'

နာမည်နဲ့မတန်အောင် သိက္ခာမဲ့တဲ့ မိန်းမ ....။





## အခန်း (၅)

"တင်းတောင် .."

"အော်.. ငါ့နှယ် နေလို့မကောင်းပါဘူးဆိုမှ ညည်းက လာနေပြီ .."

ဒေါ်မေညွန့် ခေါင်းတွေ အုံခဲနေသဖြင့် စာကြည့်ခန်းထဲ ဝင်လှဲနေ ကနေ အပြင်ကို ခပ်လှုပ်လှုပ် လျှောက်ထွက်ခဲ့၏။ တံခါးရှေ့မှာ ကျောပိုးအိတ်လေး လွယ်ထားလျက် ပခုံးကကြိုးလေးတွေကို လက်မ လေးနှစ်ဖက်နဲ့ ပြန်ချိတ်ထားရင်း ခြေစုံရပ်နေသည့် ကလေးငယ်လေး..။

"ဟဲ့ .. ဘယ်သူလဲ .. ဘယ်က ကလေးလေးလဲ .."

လှမ်းမေးတာတော့ မဟုတ်ပါ .. အေးမှာ လူကြီးမမြင်ဘဲ ကလေး တစ်ယောက်တည်းမြင်လိုက်ရသဖြင့် အံ့ဩရင်း ရေရွတ်မိတာဖြစ်သည်။ ပြီးတော့ ခြေလှမ်းက ပိုသွက်သွားခဲ့လျက် တံခါးဆွဲဖွင့်လိုက်ပြီး ...

"ကလေး .. မင်းက ..."

ဒေါ်မေညွန့် မေးခွန်းမဆုံးလိုက်ပေ .. ပေါ်တီကိုအောက်ထိ မလာ ဘဲ ခြေရင်းအကွယ်နားမှာ ရပ်နေသော တက္ကစီတစ်စီးကို မြင်လိုက်ရ ၏။ ထို့ပြင် ...



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီကို ပိုက်ဆံရှင်းပြီး အိတ်တွေ နှစ်လုံးသုံးလုံးကို ထပ်ညှပ် ဆွဲထားလျက် ဒီဘက်ထွက်လာသည့် ဂီတ ..၊

"ညည်း!..."

ဂီတ ပဲဆိုတာ ချက်ချင်းခံစားမိလိုက်ပေမယ့် မဟုတ်ဘူးပဲထင်နေ၏။ သုံးနှစ်ကာလလောက်အကြာမှာ ဖြူဝင်းရှင်းသန့်နေပုံက သူမဘာ၀ တော်တော်ကြီးပြောင်းလဲ ကြီးပွားနေသလိုလို ..၊

ဒါပေမယ့် တက္ကစီစီးလာတာကို ကြည့်ခြင်းအားဖြင့် ဒီလောက် တော့ မဟုတ်နိုင်သေးဘူးဆိုတာလည်း တွက်မိနေသည်။ ထို့ပြင် ကိုယ့် ရှေ့ ခြေထောက်နားမှာရှိနေသည့် ကလေးကို ပြန်ငုံ့ကြည့်မိ၏။

"အမေ .."

ဂီတ က လှေကားသုံးထစ်ပေါ် တက်မလာသေးဘဲ ကြည်လင် သည့်အပြုံးနှင့် နှုတ်ဆက်၏။

အမေ ..၊

အမေလို့ပဲ ခေါ်တဲ့ပုံက .. ဘာလဲ ..၊

သူမက ကိုယ့်ချွေးမအဖြစ်ပဲ ရှိနေသေးသည်လို့ ဆိုချင်တာလား..၊ ဒါဆို ဒီကလေးက ..၊ ကလေးကို နောက်ထပ် ပြန်ငုံ့ကြည့်မိလျှင် ဒေါ်မေညွန့် ရင်ထဲမှာ ဖျင်းခနဲ ရှိန်းဖိန်းသွား၏။

နားသယ်စပ် ဆင်းပုံလေးတွေ .. နှာတံပေါ်ပုံ .. နှုတ်ခမ်းထောင့်ချိုး လေးတွေ ညီနေပုံ အားလုံးက သားကြီးနဲ့ တစ်ဖေ့ရာတည်းပါလား..၊

"အမေ အဲဒါ အမေ့မြေးလေ .. ဂီတ နာမည်ပေးထားတာ.. သား လေး ပြောလိုက်လေ .."

"သားသားက ဂီတမြင့်မား .."

"အို .."

ဒေါ်မေညွန့် ဆတ်ခနဲ တုန်သွားသည်။ ပြီးတော့ ဘာစကားမှ ပြန်မပြောဖြစ်ဘဲ အိမ်ထဲကို ချာခနဲ လှည့်ဝင်လာခဲ့မိ၏။ ဒူးတွေက



င်ကုန်ခန်းသလို ညွတ်ကျချင်နေသည်၊ လက်ဖျားတွေမှာ ကတုန် င်နှင့် ခွန်အားမဲ့နေခဲ့၏။

ရင်တွေတုန်နေတာပါ ပေါင်းလိုက်လျှင် လူတစ်ကိုယ်လုံး စိတ် အယောင်ချောက်ချားနှင့် ဆောက်တည်ရာမဲ့နေသလိုပင် ..၊

"အမေ .."

"နေဦး .. ခဏ နေပါဦး .."

ဆိုဖာနားကျမှ ထိုင်မလို့ စိတ်ကူးလိုက်တာနှင့် လူက အရုပ်ကြိုး ကျ၏။ ကိုယ့်ရှေ့မှာ ဂီတ တို့ သားအမိ၏ပုံရိပ်တွေ ရှိနေမှန်း မယ့် နောက်ထပ် မကြည့်ရဲတာလား .. မကြည့်ချင်တာလား ..၊

သို့သော် ဟိုဒီလှုပ်ရှား ကစားနေသည့် မျက်လုံးတွေကို အားတင်း ျက်လွှာပင့်ကြည့်လိုက်တော့ ကလေးက သူမရှေ့မှာ သောက်ရေ လေး ကိုင်ထားရင်း ရပ်နေကာ ...

"ဘွားဘွား ရေသောက်လေ .. ဒါဆို မကြောက်တော့ဘူး .."

ကြည့်စမ်း ..၊

သားကြီးရဲ့ ကရုဏာမျက်ဝန်းလေးတွေအတိုင်းပါလား ..၊

ကလေးကို စိုက်ကြည့်နေရင်း ဒေါ်မေညွန့် မျက်ရည်တွေဝေ့တက် ၊ ကလေးရဲ့ပခုံးလေးတွေကို ကိုင်လိုက်ချင်သည့်ဆန္ဒတွေ ဖြစ်လာ င် လက်တွေကို ဆိုဖာစွန်းမှာပဲ ဖိညှစ် ဆုပ်ကိုင်ထားလိုက်မိကာ...

"သွား .. သွားထိုင်နေစမ်း .."

ဂီတ က မား လက်ထဲက ဖန်ခွက်ကို ယူလိုက်ပြီး ...

"သားလေး ဘွားဘွား ပြောနေတာ နားထောင်လိုက်လေ .."

"ဟုတ် .."

"ရော့ အမေ .. ရေသောက်လိုက်ပါဦး .. အမေ ကျန်းမာရေး ကောင်းဘူးဆိုတာ ဂီတ ကြားတယ်..၊ အဲဒီအကြောင်းပဲ သားလေး ပြောလာခဲ့လို့ သူ အမေ့ကို ဂရုစိုက်နေတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ညည်းက ဘာလာလုပ်တာလဲ .."

"သားလေးကို သူ့အဘွားနဲ့ ဦးလေး ဒေါ်လေးတွေကို မြင်စေ
လို့ပါ .. အမေ့မြေးကို ကြည့်ပါဦး အမေ .. အစ်ကိုမြင့်မား ရဲ့ရင်
လေးဆိုတာ အမေ လက်စံတယ်မို့လားဟင် .."

ဒေါ်မေညွန့် ကလေးကို တစ်ချက်ပြန်ကြည့်ပြီး မျက်ဝန်းတွေ
ပစ်၏။

"ဂီတ ဘဝမှာ ကိုမြင့်မား တစ်ယောက်ကိုပဲ ချစ်ခဲ့ပြီး သူနဲ့
ငြိစွန်းခဲ့ဖူးပါတယ် အမေ .. ဒါကလည်း ဂီတ အညာလွယ်လွယ်
ပုံအပ်ခဲ့တာ မဟုတ်ပါဘူး .. လက်ထပ်ပြီးတဲ့ မင်္ဂလာဦးညမှာပဲ .."

ဂီတ ဆက်မပြောနိုင်တော့ဘဲ ဝေ့လည်လာသည့်မျက်ရည်စ
ကို မျက်တောင်ရှည်တို့နှင့် ပုတ်ခတ် ဖယ်ရှားနေမိသည်။

"ဒီနေ့ထိ သားလေးအတွက်.. ပြီးတော့ ကို့အပေါ်မှာချစ်တဲ့ သ
ကို ဂီတ မဖောက်ဖျက်ခဲ့ပါဘူး .. ပြီးတော့လေ ..."

သူမ ကိုင်ထားမိဆဲ ဖန်ခွက်လေးကို ငုံ့စိုက်ကြည့်ရင်း လပေါ
များစွာ မျိုသိပ်ခဲ့ရသည့်စကားတို့ကို ဆက်ပြောနေမိ၏။

"ဂီတ လိုချင်ခဲ့တဲ့ မိသားစုရဲ့ နွေးထွေးတဲ့အသိုက်အမြုံဆို
ဂီတ တစ်ကောင်ကြွက်မို့လို့ အားကိုးရာချင်တာမျိုး မဟုတ်မှန်း အ
ကို သက်သေပြချင်တယ် .. တစ်ကောင်ကြွက်ဘဝပေမယ့် ဂီတ ကို
မတွေ့ခင်ကရော ခုချိန်ထိရော ကိုယ့်ဘဝကိုယ် ရပ်တည်နေနိုင်ပါတယ်
ဒါပေမယ့် ခုချိန်ထိလည်း မိသားစုဘဝကို ဂီတ မျှော်လင့်နေမိတုန်းပဲ

ဒေါ်မေညွန့် အကြည့်တွေ ဂီတ ရဲ့မျက်ဝန်းတွေဆီ ရောက်လာ
သူမမှာလည်း မျက်ရည်စတွေနဲ့ပေမယ့် ဖျတ်ခနဲ ပြန်လွှဲပစ်ကာ မျက်
ကိုပါ တည်တဲ့ဖို့ ကြိုးစားနေမိသည်။

ဒါပေမယ့် သူမ မတည်ငြိမ်နိုင်ခဲ့ပေ ..၊ ဂီတ ကို သူမ မယုံကြည်
တာ အခု ဒီကလေးလေး မျက်စိရှေ့ ရောက်မလာခင်အချိန်ထိပင် -





ဒါ ဘာကြောင့်လဲ ..၊

ယောက်ျားနဲ့ မိန်းမ မှားယွင်းငြိစွန်းဖို့ဆိုတာ ရက်လ အချိန်တွေ
မလိုပေ ..၊ အခြေအနေ အချိန်အခါ ဘယ်လိုနေရာမှာဖြစ်ဖြစ် ငြိစွန်းသွား
နိုင်သည် ..၊ လက်ထပ်ဖို့ သေချာပြီးတဲ့အချိန် .. လက်ထပ်ပြီးသွားတဲ့
အချိန်.. ဒီအချိန်တွေမှာ ဘယ်လောက်ထိ ဖြစ်သွားနိုင်သလဲဆိုတာ သူမ
ဘာကြောင့် မတွေးခဲ့တာလဲ ..၊

တစ်ကောင်ကြွက်ပါလို့ ပြောနေတဲ့မိန်းကလေးကို ဒီမိန်းကလေး
က ကိုယ့်သားနဲ့လက်ထပ်ပြီးလို့ မုဆိုးမလေး ဖြစ်သွားခဲ့တာတောင်မှ..၊

သူမ ဘာဖြစ်လို့ မစာနာ.. သနားတာခြင်း ကင်းမဲ့ခဲ့ရတာလဲ..၊ သူမ
ရဲ့ ဒီလိုလုပ်ရပ်တွေကြောင့် ခုတစ်ဖန် ပြန်ပြီး ဝဋ်လည်နေရတာလား..၊

သမီးဖြစ်သူ ချိုမေလွင့် ကို သတိရကာ ခေါင်းတွေ ချာချာလည်
လာ၏။

ပြီးတော့ မြေးလေး ..၊

ဒီချွေးမနဲ့ မြေးလေး ..၊

အရိပ်အမိုးကင်းမဲ့သည့်ဘဝနှင့် ဘယ်လောက်တောင် ရုန်းကန်
ဗျာများခဲ့ရရှာမလဲ ..၊

ဒေါ်မေညွန့် အကြည့်တွေက ဂီတ တို့ သားအမိမျက်နှာတွေမှာ
ကူးလူးနေခဲ့လျက် နှုတ်ခမ်းသားတို့ တုန်ယင်လာခဲ့၏။ ခုကျတော့ မြေးဆို
သည့်အသိက ဒီမျက်နှာလေးကို မြင်လိုက်သည့်ခဏပဲ ရင်ထဲထိ အနိုင်
အမာ စွဲထင်သွားခဲ့သည် ..၊ ဒါပေမယ့် မြေးကို သူမ မတို့ထိရဲပါလား..၊

"အမေ .. အမေ ရရဲ့လားဟင် .. ရော့ပါ .. ရေသောက်လိုက်ပါ
အမေရယ် .. နည်းနည်းလေးဖြစ်ဖြစ် သောက်လိုက်ပါ နော် .."

ဂီတ ဖေးမလာခဲ့သည့်လက်တွေပေါ်မှာ ဒေါ်မေညွန့် တစ်ကိုယ်
လုံး နုံးခွေ ညွှတ်ကျနေခဲ့၏။ သူမ ကမ်းပေးလာသည့်ရေကို သောက်
လိုက်ရမှ ကတုန်ကယင် လှိုက်ခါမှုတွေ ငြိမ်သက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ‥ ဘွားဘွား ဘာဖြစ်တာလဲ ဟင် ‥"

"ဘာမှမဖြစ်ဘူး သားသား ‥ ခဏလေး နေလိုက်ရင် သက်သာသွားမှာ ‥၊ အမေ ‥ အမေ နေသာရဲ့လား ဟင် ‥"

"အင်း ‥"

ဒေါ်မေညွန့် ဆိုဖာပေါ်မှာ သက်သောင့်သက်သာ လှဲဖို့ ကြိုးစားတော့ ဂီတ ကပဲ ခေါင်းအုံးလေး ခံပေးပြီး အစစအရာရာ ကူညီ၏။ မား က ခုံကြားထဲ တိုးဝင်လာကာ ဒေါ်မေညွန့် မျက်နှာကို နီးနီးကပ်ကပ် ငုံ့ကြည့်ပြီး …

"ဘွားဘွား နေမကောင်းသေးဘူးထင်တယ် မေမေ ‥ ဘွားဘွားကို ဆေးတိုက်လိုက်ပါလား ဟင် ‥"

ဒေါ်မေညွန့် နှုတ်ခမ်းတွေ ပြုံးရောင်သမ်းသွား၏။ မျက်ဝန်းထောင့်မှ မျက်ရည်စက်ပေါ့ တလိမ့်လိမ့် ဆင်းကျသွားကာ …

"ဘွား ဆေးသောက်ရော မလိုပါဘူး ‥"

ခပ်ယဲ့ယဲ့ပြောရင်း မား ရဲ့ လက်ဖဝါးသေးသေးလေးကို တယုတယ ဆုပ်ကိုင်လိုက်သည်။ သေချာ ဖိညှစ် ဆုပ်ကိုင်မိရင်း လက်တို့က ဆတ်ဆတ်တုန်၏။

"မြင့်မား ‥ ငါ့ ‥ ငါ့သားကြီး မြင့်မား ‥ ငါ့ဆီ ပြန်လာပြီ ‥"

ကြိတ်ခဲနေသမျှကို ဖွင့်ချကာ ကလေးကိုယ်လေးကို ဆွဲဖက်၍ ငိုမိလေသည်။

ဂီတ ရယ်နေမိရင်း မျက်ရည်ဝေ့၏။ သူမရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝခဲ့ပါပြီ ‥၊



## အခန်း (၆)

"ညည်း သိက္ခာမဲ့ခဲ့လို့ပေါ့ ချို ‥ ကိုယ့်မှာ စီးပွားဥစ္စာဆိုတာလည်း ရာမရှိတော့ဘူး‥ မိဘမောင်ဘွားတွေလည်း ချို့တဲ့နေရတဲ့ဘဝမှာ‥"

"မငိုလိုက်ပါနဲ့ မေမေရယ် ‥ မိဘမျက်ရည်တစ်စက် သားသမီး င်းရဲ့တစ်သက် တဲ့ ‥"

"ဩော် ‥ ဒါတော့ သိနေလို့ တော်သေးတာပေါ့အေ ‥"

"သိပါတယ် မေမေရယ် ‥ ဒါပေမယ့် ချို့ လို မှားဖူးတဲ့ မိန်း လေးတွေလည်း ရှိကြတာပဲဟာ ‥"

"ဘယ်လို!…"

"မေမေ ကြံဖန်ဖြေသိမ့်လို့ရအောင် ပြောပြတာ‥ ပြီးတော့ အလက်ာ လည်း လောလောဆယ် မိဘတွေကို လွန်ဆန်ရ ခက်နေလို့ပါ ‥"

"လောလောဆယ် လွန်ဆန်ရခက်နေတာ သူ့ဘက်ကလေ‥ ဒါမျိုး ကြောင်းပြတာတွေ ရိုးနေပါပြီအေ ‥"

ဒေါ်မေညွန့် ဘယ်ဘက်ကတွေးလို့မှ ဖြေမရနိုင် ‥၊ ကိုယ့်သမီးကို ကြည့်တော့လည်း ချစ်သူနဲ့ တွေ့ကွင်းရမယ့်အရေးထက် တခြား အရေးအခင်းကိုမှ တွေးတောပူပန်ပုံ မရှိ ‥၊

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတစ်ယောက်နဲ့ ငြိစွန်းခဲ့ပြီဆိုတည်းက မိန်းကလေးဘက်မှာ ဘယ်လိုထိခိုက်နစ်နာဖွယ်တွေ ရှိလာခဲ့ပြီကို သင်း မတွေးမိဘူးလား ..၊ ဘာတွေ ဆက်လက် ဆိုးရွားလာနိုင်တယ် ဆိုတာတွေရော ..၊

"တီ .."

"ဟဲ့ .. ဘယ်သူလဲ .."

"ချို သွားကြည့်လိုက်မယ် .."

ချို က ကောက်ကြွေးပွယောင်းနေသည့်ဆံပင်တွေကို ဖိသပ်ချကာ ဆိုဖာပေါ်က ထလိုက်ပြီး အင်္ကျီခါးစတွေကို ဆွဲချ ပြုပြင်၏။ အိမ်မှာ အလုပ်သမား မထားနိုင်ခဲ့တာတောင် ကြာပါပြီ ..။

အဝတ်လျှော်စရာရှိပြီဆို လျှော်စက်ထဲ ထည့်တန်တာ ထည့် .. လက်နဲ့ ဖွဖွလေး လျှော်ရမှာကို တစ်ထည်တလေ မဖြစ်မနေ လျှော်ရရင်း မီးပူတိုက်ခြင်းကိုတော့ ဒီနေ့ ဒါဝတ်တော့မယ်ဆိုမှ ဝတ်မှာလေး ဖြေးထုတ်ပြီး မီးပူတိုက်ရ၏။

အလုပ်သမားနဲ့ တစ်သက်လုံး နေလာရတော့ ကိုယ့်ရဲ့ဝေယျာဝစ္စတွေကို ကိုယ့်ဘာသာလုပ်ရမယ့်အသိလည်း မရှိတော့ပါ။ ချွတ်ချလိုက်တဲ့အဝတ်အစားတွေရော .. ဝတ်ကြည့်ပြီးမှ မဝတ်ဖြစ်ဘဲ ပြန်ချွတ်ထားခဲ့တာတွေရော .. မျက်နှာသုတ်ပဝါ ရေလဲတဘက်က အစ အခန်းထဲမှာပဲ စုပုံ ထပ်နေတော့သည်။

တစ်ခါတလေ စိတ်ပန်းလူပန်းဖြစ်လာပြီဆို မွေ့ရာပေါ်မှာ အင်္ကျီခနဲ့ ပစ်လှဲချလိုက်လို့ မရအောင် ပွထ စုပုံနေတာတွေကြောင့် ပိုပြီး ရှုးချင်မိ၏။ ဒါပေမယ့် သိမ်းပါလားဆိုတော့လည်း မသိမ်းဖြစ်ပါ..၊ ကြမ်းပေါ်မှာ ရှုပ်နေလျှင် ခြေထောက်နဲ့ ဟိုဘက်ကန်ထုတ် .. ဒီဘက်ကန်ထုတ် ..

မွေ့ရာပေါ်မှာ ပုံထပ်နေတာတွေကျတော့ အိပ်ခါနီးကျမှ ကိုယ့်လက်နဲ့ကိုယ် ဟိုဘက် နည်းနည်းတိုး.. ဒီဘက်နည်းနည်းတိုး လုပ်လိုက်သည်။ ဤနည်းတို့ဖြင့် သားအမိတွေ စိတ်ညစ်ညူးစွာ ခရီးဆက်နေကြရ၏။





ခုလိုမျိုး အိမ်ရှေ့မှာ ဧည့်သည်ရောက်လို့ လူခေါ်ဘဲလ်သံ ကြားရပြီဆို အရင်ကတော့ ဘယ်တော့မှ ခေါင်းထောင်မကြည့်ခဲ့ပေမယ့် ...

"ဩော် .."

တံခါးရှေ့မှာ စောင့်နေတဲ့လူကို မြင်လိုက်တာနှင့် ရှေ့မှာရပ်ထားသည့် လှဲ့နံခရူဇာကိုပါ မျက်ပေါ့းက ရောက်သွားကာ ...

"ဒီနေ့ ဘယ်မှသွားစရာမရှိဘူး ဦးမောင် .."

"ဟုတ်လား ..၊ ဩော် .. တူမကြီး .."

ချို အထဲဝင်မလို့ ခြေလှမ်းပြင်ပြီးမှ ပြန်လှည့်ကြည့်ကာ ...

"ဘာလဲ ဦးမောင် .."

"ဟိုလေ .. အုံနာက သုံးခေါက်စာ မရှင်းရသေးဘူးလို့ မှာလိုက်တယ် .. အဲဒါ အခု ရှင်းပေးဖို့ .."

"သုံးခေါက်စာ .."

"ဟုတ်တယ်လေ .. ပြီးခဲ့တဲ့ ဒင်နာ ..."

"ခဏ .."

ချို အိမ်ထဲ ခပ်သုတ်သုတ် ဝင်လာပြီး မေမေ့ကို မေးမလို့ပေမယ့် အခန်းထဲကထွက်လာသည့် မေမေနဲ့ မျက်နှာချင်းဆိုင်မိကြကာ ...

"မေမေ .."

"ဟုတ်တယ် .. မေမေ မပေးရသေးဘူး .."

"ဒုက္ခပါပဲ မေမေရယ် .. မေမေပဲ တစ်ခေါက်စာ တစ်ခါရှင်းရတာ အပမ်းမကြီးဘူး ဆိုပြီးတော့ .."

ချို မျက်နှာလေးပျက်ကာ ဖိသပ်ချထားရသည့်ခေါင်းကို ထပ်ဖွမိပြန်သည် ..၊ ပြီးမှ ပြန်သပ်ချ၍ ...

"အဲဒါ ဘယ်လိုလုပ်ကြမလဲ .. အစတည်းက လခပေးထားလိုက်ရင် ပြီးတာပဲ မေမေရယ် .. တစ်လပြည့်ခါနီး တစ်ခါ ကြိုပြီးရှာထားလိုက်ရင် ရုပ်မပျက်ဘူး .. ခုတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး .. ငါ ရှာလိုက်ပါဦးမယ် .."

ဒေါ်မေညွန့် အိမ်ထဲပြန်ဝင်လျှင် ချို အပြင်ကို ပြန်ထွက်ခဲ့ကာ –

"ဦးမောင် ခဏလေး နော် .. ဟို .. အိမ်ထဲ ဝင်ထိုင်မလား ဟင် .."

"ရတယ် တူမ .. ရပါတယ် .. အေးဆေးလုပ် .."

ရုတ်တရက် ဧည့်သည်လာလျှင် ဧည့်ခန်းမှာထိုင်ပါပြောပြီး 'ဟဲ့ အအေးယူခဲ့စမ်း' လို့ လှမ်းခိုင်းစရာလူလည်း မရှိ ..။

ပိုဆိုးတာက ဧည့်ခန်းမှာ ရှုပ်ပွထားသည့် ညဘက်က စားသောက်စရာ လက်ကျန်တွေ .. ဂျာနယ်တွေနှင့် ဗီစီဒီချပ်တွေက ပွထနေ၏။

ဒါကြောင့် အားတော့နာပေမယ့် မတတ်နိုင် ..။

"ကဲ .. ကိုမောင်လှိုင် ရေ .."

ဒေါ်မေညွန့် ပိုက်ဆံတွေကိုင်၍ ထွက်လာကာ ...

"ရော့ပါ .. နှစ်ခေါက်စာပဲ ယူသွားပါဦးနော်.. ကိုမောင်လှိုင် တို့ အုံနာကို ပြောလိုက်ပါဦး .."

"ရပါတယ် ဖြစ်ပါတယ် .. သူကလည်း ပိုက်ဆံများသွားရင် မိတ်ပျက်မှာစိုးလို့လို့ ပြောလိုက်ပါတယ် .."

"အို.. မပျက်ရပါဘူးရှင် .. ကျွန်မတို့လိုလူတွေက တက္ကစီနဲ့တော့ ဘယ်သွားမလဲ.. ကိုယ် အဆင်မပြေခင်စပ်ကြားမှာ ဆင်ကျုံ့တော့ ကျွဲလည်း အဖြစ်မခံနိုင်သေးဘူး ..ကိုမောင်လှိုင် တို့လိုလူနဲ့ ဘယ်မိတ်ပျက်ခံပါ့မလဲ .. စိတ်ချ နော် .."

ကိုယ် အဆင်မပြေတာတွေကို လူသိတော့ ဘယ်ခံနိုင်ပါ့မလဲ .. ဘယ်သွားသွား လဲန့်ခရူဇာ တစီစီနဲ့ သွားနေကျကို စူပါဆလွန်းလောက်တောင် မစီးနိုင်တော့သည့်အဖြစ်ကို ဘယ်သူမှ သိလို့ မဖြစ် ..။

ဒါပေမယ့် လူမှာလည်း ကြွေးတိုကြွေးစတွေ ပတ်လည်ဝိုင်းနေပြီ ဖြစ်ကာ လက်ဝတ်လက်စားတွေကအစ အားလုံး အတုတွေချည်း ဖြစ်နေပါပြီ ..။





"ချို တို့ ဒီတိုင်းသွားလို့တော့ မဖြစ်တော့ဘူး ထင်တယ် .."

"ဘယ်သူက ဒီတိုင်းသွားတာကို ကျေနပ်ပါတယ် ပြောနေလို့လဲ အေ .. ညည်း အသိမ်းအဆည်းမတတ်တိုင်း ငါက မြင်တိုင်း လိုက်လုပ်ရတယ် .. မလုပ်ဘဲနေလိုက်တာနဲ့ အိမ်မှာ ခြေချစရာမရှိတော့ဘူး ဖြစ်ပြီ ..၊ အိမ်ဖော်ငှားပါလားဆိုတော့လည်း သူများကို ပေးစရာမရှိဘဲ ခေါ်ခိုင်းလို့ ဖြစ်မလား .."

"အိမ်ဖော်ငှားဖို့ မဖြစ်ရင်တောင် အချိန်ပိုင်းနဲ့ လုပ်ကိုင်ပေးမယ့်လူ လိုပယ် မေမေ .. ကိုယ့်အိမ်မှာ သိမ်းဆည်းမနိုင်ရင်လည်း ချို က နေတတ်တယ်လေ .. မေမေပဲ စိတ်တွေရှုပ်ပြီးတော့ အိပ်ရာထဲ လဲ .."

"အိမ်ကြီးလေ တာဝန်ကြီးလေ .. ဒီတိုက်ကြီး အကြီးကြီးကို ရှင်းလင်းလုပ်ကိုင်ပေးမယ့်သူ မရှိဘဲ .."

"အဲဒါကြောင့် ချို ပြောချင်တာကို မေမေမှ လက်မခံတာ .."

ဒေါ်မေညွန့် စိုက်ကြည့်နေ၏။

"အဲ့ဒါမဂီတ ကို ပြန်လက်ခံလိုက်ပါ မေမေရယ် .. အခု မေမေ့ မြေး ပေါ်လာရင် မေမေ မျှော်နေရပြီ .."

"မဖြစ်ဘူး .."

ဒေါ်မေညွန့် ခေါင်းခါနေဆဲမို့ ချို က ရှုံ့မဲ့ စုတ်သပ်သည်။ ဒီတိုက်ကြီးရဲ့ ငြ င်းဘက်မျက်နှာစာနားမှာ ဂီတ က အလှပြင်ဆိုင်ဖွင့်မှာ ဖြစ်သည်။ အတွက် မေမေ့ကို မြေနေရာငှားသလိုမျိုး ဘယ်ရွှေဘယ်မျှ ဆေးမယ် ဘာလည်း ပြောပြီးသား ..။

" မြေးလေးမျက်နှာ ရှိတယ် ချို .. ခုချိန်ထိ နောက်အိမ်ထောင် မပြုသေး ချွေးမနဲ့ မြေးကို မိဘက မြေနေရာငှားရမလား .. ငါ သူ့ကို နှင်ချခဲ့ ငါ့သားအတွက် အတ္တကြီးခဲ့တာသက်သက်ပဲ.. သူ မရှိတော့ သည်း ဘယ်ငါ မှားသလား မှန်သလား တွေးကြည့်ဖို့ သတိတောင် ခဲ့ ဒီအချိန်မှာ ငါ့သားရဲ့ရင်သွေးလေးကို သူ ခက်ခက်ခဲခဲမွေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတာ ..."

"အဲဒါတွေ ဘာဖြစ်လဲ မေမေ .. အစ်မက မေမေ ကျေနပ်ပေးရင်ပဲ ကျေနပ်သွားမယ့်ဥစ္စာ .."

"တော်တော့ ချို .."

ဒေါ်သစိတ်နှင့် အော်လိုက်ပြီးမှ ခေါင်းထဲမှာ မိုက်ခနဲ မူးဝေသွား၏။ ဧည့်ခန်းထဲ ပြန်ဝင်လာပြီး ထိုင်ချလိုက်ရကာ ...

"ညည်းတို့ အဲဒီခံစားချက်တွေကို မိဘဖြစ်မှ သိမှာ .. ငါ သူ့ကို မယုံကြည်ခဲ့တာ.. အိမ်ပေါ်ကနှင်ချခဲ့တာ .. အဲဒါတွေက မျက်နှာငယ်တဲ့ လူမို့ ရက်စက်ခဲ့သလို အဖြစ်မခံနိုင်ဘူး .. ငွေထုပ်ပိုက်ပြီး ပြန်ရောက်လာမှ ငါကလက်ခံရင် ငါ့မြေးကိုတောင် ငါ ပွေ့ဖက်ရဲတော့မှာ မဟုတ်ဘူး..."

ဒီအတွေးတွေနဲ့ ဒေါ်မေညွန့် စိတ်ဆင်းရဲကြီးစွာ ခံစားနေရတာပါ ..၊ အကယ်၍ ဂီတ ကသာ 'ဒီမှာ အမေ့မြေးလေးပါ .. ကျွန်မတို့ သားအမိ ဒုက္ခရောက်နေလို့ လက်ခံပေးပါ အမေရယ်' ဆိုတဲ့ အဖြစ်မျိုးနဲ့ ရောက်လာခဲ့ရင် ခုလောက်ဆို မြေးလေးကို ပွေ့ပိုက်ပြီး တီတီတာတာ စကားလေးတွေ နားဆင်ခွင့်ရလိမ့်မည်။

ခံစားနေရသမျှ ရောဂါဝေဒနာတွေလည်း ပျောက်ကင်းသွားနိုင်၏၊ ဒါပေမယ့် ခုတော့ ဒီလိုမဟုတ် ...၊

"ငါ .. ငါ့မြေးလေးကို မခွဲနိုင်ပေမယ့် သူက ငွေစကားနဲ့ စပြောလာတဲ့အတွက် ခေါင်းခါခဲ့တာ .. ဒီပုံစံနဲ့ ငါ လုံးဝလက်မခံဘူး...၊ နောက်လည်း လက်ခံမှာ မဟုတ်ဘူး .. မြေးကိုလွမ်းလို့ ကွယ်ရာမှာ ခေါင်းအုံး ပေါက်အောင် ငိုရပါစေ ...."

"မငိုရပါဘူး အမေရယ် .. အမေ့မေတ္တာကို သိဒ္ဓင့်ရပြီမို့လို့ ဂီတ ပြောမှားဆိုမှားဖြစ်ခဲ့တာအတွက် ဂီတ ကပဲ ရှိခိုးတောင်းပန်ပါတယ်.."

"အစ်မ .."

မား ကို လက်ဆွဲထားကာ ဘယ်တုန်းတည်းကရောက်ပြီး ဒီမှာ





ပြောနေတာတွေကို ကြားသွားခဲ့သလဲ ...၊

ချို ကတော့ မတွေ့ဖြစ်ကြတည်းက ဂီတ ကို ခုမှ ပထမဆုံးတွေ့ဖူးခြင်းမို့ တအံ့တသြကြီးဖြစ်နေကာ ကလေးကို တွေ့တော့ ငယ်သူပီပီ ဟန်မဆောင်နိုင် ...၊

"ကြည့်ပါဦး .. ကိုကို့မျက်နှာလေးအတိုင်းပဲ ...၊ လာပါဦး .. သားသေးရယ် .."

ကလေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ ပါးပြင်လေးတွေကို ဘယ်ပြန်ညာပြန် နမ်းမိ၏။ ဂီတ ကတော့ ဒေါ်မေညွန့် ကိုပဲ ကြည်ညိုလေးစားသည့်အကြည့်တို့ဖြင့် ...

"ဂီတ ငွေထုပ်ပိုက်လာနိုင်တဲ့ အခြေအနေ မရောက်သေးပါဘူး အမေရယ် .. ခုမှ မိသားစုအင်အားနဲ့ ကြိုးစားရမှာပါ ...၊ ဂီတ လေ ဂီတ လည်း အမေ့ရင်ခွင်ကိုပဲ မက်မောမိခဲ့တဲ့ ရင်ထဲက စိတ်ရင်းမှန်ကို အမေ သိစေချင်တဲ့စိတ်နဲ့ပါ .. ဒါကြောင့် ပြောမှားဆိုမှား ဖြစ်ခဲ့တာပါ...၊ ဘဝတစ်ခုဟာ ရပ်တည်နေနိုင်ရုံလောက်နဲ့ ဒီလူ တိုးတက်ပြောင်းလဲနေပြီလို့ မဆိုနိုင်ပါဘူး အမေ .. ဂီတ ကို ဒီမိသားစုနဲ့ ပူးပေါင်းကြိုးစားခွင့်ပေးပါ နော် .."

ဒေါ်မေညွန့် ဘာမှမပြောတော့ပေမယ့် ခေါင်းလည်း မညိတ် ...၊ ဂီတ ကလည်း အားမလျှော့ပါ ...၊

"ပြီးတော့ အမေ .. ဂီတ ကျော့် ကို တွေ့ခဲ့တယ် .."

"ဟင်!..."

သားဆိုသည့်သတင်း ကြားလိုက်ကာမှ ဒေါ်မေညွန့် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"သူလည်း အိမ်ပြန်လာမှာ အမေ .."

"ကျွန်တော် ရောက်နေပြီ .."

ဟင်!...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေညွန့် ဆတ်ခနဲ တောင့်မတ်သွားသည် ...၊ ချို ကတော့ အ

ကို မြင်လိုက်သည်နှင့် ဝမ်းသာအားရ ပြေးဖက်လေသည်။

"ကိုလေးရယ် .. ဒီလောက်တောင် အကြာကြီး နေနိုင်လိုက်တ

ကျော် က အပြစ်ရှိသူတစ်ယောက်လို ပြုံးနေကာ ...

"ဘယ်လောက်ချစ်တယ်ဆိုတာ ခွဲနေလိုက်မှ သိတာဟ .."

"ဒါဆို ချို တို့ကို ချစ်လို့ ပြန်လာတာပေါ့ နော် .."

"အမေ .."

ကျော် က ချို့ လက်လေးကို ဆုပ်ကိုင်ထားရင်း ဒေါ်မေညွန့် တစ်ဖက်ကို လှမ်းကိုင်သည်။ ဒေါ်မေညွန့် မျက်ရည်ဘွေ ပိုးပိုး ပေါက် ကျလာခဲ့လျက် ...

"ငါ့သား .."

သားရဲ့လက်ကို ပြန်ဆုပ်ကိုင်၍ ခေါင်းတညိတ်ညိတ်နှင့် ...

အားလုံးသည် ငြိမ်းချမ်းခြင်းနိမိတ်နှင့် မင်္ဂလာရှိစွာ ပေါင်း လေသည်။





အခန်း (၇)

"သတင်းကြားလို့ လာကြည့်တာ .. ခြံထဲမှာပေမယ့် နေရာယူထား ညာပါတယ် နော် .. အပြင်ကနေ လှမ်းမြင်ရတယ် ...၊ မှန်တွေထဲ ခံထားပေမယ့် အတွင်းဒီကရေးရှင်းကိုလည်း မြင်နေရမှာပဲ .. နေ့ စဖွင့်မှာလဲ .."

"မသီတာ ပါလား ...၊ လာပြီ .. လာပြီ .."

အိမ်ရှေ့မှာ ကားရပ်ပြီး သူမဘာသာပြော၍ အလုပြင်ဆိုင်ဘက်ကို သွားသဖြင့် ဒေါ်မေညွန့် အိမ်ထဲကနေ ထွက်လိုက်လာခဲ့ရ၏။

"မသီတာ အိမ်ပေါ်တက်ပါလား .. ဒီမှာက နေရာမကျသေးတော့ စ်နံ့တွေနဲ့ နေလို့ မကောင်းဘူးလေ .."

"ရတယ် မညွန့်.. ကျွန်မတို့ချင်း ပတ်သက်နေကြပေမယ့် တစ်ခါ ည်း အိမ်လည် မလာဖူးဘူး .. ဂီတ က မညွန့် ရဲ့ချွေးမဆိုတာလည်း သိရတာ .."

"ဂီတ .."

ဒေါ်မေညွန့် အံ့ဩသွား၏။ ဒေါ်သီတာစိန် တို့ မိသားစုက သားစဉ် ဆက် နိုင်ငံခြားပျော်ကြသူတွေ ဖြစ်သည်။

www.burmeseclassic.com

ရွှေသမင်စာပေ

www.burmeseclassic.com



လုပ်ငန်းဆိုလည်း နိုင်ငံခြားမှာ များများ .. မြန်မာနိုင်ငံမှာ နည်း .. ရှိသမျှ ဆွေမျိုးစု တော်တော်များများဆိုလည်း နိုင်ငံခြား များကော လမ်းထဲမှာနေတော့ သူများထက် ထူး၍ တခမ်းတနား ဘာသာ ..။

ထို့ကြောင့် သူမတို့အိမ်နဲ့ ရင်းနှီးခင်မင်လိုပါသည်ဆိုသည့် အိ ချင်း သိပ်မရှိပေ .. ဒီနေ့ ဘာဖြစ်လို့ ကိုယ့်ခြံဝင်းထဲ ဆိုက်ဆိုက် မြိုက် ရောက်လာခဲ့မှန်း မသိ ..။

ဒါပေမယ့် ဂီတ နာမည်ကို တရင်းတနှီး ခေါ်လိုက်သဖြင့် စိ တစ်မျိုးဖြစ်သွားကာ ...

"ဂီတ ကို မသိတာ က တခြားမှာ သိနေတာလား .."

"သိတာပေါ့ .. ကျွန်မက သူ့ရဲ့ ကက်စတန်မာလေ .. လုပ် မှာ 'မာမီကြီး' Spa ဆ မသိတဲ့လူမှ မရှိတာ ..။ ပြီးတော့ အဲဒီမှာ ရဲ့ ကက်စတန်မာတွေပဲ များတယ် .. အစတည်းက သူ ဆိုင်ခွဲမယ် ကိုယ်က သူ့ကိုပဲ အားပေးဖို့ မဲပေးပြီးသား .."

"ဪ ..."

တည်ဆောက်ပြီးစီးနေသော ပေသုံးဆယ်ပတ်လည် ဆိုင်ခန်း မှာ ဒေါ်သီတာစိန် က လက်မှာချိတ်ထားသည့်လက်ကိုင်အိတ်ကို မွှေ့ပိုက်ထားလိုက်ကာ ...

"သူ့ကို ကလေးအမေမှန်း သိပေမယ့် မုဆိုးမလေးလို့ မထင် မညွန့် ရဲ့ချွေးမမှန်းလည်း မသိဘူး .. အခု မညွန့် က ဒီဆိုင် ထော တာ ဆို .."

"ရှင်!..."

"သူ ကိုယ်ပိုင်ခွဲပြီဆိုတဲ့အကြောင်း ဖုန်းဆက်တုန်းက ပြော တာ .."

"ဪ .. အဲဒါက ..."





"မညွန့် သားအလတ်လေးလည်း ဘလက်(ခ်)တက္ကစီဆွဲနေတယ် ဆော့ ကျွန်မ အံ့သြသွားတယ် သိလား .. အိမ်မှာတောင် ပြောမိ တယ် .. ကလေးတွေက တော်ရဲ့ သားနဲ့များ ကိုယ့်ကားကို ရောင်း ကို စိတ်ကူးလိုက်သေးတယ် .. တကယ်ပါပဲ မညွန့် တို့ကတော့.."

အိမ်ကကားက တကယ် ရောင်းပစ်ခဲ့ပြီးပါပြီ .. ပထမဆုံး ဒေါ်သီ န် တို့ သောအိမ်မှာ အုံနာဘုတ်(ခ်) ပေါင်ခဲ့ရသေးတာမို့ အိမ်မှာ ည်တာတွေအားလုံးကို သိတဲ့ ပတ်ဝန်းကျင်က သိကြမည်သာ..။

ဒါပေမယ့် နံပါတ်အနက်နဲ့ပဲ နောက်ထပ် ကားငှားစီးနေခဲ့တာမို့ သီတာစိန် တို့လိုလူတွေကတော့ သိလိုက်မှာမဟုတ် ..။

ဒီမိသားစုတွေ စီးပွားရေးကျဆင်းပြီး မကြာခင် အိမ်ပါ ရောင်း တော့မည်လို့ ထင်ထားပြီးကာမှ သားက ကိုယ့်ကားနဲ့ကိုယ် စီထဆွဲပြီး ချွေးမကို အလုပြင်ဆိုင် ထောင်ပေးလိုက်တယ် ဆို ..။

"ဂီတ က ပြောသွားသေးတယ် .. အမေက သူ့သား အိမ်ကထွက် တည်းက စိတ်ဓာတ်ကျပြီး ဘာမှမလုပ်တော့ဘဲ ဆိတ်ဆိတ်သား နေခဲ့တာတဲ့ .. ခုမှ စိတ်အပြောင်းအလဲ ဖြစ်သွားတာတဲ့ .. ဟုတ် .."

"အဲ့ .. ဟုတ်တော့ ဟုတ်ပါတယ် ..။ ဒါပေမယ့် .."

ဒါတွေက ဟုတ်မှမဟုတ်တာ .. ရေယောင် ခေါင်းညိတ်ဖို့က နေ၏။

"ဘာပဲဖြစ်ဖြစ် မညွန့် ကံကောင်းပါတယ် .. သားရော သမီးလေး မိဘကို ပိုင်းကူရမယ်မှန်း သိကြတယ်လေ.. ပြီးတော့ မညွန့် လည်း ထိန်းသိမ်း တော်တာပဲ .. မိန်းမသားတစ်ယောက်တည်း ဦးဆောင်ခဲ့ရ မယ့် သားသမီးတွေကို မလေလွင့် မပျက်စီးအောင် ထိန်းနိုင်တယ်.. ာ.. ဒါလုပ် .. ဒါကိုင် ဆိုပြီး ပေးဆေရင်းနှီးပေးနိုင်တယ်..။ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပင့်နေတာ မဟုတ်ဘူးနော် .. ပြောချင်လို့ကို တမင်လာတာ

ဒေါ်မေညွန့် 'အင်း .. အဲ ..'လိုက်နေရင်း စိတ်မလုံသလို ဖြစ်
မိ၏။

ကိုယ့်ကို ချီးမွမ်းနေတာမဟုတ်ဘဲ ဂီတ ကို လက်ညှိုးထိုး ပြော
တာကို ကိုယ်နဲ့ သက်ဆိုင်သည်လို့ မထင် ...၊

ဒေါ်သီတာစိန် က အနားလေးတွေ တွန့်ခွေထားသည့် သူမဆံ
တွေကို လက်တစ်ဖက်ထိုးသွင်းပြီး အသာလေးခါလိုက်၏။ ပြီးမှ —

"ကျွန်မဆိုရင် သားသမီးတွေ မွေးထားတာ လေးယောက်တော
ဒါပေမယ့် တစ်ယောက်မှ မအေနားမှာနေရမှန်း မသိကြဘူး .. သား
ရင်တောင် မပြောပါဘူး.. သမီးနှစ်ယောက်ကလည်း ဒီတိုင်းပဲ..၊ အိမ်ပြ
လာရင် ခဏလေးပဲ .. အဲဒီတော့ ကျွန်မလည်း ကိုယ့်ဘာသာ နေတ
အောင်ပဲ နေတော့တယ်.. ကိုယ့်စိတ် နုပျိုလန်းဆန်းနေဖို့ လုအောင်
တယ် .. စိတ်ချမ်းသာမယ်ထင်တာ လုပ်တယ် .. နေတတ်လာတော
လည်း မဆိုးပါဘူး .."

ပတ်ဝန်းကျင်ကတောင် ဂီတ နဲ့ပတ်သက်ပြီး အိမ်ထိရောက်လာ
ခဲ့သည်ဆိုတော့ သူမ ဒီအိမ်အတွက် ဘယ်လောက်လုပ်ပေးနေတယ်
တာကတော့ အသိသာကြီးပါ ..၊

"ဘွားဘွား .."

"ဟေ .."

ဧည့်သည်ပြန်သွားတဲ့အထိ တစ်ယောက်တည်း ထိုင်တွေး
ကောင်းနေတုန်း မား က လက်ကို လာဆွဲ၍ ...

"ဘွားဘွား ဘာတွေ စိတ်ညစ်နေတာလဲ ဟင် .."

"ဘာမှမညစ်ပါဘူး မြေးရယ် .. ငါ့မြေးက ဘွားဘွား အဲဒီ
ထိုင်ငေးနေရင် စိတ်ညစ်နေပြီလို့ ဘာဖြစ်လို့ ထင်ရတာလဲ ပြောပါဦး..

"အင်း .."





မား က လက်ညှိုးဖောင်းဖောင်းတိုတိုလေးကို မေးဖျားမှာထောက်
ကြီးလေးလို စဉ်းစားခန်းဝင်၏။ ပြီးမှ ရယ်လိုက်ပြီး ဒေါ်မေညွန့်
ဒေါ် တက်ထိုင်လိုက်၍ ...

"မေမေက သားသားကို ပြောထားတယ် .. စိတ်ဓာတ်တက်ကြွ
သူက အချိန်တွေကိုဖြုန်းပြီး ငုတ်တုတ်ထိုင် ငေးမနေကြဘူးတဲ့.."

"ဪ .. အင်း .. ပြောပါဦး .."

"စိတ်ညစ်တာကို ငါ မညစ်အောင် ကြိုးစားနေမယ်လို့ ပြတ်သား
တဲ့စိတ်နဲ့ တွန်းလှန်နိုင်တဲ့သူတွေက ငေးနေလည်း ခဏလေးပဲ
"

ပြောပြီး မျက်နှာကို ဆတ်ခနဲ မော့ကြည့်ကာ ...

"ဘွားဘွား .."

"ဟင် .."

"သားသား ပြောသွားတဲ့ထဲမှာ စိတ်ကိုအထူးပြုထားတဲ့ နာမဝိသေ
တွေ ပါတယ် .. အဲဒါ ဘွားဘွား သိလိုက်လား ဟင် .."

"ဟင် .."

ဒေါ်မေညွန့် မျက်ခုံးတွေ မြင့်တက်သွားသည် ..၊ ပြီးတော့ သွားတွေ
အောင် ရယ်လိုက်မိကာ ...

"ဟုတ်လား .. ဘွား မကြားလိုက်ဘူး .. ပြောပြပါဦး .."

"ဘွားဘွားက နားထောင်နေသားနဲ့ .."

"ဪ .. မြေးရယ် တစ်ခါတစ်ခါတော့ စိတ်က တခြားကို
ရောက်သွားတတ်တာပေါ့ .."

"မေမေက ပြောတယ် .. သူများစကားပြောရင် အာရုံစိုက် နား
ပေးရတယ်တဲ့ .. အဲဒါ တစ်ဖက်လူကို လေးစားရာရောက်တယ်..
ကိုလည်း သူများက ချစ်ခင်ကြတယ် တဲ့ .."

ကြည့်စမ်း .. မြေးလေးက သွက်လိုက်တာ ..၊

www.burmeseclassic.com

www.burmeseclassic.com



ပြောသမျှကိုလည်း နားလည်မှတ်သားထားတတ်သည့် အကျင့် ကောင်းလေး ရှိနေသေးသည်။ ကလေးငယ်လေးတစ်ယောက်ကို ဒီလို ပုံစံနဲ့ ကြီးပြင်းအောင် ပြုစုပျိုးထောင်ပေးဖို့ဆိုတာ လွယ်လွယ်ေ မဟုတ် ...၊

ကလေးက မူကြိုတက်တဲ့အရွယ်လေးပဲ ရှိသေးသည် ...၊ လ လှမ်းမီသမျှတွေကို အကုန် မှတ်သားထားနိုင်နေတာ မိဘရဲ့စိတ်ဓ အဆင့်အတန်းနဲ့ အရည်အချင်းတွေပဲ မဟုတ်ဘူးလား ...။

"သားသား ထပ်ပြောပြမယ် .. ဘွားဘွားက မှတ်ထားပေးနော်"

မား က ကျကျနနကြီးကို ရှင်းပြနေသည်။ ဒေါ်မေညွန့် က ခေါ တညိတ်ညိတ်နှင့် ဆံပင်လေးတွေ ဖွမိလိုက် .. ငုံ့နမ်းလိုက်နှင့် ရယ်မိ လည်း ရှိကာ ...

"ပြောပါဦး မြေးရဲ့ .. တက်ကြွတာတွေ .. ပြတ်သားရဲရင့်တာ က စိတ်ကို အထူးပြုတဲ့ နာမဝိသေသနတွေဆိုတော့ နာမဝိသေသ ဆိုတာ ဘာလဲလို့ရော မြေးက သိလို့လား .."

"သိတယ် .. မေမေ ပြောပြတာ .."

"မြေးက အဲဒါတွေကိုလည်း မေမေ့ကို မေးတာပဲလား .."

"မေးတယ် .. မေမေက မေမေ ပြောပြတာတွေကို သားသာ မသိရင် ပြန်မေးတဲ့ .."

"သြော် .."

"ဘွားဘွား .."

"ရှင် .."

"ဘွားဘွားလည်း မသိရင် ပြန်မေးလေ .. သားသား ပြန်ရှင်း မယ် .."

"ဟုတ်ပါပြီ .. ဘွားလည်း သိပါပြီ .. မြေးက တော်လိုက်တ ကွယ် .. လာပါ ..၊ ငါ့မြေးကို ဘွားက မုန့်ကျွေးရမှာပေါ့ .."



ဒေါ်မေညွန့် က မား လက်လေးကိုဆွဲ၍ ထိုင်ရာမှ ထလိုက်လျှင်...

"ဘွားဘွား သားသားက မုန့်မစားချင်ဘူး .."

"ဟင် .. ဟုတ်လား .. မြေးက ဘာလုပ်ချင်တာလဲ .."

"ခြံထဲမှာ ဒန်းစီးမယ် .. ဘွားဘွား လွှဲပေးလေ .."

"ဒန်းစီးမယ် .."

"ဟုတ် .."

ဒေါ်မေညွန့် ခဏတော့ စဉ်းစားလိုက်သေးသည်။ ပြီးမှ ...

"ဟုတ်ပြီ .. ဒါပေမယ့် တစ်ယောက်ထိုင်လေးကို မစီးရဘူးနော်.. ဒန်းကြီးမှာပဲ စီးရမှာ .."

"ဟင် .."

မား နှုတ်ခမ်းလေး စူကော့နေအောင် ချွန်ထွက်လာ၏။ ဒေါ်မေ ညွန့် မျက်လုံးပြူးသွားကာ ...

"ဟုတ်ပြီ စီးရမယ် .. ကဲလာ .. တအားလွှဲပေးပါလို့တော့ မပြော နားနော် .. မြေးရဲ့ဖေဖေ ငယ်ငယ်တုန်းက ဒန်းစီးရင်း ပြုတ်ကျဖူး တယ် .."

"ဖေဖေ .."

"ဟုတ်တယ် မြေးရဲ့ .. မြေးရဲ့ဖေဖေကတော့ လက်တစ်ဖက် တော့ကျက်ပတ်တီးစည်းလိုက်ရတယ် .. သိပ်အကြီးအကျယ် မဖြစ်ဘူး..၊ ဒါပေမယ့် မြေးရဲ့ဘိုးဘိုးကြီးက ဘွားကို ဆူလိုက်တာ ရစရာမရှိဘူး.."

"ဘွားဘွား ရစရာမရှိဘူးဆိုတာ ဘာလဲ ဟင် .."

"ဟင် .."

"ဘိုးဘိုးကြီး ဆူနေတာကို ဘွား က ဘာသွားတောင်းလိုက်လို့ လဲ .."

"အဲ .."

"တီ .. တီ .."

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြေရမှန်းမသိ ဖြစ်သွားတုန်း ကျော် ပြန်လာသည့်ကားသံက ကယ်တင်ရှင် ..။

"ဟော .. မြေးရဲ့ လေးလေးကျော် ပြန်လာပြီ .."

"ဟေး .. လေးလေးနဲ့ ကားလိုက်စီးမယ် .."

မြေး လက်လေးဆောင်ပြီး ပြေးထွက်သွားတော့ ဒေါ်မြေညွန့် ရယ်နေမိသည်။

အိမ်မှာ ဆည်းလည်းလေး လှုပ်ခတ်နေသလို ဒီမြေးရဲ့ စကားသံတွေကြောင့် ကျက်သရေမင်္ဂလာအပေါင်းနဲ့ ခညောင်း ပြည့်စုံနေတော့သည်။

ရင်ထဲမှာ ကြည်နူးပီတိတွေ ဖြစ်ထွန်းနေခဲ့တာ အတိုင်းအဆမဲ့ ..။





အခန်း(၈)

"တောက်!..."

စိတ်ရှင်းလက်ရှင်းနေချင်လို့ တမင် နေရာရွေးပြီး လာငှားနေတာ ောင် ခြံထဲဆင်းလာမိတိုင်း ကိုယ်ထိုင်နေကျဘက်မှာ ကပ်လျက်တိုးလာ ည့် အဆောက်အအုံထဲက ပုံရိပ်တွေ ဆူညံသံတွေက နှိပ်စက်နေသည်။

ဒါ ဘာလဲ ..။ ကာရာအိုကေလား .. ဗျူတီးစလွန်းလား ..။

ခြံအဝင်ဝချင်းက လှမ်းမြင်နေရသည်၊ အုတ်တံတိုင်းပုလေး ခြား ားပြီး စည်းရိုးသဖွယ်ပေါက်နေသည့် အလှပန်းပင်တွေက တောပင် ွှလို ထူထပ်နေသဖြင့် ပိုင်ရှင်တွေက ကင်းရှင်းလုံခြုံပြီလို့ ထင်နေကြ သား မသိ ..။

အုတ်တံတိုင်းနဲ့ သစ်ပင်တွေက နောက်မှာတော့ ထူထပ်နေတာ ကိုးချင်ဖွယ်ပါ၊ ဒီရှေ့ပိုင်းကျမှ ဘာဖြစ်လို့ ပါးပါးကျဲကျဲ ဖြစ်နေ ာလဲ ..။ ကုတ်အင်္ကျီထဲက ဖုန်းကို ထုတ်ယူလိုက်ကာ ...

"ကိုမျိုးသန့် .."

"... ... ... ..."

"ဟုတ်တယ် .. ပြောစရာရှိတယ် .. ခင်ဗျား ရှာပေးတုန်းကတော့ ဝန်းကျင်မှာ ဆူညံမှု မရှိ .. ဈေးမနီး ကျောင်းမနီးတဲ့ စပယ်ရှယ်လ ်းသန့် ဟေးလ် ဆို ..။ ဘယ်လိုလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"... ... ... ..."

"သိချင် ခင်ဗျား လာကြည့်လေ .."

"... ... ... ..."

"မလိုချင်ဘူး .. ခင်ဗျား တောင်းပန်တာကို ကြားချင်လို့ဆက်တာ မဟုတ်ဘူး .. ခင်ဗျားပါးစပ်နဲ့ အာမခံတာကို ကျုပ်က ငွေ အသပ်လိုက် ချပေးခဲ့တာ .. အဲဒါကို ငတုံးလို့ ခင်ဗျား တင်ရင်တော့ .."

"... ... ... ..."

"မရဘူး .. ခင်ဗျား တာဝန်ယူခဲ့တာပဲ .. အခု ကျုပ်က ကျားကိုက် ခံရတယ်ဆိုရင် အဲဒီကျားကို ခင်ဗျား သိမ်းဖို့လုပ်.. ဒဏ်ရာဘယ်လောက် ကြီးသလဲ လာပြေးကြည့်ဖို့ မလိုဘူး .."

ဖုန်းပိတ်လိုက်ပြီး တက်ခေါက်မိသေးသည် ...၊ သူ သည်းခံနေတာ ကြာပြီ .. ဒီကြားထဲမှာ ခရီးထွက်သွားခဲ့တာ တစ်လနီးပါးကို ပြန်ရောက် လာတော့လည်း ဒီအဆောက်အဦထဲက ဆူညံသံတွေက ဒီတိုင်း ...၊

ပွဲစား ပြောစကားအရ ဒီတိုက်ကြီးထဲမှာ ထည်ကြီးပျက်မိသားစု တွေ ရှိကြသည် ...၊ မကြာခင် ရောင်းမည့်အခြေအနေရှိနေတာမို့ ကိုယ် ဒီဘက်မှာ ငှားနေနေသည့် သက်တမ်းတစ်လျှောက်စာအတွက်တော့ ဘာမှ ပူစရာမရှိဘူးတဲ့ ...၊

ခေါင်းရင်းက ခြံကတော့ တိုက်ကြီးက အဝေးကြီးမှာမို့ ကိုယ့် အသံ ပျံ့လွင့်သွားမှာလည်း ပူစရာမလို ...၊ သူ့အသံ ဒီဘက်ရောက်လာဖို့ လည်း မရှိ ...၊ ခြံကျယ်သလောက် အစကနေ အဆုံးသို့ လျှောက်လာခဲ့ ရင်း ကိုယ်ခြံနဲ့ နီးကပ်စွာရှိနေသော တိုက်ကြီးကိုပဲ စိုက်ကြည့် အကဲ ခတ်လာခဲ့မိသည်။

ထိုစဉ် သူ့ခြေဦးထိပ်ကို ဘုတ်ခနဲကျလာသည့် ကစားစရာ ဂေါ်ဖ် သီးအဖြူလေး တစ်လုံး ...၊ သူ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။

ပြီးတော့ မျက်ဝန်းထောင့်မှာထင်နေသည့် အရိပ်ဆီ မျက်လုံးတွေ





ရောက်သွားခဲ့၏။ ဒီနေရာမှာ အစက ခြံနှစ်ခြံကို ကူးသော မလွယ်တံခါး ရှိခဲ့သည် ...၊ ခုကျတော့ တံခါးမဟုတ်တော့ဘဲ သံပန်းတစ်ချပ် အသေ တပ်ထားလိုက်တာ ရှိ၏။

သံပန်း၏တစ်ဖက်မှာ ကလေးလေးတစ်ယောက် ...၊

သူ့မျက်ခုံးနှစ်ဖက် ယိမ်ဝပ်မတတ် စုကျုံ့သွားခဲ့၏။ ဒီကလေးကို မြင်လိုက်တာနဲ့ သူ မှတ်မိသည်။ ကလေးကလည်း ဂေါ့ဖ်လုံးလေး နောက်ကို ပြေးလိုက်ကြည့်တာဖြစ်ကာ သူ့ကိုမြင်လိုက်တာနှင့် မျက်လုံး ဝိုင်းလေးတွေနှင့် မော့ကြည့်နေ၏။

တစ်ယောက်ကိုတစ်ယောက် မှတ်မိနေကြသည့် မျက်ဝန်းတွေ အသံတိတ် ဆုံစည်းသွားခဲ့စဉ် ကလေးက သူ့ဘောင်းဘီအိတ်လေးတွေ ထဲ ဘယ်ပြန်ညာပြန် စမ်းနေ၏။

ပြီးတော့ နောက်ကအိတ်လေးထဲကို ရောက်သွားသည့် လက်လေး တစ်ဖက်က ပြန်ထွက်မလာဘဲ ငြိမ်သက်သွားခဲ့၏။ သူ့ကို မော့ကြည့် သည့်မျက်လုံးက လူကိုမဟုတ်တော့ဘဲ လက်ထဲကိုဖြစ်ကာ ...

"ဦးဦးမှာ ခွက်ပါမလာဘူးလား .."

မေးပြီးမှ လက်လေးထုတ်လိုက်တော့ တစ်ရာတန်အသစ်လေး တစ်ရွက် ကိုင်လျက်နှင့် ...

"ဒီတစ်ခါ သားသားမှာ တစ်ရာပဲ ပါတယ် .."

ရင်းနှီးဖော်ရွေသည့် မျက်နှာလေးနှင့် စတုရန်းကွက်ပုံစံ သံပန်း ကာထားသည့်နားကို ဝိုးကပ်လာ၏။ ချစ်စဖွယ်မျက်နှာလေးကို စိုက် ကြည့်နေသောမျက်နှာထက်က အေးစက်သည့်မျက်ဝန်းတို့သည် ...

"ကောင်လေး .."

ရှေ့တစ်လှမ်းတိုး၍ သံပန်းကြားထဲကနေ သူ့ဘက်ကိုတိုးထွက် လာသည့် ပိုက်ဆံနဲ့ လက်လေးကို ငုံ့မိုးကြည့်လျက် ...

"ပြောစမ်း .. ငါက သူတောင်းစားနဲ့ တူနေသလား .."



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကို ကမ်းပေးနေရင်း ကလေးမျက်နှာလေးက အံ့သြဟန်လေးနှင့် ငေးသွား၏။ ပြီးတော့ လက်လေး ပြန်ရုပ်လိုက်လျှင် ...

"မေးနေရင် ဖြေစမ်း .."

"အ!.."

လက်သေးသေးလေးကို ဒေါသနှင့်ဖမ်းဆုပ်ပစ်လိုက်သဖြင့် ကလေးမျက်နှာလေး မဲ့သွား၏။ ထို့နောက် ရှန်းကြည့်ရင်း မလွတ်မြောက်မှန်းသိသည်နှင့် မျက်ရည်တွေကျလာပြီး အလန့်တကြား အော်ငိုလေသည်။

"မေမေရေ.. ဘွားဘွား.. သားသား ကြောက်တယ်.. ဟီး.. ဟီး.."

"တောက် .."

ကလေးရဲ့မျက်ရည်နဲ့ ငိုသံလေးက သူ့နှလုံးသားကို အရည်ပျော်စေခြင်းလည်း မဖြစ် .. လူကြီးတစ်ယောက်ယောက် ရောက်လာမှာကိုလည်း စိုးရိမ်စိတ် မဝင် .. သူ့ဘက်က ထင်တာပြောပြီး ကိုယ်ကမေးတာကျတော့ အဖြေကိုပြန်မရလိုက်သည့်အတွက် တက်ခေါက်သံက မာထန်ပြတ်တောက်နေကာ ...

"တိတ်စမ်း .."

"သားသားလေး ဘာဖြစ်တာလဲ .."

သားအသံ ကြားသည်နှင့် ထမင်းစားဖို့ ပြင်ဆင်နေတာတွေကိုချထားခဲ့ပြီး ဂီတ တအားပြေးထွက်လာခဲ့၏။ အနားရောက်လို့ တစ်ဖက်ကလူကို လှမ်းမြင်လိုက်လျှင် ...

"ကလေးကို ခု လွှတ်လိုက် .. ရှင် ဘာလုပ်တာလဲ ..၊ လွှတ်လို့ပြောနေတယ်လေ .."

အော်ပြောရင်း အနားကပ်သွားခဲ့၏၊ ဒါပေမယ့် ကလေးလက်ကိုမလွှတ်သေးတာမြင်သည်နှင့် ဂီတ နီးစပ်ရာသစ်ကိုင်းခြောက်တစ်ခု ပြေးဆွဲကာ ဒီဘက်ကနေ ထိုလူ့ရင်ဘတ်ကို တအားဆောင့်ထိုးလိုက်၏။

ဒါတောင် ထိုလူက တိုးဝင်လာသည့် သစ်ကိုင်းဖျားကို ဖမ်းဆုပ်





ထားပြီးမှ ဂီတ ကို စူးစိုက်ကြည့်ရင်း ကလေးလက်ကို လွှတ်သည်။

ဂီတ ကလည်း ကလေးကို ဖက်၍ ချက်ချင်း နောက်ဆုတ်ပစ်လိုက်၏။ အရေးပေါ်ဖြေရှင်းခြင်းပြီးမှ တစ်ဖက်လူ၏မျက်နှာကို စေ့စေ့ကြည့်မိသည်။

မီးခိုးရောင်အင်္ကျီ ဖြူဖင့်ဖပ်လည်ကပ်ပေါ်မှာ အညိုရောင် လောင်းကုတ်ကြီးနှင့် ဆံပင်ကပွပွ၊ မျက်နှာပေါ်မှာ မုတ်ဆိတ်ပါးမြိုင်းမွေးတွေ၊

ပြီးတော့ နောက်ထပ် သတိထားကြည့်မိလိုက်တာက သူ ကိုင်ထားသည့် တစ်ရာတန် အသစ်လေး ..၊

ဂီတ ရင်ထဲမှာ ဒိန်းခနဲ မြည်သွား၏၊ သားလေးနဲ့ ဘာဖြစ်ကြသည်ကို တွေးမိလိုက်ကာ ...

"သွားမယ် သားလေး .. မငိုနဲ့တော့ .."

ကလေးကို ဆွဲခနဲ ပွေ့ချီလိုက်ကာ မျက်ရည်သုတ်ပေးရင်း နေရာမှခွာဖို့ ကြိုးစားပေမယ့် ...

"ဟိတ် နေဦး .."

စိုးရိမ်စိတ် ဝင်နေမိသဖြင့် တားဆီးလိုက်သံက မိုးခြိမ်းသံလို မြည်ဟီးသွား၏။

"လူတွေ့တိုင်း ပိုက်ဆံလိုက်ပေးတတ်အောင် မင်း သင်ထားတာလား .."

"ဘာ!..."

အထာမကျသည့်မေးခွန်းကြောင့် ဒေါသ ထောင်းခနဲ ဖြစ်သွားကာ ကလေးချီလျက်နှင့် ပြန်လှည့်ကြည့်လိုက်သည်။

"လူတွေ့တိုင်း ပိုက်ဆံပေးတတ်အောင် သင်ထားတာ မဟုတ်ဘူး.. စုတ်စုတ်ပြတ်ပြတ် သနားစရာ တောင်းရမ်းစားသောက်နေရတဲ့ နိုင်ငံပါးတဲ့လူတွေကိုပဲ သနားတတ်အောင် သင်ထားတာ .. ကလေးက သဒ္ဒါစိတ်ရှိလို့ ပေးတာပဲ ရှင် .. ကလေးနဲ့ ပြိုင်ပြီးတော့များ ...



www.burmeseclassic.com

www.burmeseclassic.com



"သူတောင်းစားကို ပေးစေချင်ရင် သူတောင်းစားမုန်း လူကောင်းမုန်း ခွဲခြားတတ်အောင် မင်း သင်ထားလေ .."

"သင်တိုင်း မှတ်နိုင်တဲ့အရွယ်မှ မဟုတ်ဘဲရှင် .."

တစ်ခွန်းမကျန် ချေပပြောရင်း မျက်နှာကို စေ့စေ့ကြည့်၍ ...

"လူ့အိုရုံကို ခြေလှမ်းနေတဲ့ ကြီးတောင့်ကြီးမားလူတွေတောင်မှ အနေမတတ် အပြောမတတ် ခုချိန်ထိ ရှိနေသေးတာ .."

"ဘာ!..."

"ကလေးက သူတောင်းစားထင်ပြီး ပိုက်ဆံပေးနေတယ်ထင်ရင် ရှင် ကလေးကို စိတ်ဆိုးရမှာမဟုတ်ဘူး .. ကိုယ့်ပုံစံကို ပြန်ကြည့်ရမှာ-"

သူ့မျက်နှာက စူးရဲသောမျက်လုံးတွေက မီးလျှံကို ဂီတ က ဂရုမစိုက်စွာ ပြန်ကြည့်သည် ...၊ ကိုယ့်ကလေးမှားလို့ တောင်းပန်ရဖို့ ရှိလာရင်လည်း တောင်းပန်ချင်စရာဖြစ်မှ တောင်းပန်နိုင်မည်။

နေရာမှ ချာခနဲလှည့်ထွက်လာခဲ့လျှင် ပျော့နွဲ့သည့်ဆံနွယ်ရှည်တွေက တင်ပါးထက်မှာ ကနွဲ့ကလျ ဝေ့ခါသွား၏။ သူ့မျက်လုံးထဲမှာတော့ လှပကျော့ရှင်းသည့်ကျောပြင်အလှနဲ့ ဒီဆံနွယ်တွေက သူ့ကို သရော်လှောင်ပြောင်သွားခဲ့ခြင်းသာ ဖြစ်လေသည်။

သူတောင်းစားအဖြစ် ပိုက်ဆံပေးခံရခြင်းအပြင် သူမ စော်ကားပြောဆိုသွားခဲ့တာနဲ့ဆို သူ့ရင်ထဲမှာ ထိရှကျန်ရစ်ခဲ့တာ ဒဏ်ရာသုံးချက်-

ဒီဒဏ်ရာတွေနဲ့တော့ မသေနိုင်ပေမယ့် ...၊





အခန်း (၉)

"ဟာ .. ပြန်တော့မလို့လား တီချယ်မာလာ ရယ် .. ခဏလေး ...ဦး .."

"ပြန်မယ်လေ သမီးရဲ့ .. ဒီဆံပင်တွေကို လှချင်လို့သာ .. မဟုတ် ...အန်တီက ၄တ်တုတ်ထိုင်နေရတဲ့အလုပ်လောက် စိတ်ညစ်တာ မရှိ ... .."

ဂီတ က ရယ်လိုက်ပြီး ခေါင်းလျှော်ပေးနေတာကို လက်စသတ်၍ ...န်းထဲ ဝင်ခဲ့သည်။ ဒီနေ့ အန်တီမာလာ့ ကို ကားစပေါ်ပေးရမှာ ...သည်။

အိမ်ကကားနဲ့ ပုံစံတူသော လဲန့်ခရူဇာတစ်စီး အမေတို့အတွက် ...ာက်လပြတ်နဲ့ ငှားပေးထားခဲ့တာ ဒီနေ့ဆို သုံးလစာပေးရမှာ ဖြစ် ...ည်။

ကားကြီးတစ်စီးလုံးကို ဒီတိုင်းပစ်စလက်ခတ် လက်ထဲထည့်ပေး ...သည့်ပြင် ခြောက်လစာပေးရမှာကိုတောင် တတ်နိုင်သလောက် ...လို့ ပြောထားခဲ့တာ ကိုယ့်ဘက်က ဒီ့ထက်ပိုပြီး အခွင့်အရေးယူလို ...ခဲ့ရင် မကောင်း ...၊

www.burmeseclassic.com



ဒါပေမယ့် အံဆွဲသော့ဖွင့်ပြီး ကြည့်လိုက်တော့ အထဲမှာ သေချာ
ထည့်ထားသည့်ပိုက်ဆံတွေ တစ်အုပ်မှ မရှိတော့ပေ ..။

ဘယ်ရောက်ကုန်တာလဲ ..။

ရင်ထဲမှာ ဒိန်းခနဲ မြည်သွားသည် ..၊ တစ်စုံတစ်ရာကို တွေးမိပြီး
စိုးရိမ်စိတ် ဝင်သွားပေမယ့် ဘယ်လိုမှမထင် ..။

ဒီလို မဖြစ်နိုင်ပါဘူး ..။

ဖုန်းထုတ်ယူပြီး ရီဆက်ပ်ရှင်မှာထိုင်နေသည့် ညိုလဲ့ ကို လှမ်းခေါ်
လိုက်၏၊ ညိုလဲ့ က အံ့ဩသည့်မျက်နှာလေးနဲ့ ဝင်လာကာ ...

"မမ ဘာဖြစ်လို့လဲ ဟင် .."

"လဲ့ .. ဒီအခန်းထဲ ဘယ်သူဝင်တာ တွေ့လဲ .."

ညိုလဲ့ က မျက်မှောင်လေးကုတ်သွားပြီး ခဏစဉ်းစားနေ၏။ ပြီး

"အန်တီညွန့် ဝင်တယ် .. ပြီးတော့ မချို .."

"ချို ဘယ်တုန်းက ဝင်တာလဲဟင် .. တို့ အပြင်သွားတုန်းက
လား .."

"မဟုတ်ဘူး .. မမ တိုက်ကြီးထဲမှာ ထမင်းသွားစားနေတုန်းက.."

ဂီတ မျက်နှာလေး ခြေကုန်လက်ပမ်းကျသလို ဖြစ်သွားတာ မြင်
လိုက်သည်နှင့် ညိုလဲ့ က အခြေအနေကို ရိပ်မိသွားကာ ...

"မမ ပိုက်ဆံပျောက်ပြန်ပြီလား .."

"ဟုတ်တယ် .. ဒီတစ်ခါ ရှိတာ အကုန်ပဲ .."

ညိုလဲ့ ကတော့ ဟိုဆိုင်မှာတည်းက ညီအစ်မလိုရော ကိုယ့်တပည့်
လိုပါ ရင်းနှီးခဲ့တာမို့ ဘာဖြစ်ဖြစ် ပြောပြနေကျ ..။

"အပြင်မှာ ဧည့်သည်ရောက်နေတယ် ထင်တယ် .. သွားတော့
လဲ့ .. ရီရီ က သိပ်စကားမပြောတတ်ဘူး .."

"ဟုတ်ကဲ့ မမ .."

ပြန်ထွက်သွားပေမယ့် ညိုလဲ့ ခမျာလည်း မျက်နှာမကောင်းရှာပါ..





ဂီတ ကတော့ ပျက်ယွင်းနေသည့်ကိုယ့်မျက်နှာကို ဒေါ်မာလာ
အောင် တော်တော်ကြီး ကြိုးစားပြင်ဆင်နေရသဖြင့် ခဏကြာမှ...

"တီချယ်မာလာ ရယ် .. အားနာလိုက်တာ .. ဟို .. တီချယ့်ကို
ရလို့ ဆေးဝယ်လာတာ .. တီချယ် ညညဆို ခြေတွေလက်တွေ
ကြာတက်လို့ မအိပ်ရဘူး ဆိုလို့လေ.."

"အေး .. ဟုတ်တယ် သမီးရယ် .. လူကသာ နုချင် ငယ်ချင်နေ
.. အသက်က စကားပြောလာပြီလေ .."

"အဲဒါကြောင့် အကြောပြေလိမ်းဆေးလေး ကောင်းတယ်ပြောလို့
ယ်လာတာ .. ယောက်မလေးအိတ်ထဲ ပါသွားသလား မသိဘူး ..။
ယ့်ကို ဟိတ်ကြီးဟန်ကြီးနဲ့ တားထားပြီးမှ အားနာလိုက်တာ .."

"ဩော် .. သမီးရယ် သတိရတယ်ဆိုတာပဲ ရောဂါက တစ်ဝက်
က်နေပါပြီ .. ရတယ် .. ရတယ် .. နောက်ကြုံမှ ပေး .. တီချယ်က
း အစားအသောက်များမှ အိပ်ရေးပျက်လောက်အောင် ဖြစ်တာပါ..၊
ာမ်းကြီး ဆိုးနေတာမှ မဟုတ်တာ.. ရတယ် သမီး .. စိတ်မကောင်း
နဲ့ .."

ဆေးကတော့ တကယ် ဝယ်လာခဲ့တာပါ ..၊ ဒီညနေ ပိုက်ဆံပေးဖို့
င်း တီချယ်မာယော့ ကို ပေးမလို့ ဝယ်ခဲ့တာဖြစ်သည်။ မမျှော်လင့်
ချယ်က ဆိုင်ကိုရောက်လာတော့ တစ်ခါတည်းပေးလိုက်ချင်လို့..၊

"သမီးရေ .. သမီးအန်ကယ်လ် ဖုန်းဆက်နေပြီ .. တီချယ် သွား
နော် .."

"ဟုတ် .. တီချယ်မာလာ ဟုတ် .."

ဂီတ နေရာမှာတင် ?တ်တတ် တောင့်တောင့်လေး ကျန်ရစ်၏။
ချို ..၊

ဒီအိမ်အတွက် သူမ ဒီလောက်ထိ ကြိုးစားပေးနေပါတယ်ဆိုတာ
သည်း ပြောခဲ့သည် ..၊ လက်တွေ့နဲ့လည်း ပြနေခဲ့သည် .. ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင် လုပ်ရက်တယ် ချို ...၊

ကိုယ့်စေတနာက ကျော့် ကိုလည်း အိမ်မှာ ခြေမြဲစေချင်သ မိန်းကလေးတွေ အထင်တကြီးရှိလာနိုင်မယ့်အခြေအနေမျိုးနဲ့လည် နေစေချင်၏။

ပြီးတော့ ချို ...၊ ပြီးတော့ အမေ့ကို ...၊

အိမ်ကြီးပြောင်ပြောင် ဝမ်းခေါင်ခေါင် ဘဝမျိုးနဲ့ ပတ်ဝန်း အလယ်မှာ တဖြည်းဖြည်း နစ်မြုပ်ကျရှုံးသွားတော့မယ့် မိန်းမသာ ယောက်အဖြစ် ညှိုးငယ်စွာ ရှိမနေစေချင်တာ သူမဆန္ဒပဲ ဖြစ်၏။

မဆင်းရဲဖူးတဲ့လူတွေ ဆင်းရဲကြတော့ အထိနာသည်တဲ့ ...၊

ကိုယ့်ဘဝကတော့ စိတ်ကူးထဲမှာရော လက်တွေ့မှာပါ အရာ လုံး ရုန်းကန်ရင်ဆိုင်ခြင်းတွေပဲ ဖြစ်ခဲ့သည် ...၊ ခုချိန်ထိလည်း ရုန်းကန် ရဆဲမို့ ထူးခြားနာကျင်နေတာမျိုး မဖြစ်တော့ပေ ...၊

ဒါကြောင့် ဒီမိသားစုကို ကိုယ်ကသာ ထမ်းပိုးပြီး ရုန်းကန်သွ ဆုံးဖြတ်ခဲ့သည် ...၊ လက်တွဲရင်ဆိုင်ကြမယ်ဆိုပေမယ့် သူမ ဒီတို သူတို့ကို ပြောပြ စည်းရုံးခဲ့တာလည်း မှန်ပေမယ့် ...

ရင်ဆိုင်ဖြေရှင်းသွားရမှာတွေအတွက် သူတို့ကို သူမ ထည့်တွ တာ မဟုတ် ...၊ အေးအတူ ပူအမျှ ဆိုပေမယ့် အေးမြတာတွေကို ပေး၍ ပူရမှာကိုတော့ မမျှဝေဘူးဆိုသည့်စေတနာ အစတည်းက ရှိ သား ...၊

ရက်စက်လိုက်တာ ချို ...၊

ဒီငွေတွေ ငါ ဘာအတွက် စုဆောင်းနေသလဲဆိုတာ နင်တို့ မပြောဘဲထားခဲ့ပေမယ့် 'မိသားစု'အတွက်ပါလို့ ငါ တွင်တွင်ပြော တာပါ ...၊

ပထမဆုံးပေးရမယ့် အရစ်ကိုတောင် ပျက်ကွက်ရမည်ဆို နောက်ထပ် ဘယ်သူ ယုံကြည်တော့မှာလဲ ...၊





ဒီညနေ ပေးဖို့ ဒီလောက်ငွေကို သူမ ဘယ်လိုလုပ် အချိန်မီ ပြန်ရှာ ...၊

"ဂီတ ရေ .."

"ဟင် .. ဟော .. မမသိမ့် .."

"မမသိမ့် ကိုပဲ မြင်တာလား .. ဒီမှာ ဝတ်မှုန် တို့လည်း ပါတယ်...၊ း နော် .. မမဂီတ ကိုယ်တိုင် ခေါင်းလျှော်ပေးရမယ် .. ညှပ်ပေးရ "

"ဟုတ်ပါပြီ .. ဟုတ်ပါပြီ ...၊ ကဲ .. ဘယ်သူ အရင်လာမှာလဲ .."

ဝင်လာကြသည့် ကက်စတန်မာတွေက ဂီတ ဆိုင်ခွဲလိုက်ပြီ ဆို က ဂီတ နဲ့ပဲ လုပ်နေကျမိတ်ဆွေရင်း ဖြစ်သည်။ အားလုံးကို ားမပျက် ကြိုရင်း ရင်ထဲက ပူပင်သောကတွေကို ခဏသိမ်းထား အောင် ကြိုးစားနေရသည်။

သူမ ကြိုးစားခဲ့သည့် သားလေးရဲ့သက်တမ်းတစ်လျှောက်မှာ ဒီ နိုင်အောင် ငွေရင်းများများ ကိုင်နိုင်ခဲ့သည် ...၊ နောက်ထပ်လည်း သေးသည်။

ဒါတွေကို အိမ်မှာ ကြွေးပတ်လည်ဝိုင်းနေသည့် အမေ့လက်ထဲ ပေးခဲ့တာ သူမလက်ထဲမှာ ငွေလက်ကျန်တောင် မထားခဲ့ပေ ...၊ ဆိုင်ကလည်း ဖွင့်လိုက်တာနှင့် ကိုယ့်မိတ်နဲ့ကိုယ် စည်ကားနေ င့် သူမ တွက်ထားခဲ့သည့်အတိုင်း အားလုံးက ချောမွေ့နေခဲ့၏။ ခုလိုဆိုရင် သူမ ဘယ်လိုလုပ်ရမလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဆယ်သိန်းကတော့ ကြွေးဆပ်လိုက်တာ .."

"ကြွေးဆပ်တယ် ဟုတ်လား ချို .. ငါ့ညီမက ဘာကြွေး
ဒီလောက်တောင် တင်နေလို့လဲ .."

"အို .. ကြွေးတင်ပါတယ်ဆိုမှ ကြွေးပေါ့၊ ကျွန်တာတွေက
ပေးစရာရှိတာတွေ ပေးရတာပဲ .. ကိုယ့်တုန်းက သိတတ်ထားတဲ့
ဆိုရင်တော့ ကိုယ့်အလှည့်မှာ ပေးရတာပေါ့ .. ပြီးတော့ မေမေ့ကို
သိန်း ပေးရတယ်လေ .."

ဂီတ ဘာပြောရမှန်း မသိတော့ပေ ..၊ ဘာပြောပြော အကောင်း
ပေးမှာမဟုတ်သည့် ချို့ မျက်ဝန်းအကြည့်တွေကြောင့် ပြောစရာ
ရှာနေရင်း ငေးကြောင်နေရခြင်းပဲဖြစ်ကာ ...

"နေပါဦး .. ငါတို့အိမ်မှာ ညည်းတစ်ယောက်ပဲ ငွေကိုင်သုံး
တယ် .. ဒါကြောင့် ညည်း အခန်းထဲဝင်ယူပြီး သုံးမိတယ် ..၊
ဘာတွေ ကြီးကျယ်သွားလို့လဲ ဂီတ .."

ဒေါ်မေညွန့် ဝင်ပါလာမှ ပိုဆိုးသွားသည်၊ ဒိုးတူပေါင်ဖက်
ရှန်းကန်ကြမည်လို့ ပြောခဲ့တာတွေကို မေ့နေကြတာလား .. ဒါမှ
ကိုယ့်မှာ ငွေတွေအမြောက်အမြားရှိနေသေးတယ်လို့ ထင်နေတာ



ဂီတ ဘယ်လိုလှည့်ပတ်ရှာဖွေနေရသလဲ ..၊ ဘာအတွက် စုဆောင်း
ထားခဲ့တာလဲဆိုတာတွေ ဒါတွေကို သေချာရှင်းပြမထားခဲ့တာက အမေ
တို့ကို ပေါ့ပေါ့ပါးပါး နေကြစေချင်လို့ပါ ..၊

ကိုယ့်ဘာသာ ရှန်းကန်သွားလို့ ရနိုင်သည်လို့လည်း တွက်မိခဲ့တာ
ဖြစ်၏။ ဒါပေမယ့် ငွေဆိုတာ ပြတ်လပ်သွားတဲ့အထိ ပြောင်စင်အောင်
သုံးပစ်ပြီးမှဆိုလျှင် ဘယ်လောက်ပဲ ပြန်ထည့်ထည့် 'အလျှင်ခံမရှိသည့်
ရေဖြတ်'အိုးကဲ့သို့ ...၊

"စိတ်ချနေ ဂီတ .. ညည်းပိုင်တဲ့ငွေကို တစ်ကျပ်လောက် သုံးမိ
ရင်း နှစ်ကျပ်ဖိုးလောက် ပြန်ရှင်းပြနေရမယ်ဆိုရင် နောက် ဘယ်တော့
မှ မသုံးဘူး .. မေညွန့် ဆိုတဲ့ မိန်းမက စီးပွားရေးနိမ့်ကျသွားပေမယ့်
မှုမ အောက်မှာ လက်ဝေခံ သုံးနေရမယ့်ဘဝမျိုးနဲ့ .."

"မဟုတ်ပါဘူး.. အဲလိုမဟုတ်ပါဘူး အမေရယ်.. ဂီတ ရှင်းပြပါ့မယ်"

"မေမေတို့ ဘာဖြစ်နေကြတာလဲ .."

"မေမေရေ .. သားသားတို့ ပြန်လာပြီ .."

ကားသိမ်းလာသည့် ကျော် က မား ကို ချီထားလျက် ဧည့်ခန်းထဲ
ရောက်လာ၏။ ပြုံးနေသည့်မျက်နှာက မိသားစုအခြေအနေကို အကဲ
ခတ်သွားမိပြီး လျော့ရိလျော့ရဲ ဖြစ်သွား၏။

ပြီးတော့ မား ကိုယ်လေးကို အသာလေး ချထားပေးလိုက်ပြီး ...

"တစ်ခုခု ဖြစ်နေကြတာလား"

"ဟင့်အင်း .. ဘာမှမဖြစ်ပါဘူး မောင်လေးရယ် .. ဒီနေ့ အဆင်
ပြေခဲ့လား .."

"ပြေတယ် မမ .. နိုက်ကလပ်ဆိုတော့ .."

ပြောလိုက်ပြီးမှ ဂီတ မျက်နှာပျက်သွားတာကို သတိထားမိကာ...

"သားကို အထဲခေါ်မသွားဘူးနော် မမ .. ကျွန်တော်လည်း ကားထဲ
မှာပဲ နေတာ .. အင်းလျားလိတ်ဟိုတယ်လ်ဘက်ကိုတောင် ကားပတ်

www.burmeseclassic.com



မောင်းပြီး မား ကို ပြလိုက်သေးတယ် ..."

"မြေးရယ် မုန့်တွေက များလှချေလား .."

"များတယ် .. အဲဒီ ဦးနဲ့ အန်တီက ဝယ်ကျွေးတာ .."

"ဟုတ်လား .."

"ချော့ကလက်တွေလည်း ပါတယ် .. ဒီမှာ နို့ဝေဖာတွေရော - ပြီးတော့ ဒီအိတ်ထဲမှာ .."

ကလေးက စကားတွေ ဖောင်ဖွဲ့နေတုန်း ဂီတ သက်ပြင်းေ ချပြီး ထွက်လာခဲ့မိသည်။ ညပိုင်း ကားထွက်သွားတိုင်း ကလေးကို ေ သွားတာ ဒါနဲ့ဆို သုံးခါရှိပြီ ထင်၏။

ညတိုင်း နိုက်ကလပ်ကို ရောက်ရောက်သွားတယ်ဆိုတာလည် သေချာပါသည်။ စီးပွားရေးသမားတွေ .. သူဋ္ဌေးတွေက သူတို့ရဲ့ အ မျိုးသော ရှုပ်ထွေးမှုများနှင့် ညဘက် အပျော်အပါးထွက်ပြီဆို ကိုယ့်က နဲ့ကိုယ် သိပ်မသွားကြပေ ..။

ခုလိုပဲ နံပါတ်အနက်နဲ့ ကားကောင်းတွေကို ငှားသုံးကြတာ ဖြ ၏။ တချို့ကျတော့ ကားမရှိဘဲ ရှိသလိုလို ပုံဖမ်းတာတွေ ..၊

ကိုယ်က ကားကို လပြတ်နဲ့ငှားထားပြီး သူတို့ကိုတော့ အချိန်ပို နဲ့ အခေါက်ရေနဲ့ သတ်မှတ်ပြီး ပြန်လိုက်ပေး၏။ ဒီအလုပ်က ကျေ အတွက် အဆင်ပြေသလို အိမ်မှာလည်း ပြေလည်သည်။

ကိုယ် စီစဉ်ပေးခဲ့တုန်းက အစပိုင်းမှာ ဘာမှ အထစ်အငေါ့မရှိခဲ့ အဆင်ချောနေပြီးသား ..၊ ခုကျတော့ ဒေါ်မေညွန့် နဲ့ ချို တို့ရဲ့ ကိုင်တွ သုံးစွဲမှုတွေက ရှာပေးသလောက် မလောက်ငှခဲ့ဘဲ ...

"မမ .."

"ဟင် .."

အခန်းထဲ ဝင်လာခါနီးမှ ရုတ်တရက် အနားကပ် ထွက်လာသည် အသံကြောင့် ဂီတ လန့်သွားမိ၏။ လှည့်ကြည့်လိုက်တော့ ကျော် ေ





လယ်သာဂျာကင်နက်နှင့် အတွင်းခံ ဆွယ်တာအဖြူအနက်စင်းကျားက ထင်းနေကာ ...

"မမ မား ကို စိုးရိမ်သွားတာလား.. ကျွန်တော့်ကို ယုံပါ .. အဲဒီ ထဲကို မား လုံးဝ မဝင်ပါဘူး .."

"သြော် .. အဲ့ဒါကို စိုးရိမ်ပေမယ့် တို့စိတ်ထဲမှာ ဖိစီးသွားတာတော့ မဟုတ်ပါဘူး .."

ပြန်ပြောရင်း အိပ်ခန်းရှေ့ကနေ ပြန်လှည့်ထွက်ခဲ့ရသည်။ သူမက သား‌‌ ‌မိနှစ်ယောက်တည်း ဆိုင်ခန်းထဲမှာပဲ အိပ်နေကျမို့ သားလေးက သူ့အဘွားဆီက ပြန်မလာသေးသဖြင့် ကိုယ် တစ်ယောက်တည်း ..၊

ည၉နက်နက်မှာ ဝင်ပေါက်တစ်ပေါက်တည်းရှိသော ဆိုင်ခန်းထဲ မှာ ကျော် နဲ့ သူမ ရှိနေတာ မသင့်တော် ..၊

"မင်း ပင်ပန်းလာတယ်မို့လား ကျော် .. သွားနားတော့လေ .. ရပါတယ် .. တို့ သိပ်စိတ်မကြည်လို့ပါ .. သားလေးနဲ့ မဆိုင်ပါဘူး.."

ဆိုင်ထဲ ပြန်ရောက်လာမှ ပလပ်ခေါင်းတွေ လိုက်စစ်သလိုလို .. ပစ္စည်းတွေ သိမ်းသလိုလိုနှင့် အလုပ်ရှာရင်း ပြန်ဖို့ တိုက်တွန်းလိုက်မိ သည်။ ကျော် က မပြန်သည့်ပြင် စတက်ပ်ချဲရ်မှာ ပစ်စလက်ခတ် ဝင် ထိုင်ချလိုက်ပြီး ...

"ကျွန်တော် ဒီနေ့ သတ်မှတ်တဲ့နှုန်းထက် ပိုရလာတယ် .. ပိုတာ တော့ ညတိုင်းပါပဲ .. ညဘက်ငှားတဲ့လူတွေက ပျော်ပျော်ပါးပါး ပွင့်ပွင့် လင်းလင်းတွေ .. ပြီးတော့ လက်လည်း ဖွာတယ် .. ကျွန်တော်က ရသလောက် မေမေ့ကို ပြန်ပေးတယ် မမ .. မေမေက သူ့သမီး လက်ဝါး ဖြန့်တိုင်း ထည့်ပေးတယ် .. မမိုက်ဘူး .."

ရှုံ့မဲ့ပြောရင်း အိတ်ထဲက ပိုက်ဆံတွေနှိုက်ကာ သူ့ဟာသူ ခွဲတန်းချ နေ၏။ ကျော့် စိတ်ထဲမှာ ရှိးသားတာကို သိနေသဖြင့် ထပ်ပြီး ပြန်လွှတ် ဖို့လည်း ခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုခက်တာက ပိုက်ဆံတွေ ရေတွက်ရင်း များတဲ့အထပ်ကို သူမကို ပေး၍ ...

"ဒါ မမ ယူထားလိုက် .."

"ဟင် .. အို .. မဟုတ်တာ .."

"ဘာလို့ မဟုတ်ရမှာလဲ .. ကျွန်တော့်ကို ကားမောင်းလို့ရအောင် မမ လုပ်ပေးထားတာ .. အားလုံးက ကျွန်တော်တို့ကားလို့ပဲ ထင်အောင်လည်း မမပဲ အနစ်နာခံပြီး ကာကွယ်ပြောနေရတာ .. ယူပါ မမရာ .. မေမေတို့ မသိပေမယ့် ကျွန်တော် သိတယ် .."

"ဟင်!... ဘာကိုလဲ .."

"မမ ကျွန်တော်တို့အတွက် မမ အကန့်နဲ့ မမ ဖြေရှင်း ရန်းကန်နေရတာကိုပေါ့ .."

"အင်း .. ဟုတ်တော့ ဟုတ်ပေမယ့် တို့ အဆင်ပြေပါတယ် .."

အိမ်တွင်းသူခိုး ရှိနေသည့်အဖြစ်သာ မရှိခဲ့ဘူးဆိုရင်တော့ သူမ ရှာသမျှ ပြောသလို အဆင်ပြေမှာပါ ... တကယ်တမ်းကျတော့ 'ပလိုင်းပေါက်နဲ့ ဖားကောက်'နေရတဲ့အတိုင်း ...၊

"အဆင်ပြေတယ်ဆိုပြီး မမ မျက်နှာကြီးက ဟန်မဆောင်တတ်လိုက်တာဗျာ .."

ရယ်ရင်း ထရပ်လိုက်တော့ မျက်နှာချင်းဆိုင် စကားပြောနေကြသလို ဖြစ်သွားကာ ...

"ရော့ပါဗျာ .. ယူစမ်းပါ .. မေမေ့ကို ပိုက်ဆံအကုန်မအပ်ရဲတော့ဘူး .. ပြီးတော့လည်း မမက စီးပွားရှာနေတဲ့သူလေ .. မမလက်ထဲမှာ လည်ပတ်ငွေအဖြစ် စုထားပေးပေါ့ .. ဒီအိမ်မှာ ဘယ်သူ ဘာပဲလိုလို မမဆီပဲ လာနိူက်မှာ .."

"မဟုတ်ဘူး ကျော် .. တို့က မိသားစုပေမယ့် ဒီအိမ်ရဲ့ ချွေးမ ဖြစ်နေတာ .. အမေ့ကို ပိုက်ဆံ မအပ်ချင်လည်း မင်းဘာသာပဲ သိမ်း



လိုက်တော့ .. မင်း ရှာလာတဲ့ငွေကို တို့ လက်ခံလို့ မဖြစ်ဘူး .."

"မဟုတ်တာ မမရာ .. ငွေကိုင်သုံးနေတဲ့သူကို ငွေအပ်တာ ဘာဖြစ်သွားနိုင်သလဲ .. မေမေ ရှိပေမယ့် မေမေက အုပ်ထိန်းသူအဖြစ်ပဲ နေတာလေ .. မမက ကျွန်တော်တို့အစ်မကြီးဆိုရင်လည်း ကျွန်တော်က ဒီတိုင်း လုပ်ရမှာပဲ .."

"ဒါက မင်း ပြောသလိုမျိုးတော့ .."

"ကျွန်တော်ကတော့ မမ စကားကို နားထောင်ပြီး လိမ္မာဖို့ ကြိုးစားခဲ့တာ .. မိသားစုအပေါ်မှာ သားယောကျ်ားလေးပီပီ တာဝန်ယူ ဦးဆောင်နိုင်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်လိုက်တာလည်း မမက မိန်းကလေးဖြစ်ပြီး ဦးဆောင်ကြိုးစားနေလို့ပဲ .."

ဂီတ မျက်နှာလေး ပျက်နေဆဲရှိလျှင် ...

"ရော့ .. အခု ခြောက်သောင်းခွဲ .. မေမေ့ကို နှစ်သောင်းခွဲပဲ ပေးမှာ .."

"ဟင် .."

"မရဘူး .. ယူ .."

လက်ကိုဆွဲယူကာ ပိုက်ဆံ အတင်းထည့်ပေး၏။ ပြီးတော့ ပိုက်ဆံကို ဆုပ်ကိုင်ပြီးသားဖြစ်အောင် ဂီတ လက်ကို သူ့ဘာသာ ဖိဆုပ်ထားလိုက်၍ ...

"မနက်ပိုင်းရတဲ့ ပိုက်ဆံလည်း မမကို တစ်ဝက်ပေးမယ် .. ဒီကားအတွက် မမ ဖြေရှင်းရမှာတွေကို ကျွန်တော် ဝိုင်းကူဖို့ ဆုံးဖြတ်ပြီးပြီ.."

"ဆုံးဖြတ်ပါ .. ဆုံးဖြတ်ပါ ..၊ ယူလိုက်စမ်းပါ ဂီတ ရယ် .."

ဒေါ်မေညွန့် က မား လက်လေးကို ဆွဲ၍ ဆိုင်ထဲ ဝင်လာ၏။ လက်နှစ်ဖက် ထပ်ဆုပ်ထားတုန်းမို့ ဂီတ မျက်နှာပူသွားကာ လက်ကို ပြန်ရုတ်လိုက်မိ၏။ ပိုက်ဆံကတော့ လက်ထဲမှာ ပါလာကာ ...

"ဂီတ မယူပါဘူး အမေ .. အမေ့အတွက်ပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါအေ .. ငါလည်း သားသမီးရဲ့ မသထာရေစာကို မျက်နှာပြောင်ပြောင်နဲ့ မျိုချလောက်အောင် ထမင်းမငတ်သေးပါဘူး..၊ ဒီမှာ ကျော်.. ငါ့သားလုပ်စာကို အမေကလည်း လုမယူပါဘူး .. ဒါပေမယ့်.."

နှစ်ယောက်ရဲ့ဆေးမှာ ရပ်လိုက်တော့ လူသုံးယောက်က အနားညီ ဘြိဂံလို ဖြစ်သွားကြကာ ဒေါ်မေညွန့် က ဂီတ ကိုရော .. ကျော့် ကိုပါ ကြည့်၍ ...

"တစ်ခုတော့ မေမေ သတိပေးချင်တယ်.. ဂီတ က ဘယ်လိုစိတ်ကူး ရည်ရွယ်ချက်တွေပဲရှိရှိ .. မင်းက ဘာကိုပဲ ဂရုစိုက်စိုက် မစိုက်စိုက် မင်းတို့ အနေအထိုင်မှားရင်တော့ ပတ်ဝန်းကျင်က ပြောမှာနော် .."

"မေမေ ဘာပြောတာလဲ .."

ကျော် က မျက်နှာတင်းသွားပြီး ပြန်မေးသည်။ ဒေါ်မေညွန့် က ဂီတ ကိုပဲ ကြည့်ကာ ...

"အထူးသဖြင့် ဆင်ခြင်ဖို့ လိုတာကတော့ မိန်းမဘက်ကပဲ .. ငါတို့က အရာရာကို မြေးမျက်နှာလေးတစ်ခုတည်းနဲ့ မေ့မေ့ပျောက်ပျောက် သဘောထားပြီး လိုက်လျောခဲ့တာ .."

"မေမေ့ .."

ဒေါ်မေညွန့် က လှည့်ထွက်သွားသဖြင့် ကျော် က နောက်က လိုက်သွားပြီး ခေါ်ကာ ...

"မေမေက ဗျာ.. မမ ဒီလောက်ထိ လုပ်ပေးနေတာတောင်မှ .."

"ဘာတွေပေးနေနေ .. ငါက မိဘဟဲ့ .. အမြင်မတော်တာတွေ့ရင် ပြောရမှာပဲ .."

ပြောနေရင်း ဂီတ ကို ပြန်လှည့်ကြည့်၍ ...

"ဆင်ခြင်ရမှာက ကိုယ့်အပိုင်းပဲ.. အပြောမခံချင်ရင် ဆင်ခြင်ကြ"

"မေမေရာ .."

ကျော် ပြန်လှည့်ကြည့်သည်နှင့် ဂီတ သားလေးကို လက်ဆွဲ၍





လှည့်ဝင်လာခဲ့မိသည်။ မျက်ရည်ဆိုတာ ဘာမှန်းမသိတော့အောင် ကိုယ့်ဘာသာ မာကျောဖို့ ကြိုးစားခဲ့ပေမယ့် ရင်ထဲကနာကျင်မှုက မျက်ရည်စတွေအဖြစ် ဝေ့တက်လာခဲ့၏။

ဒါပေမယ့် မျက်တောင်ရှည်တို့ဖြင့် ပုတ်ခတ် ဖယ်ရှား၍ ...

"သား မုန့်တွေ အရမ်းစားခဲ့တာ ဘားပလက် တစ်ဇွန်းလောက် သောက်ရမယ် နော် .. ပြီးမှ အိပ် .."

"ဟုတ် .."

မား က မွေ့ရာပေါ်မှာ ငုတ်တုတ်လေး ထိုင်စောင့်ရင်း မအေ့မျက်နှာ မျက်နေတာကို လိုက်တကြည့်ကြည့်နှင့် ...

"မေမေ့ကို ဘွားဘွားက ဆူလို့လား ဟင် .."

"မဟုတ်ပါဘူး သားရဲ့ .. မေမေက သားသားကို အိပ်ဖို့ စောင့်နေတာ .."

"ဘွားဘွားက သားသားကို ဘွားဘွားနဲ့ အိပ်ပါတဲ့ .. သားသားက မအိပ်ဘူးလို့ .. မေမေနဲ့ပဲ အိပ်မှာလို့ .. သားသား မရှိရင် မေမေက တစ်ယောက်တည်း မအိပ်တတ်ဘူးလို့ .. နော် .. ဟုတ်တယ်မို့လား မေမေ .."

"ဟုတ်တာပေါ့ သားလေးရယ် .. မေမေ့သားလေးက ချစ်ဖို့ ကောင်းလိုက်တာ .."

သားလေးကို ပွေ့ဖက်ထားမိပြီး ပါးလေးတွေကို နမ်းမိသည်။ ပြီးတော့ ဒီတိုင်း တင်ထားလိုက်သည့် ငါးထောင်တန် အလိပ်လေးကို မျက်လုံးရောက်သွားပြီး သားရဲ့ဆံပင်လေးတွေကို နမ်းရင်း အကြည့်ကို လွှဲပစ်မိ၏။

"မမက၊ ကျွန်တော်တို့အစ်မကြီး ဆိုရင်လည်း ကျွန်တော် ဒီတိုင်း ပြောရမှာပဲ .."

"အပြောမခံချင်ရင် ဆင်ခြင်ကြ .."



www.burmeseclassic.com

www.burmeseclassic.com



စကားသံတွေ နားထဲမှာ ကြားယောင်နေဆဲ ...

ပြီးတော့ သူမ မမျှော်လင့်ခဲ့ဖူးသော နာကျင်မှုမျိုးက တရိရိ နှိပ်စက်နေ၏။

ကိုယ်ကိုယ်တိုင် တမ်းတခဲ့သည့် မိသားစုအသိုက်အမြုံဘဝလေး တစ်ခုဟာ ကိုယ့်အတွက် ဆုံးရှုံးခဲ့ရပေမယ့် သားလေးအတွက်ကိုတော့ ပြီးပြည့်စုံစေချင်သည်။

ကိုယ်က သားအတွက် ဘာမဆို ဖြည့်ဆည်းပေးနိုင်ရင်တောင် သားရဲ့ဘဝလေးကို မိသားစုရင်ခွေ့တို့ဖြင့် လုံခြုံစေချင်သော စေတနာကြောင့် ဒီမိသားစုတွေနဲ့ပတ်သက်ပြီး ကိုယ့်သွေးသားတွေလိုပဲ နားလည် ဂရုစိုက်သွားဖို့ ဆန္ဒတွေလည်း ရှိနေခဲ့သည်။

ဒါပေမယ့် သားလေးကသာ သူတို့သွေးသားမို့ ဖြစ်နိုင်ပြီး ကိုယ်က တော့ မိသားစု မဖြစ်နိုင်တော့ဘူးလား ...၊

ဒီလိုဆိုရင် သူမဘက်ကရော နာကျင်ဖွယ်တွေ ဘယ်လောက်ထိ ဖြစ်လာနိုင်မလဲ ...၊

ဒါမှမဟုတ် သူမကိုယ်တိုင် 'က'ခဲ့သည့်ဇာတ်လမ်းမှာ သားလေးကို ခုပဲ ရယ် .. ခုပဲ ငိုနိုင်းဖို့ ဖြစ်နိုင်မလား ...၊

လူကြီးတွေရဲ့ ဆိုရိုးစကားလို 'မျက်မွေးတစ်ဆုံး မကြည့်နဲ့ မျက်စိတစ်ဆုံး ကြည့်' ဆိုတဲ့အတိုင်း သူမ မျက်မွေးတစ်ဆုံးပဲ ကြည့်ခဲ့မိသည် ဆိုလျှင် ...၊





## အခန်း (၁၁)

"ဟင် .. သမီး မစားရသေးဘူးလား .."

ဒေါ်ဦး မေးတဲ့ပုံစံကို ကြည့်လိုက်တည်းက မီးဖိုချောင်ထဲကအခြေအနေကို ဂီတ နားလည်လိုက်သည်။

"အင်း .. တစ်ထပ်တော့ စားပြီးပါပြီ .. နည်းနည်း ပြန်ဆာလာဘာနဲ့ ဝင်လာတာ.. ဆိုင်မှာ လူတွေလည်း ကျနေတယ်ဆိုတော့ ကော်ဖီနဲ့ မုန့်လေးပဲ လုပ်ပေးပါ ဒေါ်ဦး ရယ် .."

"ဪ .. အေး .. အေး .."

ဒေါ်ဦး က ရောက်တာ သိပ်မကြာသေးပေမယ့် ဒီအိမ်ရဲ့အခြေအနေကို တော်တော်လေး သိရှိနေပြီဖြစ်ကာ စပ်စပ်စုစု လိုက်ကြည့်တတ်ခင်ပါတတ်သည့်အကျင့်လည်း ရှိနေ၏။

ထို့ကြောင့် ကော်ဖီဖျော်နေရင်း ဂီတ ရဲ့မျက်နှာကိုပဲ လှမ်းကြည့်နေခဲ့လျက် မုန့်နဲ့ ကော်ဖီကို ရှေ့မှာ လာချပေးကာ ...

"သမီး ကော်ဖီတွေ သောက်တော့ အစာမရှိရင် ပိုပြီး ရင်တုန်မှာဆဲ့ .. ထမင်းလေး တစ်ယောက်စာတော့ ရှိသေးတယ် .. ဟင်းရွက်စိမ်းဆေးတွေနဲ့ ရောပြီး ထမင်းကြော်လေး လုပ်ပေးရမလား .. ဘဲဥလည်း ရှိတယ် .. ထမင်းကြော်နဲ့ ဘဲဥကြော်လေး အုပ်ပြီးတော့ရော .."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် .. ဒေါ်ဦး နေပေ့စေတော့ .."

ထမင်းဆာတာ လက်တွေတုန်လာပြီဆိုမှ သတိရသည်။ ဒီနေ့ကျ မှ ကက်စတန်မာက ဖုန်းဆက် လာနှိုးပြီး ဆိုင်ဖွင့်ခိုင်းရတဲ့အထိ လူတွေ ကျနေသည်။

အစောကြီး ဆိုင်ဖွင့်ထားရကာ ရှိသမျှ မိန်းကလေးတွေလည်း ခေါင်းလျှော်တာ .. ညှပ်တာ ဖြောင့်တာ နေရာအားလုံးမှာ ထောင့်စေ့ပြီး ဘယ်သူ့မှ တစ်ချက်မှ မနားရသေးပေ ..။

သူမတို့ စားသောက်ဖို့အတွက် အလှည့်နဲ့ စီစဉ်ပေးခဲ့ပြီး ကက်ကြေး ကိုင်ဖို့တောင် မမြဲတဲ့အထိ ဖြစ်လာလို့ အိမ်ဆီ ပြန်ပြေးခဲ့ရတာ ဖြစ်သည်။

"အဒေါ် သိတယ် .. အိမ်မှာ ဒီလိုပဲ ဦးရာလူက စားနေကြတာ- အင်း .. စည်းကမ်းဆိုတာ အဲဒါတွေက စတာပဲ .. စည်းကမ်းရှိမှ စည်း လုံးတယ် .. စည်းလုံးမှုရှိမှ ချစ်ခင် ရိုင်းပင်းမှုဆိုတာ ရှိလာတာ .."

ဒေါ်ဦး က ညနေစာအတွက် လှီးဖြတ်နေသည့် ပုံလုံသီးနဲ့ ခဝဲသီး တွေကို ပြန်ကောက်ကိုင်ရင်း ရှေ့မှာပဲ ဝင်ထိုင်လိုက်ကာ ...

"အဒေါ်တို့က ဒီအလုပ်ကို လုပ်နေခဲ့တာ သက်တမ်းလည်း မနည်း တော့ဘူး .. အိမ်ပေါင်းလည်း မနည်းတော့ဘူး .. မိသားစုတွေ တွေ့လိုက် သမျှ စိတ်ချမ်းမြေ့စရာ မိသားစုရယ်လို့ ဆယ်အိမ် တစ်အိမ် မရှိပါဘူး- အထူးသဖြင့် သားသမီးတွေ အလိုလိုက်ပြီး မိဘက ဘဝပျက်တာတွေ ပိုတောင်များသေးတယ် .. ဒါပေမယ့် ဒီအိမ်မျိုးလည်း ရှိတာပါပဲ ..

ကိုယ့်အကြောင်း ပါလာပြီမို့ ဂီတ စားသောက်ခြင်းကို လက်စ သတ်ဖို့ ကြိုးစားလိုက်သည်။

"အံ့ဩစရာကောင်းတာ တစ်ခုပဲ ရှိတယ် .. သားက မရှိတော့ဘဲ ချွေးမက တစ်အိမ်လုံးကို ဦးဆောင် ရှာကျွေးနေတာ ဒီအိမ်ပဲ ရှိတယ်-

"ဒေါ်ဦး ရယ် .. အဲဒီစကားမျိုးတွေကို အခုပြောတာ ဒီနေရာမှာပဲ ဖြစ်ပါစေ .. အပြင်မှာ မပြောပါနဲ့ ..၊ ပတ်ဝန်းကျင်က အဲဒီလို မြင်လာ





မျိုး ဂီတ မလိုချင်ပါဘူး .. အထည်ကြီးပျက်ဆိုတဲ့ မျက်နှာငယ်မှုနဲ့ သားတစ်စုလုံး ဘယ်လောက်ထိ ပျက်စီးလေလွင့်သွားနိုင်သလဲဆိုတာ ဒီမိသားစုက မသိလိုက်ခင် ပတ်ဝန်းကျင်က သိပြီးနေပြီ .."

"ဟုတ်တယ်လေ.. အဒေါ်ကလည်း အဲ့ဒါကို ပြောတာပါ .. ဒီအိမ် က သမီးရှိနေလို့ ဒီလောက်ထိ ထူမတ်နေတယ်ဆိုတာ ပတ်ဝန်းကျင်က သိပြီးသားပါ .."

"မဟုတ်ဘူး ဒေါ်ကြီး .. ပတ်ဝန်းကျင်သိတာက ဒါတွေကို အမေ ကိုယ်တိုင် ပေးဆေရင်းနှီးစေခဲ့တာ .. ဂီတ တို့က အမေ့ ညွှန်ကြားမှုနဲ့လုပ် ကြတာပါ .."

မဟုတ်ဘူးဆိုတာ ဒေါ်ဦး က သိပြီးသားပါ ..၊ အိမ်မှာ ရှိသမျှ ကုန်ပဲ ဂီတ ဆီက လက်ဝါးဖြန့် တောင်းသုံးနေကြတာ မမြင်တာ လည်း မဟုတ် ..၊

တစ်ခါတလေ ချို့ တို့ ပိုက်ဆံတွေ ရေတွက်ပြီး ခေါင်းချင်းဆိုင် နေကြတာ မြင်ရသေးသည်။ ဒါတွေဟာ ဂီတာ ဆိုင်ထဲက မသိ အောင် ခိုးယူ သုံးတာတွေလည်း ဖြစ်နိုင်တာပဲ ..၊

ဒီအဖြစ်တွေကို ဂီတ က အပြင်လူ အသိမခံဘဲ ဖုံးဖိထားသည်။ ဒါ မေညွှန့် က စိတ်မလုံတိုင်း လက်တို့ ရန်စတတ်တော့ ရှေ့က ဖုံး ထတ်က ပေါ် ..၊

"ဒေါ်ဦး တို့ ရှေ့မီနှောက်မီအရွယ်တွေကို ဂီတ လေးစားပါတယ်.. အိမ်တွင်းရေးတွေကို စပ်စုတယ် .. ဝင်ပါတယ်လို့လည်း မထင် ဘူး .. ဘာပဲဖြစ်ဖြစ် လူငယ်တွေ တတ်သိနားလည်ကြတယ်ဆိုတာ သက်ကြီးစကား သက်ငယ်ကြား ပါပဲ .. ပင်ယံ ဘယ်လောက်မြင့် မြင့် အခြေအမြစ်ဆိုတာ ပျောက်ပျက်သွားတာမှ မဟုတ်ဘဲ .."

ဒေါ်ဦး မျက်နှာပျက်သွားတော့လည်း ဂီတ က သူများနားခံသာ မယ့်စကားတို့ကို ရွေးချယ်ပြောရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဂီတ ဖြစ်စေချင်တာက ကိုယ့်ရဲ့အိမ်တွင်းရေးကို
အပြင်မှာ ဘာမှထုတ်မပြဖို့ပါ .. ဒေါ်ဦး ကို မြင်လိုက်တည်းက ကို
အဆေအရွယ် .. အဒေါ်အရွယ်မို့လို့ ဂီတ ဝမ်းသာသွားတာ .. လူငယ်
ဆိုရင်တောင် ဒီလိုနေပါ .. ဒီလိုလုပ်ပါနဲ့ တော်တော် သင်ပေးနေရ
သင်တိုင်းလည်း စိတ်တိုင်းကျတာ မဟုတ်ဘူးလေ .. လူကြီးဆို
အားလုံးကို နားလည်နိုင်တယ်မို့လား .."

"နားလည်ပါတယ် .. အဒေါ်ကလည်း အထဲနဲ့အပြင် စ
ရောင်း စကားဝယ်တွေ မလုပ်တတ်ပါဘူး ..၊ ဒါပေမယ့် .."

သူမ ဆက်မပြောနိုင်အောင် ဂီတ က လက်ကာလိုက်က ..

"ဂီတ ဖြစ်စေချင်တာ အဲ့ဒါပဲ ဒေါ်ဦး .. တစ်မိသားစုတည်း နေ
တာဆိုတော့ အပြင်လူတွေ လုံးဝ မသိတဲ့ အတွင်းရေးတချို့ကို ဒေါ်
သိထားမှာပဲ .. ဒါပေမယ့် ရင်ထဲမှာပဲ ထားပေးပါ .. အထူးသဖြင့် ဂီ
က ဒီအိမ်မှာ ချွေးမဖြစ်နေတဲ့အတွက် .."

"အေးပါ .. ဒီအိမ်မှာ ချွေးမဖြစ်နေတဲ့အတွက် ငါ့တူမလည်း ဘ
တော့မှ လူလုံးလှဖို့ မလွယ်ဘူးဆိုတာ အဒေါ်က နားလည်ပါတယ်.."

ရှဲ့ပြောတာလား .. တကယ့်စေတနာနဲ့ ကရုဏာဒေါသတွေ ဖြ
သွားတာလားတော့ မသိ ..၊ ဒေါ်ဦး က အတုံးလိုက် အတစ်လို
ပြောချလိုက်ပြီးမှ သက်ပြင်းရှည်ကြီး ချသည်။

"သက်ကြီးစကား သက်ငယ်ကြား ဆိုပေမယ့် ချို့ ကတော့ အဒေ
ကို ပြန်လှန်မေးခွန်းမေးတာကောင် မကြိုက်ပါဘူး .. 'ပြန်မမေးနဲ့ ခိုင်
တာပဲ လုပ်ပါ' တဲ့ .."

ပြန်ပြောပြပြီး ကိုင်ထားသည့် ဓားကို ချထားလိုက်သည်။ ပြီးမှ..

"သူ့ကိုလည်း ချို့ လို့ မခေါ်ပါနဲ့တဲ့ .. အဒေါ်ကလည်း ကိုယ့်မြေ
လောက်လေးကို မမလေး ခေါ်ပြီး ခေါင်းငုံ့ လက်ပိုက်မနေနိုင်ဘူး ..
အိမ်ဖော်အလုပ်ကို လုပ်နေရပေမယ့် ကိုယ့်သစ္စာတရားနဲ့ ကိုယ်ပဲ ..





ကော်ဖီပန်းကန်ထဲက လက်ကျန်ကို မသောက်ဖြစ်ဘဲ ဒေါ်ဦး ရင်ထဲ
နာနသံစဉ်တွေကို ဂီတ အံ့သြစွာ နားထောင်နေမိ၏။

"အဒေါ် ဆယ့်သုံးနှစ်သမီးတည်းက တော်ဝင်မျိုးနွယ် သူဌေးအိမ်
အလုပ်လုပ်ခဲ့တာ .. အသက်သုံးဆယ် ရောက်မှ ထွက်ခဲ့တာ ..၊
ဘာဖြစ်လို့ ထွက်ခဲ့ရတာလဲ သိလား .. အဲဒီစံအိမ်ကြီးထဲမှာ ဖောက်ပြန်မှု
ခုက အစပြုပြီး၊ သူဌေးကတော်ကြီးရဲ့ဘဝက သနားစရာ ကောင်း
ခဲ့တယ် .. တစ်မိသားစုလုံး အထင်မြင်လွဲပြီး သူဌေးကတော်ကို
ပေးကြတော့ အဒေါ်က သူဌေးကတော်ကြီးဘက်ကလေ .."

သတ္တိကတော့ မခေပါလား.. ဒါမှမဟုတ် သစ္စာတရား ကြီးမားသူ
ပြောရမည်လား ..။

"အားနည်းတဲ့သူဘက်မှာ အမှန်တရား ရှိနေတော့ အဒေါ်က
အမှန်တရားဘက်မှာ ရပ်ခဲ့တယ် .. ဟွန်း .. အဲဒီမိသားစုထဲက တစ်
ဘက်က 'ဘယ်ကောင် မှန်ချင်သလဲ .. မှန်ချင်တဲ့ကောင် ထွက်' လို့
ထုတ်ကာ .. သူဌေးကတော်ကြီးဘက်မှာ ဘယ်သူမှလည်း ရပ်တည်
ပေးခဲ့ကြဘူးလေ .. ဒါပေမယ့် အဒေါ် တစ်ချက်မှားသွားတာက မှန်
မကောင်းဘူး ဆိုတာပဲ .."

ဒေါ်ဦး မျက်နှာမှာ ဒေါသနှင့် မာန်မာနတရားတို့ လွှမ်းခြုံနေခဲ့
သည် ...

"အသက်သုံးဆယ်ဆိုပေမယ့် ငါးဆယ်ကျော်အရွယ်လောက်တော့
ရင့်ကျက်သေးဘူးလို့ ပြောရမလားပဲ .. အဲဒီတုန်းက ကိုယ့်သူဌေး
ကတော်ကြီးကို သနားတာရယ် .. မဟုတ်မမှန် နစ်နာ ခံစားနေရတာ
ရယ် .. အဲဒါတွေကို ကြည့်မနေနိုင်တဲ့ ဒေါသစိတ်တစ်ခုပဲ ရှိတယ်..
မှန်တဲ့ဘက်က ရပ်တည်မယ်ဆိုတဲ့ မာနက ကိုယ့် ဘဝပျက်မှာ ..
ပျက်မှာ ဘာကိုမှ မကြောက်ဘူး .."

ပြောနေသည့်မျက်နှာက တဖြည်းဖြည်း မှေးမှောရီဝေလာ၍လျက်...



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်ကို အိမ်ကနေ နှင်ထုတ်ကြတော့ 'ငါ့မမကြီး သေသွား
နှင်တို့ကို တစ်အိမ်လုံး ထောင်ကျကုန်အောင် ငါ အားလုံး သွားတိုင်
လိုက်မယ် ‥ ငါ့မှာ သက်သေတွေ ရှိတယ်'လို့ ပြောပြီးမှ ဆင်းခဲ့တ
အဲ့ဒါကြောင့်လို့ ထင်တာပဲ ‥ မမကြီး တစ်နှစ်လောက် ခံလိုက်
တယ် ‥"

"သူတို့က သူ့ငွေးကတော်ကို လုပ်ကြံဖို့ ကြိုးစားနေကြတာ
ဟင် ‥"

"ပြောရရင်တော့ အဲ့ဒီအတိုင်းပဲ ‥ ဆွေတော်စု ‥ မျိုးတော်
စံအိမ်ကြီးပေါ်မှာ စုဝေး ကြိတ်ကြံနေကြတာ မမကြီးကိုပဲ ‥၊ အ
ဒါတွေ ပြောပြတာက အဒေါ်ဘဝရဲ့ အတွေ့အကြုံတွေနဲ့ ‥ အ
ခံယူချက်ကို သမီး သိစေချင်လို့ပါ ‥၊ ဘဝမှာ အခြေမဲ့ အနေမဲ့ ပညာ
မတတ်တော့ အိမ်ဖော်လုပ်နေရတဲ့ဘဝက မလွတ်မြောက်ပါဘူး ‥ ဒ
မယ့် အဒေါ့်မှာ သစ္စာတော့ ရှိပါတယ် ‥"

"ဟုတ်ပါတယ် ဒေါ်ဦး ရယ် ‥ ဂီတ ကလည်း ဒေါ်ဦး ကို
ဖြစ် ‥ လူငယ်တွေပဲ ရောက်လာလာ ‥ ကိုယ့်အိမ်မှာရှိတဲ့လူ
မိသားစုတွေလိုပဲ သဘောထားတာပါ ‥၊ မိသားစုဝင်တွေလို စိတ်
ကြည်ချင်တဲ့ဆန္ဒလည်း ရှိတယ် ‥ ဒေါ်ဦး နဲ့ ဂီတ က ဒီအိမ်မှာ သူ
တွေ ဖြစ်တာချင်းလည်း အတူတူပါပဲ ‥ ချွေးမဆိုတာ သားနဲ့
တော်ရတာလေ ‥"

"ဒါပေမယ့် ဒီချွေးမက သားရှိရှိ မရှိရှိ ‥ ပြောရရင် သူ့
ထက်တောင် မိသားစုအပေါ်မှာ ကောင်းနေတာ ‥ ဒါ လက်တွေ့ အ
တရားပဲလေ‥ ငယ်သူတွေက မသိရင်တောင် လူကြီးကတော့ နား
သင့်တယ်မို့လား ‥ ဒီနေ့လယ်စာ ထမင်းဟင်းတွေကို ချို နဲ့ သူ
ချင်းတွေ အကုန်ချခင်း နှင်းစားသွားတာ မမည့်နဲ့ ကိုယ်တိုင် ရှိတ

ဒေါ်ဦး က သူမ မြင်တွေ့ ကြားသိခဲ့တာတွေအပေါ်မှာ အ



က်နိုင်တာ ဖြစ်နေတာပင် ‥၊

"သူ့ရှေ့မှာ အဒေါ်က မေးသေးတယ် ‥"

ဘာပြန်ပြောသလဲဆိုတာတော့ ဒေါ်ဦး က ထည့်မပြောခဲ့ပါ ‥၊
နှာမှာ စိတ်မကောင်းခြင်းတွေသာ ရှိနေခဲ့လျှက် ‥

"ခက်တယ် သမီးရဲ့ ‥ 'ကျွတ်ထိုက်သူကိုပဲ ချွတ်လို့ ရတာ'က
ယ် ‥ ကျွတ်ထိုက်သူ မကျွတ်ထိုက်သူဆိုတာ ငါတို့ ပုထုဇဉ်တွေက
လိုလုပ် သိမှာလဲ ‥၊ 'ပေးကမ်းခြင်းသည် အောင်နိုင်ခြင်း' ဆိုတာ
သူ့နေရာနဲ့သူ ရှိသေးတယ် ‥ အဲ့ဒါ သမီးကို အဒေါ်က အမုန်းခံ
တိပေးချင်တာပဲ ‥၊ လောကကြီးက ကိုယ် လိုသလောက် ဘယ်
မှ မပေးဘူး ‥ ကိုယ်ပစ်တဲ့မြား ဘယ်ရပ်ဝန်းမှာ စိုက်ဝင်သွားသလဲ
ာ မြင်နိုင်ပေမယ့် ကိုယ်ပေးတဲ့မေတ္တာ သူ့ဆီ ရောက်ရဲ့လား ‥
က်ဘူးလား ကိုယ် မသိနိုင်ဘူးလေ ‥"

ဒေါ်ဦး က ပြောချင်ရာ ပြောပြီး သူမ ကိုင်တွယ်နေတာတွေကို
ထထွက်သွား၏။ အလုပ်တွေ အရေးကြီးနေတာကိုပါ ခေတ္တ
ကာ ဂီတ ထိုနေရာမှာပဲ ထိုင်နေမိလေသည်။

ကိုယ့်အဖြစ်ကို ပြန်တွေးမိတော့လည်း သူမ သားလေးကို ဒီအခြေ
ထိ ပြုစု ပျိုးထောင်ခဲ့တာတွေ ‥ ဒီမှာ ခုလိုမျိုး တစ်စုတစ်ဝေးတည်း
ွင်စွာ နေထိုင်ဖို့တွေအတွက် နေ့မနား ညမနား လှုပ်ရှား ကြိုးစားခဲ့
တွေ သိတဲ့လူတိုင်း အံ့သြကြ၏။

စိတ်ကူးတွေထဲမှာတော့ ကိုယ့်ရဲ့ ပန်းဝင်ကြိုးနောက်မှာ ဘဝ
က် အေးချမ်းစွာ ခိုဝင် အိပ်စက်ရုံ မိသားစုရိပ်မြုံလေးတစ်ခု ရှိနေ
ဟု ‥၊

တကယ်တမ်းကျတော့ သူမ ဒီနေ့ထိ အမောမပြေနိုင်ခဲ့ပါလား‥၊

"သမီးရေ‥ ဆိုင်ကမိန်းကလေးတစ်ယောက် လာခေါ်တယ်ကွယ့်‥"

"ရှင် ‥ ဟုတ်ကဲ့ ‥"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဦး ပြန်ဝင်လာပြီး ဖြော့မှ ဗိုက်ဆာ... ယူလာတို့ သ မရခဲ့တာကို တွေးလိုက်မိသည်။

"မာမာ .. ဘာဖြစ်လို့လဲ .."

"ဒီမှာ မမ ဖုန်းလာနေလို့ .. ဒေါ်တာ နှစ်ခါရှိပြီ မမ .. ရော .."

"အေး .. ဟုတ်တယ် .."

မာမာ က ဖုန်းပေးပြီးမှ ...

"မမ အေးဆေး နားနော် .. ခိုင် တို့ ပြန်ဝင်နေကြပြီ .. ရတ သိလား .."

ဖုန်းက နှစ်ခါကျသွားပြီးမှ နောက်တစ်ကြိမ် ထပ်ခေါ်လျှင် ..

"ဟလို .."

"ဂိတ် ရေ .. တီချယ်ပါကွယ် .."

"သြော် .. ဟုတ်ကဲ့ .. ဖုန်းနံပါတ် ပြောင်းသွားလို့ ရုတ်တရ မသိလိုက်ဘူး .. ပြောလေ တီချယ်မာလာ .. ဘာလိုအပ်လို့လဲ ဟင် .."

"အေး .. သမီးရယ် .. လိုအပ်နေတာတော့ မဟုတ်ပါဘူး .. ဒါ မယ့် ကားကိစ္စလေးတော့ ပြောစရာရှိတယ် .. သမီး ဒီည ခဏလာခဲ့ ရမလား .."

"ရတယ် တီချယ် .. လာခဲ့မယ် ..၊ စိတ်ချနော် တီချယ် .. လာခဲ့ မယ် .."

တစ်ခုခုတော့ စိတ်ညစ်ဖွယ်ရှိနေပြီကို တွေးမိကာ သက်ပြင်း ကြီး ချလိုက်မိ၏။

ထိုစဉ် ချက်ချင်း ဝင်လာသည့်ဖုန်းက ဒေါ်မေညွန့် ဆီမှ ..

"ဟလို အမေ .."

"အေး .. ဒီမှာ ပစ္စည်းကောင်းလေး တွေ့လို့ ခဏ ဆွဲထား တာနဲ့လေ .. ညည်းလက်ထဲမှာ ဘယ်လောက်ရှိလဲ .. နှစ်ဆယ်လော ဆို ရတယ် .."



"နှစ်ဆယ် .."

"အေး .. မကြာဘူး .. ခဏပဲ ..၊ ဒါ အသေးစားလေးတွေပါ .. င်ကလည်း အတူလုပ်လာကြတဲ့လူတွေဆိုတော့ ကိုယ့်ကို အရင်လာ ာ .. မပြေလည်တဲ့စကား မပြောချင်လို့လေ .. ဒီလောက် အသေး တောင် မကိုင်နိုင်ဘူးဆိုရင် သိက္ခာကျတာပေါ့ .."

"အမေရယ် .. ဟိုလေ .."

"ဘာလဲ .. မရှိဘူး ပြောမလို့လား .. ညည်းဆိုင်အတွက် ပစ္စည်း မှာရင်တော့ နှစ်ဆယ် အစိတ်လောက်ကို အိမ်ရှေ့က ဖြတ်တဲ့ သည် ခေါ်ဝယ်စားတဲ့အတိုင်းပါပဲအေ .. ငါ့ကျမှ .."

"မဟုတ်ပါဘူး .. ဟုတ်ကဲ့ပါ ပေးလိုက်ပါ့မယ် .. အမေက ဘယ် ဲ ဟင် .. လာယူမှာလား .."

"ပြီးရော .. ငါ ယူခိုင်းလိုက်မယ် .. ကားနံပါတ် (... ...)လာရင် ထွတ်လိုက် .. ဒါပဲ .."

ဖုန်းကိုင်လျက် ကျန်ခဲ့သူက သူမပဲ ဖြစ်၏။

နောက်ထပ် ပြိုကျခဲ့တာက မျှော်လင့်ခြင်းကမ်းပါး တစ်ဖက် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"အဲဒီတော့ ဘာတွေဖြစ်ကုန်လဲ .."

"ဘာဖြစ်ရမလဲ လွှမ်း ရယ် .. တောင်းတာလည်း ပေးလိုက် တယ် .. ဒေါ်မာလာ့ ကိုလည်း .. အဲ .. နင် ဘာပြောလိုက်ရလဲ .."

ဝင်ဒီ က လူတတ်ကြီးလုပ်နေပြီးမှ လက်တို့ မေး၏။

"လိုချင်တဲ့လူက မဖြစ်ဘူးဆိုတော့လည်း ပေးစရာရှိတဲ့လူက ပေးဖို့ ကတိပေးလိုက်ရတာပေါ့ဟာ .."

"ရှာပေးရအောင် ငွေ သိန်းသုံးဆယ်ဆိုတာ သုံးလေးသောင်း မှတ်နေသလား ဂီတာ ရယ် .. ခုပဲ နင့်ဆိုင်ထဲမှာ လည်ပတ်နေရတဲ့ ထုတ်ပေးလိုက်ရပြီ .. ပြောရမယ်ဆို နင် ဒီအလုပ်နဲ့ အရမ်းကို အ ပေးလို့ သိလား .. ဖွင့်တာ နှစ်ဝက်ပဲ ရှိသေးတယ် .. နင့်ရဲ့အောင်မြ က ငါတို့ကို အမီလိုက်နေပြီ .. ဘာပဲဖြစ်ဖြစ် နင်က အသစ်စတဲ့သူ ဒီအချိန်လောက်နဲ့ ဒီလောက်အောင်မြင်ဖို့ လွယ်တာမှ မဟုတ်တာ

"ဟုတ်တယ်.. နင့်ရဲ့ကြိုးစားမှုတွေ အညွန့်ကျိုးသလို ဖြစ်သွ တယ်နော် ဂီတာ.. တကယ်ဆို နင် ရှာနိုင်တဲ့ အရည်အချင်းမျိုးနဲ့ အမိနှစ်ယောက်တည်းအတွက် လုံးဝ ပြည့်စုံတဲ့ဘဝမျိုး ဖြစ်လာရမှာ





ပြောနေရင်း နားဝင်မှာ မဟုတ်မှန်းလည်း သိနေသဖြင့် ဝင်ဒီ ခေါင်းခါသည်။

"နင် ဒီယောကျ်ားရဲ့မိသားစုတွေကို သမြတမ်း တမ်းတနေတည်း တစ်နေ့ ဒီတိုင်းဖြစ်လာမှာပဲဆိုတာ ငါတို့က တွက်မိပါတယ် .. ဘာဖြစ်လို့လဲဆိုတော့ နင့်ရဲ့ စွဲလမ်းမှုက သေးသေးနုပ်နုပ်မှ မဟုတ်ဘဲ.."

"အေးလေဟာ .. မိသားစုဘဝနဲ့ စုစည်း နွေးထွေးစွာ နေချင်ရင် နင် အိမ်ထောင်ပြုလိုက်ရင် ပြီးပြီပဲ .."

"လွှမ်း ရယ် .."

"မလွှမ်းနဲ့ ဂီတ .. နင် အယူလွဲနေတာ ကိုယ့်ကိုယ်ကိုယ် သတိရ ပေါ .. အဲဒီမိသားစုကို ဒေါ်မေညွန့် က မွေးထားတာ .. နင်လည်း မပဲ .. ထပ်ယူရင် ထပ်ရမှာပဲ မဟုတ်ဘူးလား .. ကိုယ်က ဖောက်ပြန် လည်း မဟုတ်ဘူး .. တစ်ပင်လဲလို့ တစ်ပင်ထူတာ ဘာဖြစ်သွားနိုင် လဲ .. ပြီးတော့ နင့်ကို အထင်လွဲပြီး ပြောဆိုခံခဲ့ရတာတွေလည်း ခု သူတို့မြေးမှန်း သိသွားတော့ ရှင်းသွားပြီ မဟုတ်ဘူးလား .."

"ရှင်းဖို့ မလွယ်တာတွေ ထပ်ရှိသေးတယ် လွှမ်း .."

"ဘာ!..."

"သားလေးက သူတို့ကို ဦးဦးရေ .. ဘွားဘွားရေနဲ့ ခင်တွယ်နေ ပြီ .."

လွှမ်း နဲ့ ဝင်ဒီ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိ ကြသည်။ သုံးယောက်သား ကိုယ့်ဆိုင်တွေကို ဒီတိုင်းထားခဲ့ကြပြီး ကန် တော်ကြီးက စားသောက်ဆိုင် တစ်ဆိုင်ထဲမှာဖြစ်ကာ ...

"ဒါတော့ ငါတို့လည်း မပြောတတ်တော့ဘူး ဂီတ ရယ် .. ဒီထိ လာဆုံကြပြီး နင်က ငါတို့ပေးတဲ့ စိတ်ကူးအကြံဉာဏ်တွေကို ကြိုက်တော့လည်း နင့်စိတ်ကူးတွေကို နားထောင်ပေးပြီးတော့ ပြန် ရတော့မှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ငါ့ကို စိတ်ဆိုးသွားတာလား ဟင် .."

"ဘာစိတ်ဆိုးစရာ ရှိလို့လဲ.. နင့်အခက်အခဲကို ငါတို့ ဘာမှ ကူညီ မပေးနိုင်တဲ့အတွက် စိတ်မကောင်းတာကို ပြောပြတာ .."

"အေးလေ .. အခု ကလေးကို သူတို့နဲ့ ပြန်ခွဲထုတ်ရမယ့်ပြဿနာ ထပ်ရှိလာတယ်ဆိုတော့ အစစအရာရာအတွက် ခက်ခဲသွားပြီ .."

"ဟုတ်ပါတယ် .. အဲ့ဒါတွေက ငါ စခဲ့တဲ့ အမှားတွေပါ .."

"ဟင် .. နင် မှားမှန်း သိပြီပေါ့ .. ဒါဆို နင် အခု မရုတ်နိုင် .. မလွှန်နိုင် ဖြစ်နေတာလား ဂီတ .."

"စိတ်နှစ်ခွ ဖြစ်နေတာတော့ မဟုတ်ပါဘူး.. ဒါပေမယ့် ငါလုပ်ခဲ့တာ ဘယ်လိုကောင်းကျိုးတွေ ဖြစ်လာသလဲဆိုတာတော့ တွေးမိတယ်"

"ဘယ်မှာ ကောင်းကျိုးရှိလို့လဲ .."

ပြောနေရင်း ကရုဏာဒေါသတွေ ဆူပွက်လာကာ စားသောက်ထားသည့် မုန့်ပွဲတွေကို ဆားရှေ့ပစ်လိုက်ပြီး လွမ်း က ဂီတ မျက်နှာကို အငေါ်တူးသလို ငုံ့ကြည့်၏။

"ကောင်းတာ တစ်ခုခုရှိရင် ငါ့ကို ပြစမ်းပါ .. ကဲ .."

"ဟုတ်ပ ဂီတ ရယ် .. နင့်ကို မညှာမတာ ပြောရရင် အဲဒီမိသားစုကို ရန်းကန်ကျွေးမွေးရမယ့် ဝန်ကြေး နင့်မှာ ပါလာတာ နင့်ကိုယ်နင် သိရဲ့လား .."

"သိသိကြီးနဲ့ပဲ ငါ ကျေကျေနပ်နပ် ထမ်းဆောင်ခဲ့တာပါ .."

"ဟင်!..."

"ဒါပေမယ့် ငါ့အစီအစဉ်တွေထဲမှာ အခု ကြုံလာတဲ့ အခက်အခဲမျိုးတွေတော့ မပါဘူး .."

"ဒါပဲလေ .. နင်က တစ်ဖက်သတ်တည်း ခံစားပြီး ယုံကြည်နေတာကိုး .. ဒါပေမယ့် နင် သိပ်မှားတယ် .. မိုက်တယ်လို့လည်း ပြောလို့ရတယ် .. နင် သူတို့ဆီက ငိုယိုပြီး ထွက်ခဲ့ရတာကို ဘာဖြစ်လို့ မေ့ပစ်



လိုက်တာလဲ .. သူတို့စွပ်စွဲထားတာကို ဖြေရှင်းချင်တယ်ဆိုတာက ခိုင်လုံတဲ့အကြောင်းပြချက် မဟုတ်သေးပါဘူးဟာ .."

"အဲဒါဆိုရင်တောင် အခု ကိုယ့်ဘာသာ ဖုတ်ဖက်ခါပြီး ထွက်လာလိုက်ရုံပဲ .. ကလေးဆိုတာ ဒီအရွယ်လေးက ငိုလွယ်ရယ်လွယ်ပါ .. ပြီးတော့ ညဘက် နင်နဲ့ပဲ အိပ်တာဆို .. ဘာဖြစ်ဖြစ် ကလေးဘဝက မိခင်ရှိနေရင် ပြည့်စုံတယ် .."

သူငယ်ချင်းတွေက စေတနာနဲ့ ပြောကြတာပါ .. ဒါပေမယ့် သူမ ဘာလုပ်ခဲ့မိသလဲ ..၊ ဘာတွေ ဖြစ်လာနိုင်သလဲဆိုတာကိုတော့ သူမသာ သိနေခဲ့သည်။

"ဂီတ .."

"ဟင် .."

"အေးလေ .. နင့်အခက်အခဲကို နင်က ပိုသိနေမှာပါ .. ဒါပေမယ့် ငါတို့သိတာ တစ်ခု ထပ်ပြောရရင် နင် ရင်းနှီးစိုက်ထုတ်ပြီး ထူထောင်ထားသမျှ သူတို့ကို ပံ့ပိုးနေသမျှတွေက ဒေါ်မြညွန့် ရဲ့ အရင်းအနှီးတွေပါလို့ အများကို သိစေခဲ့တာ နင် သိပ်မှားတယ် .. နံပါတ်တစ်က နင် အရှုံးနစ်နာတယ် .. နံပါတ်နှစ်က နင့်ကို ကျေးဇူးတင်ခြင်း မတင်ခြင်းတွေအပေါ်မှာ သူတို့ဘက်က ဘယ်လို မလိုတဲ့ပြန်ခွင့် ရှိသွားပြီ .. ပတ်ဝန်းကျင်အမြင်မှာ နင်က သူတို့ကျေးဇူးရှင် မဟုတ်ဘူးလေ .. ကလေးတစ်ယောက်နဲ့ ခိုကပ်နေတဲ့ ချွေးမပဲ .."

နံပါတ်စဉ်တွေ ပြီးဆုံးပြီ ထင်ရပေမယ့် ဝင်ဒီ က နောက်ထပ် လက်သူကြွယ်တစ်ချောင်း ထောင်လိုက်ပြန်ကာ ...

"နံပါတ်သုံးက အရေးကြီးဆုံးပဲ .. နင် လုပ်သမျှ ကောင်းနေရင် သာ သူတို့က ငြိမ်နေမှာ နော် .. မှားယွင်းမှုတစ်စုံတစ်ရာ ရှိလာတာနဲ့ နင့်ကို သူတို့ နားလည်ပေးကြမှာ မဟုတ်ဘူး .."

"ငါတို့က သူတို့တွေကို တစ်ခါနှစ်ခါပဲ မြင်ဖူးတာပါ.. ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူစားတွေလဲဆိုတာ အကဲခတ်မိတယ် .. နင်က 'လူ့အကြောင်း ပေါင်းမှ သိ ..'ဆိုတဲ့ စာဆိုနဲ့အညီ လုပ်ခဲ့ပြီး ခုထိ နားမလည်ဘူး .."

"နင်တို့စေတနာကို ငါ နားလည်ပါတယ် .. ငါ ဘာလုပ်သင့်သလဲဆိုတာလည်း အကောင်းဆုံးလမ်းကို ရွေးနိုင်အောင် ငါ အချိန်ယူနေတာပါ .. သည်းခံမှုဆိုတာလည်း အတိုင်းအတာတစ်ခုတော့ ရှိတာပဲဟာ .. တော်ရုံ ဆိုးရွားတာလောက်ကို ငါ သည်းခံနိုင်အောင် ကြိုးစားချင်သေးတယ် .."

"ဘာလဲ .. 'တစ်ဦးမေတ္တာ တစ်ဦးမှာ'ဆိုတာကို တမ်းတနေတာလား .."

"မတမ်းတပေမယ့် ငါ့စေတနာမှန်ရင် တစ်ခုခုတော့ သူတို့ နားလည်လာမှာပါ .. နားမလည်တော့ဘူးဆိုရင်တောင် ငါ စခဲ့တဲ့ ခြေလှမ်းကို ကျင်းချိုင့်ကလေးတစ်ခု နင်းမိတာနဲ့ နောက်ပြန်မဆုတ်ချင်ဘူး .."

"ငါကတော့ ကျင်းချိုင့်ကလေးတစ်ခုလောက် မကတော့ဘူး ထင်တာပဲ .."

လွှမ်း က ဝင်ဒီ ကို မျက်စပစ်ပြီး 'ဘယ်လိုလဲ ..'လို့ အဖော်ညှိ၏။ ပြီးတော့ ထောက်ခံမဲ မရသေးပေမယ့် သူမ စကားကိုပဲ ဆက်၍ ...

"နင့်ကိုယ်နင် ပြန်မကြည့်မိတာတွေကို သတိရဖို့ ပြောတာပါ.."

"တဲပါဟာ .. သူ့စိတ်ကူးတွေ ပြီးဆုံးတဲ့အထိ လုပ်ကြည့်ပါစေ.. အခု ငါတို့ နင့်ကို ပြောချင်တာက နင် ငါတို့ဆီက အကူအညီကို ဘာလို့ မလိုချင်တာလဲ .."

ဝင်ဒီ က သူမ သိချင်တာကိုပဲ အဓိက မေးတော့သည်။

"ငါ လိုအပ်ရင် ယူမှာပါ .."

"အခု မလိုအပ်သေးဘူးပေါ့ .."

ဂီတ မျက်နှာ မသိမသာလွှဲပြီး ငြိမ်နေသဖြင့် ဝင်ဒီ က မျက်မှောင်ကုတ်သွားကာ ...





"ငါ သိတယ် ဂီတ .. နင် ငါတို့ဆီက အကူအညီ ယူလိုက်ရင် နင့်အတွက် ပိုပြီး ဆောင်ကျဉ်းသွားမယ် .. ငါတို့ ဒီ့ထက် ပြောဆိုဝေဖန်ကြတော့မယ်လို့ နင် ထင်နေတာ .."

"မဟုတ်ပါဘူး ဝင်ဒီ ရယ် .. နင်တို့ ပြောတာကိုလည်း ဝေဖန်နေတယ်လို့ ငါ မထင်ပါဘူး .. စေတနာနဲ့ အမုန်းခံပြီး ပြောနေကြတာ ငါ သိတယ် .. ငါ ကျေးဇူးတင်ပါတယ် .. အကူအညီ မယူတာက ငါ လုပ်မိတဲ့အတွက် ဆိုးဆိုးကောင်းကောင်း ငါပဲ ခံစားသင့်တယ် ထင်လို့ပါ .. ပြီးတော့ ဒါက ငါ့အတွက် အရေးကြီးဆုံး လိုအပ်ချက် မဟုတ်သေးဘူး .. တကယ် လိုအပ်ပြီဆိုမှ တူကယ်ရာမဲ့မှာ ကြောက်တယ်..၊ နင်တို့တွေက ငါ့အတွက် အသက်ကယ်ဆေးပါ လွှမ်း ရယ် .."

အပြောကတော့ ကောင်းပါပေ့ဆိုသည့် ပင့်သက်တွေ ချလျက်...

"အေးလေ .. ပြီးတာပဲ .. ဒါဆို နင် အဲ့ဒီအိမ်ထဲမှာ ပိုက်ဆံ ဘယ်လို ရမှာလဲ ..၊ နင် ရှာနိုင်တာထက် သူတို့က ပိုပြီး တွက်နေတာ .. မရှိဘူး ပြောတာလည်း ယုံမှာ မဟုတ်တော့ ငါတော့ ရင်လေးတယ်.."

"လေးမနေနဲ့ လွှမ်း .. သူ ပြောသလိုပဲ 'အောင်မလေး' 'တ'လာမှပဲ သူ လိုအပ်တာ လုပ်ပေးလိုက် .. ဒါပဲရှိတာ .."

သူငယ်ချင်းတွေ ကျေနပ်ကြရဲ့လား .. မကျေမနပ် ဖြစ်သွားကြသည်လား တွေးမိပေမယ့် သူမဘက်ကလည်း ဒီတိုင်းပဲ နေရတော့မှာမို့ မတတ်နိုင် ..၊

မနက်ဖြန်ဆိုတာ နှစ်ဆယ့်လေးနာရီ တစ်ပတ်လည်ရုံနဲ့ ရောက်လာမှာပေမယ့် ..၊

www.burmeseclassic.com



## အခန်း (၁၃)

"ခြံထဲကို ဝင်လာရပေမယ့် အထဲမှာ ဆိုင်ကတော့ ရှယ်ပဲနော် - မိန်းကလေးအကူတွေကလည်း တော်တော်ကျွမ်းကျင်တဲ့ပုံပဲ .."

ခုမှလာဖူးသည့်မျက်နှာ သိပေမယ့် မိန်းကလေးတွေကတော့ စိတ်ရှည်လက်ရှည် ပြုံးပြ ဖော်ရွေကြသည်။ မေးသမျှကိုလည်း သေချာဖြေပေးကြသည်မို့ သူမက သဘောတွေ ကျနေကာ ...

"ဆက်ဆံရေးတွေလည်း ကြိုက်တယ် .."

သူမက ရေစိုဆံပင်ကို ဒရိုင်ယာမှုတ်ခံနေရင်း ပိုင်ရှင်မှန်း သိသာစေသော ဂီတ ကိုပဲ လှမ်းလှမ်းကြည့်ကာ ...

"ဒါက အုပ်ချုပ်တဲ့လူရဲ့ အရည်အချင်းပဲ ထင်တယ် .."

ဂီတ က လှည့်ကြည့်ပြီး ပြုံးပြ၏။

"ဒီလိုလည်း မဟုတ်ပါဘူး အစ်မရယ် .. အားလုံးက မွေးချင်းညီအစ်မစိတ်ဓာတ်နဲ့ ကြိုးစားကြလို့ပါ .."

"အင်း .. ဒါလည်း ဟုတ်ပါတယ် .. တို့လည်း နောက်ဆို ဒီကို ခဏ ခဏ လာဖြစ်မှာပဲ .. ဒါပေမယ့် တစ်ခု စိတ်ညစ်တယ် .."

သူမက စကားစပြီးမှ ချက်ချင်း မပြောဘဲ အားလုံးရဲ့မျက်နှာကို မျက်လုံးရှောက်နိုင်သမျှ လိုက်ကြည့်၏။ ပြီးမှ ...





"ပတ်ဝန်းကျင်က ဒီ့ထက်သန့်ရင် ပိုကောင်းမှာ သိလား .."

"ဟင်!..."

"မမ ဘာပြောတာလဲ ဟင် .."

အနားက မိန်းကလေးတွေ အံ့ဩသွားတာကို သူမက ပြုံး၍ ...

"ဟိုဘက်က နှစ်ဆောင်ပြိုင်တိုက်ကြီးပေါ့ .. အဲဒီခြံက မသန့်ဘူး"

ဂီတ ချုပ်ဆေးဘူးတွေ စစ်ကြည့်နေရင်း လက်တွေ တုံ့နှေးသွားသည်။ ဆံပင်ညှပ်နေသည့် မာမာ တို့ဘက်ကလည်း ဒီစကားကြောင့် အိမ်ရှင်ဖြစ်သည့် ဂီတ ကိုပဲ လှမ်းကြည့်ကြ၏။

တကယ်တော့ အိမ်ရှင်ပေမယ့် သူမက ဧည့်သည်ပဲမို့ ဂီတ ဒီပတ်ဝန်းကျင်ကို ဘာမှ မသိပေ ..၊

"ညီမက မသိဘူး ထင်တယ် .."

သူမက ဘယ်ကမှန်း မသိပေမယ့် ဒီနားက ပတ်ဝန်းကျင်ကို သိနေကာ ဒါကို ပြောချင်နေတာလည်း သိသာလျက် ...

"ဟုတ်ချင်လည်း ဟုတ်မှာပါ .. အဲဒီမှာနေတဲ့ လူကလည်း သူက ဟုတ်တာလုပ်နေတော့ နေရာတစ်ခုမှာ ကြာကြာနေလို့မှ မဖြစ်တာ.. ဒီကို ဘယ်တုန်းက ရောက်နေမှန်း မသိပေမယ့် တို့ သိတဲ့ ပတ်ဝန်းကျင်မှာတော့ တော်တော် လုပ်စားသွားတာ နော် .. တကယ့် လူကြီးပိုင်းဆွေလောက်ပဲ သိတာ .. ဘယ်သူမှ ဘာမှ မသိလိုက်ဘူး .."

"ဘာတွေလုပ်သွားလို့လဲ ဟင် မမ .. ဘယ်လိုလူမျိုးလဲ .."

ကောင်မလေးတွေ စိတ်ဝင်စားနေတော့ သူမက အကြိုက်တွေ့သွား၏။

"သူက အခြေအမြစ်မရှိပေမယ့် ရေလျှံတယ် .. ဒါမျိုးကို အထင်ကြီးတတ်တဲ့ အမျိုးမျိုးသော အခြေအနေတွေနဲ့ မိန်းကလေးတချို့ကို သူ့စက်ကွင်း မိတာပေါ့ .."

"သြော် .. ရှုပ်ပွေတာကို ပြောတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"အိုး .."

တက်တက်စင်မှားတဲ့ အဖြေကို ရှုံ့ချသလိုမျိုး သူမက ရှုံ့မဲ့ ခေါ်
ခါ၍ ...

"ဒါမျိုးဆိုရင် လုပ်စားနေတယ်လို့ ပြောပါ့မလားကွာ .. သူ
ဖျက်ဆီးတယ် .. ပြီးရင် အစဖျောက်တယ် .."

"ဟယ်!..."

"စိတ် .. စိတ္တဇ လူသတ်သမားလား ဟင်.. ဘုရား!... ဘုရား -

ဂီတ နားစွင့်နေရင်း ဘာကိုမှ မလုပ်နိုင်တော့ဘဲ ပြောနေသ
သူမကိုပဲ လှမ်းကြည့်နေမိ၏။ ဟိုဘက်ခြံကလို့ သူမ မျက်စပစ်ပြပုံ
ဆို တစ်ခါက ကလေးနဲ့ပတ်သက်ပြီး စကားများခဲ့ရတဲ့ လူပဲ ..၊

ဒါမှမဟုတ် အဲ့ဒီခြံမှာ တခြားလူတွေ ရှိသေးတာလား ..၊

"သူ့ကိုတွေ့တော့ စုံစမ်းကြည့်မိသေးတယ် .. အဲဒီခြံက လူ
တော့ဘူးလေ .. သူ ဒီမှာ ခိုအောင်းပြီး ကောင်းကောင်းကြီး လှုပ်
နေတာ ဘယ်လောက်တောင် ခရီးရောက်နေပြီလဲ မသိဘူး .."

"မမက သူ့အကြောင်း ဘယ်လိုသိတာလဲ ဟင် .."

မာမာ က မေးတော့ သူမ ရုတ်တရက် မဖြေ ..၊ ပြီးမှ မဲ့၍ -

"တို့နဲ့ အနီးစပ်ဆုံး မိန်းကလေးတစ်ယောက် သူ့ကြောင့်
ရောက်သွားလို့ပေါ့ .. သူ့လက်ထဲ ရောက်သွားရင် ပြန်ပေါ်လာ
သိပ်မရှိပါဘူး .. အဲဒီထဲက လွတ်လာတဲ့ တစ်ယောက်စ နှစ်ယော
လောက်ပဲ ရှိတာ .. သူတို့တွေတောင်မှ ဒီလူ့အခြေအမြစ်ကို
ဘာမှ ပြောမပြနိုင်ဘူး .."

"ဒါနဲ့ အစ်မ ပြောတဲ့လူပုံက စုတ်စုတ်ပြတ်ပြတ် .. မုတ်
ဇုတ်တိုတွေနဲ့လား .."

ဂီတ ဝင်မေးလာတော့ သူမက အားတက်သရော ပြုံးကာ -

"သိပ်ဟုတ်တာပေါ့ .. အဲ့ဒီလိုနေတော့ သူ့ကို ဒါတွေလု



သွားနေတယ်လို့ ဘယ်သူမှ မထင်တော့ဘူးပေါ့ .."

"မထင်ကြပေမယ့် မိန်းကလေးတွေကတော့ ဒီလိုပုံစံကို အထင်
ကြီးဖြစ်ကြဖို့မှ မရှိတာ .. သူ ဘယ်လိုဆွဲဆောင်နိုင်တာလဲ .."

"အောင်မယ်လေး ညီမ ရယ် .. မိန်းကလေးတွေ အားကိုးရှာမိ
ပါဆိုတဲ့ အမှားမျိုးက သနားစရာကောင်းအောင် ပြောတဲ့စကားတွေ
.. ခြောက်ဆယ်ရာနှုန်းလောက်ကတော့ အဲဒီယောကျ်ား ဘယ်
က်ဖြောင့်သလဲ ဘယ်လောက်တောင့်သလဲဆိုတာတွေနဲ့ မှားကြ
ဲ .."

"ဒါဆို အဲ့ဒီလူက ချောတယ်ပေါ့ .."

"ဟဲ့ .. မုတ်ဆိတ်တွေနဲ့ပါဆို ချောစရာလား .."

မိန်းကလေးတွေ သူတို့ဘာသာ မေးဖြေနေကြတော့ ဂီတ က
ည်း ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေခဲ့၏။ ပြောပြနေသည့် သူမထံမှ
ည်း ဘာဖြေသံမှ ထွက်မလာခဲ့ပေ ...။

"ဒါပေမယ့် တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ ကြည့်ကောင်းရှုကောင်း
တော့ ရှိမှာပေါ့ နော် မမ .."

"ဘာလဲ .. မင်းတို့ စိတ်ဝင်စားသွားပြီလား .. တွေ့လား ညီမ ..
ကောင်မလေးတွေကို သတိပေးထားနော် .. ဆိုင်မှာ မိန်းကလေး
တာ အများကြီး .. ဒီလိုလူနဲ့ ကပ်နေမိတာ ရင်လေးစရာပဲ .."

သူမက ဒီစကားတွေနဲ့ပဲ ဂီတ ကို နှုတ်ဆက်ပြီး ပြန်သွား၏။
သည့်ကားက အကောင်းစား .. ဝတ်စားပြင်ဆင်ပုံကလည်း
ယ့် အပျံစားပဲ ဖြစ်သည်။

ထို့ပြင် ဆံပင်အကောက်နဲ့ မျက်နှာမှာ ပြင်ဆင်ထားပုံကလည်း
တော်တော်လှပါ၏။

မာမာ က သူမ ထွက်သွားတဲ့အထိ မျက်စိတဆုံး ကြည့်ပြီးမှ...

"မမ တွေ့ဖူးလို့လား ဟင် .."

www.burmeseclassic.com



ဂီတ ကို လှမ်းမေးသည်။ တခြား ကက်စတန်မာတွေ ရှိနေသေးသဖြင့် ဂီတ မျက်နှာပျက်နေကာ ...

"မြင်ဖူးတယ် .. ဒါပေမယ့် .."

ဒီလိုအလုပ်မျိုး လုပ်နေတဲ့လူနဲ့ မတူဘဲ စိတ္တဇလူသတ်သမားဆိုင်တောင် ဖြစ်နိုင်ခြေရှိသေးသည်လို့ တွေးလိုက်မိ၏။ သို့သော် ဆံပင်ဖြောင့်နေသည့် အမျိုးသမီးတစ်ယောက်က ရယ်ကာ ...

"ဘယ်လိုလူဖြစ်ဖြစ်ပါ ညီမရယ် .. ကိုယ် နေတတ်ဖို့ပဲ လိုတယ်ကြောက်စရာ မလိုပါဘူး .. ပြောသွားပုံအရဆို သူနဲ့ သွားပြီမှ ဖြစ်မှာအတင်း ဆွဲလွဲသိမ်းသွင်းမှာမှ မဟုတ်ဘဲ .. ကိုယ်က ကြိုသိထားရင်ပြီးတာပဲ .."

တစ်ယောက်ကတော့ ပြောပေးဖော် ရပေမယ့် ...

"ဘာဖြစ်ဖြစ် .. မြွတ်သွားဖြတ်လာ ခြံထဲ ဆွဲမသွင်းဘူးလို့တော့ပြောလို့ မရဘူး နော် .. ကြောက်စရာ .."

ပခုံးတွန့်ပြီး ကြောက်လန့်သွားတဲ့ မိန်းကလေးတွေလည်း ရှိ၏။ ထို့ပြင် ...

"ဟိုမိန်းမကလည်း သူ့ ကိုယ်တွေ့လားမှ မသိတာ .. သေချာကြီးပြောပြသွားတာ .. အဟွန်း .. ရယ်ရတယ် .."

ခေါင်းငုံ့ပြီး ထွက်လာသည့် ကက်စတန်မာတစ်ယောက်က မဲ့ပြီး ကဲ့ရဲ့၏။ ဘာပဲဖြစ်ဖြစ် ဒီသတင်းဟာ သူမ စီးပွားရေးကို ထိခိုက်နိုင်တာတော့ သေချာလေသည်။

"အဲဒီ အန်တီ့ကို သားသား သိတယ် .."

တွေးနေတုန်း သားရဲ့အသံလေးကြောင့် လှည့်ကြည့်လိုက်မိ၏။ ချို နဲ့ မား တို့ အတူတူ ဝင်လာကြကာ လက်ထဲမှာလည်း ရေခဲမုန့်တွေ တစ်ဖက်တစ်ချက်နဲ့ ...

"မေမေ .."





"ရှင် .."

ဂီတ က စားပွဲနောက်ထဲက ထွက်လာခဲ့လျက် ...

"သားလေးက ဘယ်က ပြန်လာပြီး ဘယ်သူ့ကို သိလာတာလဲ .. ...ပါဦး .."

"ရော့ .. မေမေ့အတွက် .."

မား က ဂီတ လက်ထဲကို ရေခဲမုန့်တစ်ခု ထည့်ပေးပြီးမှ ...

"ကားမောင်းသွားတဲ့ အန်တီလှလှကို သားသား သိတယ် .."

"အလကားပါ မမရယ် .. ဒီကောင်လေး ဖြီးနေတာ .. ခုန ဒီထဲက ...သွားတဲ့တစ်ယောက်လေ .. အဲဒါ 'မြဟသာ' ပိုးထည်တိုက်ပိုင်ရှင် .. ...ယ်လ်အေဂျင်စီတစ်ခုက သူဌေး .."

"ဟင်!... ခုနက အစ်မက ဟုတ်လား .."

ဂီတ သာမကဘဲ မာမာ တို့ ညီလှဲ တို့ပါ အံ့သြကုန်ကြ၏။ မော်...အေဂျင်စီလို ထင်ရှားတဲ့ လုပ်ငန်းမျိုးကို သူမအတွက် တစ်ခါမှ မြင်ဖူးပဲ ဖြစ်နေတာကို အံ့သြမဆုံး ...

"သူ့ကို လူတိုင်း မသိကြဘူးလေ .. ညီအစ်မ ဘယ်နှစ်ယောက် ...ရှိလည်း မသိဘူး .. သူကတော့ ချောလို့ နာမည်ကြီးတာ .. ...ကို မမသားက သိတယ်တဲ့ .. အဟွန်း ရယ်ရတယ် .."

ဂီတ က ကြည့်လိုက်တော့ မား က ဆတ်ခနဲ ခေါင်းညိတ်၍ ...

"သားသား တကယ် သိတာ .. သိပါတယ် ဆိုမှ .."

"မေမေတောင် မသိဘူး သားလေးက ဘယ်လိုလုပ် သိနေတာလဲ.."

"သားသားနဲ့ အဲဒီအန်တီ ပိုက်ဆံ တူတူထည့်ကြတာ .."

"ဟင်!..."

"ခစ် .. ခစ် .. ခစ် .."

အားလုံး ပြုံးကြရယ်ကြ ဖြစ်သွားပေမယ့် ဂီတ ကတော့ သားလေး ...တတ်တာဆို ဘယ်တုန်းကမှ ပြက်ရယ်ပြုခဲ့ဖူးခြင်း မရှိပေ ...။



www.burmeseclassic.com

ထို့ပြင် ဂရုစိုက် နားထောင်ပေးတတ်သည့် ဖေးမမှုလေးနဲ့ သားလေးရဲ့ တက်ကြွမှုကို အားပေးနေကျမို့ ...

"သားသားက မှတ်ဉာဏ်ကောင်းတယ် ချို ရဲ့ .. သူ တစ်နေ သေချာ မြင်ဖူးထားလို့ပါ .."

"ဟုတ်တယ် သားသားက နှစ်ရာ .. အဲဒီအန်တီက တစ်ထော

မား က သူ သိတဲ့အတိုင်း ပြောနေပေမယ့် ဘယ်သူကမှ မလည် ..၊ ဂီတ ကလည်း သေချာ နားမလည်ပေမယ့် အလှူခံပုံး ထဲမှာ ပိုက်ဆံ အတူတူ ထည့်မိကြစဉ် သားလေး မှတ်မိနေတာ တွက်လိုက်၏။

"မမ သားက ကုံးထက်က နှင်းပုလဲရေခဲမုန့် စားချင်လို့တဲ့ အဲဒါကြောင့် မမဆို သူ ရေခဲမုန့်တွေ လာကျွေးနေတာ သိလာ လူလည်လေး .."

"ဟင် .. ဟုတ်လား သား .."

"ဟုတ်တယ် .. တီတီချို က ဒါ မကောင်းဘူးတဲ့ .. 'နှင်း ရေခဲမုန့်'က ပိုကောင်းတာ တဲ့ .. အဲ့ဒါ သားသား စားချင်လို့ ..

ဂီတ သက်ပြင်းချလိုက်မိသည်။ သားကို အဖြင်ခေါ်သွား မုန့်ဖိုးဆိုသည့် အကြောင်းပြချက်နှင့် ချို တို့ ကြိုက်သလို နိုက်ယူ တတ်တာ လမ်းကြောင်းတစ်ခုလိုပင် ..၊

ခုဆို ကလေးက စာကျက်ရတယ်လည်း သိပ်မရှိ ..၊ သူမလည်း ကိုယ်တိုင်ကြပ်မတ်ပြီး သင်မပေးနိုင်ဘဲ သောက့်သောက်လဲ မှ တတ်တဲ့အကျင့်တွေလည်း စွဲနေပြီ ဖြစ်၏။

သူမအဖြစ်က ဘာနဲ့ တူနေပြီလဲ ..၊



## အခန်း (၁၄)

"အိပ်တော့နော် သားလေး .. မေမေ ဆိုင်ကို သွားရဦးမှာ .."

"ဒါဆို သားသား ဒီမှာ မအိပ်တော့ဘူး .. မေမေနဲ့ လိုက်မယ်.."

"ဒီမှာပဲ အိပ်ပါ သားရယ် .. နေ့လယ်ခင်း ဆိုင်ထဲမှာ ဆူညံနေ .. သားလေး ကောင်းကောင်း အိပ်ရမှာ မဟုတ်ဘူး .."

သားရဲ့နဖူးလေးကို ပွတ်သပ်ချော့နေရင်း အိပ်နိုင်းနေရ၏။ အလုပ် လုပ်နေရင်း သားလေးအတွက် အချိန်ပေးမှု ဖြစ်မှာကို သတိရလာ မအားလပ်သည့်အချိန်တွေထဲက ထုတ်နုတ်ယူနေရ၏။

"သားသား မအိပ်တော့ဘူးလေ.. မေမေ့ဆီမှာ စာရေးနေမယ်.."

"သားလေး ငါးမျက်နှာတောင် ရေးပြီးပြီလေ .. ဒီနေ့ စာရေးတာ ရပါပြီ .. ကလေးဆိုတာ နေ့လယ်ခင်းမှာ အိပ်ရတယ် .. ပြီးတော့ စားချိန် ကစား .. စားချိန် စားရတယ် .. ဒါမှ ဉာဏ်ရည်ဖွံ့ဖြိုးတာ ရဲ့ .."

"သားသားက ဉာဏ်ရည်ဖွံ့ဖြိုးပါတယ် မေမေရ .."

"ဟုတ်ပါတယ် .. အဲဒါကြောင့် အဝါလိုင်းထဲ ပြန်ကျမသွားအောင် နိုက်ရတာပေါ့ .. တော်ကြာဆို ဘွားဘွားကြီး ပြန်လာမှာ .. သားလေး စိမ့်မိုတ် .. ပြီးတော့ သားကျက်ထားတဲ့ အလီတွေ ပြန်ဆိုပြည်နေ

www.burmeseclassic.com



လိုက် .. မျက်လုံး မဖွင့်နဲ့ နော် .. ဟုတ်ပြီ အသီတွေလည်း ရနေပြီ သားလေး အရမ်းတော်တာပဲကွာ .. အလီတွေ ရသွားလို့ အိပ်တော့ သားလေး မျက်ခွံတွေ လေးနေပြီ .. အဲ .. အိပ်နေပြီ ကြည့်စမ်း .. အိပ် ပြီ .. အိပ်သွားပြီ .."

အိပ်မောကျသွားသည့် သားလေး နဖူးလေးကို ငုံ့နမ်းကာ နေ ထလိုက်သည်။ ပြီးတော့ အဲရ်ကွန်းကိုပိတ်၍ ခေါင်းရင်း ပြတင်း ကို သွားဖွင့်လိုက်၏။

သိပ်ပူတဲ့ရာသီလည်း မဟုတ်တော့ နေ့လယ်ခင်း အပြင်လေ နဲ့ အိပ်စေချင်၍ပါ ..၊ ထိုစဉ် တစ်ဖက်ခြံထဲက လူရိပ်တွေကို လှမ်းမြင်လိုက်သဖြင့် သေချာမြင်ရအောင် နေရာထပ်ရွှေ့ပြီး ကြည့်မိ

ဂငယ်ကွေ့ ခြံအထွက်ဘက်ကို ခေါင်းလှည့်ရပ်ထားသည့် ပါ ကားဆီကို ခြေလှမ်းကျဲများနဲ့ ထွက်လာကြသည့် နှစ်ယောက်..၊

ရိုးရိုးမှန်မှန် လျှောက်လာကြပါသဆိုလျှင် စိတ်ဝင်စားဖွယ် မရှိ ဒါပေမယ့် မုတ်ဆိတ်ကျင်စွယ်ငုတ်စနှင့် ဟိုလူက မိန်းမငယ်လေး ယောက်ကို လက်မောင်းကနေ ပိုင်ပိုင်နိုင်နိုင်ဆွဲကိုင်ပြီး အိမ်ထဲက ထုတ်လာတာ ဖြစ်၏။

ပြီးတော့ ကားတံခါးကို သူကိုယ်တိုင် ဆွဲဖွင့်ပြီး ကားထဲ တွန်းထိုးတင်သည်။ တံခါးကို ပိတ်ပစ်လိုက်ပြီး ခါးထောက်ကာ ပြောနေတာ ပုံသဏ္ဌာန်တွေကို မြင်နေရကာ သေချာ ..

ထိုစဉ် ကားကဘီးလိမ့်လာသဖြင့် မှန်တစ်ဝက်ချထားသော သူ့နေရာကို ဂီတ လှမ်းမြင်လိုက်ရ၏။

စောစောက ဟိုလူ ဆွဲခေါ်ချလာသည့် မိန်းကလေးပဲဖြစ်ကာ စောက မျက်မှန်မပါဘဲ ခုတော့ မျက်မှန်နက် တပ်ထား၏။ ပြီး ပြန်လှည့်ထွက်သွားသည့် သူ့ဆီမှာ ကားရပ်လိုက်တာလည်း သည်။ ဒါပေမယ့် ခြံပြင်ကို ဆက်မောင်းထွက်သွားလေသည်။



ဘာတွေလဲ ..၊

မိန်းကလေးက ဇကက်တိုတို အနီရဲရဲနှင့်ဖြစ်ကာ အင်္ကျီကလည်း အနီအနက်စင်းကျားနှင့် ကိုယ်ကျပ်လေးပဲ ဖြစ်၏။ သူမက ကားကို ကိုယ်တိုင် မောင်းလာတာပဲ ..။

ဒီလို မိန်းကလေးမျိုးက ခုလောက် စုတ်ပြတ်နံ့ချာသည့်ပုံစံနှင့် ကို အောက်ကျို့ခယစွာ ချဉ်းကပ်နေတာလား ..၊

"ခြောက်သယ်ရာနှုန်းလောက်က အဲဒီယောကျ်ား ဘယ်လောက် ကြင်သလဲ .. ဘယ်လောက်တောင့်သလဲဆိုတာနဲ့ပဲ မှားတတ်ကြတာ" ..။

ဆိုင်ကိုလာတဲ့ အမျိုးသမီး ပြောသွားတာကို ပြန်တွေးမိပြန်သည်။ ဘာတွေမှန်း ..ဖြစ်မှန်း ဂီတ မျက်နှာလေး မဲ့သွားပြီး နေရာမှ ဆို့ ပြင်စဉ် ...

ဟယ်!...

သူမ မျက်စိမှားတာလား ..၊

..ခင်းတီရှည်နဲ့ ရှပ်အင်္ကျီအကွက်ကျဲနဲ့ ဆံပင်ကတော့ ပခုံး ဘက်လေးပဲ ဖြစ်၏။ ဟိုပုဂ္ဂိုလ်နဲ့အတူ အိမ်ထဲက အတူတူ ယှဉ်တွဲ ထွက်လာကြ၏။ ပြီးတော့ မျက်နှာစာရှေ့ ပန်းခြံထဲကို လျှောက်သွားကြ ဘာ ခြေလှမ်းညီညီ ..၊

ဒါကတော့ ဒါပဲဖြစ်နိုင်သည်ဆိုတာ ယုံမှားဖွယ် မရှိတော့ပေ..၊

ဖြစ်ရလေ .. ဒီလိုလူမျိုးနဲ့မှ ခြေရင်းခေါင်းရင်း ခြံချင်းကပ်လျက် နေမိရတဲ့ ကိုယ့်အဖြစ် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"မမာ .. မမ ရော .."

မာမာ က ချို နဲ့အတူ ပါလာကြသည့် လူကြီးတွေကို ကြည့် ရုတ်တရက် မဖြေနိုင် ..၊ ကောင်းတာမှာ ထိုင်နေသည့် ညိုလှဲ့ က နော ကနေ ရှေ့ထွက်လာကာ ...

"မမ ထမင်းစားနေပါတယ်ရှင် .. ဘာကိစ္စများ ရှိလို့ပါလဲ .."

"ဪ .. မမနဲ့ ပြောမှ ဖြစ်မယ့်ကိစ္စရှိလို့ပေါ့ .. ထမင်းစား လည်း ဒီမှာ လူကြီးတွေက စောင့်နေရမှာ အားနာစရာ .. သွားခေ လိုက်ပါ .."

တကယ်က ဂီတ ခေါက်ဆွဲပြုတ်သောက်နေတာ ဖြစ်သည် ညိုလှဲ့ သွားမခေါ်ရသေးခင် ဂီတ က ထွက်လာပြီး ...

"ကျွန်မက ဂီတ ပါရှင် .."

"ဪ .."

လူကြီးသုံးယောက်က ဂီတ ကို ခုမှ မြင်ဖူးကြတာ ဖြစ်သည် ဆံပင်ရှည်ကြီးတွေ ဖြန့်ချထားလျက် နဖူးပြောင်လေး သိမ်းလှန်ထာ သဖြင့် ယဉ်စစလေးနဲ့ လှနေသည့် သူမကို တွေ့တော့ အားတုံ့အားနာ





"တူမကြီးက ဂီတ ဆိုတော့ ဒီဆိုင်ပိုင်ရှင်ပေါ့ .."

"ဟုတ်ပါတယ်.. သူပဲ ဦးစီးနေတာပါ.. သူနဲ့ပြောလို့ ရပါတယ်.."

ချို က ပြောပြရုံသာမကဘဲ ဂီတ ကို လက်နဲ့ပါ ညွှန်ပြ၍ မိတ် ဆက်သလို လမ်းခင်းနေ၏။

"မမနဲ့ ပြောစရာရှိလို့ တဲ့ .. သူတို့က ဒီလမ်းက လူကြီးတွေပဲ .. ချို သွားစရာရှိသေးလို့ သွားလိုက်ဦးမယ် .."

လှည့်ထွက်သွားပြီးမှ လက်နောက်ပြန်ကာ ပြသွားသည်။

သူတို့ပစ္စည်း .. ဒါက သူမတို့ရဲ့ အရင်းအနှီးနဲ့ ဆိုင် စသဖြင့်သော ထူးထူးတွေကို မက်မောနေခဲ့သည့် ချို က ခုကျမှ ဘာဖြစ်လို့ ဂီတ ပဲ ဦးစီးပါသည် ..၊ ဂီတ က ပိုင်ရှင်ပါလို့ ဘာကြောင့် ထိုးညွှန်ပြသွားသလဲ ဆိုတာ ကြာကြာ စဉ်းစားနေဖို့ မလိုပေ ..၊

"ဒီလိုပါကွယ် .. အန်ကယ်လ်တို့က တိုင်သူရှိရင်တော့ အကျိုး သင့် အကြောင်းသင့် စေ့စပ်ဆွေးနွေးပေးရမယ့်တာဝန် ရှိလို့ပါ .."

တစ်ယောက်က ဤသို့ စလိုက်ပြီး ...

"တူမကြီးရဲ့ ဒီဆိုင်က စက်သံတွေ ဆူညံတာရယ် .. ဒီမှာ သုံး ထားတဲ့ မီတာကလည်း .. အဲ ဘယ်လိုပြောရမလဲ .."

"မီတာကြောင့်ဆိုရင်တော့ ဒီဆိုင်အတွက်နဲ့ အပို သိပ်မတင်ရပါ ဘူးရှင် .. အိမ်မကြီးထဲမှာ နေ့လယ်ဘက်ဆို လူလည်း မရှိတော့ လျှပ်စစ် ပစ္စည်း တော်တော်များများကို ဘာမှ မသုံးပါဘူး .. ပြီးတော့ .."

"ခဏလေး တူမ .."

စပြောသည့်လူကြီးက သူမ စကားကို တားဆီး၍ ပလပ်ခုံတွေကို လှမ်းကြည့်ကာ ...

"တစ်ခုစီတော့ မခေါ်တတ်တော့ပါဘူးကွယ် .. ဒါ့ပေမယ့် ဒီ ဆိုင်က သေးသေးလေး မဟုတ်ဘူး .. မုန့်တင်ခုံ ဆယ်လုံးမှာ သုံးတဲ့ မီးအားတွေရော .. အတွင်းခန်းတွေမှာ ပေါင်းတာ ဘာညာ တူမတို့



www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲနေတာတွေက အများကြီးပဲ .. မီတာကြောင့်ပြောတာ မဟုတ်ဘူး— အန္တရာယ်ကြီးလို့ပါ ..”

“ဟုတ်တယ် တူမကြီး .. တစ်နိုင်တစ်ပိုင်စာလေး ဆိုရင်လည်း ဖြစ်သေးတယ် .. လုပ်ငန်းက အကြီးကြီးဖြစ်တဲ့အပြင် ဒီလိုနေရာမှာ စီးပွားရေးလုပ်ဖို့ ဆိုတာလည်း ..”

လူကြီးက စကားရပ်သွားပြီး ခေါင်းတခါခါ လုပ်နေ၏။ ပြီးမှ—

“တစ်နေ့ကုန် မနားတမ်း လည်ပတ်နေတဲ့ လျှပ်စစ်ပစ္စည်းတွေက အရမ်း အန္တရာယ်ကြီးတယ် ..”

“ဒါဆိုရင် အခု စစ်ဆေးသွားလို့ ရပါတယ် အန်ကယ်လ် - မီးကြိုးတွေ လဲသင့်တာတို့ .. အန္တရာယ်ရှိနေနိုင်တာတို့ တွေ့ရင် ဂီတ တို့ ချက်ချင်း ပြင်ဆင် လဲလှယ်လိုက်ပါ့မယ် ..”

“အန်ကယ်လ်တို့ရဲ့ တူမကြီးကို သတိပေးရုံပဲ လာတာ မဟုတ်ဘူးကွယ့် ..”

“ရှင်!...”

“ဒီမှာ ခုလိုလုပ်ငန်းမျိုးနဲ့ စီးပွားရှာဖို့ ခွင့်မပြုနိုင်ဘူးဆိုတာ လာပြောတာ ..”

“အန်ကယ်လ် ..”

“ဆောရီးပါ .. အန်ကယ်လ်တို့ အရမ်းအားနာပါတယ် .. ဒါတွေက မပြောမဖြစ်လို့ ပြောရတဲ့ စကားတွေပါ .. ဒီတော့ တူမကြီးကို သက်ညှာတဲ့အနေနဲ့ လုပ်ငန်းရွှေ့ပြောင်းချိန် နှစ်လထိ ပေးပါ့မယ် - ဒါပေမယ့် ဒီကြားထဲမှာ မင်းရဲ့ဆိုင်ကြောင့် တစ်ခုခု ထပ်ပြီး ပြဿနာ ပေါ်လာရင်တော့ ချက်ချင်း ရွှေ့ပြောင်းပေးရမယ်ဆိုတာ တစ်ခါတည်း အသိပေးခဲ့ချင်တယ် ..”

ကြိုးစားအားထုတ်မှုတိုင်းဟာ ဘယ်တော့မှ အချည်းနှီး မဖြစ်ဘူး ဆိုတာ သူမကျမှ မှားယွင်းခဲ့ပြီလား ...။





ရက် လ များစွာ ကြိုးစား ရုန်းကန်ခဲ့သမျှ သူမ ရယူနိုင်ခဲ့တဲ့ သာယာခြင်းတွေက ဒီမျှနဲ့ပဲ အဆုံးသတ်ခဲ့ပြီလား ...။

ဆက်တိုက် ကြုံတွေ့ ရင်ဆိုင်လာခဲ့ရသည့် အခက်အခဲများစွာ အနက် သူမရဲ့ တစ်ဘဝလုံးကို နစ်နာဆုံးရှုံးစေနိုင်သော လက်နက်က ဘယ်လက်နက်လဲ ...။

ဘယ်ကိုကြည့်ကြည့် ဘာမှလည်း မမြင် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"အဲဒါ ဒီနားက တစ်ယောက်ယောက် ချုန်တွန်းလုပ်တာပဲ .."

ချို က လက်သီးလေး ဆုပ်၍ ဒေါပွနေ၏။ ဒေါ်မေညွန့် က မား ကို ရင်ခွင်ထဲမှာ ထား၍ လိမ္မော်သီးစိတ်လေးတွေကို အမြှေးပါးလေးတွေ ဖယ်ပြီး တယုတယ ခွံ့ကျွေးနေရင်း ...

"ဘယ်သူချုန်တာဖြစ်ဖြစ် ချုန်နိုင်တယ်ဆိုတည်းက အသွားတုံးတဲ့ ဓား မဟုတ်ဘူးဆိုတာ သိသာနေတာပဲ .. ငါတို့မှာ ရှေ့ထွက် ရင်ဆိုင် နိုင်စွမ်း မရှိမှန်း သိလို့ လုပ်တာ .."

"ဒါ သေချာတယ် မေမေ.. ခြေရင်းကမဟုတ်ရင် ခေါင်းရင်းကပဲ"

"ခေါင်းရင်းက ဖြစ်စရာလားအေ .. တိုက်ကြီးက ဟိုဘက်ကပ် ထားတာ ငါတို့နဲ့ အဝေးကြီး .."

"ဒါဆို ခြေရင်းကပေါ့ .. ဟွန်း ထင်သားပဲ .. အဲဒီမှာ ငှားနေတဲ့ ဂိုဏ်းစတားပုံနဲ့ လူ .."

"ဘာလဲ..လူရောင်းလူဝယ်လိုလို သတင်းထွက်နေတဲ့ အိမ်ငှားလား"

ဒီစကားကျမှ ဂီတ တို့ ခေါင်းထောင်သွားကြ၏။ ဒီပြဿနာကို သတင်းရပြီး ရောက်လာကြသည့် ခင်လွှမ်း နဲ့ ဝင်ဒီ တို့လည်း ရှိနေကာ သူမတို့ မသိသေးသည့်ကိစ္စမို့ စိတ်ဝင်စားသွားကြသည်။





"ဒီလူကြီးဆိုရင် ဘာလဲ .. နောက်မှ ရောက်လာပြီး အိမ်ပိုင်တောင် မဝယ်နိုင်ဘဲနဲ့ ဘယ်လို ကပ်ပေါင်းပြီး ဘယ်လို .."

"ချို ရယ် .. ညည်းလည်း မေမေ့သမီး လုပ်နေပြီးတော့ မနပ် လိုက်တာ .. ဒီအလုပ် လုပ်နေတဲ့လူတွေက ပိုပြီး ရေလျှံတယ် .. ပြီးတော့ ပိုပြီး ပေါင်းတတ် သင်းတတ်တယ် .."

"မေမေတို့ကလည်း စုဝေးထိုင်ပြီး တရားခံ ရှာနေပြန်ပြီ .."

ရေချိုးပြီးစပုံစံနှင့် ကျော် က ကားသော့ သွားဖြုတ်ရင်း ထွက်လာ ၏။ မား ရဲ့ပါးလေးကို လက်ခုံနဲ့ လှမ်းပုတ်လိုက်ပြီးမှ မတ်မတ်ပြန်ရပ် ၍ ...

"ဒီလိုနေရာမှာ ဒါမျိုးလုပ်ခွင့် မရှိဘူးဆိုတာ လူကြီးတွေက အကျိုး နဲ့ အကြောင်းနဲ့ ပြောသွားတာပဲ .. ဘယ်သူချုန်တာဖြစ်ဖြစ် .. ဖယ်ဆိုရင် ဖယ်ပေးရမှာပဲ .. ဘာဆက်လုပ်ကြမလဲဆိုတာပဲ စဉ်းစားရမှာပေါ့ ..၊ မမ ထိုင်ပြီး စိတ်ညစ်မနေနဲ့ .. ကျွန်တော် ကား စောစောပြန်သိမ်းခဲ့ မယ် .. ညကျမှ တိုင်ပင်ကြတာပေါ့ .."

ကျော် က အားလုံးကို ပြုံးပြပြီး လက်ပြ နှုတ်ဆက်၍ ထွက်သွား ၏။ လွှမ်း က ဂီတ ကို ကြည့်ကာ ...

"နင် ဘာလုပ်မယ် စိတ်ကူးလဲ ဂီတ .."

"ဘာလုပ်ရမှာလဲကွယ် .. မြို့ထဲ တစ်နေရာရာ ရှာပြီး ပြောင်းလိုက် ပေါ့ .. ဒီမှာလည်း ညညဆို သူ့ဆိုင်ထဲမှာ သူ အိပ်တာပဲ .. နေ့ကျတော့ မနားမနေ အလုပ်လုပ်နေတယ် .. မိသားစုနဲ့ နေချိန်လည်း မရှိပါဘူး.. တစ်နေရာ ခွဲနေတာနဲ့ ဘာမှမှ မထူးတာ .."

"ဟုတ်တယ် .. မမ မြို့ထဲ ရွှေ့လိုက်တော့ .. ဒါဆိုရင် ချိုတို့ အဲဒီဘက်ခြမ်းကို အိမ်ငှားတင်လိုက်လို့ ရတာပေါ့ နော် မေမေ .. ဆိုင် ခန်းဆိုပေမယ့် အကြီးကြီးပဲဟာ .. အထဲမှာ ရေချိုးခန်း အိမ်သာနဲ့ အိပ်ခန်း နားခန်းတွေနဲ့ .. ရှေ့က အလုပြင်ခန်းကြီးကို ထပ်ကန့်ပြီး

www.burmeseclassic.com



အခန်းဖွဲ့ပေးလိုက်ရင် ရပြီ ..”

ဝင်ဒီ တို့ မျက်လုံးချင်း ဆုံသွားကြသည်။ လက်ရှိအခက်အခဲကို မရှင်းနိုင်သေးခင် နောက်ထပ် စိတ်မချမ်းမြေ့စရာ ကြားလိုက်ရခြင်း အတွက် နာကျင်သွားသည့်အကြည့်တို့ ညှိုးလျော်နေကာ ...

“သပ်သပ်စီ နေနေတာ မုန်ပေမယ့် ဒါက မိသားစုထဲမှာပါ အမေ.. ပြီးတော့ သားလေးနဲ့ အလုပ်နဲ့ အိုးမကွာ အိမ်မကွာ နေရတယ်.. ကလေး က ဆိုင်ထဲမှာချည်း ဘယ်နေနိုင်မလဲ ..”

“ဖြစ်ရလေအေ .. ငါ့မြေးကိုများ ညည်းက ခေါ်ထားဦးမလို့လား.. ဒီမှာ ဘွားအေတွေ ဦးမင်းသားချင်းတွေနဲ့ပါ ..”

“ဘာလဲ .. မမက ချို တို့ကို ကလေး အကြောင်းပြပြီး ပိုက်ဆံပို့ နေရမှာ စိုးလို့လား ..”

သူတို့ပဲ မေး .. သူတို့မေးခွန်းထဲမှာပဲ အဖြေပါပြီး ဖြစ်နေဘာကို သူမတို့ မသိကြ ..၊

“မဟုတ်ဘူး ချို .. အဲဒါတွေ ဘာမှမပါဘဲ ဆိုင်ကို ဘယ်လိုရွှေ့ရ မလဲပဲ စဉ်းစားနေတာ .. တို့ ဒီမှာ တစုတဝေးတည်း နေချင်လို့ ကြိုးစား ခဲ့တာ မှန်တယ် .. မဖြစ်နိုင်ဘူးဆိုတော့လည်း ပြောင်းရမှာပေါ့ .. ဒါပေ မယ့် တို့မှာ အခက်အခဲ ဖြစ်နေတယ် ..”

“အဲ့ဒီအတွက် ဝိုင်းစဉ်းစားကြတာပေါ့ ဂီတ ရယ် .. ငါတို့ ရှိတာ ပဲဟာ ..”

“နင့်မှာ အသုံးစရိတ်တောင် မရှိလောက်အောင် ဖြစ်နေတာ ငါ တို့က အတွင်းသိ အစင်းသိတွေပါ ..”

ဂီတ ရဲ့ အခြေအနေကို သိသွားအောင် တမင် ပြောပြပေးလိုက်တာ ဖြစ်သည်။ ဝင်ဒီ တို့ စကားကြောင့် ချို က မျက်မှောင်ကုတ်သွားပြီး မအေကို လှည့်ကြည့်သည်။ ပြီးတော့ ပြန်လှည့်လာပြီး ပခုံးတွန့်၍...

“ညည်းတွားမနေကြပါနဲ့ .. ရှိတယ်ဆိုရင်လည်း ဘယ်သူမှ ကိုယ်





ဆေးဘဲ လုယူလို့ မရပါဘူး .. မမ ဒီကထွက်သွားရင်လည်း ချို တို့ကို အားလိုက်လို့ ရတယ် .. ကိုယ့်ဘာသာ ပြည့်စုံအောင် ဖန်တီးဖို့ ချို တို့ တတ်နိုင်ပါတယ် ..”

ဒီမှာ တိုက်လုံးလေး ဆောက်ထားခဲ့မှတော့ အိမ်ငှားတင်ပြီး အေး ဆေးနေရုံပေါ့ .. ဖွင့်တောင် ပြောပြီးကာမှ ဂရုမစိုက်တာတွေကို ထပ် ပြောနေသေးသည်။

မြင်ရ ကြားရတာကျော်ကို စိတ်အချဉ်ပေါက်လာကာ ‘လာမိတာ မှားပြီ’ လို့ စိတ်ထဲမှာ ရေရွတ်မိ၏။ ပြီးတော့ မျက်လုံးချင်း တိုင်ပင်လိုက် ကြပြီး ဝင်ဒီ နဲ့ ခင်လွမ်း တို့ နှုတ်ဆက် ထပြန်ခဲ့တော့သည်။

ခြံတံခါးဝ ရောက်မှ သုံးယောက် မျက်နှာချင်းဆိုင် ဖြစ်ကြကာ...

“ချစ်ကြင်နာဖွယ် မိသားစုတွေပဲ နော် ဂီတ ..”

“ဝင်ဒီ ရယ် .. ခုချိန်ကျမှတော့ ကိုယ့်အချင်းချင်း အပြစ်ထောက် နေပါနဲ့တော့ ..”

“ငါက သူ့ကို အပြစ်တင်ချင်လို့ ပြောတာ မဟုတ်ဘူး၊ လွမ်း .. သူ့ကို မြင်စေချင်တာ .. ကြည့်လျက်နှင့် မမြင် ဖြစ်နေတဲ့ ဒီမိန်းမကို အမြင်မှန် ရစေချင်လို့ ..”

ဂီတ က မချိပြုံးလေးနှင့် မျက်လွှာချကာ ...

“ကြိုက်သလိုသာ ဆုံးမသွားကြပါတော့ ..”

“အံမယ် .. ကြိုက်သလို ဆုံးမတာတော့ အမြဲတမ်း ခံနေတာပဲ လေ .. ရှင် ဘယ်တုန်းက ပြောစကား နားထောင်ဖူးလို့လဲ ..”

“ကဲ.. ကဲ.. မနက်ဖြန် နင် ဆိုင်ကို လာခဲ့ဦးလေ .. ငါတို့ တိုင်ပင် ရအောင် ..”

“အင်းပါ .. နင်တို့ ဘာလို့ ကားမပါလာတာလဲ ..”

“ကားက ဝပ်ရှော့မှာဟ .. ရှော့ဘားတွေ ကွဲနေတယ်ဆိုလား.. ဒရိုက်ဆီကလည်း စိမ့်နေတယ်တဲ့.. အောက်ပိုင်းခံပေးပါလို့ ခိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ.. ပြင်ဆင်လဲလှယ်ဖို့ စရိတ်တွေ ထွက်လာတော့ ရှစ်သိန်းနီးပါးပဲ.."

"ဟုတ်လား .. နင်တို့ကလည်း ကား ဒီလောက်ဖြစ်တဲ့အထိ စီးနေတာကိုး ..၊ ခြောက်လ တစ်ခါလောက် စစ်ရမယ် ဆိုတာကို .."

"ဟုတ်ပါတယ် .. ရှင်ပဲ ပြောပါတော့ .."

ခြံဝကနေ လမ်းခွဲကြခါနီးမှ စကားကလည်း မပြတ်နိုင် ..၊ ထိုစဉ် ဂီတ ရဲ့အကြည့်တွေ လမ်းထိပ်ဘက်ကို မျက်လုံးရောက်သွားခဲ့၏။

ဟိုလူ ..၊

ဟုတ်သည် ..၊ ဟိုဘက်ခြံကလူနဲ့ ဒီကိုလာတဲ့ လူကြီးတွေထဲက နှစ်ယောက် ..၊

ဂီတ ရင်ထဲမှာ မီးစနဲ့ ဆောင့်ထိုးခံလိုက်ရသလို စူးနင့် ပူလောင်သွား၏။ ဒါဆို ချို ပြောတဲ့အတိုင်း မှန်နေပြီပေါ့ ..၊ ယောက်ျားရင့်မာကြီး ဖြစ်ပြီး သူများစီးပွားပျက်စေချင်လို့ တမင် ကြံစည်ဖျက်ဆီးတာလား.. တိုက်ချင်း နီးကပ်သလိုရှိပေမယ့် ဒီက အသံဗလံတွေ ဟိုဘက်ထိ ပေါက်ရောက် ဆူညံနေတယ်ဆိုတာ မဖြစ်နိုင် ..၊

မီးရေးထင်းရေး အန္တရာယ်ရှိသည်ဆိုပြီး လျှပ်စစ်မီးကို ထောက်ပြသွားတာကတော့ အကြောင်းပြချက်သာ ဖြစ်လိမ့်မည်။

ဘယ်လိုမှ ထည့်မတွေးမိခဲ့တဲ့ ရိုက်ချက်ပါလား ..၊

ဟိုတစ်ခါ ခြံစပ်မှာ စကားများကြတဲ့အဖြစ်ကြောင့် ရန်ငြိုးဖွဲ့တာ လည်း မဖြစ်နိုင်ပါ ..၊ ကိုယ်တောင်မှ နောက်ထပ် ဒီအကြောင်း ထည့်မတွေးဖြစ်ခဲ့တာ သူ့ဘက်က အငြိုးတောနဲ့ ကျန်ခဲ့တာ မဖြစ်နိုင် ..၊

ဖြစ်နိုင်ချေတွေ တွေးနေရင်း ဂီတ မမှိတ်မသုန် ကြည့်နေမိ၏။ သူတို့ကလည်း စကားတပြောပြော လျှောက်လာကြပြီး သူ့အိမ်မှာ သုံးယောက်စလုံး ရပ်၏။

ပြီးတော့ သုံးယောက်စလုံးပဲ ဂီတ တို့ကို သတိထားမိသွားကြပြီး လှမ်းကြည့်ကြ၏။



အလှမ်းကွာပေမယ့် ကြားထဲမှာ အတားအဆီး ဘာမှမရှိသဖြင့် ဒီကို ရှင်းလင်းစွာ မြင်နေရလေသည်။

လွှမ်း တို့ကလည်း ဒါကို သတိထားမိကာ ...

"နင့်ကို ကြည့်နေတာ ထင်တယ် ဂီတ .. သိလို့လား .."

"လမ်းလူကြီးတွေပါ.. အရပ်အမြင့်ဆုံး လောင်းကုတ်ကြီးနဲ့ သူပုန်ခေါက်နေတာက ခုန ချို ပြောတဲ့ ငါ့ဆိုင်ကို ချွန်တွန်းလုပ်တဲ့လူ ..."

"ဟင်!... ဟုတ်လား .."

"အေးနော် .. တကယ့်လူမိုက် လူကြမ်းပုံကြီး .. ဒါပေမယ့် ရှည်မျိုးထောင်နေတဲ့ အမွေးအမှင်တွေ ဖယ်ကြည့်ရင်တော့ .."

"ဝင်ဒီ .."

"ဟေ .."

"ဝါသနာပါရင် ခု ပြေးပြီး ဖယ်ကြည့်လိုက်တော့ .. ငါ မပြောချင်ဘူး .. တကယ်ပဲ .."

"ဘုရားပေးပေး ကျမ်းပေးပေး မရိုးသားတဲ့စိတ်နဲ့ မဟုတ်ရပါဘူးဆိုရင်ယ် .. ဒီပုံစံနဲ့ ချွန်တွန်းလုပ်တာ အံ့သြလွန်းလို့ပါ .. ရုပ်ကြမ်းတာပဲ ထားပါဦး .. သူ့လို ယောက်ျားကြီးတစ်ယောက်က မိန်းမသားရဲ့ စီးပွားရှာစားနေရတာကိုဟယ် .."

ဝင်ဒီ နဲ့ လွှမ်း တို့ရဲ့ စကားတွေကို ဂီတ စိတ်မဝင်စားတော့ပေ..၊ သိချင်နေသည်က ဒီလို ဘာကြောင့် လုပ်ရတာလဲ ဆိုတာပင် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ပိုက်ဆံ အပိုကုန်မခံနိုင်တော့သဖြင့် သားအတွက် သရေစာလေး လိုအပ်တာလေး နည်းနည်းပါးပါးဝယ်ပြီး ဘတ်စ်ကားစီးပြီးတော့ပဲ ပြ လာခဲ့မိသည်။

လမ်းမပေါ်ကနေ ကိုယ့်လမ်းဘက်ကို တစ်ယောက်တည်း ဆေ ဆေးလျှောက်လာခဲ့စဉ် သူမရှေ့က လမ်းပေါ်မှာ ကားနှစ်စီးသည် ဆ ကျင်ဘက် လားရာများဆီ ဦးတည်လျက် ကပ်ကပ်လေး ရပ်ထား

ပြီးတော့ ယောကျာ်းတစ်ယောက်သည် ဒီဘက်ကားတံခါးကို ဖွ ၍ အထဲကလူကို အကြမ်းပတမ်း ဆွဲချလိုက်တာ ပါလာတော့ အမျ သမီးတစ်ယောက် …၊

ကြည့်စမ်း ဒီလူပဲ …၊

ဒီပုံစံကို ဘယ်လောက်ဝေးဝေးက မြင်ပါစေ မမှတ်မိစရာ မရှိ

ထို့ပြင် ကားထဲကနေ အဆွဲလိုက်လေး ပုံကျပါလာသည့် အမျ သမီးကိုပါ ဂီတ သိနေသည်။ မကြာသေးခင်ကမှ ဆိုင်ကိုလာပြီး ဒီလူ အကြောင်း ဖောက်သည်ချသွားခဲ့သည့် သူမ …၊

နှစ်ယောက် အတူရပ်မိကြသည်နှင့် သူမက အတင်းအကျပ် ပြ ရုန်းနေကာ …



"သိုက် … ရှင် … ရှင် နု ကို လွှတ် နော် …"

"မရဘူး နု… အောက်တန်းကျတဲ့ မင်းရဲ့စရိုက်တွေကို ငါ လျစ်လျူ လို့ ရတယ်… မင်းရဲ့ပါးစပ်ကိုတော့ ဒီတိုင်းထားလို့ မရဘူး …"

"အဲဒီတော့ ရှင်က ဘာလုပ်ခွင့်ရှိတယ် ထင်လို့လဲ သိုက် … ရှင်နဲ့ ာ ရှင် ရတာ … ရှင့်ကို အဲဒီလိုလူဖြစ်သွားစေရမယ်လို့ ရှင် ထွက် ည်းက နု သတိပေးလိုက်တယ်လေ…"

"တိတ်စမ်း …"

"ဟင့်အင်း … ရှင် နော် … နု အော်လိုက်မှာ သိလား …"

"ဂျိမ်း …"

သိုက် က သူမကို တွန်းထည့်ပြီး တံခါးဆောင့်ပိတ်ပစ်လိုက်သည်။ ာ့ သူမ ကားထဲက သော့ကို ပြန်ဖြုတ်ယူပြီး တံခါးသော့ခ်တွေ သိုက်ပြီး ကိုယ့်ကားဆီ ပြန်အလှည့် …၊

"ရှင် … ဒီလောက်တောင် အတင့်ရဲနေပါလား ဟင် …"

သူ့ရှေ့မှာ မားမားမတ်မတ်ရပ်နေသည့် ဂီတ ကို မျက်မှောင်ကုတ် မိ၏။ ဂီတ က ဟိုကားထဲရောက်နေသော အမျိုးသမီးဆီ ပြန် ာ …

"ရှင့်ကိုယ်ရှင် ဘာတွေလုပ်နေတယ်ဆိုတာ နားလည်ရဲ့လား …"

သိုက် က တစ်ခွန်းမှပြန်မပြောဘဲ သူမကို ကွေ့ရှောင်ထွက်သွား၏။

"ဒီမှာ … ရှင် သူ့ကို လွှတ်ပေးလိုက် နော် … မပေးရင် …"

"ဘုန်း … ဘုန်း …"

ဘယ်လိုမှ ပြီးဆုံးအောင် ပြောချိန်မရလိုက်ဘဲ ကားထွက်သွား စိတ်တိုတိုနှင့် ကားနောက်ဖုံးကို တအား ရိုက်ပုတ်ပစ်လိုက်မိ၏။ ခမိမိရာ လက်က ရောက်သွားတာမို့ ကိုယ့်လက် ဘယ်လောက်နာ န်းတောင် ရုတ်တရက် သတိမထားမိခဲ့ဘဲ …

"ဟလို … ဟုတ်ကဲ့ရှင့် … ရာဇဝတ်မှုတစ်ခု သတင်းပေးချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံးမှာရှိသည့် ရဲစခန်းကို ဖုန်းဆက်၍ ကျန်ခဲ့သည့် [illegible] နံပါတ်ကို သက်သေပြ၍ သေချာ သတင်းပေးလိုက်မိသည်။

ဒီလိုလုပ်လို့ ရမလား .. အမှားအမှန်ကိုသာ ငွေနဲ့ အကွက်ရှေ[illegible] ရချင်ရမည် ..၊ ဥပဒေကိုတော့ ဖျောက်ဖျက်ပစ်လို့ မရနိုင် ..၊

ဒီလိုလူကို လက်ဝါးကြီးအုပ် စိုးမိုးခွင့်ပေးထားလျှင် အမျိုးသော[illegible] သမီးလေးတွေပါ ပျက်စီးဆုံးရှုံးကုန်မှာ ဖြစ်သည်။ ဂီတ ကိုယ့်ခေါ[illegible] ကိုယ် နိုင်မာနေသလောက် .. ဆိုဖာပေါ်မှာ အင့်ခနဲ ထိုင်ချလိုက်ပြီး[illegible] က အားပါးတရ ရယ်နေလေသည်။

“တောက်!...”

သိုက် က တက်ခေါက်ပြီး သူမကို စိုက်ကြည့်၏။ ပြီးတော့ [illegible] ခနဲ မဲ့၍ ...

“ကျေနပ်နေတယ် ဟုတ်လား ..”

“ကျေနပ်တာပေါ့ .. ရှင့်ကို ပတ်ဝန်းကျင်က ဘယ်လိုလူစား[illegible] ထင်ကုန်ပြီလဲဆိုတာ ခုန အော်ဟစ်ကျန်ခဲ့တဲ့ အမျိုးသမီးက သက်သေ[illegible] လေ .. ရှင် ဒီနေရာမှာလည်း သိပ်မကြာတော့ဘူး သိုက် .. ရှင်က [illegible] သိုက် ပေမယ့် ငှက်သိုက်လို မကြာခင် အသိုက်ပျက်ရဦးမှာပဲ .. မိန်း[illegible] တစ်ယောက်အပေါ်မှာ အညှာအတာကင်းမဲ့ပြီး နှုတ်ကြမ်းရမ်းကား[illegible] လူ ..”

“ငါ နှုတ်ကြမ်းတာ မင်းကိုယ်ပေါ်မှာ လက်တွေ့ထောက်ပြနိုင်[illegible] အစွန်းအထင်းတွေကို ဖတ်ပြတာလေ .. မင်းက မဟုတ်က ဟုတ်က[illegible] လိမ်လည် လုပ်ဇာတ်ခင်းပြီး အရှက်မရှိ အောက်တန်းကျတာ ..”

“ရှင့်ကို နု စိန်ခေါ်ခဲ့တာပဲလေ .. တိုက်ပွဲမှာ ဘယ်လိုပရိယာ[illegible] သုံးသုံး .. အနိုင်ရဖို့ လိုရင်းပဲ ..”

“နု နု ဇင် ..”

“ဘုန်း ..”



သူမ ထိုင်နေသည့် ဆိုဖာကျောမှီကို လက်နှစ်ဖက်နဲ့ ခပ်ကြမ်း[illegible] ရိုက်ထောက်လိုက်သဖြင့် နု တုန်ခနဲဖြစ်ကာ ကျောလေး တောင့်[illegible]၏။ ပြီးတော့ သူမမျက်နှာထက်မှာ စီးမိုးငုံ့နေသည့် သိုက် ရဲ့မျက်နှာ[illegible] ထိတ်လန့်သည့် မျက်ဝန်းတို့နှင့် ပြန်ကြည့်၏။

“မင်း အနိုင်ရပြီ ထင်လို့ ပျော်နေတာလား ..”

မျက်နှာချင်း နီးကပ်လျက် သိုက် ရဲ့လက်နှစ်ဖက်က သူမရဲ့ပခုံး[illegible] လေးတစ်ဖက်စီမှာ ထောက်ထားတာမို့ သူမ စကားတစ်ခွန်းမှ ပြန်[illegible] ရဲ ..၊

“မင်း အဲဒီခြံထဲက ဆံပင်ဆိုင်ထဲကို ရောက်သွားတယ် .. ခုနမိန်းမ[illegible] သည်း မင်းကို သိနေတယ် .. ဟုတ်တယ် နော် .. အေး .. ဒါပေမယ့်[illegible] ငါ့ရဲ့အတင်းအဖျင်း သွားပြောရုံပဲ သိခဲ့တာမို့လား ..”

သူ ပြောလာမှာကို နု ကလည်း စိတ်ဝင်တစား ဖြစ်သွားခဲ့၏။

“မင်း မသိသေးတာကို ငါ ထပ်ပြောပြမယ် နားထောင် .. အဲဒီ[illegible] က မြင့်မား ရဲ့ဇနီး ..”

“ဘယ်လို!...”

“ဟွန့် ..”

လက်တွေကို ဖြုတ်၍ သိုက် က မတ်မတ် ပြန်ရပ်သည်။

“မား ရဲ့ဇနီး .. အို!... မဟုတ်နိုင်တာ ..”

ချောက်ချောက်ချားချား ဖြစ်သွားသည့် မျက်နှာကို သိုက် က [illegible]က်စက် စိုက်ကြည့်နေ၏။

နုနုဇင် ..၊

ဒီမိန်းမကို သူ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့သည်။ လက်ထပ်ပွဲလည်း [illegible]ပြောက်ခဲ့သေးသည်။ ဒါပေမယ့် ရှုံ့စရာကောင်းတဲ့ ဇာတ်ရှုပ်တွေကို [illegible]ခိုင်အမာ သိလိုက်ရသဖြင့် အတိအလင်း ကွာရှင်းခဲ့သည်။

မင်္ဂလာဦးညမှာ ကွာရှင်းခွင့်တောင်းသည့် သူ့ကို နု က [illegible]အစက



www.burmeseclassic.com

www.burmeseclassic.com



သနားခံသည် ..၊ တောင်းပန်ခဲ့သည်။ နောက်တော့ ပက်ပက်စက်စက်
တွေပြောပြီး အကျပ်ကိုင်ဖို့ ကြိုးစား၏။

ဒါကြောင့် သူမရဲ့ အရှုပ်တော်ပုံကို တစ်ခုမကျန် ထောက်ပြပြီး
စိတ်ထဲမှာ ရှိရှာမိတဲ့အတိုင်း ပြောချလိုက်တော့ ဒီကောင်က ရက်စက်
ယုတ်မာသည် တဲ့ ..၊

"သိုက် .."

သူမလေသံတွေ ချက်ချင်းပြောင်းသွားကာ မတ်တတ်လေး ထ
၏။

"ရှင် တမင်တကာ ဒီကို ပြောင်းလာပြီး မား ကို ခြေရာခံ
တာလား .."

"ဘာ!..."

"ရှင် ဒါတွေ သိနေတာလေ .."

"မင်းကရော သူ့မိန်းမဆီ ရောက်သွားတာ မင်းကောင်ကို ပြ
တောင်းယူမလို့လား .."

"အို .. နု က သိတောင် မသိခဲ့တဲ့ဟာ .."

"မင်း တော်တော် စိတ်ကူးယဉ်ပါလား နုနုစင် .. ငါ ရှိလို့ လာ
ဖျားနဲ့တောင် မထိဘဲ ကွာရှင်းထားခဲ့တဲ့ မင်းအတွက်နဲ့ ငါ ဒီထိ
နေရမယ် .. ဟုတ်လား .."

နု မျက်နှာလေး နီမြန်းသွားသည်။

"မင်းကြောင့် ငါ စိတ်လေနေတယ်လို့ ထင်နေပုံပဲ .."

"ဒါဆို ပြောစမ်းပါ .. ရှင် ဒီနေရာမှာ ကပ်ကပ်လေး လာနေ
တာက ဘာလဲ .."

"မင်း ငါ့ကို မေးခွန်းထုတ်ဖို့ မလိုဘူး .. မြင့်မား ကို မင်းဖြစ်ဖြစ်
ငါဖြစ်ဖြစ် ခြေရာခံချင်တယ်ဆိုရင်လည်း သူက သေသွားပြီ .."

ဟင်!...





ဒါတွေလည်း သူမ မသိခဲ့ပေ ..၊ မား ကို သူမ သည်းသည်းလှုပ်
ချစ်ခဲ့သည်။ ကိုယ်ထက် လေးနှစ်လောက် ငယ်ပေမယ့် ကိုယ့်ကို မချစ်
မှန်းလည်း သိနေသည့်တိုင် လုပ်ငန်းမှာ အရှုံးပေါ်အောင် တမင်လုပ်ကြ
ပြီး ကိုယ့်ဆီက အကူအညီတွေနဲ့ လွှမ်းမိုးဖို့ ကြိုးစားခဲ့သည်။

လုပ်ငန်းတင်မကဘဲ မား ရဲ့ဘေးမှာ နီးစပ် ပတ်သက်လာသမျှ
ဘယ်လိုမိန်းကလေး ဟိုမှ ချန်မထားဘဲ အမျိုးမျိုး နှောင့်ယှက် ဖျက်ဆီး
ခဲ့မိ၏။

မိသားစုတာဝန်တွေ ပခုံးထမ်းထားရသည်ဆိုသော မြင့်မား ဆို
သည့် လူချောလေးဟာ နောက်ကွယ်က အကွက်ရွှေ့သမျှ ဘာကိုမှ
မသိဘဲ သူမရဲ့အကူအညီတွေ ကြွေးတုံ့ကြွေးတင်တွေနဲ့ပဲ လည်ပတ်နေ
တာ ဖြစ်၏။

နောက်ဆုံး မား ကို သူမ ပိုင်ဆိုင်ခွင့်ရတော့မှာပါ ..၊ လုံးဝ နီးစပ်
ပတ်သက်နေကာမှ မား က သစ်စိမ်းချိုး ချိုးသွားခဲ့၏။

အလုပ်ထဲမှာပဲနေပြီး ငွေလွှဲခြင်းဖြင့်သာ အဆက်အသွယ် လုပ်ပါ
သည်ဆိုသော မား ကို မျက်စိအောက်က ပျောက်သွားတာနှင့် သူမ ဘယ်
လိုမှ ရှာမရတော့ပေ ..။

ထိုအခါကျမှ မား ကိုယ်တိုင် သူမအပေါ်မှာ ရှောင်ဖယ်ချင်ခဲ့တာ
မှန်း သူမ သိခဲ့ရ၏။ ထို့ပြင် သူမ ဘယ်လိုမှ မသိခဲ့ဘဲ မိန်းမရသွားသည့်
အဖြစ်ကလည်း ..၊

"တောက်!..."

မား မရှိတော့သည့်နောက်မှာ ကြမ်းတမ်းလာခဲ့သည့်စိတ်က အံ့သြ
ခြင်းပြီးသည်နှင့် ဒေါသအချောင်းချောင်းနှင့် ခုန်ထလာခဲ့သည်။

"သေသွားလို့ပေါ့ .. ခုထိသာ ရှိနေသေးရင် .. သင်း .."

"လက်သီးဆုပ် ကြိမ်းဝါးမနေနဲ့ .. မင်း ရသင့်တာ အဲဒါပဲ .."

ပြောပြီး ကွန်ပျူတာဘက်ကို လှည့်လျှောက်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နောက်က သတင်းဖြန့်ချိရေးအတွက် မင်း အသုံးချခဲ့တာ
တွေလေ .."

နု မျက်လုံးတွေ ပြူးကျယ်သွားသည်။

"ရန်ဖြစ်တိုင်း အမေ့ကို သွားတိုင်ပြောမယ်ဆိုတာမျိုး ဝါသနာမ
ဘူးကွ.. ဒါပေမယ့် ခွေးကိုက်မခံရဖို့က ကျည်ကာဝတ်ထားရမှာ မဟုတ်
တော့ ခွေးကိုက်နိုင်တဲ့နေရာကိုပဲ ကာကွယ်ရတာပေါ့ .."

နု အလန့်တကြား ငေးကြည့်နေစဉ် ကွန်ပျူတာ ဖျတ်ခနဲ ထ
သွား၏။ ထိုစဉ် ...

"တင်းတောင် .."

အိမ်ရှေ့က လူခေါ်ဘဲလ်သံကြောင့် နှစ်ယောက်စလုံး နားစွင့်
သား ဖြစ်သွား၏။ ထို့ပြင် ခြံဝကို ချိန်ထားသော ကင်မရာကနေ တီဗွီ
ပေါ်နေသည့် ပုံရိပ်တွေကို ကြည့်လိုက်မိလျှင် ...

"ဟား .. ဟား .. ဟား ..."

သိုက် မျက်နှာပျက်သွားကာ နု က ဟက်ဟက်ပက်ပက် ထ
၏။ ရယ်နေရင်း အူလိုက်သည်းလှိုက် ဖြစ်နေခဲ့လျက် ...

"ဟား .. ဟား .. ဟား ... ခနသိုက် .. ရှင့်ကို သနားတယ်
တောင် မပြောချင်တော့ပါဘူး .. ဒါပေမယ့် ဟား .. ဟား .. ဟား
အရမ်းပျော်တာပဲ .. အဲဒါ မှတ်ထားလိုက် .. မိန်းမဖျက်ရင် ပြည်ပျ
တယ် ဆိုတာ .."

တံခါးဝမှာ ရပ်စောင့်နေသည့် ရဲတွေကို တီဗွီကနေ စိုက်ကြ
ရင်း တင်းနေသည့် သိုက် ရဲ့မျက်နှာက နု အတွက် လူရွှင်တော်မျက်
တစ်ခုလို ...।



## အခန်း (၁၈)

"ဒီလောက်ထိ အကျော်အေးယူ ဖြစ်ပြီးပြီပဲ .. ဒီလိုလူမျိုးကို လမ်းထဲမှာ လုံးဝ မထားသင့်ပါဘူး .."

စခန်းမှူးနဲ့ ရဲအုပ်တို့ မျက်နှာတွေမှာ အံ့သြခြင်းတွေနှင့် ...

"ကျွန်တော်တို့ ဒီက မဂီတ ကို တစ်ခုလောက် ပြောချင်ပါတယ်.."

ဂီတ က ဟိုဘက်အစွန်းမှာ ထိုင်နေသည့် သိုက် ရဲ့မျက်နှာကိုပဲ အငြိုးတကြီး ကြည့်ကာ ...

"ကျွန်မက သူ့ကို အချုပ်ထဲမှာ တွေ့ရပြီ ထင်နေတာ .. စခန်းမှူးကြီးတို့က ခုမှ ဆင့်ခေါ်တယ်ဆိုတော့ အားလုံးအတွက် အရမ်းအန္တရာယ်ကြီးပါတယ် ရှင် .."

"သူက မဂီတ ထင်ခဲ့သလို မကောင်းတဲ့အလုပ်နဲ့ စီးပွားရှာနေတဲ့ လူ မဟုတ်ပါဘူး .."

ဟင်!...

ဒါ ဘယ်လိုမှ မလွဲနိုင်တဲ့ကိစ္စ ...।

"ဒီမှာပါ .."

စခန်းမှူးက ဖိုင်တစ်ခုကိုဖွင့်၍ အထဲက ဓာတ်ပုံနဲ့တွေ့ လိုအပ်သည့် စာရွက်စာတမ်းတွေကို ဂီတ မြင်အောင် ရှေ့တိုးပြကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သက်သေပြခဲ့တဲ့ ဖြစ်ရပ်တွေမှာ အဲဒီ မိန်းကလေးတွေက သူ့ရဲ့ ဇနီးဟောင်းနဲ့ ညီမဝမ်းကွဲတွေပါ .. သူတို့ရဲ့ မိဘတွေနဲ့ ကိုယ်တိုင် ဒီမှာလာပြီး ဝန်ခံသွားကြပါတယ် .. အဲ မနုနုဇင် ပြောပြသွားတဲ့အကြောင်းရာတွေပေါ်မှာ ကိုမနေသိုက် က နှုတ်ပိတ်ချင်လို့ အိမ်ထဲခေါ်သွားတာ မဟုတ်ပါဘူး.. အဲဒါတွေကလည်း သူတို့ လင်မယားချင်းရဲ့ ကိုယ်ရေးကိုယ်တာ အကြောင်းတွေနဲ့ပဲ ဆိုင်ပါတယ်.."

"ဒါပေမယ့် .."

"ဟုတ်ပါတယ် .. မနုနုဇင် က တမင်တကာ ကိုမနေသိုက် ရဲ့ ဂုဏ်သိက္ခာကျဆင်းအောင် လူအင်အားသုံးပြီး သတင်းဖြန့်တဲ့အထိ ကြံစည်ခဲ့တာပါ .. ဒါကိုလည်း အခု ကိုမနေသိုက် က အသရေဖျက်မှုနဲ့ တရားဆွဲဆိုထားပါတယ် .."

ဂီတ နောက်ထပ် လျှောက်လဲဖို့အတွက် အင်အားမဲ့သွားခဲ့၏။ ဒါပေမယ့် ငါ မှားပြီဆိုတဲ့ နောင်တမျိုး နည်းနည်းလေးမှ မဖြစ်ခဲ့ဘဲ ဒါ သဘာဝမကျဘူးလို့သာ ခံစားနေမိခဲ့သည်။

မကျေနပ်သည့်စိတ်နှင့် ခပ်ဇွေဇွေကြည့်မိတော့ စူးစူးရဲရဲ စိုက်ကြည့်နေခဲ့သည့် မျက်လုံးတို့နှင့် စစ်ခင်းရခြင်းသို့ ရောက်၏။

ဒါလည်း သင်းရဲ့ ဖိအားတစ်ခုခုက သက်ရောက်စေခဲ့တာပဲလား–

စူးရဲသောအကြည့်တို့သည် သံလိုက်ပမာ ကပ်ငြိနေခဲ့ကြလျက် တစ်ယောက်သည် မေးခွန်းများစွာနှင့် အသံတိတ် ပစ်ခတ်နေသလို တစ်ယောက်က အေးစက်ခြင်းနှင့် တုံ့ပြန်၏။

လူလည် လူရမ်းကား ..၊

သင်းရဲ့လုပ်ရပ်တွေကို ဒီက မျက်လုံးနဲ့ တပ်အပ်မြင်နေရတာတောင် ခုတော့ ဘာမှမဟုတ်ဘူး ဖြစ်သွားခဲ့သည်။ ကိုယ့်ကျတော့ ဘာမှ မလုပ်ရပါဘဲ သူ စေ့စွန်ရာအတိုင်း ..၊

"ကိုမနေသိုက် က 'မေတ္တာရိပ်မြုံ'မှာ အိမ်ငှားနေပေမယ့် တကယ်





တော့ .."

"ထားလိုက်ပါဗျာ .. အားလုံး ပြီးသွားပြီဆိုတော့ နောက်ထပ်မလိုတော့ပါဘူး .."

စခန်းမှူးရဲ့စကားကို သိုက် က လမ်းလွှဲစေခဲ့လျက် ...

"ကျွန်တော် ပြန်လို့ ရပြီလား ခင်ဗျာ .."

"ဟုတ်ကဲ့ပါ .. ရပါပြီ .. အဲ .. ဒီက မဂီတ ကလည်း ခင်ဗျား ရဲ့ တာဝန်သိမှုကို ကျွန်တော်တို့က လေးစားသောအားဖြင့် ကိုမနေသိုက်ကိုပါ ဒီနေ့ ထပ်ခေါ်ပြီး သေချာ ရှင်းပြရတာပါ ..၊ ကျေနပ်မယ်လို့လည်း ထင်ပါတယ် .. အကယ်၍ ကိုမနေသိုက် က မပြောင်းသေးဘူးဆိုရင်လည်း အိမ်နီးနားချင်းတွေ ဖြစ်ကြဦးမှာ ဆိုတော့ .."

"ကျွန်မက နယ်နှင်ဒဏ်ပေးခံထားရတာဆိုတော့ ပြောင်းပေးရမှာပါရှင် .."

"ဗျာ!..."

ဂီတ က ရဲစခန်းထဲမှာ လူကြီးစုံရာရှေ့ကို ရောက်နေသည့်အဖြစ်ကိုပါ ထိတ်လန့်စိုးရွံ့နေပုံ မရှိဘဲ နေရာမှ ဖြည်းညှင်းစွာ ထရပ်လိုက်ပြီး ...

"ခွင့်ပြုပါဦးရှင် .."

လူကြီးတွေကို ခွင့်တောင်းပြီး သိုက် ရဲ့နောက်က ခပ်ခွာခွာ လျှောက်ခဲ့ရင်း ...

"အမှားအမှန်ကိုတော့ လမ်းမပေါ်ရောက်မှပဲ ထပ်စဉ်းစားရဦးမှာပါ .."

"ဂီတ .."

အပြင်က စောင့်နေသည့် ဝင်ဒီ က ဂီတ ဘာဖြစ်လာသည်ကို အမေလို့ အူးရားဖားရား ပြေးလာပြီး လက်ကို ဆွဲသည်။ ပြီးတော့ သိုက်ဆီ မရဲတရဲ ကြည့်လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်သွားလဲ ဟင် .."

"ငါ မမှားပေမယ့် ရှုံးတယ် .."

သိုက် ရဲ့ခြေလှမ်း တုံ့ခနဲ ဖြစ်သွား၏။ ဒါကို နောက်က ကြည့်ပြီး မှဲ့၍ ...

"သက်သေဆိုတာလည်း ငွေရှိရင် ဖြစ်တာပဲ .."

"ဟဲ့ .."

သိုက် ပြန်လှည့်လာသဖြင့် ဝင်ဒီ ထိတ်လန့်သွားပြီး ဂီတ လက်ကို ဆွဲဆိတ်လိုက်မိ၏။ ဒါပေမယ့် သိုက် က သူမတို့ရှေ့ကို ရောက်လာပြီ ဖြစ်ကာ ...

"ဂီတ ဟုတ်လား .."

မျက်နှာ တည့်တည့်ကြည့် မေးသည်။ ပြီးတော့ အံကြိတ်လိုက်သည့် မေးဖျားက တင်းခနဲ ဖြစ်သွားကာ ...

"ဘာသက်သေမှ မလိုဘဲ ငါ လုပ်နိုင်တာ တစ်ခုရှိသေးတယ် .. အဲဒါ ဘာလဲ သိလား .."

သူက ဂီတ ရဲ့ မျက်လုံးထဲကို စိုက်ကြည့်နေပြီး ...

"မင်းကို ခုထက် အဆပေါင်းများစွာဆိုးတဲ့ ဒုက္ခတွေ ပေးဖို့ .."

ဂီတ မျက်နှာ တင်းတင်းမာမာ ဖြစ်သွားသည်နှင့် သူက လှည့်ထွက်သွား၏။

"ဂီတ .."

ဂီတ တစ်ခုခု လှမ်းပြောတော့မလို ဖြစ်သွားလျှင် ဝင်ဒီ က လက်ကို ဖိဆွဲထားလိုက်ပြီး ...

"နင် တော်တော့လေဟာ .. ခုကိစ္စမှာ နင် မှားတယ်လို့ ကြက်ခြေခတ်လိုက်ပြီးပြီ .. နင့်ဘာသာ ထင်နေတဲ့ အမှန်တရားက ဘယ်မှာ ဘယ်လောက်ခိုင်မာမှာလဲ .. ဘာကြောင့် ခိုင်မာတယ် ထင်နေတာလဲ.."

"ငါ သိနေလို့ ခိုင်မာတာ ဝင်ဒီ .."





"သိနေတာ ဟုတ်ချင်မှ ဟုတ်မှာပါ ဂီတ ရယ် .. နင် အဲ့ဒီပုံစံ မြင်ခဲ့တာတွေ ရှိရင်ရှိမယ် .. ဒီလူဟာ ဒါမျိုးပဲလို့တော့ အခိုင်အမာ စွဲမထားပါနဲ့.. ကိုယ်က ထပ်မှားမယ်ဆိုရင် ဒါက ရန်ငြိုးရန်စတွေ ဖြစ်သွားနိုင်တယ် .."

"သူကလည်း ရန်ငြိုးမရှိဘဲ ငါ့ကို နေရာပျက်အောင် လုပ်ခဲ့တာပဲ .."

"အဲ့ဒါ တမင် ချောက်ချတာ မဟုတ်ဘဲ သူကိုက အနုံကြီးကွင်း ဘျယ်လူစားမျိုး ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ .. ငါ နင့်အတွက် ပြောတာ ဂီတ .. ခုပဲ သူ နင့်ကို ကြိမ်းသွားပြီ .. သူ ဘာကြောင့် နင့်ဆိုင်ကို ဖြုတ်စေချင်သလဲ မသိပေမယ့် နင် ပြန်လုပ်တာကတော့ ရန်ငြိုး တလှဲစား မကောင်းဘူးဆိုတာ ငါ သိတယ် .."

"ဟုတ်တာပဲလေ .."

"အဲ့ဒါကြောင့် တော်တော့ဖို့ ပြောနေတာ .. လွမ်း သာ ဒီမှာ ရှိနေရင် ခုလောက်ဆို နင့်ကို အပြစ်တင်နေပြီ .."

"နင်ကရော ငါ့ကို တော်ပါပေရဲ့လို့ ချီးမွမ်းနေလို့လား .."

"တော်မှ မတော်တာ ဘာကို ချီးမွမ်းရမှာလဲ .. ခုကိစ္စမှာ နင်က ဖြစ်ရပ်တွေတစ်ခုမက မြင်ပါတယ် .. ကြားပါတယ်နဲ့ ထောက်ပြနိုင်လို့.. ပြီးတော့ သူ့ဇနီးဆိုတဲ့ ဟိုတစ်ယောက်က ဝန်ခံခဲ့လို့ .. ဒီလိုသာမဟုတ်ရင် နုနုဇင် ဆိုတဲ့မိန်းမကို စွဲမယ့်အမှုက နင့်အမှု ဖြစ်သွားမှာ .."

"ဖြစ်သွားလည်း ငါ ဂရုမစိုက်ဘူး ဝင်ဒီ .. သူနဲ့ ငါ အမှတ်တမဲ့ တွေ့ဆုံဖြစ်တိုင်း အမှတ်တရတွေ ဖြစ်လောက်အောင် အဆင်မပြေဖြစ်ခဲ့ကြတာ .."

"ဟင်!... ဘယ်လို .."

သားလေး ပိုက်ဆံထည့်လို့ သူ့ဘက်က တုံ့ပြန်ခဲ့တာတွေပါ ပြောပြလိုက်တော့ ဝင်ဒီ တအံ့တသြဖြစ်နေကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. နင်တို့က အစတည်းက ရန်ဖြစ်ခဲ့ကြတာကိုး .."

"ရန်ဖြစ်တာ မဟုတ်ပါဘူး .. ကလေးကို ကလေးလို့ သူက မမြင်တာ .. ငါကလည်း သူ့ကို ရန်စကားပြောခဲ့တာ မဟုတ်ဘူး .. သူ့စိတ်အထာမကျတာကို ပြောပြခဲ့ရုံပဲ .. ဒါပေမယ့် သူ့ရင်ထဲ ဘယ်လို ထည့်ခဲ့သလဲဆိုတာ ငါ့ဆိုင်ထိ အငြိုးတကြီးလိုက်လုပ်တာ မီးခိုးကြွက်လျှောက်.."

ဝင်ဒီ ပါးစပ်အဟောင်းသားနှင့် ရုတ်တရက် ဆွံ့အသလို ဖြစ်နေခဲ့၏။ ကားနားထိ ပြန်ရောက်လာတာတောင် ကားထဲ မဝင်နိုင်ကြဘဲ...

"ဒါဆို .. နင် သူ့ကို ခုလို လက်ထောက်ချလိုက်တာလည်း သူသိမှာပဲ .."

"မရည်ရွယ်ဘဲ ဖြစ်ကုန်တာ ဝင်ဒီ .. ငါ သူ့ကို တားဆီးဖို့ ကြိုးစားသေးတယ် .. အဲဒီအချိန်ထိ မကောင်းမှုကို ကြည့်မနေနိုင်တာ တစ်ခုပဲ .."

"အေးပါ .. ငါ ယုံပါတယ် .. သူလည်း .."

"တော်ပါတော့ဟာ .. ပြန်ရအောင် .."

ဂီတ မျက်နှာလေးက ခြေကုန်လက်ပန်းကျသလိုလည်း ရှိကာ မာနရိပ်တို့ ထင်နေတာလည်း သိသာနေ၏။ သေချာတာက သူမ မျက်ဝန်းလေးတွေမှာ စိုးထိတ်ဟန် အနည်းငယ်မျှ ရှိမနေခြင်းပင် ..။

ဒီအဖြစ်နဲ့ပတ်သက်လို့ ဘယ်သူ့ဘက်မှာ ဘယ်လောက် ထိချက်ပြင်းသွားခဲ့လဲ ဆိုတာကတော့ ..။



## အခန်း (၁၉)

"ဟလို .."

"ကိုသိုက် ရေ .. ဘယ်လိုဖြစ်တာလဲ .."

"... ... ... ..."

"ဒီမနက်ကပဲ သတင်းကြားလိုက်တာ .. မနု နဲ့ ခင်ဗျားကိစ္စက ဘယ်လိုဖြစ်ပြီး ရပ်ကွက်ထဲကလူတွေ ပါကုန်တာလဲ .."

"တိုက်ဆိုင်တာတွေ ဖြစ်သွားလို့ပါ .. ပြီးသွားပါပြီ .."

"အေးဗျာ .. စိတ်မကောင်းလိုက်တာ .. မနုနဲ့ဇင် က ဒါတော့ တော်တော်လွန်ပါတယ် .. တွေးကြည့်ရင် ဘာမှ မဆိုင်တော့ဘဲနဲ့ .."

"ခုလောက်ဆို သူလည်း နောင်တရနေပါပြီ .."

"ကိုသိုက် အသံက သွေးအေးလှချေလား .. အေးလေ ခင်ဗျားက အစတည်းက ကျုပ်တို့လို လူစားမှ မဟုတ်တာ .. အဲဒီလိုနေရာမှာ ခင်ဗျား ဆက်မနေပါနဲ့တော့ဗျာ .. အလုပ် ပြန်လုပ်ရအောင် ပြန်လာခဲ့ပါတော့ .. ကျုပ်တို့မှာ အားကိုးမဲ့နေသလိုပဲ .."

"ခုထိတော့ စိတ်မပါသေးဘူးဗျာ .."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောနေရင်း မခံချင်စိတ်တွေ တလိပ်လိပ် တက်နေသည့် ရင်ထဲမှာ မျက်နှာတစ်ခုတည်းကသာ စိုးမိုးနေခဲ့သည်။ ရဲစခန်းဆိုတာမျိုးကို သူ့တစ်သက်နဲ့တစ်ကိုယ် ကိုယ့်ပြဿနာကြောင့် သိမ်ငယ်စွာ ရောက်ခဲ့ရတာ ဒီတစ်ခါ ပထမဆုံးပဲ ဖြစ်သည်။

ပြီးတော့ သူ သွားခဲ့ရတာ သုံးခေါက်တိတိ ...၊

"တောက်!..."

ဖုန်းကို ကျိုးကြေမတတ် ဆုပ်ကိုင်ထားရင်း တက်ခေါက်ပစ်မိသည်။ နောက်ထပ် ဝင်လာသည့် ဖုန်းသံကြောင့် နားမထောင်ဖြစ်ဘဲ ဒီတိုင်း အကြာကြီးရပ်နေမိ၏။ ဖွင့်လိုက်တော့လည်း ထင်သည့်အတိုင်း—

"ကိုနေသိုက် စခန်းမှာ သွားရှင်းရတဲ့အထိ ဖြစ်သွားတယ်ဆိုလို့- အဲ့ဒါ ဘယ်သူ မွှေသွားတာလဲဗျ .."

"ဆောရီးဗျာ .. အဲဒါတွေ မပြောချင်သေးလို့ပါ .."

ပြေပြစ်အောင် ကြိုးစားဖြေလိုက်ရပေမယ့် ဖုန်းကို နံရံနဲ့ ပစ်ပေါက်ခွဲပစ်လိုက်တာ ခွမ်းခနဲ ...၊

မင်း သိပ်တော်တယ် ဂီတ ...၊

အံကြိတ် ရေရွတ်လိုက်မိသည်။ နနဇင် သူ့ကို တောက်လျှောက် ဒုက္ခပေးလာခဲ့တာ သုံးကြိမ်ရှိပြီ ဖြစ်၏။ ဒီနေရာကို ပြောင်းရွှေ့လာတဲ့ အထိ ဘယ်မှာမှ ကြာရှည် မနေဖြစ်လောက်အောင် အမျိုးမျိုး ဒုက္ခပေးလာခဲ့သည်။

ဒါပေမယ့် သူ့ခေါင်းထဲမှာလည်း မထည့် ...၊ ရင်ဘတ်ထဲမှာလည်း မရှိ ...။

ဒီလိုမိန်းမမျိုး ဘာပြောပြော 'လူပြော လူယုံ .. ခွေးပြော ခွေးယုံ' ဆိုသည့် ဥပေက္ခာနှင့် ဘယ်ပတ်ဝန်းကျင်ကိုမှလည်း ဂရုမစိုက်ခဲ့မိပေ-

အလုပ်ပစ် အကိုင်ပစ်နှင့် စိတ်လေနေခဲ့ရတဲ့အကြောင်းက မိန်းမတစ်ယောက်၏ ယုတ်မာကောက်ကျစ်မှုကို လက်ထပ်ခြင်း ဖြစ်မြောက်



အထိ မသိခဲ့လောက်အောင် တုံးတစ် နွားဖြစ်ခဲ့ရသည့် ကိုယ့်ကိုယ် ယ် ခွင့်မလွှတ်နိုင်ခြင်းသာ ဖြစ်သည်။

တော်ရုံလူ ပစ်ကျသွားလောက်တဲ့ အလှပဂေးမို့ လူကြီးချင်း ကတိ ားခဲ့ကြတာလည်း ရှိသည့်အဖြစ်ကို သူ အသာတကြည် လက်ခံခဲ့ ည်။

သူမကို စိတ်လိုလက်ရ တွဲခဲ့သေး၏။ အချစ်ကို စိတ်မဝင်စားခဲ့ဖူး သူမနဲ့ လက်ထပ်ရမည့်အဖြစ်ကိုတော့ မလိုလားခြင်း အလျဉ်းမဖြစ်ခဲ့ ဘာလဲ ...၊

မိန်းမတစ်ယောက်ရဲ့ အလှအပလေး တစ်ခုပေါ်မှာ သာယာလွယ် တ်တဲ့ တဏှာရူးတစ်ယောက်နဲ့ သူ တူခဲ့သည်လား ...၊

ဒါတွေကြောင့် သူမအကြောင်းတွေကို သူမ အစဖော်လာမှ သိ ်ရတော့ သူ အရှက်ကြီး ရှက်ခဲ့သည်။

တစ်ပါးသော ယောက်ျားက မလိုလား မသတီစွာ ရှောင်ပြေးခဲ့ ည့် သူမကို သူကတော့ လိုလားနှစ်သက်နေခဲ့မိသည်။ သူမ အမြင်မှာ ော့ ခနသိုက် ဆိုသည့် ယောက်ျားက ကျောသပ်နိုင်းစားလို့ ကောင်း ည့် စိန်ပုံ ရွှေပုံကြီးပေါ်က နွားတစ်ကောင် ...၊

နနဇင် ကို သူ ပြောခဲ့သည့်စကားလုံးတွေ ကြမ်းတမ်းခဲ့သည်။ ်သားစွာ ဖြတ်တောက် လမ်းခွဲခဲ့တာ ရက်စက်ရာကျချင်လည်း ကျ ည်။ ဒါပေမယ့် သူ့အတွက်ကတော့ နည်းပါသေးသည်။

ဘယ်သူတွေ ဘာပြောပြော သူ ပြောခဲ့ လုပ်ခဲ့သမျှ သူ လွန်တာ ူးဆိုတာ ယုံကြည်ပြီးသား ...၊

အမြဲတမ်း သူ့ဘက်က ဂရုမစိုက်ခြင်းတွေဟာ ဂရုတစိုက် စောင့် ည့် အပြစ်ရှာလိုသူ ရှေ့မှာ ဒီလောက်ထိ အကျယ်တဝင့် ရှုပ်ထွေးသွား ာ ဘယ်သူ့ဘက်က ခြေလှမ်းမှားတာလဲ ...၊

မင်း မှားသွားပြီဆိုတာ သိကို သိရမယ် ဂီတ ...၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဖုန်းတစ်လုံး ထုတ်ယူလိုက်ကာ တစ်စုံတစ်ယော
ကို ခေါ်၍ ...

"သက်တန့် .."

"ဟုတ်ကဲ့ ဆရာ .."

"ငါ အခု ဖြစ်တဲ့ကိစ္စကို ဘယ်စာစောင် စာမျက်နှာမှာ ပါမော
စေနဲ့ .. မင်း လိုက်ပိတ်ထားလိုက် .."

"စိတ်ချပါ ဆရာ .. အစတည်းက မမနု ခြေလှမ်းသမျှ ကျွန်တော
မျက်ခြည်မပြတ် ကြည့်နေတာပါ .. ဆရာ့ဂုဏ်သိက္ခာ တစ်ပြားသား
မထိခိုက်စေရဘူး .. လုံးဝ စိတ်ချပါ .."

ဒါကို စိတ်ချပေမယ့် ခုန သူ ရဲစခန်းကအပြန်မှာ ခြံထဲမဝင်
ရပ်ကွက်ထဲက လူတချို့ သူ့ကို လှည့်ကြည့်သွားကြသည့် မျက်လုံးတွေ

ပြီးတော့ ခြံတံခါးလှည့်ပိတ်တော့ ခြံရှေ့က ဖြတ်သွားသည့်
ထဲက မိန်းကလေးနှစ်ယောက် ...၊

"ဟိုမှာ အဲ့ဒါပဲ .. သူပဲ .. မသိမသာ ကြည့် .. ငြေးသွားဦးမယ်

မသိမသာကြည့်ဖို့ သတိပေးတဲ့ မိန်းကလေးက သူနဲ့ မျက်လုံ
ချင်း ဆုံမိပြီး ပခုံးတွန့် ခါးလိမ်ဖြစ်သွားလိုက်တာ ဓာတ်လိုက်သွား
အတိုင်း ...၊

ဒီနေရာမှာတော့ ခနသိုက် ရဲ့ ဂုဏ်သိက္ခာ မှန်သမျှဟာ ...၊





## အခန်း (၂၀)

ဘယ်လိုမှ မထင်မှတ်ခဲ့သည့် စကားမို့ ကိုယ့်နားကိုတောင် မယုံ
... ဒေါ်မေညွန့် ကတော့ ပြောရတာ စိတ်တော့မကောင်းပါဘူး
ည့် သွင်ပြင်ဟန်ပန်မျိုး ရှိနေသေးသည်။

လက်သည်းနှိုဆိုးထားသည့် လက်ဆယ်ချောင်းကို မျက်နှာရှေ့မှာ
င်လိုက် ဖြန့်ကားကြည့်လိုက် လုပ်နေသော ချို ကတော့ သူမအား
ပြောနေကြတာတွေကို မကြားသလိုလို ...၊

ဒါမှမဟုတ် ဘာမှ မဟုတ်လောက်သည့် အရေးကိစ္စမို့ မဆိုင်သလို
မျိုးလို ...၊

"ကလေးက ဒီမှာနေရတာ ဘယ်လောက် ပြည့်စုံသလဲ ...၊ ညည်း
း ခုထိ ချွေးနေရာမရ ဖြစ်နေတာကို ကြားထဲက ကလေး ဒုက္ခ
တ်လို့ ပြောနေတာ .."

"ဂီတ ကလည်း ဆိုင်နေရာ အတည်တကျ မရှိသေးတဲ့အဖြစ်ကို
ထည့်ပြောတာ အံ့ဩနေတာ အမေ .. ဂီတ အမေတို့ဆီ ရောက်
ခင်တည်းက အခြေမဲ့ အနေမဲ့တော့ မဟုတ်ပါဘူး .. ဂီတ တို့
အိမ်မှာ .."

www.burmeseclassic.com

www.burmeseclassic.com



"ရှိတာတွေ လာရှုတ်ပြဦးမလို့လား .. ညည်း ငါ့ဆီ ပြန်ရောက် တော့လည်း နိုကိုးရာမရှိလို့ မဟုတ်ပါဘူးဆိုတဲ့ မာနစကားနဲ့ ကြော့မော့မော့လေးပါအေ .. ဒါပေမယ့် မှတ်ထားဦး ဂီတ ..၊ 'အ ရှိခြင်း' .. 'အခြေမဲ့ခြင်း'ဆိုတာ အဓိပ္ပာယ် အရမ်းရှိတယ်နော် .. ဘ အဓိပ္ပာယ်တွေလဲဆိုတာက ညည်း ဘာဖြစ်နေပြီလဲဆိုတဲ့ အ အဖြေပဲ .."

ဒေါ်မေညွန့် က ရင်လေးနေသည့် သက်ပြင်းချသံနှင့် ခေါ် ၏။ ပြီးမှ ...

"တစ်ခါတလေ တောတိုး ဆင်နင်းခံရတဲ့ သစ်ပင်ချုံနွယ် အ အခြေတွေကြားထဲကနေ အရမ်းလှ အရမ်းလန်းတဲ့ ပန်းလေး တ တလေ ထပွင့်နေတတ်တယ် .. ဒါပေမယ့် အဲဒီပန်းက .."

စကားနှင့်အတူ ဒေါ်မေညွန့် အကြည့်က ဂီတ မျက်နှ ရောက်၏။

"မြက်ဖျားနှင်းစက်တွေနဲ့လည်း တူတာပဲ .. ညည်း ငွေတွေ နိုင်တဲ့အချိန်မှာ ငါတို့ ဒုက္ခများနေခဲ့ကြတယ် .. ခုလည်း ဒီဒုက္ခ တာပါပဲ .. ဒါပေမယ့် ညည်း အခု ငွေမရှိလို့ မျောက်သစ်ကိုင်း ဖြစ်သွားတာမျိုး ငါတို့ ဘယ်တော့မှ ဖြစ်မှာမဟုတ်ဘူး .. အဲဒါ သတိမထားမိခဲ့တဲ့ 'အခြေ'ပဲ .."

"ဟုတ်ပါတယ် .. ဂီတ စကားပြော မှားသွားတယ် .. ဒါ အမေ .. ဂီတ မျောက်တစ်ကောင် ဖြစ်ခဲ့ရင်တောင် သစ်ကိုင်း ခံမယ့်မျောက်မျိုး ဘယ်တော့မှ ဖြစ်ခံမှာ မဟုတ်ဘူးဆိုတာ တယ် .. ဘာဖြစ်လို့လဲဆိုတော့ ကျောပေါ်မှာ ပိုးထားရတဲ့ သားအ ဂီတ ပြုတ်ကျ မခံဘူး .."

"ဟား .. ဟား ..."

ချို က မျက်နှာမော့ ရယ်လိုက်ပြီး ဆတ်ခနဲ လှည့်ကြည့်၏



"အပြောကတော့ နိုင်းလောက် ရှိတယ်ကွာ .. ဘာပဲဖြစ်ဖြစ် အစ်မ သစ်ကိုင်းလွှတ်နေတာပဲလေ .. ဒီက ထွက်သွားခဲ့ရတယ် .. မြို့ထဲ ပြောနဲ့ ဘယ်ချောင် ဘယ်ကြားမှာမှ နေရာရှာမရဘူး .. တစ်နေရာ ကိုက် .. လွှတ်ထွက်သွားလိုက် .. အဲ့ဒါတွေက ဘာထင်လို့လဲ ..၊ လို့ပေါ့ .. လိုချင်တပ်မက်မှုတွေကို ငွေကသာ ဖြည့်ဆည်းပေးနိုင် .."

နေ့တစ်နေ့ကတော့ မမ .. ခုကျတော့ အစ်မ ဆိုပါလား ..၊ ဂီတ က ချို့ မျက်နှာကို ကြည့်၍ နှုတ်ခမ်းတွန့်ရုံလေး ပြုံး၏။

"ခုတော့ တို့မှာ ငွေ မရှိဘူးဆိုတာ ယုံသွားပြီလား ချို .. တို့ ဘုန်းကမှ မရှိတာကို အရှိလုပ်ပြီး မကြွားခဲ့ဘူး .."

"ဒါပေမယ့် စိတ်အကြိုက် .. အိတ်နှိုက်သုံးနေရတော့ အစတည်း ယ်လောက်ထိ စုဆောင်းထားနိုင်ခဲ့သလဲဆိုတဲ့ ထင်ကြေးနဲ့ အထင် တာတော့ ရှိခဲ့တာပေါ့ .."

"မရှိပါဘူးလို့ မငြင်းရက်ခဲ့တာလို့ရော မထင်မိဘူးလား .."

"လုံးဝ မထင်ဘူး .."

ခုံးလေး တွန့်ပြီး ပြောကာ ...

"တချို့တွေက နေရာတစ်ခုရဖို့အတွက် ထောင်မြင် ရာဇွန့်တာပဲ .. အစ်မက ဒီမိသားစုဝင် ဖြစ်ချင်တယ်ဆိုပေမယ့် တခြား ဘယ်လို ကို မုန်းပြီး စွန့်ကြဲနေသလဲဆိုတာ .."

"ချို .."

"အစ်မ မေးလို့ ပြောပြတာလေ .. ခုတောင်မှ ချို့ သူငယ်ချင်းတွေ အစ်မနဲ့ ကိုလေးကို .."

"တော်တော့ ချို .."

"ဘာလို့တော်ရမှာလဲ .. ချို့ ကို ရှင် အော်စရာမလိုပါဘူး .. ပြတ် တဲ့ကြိုးကို ပြန်ဆက်ဖို့ မရမက ကြိုးစားနေတည်းက ဒါ အသိ

www.burmeseclassic.com

www.burmeseclassic.com



သားကြီး .."

"ဘာ!..."

"ချို က ပြောချင်လို့ ပြောနေတာ မဟုတ်ဘူး .. ပတ်ဝန်းကျ
စကားတွေ ထွက်လာရတဲ့ အကြောင်းရင်းကိုပဲ ထောက်ပြတာ .."

"ဩော် .."

"ဒါကတော့ ညည်း ဒေါသမထွက်နဲ့ ဂီတ .. ငါတို့ကိုယ်တိ
တောင် အံ့ဩရတာလေ .."

သူမရဲ့ အပြုအမူ လှုပ်ရှားမှုတွေက ဒီလိုပုံစံတွေ ဖြစ်ခဲ့တာလာ
ရင်ထဲမှာ နာကျင်မှုက အတိုင်းအဆ မရှိ ..၊

"ပြောရမယ်ဆိုရင် သားကြီးရဲ့ကိုယ်ဝန် ရှိတယ်ဆိုတော့ ညည်
ကို ငါ နာကျင်စရာတွေ နင်ပဲဆေပြောပြီး နှင်ချလွှတ်လိုက်တာ
ဒါပေမယ့် ညည်းက ရှိုနိုးဦးတင်နဲ့ ငွေထုပ်ပိုက်ပြီး ရောက်လာတ
ရောက်လာတော့လည်း သားငယ်နဲ့ .."

"ဂီတ အတွက် အမေ့သားတွေကိုမှ မရရင် ဘဝပျက်သွားနိုင်
အခြေအနေ ဖြစ်နေရတာပေါ့ .."

"ဒါကတော့ လူတိုင်းမှာ စိတ္တဇ တစ်မျိုးစီ ရှိကြတာပဲ .. ည
စိတ်ကိုတော့ ငါတို့ ဘယ်သိနိုင်မလဲ .. အဲဒါတွေကို ထားလိုက်ပါ
လေ .. ဘာပဲဖြစ်ဖြစ် တို့ ဒုက္ခရောက်နေတုန်း ညည်း ကူညီခဲ့တဲ့အ
အများကြီး အဆင်ပြေခဲ့ပါတယ် .."

ဒေါ်မြညွန့် က ပြောပြီး မျက်နှာလွှဲလိုက်ကာ ...

"ဒါပေမယ့် ငါ့သား လူပျိုလေးကို တစ်ခုလပ် မဆိုးမနဲ့ ..

"ကျေးဇူးပြုပြီး အမေ့စကားကို ဒီမှာပဲ အဆုံးသတ်ပေးပါ အ

ဂီတ လေသံက အေးစက် ပြတ်တောက်နေခဲ့လျက် ...

"ပတ်ဝန်းကျင်မှာရော .. အမေတို့အတွက် ထင်စရာ ဖြစ်ခဲ့
တွေရော .. အားလုံးက ဂီတ အနေမတတ်ခဲ့တာတွေလို့ပဲ ထားလို



အမေတို့ ဂီတ ကို ဘာဖြစ်စေချင်တာလဲ .. ဒီအိမ်ကို လုံးဝ မလာစေ
တာလား .."

"ဒီလောက်တော့ မဟုတ်ပါဘူး .. ညည်း သိတတ်ရင်တော့
ဆက် အဆင်ဆိုးတဲ့စကားတွေ ပြောကြဖို့ မလိုဘူးပေါ့အေ .. ကလေး
ငါတို့ရဲ့ သွေးသားဆိုတာ ညည်း လက်ခံစေချင်တယ်မို့လား.. အခု
လက်ခံလိုက်ပြီလေ.. ငါ့မြေးလေးကို ငါ့ရင်ခွင်ထဲ အရောက်ပို့ပြီးမှ ပြန်ခွဲ
သွားမှာကတော့ .."

"ဘယ်သူနဲ့မှ မခွဲရပါဘူး အမေ .. သားက အမေ့မြေး ဖြစ်သလို
ဝမ်းနဲ့ လွယ်မွေးခဲ့ရတဲ့ သားပါ .. အားလုံးရဲ့ သွေးသားရင်းချာ
"

"ဒါဆိုလည်း ညည်း အခု အဆင်မပြေတာတွေ ရှင်းလင်းနေရ
မှာ မြေးဆီ ခဏခဏ လာပြီး ဒီည ဟိုမှာ သိပ်မယ် .. ဒီနေ့လည်း
မှာထားချင်လို့ ဆိုတာတွေ ဘာဖြစ်လို့ အလုပ်ရှုပ်ခံနေမှာပဲ ဂီတ..
မြေးနဲ့ သူ့အဘွား နေပါစေဆိုပြီး ထားလိုက်ပါလား .."

"ဒါကတော့ မေမေရယ် .. ကလေးဆိုတာ သံယောဇဉ်ကြီးပဲ
.."

ချို ဝင်ပြောလိုက်သည့် အဓိပ္ပာယ်က ဘာလိုလို ..၊

ဂီတ နေရာမှ ထရပ်လိုက်ကာ ...

"ကောင်းပါပြီ .. သားကို ဂီတ အလုပ်နေရာ အဆင်မပြေမချင်း
ခေါ်တော့ပါဘူး .."

ဂီတ သားရှိနေသည့် အပေါ်ထပ်ကို လှမ်းကြည့်ပြီး ပြတ်သားစွာ
ထွက်လာခဲ့သည်။

ချို က ပခုံးတွန့် မဲ့ရွဲ့ကာ ...

"တော်တော်လည်တဲ့ မေမေ့ချွေးမပဲ .. သူ့ကို ကိုလေးကလည်း
ထက် ပိုနေတာကိုး .. မုန်းတော့မှာပေါ့..၊ ရုပ်လေးကလည်း ရှိ..

www.burmeseclassic.com

www.burmeseclassic.com



အရွယ်လေးလည်း ကောင်းတုန်း ..”

“ဟုတ်တယ် ဂီတ က လှတယ် .. သူ့အနေနဲ့ ဒီစိတ်ရှိမယ်ဆိုရင် ကျော့ ထက် သာတဲ့ ယောကျ်ားလေးမျိုးလည်း ရနိုင်တာပဲ ..”

“အထင်တွေကြီးနေလိုက်တာ မမေရယ်.. ကလေးအမေ ကလေး ကချေကိုများ .. ဟွန်း .. ဘယ်သူမှ မသုံးလို့ ကိုလေးကို ယူပြီး ဒီမှာ အငြိမ်းစားနေဖို့ ကြိုးစားတာ ..”

“မဟုတ်ဘူး ချို .. ဒီကောင်မလေးစိတ်ကို မေမေ အကဲခတ်မိ တယ်.. စိတ်ရင်းကောင်းလေးတော့ တကယ်ရှိပါတယ်.. အငယ်ကောင် အပေါ်မှာလည်း သူ့မောင်လိုပဲ သဘောထားတာ ဖြစ်နိုင်တယ် .. ဒါပေမယ့် ဘာဖြစ်ဖြစ် မသိဟန်ဆောင်ရတော့မှာပဲ ..”

“မေမေ ဘာပြောတာလဲ ..”

“ငါ့မြေးကိုမှ မပေးနိုင်တာ ..”

“ဟုတ်တယ် .. ချို လည်း သိသားပဲ .. ဒါကြောင့် စိတ်ထဲရှိသ ထက် တမင် ပိုပြောပစ်လိုက်တာ .. ပြီးတော့ တကယ် ဖြစ်လာဖို့လည်း ရှိတာပဲ မေမေရဲ့ .. မေမေ့သားငယ်က သူ့ကိုဆို အားလုံးပြီးတယ်မေ 'မမ'က ပါးစပ်က မချဘူး ..”

“ဟုတ်တယ် ..”

“ဟုတ်တာမှ ဟုတ် .. ဟုတ်နဲ့ မြည်နေသေးတယ် .. ဒီလိုကော သဘောမတူနိုင်ပါဘူး .. ပြီးတော့ ချိုးတစ်ပြားမှ မရှိ .. အခြေမဲ့ အဆေ နဲ့.. မုဆိုးမကို ယူရမှာချင်း တူရင်တောင် တကယ့်ဒိတ်ဒိတ်ကြဲ သူဌေး နဲ့ဆို ကိုလေးကို ပေးလိုက်နိုင်သေးတယ် ..”

“ဘာကိုမှ မပေးနိုင်ဘူး သမီး .. မြေးကိုလည်း ငါတို့ အပိုင်မှ ဖြစ်မယ် .. သူ့အလုပ် နေရာကျပြီး လာခေါ်လည်း မပေးလိုက်နိုင်ဘူး အခု အိမ်ငှားတင်လို့ရတဲ့ ငွေကို တတ်နိုင်သမျှ စုထားပြီး ..”

“ဘာလုပ်ဖို့လဲ ..”





“ဂီတ နဲ့ တရားရင်ဆိုင်ပြီး ဖြေရှင်းဖို့ရှိလာရင် ကိုယ် မကျန်ခဲ့ရ အောင်ပေါ့ .. ငါ့မြေးကို ငါ ဆုံးရှုံးမခံနိုင်ဘူး ..”

“ဟား .. ဟား ...”

“ဘာရယ်တာလဲ ..”

“မေမေရယ် .. မေမေတောင် ဒီလောက်ဖြစ်နေတာ သူ့အမေရင်ထဲ များ ဝင်ခံစားကြည့်ပါဦး ..”

“ဘာလဲ .. ညည်းက မအေကို ကဲ့ရဲ့နေတာလား .. ကလေးကို အမျှတတ တွေးပြီး ပြန်ပေးလိုက်နိုင်တယ်ပေါ့ ..”

“နီးပါ .. လုံးဝ စိတ်ကူးမရှိဘူး .. မေမေ့ကို သဘောကျလို့ ပြော ပြတာ ..”

ပြောပြီးတော့ ထပ်ရယ်သေးသည်။ ဒေါ်မေညွန့် က စိတ်မရှည် သလို ကြည့်၍ ...

“ဘာဖြစ်ဖြစ် ပေါ့ပျက်ပျက်နဲ့ ချို ရယ် .. ညည်းကိုလည်း ငါ စိတ်ညစ်ပါရဲ့ ..”

“အံမယ် .. ဘယ်ကလာ ပေါ့ပျက်ရမှာလဲ .. မေမေ့သမီး အခု လေးလေးနက်နက် တွေးနေတာ သိလား ..”

“ဘာလဲ ..”

ချို က ကုပ်လေးပုထားလိုက်ကာ လေသံကို နှိမ့်၍ ...

“အမှုအခင်းတွေ ပြောမိလို့ ဟိုဘက်ခြံက ဂိုဏ်းစတားကို သတိရ သွားတာ ..”

“ဘယ်လို!...”

“အစ်မနဲ့ ရဲစခန်းရောက်တဲ့ လူပေါ့ ..”

“တော်ပါအေ .. ဒီလို စိတ်ကောင်းမရှိတဲ့ ..”

“သြော် .. မေမေကလည်း အဲ့ဒါကို အခု အတိအကျ သိတင်းရ ထားတာ ပြောမလို့ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. အဲဒီတစ်ယောက် အကြောင်းလား .."

"ဟုတ်တယ် .. နာမည်ကိုက ခနသိုက် တဲ့ .. အရမ်းချမ်းသာတာတဲ့ .."

"ဒါကြောင့် အိမ်လာငှားနေရတာ ထင်တယ် .."

"မေမေကလည်းလေ .. တစ်လကို သိန်းသုံးဆယ်လောက် ပေးပြီး ဒီတိုင်း ငုတ်တုတ်ထိုင် ဖြုန်းနေတာ ဆင်းရဲပါ့မလား .."

"ညည်းပဲ ပြောတော့ .. အဲဒီလူက မဟုတ်တာတွေ လုပ်နေလို့ သုံးနိုင်ဖြုန်းနိုင်နေတာ ဆို .."

"ဒါကတော့ သူ့ကို လူတိုင်း အမျိုးမျိုး ဝေဖန်နေကြတာပဲ .. တကယ် သိရတာက အခု မေမေ့ချွေးမနဲ့ ပြဿနာထဖြစ်မှလေ.. သူ့ကို အစ်မက ရုပ်ကွက်ထဲမှာ မဟုတ်တာတွေ ကြံစည်လုပ်ကိုင်ပြီး စီးပွားရှာနေသလိုမျိုး ရဲဂါက် အပ်လိုက်တာ .."

"ဟုတ်တာပဲအေ .. ဒီကောင်က လည်သံလို လုစ်စားသွားလို့ပါ.. ဂီတ သာ ငါ့သမီးဆိုရင် နင် ဒီလောက် 'အ'ရသလားဆိုပြီး နားရင်းနာနာအုပ်ပစ်မိမှာ .. ဘယ့်နှယ် မပိုင်သေးဘဲနဲ့ ကျားမြီးသွားဆွဲရတယ်လို့ .. ဒါမျိုးကို အပိုင်စောင့်ဖမ်းပြီးမှ ဇိကုပ် ဖမ်းရတယ် .."

"ကဲ .. ချို ပြောပါရစေဦး မေမေရယ် .. တကယ်ပဲ ချွေးမကို မုန်းတယ် .. မုန်းတယ်နဲ့ .."

"မုန်းတော့ မမုန်းပေမယ့် မပတ်သက်ချင်တာပါ ..၊ ပြီးတော့.."

ဒေါ်မေညွန့် ဆက်လည်း မပြောချင်တော့ပါ ..၊ ခုတစ်ခေါက် ဂီတ ပြန်ရောက်လာကာမှ ဂီတ မှ တော်သည် ..၊ ဂီတ ပဲ ထက်သည် ဆိုသည့် ချီးမွမ်းသံတွေ မကြားချင်မှ အဆုံး ..၊

ကလေးအမေ ဆိုပေမယ့် ကလေးက လေးငါးနှစ်သား ဖြစ်နေပြီ.. ပြီးတော့ လူတော်တော်များများဟာ ငယ်ဘဝမှာထက် ရင့်ကျက်တည်ငြိမ်သည့်အလှတွေက ပို၍ အားကောင်းတတ်ကြသည်လား ..၊





ကလေးအမေဖြစ်မှ ဂီတ ပိုလှနေတာကို ကိုယ့်သမီးနဲ့ ယှဉ်ပြီး ချစ်မိနိုင်ပေ ..၊

တော်တာ ထက်တာတွေနှင့် သူမရဲ့အရည်အချင်းများစွာကြောင့် မုန်းမိသလို ဖြစ်လာခဲ့၏။

သူမနဲ့ မကင်းနိုင်ဘူးဆိုရင်တော့ တစ်မျိုး ..၊

ကံကြမ္မာက သူ့အလိုအတိုင်း ပုတ်ခတ် ဖယ်ထုတ်ပေးနေမှတော့ နောက်ထပ် ဘယ်တော့မှ မနီးစပ်တော့အောင် ကိုယ်က မလှုပ်ရှားလျှင် ညံ့ရာကျတော့မှာပေါ့ ..၊

ဒီကြားထဲ ကိုယ်က လက်နေးနေလျှင် ပတ်ဝန်းကျင် ပုတ်ခတ်လှော်လှယ်သည့် လေလုံးတွေကြောင့် ကိုယ့်သား လူပျိုလေးနဲ့လည်း ငြိသွားနိုင်သေးသည်။

"မေမေ့ .."

"ဟင် .. အေး .. ပြောတဲ့စကားတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး .."

"မေမေ မပြောနဲ့တော့ .. ချို ပဲ ပြောမယ် .."

စကားကို လိုရင်းမရောက်ရသဖြင့် ချို က စိတ်မရှည်သံနှင့် ဆို၍...

"တော်ပြီ .. မေမေ့ချွေးမအကြောင်း မပါဘဲ ပြောတော့မယ် .."

"ဘယ်သူ့ကရော သူ့အကြောင်းလေး ပြောပါရစေ ဖြစ်နေလို့လဲ .."

မအေ ဒေါ်ပွသွားတာကြည့်ကာ ချို က ပခုံးလေးတွန့်ပြီး ရယ်သည်။ ပြီးမှ ...

"ခနသိုက် ဆိုတဲ့လူ တအားချမ်းသာတယ်ဆိုတာ မေမေ ယုံလား မယုံလား .. အဲ့ဒါ ပြော .."

"အံမယ် .."

လူကို တရားခံစစ် စစ်နေသဖြင့် ဒေါ်မေညွန့် က စိတ်တိုသွား



www.burmeseclassic.com

www.burmeseclassic.com



ကာ ...

"ချမ်းသာပေမယ့် လူကောင်းမဟုတ်ဘဲ ဘာများ အထင်ကြီးစရာ ရှိလို့လဲ .."

"လူကောင်းတစ်ယောက်ဖြစ်ကြောင်းလည်း ရဲစခန်းက သက်သေသာဓကတွေနဲ့ တင်ပြလိုက်တယ်လေ .. မေမေကလည်း ကိုယ့်တူတစ်ယောက်လုံး သတင်းထောက်ကောင်းတစ်ယောက် ရှိနေတာကို ဘာလို့ မယုံမကြည် ဖြစ်နေရတာလဲ ..၊ ကိုလင်း ကဖြင့် အများကြီး သိနေလို့ သတင်းထဲ ထည့်ချင်နေတာ ဟန်တပြင်ပြင်နဲ့ .."

"မထည့်ဘူးမို့လား .. မသေချာလို့ မထည့်တာပေါ့ .."

"သေချာတယ် .. အဲဒီသတင်း မဖြန့်ဖို့ ခနသိုက် ဘက်က လိုက်ပိတ်ထားတာ တဲ့ .."

"အဲဒါ ကြည့်ပေါ့ ချို ရယ် .. သူ့ကို လူတွေ အထင်လွဲနေတာတောင် ပျောက်သွားဦးမယ့်ဟာ .. ဒါကို ဖုံးဖိနေတယ်ဆိုတော့ .."

"ဟာ မေမေကလည်း .. သတင်းက အဖြစ်မှန်ကို မရေးဘဲ အစ်မဂီတ စွပ်စွဲတာတွေပဲ ရေးပြီး အမှုအကြောင်းကို တင်လိုက်ရင် သူ ကွဲပြီပေါ့ .."

တစ်လက်စတည်း ရဲစခန်းမှာ ရှင်းလင်းကြသည့်ကိစ္စတွေကိုပါ ချို က သိထားသလောက် အားလုံးကို ပြန်ပြောပြ၏။ နုနုဇင် နဲ့ အိမ်ထောင်ရေးကိစ္စတချို့ပါ ပါလာလျှင် ...

"သူက မိန်းမနဲ့လား .."

"မင်္ဂလာဦးညမှာပဲ ကွာရှင်းခဲ့တာတဲ့ .."

ဒေါ်မေညွန့် မျက်မှောင်ကုတ်သွားသည်။ ဂီတ နဲ့ ဘာဖြစ်လို့ လာတွေ့နေရတာလဲ ..၊ သေကွဲကွဲတာနဲ့ ရှင်ကွဲ ဒါပဲ ကွာ၏။

"အဲ့ဒီအမျိုးသမီးက အစစ်ခံသွားတာတော့ မောက်မာရိုင်းစိုင်းလွန်းလို့ တမင် လက်စားချေတာတဲ့ .."





"ဟုတ်မှာပေါ့ .. ပုံစံကို ကြည့်ပါလား .. နို့ .. ယောကျ်ားလေးက ချက်ချင်း ကွာရှင်းတယ်ဆိုတော့ ဒီမိန်းကလေးက ဖောက်ပြန်လို့လားမှ မသိတာ .."

"အဲဒါတွေက သူတို့အကြောင်း စိတ်မဝင်စားပါနဲ့ မေမေရယ်.. အခု စိတ်ဝင်စားဖို့ ကောင်းနေတာက ခနသိုက် .."

ဒေါ်မေညွန့် ရဲ့ ရှုးစမ်းသည့်အကြည့်တွေ ချို့ မျက်နှာလေးပေါ် ရောက်လာ၏။

"အဲဒီ တောပုန်းဓားပြရုပ်ကြီးကိုများ ညည်းက စိတ်ကူးလိုက်တာလား .."

"ရုပ်က အရည်ကျိုမသောက်ရပါဘူး မေမေရယ် .."

"ဘာ!..."

ချို့ မျက်နှာလေးမှာ ပေါ့ပျက်ပျက် ရယ်မြူးခြင်းတွေ ဖြုတ်ခနဲ ပျောက်ဆုံးသွားခဲ့၏။ ဒါပေမယ့် ချက်ချင်း ဖျောက်ဖျက်ပစ်ပြီး ပြုံးလိုက်ကာ ...

"ခုခေတ်မှာ စိတ်အကြိုက် အိတ်နှိုက်သုံးနိုင်ပြီး ပြောမယ့်ဆိုမယ့် ပါးစပ်ပေါက်တွေလည်း မရှိ .. အိမ်ထောင်မရှိ .. ရုပ်ရည်အားဖြင့် ကြည့်ပျော်ရှုပျော် .. ကိုယ်နဲ့ နီးစပ်ဖို့လည်း ရှိနေပြီးတော့ .. ကိုယ့်မှာလည်း အရမ်း လိုအပ် .."

"အောင်မယ်လေး .. ချို မေ လွင် .."

"မေမေကလည်း .. အရှိန်ပျက်လိုက်တာ .."

"ညည်း ပြောနေပုံက သူ့မှ မရရင်တော့ တို့သားအမိ ကြိုးဆွဲချသေသင့်ပြီ .."

"ဟုတ်တယ် .. အစက လူလိမ်လူကောက်ထင်ပြီး ရွံစရာကောင်းခဲ့တဲ့ပုံကို အခု မက်မောစရာအဖြစ် ပြောင်းလဲမြင်ကြည့်လိုက်ပါလား .. မုတ်ဆိတ်တွေ ဖယ် .. အကောင်းစား ဖောင်းကုတ်ကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေ သေသေသပ်သပ် ..”

“ညည်းရဲ့ အလက်ာ ကို မေ့လိုက်နိုင်ပြီပေါ့ ..”

သူမ စကားမဆုံးခင် ဒေါ်မေညွန့် က ဖြတ်မေးလိုက်ကာ ...

“ခုတစ်လော ညည်း အပြင်ထွက်နေတာတွေက သူနဲ့ သွားတွေ့နေတာ မဟုတ်တော့ဘူးလား ..”

“ဟုတ်တော့ ဟုတ်တယ် .. ဒါပေမယ့် ..”

ချို က တောင်းပန်သလိုလေး ကြည့်သည်။

ပြီးတော့ လည်ပင်းလေးပွတ်၍ ပြုံးမလို မဲ့မလို မျက်နှာလေးနဲ့ ကြည့်ရင်း ...

“ချို အမှန်အတိုင်း ပြောရင် မေမေ စိတ်မတိုဘူးလို့ ကတိပေးလေ ..”

“စိတ်တိုခွင့်တော့ ပေးပါအေ .. ညည်း ထင်ရာလုပ်နေတာတွေကို မအေက သွားအဖြီးသားနဲ့ လက်ခုပ်တီးပေးရဦးမှာလား ..”

“ဟို .. ချို က တွေ့ဖို့ ကြိုးစားနေတာပါ .. သူက ..”

“လုံးဝ လာမတွေ့ဘူးပေါ့ ..”

“သူ့အမေ အသည်းအသန်ဖြစ်နေလို့ ဆေးရုံသွားနေရတယ်တဲ့..”

“အဲ့ဒါ ဟုတ်မဟုတ် ပြေးမကြည့်ခဲ့ဘူးလား ..”

ချို မကြည့်ရဲပါ ...၊

အလက်ာ လိမ်ညာနေတာလားဆိုသည့် သံသယရှိပေမယ့် ဒါကို တကယ့်အလိမ်အညာအဖြစ်တော့ မသိချင်ပေ ...၊

ညာနေတာဆိုရင်လည်း ညာတာကိုပဲ တကယ်အမှတ်နဲ့ မျှော်လင့်နေချင်၏။ ဒေါ်မေညွန့် ကလည်း သမီး နှုတ်ဆိတ်နေတာကို သဘောပေါက်နေပါ၏။

“ဘာဖြစ်လို့ ဟိုယောက်ျားကနေ ဒီယောက်ျားကို စိတ်ကူးနေတာလဲ ချို .. ညည်းက ရည်းစားထားရုံတင်လည်း မဟုတ်ဘူး ..”





“လာပြန်ပြီ မေမေရယ် ..”

“ဒါကို မထူးဆန်းတဲ့ကိစ္စလို့ ထင်နေရင် ဒါမျိုး ညည်း လုပ်မိဦး မှာပဲလေ .. ချစ်ရင် ဖြစ်မှာပဲဆိုတာ မေမေတို့ရဲ့ ယဉ်ကျေးမှု ဘာသာ တရားမှာ အရမ်းကို ရှက်စရာကောင်းတဲ့ မဖွယ်ရာခြင်းပဲ ...၊ လမ်းပေါ် မှာ ခွေးတွေ ကြည့်စမ်း .. ...ကို့သဘာဝအရ အထာတွေသိပြီး အနား ကပ်တယ် .. ခဏလေးနဲ့ပဲ စိတ်ထဲရှိသလို ဆက်ဆံကြတယ် .. လူတွေ က အဲ့ဒီအတိုင်း လိုက်လုပ်ရမလား ..”

ပြောရင်း ရွံရှာခြင်းက မျက်နှာကိုပါ မဲ့ရွဲ့လာစေကာ ...

“တော်သေးတယ် .. တိရစ္ဆာန်မဟုတ်တော့ လူကွယ်ရာ သွားကြဖို့ ဆိုတော့ သိကြသေးလို့ ..”

“မေမေရာ .. စိတ်ညစ်လိုက်တာ ..”

“ငါ့သားသမီးကို ဆိုဆုံးမ မတတ်ခဲ့လို့ ညည်း မှားယွင်းခဲ့တာကို ခွင့်လွှတ်နိုင်အောင် ကြိုးစားနေရတယ် .. ဒါပေမယ့် ငါ့ရင်ထဲကို ညည်း မြင်စေချင်တယ် ချို ..”

ချို့ မျက်နှာလေး ငုံ့သွားပြီး ဘာမှ မပြောတော့ပေ ...၊

“တို့ဗုဒ္ဓဘာသာမှာ လင်နဲ့မယားတောင်မှ မြင့်မြတ်တဲ့ နေ့ရက် အခါတွေမှာ ဒါကို ‘မမြတ်သောမေထုန်အကျင့်’ ဆိုပြီး ရှောင်ကြဉ်နေ ကြတယ် .. ညည်းကို နောက်ထပ် ဒီအမှားမျိုး ထပ်ဖြစ်ခွင့် မပေးနိုင် ဘူး ..”

“ချို ကလည်း သားအမိချင်းမို့ ရယ်စရာ ပြောတာပါ ..”

“စကားထဲက တရားပါတယ်တဲ့ .. ဒါ ရယ်စရာပြောရမယ့် စကား မဟုတ်ဘူး .. အမှားဆိုတာ မှားမှန်းသိရင် ပြုပြင်ရတယ် .. ဒါမှ မသိတတ်လို့ မှားတဲ့အမှား .. တစ်ခါပြီးတစ်ခါ ထပ်မှားနေပြီ ဆိုရင် အဲ့ဒါ မှားတာ မဟုတ်ဘူး .. ဝါသနာပါတာပဲ ..”

ချို့ မျက်နှာလေး ဖျန်းခနဲ နီမြန်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေညွန့် က ပင့်သက်ရှိုက်ရင်း ထရပ်လိုက်၏။ ပြီးမှ ပြန် ကြည့်၍ ...

"ညည်း ဘယ်နှစ်လ ရှိပြီလဲ .."

ဟင်!...

ချို့ မျက်နှာလေး ဆက်ခနဲ မော့လာသည်။ ပြီးတော့ မျက်လုံး အဝိုင်းသားနှင့် ငေးနေပြီး ဘာမှမဖြေနိုင် ...၊

"မေမေ .. အဲဒါကို သိ .."

"သိတယ် .. ငါက ညည်းအမေပဲ သမီးရယ် .."

ဒေါ်မေညွန့် က ချော့မော့သလို ပြောရင်း အသံတွေပါ တုန်လာ ကာ ...

"ဒါပေမယ့် ညည်း အဲ့ဒီလိုဖြစ်တတ်တာပဲ ဆိုတော့ .."

"ချို .. ချို မစမ်းရဲဘူး မေမေ .."

"ဘာ!..."

ဒေါ်မေညွန့် မျက်နှာ နီရဲသွား၏။ ကိုယ့်ကိုယ်ကိုယ် သံသယရှိနေ ပြီဆိုတည်းက အခြေအနေက ကိုယ့်ဘက် မပါနိုင် ...၊

"မှားခဲ့ပြီ မေမေလို့ ညည်း ငါ့ကို ဝန်ခံခဲ့တုန်းက ဒါ မဖြစ်သေး ဘူး .. ညည်း .. ညည်း ..."

"မေမေရယ် .. ချို တို့က .."

"ညည်းက မှားရတာကို ဝါသနာပါနေတာပေါ့ .."

"မဟုတ်ပါဘူး မေမေရယ် .. ချို နဲ့ သူက လက်ထပ်ထားပြီးသား ပါ .."

"ဘာ!... ဘာပြောတယ် .."

ချို ခေါင်းလေးငုံ့သွားသည်။ ဒေါ်မေညွန့် ဆိုဖာပေါ် ပြန်ပုံရ သွားတာ အရုပ်ကြိုးပြတ် ...၊

ကြည့်စမ်း ...၊





မိဘက ဒီလောက်ထိ သူငယ်ချင်းလိုပေါင်းပြီး ပြောရဲဆိုရဲနဲ့ ...င်လာအောင် အခွင့်အရေးတွေ ပေးထားခဲ့သည်။

တစ်ဖက်ကလည်း အခါအခွင့်သင့်တိုင်း ဘယ်လိုနေပါ .. ဘယ်လို ...ါ ဆိုတာတွေ အဆက်မပြတ် ပို့ချပေးနေခဲ့၏။

ဒါနဲ့တောင် သင်း မိုက်မဲလှချေလား ...၊

"မေမေ .. ချို .. ချို့ ကို စိတ်မဆိုးပါနဲ့ နော် .. ချို နဲ့ သူက ...ယ်ချစ်တာပါ .."

"တော်တော့ ချို .. ညည်း တကယ် ချစ်မချစ် ဒီလောက်ထိ ...ပ်အထည်နဲ့ သက်သေပြခဲ့ပြီးပြီ .. အခု ငါ လိုချင်တာ သူ ဘယ် ...တ်ချစ်သလဲဆိုတဲ့ သက်သေပဲ .."

"သူ့မှာ ချမ်းသာတယ်ဆိုတာတွေက .."

ဒေါ်မေညွန့် မျက်မှောင်ကုတ်ပြီး စိုက်ကြည့်နေလိုက်သည်နှင့် ချို့ ...သံလေး ရပ်သွား၏။

"ပြော .. ချမ်းသာတာတွေက အလကား အလိမ်အညာတွေ .."

"သူက မလိမ်ခဲ့ပါဘူး .. ဒါပေမယ့် ချို က သူ့ကို ဥစ္စာပေါ ...ဆိုပြီး အထင်တကြီး ဖြစ်ခဲ့ရာက စချစ်ခဲ့တာ .."

"အခု .. ငမွဲငဆော ဖြစ်နေတော့လည်း မရပ်တန့်နိုင်တော့ဘူး .. ...မို့လား .."

"အဲဒီလောက်လည်း မဟုတ်ဘူး ထင်ပါတယ် .. ဒါပေမယ့် .."

"ဒါပေမယ့်တွေ များနေပြီ ချို .. ငါ့စိတ်တွေ မီးတောက်တော့ ... .. မြန်မြန် ပြောစမ်းပါ .."

"သူ့မိဘတွေကိုယ်တိုင်က အမှီသဟဲတစ်ခုပေါ်မှာ ရှိနေတာမို့လို့ ...ကို့ကိစ္စကို တားဆီးနေတာ .."

"ဘာ .. ဘာတွေလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ချို လည်း မသိဘူး မမေ .. သူ့အဖေနဲ့ ရှယ်ယာလုပ်ငန်း ပါတနာဖြစ်နေတဲ့သူဌေး ရှိတယ် .. သူက .."

"ဘာလဲ .. အဲ့ဒီသူဌေးက ခုခေတ်ခေါ်နေကြတဲ့ ဂေး ဆိုး လား .."

"မဟုတ်ဘူး .. သူဌေးက အမျိုးသားပဲ .."

ဒေါ်မေညွန့် အထိတ်တလန့် ဖြစ်သွား၏။

မိဘလက်အောက်က ရုန်းထွက်လာနိုင်အောင် အချစ်နဲ့ စည်း ရနိုင်သေးသည်။ ဒီလို ရှုပ်ထွေးမှုတွေရှိနေတဲ့ မိသားစုထဲကလူကို လို ဆွဲထုတ်မလဲ ..၊

သေချာတာတစ်ခုက အဲဒီ သူဌေးကို မလွန်ဆန်နိုင်ဘူးဆိုရင် ပြီ ..။





## အခန်း (၂၁)

"မင်း ငါ့ကို ဘာမှ ထပ်ပြီး တောင်းဆိုခွင့် မရှိတော့ဘူး .. ငါ ချင်တဲ့ သတင်းအချက်အလက်အားလုံး ပြည့်စုံတိကျစွာ လိုချင်တယ်.. ဒီအတွက် ငါ ဘယ်သူဖြစ်ဖြစ် နိုင်းလို့ရပေမယ့် မင်းနဲ့ပဲ သင့်တော် ဖြစ်နေတယ်.. မင်းကလည်း ငါ့ဆီက လိုချင်တာ ရှိနေတော့ အပေး သူလို့ပဲ မှတ်လိုက် .."

"... ... ... ..."

"ဟုတ်တယ် .. မပြီးသေးဘူး .. နောက်တစ်ခု ရှိနေသေးတယ်.."

"... ... ... ..."

"အဲ့ရင်နိုင်းတာကို အရင်လုပ်လိုက်ပါ .. မင်းကို ငါ လူသတ်ခိုင်း ဘာမှ မဟုတ်ဘဲ .. စိတ်မပါရင်လည်း .."

"... ... ... ..."

"အိုခေ .. ဒါဆို မနက်ဖြန်ည ကိုးနာရီ ငါ ဖုန်းပြန်ခေါ်မယ် .."

"... ... ... ..."

"လာစရာ မလိုဘူး .. ဖုန်းလည်း မဆက်နဲ့ .. ငါ ခေါ်သော ခအားဘူး ဖြစ်မနေစေနဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်တိုကို တံခါးဘောင်နဲ့ ဖိချေပစ်လိုက်ရင်း လက်ေ
ေးနေခဲ့၏။ ခဏကြာတော့ လက်ကနာရီကို ပင့်ကြည့်သည်။ ထို
မှာပဲ ဖုန်းဝင်လာလျှင် ...

"ပြော .."

"... ... ... ..."

"အေး .. သူ လက်ခံမယ်ထင်ရင် ပို့ချပေးလိုက် .. တစ်
မဆစ်နဲ့ .."

"... ... ... ..."

"စကားမရှည်နဲ့ကွာ .. အဲဒီတိုက်ခန်း ငါ ရဖို့က လိုရင်း .."

ထိုစဉ် စားပွဲပေါ်ကဖုန်း မြည်လာသဖြင့် သွားကိုင်လိုက်က

"အေး .. လွှတ်လိုက် .."

သူ စီးကရက်နောက်တစ်လိပ် မီးညှိနေစဉ် တံခါးခေါက်သံ
လိုက်ရ၏။

"လွှတ်လိုက် .."

သူ့အသံကြားမှ တံခါးက ပွင့်သွားကာ ဦးကံမြင့် နှင့် ဒေါ
တို့ နှစ်ယောက် ဝင်လာကြ၏။ လိုက်ပို့သူက တံခါးပြန်ပိတ်ထ
ထွက်သွားလေသည်။

"ထိုင်ပါ အန်ကယ်လ် .."

ဦးကံမြင့် က ရုတ်တရက် မထိုင်ဘဲ မှတ်ဆိတ်ရှာ ခပ်မည်း
နှင့် ရင့်ရော်ကြမ်းတမ်းပုံ ပေါက်နေသည့် သိုက် ရဲ့ပုံစံကို တအံ့တ
ကြည့်သည်။ ပြီးတော့မှ ခပ်ဖြည်းဖြည်း ထိုင်လိုက်ကာ ...

"နှစ်နှစ်ကျော်ကျော်ပဲ ရှိသေးတာ .. မင်း တော်တော် ပြော
သွားတာပဲ .."

သိုက် က နှုတ်ခမ်းက စီးကရက်ကို ခွာ၍ ခပ်မဲ့မဲ့ ပြုံး၏။

"ဒီလိုပါပဲ .. ပြောင်းလဲခဲ့တာတွေရော .. မပြောင်းလဲနိုင်တ





အများကြီးပဲ .. ဒါပေမယ့် ဖြစ်ချင်တာက မဖြစ် .. မဖြစ်ချင်တာ
ဖြစ် .."

"ဟုတ်ရဲ့လား သားရယ် .. အန်တီတို့ကတော့ သား ဖြစ်ချင်တာ
မှ မဖြစ်ခဲ့တာ ဘာမှမရှိဘူးပဲ ထင်ခဲ့တာ .."

"ကျွန်တော့်ကိုယ် ကျွန်တော်လည်း အများကြီး ထင်ထားခဲ့တာ
တီ .. ဒါပေမယ့် ထင်တာတွေက လွဲနေတယ် .. ဥပမာ မိန်းမတစ်
က် ချောက်တွန်းလို့ ပြန်ပေးသမား..မုဒိမ်းသမား ဖြစ်သွားခဲ့တယ်..
ထပ် မိန်းမတစ်ယောက်ကြောင့် ထောင်နှုတ်ခမ်း နင်းခဲ့ရတယ်.."

"သား ဘာမှမဖြစ်ခဲ့ဘူးလေ .."

"ဒါကြောင့် အန်တီတူမကို ကျေးဇူးပေးပါလို့ လာပြောတာ
.."

စူးရဲသည့်မျက်လုံးတွေကို ဒေါ်ယုစန က ညှိုးငယ်စွာ စိုက်ကြည့်
။ သိုက် ထံမှ ဒီလောက် ပြတ်သားနေလိမ့်မည်ဟု မထင်မှတ်ခဲ့
အံ့သြမှုတွေလည်း ပါကာ ...

"နှ အရမ်းကို မှားပါတယ် .. အရမ်းလည်း မိုက်မဲခဲ့တယ် ..
မယ့် သူ့မှာ တစ်ခုခု ဆိုးရွားမှုဖြစ်တိုင်း သားလည်း တွဲလျက်
ကြီးသွားတာပဲ ..၊ လူတိုင်းက သားတို့ ခြိမ့်ခြိမ့်သဲ လက်ထပ်ခဲ့
ိုပဲ သိကြတာလေ .."

"သူ့မှာ အပြစ်ရှိနေလို့ ဥပဒေဘောင်ထဲ ထည့်ပေးလိုက်တာ
တီ .. အန်တီတူမကတော့ ကျွန်တော့်ကို သူ မကျေနပ်တာတွေ
သူကိုယ်တိုင် အငြိုးတကြီး ကလဲ့စားချေခဲ့တာ .."

"ဒီမှာ .. အဟမ်း .. အန်ကယ်လ် ပြောပါရစေ .."

"ဟုတ်ကဲ့ .. ပြောပါ .."

"သူ့ဘက်က ကြည့်တော့လည်း .."

"သူ ဘယ်တုန်းကမှ မမှန်ခဲ့ဘူးဆိုရင် မင်းကတော့ မှန်ခဲ့သလား



www.burmeseclassic.com

www.burmeseclassic.com



လို့ အန်ကယ်လ် မေးမှာပဲ .. ဒါပေမယ့် ကျွန်တော်က ဖြေရဲတယ် .. နုနုဇင် ဆိုတဲ့ အန်ကယ့်တူမ တောက်လျှောက် ရှုပ်လာခဲ့တာတွေ အ သူ့ကိုယ်တိုင် ဝန်ခံနေပြီ ..”

ဦးကံမြင့် မျက်နှာ နီမြန်းသွားသည်။ မိန်းမနဲ့စပ်မှ တူမ တော တာပေမယ့် သားရေးသမီးရေး ပြောနေရတာမှာ မိန်းကလေးရှင် ဖြ နေရခြင်းအတွက် မျက်နှာပူတာက ပူတာပဲ ဖြစ်၏။

“အစက ဘယ်လိုပတ်သက်မှု ရှိခဲ့ရှိခဲ့ ကျွန်တော်တို့က ကွာ ပြီးသား .. အစက လူကြီးချင်း သဘောတူခဲ့တာကို သူရော ကျွန် ရော နာခံခဲ့တယ် ...၊ လက်ထပ်ဖြစ်သွားတဲ့အထိ ဒါကို ဝတ္တရား တယ်ဆိုရင် နှစ်ဦးသဘောတူ ကွာရှင်းပြီးခဲ့တဲ့နောက်မှာ ဘာပတ်သ မှုမှ မရှိတော့ဘူး .. သတ်မှတ်ရင် မရဘူးလား ..”

“ကွာရှင်းစာချုပ်မှာ မင်းလက်မှတ် တစ်ခုပဲ ရှိသေးတာပါ ..”

“ကျွန်တော်က တစ်ဖက်သတ် ကွာချင်ခဲ့တာလို့ ပြောလိုက် လား အန်ကယ်လ် ..”

ဦးကံမြင့် ပြောရခက်သွားသလို မျက်နှာကို လွှဲတော့မလို ခေါ် တော့မလိုနှင့် ...

“ဒါက .. ဒီလိုလေ ..”

“ဒီလိုရှိတယ်ဆိုရင် ကျွန်တော် ကွာရှင်းခဲ့ရတဲ့အကြောင်းကို ကနေ ပြန်စပြောဖို့ လိုလာပြီ ..”

“သားရယ် .. အန်တီတို့က အဲ့ဒါတွေကို ပြောပြီး ကလေး အင်အားပြိုင်သလို နင့်ကြောင့် .. ငါ့ကြောင့် ပြောနေလည်း ဘာထူး ကွယ် .. အခု ပြောကြရမှာက ..”

“ကျွန်တော့်ဘက်ကတော့ ဘာမှ ပြောဖို့ မရှိတော့ဘူး အန် ကိုယ်ချစ်တဲ့ယောကျ်ားတစ်ယောက်ကို မရရတဲ့နည်း သုံးပြီး ကြိ စွပ်သလို ဖမ်းယူတယ် .. နောက်တစ်ယောက်ကိုတော့ လိုသလို အသုံး







ကျားကန်ထားတယ် .. ယောကျ်ားတွေက သူ့ ထင်သလို မညံ့ပါ ိုတာ သိတော့လည်း မသမာတဲ့နည်း သုံးပြီး သိက္ခာကျ အညွန့် အောင် လုပ်တယ် ..”

“သားရယ် .. အဲ့ဒါတွေကလေ ..”

“ကြိုးကွင်းစွပ် အဖမ်းခံရတာက မြင့်မား ဆိုတဲ့ တစ်ယောက်...၊ မလှ ဖြစ်လောက်အောင် သိက္ခာကျ အရှက်ရခဲ့တာက ကျွန်တော်..”

သိုက် က ဒေါ်ယုဇနေ ကို တစ်ခွန်းမှ အပြောမခံဘဲ စီးကရက်ရှည် တိုင်း ပစ်ချ နင်းပစ်လိုက်ကာ ...

“ကျွန်တော့်အဖြစ်က ရက်တတ်ရင် လဲသေဖို့ကောင်းတဲ့ အဖြစ် .. ဒါပေမယ့် ကျွန်တော် မသေနိုင်သေးဘူး .. မပြီးပြတ်သေးတာ ကို ဆက်လုပ်ရဦးမယ် ..”

“အဲ့ဒါတွေက နု ကိုလား သားရယ် ..”

“မဟုတ်ဘူး .. သူ့ကို ဥပဒေက ဆုံးမမှာပါ .. အန်တီတို့ဆန္ဒရှိရင် ငှားပြီး ကြိုးစားပေါ့ .. ကျွန်တော်ကတော့ ပြီးခဲ့တာကို ဖျောက် ို့ရော .. အမြီးက ခေါင်းက ပြန်ဆက်ရေးဖို့ရော ဘာမှ စိတ်မဝင် း ..”

“သိုက် ရယ် .. အန်တီက မင်းရဲ့အဒေါ်နဲ့ သွေးသားရင်းလို ရင်းနှီး ယ်ခဲ့ကြတာပါ ..”

“သူ အေးချမ်းစွာ အနားယူသွားပါပြီ ..”

“ဒါဆို မင်းက စီစဉ်ခဲ့တဲ့လူကြီး မရှိတော့ဘူးဆိုပြီး ထင်သလို ်လိုက်တာပေါ့ နော် ..”

“ကျွန်တော် လက်ထပ်တဲ့ညက အန်တီနွယ် ရှိပါသေးတယ် .. လပိုင်းကုန်မှ အန်တီနွယ် ဆုံးသွားတာ ..”

“ဒါပေမယ့် သေဆုံးသွားသူရဲ့ စကားဆိုတာ အသက်ရှိစဉ် ိုင်း ..”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေက ဗုဒ္ဓဘာသာတရားနဲ့ မကိုက်ညီတဲ့ စွဲလမ်းမှုတွေပါ .. ဒီနေ့ထိ အန်တီနွယ့် ဂုဏ်သိက္ခာ ကျဆင်းစေမယ့်လုပ်ရပ်မျိုး ကျွန်တော် ဘာမှမလုပ်ခဲ့ဘူး .. အန်တီ့တူမကြောင့် အန်တီတို့ရဲ့ဂုဏ်သိက္ခာ နာ ဆိုးနဲ့ မကျန်ခဲ့ချင်ဘူးဆိုရင်တော့ ကျွန်တော့်ဆီ လာတာ အချိန်လာ သလို ဖြစ်နေမှာပဲ .."

ဒေါ်ယုဇန မျက်နှာက နာကျင်သွားသလို တင်းခဲ အေးစက်သွား၏။ ပြီးတော့ ခေါင်းညိတ်ကာ ...

"အန်တီတို့ကလည်း မင်းတို့ အိမ်ထောင်ရေးကို ဖျက်လင့် လာတာ မဟုတ်ပါဘူး.. သူ့ကို မင်း စိတ်မဝင်စားတော့ဘူးဆိုရင် သူ ခွင့်မလွှတ်နိုင်တာတွေ .. တုံ့ပြန်ချင်တာတွေလည်း မရှိနိုင်တော့ဘူး ထင်ထားခဲ့တာ .."

"အစွန်းထင်းတစ်ခု ဖြစ်သွားတာကို အကောင်းတိုင်း ပြန်ကျ အောင် ဖျောက်ဖျက်ပစ်လို့ မရဘူး အန်တီ .. သူလည်း သူ့အကြံအစည် နဲ့ သူ ကျွန်တော့်ကို လိုချင်ခဲ့တာ .. ကျွန်တော့်ဘက်ကလည်း ခွင့်လွှတ် နိုင်ဖွယ်မရှိလို့ ခွင့်မလွှတ်နိုင်ဘူး .. ဒါပဲ .. ခေါင်းစဉ်လွဲတွေ လျှော မတပ်ပါနဲ့ .."

အရေးထဲမှာ ဒီလိုမိန်းမကိုမှ ကိုယ်က စိတ်မကုန်သေးပါဘူး လာစွပ်စွဲနေသေးသည်။

တစ်နေ့ကုန် ရင်ထဲမှာ ပူလောင်နေရသည့် မောဟမီးတွေ ဘယ်က စင်ကျလာသည့် မီးပွားတစ်စလဲ ...!





အခန်း (၂၂)

"ဘာ!... ဘယ်လို .."

"ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ .. လိမ်ဖို့ တောက်ဖို့ ရည်ရွယ်ချက် လုံးဝ မရှိပါဘူး .. ပိုင်ရှင်ကိုယ်တိုင် စာချုပ် ချုပ်ဖို့အတွက် လက်မှတ်ထိုးခဲ့တာပါ .."

"အခု ပိုင်ရှင်က ဟင့်အင်းဆိုရင် သူနဲ့ ကျွန်မ တွေ့မယ် .."

"သူ မနေ့မနက် သုံးနာရီကပဲ ဆုံးသွားတယ် .."

"ဘာ!..."

"တိုက်ခန်းကို လုံးဝ မရောင်းပါ စာလာချိတ်သွားတာက သူ့သမီး ပါ .."

"ဒါဆို သူနဲ့ .."

"ဒီလိုပါဗျာ .. သူက သူ ရွေးလုပ်ခဲ့တဲ့ အရောင်းအဝယ်ကိစ္စတွေကို ဘာမှမသိပါဘူး .. သိသမျှတွေကိုလည်း သူ အမြဲတမ်း လိုက်ပိတ်ခဲ့တဲ့သူ ပါ .. ဒီကိစ္စ မဂီတ သွားပြောလည်း ထူးမှာ မဟုတ်လို့ပါ .."

"ဒါဆို ကျွန်မက ငွေ သိန်းသုံးဆယ်ကို အဆုံးခံလိုက်ရမှာလား.."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို နည်းနည်းတော့ ကြိုးစားခွင့်ပေးပါ .. ဒီအကြောင်း သူဋ္ဌေးသမီး သိအောင် .."

"အို .. မလိုချင်ဘူး .. ရှင်ပဲ ပြောတုန်းက ပွဲစားပေးမယ့် စကား တစ်ခွန်းကို တည်ပါတယ် ဆို .. နာမည်တစ်လုံးနဲ့ နေလာတာပါ ဆို.. ရှင် အခုကျမှ .."

"ဂီတ .."

"ဂီတ .. နေဦး .. အဲလောက် မပြောနဲ့ဦး .."

ဖုန်းကို လွမ်း တို့ ဝိုင်းဆွဲကြ တားကြကာ ...

"ကိုယ့်ငွေက လွန်သွားပြီးပြီ ..နင် ဒေါသတွေ တအားထွက်ပြီး ကြိမ်းမောင်းပြနေရင် ဟိုတစ်ယောက် ထွက်ပြေးသွားမှာပေါ့ .."

"အေးလေဟာ .. နင်က လုပ်လိုက်ရင် ဘယ်သူမှ မတိုင်ပင်ဘဲ ဖွတ်တရွတ် .."

"ငါ့လက်ထဲမှာ ငွေ မထားချင်လို့ မြန်မြန် အလုပ်စလို့ရအောင် ငါ စာချုပ်လိုက်တာ.. ကုန်ပါပြီ .. ငါ့ငွေတွေ ဆုံးပြီ ထင်တယ်.. ငါ့မှာ ဘာမှမရှိတော့ဘူး .. အဟင့် .."

"ဂီတ ရယ် .."

"မငိုပါနဲ့ဟာ .. ဒုက္ခပါပဲ .."

"ငါ မငိုမိအောင် ကြိုးစားနေတာပါ လွမ်း ရယ် .. ဒါပေမယ့် ငါ ဒီ့ထက် ဒုက္ခရောက်စရာ မရှိတော့ဘူး .. ငါ ဘဝပျက်ပြီ သိလား.."

လွမ်း ရဲ့ ပခုံးလေးပေါ် မျက်နှာမှောက်ချကာ ထိန်းချုပ်ထား သမျှ စိတ်ရှိလက်ရှိ ငိုချပစ်လိုက်မိသည်။ လွမ်း သက်ပြင်း တွင်တွင် ချရင်း နှစ်သိမ့်ပေးဖို့တောင် စကားစ ရှာမရနိုင် ..။

ဝင်ဒီ ကတော့ ဆိုင်ထဲ ဝင်သွားလိုက် .. အခန်းထဲ ပြန်ဝင်လာ လိုက် ရှိရင်း ...

"နင် ငါတို့နဲ့ အရင်လိုပဲ လုပ်လို့ ရပါတယ် ဂီတ ရယ် .. အချိန်



နည်းနည်း သည်းခံပြီး ပိုက်ဆံ ပြန်စုပေါ့ .. ပြီးတော့ ဒီငွေတွေ ပြန်မရ နိုင်ဘူးလို့လည်း တွက်လို့ မရပါဘူးဟာ .. ဒီလိုသာဆိုရင် စာချုပ်စာတမ်း တွေကို ဘယ်လိုလုပ် စိတ်ချရတော့မှာလဲ .."

"ဝင်ဒီ ရယ် .. စိတ်ချလို့ မရတဲ့ စာချုပ်စာတမ်းတွေ ရှိလို့သာ လူလိမ်တွေ ခံကြရတာပေါ့ .. ဒီလူ ဖုန်းဆက်လိုက်တည်းက ငါ ခံစား မိလိုက်တာ အလိမ်ခံရပြီ ဆိုတာပဲ .."

"တောက်!... နင် ဘယ်နေရာမှာမှ အဆင်မပြေ ဖြစ်နေရတာတွေ ငါဖြင့် အံ့ဩသလိုတောင် ဖြစ်လာပြီ .. လုံးဝ သေချာခဲ့တာတွေက မသေချာတာတွေ ဖြစ်လို ဖြစ် .. ပျက်လို ပျက် .."

"ဟုတ်ပဟယ် .. ဟိုအရင် ကလေး ပိစိကွေးလေး ဟိုလူထိန်းရ ဒီလူထိန်းရနဲ့တုန်းကတောင် ညဘက် ကွန်ပျူတာသင်တန်းမှာ ဂိုက်ဒ် ပြေးလုပ်လိုက် .. ဆယ်တန်းကျောင်းသားတွေဆီ ပြေးလိုက်နဲ့ လူသာ ပင်ပန်းခဲ့တာ .. ကြိုးစားသလောက် အရာထင်ခဲ့တာပဲ .. ခုကျမှပဲ နော် .."

ထိုစဉ် ဖုန်းသံမြည်လာသဖြင့် ကြည့်လိုက်တော့ ဒေါ်မေညွန့် တို့ အိမ်က ဖုန်း ...။

"ဟဲ့ .. ဘယ်ကလဲ .. ပွဲစား ပြန်ခေါ်တာလား .."

မျှော်လင့်ချက်လေးနှင့် ဝမ်းသာအားရ မေးကြ၏။ ဂီတ က ခေါင်းခါပြ၍ ဖုန်းကိုင်လိုက်၏။

"ဟလို .."

"မေမေ .."

"ဟင်!... သားလေး .."

"မေမေ .. မေမေ့ကို သားသား လွမ်းနေပြီ .."

"သားရယ် .."

မစဲသေးသည့်မျက်ရည်က ဖြိုက်ခနဲ ပြိုကျလာတော့ ချက်ချင်း ...။

www.burmeseclassic.com

www.burmeseclassic.com



လွမ်း တို့ စိတ်ပူသွားကာ ဖုန်းနားကို မျက်နှာတွေ တိုးကပ်လာကြ၏။

"မေမေက သားသားကို လာမခေါ်ဘဲနဲ့ ဘယ်တွေ သွားနေတာလဲ ဟင် .."

"သားရယ် .. မေမေကလေ .."

"ဘွားဘွားက ပြောတယ် .. မေမေက ဟိုးအဝေးကြီးထိ ခရီးသွားနေတာတဲ့ .. ပြန်လာမှာ မဟုတ်ဘူးတဲ့ .. မေမေက သားသားကို ခွဲထားခဲ့ပြီး မသွားဘူးလို့ ပြောတော့ ဘွားဘွားက ဟိုအရင်က မသွားသေမယ့် အခု သွားပြီ တဲ့ .."

သားလေးရဲ့ စကားသံလေးတွေကို နားထောင်ရင်း ဖုန်းကိုင်ထားသည့်လက်တို့က တဆတ်ဆတ် တုန်လာခဲ့၏။

"မေမေ့ .."

"ဟင် .. သား .."

"မေမေက သားသားကို မလွမ်းဘူးလား .."

"လွမ်းတာပေါ့ သားလေး ရယ် .."

"မေမေ ငိုနေတာလား ဟင် .."

"မငိုပါဘူး .. ဒါ .. ဒါပေမယ့် သားလေးအသံ ကြားတော့လေ.. အဟွန်း .. လွမ်းတော့ ငိုချင်တာပေါ့ သားရဲ့ .."

ပြောရင်း ရှိုက်သံပါသွားခဲ့လျှင် ဖုန်းထဲမှာ မား ရဲ့ ငိုသံလေး ထွက်လာကာ ...

"မေမေ့ကို သားသားလည်း လွမ်းတယ် .. ဟီး .. ဟီး .. ဘွားဘွား— ဘွားဘွားကြီး မေမေ့ကို သွားခေါ်ပေး .. ဟင့် .. ဟီး .. ဟီး .."

"ဒုက္ခပါပဲ ဂီတ ရယ် .."

ဟိုဘက်က ကလေးနဲ့ လူကြီးတွေ ဝရုန်းသုန်းကား ဖြစ်ကုန်ကြတာကို ကြားလိုက်ရလျှင် ဝင်ဒီ က ဖုန်းကို ဆွဲလုလိုက်ရပြန်ကာ လွမ်းက ပခုံးကို လာဖက်ပြီး မျက်ရည်တွေ သုတ်ပေး၏။





"တွေ့လား .. ဟိုမှာ ကလေးက နင့်ရှိုက်သံတွေ ကြားသွားပြီး ချုံးပွဲချ ငိုနေပြီ .."

"နင်ပဲ ဒါတွေကို အရမ်း ဂရုစိုက်ပြီး ထိန်းချုပ်ခဲ့တာမို့လား ဂီတရယ် .. မိဘရဲ့ အဆင်မပြေမှုတွေကို ကလေးရဲ့ရင်ထဲ မရောက်စေရဘူးဆို .."

ထိုစဉ် ဖုန်းက မြည်လာခဲ့ပြီး ...

"ညည်း ဘာတွေ အလွမ်းသယ်ပြလိုက်တာလဲ ဂီတ .."

ဖုန်းကိုင်ထားသည့် ဝင်ဒီ မျက်လုံးပြူးသွား၏။ ပြီးတော့ ဂီတ ကြားအောင် စပီကာ ဖွင့်ပေးလိုက်လျှင် ...

"ငါ ပြတ်ပြတ်ပြောလိုက်မယ် .. ညည်း အနေအထိုင်မတတ်တဲ့အတွက် ကလေးကို နောက် ဘယ်တော့မှ မတွေ့ရအောင် ဖြစ်သွားခဲ့ရင်တော့ ငါ မတတ်နိုင်ဘူး .. ဒါပဲ .."

ဖုန်းချသွားတာ တိခနဲ ..၊

"ကြည့်စမ်း .. စကားတွေ ပြောသွားလိုက်တာ .. တစ်ဖက်သတ်ကြီး .."

"အဲဒါပေါ့ .. ကိုယ့်စရိုက် ကိုယ်စားပြီး မယားငယ် အဖြစ်ခံတယ်ဆိုတာ .. ငါ တကယ်ပဲ ဂီတ လုပ်ပုံတွေ သိပ်စိတ်တိုဖို့ ကောင်းတာပဲ..၊ ဒီမှာ ဂရုစိုက်မနေနဲ့ ဂီတ .. သူတို့က နင် ဆောက်ထားခဲ့တဲ့ တိုက်လုံးလေးကို ငှားထားပြီး မြိုးမြိုးမြက်မြက် ရနေလို့ လူဝါးဝနေကြတာ .. ကိုယ်မွေးထားတဲ့ ကလေးက အချိန်တန်ရင် ကိုယ့်ရင်ခွင်ရှိတဲ့ဆီ ရှာဖွေရောက်လာတာပဲ .."

"ဟုတ်တယ် ဂီတ .. ခုပဲ သူတို့ ဘယ်လောက် အချောင်ကောင်းကောင်း .. နင့်အသံ ကြားလိုက်တာနဲ့ ဟိုမှာ ဒုက္ခတွေ များကုန်ကြပြီ.. ကလေးကို ခေါ်ထားစမ်းဟဆိုပြီး လွှတ်လွှတ်ခါခါနဲ့ ပြေးပေးလိုက်.."

"ဘယ်လို!..."



www.burmeseclassic.com

www.burmeseclassic.com



ဂီတ တအံ့တသြ မေးတော့ လွှမ်း က လက်ကာပြ၍ …

"အထင်မလွဲနဲ့နော် .. ကိုယ်ချင်းမစာလို့ ပြောတာ မဟုတ်ဘူး .. မအေထက်ကျော်ပြီး သူတို့က ဘယ်လောက်ကောင်းနိုင်မှာမို့လို့လဲ .. ပြီးတော့ မေတ္တာတရားကို ဒီလို အနိုင်ကျင့် ဗိုလ်ကျယူချင်တိုင်း ရ သလား .."

လွှမ်း စိတ်တွေ တိုနေကာ ဝင်ဒီ ကိုင်ထားလျက်ရှိနေဆဲ ဖုန်းကို ဆွဲယူပြီး ရှိုးကေ့စ်လေးပေါ် သွားတင်ထားလိုက်၏။

"သွား .. ဘယ်ဖုန်း လာလာ မကိုင်နဲ့တော့ .. တစ်နေကုန် လာ သမျှ ဘယ်ဖုန်းကမှ စိတ်ချမ်းသာဖို့ မရှိဘူး .."

"မမလွှမ်း .."

ခပ်ဟဟ တံခါးကြားမှာ ဆိုင်ထဲက မိန်းကလေးတစ်ယောက် ပေါ်လာကာ …

"ဆိုင်ထဲမှာ အစ်ကိုကြီးတစ်ယောက်က လေ .."

သူမက မျက်နှာလေး ရှုံ့မဲ့မဲ့နှင့် ဆံပင်ကိုင်လိုက် .. မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးနေရာတွေ လက်နဲ့ ဝိုက်ပြလိုက်နှင့် ပုံစံတွေ ပြကာ …

"spa လုပ်ချင်လို့တဲ့ .."

"သူ့ဇာ ရယ် .. ယောကျ်ားလေးဆိုင် မဟုတ်ဘူးလို့ ပြောလိုက်ပါ လား လို့ .."

လွှမ်း က ညည်းညူကာ ဆိုင်ပြင်ထွက်လာခဲ့၏။ ကိုယ့်မှာ ဘယ်လို စိတ်ရှုပ် ဖြေရှင်းစရာတွေ ရှိနေပါစေ .. ကက်စတန်မာကိုတော့ ဖော်ရွေ ရမှာပဲမို့ မျက်နှာကို ပြေပြစ်သည့်အပြုံးတို့ တင်၍ …

"ဒီက အစ်ကို့ကို အားနာပါတယ် .. ဟိုလေ .. ကျွန်မတို့ဆိုင်က အမျိုးသမီး မိတ်ကပ် ဆံပင်ပါ .. ပြီးတော့ spa ကလည်း အမျိုးသမီး သီးသန့် ဖြစ်နေလို့ .."

"အမျိုးသမီး သီးသန့်လို့ စာထဲမှာ မတွေ့ပါလား .."





"ဟင်!…"

စီးကရက် မီးညှိနေသည့်မျက်နှာ ဒီဘက် လှည့်လာတော့ လွှမ်း အံ့အားသင့်သွား၏။ ဝင်ဒီ သူမကို ပြခဲ့တာ ဒီမျက်နှာပါပဲ …၊

"ဟိုမှာ ဆိုင်ထဲမှာ ထိုင်နေတာ တွေ့လား .. အဲ့ဒါပဲ .. မနေ့သိုက် တဲ့ .. ဂီတ ကို အပြတ်အသတ် ကြိမ်းဝါးသွားတဲ့လူ …၊ လူကဖြင့် သိုး သုဉ်းသုဉ်း ရှုပ်ပွပွ .. အဲ့ဒါ သူဌေးကြီးတဲ့ လွှမ်း ရယ် .. ကြည့်ပါဦး နင် ယုံလား .." တဲ့ …။

သူမကို ပြထားခဲ့တာ ဒီရက်ပိုင်းလေးမှာပဲ ဖြစ်သည်။ အိမ်ထောင် ရေး နာကျင်မှုနဲ့ လေလွင့်ပြီး တစ်နေရာမှာ ဇာတ်မြုပ်နေထိုင်တာမျိုးက သဘာဝကျသေးသည်။

အခု အားလုံးလည်း ပြီးသွားပြီ …၊ ဟိုအမျိုးသမီးလည်း ထောင်ကျ သွားပြီလား .. ဘာလား မသိ …၊ သူက ဒီပုံစံပဲ ဖြစ်နေတာ ဘာလို့လဲ…၊ ဘကယ် သူဌေးမဟုတ်ဘဲနဲ့ ငွေသုံးနိုင်တာမျိုးလား …။

"ဟော့ .. မေးနေတာ ဖြေလေ .."

"ရှင်!…"

"ကျွတ်!…"

သူကပဲ စိတ်မရှည်ပုံတွေ ဖြစ်နေသေးသည်။

"ဟုတ်ပါတယ် .. ကျွန်မတို့ဆိုင်က အမျိုးသမီး သီးသန့်ဆိုင်ပါ.."

ဒီလူမုန်း သိလိုက်တာနှင့် လွှမ်း ရဲ့အသံက မာကျောကျောလေး ဖြစ်သွားကာ …

"စာတော့ မရေးထားပေမယ့် .."

"စာမရေးထားတဲ့အတွက် ဒီထိ ဝင်လာခဲ့တာလေ .. အဲ့ဒီတော့ ဒီတိုင်းတော့ မပြန်နိုင်ဘူး .."

"ရှင်!…"

"ဒီဆိုင်က ဂီတ ဆိုတဲ့ အမျိုးသမီးကို ခေါ်ပေးပါ .. သူနဲ့ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ် ..."

သူ့မေးဖျားကို လက်ညှိုးနဲ့ ဝိုက်ပြကာ မှန်ရှေ့မှာ အကျအန ဝင်ထိုင်သည်။ လွမ်း စိတ်လည်း တိုသွားကာ အော်ငေါက်ထုတ်ပစ်လို့လည်း မဖြစ်နိုင်တာမို့ ခေါင်းခါရင်းဖြင့် ...

"ဒီမှာ ရှင့် .."

"ငါ မင်းနဲ့ ဆွေးနွေးဖို့ လာတာ မဟုတ်ဘူး .. ဂီတ ကို ခေါ်လိုက်ပါ .."

"ရှင်က ဇွတ်ကြီးပါလား .. ဒါက ကျွန်မဆိုင် .. ဂီတ က ဒီမှာ လုပ်တာ မဟုတ်ဘူး .."

"အခု သူ ရှိနေတယ်မို့လား .."

ကြည့်စမ်း ...၊

ရုပ်တည်ကြီးနဲ့ ဘာရယ်လဲ .. နေ့ခင်းကြောင်တောင် အိမ်ပေါ်တက်ပြီး ပြန်ပေးဆွဲတာလား ...၊

သိုက် ကလည်း စီးကရက်ကို အေးဆေး ရှိုက်ဖွာရင်း လွမ်း မျက်နှာ ဖြစ်ပျက်နေတာကို မှန်ထဲကနေ စူးစိုက်ကြည့်နေ၏။ ပြီးတော့ ခပ်ယဲ့ယဲ့ပြုံးကာ မှန်တင်ခုံပေါ်မှာ စီးကရက်ပြာတွေ ခြွေချပစ်၍ ...

"ငါ ပြောတာတွေ မင်း လုပ်မပေးနိုင်ရင် ဒီဆိုင်ကို ဟောဒီ နောက်က ဘုရားကျောင်းဝိုင်းမြေနဲ့ မလွှတ်ကင်းကြောင်း ရှိခဲ့ပြီးတဲ့ စာရင်းဇယားတွေနဲ့ လွှန်ခဲ့တဲ့ ထောင့်ကိုးရာခုနှစ်ဆယ့်ကိုး .. ရှစ်ဆယ် ပြည့်နှစ်က စီမံကိန်းကို အသစ်ပြန်စလိုက်လို့ ရတယ် .."

"ရှင်!... ရှင် .. ဘာတွေ ပြောနေတာလဲ .."

ဘာတွေမှန်း မသိဘဲ ထိတ်လန့်သွားမိ၏။ အဘယ့်ကြောင့်ဆိုလျှင် သူမတို့ တိုက်တန်းရဲ့ နောက်ကြောစည်းရိုးသည် ပရိယတ္တိစာသင်တိုက် ကျောင်းတော်ကြီးဖြစ်ကာ ဒါကို သာသနာ့နယ်မြေလို့ သတ်မှတ်ခဲ့တာ လည်း ဖြစ်နိုင်သကဲ့သို့ ဟုတ်ချင်မှလည်း ဟုတ်လိမ့်မည်။





ဒါပေမယ့် ကိုယ်က ဘာမှမသိတာကို သူက ခုနှစ်သင်္ကရာဇ်တွေ နေခဲ့၏။

"ဟိုဘက်ထိပ် ရဲစခန်းအလွန်ကစပြီး ဒါက သာသနာ့နယ်မြေ.."

"နေပါဦး ရှင့်ကိုယ်ကို ပေါင်းတင် လျှော်ဖွပ်ဖို့အတွက်က သာ တွေ ဘာဝနာတွေနဲ့ ချည်တုပ် အကျပ်ကိုင်ဖို့ထိ ရေးကြီးခွင်ကျယ် နေတာလား .."

"မင်းတို့က 'ဟင့်အင်း' ဆိုလို့ ပြောပြတာလေ .. ယောကျ်ားဖြစ် .. မိန်းမဖြစ်ဖြစ် အလှပြင်ဆိုင်ရှိလို့ ကက်စတန်မာက လာတယ်.. တွေ ရေးကြီးခွင်ကျယ် ဖြစ်စရာ ရှိလို့လဲ .."

"ဒါပေမယ့် spa တော့ မရဘူး .."

"ဒါဆိုရင် ရေးကြီးခွင်ကျယ် ဖြစ်သွားပြီ .."

"နေဦး .. လွမ်း .."

နောက်က အသံကြောင့် သိုက် မျက်လုံးက မှန်ထဲကို တန်းခနဲ ၏။ သူ့နောက်မှာ ဂီတ ...၊

ခပ်မှဲ့မှဲ့ လှောင်ပြုံးနှင့် သိုက် က အံကြိတ်သည်။

ဟုတ်တယ် ...၊ ထွက်လာစေချင်တာ မင်းကို ...၊

"ကျွန်မ တော်တော် တုံးခဲ့တာပဲ .. လက်စသတ်တော့ ကျွန်မ ိုက်တဲ့နေရာတွေကို လိုက်ပိတ် ဖျက်ဆီးပစ်နေတာ ရှင်ကိုး .."

သိုက် ရဲ့ မတည်မပြုံး မျက်လုံးတွေက ဂီတ ဘက်ကို မလှည့်ဘဲ တာ ဂီတ မျက်နှာကိုသာ စူးစိုက်ကြည့်နေ၏။

"ဒီမှာ နေသိုက် .."

ဂီတ က ခြေလှမ်းကို ပိုမြန်ပြီး သိုက် ရဲ့ဘေးကို ရောက်အောင် ာ ...

"အခု ဂီတ ငွေတွေ အလိမ်ခံရအောင် လုပ်ပစ်တာလည်း ရှင့် ဝဲမို့လား .. ပြောစမ်းပါ .."



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးကို ရောက်လာကာမှ သိုက် က မျက်တောင်ဖျား[..] မှေးစင်းကြည့်လိုက်ပြီး ...

"ဘယ်သူ ဖြစ်နိုင်သေးလို့လဲ .. မင်း သိပ်မတုံးဘူးထင်ရင် [..] ကြည့်လိုက် .."

"ရှင်!... ရှင်က .."

"ငါ့ကို အဲ့ဒီပုံစံ မင်း မကြည့်နဲ့ .."

"အာ!..."

"ဒုန်း .."

"ဂီတ!..."

"ဒီမှာ .. ဒီမှာ နော် .. ရှင်!..."

ဂီတ သူ့မျက်နှာကို ငုံ့မိုးကြည့်ပြီး လက်သိုးထိုး အော်လျှင်[..] လက်ကို ဖမ်းဆုပ်ဆစ်လိုက်ပြီး သိုက် က ဝုန်းခနဲ ထရပ်၏။

ဂီတ ကိုယ်လေး ယိမ်းယိုင်သွားကာ သူက လွမ်း တို့ [..] ကတန်း ပြေးလာကြတာကို လှည့်ကြည့်ကာ ...

"ငါနဲ့ သူ့ရဲ့ ကိုယ်ရေးကိုယ်တာ .. ဘယ်သူနဲ့မှ မဆိုင်ဘူး [..] မပါနဲ့ .."

ဟိန်းဟောက်သည့် လေသံမျိုးလည်း မဟုတ်ဘဲ လှည့်ကြည့်[..] [..]ကြည့်တစ်ချက်နှင့် အာဏာဆန်သော စကားသံတို့မှာ လွမ်း[..] [..]ခဲ့လှမ်းတွေ တုံ့သွားကြ၏။

သို့ပြင် ဆိုင်ထဲမှာ ရှိသမျှ မိန်းကလေးတွေရော .. ကက်စတ[..] [..]တွေပါ တစ်ဆိုင်လုံး တိတ်ကျသွားကြ၏။

"ဂီတ .."

သိုက် က ဂီတ ရဲ့လက်ကို အညှာအတာမဲ့ ဖိညှစ်ဆုပ်ပစ်[..]

"မင်းကို အဆိုးရွားဆုံး ဒုက္ခတွေ ပေးမယ်လို့ ငါ ပြောခဲ့ပြီး[..] အဲ့ဒါတွေ အစ စပြီ .."



"ရှင် လွှတ် .."

သူမ အဆမတန် နာကျင်နေပေမယ့် အသံမထွက်အောင် အံကြိတ် [..]အောင့်ခံရင်း လက်ကိုပဲ ရုန်းနေမိ၏။ သိုက် က မလွှတ်အောင် ဖိဆုပ် [..]ထားတာမို့ ရုန်းလေ နာလေ ...။

"ငါ ခေါင်းလျှော်မယ် .. ပြီးရင် ဆံပင်ညှပ်မယ် .. ပြီးရင် ငါ့ [..]နှာက .."

"လုံးဝ မလုပ်ပေးဘူး .."

"ဟွန်း .. မင်း ခုထိ နားမလည်တတ်သေးရင် စေ့ကြည့်လိုက် [..] .."

"ရှင်နော် .. လက်ကို .. အာ!..."

"ငါ ခိုင်းတာကို လုပ်ရမယ် .. ရန်ငြိုးတွေ ဒေါသတွေနဲ့ မင်းရဲ့ [..]ရှားမှုတွေ ကြမ်းတမ်းရင် .. မင်းကြောင့် ငါ့ဆံပင် .. ငါ့မျက်နှာ [..]သွားရင် ဘာတွေဖြစ်လာမလဲ မင်း သိချင်ရင် စမ်းကြည့်လိုက်.."

"ဒါကတော့ ကိုနေသိုက် .. ရှင်က ကက်စတန်မာလို မလာဘဲနဲ့ [..]မတို့ကို .."

"ထားလိုက်တော့ ဝင်ဒီ .."

လက်က နာကျင်မှုကြောင့် ဂီတ မျက်နှာလေး တစ်ပြင်လုံး နီမြန်း [..]ာ ...

"ကျွန်မလက်ကို လွှတ် .."

သိုက် က လွှတ်ပေးလိုက်သည်။ ပြီးတော့ ဂျစ်ကန်ကန် မာကျော [..] မျက်နှာလေးနှင့် ဂီတ ကို စိုက်ကြည့်ကာ ...

"ဒေါက် .."

လူကို စိုက်ကြည့်ပြီးမှ အိတ်ထဲက ထုတ်၍ ချထားလိုက်သဖြင့် [..]ရာကို ဂီတ မျက်လုံးတွေက လိုက်ကြည့်ပြီးသား ဖြစ်သွားကာ ...

"ဟင်!..."

www.burmeseclassic.com

www.burmeseclassic.com



ထိုအရာသည် ဖုန်းတစ်လုံးဖြစ်ကာ အိပ်ခန်းတစ်ခန်းထဲမှာ အိ
ပျော်နေတာ သားလေး ...၊

"သား .."

ဂီတ မျက်လုံးတွေ ပြူးထွက်မတတ် ဖြစ်သွားလျက် ...

"သား .. သားလေး .."

ဖုန်းကို ဆတ်ခနဲ ကောက်ကိုင်လိုက်ကာ သိုက် မျက်နှာ
အလန့်တကြား မော့ကြည့်၏။

"ရှင် သားလေးကို .. သားကို ဘာလုပ်တာလဲ ..၊ ရှင် ဖမ်း
တာလား ဟင် .. ကျွန်မကို ဒုက္ခပေးချင်လို့ ဒီလိုလုပ်လိုက်တာလား

"ဖမ်းရအောင် ငါက ပြန်ပေးသမားမှ မဟုတ်တာ .."

"ဒါဆို ဘာလုပ်တာလဲ ..၊ သားလေး ဘယ်မှာ အိပ်နေတာ
ဒါ .. ဒါ အမေတို့အိမ် မဟုတ်ဘူး .."

"အဲဒါ ငါ့အိမ်လေ .."

"ဘာ!..."

"မင်းရဲ့သားက သူ့ဟာသူ ငါ့ရှေ့ ရောက်လာတာ .."

"ရှင် မဟုတ်တာတွေ မပြောနဲ့ .."

"တိတ်စမ်း .."

သူ ဂီတ မျက်နှာကို ဖျတ်ခနဲ ကပ်၍ ...

"မဟုတ်တာ ပြောတယ်ဆိုတဲ့စကား မင်း ငါ့ကို ထပ်မပြော
အခု ငါ ပြောတာကိုပဲ မင်း နားထောင် .. ခေါင်းလျှော်မယ် -

"ရှင့် .."

သူမ လက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ခေါင်းလျှော်
အခန်းထဲကို ဆွဲခေါ်သွားခဲ့၏။ လွှမ်း တို့ နောက်က လိုက်ဝင်သွား
မယ့် ဘာလုပ်ရမှန်းလည်း မသိကြ ..။

"ရှင် ခိုင်းတာ လုပ်ပေးပါ့မယ် .. သားလေးကို ပြန်လွှတ်ပေး



းကို ရှင် ဘာလုပ်ထားတာလဲ .."

သူ့ကို ခေါင်းလျှော်ပေးဖို့ ကတုန်ကယင်လေး လှုပ်ရှားနေရင်း
ာ မျက်ရည်တွေ ဝေလာ၏။ သူက ပက်လက်လှဲနေရင်း စီးကရက်
ိုသည်။

ပြီးတော့ သူ့ခေါင်းရင်းမှာ ငုံ့မိုးကြည့်နေသည့် ဂီတ မျက်ဝန်း
တွေကို လှောင်ပြောင်သလို ကြည့်၍ ခပ်မဲ့မဲ့ ပြုံး၏။

"မင်း တော်တော် ရယ်စရာကောင်းတဲ့ မိန်းမပဲ ဂီတ .. မင်းကို
ပေးဖို့အတွက်နဲ့ ကလေးတစ်ယောက်ကို ခုတုံးလုပ်ရလောက်
င် သတ္တိနည်းရင် အခု မင်းရှေ့ကို ငါ ရောက်လာပါ့မလား .."

"မသိဘူး .. ရှင် ဘယ်လိုယုတ်မာတတ်တာတွေ ကျွန်မ စိတ်မဝင်
း .. တစ်လောကလုံးကို တစ်ယောက်မကျန် ခေါင်းဖြတ် သတ်ပစ်
ယ်ဆိုလည်း အဲ့ဒါ ရှင့်ရာဇဝင်ပဲ .. အခု သားက ရှင့်အိမ်ကို ဘာလို့
်နေတာလဲ ..၊ အဲဒါကို .."

"မင်း ငါ့ကို စိတ်ဝင်စားခဲ့တယ် ဂီတ .."

ဆပ်ပြာတွေ ဆေးချပေးနေသည့် ဂီတ လက်ကို စီးကရက်ညှပ်
သည့်လက်နဲ့ ဖမ်းဆုပ်ကိုင်လိုက်ကာ ...

"မင်းကြောင့် ငါ့ဘက်မှာ မထင်မှတ်တဲ့ ပြောင်းလဲ ဆုံးရှုံးမှုတွေ
ခဲ့တာ .. နုနုဇင် ငါ့ကို တောက်လျှောက် ဒုက္ခပေးလာခဲ့ပေမယ့်
ိုက်ချက်ကမှ ပြင်းတာ ..၊ မင်းနဲ့ကျမှ ငါ့သိက္ခာတွေ ရေစုန်
် မျောခဲ့တာ .."

"ဝ မရှိဘဲ ဝိလုပ်လို့ မရဘူး .. အစရှိမှ အဆုံးသတ်ဆိုတာ
တာ .. ကိုယ့်တရား ကိုယ်စီရင်တယ်လို့ မမှတ်ဘဲ မိန်းမတစ်
်ကို ရိုးမယ်ဖွဲ့နေတာ ရှင်ကတော့ တော်တော် မြင့်မြတ်နေတယ်
..

"ဟုတ်တယ် .. အစရှိတယ် .. အဲ့ဒီအစကိုလည်း မင်းပဲ ပေးခဲ့တာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

"အား!..."

လက်ကိုဆွဲလျက် သူ ပေက်ထောက်ပေးလိုက်သဖြင့် ဂီတ ... လေး ရှေ့ကို ငိုက်ခနဲ ပါလာ၏။ ထိုအခါ သူ့မျက်နှာနဲ့ ဂီတ မျ... လေး ကပ်မိမတတ် ရှိနေကာ ...

"အဲဒီကလေးက ငါ့ကို သူတောင်းစားလို ပိုက်ဆံပေးတယ် ... မင်းက ငါ့ကို သူတောင်းစားနဲ့ တူတယ်လို့ ပြောသွားတယ် .. ပြီး... မိန်းကလေးတွေကို ပြန်ပေးဆွဲ ရောင်းစားနေတဲ့ကောင်ဖြစ်အောင် မ... စွပ်စွဲခဲ့တယ် .. ရပ်ကွက်ထဲမှာ ဒီလိုလူ မထားသင့်ပါဘူးဆိုတဲ့ ... သနဲ့ မောင်းထုတ်ပေးဖို့ တောင်းဆိုခဲ့တာလည်း မင်းပဲ .."

"ကိုခနသိုက် .. ရှင့် ပါးစပ်က ပြောပါရှင် .. မိန်းကလေး... ယောက်ကို ဒီလောက် အကြမ်းပတမ်း မနှိပ်စက်ပါနဲ့ .."

သူ တွန်းထိုးဆုပ်ဆွဲနေသဖြင့် ဂီတ အရုပ်လေးလို ဖြစ်နေ... ဝင်ဒီ မကြည့်ရက်တော့ပေ ..၊ ဒါပေမယ့် သူမ စကားကို သိုက်... ဂရုလည်း မစိုက် .. ငဲ့၍တောင် မကြည့် ..။

"အဲဒီတော့ ငါ့ကို စိတ်မဝင်စားခဲ့ဘဲ ဒီလောက်ထိတောင် မ... ဒုက္ခပေးနိုင်ခဲ့တာ .. ငါ့ဘဝနဲ့ ချီပြီး စိတ်ဝင်စားထိုက်နေတဲ့ မ... ငါ ဒုက္ခပေးတာ မတရားတာ ဘာရှိလဲ .."

"ဒါဆို ဖြေရှင်းရမှာ ရှင်နဲ့ ကျွန်မပဲ .. သားကို ဘာလုပ်တာ..."

"အဲဒါ စိတ်ဝင်စားဖို့ မကောင်းတဲ့ မေးခွန်းပဲ .. မင်း အလု... အောင် ဆက်လုပ် .."

မဖြေနိုင်ဘူးဆိုသည့်စတိုင်လ်နှင့် အေးဆေး ပြန်လှဲလိုက်သ... ဂီတ မျက်နှာလေး တင်းသွား၏။ သို့သော် ဝင်ဒီ က ဘေးနားနေ ... ခါပြကာ ဖုန်းကို ထောင်ပြ၏။

သူမ ဖုန်းဆက် မေးမြန်းဖို့ အပြင်ထွက်သွားကာမှ ဂီတ အံ့ဩ...





...င်း ပင့်သက်ရှိုက်၏။ ဒီလူ ဘယ်လိုလူစားလဲ ..၊ ဘယ်လောက်ထိ ...ာ အောက်တန်းကျလာနိုင်သလဲ ..၊

...ဘာကိုမှ မခန့်မှန်းနိုင်သဖြင့် မှိုသိပ် အံကြိတ်ရင်း အခြေအနေကို ...ကြည့်ရုံသာ ရှိတော့သည်။ ကိုယ့်ကို ဒုက္ခပေးသားတာတွေက ...တွေ့ရှိနေပြီဖြစ်ကာ ဝင်ဒီ တို့ကို ခြိမ်းခြောက်လာပြီမို့ ဒါကို ဂရု ...ိုင်ပေမယ့် တစ်ခုခု ဖြစ်လာနိုင်သည်ဆိုသော စိုးထိတ်ခြင်းတော့ ...၏။

...ဆိုခဲ့ လွှမ်း ရဲ့လက်ထဲက ဖုန်းမှာ မက်ဆေ့ချ်ဝင်လာ၏။ လွှမ်း ...ကြည့်ပြီး ဂီတ ဘေးမှာ လာချပေးလိုက်သည်။

...လေးက ရှို နဲ့ အပြင်ကို ပါသွားဘာ ဂီတ ..၊

...တို့ ခုထိ အိမ်ပြန်မရောက်သေးဘူး တဲ့ ..၊

...လေးကို အိမ်တစ်အိမ်မှာ အိပ်ပျော်နေတာ တွေ့တယ်ဆိုလို့ အန်တီညွန့် ...လန့်သွားတဲ့ပုံပဲ ..၊

... ဘာတွေလုပ်နေတာလဲတော့ မသိဘူး ..။

...ရား!... ဘုရား ...၊

...က်ဆေ့ချ်ဖတ်၍ ဂီတ ကြက်သေသေသလို ဖြစ်နေခဲ့လျှင် ...

...ခေါင်းရေစိုကြီးနဲ့ ဒီတိုင်း နေခိုင်းနေတာလား .."

...င်!...

...အသံနှင့်အတူ ဂီတ လက်ထဲက ဖုန်းကို သိုက် က ပက်လက် ...မ်းယူလိုက်ပစ်ပြီး ...

...ခေါင်းစိုနေရင် မနေတတ်ဘူး .. မြန်မြန်ခြောက်အောင် လုပ်...

...ပြောပြီးတာနှင့် လှဲနေရာကနေ ဆင်းရပ်လိုက်၏။

...န်း ပြန်ပေးပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဂီတ သူ့ရှေ့ကနေ ပိတ်ရပ်လိုက်ပြီး ဖုန်းကို လက်ဖြန့်တော
ရင်း ...

"ရှင် ရိုးသားတယ်ဆိုရင် ကလေးနဲ့ ဘယ်လိုပတ်သက်နေတ
ပြောပြပါ .."

"ဘယ်သူက ရိုးသားတာလဲ .."

"ရှင်ပဲ ကလေးနဲ့ အကျပ်မကိုင်ဘူး ဆို .."

သူက မဲ့လိုက်ပြီး အပြင်ထွက်သွားသဖြင့် ဂီတ နောက်က လို
ပြန်ကာ သူ မှန်ရှေ့မှာ ထိုင်တော့လည်း သူ့ခေါင်းကို ဒရိုင်ယာ မှု
ဖို့ လုပ်ရင်းဖြင့် ...

"သားလေး ဘာဖြစ်လို့ ရှင့်အိမ်ကို ရောက်နေတာလဲ .."

သိုက် က မဖြေဘဲ ကိုင်လာခဲ့သည့်ဖုန်းကို ထောင်ကြည့်ပြီး
ဆေ့ချ်ဖတ်နေတာ ရေမစိုက်စွာ အေးတိအေးစက် ...၊

"ဘာဖြစ်လို့ အဘွားကြီးကို သွားမေးတာလဲ .. မင်းရဲ့ ချို
တိုက်ရိုက်မေးပါလား .. ရော့ .."

ချို့ နံပါတ်ကို ခေါ်ပြီးသားပေးသဖြင့် ဒီလူ ချို နဲ့ တစ်ခုခု
သက်ပြန်ပြီကို သိလိုက်ရကာ ...

"ဟော့ .. အလုပ်လုပ်ရင်း ဖုန်းပြော .. မင်းကို ဒီတိုင်း ထိုင်
နိုင်ဘူး .."

"သူ့အစား ကျွန်မ ခဏ ဝင်လုပ် .."

"ဘယ်သူမှ အစားဝင်ပေးဖို့ မလိုဘူး .."

လွှမ်း က ပျာပျာသလဲ ကပ်လာပေမယ့် အနားရောက်မှ
တွန့်ခံရသလို ဖြစ်သွားရှာသည်။ အထဲမှာ နောက်ထပ် ကက်
အဝင်မခံတော့သဖြင့် ဆံပင်စတက်ပ်ခွဲနေသည့် အမျိုးသမီးတစ်
သာ ရှိတော့သည်။

ထိုသူမကလည်း ဂီတ နဲ့ သူ့အရေးကို အစအဆုံး မြင်နေ





ကွဲနေသည့် ဖနီးမောင်နှံ ပြဿနာရှင်းနေကြသလိုထင်ကာ လှမ်းကြည့်
နေပုံက ပြုံးတုံ့တုံ့နှင့် ...

ဂီတ မတတ်နိုင်တော့ပါ ...၊ ဖုန်းကို ပခုံးနဲ့ နားကြားမှာ ကပ်ညှပ်
ကာ သူ့ဆံပင်ကိုလည်း ပြင်ဆင်ပေးရင်း ဖုန်းပြောရတော့သည်။

"ဘယ်လို!... ဘာပြောတယ် ချို .."

"ချို လည်း ဒီမနက်ကပဲ သိတာ .. ချို့ ချစ်သူက အဲဒီ ခနသိုက်
ရဲ့ လက်အောက်မှာ လောင်းရိပ်မိနေတဲ့သူ .."

ကြားနေရတာတောင် ကိုယ့်နားကို မယုံနိုင် ...၊

"ချို့ ကို ကူညီပါဦး အစ်မရယ် .. အလက်ာ့ ကို ဒီလူကြီးက
ချုပ်ကိုင်ထားတာ သိလား .. နနဇင် ဆိုတဲ့ မိန်းမကို ယောက်ျားတစ်
ယောက်နဲ့ အောင်သွယ်ပေးခဲ့တာ အလက်ာ ဖြစ်နေတယ် .."

"ဘာ!..."

"အလက်ာ ပြောတော့ မနု အိမ်ထောင်မကျခင်တည်းက သူ
အောင်သွယ်ပေးခဲ့တာတဲ့ .. အိမ်ထောင်ကျတော့လည်း ကိုကိုကြီးနဲ့
ဖြစ်နေလိမ့်မယ်လို့ မထင်ခဲ့ဘူးတဲ့ .."

"ကိုကိုကြီး ဆိုတာ .."

"ခနသိုက် လေ .. အလက်ာ က အဲဒီလို ခေါ်တာ .. သူ့မိဘတွေ
က ခနသိုက် နဲ့ ကျေးဇူးခံ ကျေးဇူးစားတွေ ရှိနေကြတာတဲ့ .. သူလည်း
အဲဒီလူကြီးကို ချစ်တယ် သိလား .. ရှုပ်ကုန်တာက နနဇင် ပဲ .. အဲ့ဒီ
မိန်းမက ခနသိုက် နဲ့ လက်ထပ်ပြီးကာမှ သူ့ချစ်သူဟောင်းကို ပြန်ရှာ
နိုင်းခဲ့တာတဲ့ .."

ဘာတွေလဲ ...၊ ဒီလင်မယားနဲ့မှ သူမတို့တွေ ဘာဖြစ်လို့ ရစ်ပတ်
ရှုပ်ထွေးနေခဲ့တာလဲ ...။

"နနဇင် ခနသိုက် နဲ့ လက်ထပ်ပြီးကာမှ သူ လုံးဝ မအောင်သွယ်
ခဲ့ပါဘူးလို့ ကျိန်တွယ်ပြောပါတယ် အစ်မရယ် .. နောက်ပိုင်းမှာ ချို



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တွေ့ပြီး ချစ်သူတွေ ဖြစ်ခဲ့တာလေ .. အဲ့ဒီတည်းက သူ နုနုဇင် ကို ရှောင်တိမ်းနေခဲ့တာ တဲ့ ..”

“သူတို့က အစက ဘယ်လို ပတ်သက်ခဲ့တာလဲ ..”

“အဲဒါတွေ မသိဘူး .. နုနုဇင် က အဲ့ဒီချစ်သူကို ရဖို့ ပတ်ဝန်းကျင်ကိုပါ ချုပ်ကိုင်ပြီး စည်းရုံးတာတဲ့ ..၊ အလကာ လည်း အဲဒီလိုလူတွေထဲကပဲ နေမှာပေါ့ .. သေချာတာကတော့ အဲ့ဒီချစ်သူက ရှောင်ပြေးသွားတာ ဖြစ်မှာပါ ..၊ ပြေးတဲ့လူကို လိုက်ရှာခိုင်းပြီး ခိုင်းတာ မလုပ်ပေးရင် ခနသိုက် နဲ့ တစ်ဖက်ကနေ ရှော့ခ်ရိုက်ပစ်မယ်လို့ ခြိမ်းခြောက်ထားတာ..”

ဘယ်တုန်းကမှ အကောင်းနဲ့ မကြည့် .. စကားကောင်းလည်း မဆိုခဲ့ဘဲ ခုကျမှ ချို ပျာပျာသလဲ ရှင်းပြနေတာ ခြေသလုံးဖက်တော့ မတတ်ပင် ..၊

ဒီမှာလည်း ကိုယ် ဘယ်လောက်ထိ ပူလောင် မီးတောက်နေရသလဲဆိုတာ သူမ သိရဲ့လား ..။

“မသိတော့ပါဘူး မမရယ် .. သူ မအောင်သွယ်ခဲ့ပါဘူးဆိုပေမယ့် ခနသိုက် အမြင်မှာတော့ သူ့မိန်းမကို တခြားယောက်ျားနဲ့ ကူညီ အောင်သွယ်ပေးတဲ့ပုံစံ ဖြစ်သွားမှာပေါ့ .. သူ့မိဘတွေကလည်း ခနသိုက် ကို အားနာပြီး သူတို့သားရဲ့ အမှားအတွက် ကြိုက်သလို စီရင်ပါဆိုပြီး သားတစ်ယောက်လုံးကို ခနသိုက် လက်ထဲ အပ်ထားကြတယ် ..”

“သူက အရပ်ကြီးမှ မဟုတ်ဘဲ .. ယုတ်မာချင်တဲ့ယောက်ျားတွေ လက်ကိုင်ထားတဲ့ အကြောင်းပြချက်က အဲ့ဒါတွေပဲ ..”

“မင်း မှားနေပြီ ..”

ပြောလိုက်ရင် အပိုင် ..၊

လုပ်ချလိုက်ပြီဆို ပိုင်စိုးပိုင်နင်း ..၊

ပြောလက်စနဲ့ ဖုန်းကို သိုက် က ဂီတ လက်ထဲက ဖျတ်ခနဲ





ဆွဲယူသွားကာ လူကိုကျတော့ မှန်ထဲကနေပဲ စိုက်ကြည့်ကာ ...

“ယုတ်မာရဲတဲ့လူက အကြောင်းပြချက် မရှာဘူး ..”

“ဟုတ်မှာပေါ့ .. အဲဒါမျိုး ရှင့်လိုလူထက် ဘယ်သူ ပိုသိမှာလဲ..”

“သိတယ် .. ငါက မိန်းမယုတ်တစ်ယောက်နဲ့ ပတ်သက်ခဲ့တာဆိုတာ .. လောကဓံအကြောင်း သိတဲ့လူတိုင်းပဲ လောကရဲ့ဒဏ်(ခံ)ကို ခံကြရလို့ သိကြတာ .. လောကကို ဒဏ်ခတ် ယုတ်မာနိုင်ခဲ့လို့ မဟုတ်ဘူး..”

“ရှင်ကတော့ လောကကို ဒဏ်ခတ်ချင် ခတ်နိုင်မှာပေါ့ .. သူများကို ဒုက္ခပေးဖို့အကွက်တွေ ရှင့်လက်ထဲမှာတော့ ထောင့်စေ့ ဆုံလင်နေတာလေ ..”

“ဒါဆိုရင်လည်း မင်း ခံရမယ့် လောကဓံက ငါ့လက်ထဲ ရောက်လာတာ နေမှာပေါ့ ..”

ပြောပြီး ဖုန်းကို ပါဝါအော့ဖ် လုပ်ပစ်လိုက်ပြီး မှန်တင်ခုံပေါ် တင်လိုက်၏။

“ရပြီ .. မှတ်ဆိတ်ရိတ်တော့ ..”

ဆံပင်ညှပ်ဖို့ မေ့သွားတာလား .. အစတည်းက ဆန္ဒမရှိဘဲ တမင်ပြောတာလားတော့ မသိ ..၊ ခေါင်းခြောက်သွားတာနှင့် နောက်ထပ် အမိန့်ထုတ်သည်။ ထို့ပြင် ...

“ဒေါသတွေ ဖယ်ထားပြီး လုပ် .. ငါ့အသား ထိရှ သွေးစို့သွားရင် မင်း မလွယ်ဘူး ..”

ဂီတ နှုတ်ခမ်းကို ဖိကိုက်ပစ်ကာ သူ နောက်ထပ် စီးကရက် တစ်လိပ် မီးညှိတာကို ရှုံ့ရှာစွာ ကြည့်နေမိ၏။

ဒီမျက်နှာကို ပြုပြင် ရိတ်သိမ်းပေးရမှာ ..၊ စီးကရက်က မီးတရဲရဲ မီးခိုး တလူလူနဲ့ ဘယ်လိုလုပ်ရမလဲ ..။

“ဟော့ .. ဘာလုပ်နေတာလဲ ..”

“ရှင့်စီးကရက် ချထားလိုက်ပါ ..”



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခိုင်းဖို့ မလိုဘူး .. ငါ ခိုင်းတာကို မင်း လုပ် .."

လွမ်း တို့တွေ ခေါင်းခါ ရှုံ့မဲ့လျက် ခပ်လှမ်းလှမ်းကို ရှောင်ထွက်၍ လက်မှိုင်ချနေကြပြီ ဖြစ်၏။

ဒီလူ ဂီတ ကို ဘယ်လိုပုံစံ ဒုက္ခပေးချင်မှန်း မသိပေမယ့် အခြေအနေက သူမတို့နှင့် မသက်ဆိုင်ဘဲဖြစ်နေရာ ...

ဒီလူ မလွယ်ဘူး ...၊

လို့ တိုးတိတ်စွာ ရေရွတ်နေကြ၏။

"ရှင် ကျွန်မကို တစ်ခုတော့ ဖြေစမ်းပါ .. ချို ရယ် ကျွန်မသား ရယ် .. ရှင် အနိုင်ကျင့်လို့ ရနေတဲ့ အလကား ရယ်က ဘယ်လိုတွေ ချိတ်ဆက်ပြီး ရှင့်လက်ခုပ်ထဲ ရောက်သွားတာလဲ ...၊ အဲဒီ ရှုပ်ထွေးမှုတွေထဲမှာ သားလေးက ဘာဖြစ်လို့ ပါနေရတာလဲ .."

ဆံပ်ပြာမှုံ့ပ်တွေကြားက သူ့နှုတ်ခမ်းလွှာတွေ ပြုံးသွားပုံကို ဂီတ ရွံ့ရှာစွာ ကြည့်နေမိ၏။ ထိုစဉ် စီးကရက်တစ်ရှိုက်ကို သူမ ငေးစိုက်နေတုန်း မှုတ်ထုတ်ပစ်လိုက်လျှင် ...

"အဟွတ် .. အဟွတ် .. အဟွတ် .."

ချောင်းတွေဆိုးရင်း ခါးလေး ညွတ်ကျသွား၏။ ခါးအောက်ထိ ပြန့်ဝဲနေသော ဂီတ ရဲ့ ဆံနွယ်ရှည်တွေက မျက်နှာလေးကို အုပ်ကွယ်သွားခဲ့ပြီး ...

"အဟမ်း .. အဟွတ် .. အဟွတ် .."

ထိန်းချုပ်နေရင်း ချောင်းဆိုးနေဆဲ ဖြစ်နေခဲ့လျက် မျက်နှာဆော လာကာ ဆံပင်တွေကို လက်လေးတစ်ဖက်နဲ့ သိမ်းလှမ်းပစ်လိုက်တဲ့အထိ သိုက် က ဂီတ ကိုပဲ မှန်ထဲကနေ စိုက်ကြည့်နေခဲ့၏။

ပြီးတော့ စီးကရက်သောက်နေခြင်းကို ဒီတိုင်း အဆက်မပြတ် ထုတ်လွှတ်နေလျှင် ...

"ဟ .."





ဂီတ က ထိုင်ခုံကို တစ်ဖက်လှည့်ပစ်လိုက်၏။ မှန်ရှိရာအရပ်ကို မျက်နှာမူ၍ စိမ်ပြေနပြေ ကြည့်ရှု ခံနေရခြင်းကို မုန်းတီးစွာ ...၊

"ရှင် ဒီတိုင်းနေမှ အဆင်ပြေမှာ .."

"ကိုယ် အဆင်မပြေဘူး .."

သူ့အရပ်ကြီး ရှည်သလောက် ခြေထောက်တစ်ချက် လှုပ်လိုက်တာနှင့် ကုလားထိုင်က ယခင်အတိုင်း ပြန်ဖြစ်၏။ နှစ်ယောက်သည် တစ်ယောက်က အဖြူဆို တစ်ယောက်က အမည်း ...။

"မင်းစိတ်ကြိုက် နေထိုင်ဖို့ ငါ လာတာ မဟုတ်ဘူး ဂီတ ..၊ အဲဒါကို မင်း သဘောပေါက်မှ မင်းနဲ့ ငါ မြန်မြန် ရှေ့ဆက်လို့ ရမှာ.."

သူ့မျက်နှာက တင်းနေကာ ...

"မင်းကို မှန်ထဲကနေ ထင်တိုင်း ကြည့်နေတယ် ထင်လို့လား.."

"ရှင် ကြည့်နေတာပဲ .."

"ငါ ဒီကိုလာရတဲ့ ရည်ရွယ်ချက်က အဲ့ဒါပဲ .. ဒါပေမယ့် မင်းသီထားဖို့က မင်းနဲ့ပတ်သက်ပြီး ခုထိ ငါ စိုက်ထုတ် ကြိုးစားနေခဲ့တာတွေက မင်း ဘယ်လောက်လှတာ မလှတာပေါ်မှာ ထိုင်ကြည့်နေဖို့ မဟုတ်ဘူး .. ငါ ဘယ်လောက်ရတာ မရတာပေါ်မှာပဲ မူတည်တယ်.."

သူက မဲ့သလို ပြုံးသလို အကြည့်စူးစူးတို့ဖြင့် ...

"မင်း သိချင်နေတာကိုလည်း ငါ မဖြေနိုင်ဘူး .. တစ်ခုရှိတာက မင်းရဲ့လောကစံက ငါ့လက်ထဲမှာဆိုတာ မမေ့ဖို့ .."

သူ ပြန်သွားသည့်အချိန်မှာ ဆိုင်ပိတ်ထားလိုက်ရခြင်းသို့ ရောက်တာ ...

"ဒီလူက ကြောက်စရာပါလား ဂီတ ရယ် .."

"နင်တို့ ငါ့ကြောင့် အဖျားခတ်ခံရတာ ငါ တောင်းပန်တယ်.."

"မဆိုင်ပါဘူးဟာ .. သူ တကယ် ဒုက္ခပေးခဲ့တာမှ မဟုတ်ဘဲ .. ငါတို့ နင့်ကို ဘာမှ မကူညီနိုင်ဘဲ ဒီတိုင်း ကြည့်နေလိုက်ရတာကိုသာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်း ဖြစ်နေမိတာ ..."

လွှမ်း က ဂီတ ငိုချင်နေလျက်နှင့် အံကြိတ်တင်းထားတာကို သိ နေသဖြင့် ပခုံးလေးကို ဖက်ထားလိုက်ပြီး ချော့မော့ရင်း ...

"ငါတို့ သူ့အကြောင်း သိအောင် စုံစမ်းရတော့မယ် ဂီတ .. ကိုယ်က ပြီးသွားပြီထင်ပေမယ့် သူက အငြိုးတကြီး ပြန်လိုက်နေပြီ.."

"မိုဆိုးနေတာ လွှမ်း ရဲ့ .. ငါတို့က ဘာမှမသိရသေးခင် အခု ချို တို့ရော .. ငါ့သားလေးကပါ အဆစ်ပါနေပြီ .."

"မားလေး က အဆစ်ပါတာ မဟုတ်ဘူး .. ငါ့အထင်တော့ မားလေး က အဓိကပဲ .. ဘာဖြစ်လို့လဲဆိုတော့ ကလေးက နှင့်သားလေး အကျပ်မကိုင်ဘူးဆိုတာက သူ အခု ကလေးကို ဖမ်းထားတာ မဟုတ် ဘူးပဲ ပြောတာ.. ကလေးနဲ့ နှင့်ကို အညှာကိုင်မှာကတော့ လုံးဝ သေချာ တယ် .."

"ဟုတ်တယ် .. ခုပဲ ကလေးပုံကို တမင် ထုတ်ပြတာ ကြည့်ပါ လား .. ဂီတ လည်း ဒါကို မြင်ပြီး ပျာယာခတ်သွားတာ .."

"နှင့်ကို ကြောက်အောင် တမင်ပြောတာတော့ မဟုတ်ဘူးဟ .. ဒါပေမယ့် လူတစ်ယောက်က ညစ်တော့မယ်ဆိုရင် ကွယ်ရာကနေ အများကြီး ကြံစည် လုပ်ကြံလို့ ရတယ် .. ငါတို့တွေက မှောင်ခိုဂိုဏ်း ရာဇာကြီးတွေမှ မဟုတ်တာ .. အားလုံးက ဖရိုးဖရိုင်လ်နဲ့ သွားလာ လုပ်ကိုင်နေကြတာလေ .."

"ဟုတ်တယ် .. အဲဒါ လုံးဝ မှန်တယ် .. အခု နင် မသိလိုက်ဘဲ နင် ဆိုင်နေရာ လုံးဝ မရအောင် ပုတ်ထုတ် ဖယ်ရှားပစ်ခဲ့တာလေ ကြည့်စမ်း ..၊ ဒီလူ ဘယ်လိုလူဖြစ်ဖြစ် လက်တုံ့ရှည်တာတော့ အသေ အချာပဲ .."

"ရော့ .. ချို့ ဆီကို နင် ဖုန်းပြန်ခေါ်လိုက် ဂီတ .. အဲ့ဒါတွေ ချို က နင့်ထက် ပိုသိလိမ့်မယ် .."



လွှမ်း က သိုက် ချပစ်ခဲ့တဲ့ ဖုန်းကို ပြေးယူကာ ပြန်ဖွင့်ပြီးမှ ဂီတ လက်ထဲ ထည့်၏။

ဂီတ မျက်နှာလေးကတော့ စိတ်နဲ့ လူ မကပ်ဘဲ ဖြစ်နေသည့်နှယ် မျက်ရည်တို့ ဝေ့သီနေပေမယ့် ဖုန်းကိုကိုင်ပြီး ဘာမှလည်း မပြော ..၊

"ဟဲ့ .. ခေါ်လေ .."

ဝင်ဒီ က သတိပေးမှ ခေါင်းခါ၍ ဖုန်းကို ပြန်ပေးသည်။ ပြီးတော့...

"ငါ သူနဲ့ သွားတွေ့မယ် .."

"ချို လား .. သူ ဘယ်မှာမှန်းမှ မသိဘဲ .."

ထိုစဉ် ဆိုင်တံခါးမှန်ရှေ့မှာ လူရိပ်တစ်ရိပ် ပေါ်လာကာ ဘဲလ်သံပါ ကပ်ပါလာခဲ့ပြီး ...

"မမ .."

ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတဲ့သူက ချို ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"သွားလေရာမှာ ကလေးတစ်ယောက်ပါတော့ တင့်တယ်တာပေါ့ .. ဟုတ်လား .."

"အခုက လိုအပ်လို့ပါ .. အလက်ာ့ ကို ချို က လိုက်ရှာနေရတာလေ .. ကလေးပါတော့ ဝင်ထွက်သွားလာရတာ လွယ်တယ် .."

"ဩော် .."

"ကာဗာ ယူတာမျိုးတော့ .."

"တော်တော့ ချို .. ငါ့ကိုကျတော့ ကလေးအမေ တစ်ခုလပ်မို့ ကလေးနဲ့ တင့်တင့်တယ်တယ် နေပါစေဆိုတဲ့ အတွေးမျိုးနဲ့ စာနာပေးခဲ့တာ မရှိဘူး .."

"မားလေး က ချို အပြင်သွားတိုင်း လိုက်နေကျမို့လို့ သူကိုယ်တိုင်က မနေခဲ့ချင်တာလည်း ပါပါတယ် .."

"ထားပါတော့ .."

သဘာဝမကျတာတွေကို စုပုံ ချောင်ထိုးထားလိုက်ဖို့ ဆုံးဖြတ်လိုက်မိသည်။





ယောက္ခမမိသားစုကို ကိုယ့်မိသားစု ဖြစ်ချင်ခဲ့သည့် အစွန်းရောက်တာတွေနဲ့ သားကို ကိုယ်ကိုယ်တိုင် သွားပြပေးအပ်ခဲ့တာမို့ ကိုယ့်အတွက် ကိုယ့်တာဝန်သာ ..၊

"နင်တို့ကလည်း သားလေးရဲ့ သွေးရင်းသားရင်းတွေပါ .. ရှိပါစေ .. ဒါပေမယ့် ယောကျ်ားတစ်ယောက်နဲ့ သွားချိန်းတွေ့တဲ့ နေရာသားကို ခေါ်သွားတာက .."

"သွားချိန်းတွေ့တာ မှန်ပေမယ့် အလက်ာ နဲ့ ချို က လက်ထပ်ကြတာပါ .."

င်!...

ါကြောင့် ခနှသိုက် ပိုင်ဆိုင်သည့် တိုက်ကြီးထဲမှာ ကလေး အိပ်ရတဲ့အထိ အေးဆေး တွေ့ဆုံခဲ့ကြတာလား ..၊

မီး တစ်ယောက်လုံး ဒီထိ ဖြစ်နေတာကို အမေ ဘာမှ မသိခဲ့ဘူး

"ချို့မှာ ကိုယ်ဝန် ရှိနေပြီ မမ .."

"ဘာ!..."

ီတ ကိုယ်လေး တောင့်မတ်သွား၏။

"ဘယ်လို ပြောလိုက်တယ် .."

ို က ဒီယောက်မကို သိပ်တော့ အောက်ကျို့မခံချင်ပေမယ့် ကိုယ်ရင်ဆိုင်ခဲ့တာ ကိုယ်သာ သိနေတာမို့ ...

"ခနှသိုက် က သူ ပြောပြနေတဲ့ ကိုကြီး ဆိုတဲ့လူမှန်း ချို လုံးဝခဲ့ဘူး .. ကိုယ်ဝန်ကိစ္စကြောင့် သူနဲ့ အရေးတကြီးတွေ့ဖို့ ရှိတာနဲ့တပြင်း လိုက်ရှာနေခဲ့တာပါ .."

ိုယ် သိတာက သူ့နေအိမ်ကိုပဲဖြစ်ကာ သူ့အိမ်ထိ လိုက်သွား အလက်ာ က ပျာပျာသလဲ ထွက်လာပြီး သူ့လူကြီးတွေ မမြင်တစ်နေရာမှာ တွေ့ကြဖို့ စီစဉ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကြီးက ခနသိုက် ရဲ့ ရဲတိုက်ဆန်ဆန် မှန်နက်တွေနဲ့
ရောင်စုံအိမ်ကြီး ဖြစ်နေခဲ့၏။

"ကိုကြီးက ဒီမှာ မနေတာ ကြာပြီ .."

"နိုင်ငံခြား ထွက်သွားတာလား ဟင် .."

"မဟုတ်ဘူး .. ဘယ်မှာမှန်းကို မသိတာ .. ခုတစ်လော
ပြောနေကြတာတော့ ဒီနားမှာပဲ ရှိတယ်တဲ့ .. ပြန်မလာဘဲ
နေတာ .."

"ဒါဆို ဖြုန်းခနဲ ရောက်လာရင်ရော .."

"ကိုကြီးကလည်း လူငယ်တစ်ယောက်ပဲ ချို ရယ် ..
ကိုယ့်ကိုလည်း ညှာပါတယ် .. မေမေတို့ ကိုယ့်ကို အထင်လွဲကြ
ကိုတောင် ကိုကြီးက အေးဆေးပဲ .."

ဒီစကားတွေ ဆိုလာတော့လည်း အထင်လွဲခဲ့တယ်ဆိုတာ
ကိစ္စလဲ မမေးမိ ..၊ ကိုကြီးဆိုတာ နာမည် ဘယ်သူလဲလို့ မေးဖို့
သတိမရ ..၊

တွေ့ခဲ့ ပြောခဲ့တာတွေကို ချို က ခရေစေ့တွင်းကျ ရှင်းပြနေ
နစ်ယောက်တည်း စကားပြောချင်ပါသည်ဆိုပြီး မျှော်စင်ကျွန်း
အတူတူ လာခဲ့ကြတာဖြစ်ကာ ရင်ထဲမှာ သေသတတွေကိုယ်စီနဲ့

ပိုဆိုးတာက ဂီတ ပဲ ဖြစ်သည်။ ချို ပြောပြနေတာတွေကို
စိတ်ဝင်စားပေမယ့် ကိုယ်နဲ့ ဘယ်လို ပတ်သက်ဆက်နွယ်လာခဲ့သည်
တာ မပါသေးသဖြင့် စိတ်စောနေမိသည်။

ထို့ပြင် သားလေးနဲ့ ခနသိုက် ဘယ်လိုတွေ့ဆုံပြီး ခနသိုက်
လို ဆက်ဆံ ပြောဆိုလွှတ်လိုက်သလဲဆိုတာ သိချင်၏။

ခြံစပ်မှာ ကလေးက မသိတတ်လို့ မှားခဲ့တာတောင် ခွင့်မ
တတ်တဲ့လူစား..၊

"နင် ပြောခဲ့တုန်းက ခနသိုက် က သဘောမတူလို့ ဆို -"





"ဟုတ်တယ် .. အဲဒါ ချို့ ကို မမရဲ့ယောက်မမှန်း သိသွားလို့ပဲ.."

"ဘယ်လို!..."

"ကလေးကို မြင်တာနဲ့ ဂီတ ရဲ့သား မို့လားလို့ တန်းမေးတာ.."

ချို က ခနသိုက် ကို မြင်လိုက်ရတာနှင့် အံ့ဩတကြီး ဖြစ်သွားခဲ့
ဖြစ်သည်။ ထို့အတူ ...

"ကိုကြီး .. ကိုကြီး ကျွန်တော်တို့ .."

အလက်ာ ထခုန်မတတ် ပြူးပြူးပျာပျာ ဖြစ်သွားတဲ့ပုံကို ခုထိ
ောင်မိသေးသည်။ ထိုအခါကျမှ အလက်ာ ဒီလူ့ကို ဘယ်လောက်
က်ရှို့ ရှိသေနေခဲ့သလဲဆိုတာ သိသာခဲ့၏။

"ငါ ပြန်မလာတော့ဘူး ထင်ပြီး အပ်ထားခဲ့တဲ့အိမ်ကို မင်းက
နေတာလား .."

ချို့ ကို ကြည့်လိုက်ရင်း မေးတာနဲ့ အထင်လွဲပြီဆိုတာ သိကာ
ာ ကမန်းကတန်း ရှင်းပြ၏။

"အထင်မလွဲပါနဲ့ ကိုကြီးရာ .. ကျွန်တော်တို့က လက်ထပ်ထား
ချစ်သူတွေပါ .. ကိုကြီး သောကများနေတုန်းမှာ မင်္ဂလာကိစ္စ
ာမှ မလုပ်ရပါဘူး .. အိမ်ထောင်ပြုခွင့်လည်း မပြုနိုင်ဘူးလို့
တို့ အမိန့်ထုတ်ထားတာ ကိုကြီး သိပါတယ် .. ဒါကြောင့် မေမေ
သယမဝင်အောင် ဒီနေရာမှာပဲ တွေ့ရဖို့ ရှိလို့ပါ .."

ရှင်းပြလိုက်တော့လည်း ချို နဲ့ ဘေးမှာ အိပ်ပျော်နေသည့် ကလေး
ိုက် အကဲခတ်နေသည့် ခနသိုက် ရဲ့ တုံ့ပြန်မှုက အေးဆေးရှိနေ

"ကျွန်တော်တို့ မယူလို့ မရတော့ဘူး ကိုကြီး .. အဲဒါကြောင့်
တို့ကို ကိုကြီး ပြောပေးရင် ရပါတယ်ဗျာ .."

အလက်ာ က တွင်တွင် ရှင်းပြနေစဉ် ခနသိုက် က မား အိပ်ပျော်
ည့် မွေ့ရာဘေးကို တစ်လှမ်းချင်း လျှောက်သွားနေလျက် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကနေ စီးမိုး ငုံ့ကြည့်၏။

"ကလေးက သူ့အစ်ကိုရဲ့ ကလေးပါ … ကလေးနဲ့ အကြောင်း
ထွက်လာရလို့ ပါလာတာပါ …"

အလက်ာ ရှင်းပြတော့ နေသိုက် က မသိမသာ ပြုံး၍ …

"ဂီတ ရဲ့သား မို့လား …"

ပြဿနာ ကြီးမားသွားပြီကို ထိုမေးခွန်းကြောင့် ချို နားလည်လိုက်
၏။ နေသိုက် ကို မြင်လိုက်တည်းက ကိုယ့်အိမ်နီးချင်းဖြစ်ခဲ့တဲ့လူ
သိလိုက်သလို ဂီတ နဲ့ ပြဿနာရှိခဲ့တာကိုလည်း သိသည်

ဒီလူ ကလေးကိုပါ သိနေတာကျတော့ …၊

"တို့သားအမိအပေါ်မှာ ဒီလူ ဘယ်လိုသဘောထား ရှိနေသ
ဆိုတာ အဲ့ဒီမှာ နင် နားလည်ခဲ့ရမှာ …"

"ဒါပေမယ့် ဘယ်လိုလုပ်ရမလဲ မမ … ချို့ ပြဿနာက ခု
လို့မှ မရတာ … သူ့မိန်းမနဲ့ ကွဲစေတဲ့ပြဿနာမျိုး ဖန်တီးခဲ့တာ
အလက်ာ့ ကို သူ နားလည်ပေးခဲ့တာလေ … မား နဲ့ မမ ကို သိလိုက်
မှ ချက်ချင်း အချိုးပြောင်းသွားတာ …"

"အဲဒါကြောင့် တို့က ရှိုးရိုးဦးတင် တောင်းပန်ပေးရမယ်လို့

"အဲဒီလောက် မလိုလောက်ပါဘူး … ယောကျ်ားလေးနဲ့
သဘာဝကိုက မိန်းမသားက တောင်းပန်နေရင် ဘယ်ယောကျ်ား
တင်းခံမနေနိုင်ဘူး …"

"သူ့ရဲ့ဂုဏ်သိက္ခာကို ဖျက်ဆီးတယ်ဆိုပြီး သူ့ဇနီးဆိုတဲ့ မိန်း
တောင် ခွင့်လွှတ်ခဲ့တာ မဟုတ်ဘူး …"

ချို က ဘာမှမပြောဘဲ နားထောင်နေ၏။

"ဖြစ်ခဲ့တဲ့ပြဿနာမှာ ထိပ်တိုက်ရှင်းခဲ့ကြရတာက သူနဲ့
ငါ့ကို သူ ဘယ်လောက်ထိ ရန်ငြိုးထားနေမလဲ နင် တွေးမိ
တောင်းပန်ပေးဖို့ နင် ပြောရဲသေးတယ် …"



"သူ ခွင့်လွှတ်မလား … မလွှတ်ဘူးလား တွေးကြည့်နေတာထက်
တွေ့ တောင်းပန်ကြည့်လိုက်ရင် …"

"ဆောရီးပဲ ချို … ငါ မတောင်းပန်နိုင်ဘူး …"

"မမ …"

"နံပါတ်တစ် … ငါ့မှာ နင့်ထက်မနည်းတဲ့ ဒုက္ခသောကတွေ ရှိ
ယ် … နံပါတ်နှစ် နင် တောင်းဆိုပုံက ရက်စက်လွန်းတယ် … နံပါတ်
သာ နင်နဲ့ အမေတို့အတွက် ငါ နောက်ထပ် ပေးဆပ်ဖို့ ခွန်အားမရှိ
ဘူး …"

ပေးတာကို ယူခဲ့သည်။ ကျွေးတော့လည်း စားကြ၏။ အတူတကွ
င် ရင်ဆိုင်ဖို့ကျတော့ ကိုယ့်တစ်ယောက်တည်းကိုသာ စည်းအပြင်
အောင် ကန်ထုတ်ခဲ့ကြလေသည်

ပို၍ နာကျင်စရာကောင်းတာက ကိုယ့်ရဲ့ နှလုံးသည်းပွတ်ကို
ယူ ချုပ်ကိုင်ထားခဲ့ခြင်း …၊

"ငါက ဇာတ်လမ်းတွေထဲက မင်းသမီး မဟုတ်ဘူး … သည်းခံနိုင်
ါရမီတွေ ပြည့်နှက်နေတဲ့ ကာရိုက်တာမျိုး ငါ့မှာ မရှိဘူး ချို …
ဉ်တစ်ယောက်ရဲ့ သည်းခံနိုင်တဲ့ အတိုင်းအတာအထိပဲ … နောက်
…"

"ပြတ်သားလှချေလား မမ …"

ချို့ မျက်နှာကလည်း တင်းနေပြီဖြစ်ကာ …

"မေမေနဲ့ မမ အဆင်မပြေခဲ့ကြတာ ချို သိတယ် …"

"နင်လည်း ပါပါတယ် ချို … အားလုံးရှေ့ကနေ ငါ အရှုံးပေး
ခဲ့ရတာပါ …"

"ဒါဆို … ချို က အစ်မ ကလဲ့စားချေခွင့် ရသွားအောင် လာပြီး
ဉ်းပေးသလို ဖြစ်သွားတာပေါ့ …"

ဂီတ က ချို့ မျက်နှာလေးကို စိုက်ကြည့်ပြီးမှ ကန်ရေပြင်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်၏။ ပြီးတော့ ရေပြင်ကို ငေးနေရင်း လေမှာ လွင့်လူးနေသော
ဆံစတို့ကို အသာဖိသပ်၍ ...

"နောက်ဆိုရင် ကိုယ် လိုချင်တာ တစ်ခုကိုပဲ ကြည့်တတ်တဲ့
အကျင့်ကို ဖျောက်ပေါ့ ချို .. ကိုယ် ထင်သလို ပစ်ခွင်းလိုက်တဲ့မြား
ပင်စည်တစ်ခုမှာ စိုက်သွားတာလား .. ခန္ဓာကိုယ်တစ်ခုမှာလားဆို
စိတ်ဝင်စားတတ်ဖို့ပေါ့ .."

"ဒါဆို ချို့ ကို လုံးဝ မကူညီနိုင်ဘူးပေါ့ .."

"ဟုတ်တယ် .."

"ဒီကိစ္စကို မေမေလည်း သိတယ် .."

ဂီတ အံ့သြသွားပေမယ့် တုန်လှုပ်ဟန် မပြဘဲ နေလိုက်၏။

"မေမေက ချစ်မကို ကျေးရွာတင်သွားရင် အားလုံး တစ်ယော
မေတ္တာ တစ်ယောက် နားလည်ပြီး ရှေ့ လျှောက် နွေးနွေးထွေးထွေး
သွားကြရမှာ .. မဟုတ်ရင်တော့ မား ကို အစ်မ ပြန်ရဖို့တောင် မ
ဘူး နော် .."

အနာပေါ် တုတ်ကျသွားသလို ဂီတ ဆတ်ခနဲ လှည့်ကြည့်

"ဘာပြောတယ် ချို .. ဟွန်း .."

နာကျင်စွာ မဲ့ပစ်လိုက်ပြီး ...

"အလျှော့ပေးခဲ့တာကို အရှုံးပေးသွားပြီလို့ ထင်လိုက်တာ
ငါ ကြေကွဲနေရတာ သားကို ပြန်ရမရ တွေးပူနေလို့ မဟုတ်
နှံ့အိုင်ကို ကြာကန်ထင်ပြီး ဆင်းလိုက်မိတဲ့အတွက် ကိုယ့်ကိုယ်
ယူကျုံးမရ ဖြစ်နေတာ .. အခု ထပ်ပြီး မေတ္တာတွေ စေတနာ
အယောင်ပြ စည်းရုံးခံရတော့ ရှက်တယ် .. ကလေးစကား ပြော
တို့က အဲဒီလောက်ထိ မေတ္တာ ဝတ်ကြီးကျခဲ့တာ .."

ရင်ထဲက ဝေဒနာ အစိုင်အခဲတွေ ရှိသလောက် အကုန်လုံး
ပြောလိုက်မိသည်။



ချို ကတော့ အံကလေးကြိတ်၍ ကျန်ခဲ့ပေမယ့် ဂီတ ရင်ထဲမှာ
သွားခဲ့၏။

မထင်မှတ်ဘဲ ပြောခဲ့မိတာပေမယ့် မပြောဖြစ်သမျှ ပြောဖို့လည်း
အားမိမှာ မဟုတ်ပေ ..။

ခုတော့ အရာရာကို အကောင်းတိုင်း ပြန်ဖြစ်ဖို့ မလွယ်တော့ပြီမှန်း
လိုက်ပေမယ့် ..။

"နင် မမှားဘူး ဂီတ .. သူတို့တွေနဲ့ အစောကြီးတည်းက ပြတ်သင့်
တာ .. ဘယ့်နှယ် ခုပဲ ဘီလူးဆိုင်းတီးလိုက် .. ခုပဲ ချေင်းဆိုလိုက်..
ကြာ ပုဏ္ဏကတိုက်တော့မှာ .."

ပြန်ရောက်လာပြီး ပြောပြတော့ လွမ်း တို့က စိတ်တိုနေကြ၏။

"ဘယ့်နှယ်ပဲ .. အနိုင်ကျင့်တာက လွန်ပဲ လွန်လွန်းတယ် ..
မ်းမောင်းနှင်ထုတ်လိုက်တာ မကြာသေးဘူး .. လိုအပ်လာတော့
ချင်း .. နင် ဘာမှ မပူနဲ့ ဂီတ .. နင့်မှာ ဘယ်လောက်ပဲ မပြည့်စုံ
မွေးထားတဲ့ မိခင်တစ်ယောက်က ဘိုးဘွားဦးမင်းလောက်ကို
ပေးရမယ်ဆို ရာဇဝင်တောင် ရိုင်းသွားဦးမယ် .."

"ဟုတ်တယ်.. ကိုယ့်စိတ်နဲ့ကိုယ် ပေးဆပ်တာ မဟုတ်ဘဲ လိုသလို
သုံးချခံရတာလောက် လူညွန့်တုံးတာ မရှိဘူး .. မနေ့သိုက် ကလည်း
ကိုင်ချင်သေးတယ်.. ဒါမျိုးတွေကို လုံးဝ အလျှော့မပေးနဲ့ ဂီတ.."

စိတ်ပျက် ညစ်ညူးဖွယ်တို့သည် ဗုလိုင်မိုးကဲ့သို့ ရွာလျှင်မစဲ တသဲသဲ
..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"မမ .."

"အို .."

ဈေးရှေ့ လမ်းမကြီးမှာ လက်ကိုဆွဲလိုက်သဖြင့် ဂီတ မျက်နှာ
ပျက်သွားကာ ချက်ချင်း ခါချပစ်လိုက်၏။

"မမ နေပါဦး .."

"ငါက ထွက်ပြေးနေလို့လား ကျော် ရယ် .. စကားပြော
ပါးစပ်က ပြောစမ်းပါ .."

"ဟာဗျာ .. မမကလည်း စိမ်းလိုက်တာ .. ကိုယ့်မောင်
ကို .."

မသင့်တော်တာတွေ ဒီလောက် အကြိမ်ကြိမ် ပြောခဲ့တာ

"မင်း ဘယ်က ပြန်လာတာလဲ .."

ပခုံးတစ်ဖက်မှာ ကျောပိုးအိတ်ကြီးက ဖောင်းကားနေ၏၊
တစ်ဖက်မှာလည်း အိတ်တစ်လုံး ဆွဲလျက် ...

"ပြန်လာတာ မဟုတ်ပါဘူး .. ဒီလောက် လံတ်ဆတ်နေ
ခရီးပမ်းလာတာနဲ့ တူလို့လား .."





ဈေးထောင့်ရောက်တော့ တုက္ကစိငှားဖို့ဟာ မငှားဖြစ်ဘဲ ကျော်
နဲ့ ရပ်စကားပြောမိ၏။

"ကျွန်တော် မမနဲ့ မေမေ ကွိုင်တက်သွားကြတာ တစ်နေ့ကမှ
သိတာ .."

"ဘယ်သွားနေလို့လဲ .."

"ဒီလိုပဲ အလုပ်လေးကောင်းမယ် ထင်တာနဲ့ ထသွားလိုက်တာပဲ..
အိမ်မှာနေရင် ကျွန်တော် အလုပ်အကိုင် မရှိတဲ့အတွက် မမပဲ ခေါင်းကြီး
နေရမှာ .. ပြီးတော့ .."

ကျော် က ဂီတ ကို တကယ်ပဲ ခင်နေတာမို့ သူ့မျက်နှာမှာ ရိုး
သားတာ မရိုးသားတာထက် ဂီတ ကို ထိခိုက်နာကျင်စေမှာကို မလို
လားတတ်ခြင်းတွေက ပေါ်လွင်နေ၏။

"မမ အိမ်မှာ မနေဖြစ်တာ ကောင်းပါတယ် .. မေမေတို့က နိုင်ရင်
ဇီချင်တယ် .. ဟိုကောင်မလေးကလည်း ခုတစ်လော ဗွေဖောက်နေ
တယ် .. ပြဿနာဖြစ်လာသမျှ မမ ခေါင်းပေါ်ပဲ ကျမှာ .."

"ကျော် .."

"ပြောလေ မမ .."

"ကားမောင်းနေတုန်းက မင်းပုံစံက လူတော်လူကောင်းလေးမှန်း
သိသာတယ် .."

ကျော် က မျက်နှာမော့ ရယ်၏။ ပြီးမှ ...

"အခု လူပေလူတေပုံ ဖြစ်သွားပြီလား .."

"မဖြစ်ပါဘူး .. ငါက မင်းကို ခုလို လမ်းပေါ်မှာ သွားလာကျက်
စားနေတာမျိုးကို မမြင်ချင်တာ .. ဒါပေမယ့် ငါလည်း ခုချိန်မှာ ဘာမှ
မတတ်နိုင်ဘူး .."

"မမ အမှုဖြစ်လိုက်တုန်းက ကျွန်တော် မြဝတီရောက်နေတဲ့
အတွက်လည်း တကယ် စိတ်မကောင်းဘူး .. အဲဒီတုန်းက ချို နဲ့ မေမေ



www.burmeseclassic.com

www.burmeseclassic.com



မမကို ဘာမှ မကူညီခဲ့ကြဘူးမို့လား ..”

“ငါ မှားသွားတဲ့ကိစ္စကို ငါကိုယ်တိုင် ရှင်းမှ ရမှာပေါ့ .. အဲဒါတွေ ပြောမနေပါနဲ့ .. မင်းကို ငါ အားနာပေမယ့် ခု တစ်ခါတည်းပဲ ပြောချင်တယ် ..”

“ဟင် .. ဘာလဲ ..”

“အမေတို့နဲ့ ငါ ပဋိပက္ခ ဖြစ်ခဲ့တယ် ..”

“အဲ့ဒါ ဘာဖြစ်လဲ .. မေမေတို့နဲ့ မခေါ်တိုင်း မမက ကျွန်တော့်ကိုပါ ဖြတ်တောက်ချင်တာလား ..”

“ငါ့ကို အထင်မြင်သေးတဲ့ မျက်လုံးစိမ်းတွေနဲ့ကြည့်တာ ငါ မခံနိုင်ဘူး ကျော် .. အထူးသဖြင့် အမေက ရင့်ရင့်သီးသီးတွေ ပြောတာတယ် ..”

“ဟား .. အဲ့ဒါမျိုး ပွဲရွှဲ့ချင်တာ .. ဒီမှာ မမ .. စိတ်တော့မဆိုးနဲ့ .. မမကို ကိုကို ဆုံးသွားကာစမှာ မပေါ့မပါးကြီးနဲ့ ဒီတိုင်း နှင်ထုတ်ပစ်လိုက်တည်းက ကျွန်တော့်ရင်ထဲမှာ အချိန်ပြည့် တွေးနေခဲ့တာ မမအကြောင်းပဲ ..”

မျက်နှာတော့ ပျက်သွားပေမယ့် ဂီတ မကြားလိုက်သလို နေသည်။ ကျော် ကလည်း တောင်းပန်သလို တစ်ချက်ကြည့်၍ ...

“ယောကျ်ားတစ်ယောက် ရင်ထဲမှာ ရှိသားတဲ့မိန်းမတစ်ယောက် ကိုယ့်မျက်စိအောက်မှာ နစ်မွန်းသွားတာကို မြင်နေရတာလောက် ခံစားနိုင်တာ မရှိဘူး .. မမကို ကျွန်တော် ဘယ်လောက်ထိ သနားမိသလဲ ဆိုရင် ..”

“အဲဒါတွေ မသိချင်တော့ဘူး ကျော် .. ငါ မင်းတို့အားလုံးရဲ့ရှေ့ကို သနားခံသလို ရောက်သွားခဲ့မိတဲ့အဖြစ်တွေကိုလည်း ဘာမှ မဟုတ်ခဲ့သလို မေ့ပစ်ချင်တယ်.. အားလုံးကို သတိမရချင်တော့ဘူး .. မင်း ငါ့ကို တကယ့်ခင်ရင် လမ်းမှာ နောက်ထပ်တွေ့ကြရင်တောင် မိတ်ဆွေလို





နှုတ်ဆက်ရုံပဲ လုပ်ပေးပါ ..”

“ဟာဗျာ ..”

“ငါ သွားမယ် ..”

“မမ .. မမ ဘာလဲဗျာ .. မား ကို မေမေတို့ ခေါ်ထားလိုက်တဲ့အတွက် အားလုံးကို နာကြည်းနေတာလား .. အဲဒါကြောင့် အတိတ်တွေ ဇာစ္စပ္ပနတ်တွေကိုပါ မေ့လိုက်ချင်တာလား ..”

ကျော် က ဂီတ ဘေးက အတူလျှောက်လိုက်နေလျက်နှင့် ...

“မမ .. ကျွန်တော် မား ကို မမဆီ လာပို့ပေးမယ် ..”

“မလိုဘူး ကျော် ..”

ဂီတ ခြေစုံရပ်ပစ်လိုက်ကာ တည်ငြိမ်အေးစက်သော မျက်ဝန်းတို့ဖြင့် မော့ကြည့်၍ ...

“အထူးသဖြင့် ငါ့အတွက် မင်း ဘာမှ ဆောင်ရွက်ပေးဖို့ မလိုဘူး.. ခင်းဆီက စေတနာ .. မေတ္တာ .. အကူအညီ .. ဘာဆို ဘာမှ ငါ မလိုချင်ဘူး ..”

“ဟား!...”

ခရီးသွားဖို့ ပြင်ဆင်လာခဲ့ခြင်းတွေကို ဒီနေရာမှာပဲ အားလုံး လွှဲပေါက် လွှင့်ပစ်ချင်စိတ်တွေ ဖြစ်သွားကာ ကျော့် မျက်နှာ အကြီးအကျယ် ပျက်ယွင်းနေ၏။ ထိုစဉ် ...

“တီ ..”

“မမ ..”

“အား!...”

ကားတစ်စီး ပလက်ဖောင်းကို လျှောတိုက်ဝင်လာ၏။ ကျော် သာ မဆွဲလိုက်လျှင် ဂီတ ကို တိုက်ချသွားနိုင်တာ လုံးဝ သေချာလေသည်။

“ဟား .. ဟား .. ဟား ...”

“တော်တော်လှတဲ့ အကွက်လေးပဲကွ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. ငါတို့ကို ကျေးဇူးမတင်ဘူးလား .."

ကားထဲက ထွက်လာကြသည့် သုံးယောက်က လက်ခုပ်တီးတဲ့သူနဲ့ .. ရယ်သူက ရယ် .. ခနဲ့တဲ့သူက မခိုးမခန့် ပြုံးလျက် ...

"မင်း လစ်တော့မယ်ဆိုတာ သိလို့ ငါတို့ လိုက်လာတာ .. ဘယ့်နှယ် သူခိုးကြမ်းပိုးလို လစ်မှာကို မိန်းမပါ ခိုးသွားဦးမလို့လား .."

"ဟော့လူ .."

"ဟား .. ဟား .. ဟား ..."

ဂီတ မျက်နှာတစ်ပြင်လုံး ရဲတွတ်သွား၏။ ကျော့် ဒေါသတွေက ပခုံးမှာ ချိတ်ထားသည့်အိတ်ကို ဘုန်းခနဲ ဖြုတ်ချပစ်လိုက်တဲ့အထိ မျက်နှာပြင်သည် စိန်ခေါ်ခြင်းအပြည့်နှင့် ...

"လမ်းမလယ်ခေါင်မှာ သတ္တိတွေ ပြမနေနဲ့ ဟိတ်ကောင် .. ငါတို့ ပစ္စည်း ဘယ်မှာလဲ ပြောလိုက် .. မင်းဘာသာ မိန်းမခိုးရုံမကလို့ နတ်သမီးငါးရာစီးနဲ့ပဲ သွားသွား .. အေးဆေး .."

"မဟုတ်ရင်တော့ မင်းရဲ့ အကြွေပန်းလေးကို .. ဟဲ .. ဟဲ.."

"တောက်!... ဖယ်စမ်း .."

ပခုံးလေးကို မထိတထိ လှမ်းပုတ်လိုက်သဖြင့် ဂီတ တက်ခေါက်မိကာ ထိုလက်ကို တအား ပုတ်ထုတ်ပစ်လိုက်သည်။ ထိုစဉ် ...

"ကျွိ .."

"ဂျိမ်း .."

နောက်ထပ် ဆောင်းကပ်ဝင်လာသည့်ကားတစ်စီးက ရပ်ထားသည့်ကား၏နောက်ပိုင်းကို ပစ်ဆောင့်သွားတာ ပတ်ဝန်းကျင်မှာ ဆူညံသွား၏။

ကားချင်းတိုက်ပြီဆိုသော အဖြစ်ကြောင့် လူတွေလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်လေသည်။ လမ်းဆုံနားမှာမို့ ယာဉ်ထိန်းရဲတွေ ချက်ချင်းရောက်လာကြ၏။





"ဟော့လူ .."

"ဒီကောင်ကွာ .."

"သူ နောက်က ဝင်ဆောင့်တာပါဗျာ .. ကျွန်တော်တို့က ခဏရပ်ထားတာ .."

ရုတ်ရုတ်သဲသဲ အခြေအနေတွေကြားမှာ နောက်ကားထဲက ထွက်လာသည့် လူတစ်ယောက်ကြောင့် ဂီတ မျက်မှောင်ကုတ်ကြည့်လိုက်မိ၏။

နေသိုက် ..။

အနက်ရောင်ကုတ်အင်္ကျီ ဆွယ်တာလည်ကပ်အဖြူရောင်နှင့် မျက်မှန်နက်တပ်ထားသဖြင့် ဖြူဝင်းသည့်မျက်နှာက ထင်းနေသည်။

"ကျွန်တော်က ဘီးပေါက်ပြီး စလစ်ဖြစ်လာတာပါ .. ဒီကားက မှန်မျဉ်းပေါ်မှာ ရပ်ထားတာမို့လို့ တိုက်မိတာ .."

"အံမာ .. နောက်က ဝင်တိုက်ပြီးတော့များ .."

နောက်ပြဿနာကြောင့် ရှေ့ပြဿနာက ကြက်ပျောက်ငှက်ပျောက်ဖြစ်သွား၏။ ဟိုလူတွေ ရဲတွေနဲ့ ရှင်းနေကြစဉ် ကျော် က ဂီတ လက်ကို ဆွဲပြီး လစ်ထွက်ဖို့ ပြင်သည်။

ဂီတ က လက်ကို ထိလိုက်တာနှင့် မဆွဲမိခင် ရှောင်ထွက်လိုက်ကာ ...

"မင်း သွားတော့ .."

သူမရဲ့ အကြည့်တွေကတော့ နေသိုက် ဆီမှာပဲဖြစ်ကာ ထိုပုဂ္ဂိုလ်ကတော့ ဒီဘက်ကို ယောင်လို့တောင် လှည့်မကြည့် ..။

မမြင်တာတော့ မဖြစ်နိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"တကယ်ဖြစ်အောင် လုပ်တော့မလို့လား ဂီတ .. နင် ဖြစ်ချင်တာတွေက ပြောသလောက် မလွယ်ဘူး နော် .."

"ငါ ဖြစ်ချင်တာ မဟုတ်ဘူး ဝင်ဒီ .. သူများဖြစ်ချင်တာကို ဖြစ်ခွင့်မပေးနိုင်တာ .. မကောင်းကြံစည်မယ့်လူတွေက ငါ့ကို မြင်နေသရွေ့ ရပ်တန့်မှာ မဟုတ်ဘူး .."

"ဟာ .. နင် အဲ့ဒါ ခက်တာပဲ ..၊ အမိကက နင် ပြတ်သားဖို့ပဲလေ.. အခု သူတို့ တောင်းဆိုတာကို နင် မလိုက်လျောခဲ့ဘူး.. ပြီးပြီပေါ့.."

"မပြီးဘူး ဝင်ဒီ .. အဲ့ဒါ ငါ သိနေတယ် .."

သနားစဖွယ် မျက်နှာလေးက ငိုစရာမျက်ရည်တောင် ကုန်ခန်းနေပါပြီလို့ ပြောပြနေသလိုပင် ..၊ မိတ်ကပ်ပါးပါးနှင့် အမြဲတမ်း မွှတ်အုနေတတ်သည့် ပါးပြင်လေးတွေက နီရဲပြောင်ချောနေကာ သွေးခြည်ဥမတတ်အကြောမျှင်တွေကို ဒီတိုင်း မြင်နေရ၏။

မျက်တောင်ကော့တို့သည် မျက်ရည်မစဲခဲ့ခြင်းကြောင့် နာလန်မထူနိုင်သော မုန်တိုင်းကြားက ပန်းပင်လေးတွေနဲ့ တူနေခဲ့၏။

"နင်တို့လည်း ငါနဲ့ မျှဝေခံစားနေရရုံတင်မကဘူး ငါ့ကြောင့် နင်တို့ပေါ်ကိုတောင် ရိုက်ခတ်မှုတွေ ရှိလာခဲ့ပြီ .."





"ဒါကတော့ဟာ .."

"ငါ့ကို သူတို့ ပိုမုန်းသွားကြပြီ .. မနေ့သိုက် ကလည်း ငါ့ကို ဒုက္ခပေးချင်နေတယ် .. နှစ်ဖက်စလုံးကြားမှာ ငါ့သားလေးက ပုဆိန်ရိုး ဖြစ်လာတော့မှာ .. အဲ့ဒါတွေက ငါ မရှိတော့ဘူးဆိုရင် အားလုံး ငြိမ်သွားကြမှာပဲ .."

"နင်က ကလေးနဲ့ ခွဲနိုင်လို့လား .. ပြီးတော့ နင့်ကို ငွေထုပ်နဲ့ ရောက်လာလို့ ကလေးကို ချစ်ပြနေတာ ဆိုရင်ရော .."

လွှမ်း က ဖြဲ့နိုင်တာကို ထောက်ပြ၏။

"အမေဖြစ်ဖြစ် .. အဘွားဖြစ်ဖြစ် မွေးထားတဲ့မိခင်ထက်တော့ ပိုမကောင်းနိုင်ဘူး နော် .. ကလေးကို ထားခဲ့ပြီး နင် ထွက်သွားမှ နင့်ကို စော်ကားနှိပ်ချက်တွေနဲ့ ကလေးကို ငြိုငြင်နေကြရင် နင်ပဲ ခံစားရမှာ .."

"သားလေးကိုတော့ သူတို့ချစ်နိုင်ပါတယ်.. သားက ကိုနဲ့ ချွတ်စွပ်နီးပါး တူတာ .. ဘာပဲဖြစ်ဖြစ် ငါ အဆင်ပြေသလို သွားလာ ရှာဖွေနေတဲ့နေရာမှာ သားလေး ပင်ပန်းမှာပဲ .. စိတ်ဓာတ် .. ပညာ အစစအရာရာ ထိခိုက်မှာပဲ ..၊ အမေတစ်ခု သားတစ်ခုဘဝနဲ့ အစက နေတတ်ခဲ့ပေမယ့် အခု မိသားစုနဲ့ ပျော်နေပြီ .. ငါ ဆွဲမထုတ်ရက်ဘူး .."

"ဟုတ်တော့လည်း ဟုတ်ပါတယ်ဟာ .. မအေကို ချစ်လို့ လွမ်းနေတယ်ဆိုပေမယ့် မအေဆီ ရောက်လာရင်လည်း သူ့အဘွားအိမ်ကို သတိရတယ်ဆိုတာ ဖြစ်လာဦးမှာပဲ .. အလုပ်လုပ်ပြီဆိုရင် နင်လည်း သိတာပဲ ဝင်ဒီ .. ကလေးပဲ ဒုက္ခရောက်မှာ .."

လွှမ်း က ချင့်ချိန် စဉ်းစားပေးရင်း ဝင်ဒီ ကိုပါ ရှင်းပြနေလျှင်...

"ဂီတ က ကြိုးစားတယ် .. စုတတ် ဆောင်းတတ်တယ် .. ဘယ်နေရာမှာ အလုပ်သွားလုပ်ရင် သူ အဆင်ပြေမှာပါ .. ပြီးတော့ သိပ်လည်း ခရီးဝေးတာမှ မဟုတ်တာ .. တစ်နှစ် နှစ်နှစ်လောက်တော့ သွားပါစေဟာ .."



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲဟာ .. သားလေးကို စောင့်ရှောက်ပေးပါ .. ငါ အခု သွားမှာလည်း သားလေးရဲ့ နောင်ရေးအတွက်ပါ .. ပြီးတော့ ငါ သားလေးနဲ့ အတူတူ ပြည့်ပြည့်စုံစုံ နေချင်လို့ .."

"အေးလေ .. ဒါပေမယ့် ကလေးကိုတော့ နင် နှုတ်ဆက်သွားရမယ် .. အဝေးကို စီးပွားသွားရှာမှာဆိုတာလည်း အခု ငါတို့ကို ပြောသလို ကလေးကို ပြောပြသွားရမယ် .. ဒါမှ သူတို့တွေ ကလေးနဲ့ နင့်ကြားမှာ သွေးထိုးလို့ မရမှာ နော် .."

"အေးပါ .."

"ပြောလို့ရတာ မဟုတ်ဘူး .. နင့်ယောက္ခမက အသက်သာကြီးတာ .. တစ်ဆယ်သားနဲ့ ချိန်ခွင် မဆုံအောင် ပွထနေတဲ့ ဝွမ်းထုပ်ကြီး .."

ဒေါ်မေညွန့် ကတော့ သူမကို လူတွေ ဘယ်လိုထင်ထင် .. ဘာတွေပြောပြော နားလည်း မစွင့် .. ဂရုစိုက်တတ်တဲ့အကျင့်တွေလည်း ပျက်ခဲ့ပြီမို့ ကိုယ့်အတွက် အလိုအပ်ဆုံးသည်သာ အဓိကအဖြစ်နှင့် —

"တကယ် အဲဒီလောက်တောင် ချမ်းသာတာလား .."

"ဟုတ်တယ် မေမေ .. တိုက်ကြီးကလေ ကြမ်းခင်းကိုက သလင်းကျောက်တွေ ကျနေတာပဲ .. ဘယ်လိုပစ္စည်းတွေနဲ့ ဘယ်လောက်တောင် အကုန်ခံထားသလဲ မသိဘူး .. ကြည်လဲ့ပြီး အေးနေတာပဲ — အတွင်းဒီကရေးရှင်းတော့ ဘာမှ သိပ်မရှိပါဘူး .. ကြည့်ရတာ အားလုံး သိမ်းထားတဲ့ပုံပဲ .. ဒါပေမယ့် လေ့ကားကြီးက အရမ်းလှတယ် .. လူမနေပေမယ့် အမြဲ သန့်ရှင်းထားမှန်းလည်း သိသာတယ် .. ဒီလူ အဲဒီလောက် ချမ်းသာတာတောင်မှ .."

" 'မရှိ ရှား .. ပေါ များ ..' တဲ့ .. ၊ မရှိရင် ပိုရှားတယ် .. ပေါနေတဲ့လူတွေမှာပဲ ပေါပြီးရင်း ပေါ .. များပြီးရင်း များ .."

"မဟုတ်ဘူး မေမေရဲ့ .. သူ ဒီနားမှာ လာနေတဲ့ပုံကို ကြည့်လေ—





အဲဒီလိုလူပါလို့ ဘယ်သူက ထင်မှာလဲ ..၊ မိန်းမကို ချစ်လွန်းလို့ ည်းကွဲသမားကြီး ဖြစ်သွားတာဆိုရင်တောင် သဘာဝကျသေး — အခု မနုနုဇင် က တကောက်ကောက်လိုက်နေတာကို သူက သားနေတာ .."

ဒေါ်မေညွန့် က ကြားထားသည့် စကားတွေရော .. သမီး ပြောပြတွေပါ ရောထွေးပြီး စဉ်းစားနေခဲ့၏။ ဒီလိုပုံစံနဲ့ နေပေမယ့် သူများ စီးပွားရေးကို လက်ညှိုးထိုးလိုက်ရုံနဲ့ ပျက်စီးပြီးသား ဖြစ်သွား င်တောင် သင်းက လုပ်နိုင်ခဲ့တာပဲ ..၊

ဒါဆိုရင် ကိုယ့်သမီးက သူ့ငွေသားပါဆိုပြီး တမ်းတမ်းစွဲ အထင် ခဲ့တဲ့ အလင်္ကာ က ဘာလဲ ..၊

"အလင်္ကာ က ဘာမှမဟုတ်တဲ့ ကောင်လေးပေါ့ .."

"သူ့အမေကလည်း ရွှေဆိုင်ကြီးနဲ့ ပွဲရုံလုပ်ငန်းတွေနဲ့ပဲ မေမေ — ဆင်းရဲတာမှ မဟုတ်တာ .. မနုသိုက် ကတော့ သူကိုယ်တိုင် ဦးဆောင်နိုင်တဲ့အရွယ်လေ .. အစစအရာရာ ကွာမှာပေါ့ .."

"ချို .. အမေ သိချင်တာက ဘယ်သူ ပိုချမ်းသာသလဲဆိုတာ ဘူး .. သမီး ဒီလောက်ပြောလိုက်တာနဲ့ ဒီယောကျ်ားနှစ်ယောက် ယှဉ်ကြည့်သင့်တဲ့လူတွေ မဟုတ်ဘူးဆိုတာ အသိသာချည်း .."

ချို့ မျက်နှာလေး မဲ့သွားသည်။ ဒေါ်မေညွန့် မှာ တော်တော်ကြီး ကျနေပုံ ဖြစ်နေခဲ့လျက် ...

"ငါ အစတည်းက မိဘအရိပ်အောက်ကနေ ဘယ်တော့မှ ခွဲထွက် ရှိတဲ့ ညည်းရဲ့ အလင်္ကာ ကို သဘောမကျခဲ့တာ.. ဒါပေမယ့် မိဘ အဝါက မက်လောက်စရာ ရှိနေတယ်ဆိုတော့ .."

"မေမေရယ် .. ခုလည်း မနုသိုက် က တစ်ကောင်ကြွက် ဆွေမျိုး — သူတို့မိသားစု မနုသိုက် ကို ငြင်မခံရဲကြဘူးဆိုတည်း မနု ဘက်က မျှော်လင့်ခွင့် ရှိ .."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ချို .."

ဒေါ်မေညွန့် စိတ်ညစ်နေသည့်ကြားက ဒေါသဖြစ်သွား

"သူဌေးသားကို ယူနိုင်ရင်တောင် မိဘက သဒ္ဓါမှ ဆွေမတော် မျိုးမစပ်တဲ့ သူစိမ်းဆီက ပေးနိုးနိုး ကမ်းနိုးနိုးကို ပြီးတော့များ ညည်းက အိမ်ထောင်ပြုမယ် ဟုတ်လား .."

"မေမေ .."

"ငါ သိတယ် .."

မယူမဖြစ် ယူရတော့မယ့် အခြေအနေဆိုတာကို မသိလို့ ပေ ..၊ ဒါကြောင့်လည်း ဒေါ်မေညွန့် ပိုပြီး နာကျင် ခံစားနေ ဖြစ်သည်။

သားသမီးတွေကို အလိုလိုက်ခဲ့မိသည်။ အကြီးဆုံးသားက ကြိုးစားပြီး မိဘစီးပွားရေးကို ယုတ်လျော့ ကုန်ခန်းခြင်း မဖြစ် ထိန်းသိမ်းနိုင်ခဲ့ပေမယ့် သူမကတော့ အငယ်တွေကို အလိုလိုက် ဆောင်ရင်း မိခင်တစ်ယောက်၏ ကွပ်ကဲထိန်းချုပ်မှုတွေလည်း လျော့ရဲဖြင့်သာ ..၊

"ငါ ဝင်္ဌလိုက်တာ .. သူများသားသမီးကို ငါ မျိုးရိုးမျှစ်ချိုး လို့ .. ကိုယ်မွေးတဲ့ သမီးက သင်ခန်းစာ ပြန်ပေးတာပဲ .."

မခံစားနိုင်သည့်အဆုံးမှာ နှုတ်မှ ဖွင့်ဟရေရွတ်မိ၏။ ထို ကို စူးစူးစိုက်စိုက် ကြည့်နေမိလျက် ....

"ဝဋ်ကြွေးကို ပြန်ဆပ်ရပြီဆိုရင် နှစ်ဆ ပြန်ခံရတယ်တဲ့ ကြောင့်ပေါ့ .. ဂီတ က ငါ့ကြောင့် ကလေးငယ်လေး ကြီးပြင်းတဲ့ အထိန်းအကွပ်မဲ့ ဒုက္ခပင်လယ်ဝေခဲ့ရပေမယ့် ကလေးက အဖေ ရှိတယ် .. ငါ့သမီးကတော့ .."

"အလက်ာ က ချို့ အတွက် ဘာမဆို ရင်ဆိုင်မယ့်သူပါ

"ဘာ!..."





"လောလောဆယ် အခြေအနေလေး တစ်ခုပါပဲ .."

"အခြေအနေ အချိန်အခါဆိုတာကို ကြည့်တတ်ရင် မှားသင့်တာ.. င့်တာကိုလည်း တွေးခဲ့ရမှာပေါ့ .. စိတ်အလိုလိုက်ခဲ့တုန်းက ယ်လေး .. အခုမှ .."

"အဲ့ဒါက ချို နဲ့ တိုင်ပင်ထားကြတာပါ မေမေရယ် .. ချို့ မှာ ဘာမှ အထုပ်အထည် မပါနိုင်ဘူးလေ .. သူ့မှာလည်း မိဘက င် လက်ဖဝါး ခြေဖဝါးအတိုင်း ကျောကော့ဆင်းလာရမှာကို နိုမိုး ထရံကာနဲ့ မနေနိုင်တာ .."

စာတ်ထဲမှာ ကြားဖူးသလိုမျိုး တိုက်ကြီးမက်တော့ ဗိုက်ကြီး ာပေါ့ ..၊ ခုတော့ ဖုံးဖိမရနိုင်သည့် ပြဿနာအတွက် အခြေအနေ အခါကို ကြည့်ပြီး ဘယ်လိုရှင်းကြမလဲ ..။

"နေမမ်းပါဦး .. ခုန ပြောသွားတဲ့ထဲမှာ ကလေး အိပ်နေတာကို က မြင်သွားတယ်ဆိုတာ .. ညည်းက ကလေး အိပ်ပျော်သွား အောင်ပဲ အိမ်က ထွက်သွားတဲ့အချိန်ကစပြီး ပြန်လာတဲ့အထိ င်ခန်းထဲမှာပေါ့ .. ဟုတ်လား .."

ဘယ်လိုစိတ်ကူးတွေ ထဖြစ်ပြီး ကောက်ခါငင်ခါ မေးလိုက်မှန်း

"ဟို .. ချို က .."

"သူနဲ့ လက်ထပ်ထားပြီးသားမို့လို့ ဘယ်နေရာမှာတွေ့တွေ့ အချိန် လောက်ကြာကြာ အားလုံး တင့်တယ်တာပဲလို့ ထင်နေတယ်ပေါ့.."

"မဟုတ်ပါဘူး .."

"ရှက်ဖို့ကောင်းလိုက်တာ ချို ရယ် .. စာချုပ် နှစ်စောင်လေးနဲ့များ ို မယားလိုတွေ နေနေရတယ်လို့ .. ညည်း .."

ဒေါ်မေညွန့် နေရာမှ ဆတ်ခနဲ ထရပ်လိုက်ကာ ထဘီစတစ်ဖက် ခြေလှမ်းပြင်လိုက် ပြန်လှည့်လာလိုက်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ ကတုန်ကယင် ထဖြစ်လာတာကို ထိန်းလို့ မရနိုင်

"ညည်း ဒီလောက် သိက္ခာမဲ့နေမှတော့ ဘယ်ယောက်
အထင်တကြီး တန်ဖိုးထားတော့မှာလဲ ..၊ ဟိုက ဘယ်လိုသတ္တဝါ
သူယူမယ့် မိန်းမကိုတော့ တန်ဖိုးကြီးတဲ့ မိန်းမမျိုးကိုပဲ လိုချင်မှာ
ညည်းကို လက်ထပ်ပြီး ရိုးမြေကျ ပေါင်းသင်းသွားရအောင် ညည်း
မှာ ဘာများ မက်စရာ ရှိတော့လို့လဲ ဟင် .."

"မေမေကလည်း ဘာမှ မထူးတော့တဲ့ဟာကို.. ခုမှ ဘာလို့
ကြီး ခံစားနေတာလဲလို့ .."

"ညည်းကိုယ်မှာ အကြီးကြီး ထဖြစ်လာတော့မှာကို ငါ
မထူးစိတ်ပိုက် နေရမှာလဲ .. တစ်ခါတလေ မှားမိခဲ့ပြီး နိုးစားမှ
မျိုးကို ဖြေလို့ ရသေးတယ် ..၊ ညည်း မှားနေတာက မှားမိတာ
ဘူး .. မှားနေတာလို့ မထင်ဘဲ ပျော်ပျော်ကြီး ကျူးလွန်နေတာ
တားနေတည်းက နောက်ဆုတ်ခဲ့ရင် ခုလို ဖြစ်မှာ မဟုတ်ဘူး

လူငယ်တွေလိုသာ ခြေဆင်းပြီး ငိုပစ်လိုက်ချင်မိတော့သည်
သိုက် မရှိသည့် တိုက်ကြီးထဲမှာ သင်းတို့က ကိုယ့်အိမ် ကိုယ်ရာလို

"မေမေ့ ဖုန်း ထင်တယ် .."

ဆူခံထိနေသဖြင့် ဖုန်းမြည်သံကို ကြားလိုက်သည့် ချို့
လေး ဝင်းထိန်သွား၏။ ဒေါ်မေညွန့် က မသွားဘဲ သူမကိုပဲ စိုက်
နေလျှင် ကိုယ်တိုင် ထယူပေးကာ ...

"ကိုလေး မေမေ .. ကိုလေးရဲ့ ဖုန်း .."

အရေးအကြောင်းဆို သားက အိမ်က ခွာဖို့ ပြင်သည်။
ပြောဆိုမရ ..၊ လိမ္မာတဲ့သားကျတော့ အသက်မရှည် .. ကိုယ့်လို
ခြင်းအဖြာဖြာနဲ့ ပြည့်စုံတဲ့ ကုသိုလ်ကံမျိုး ဘယ်မှာရှိနိုင်မလဲ

"သားငယ် .. မင်း ဘယ်က ဆက်နေတာလဲ .."

"ကျွန်တော် အလုပ်ကိစ္စ အဆင်ပြေဖို့ရှိလို့ ခရီးသွားရမယ်



"ဖြစ်ရလေ သားရယ် .. ဂီတ ရှာပေးထားတဲ့ကား မရှိတော့တာနဲ့
ဘဝကြီး လူဖြစ်ရှုံးသွားပြီလား .."

"ကျွန်တော် အလုပ်လုပ်ချင်တာကို မေမေကတောင် ဝမ်းသာရမှာ
အဲ့ဒါတွေကို ပြောမနေပါနဲ့တော့ .. မေမေတို့အိမ်မှာ မမလည်း
တော့ဘူး.. ကျွန်တော်လည်း အလုပ်လက်မဲ့ ဖြစ်သွားပြီ.. ရှေ့လျှောက်
ညစ်နေဖို့တွေချည်းပဲ .."

"ဒါဖြင့် တို့တွေက အစတည်းက မင်းနဲ့ ဂီတ ရဲ့လုပ်စာကို မျှော်
စားသောက်လာခဲ့ရတာပေါ့ .."

"အစက မပြေလည်ခဲ့ဘူးလေ .. အခု အိမ်ငှားလခနဲ့ အဆင်ပြေနေ
ထိ မမ လုပ်ပေးသွားတာပဲ .."

"သားငယ် .."

"မေမေ ပြောလို့ ပြောပြတာပါ .. ပြီးတော့ အခု တစ်ယောက်ကို
ယောက် ငဲ့ညှာတဲ့အနေနဲ့ မမကို အိမ်မှာပြန်နေဖို့ ခေါ်လိုက်ပါ.."

"ဘာ!..."

"မမက မိန်းမသားတစ်ယောက်တည်း မေမေ .."

"အဲ့ဒီတစ်ယောက်တည်းက ငါတို့ထက် ငွေရှာနိုင်တယ် ကျော်..
တော့ တို့အိမ်ကို ရောက်မလာခင်တည်းက သူ့မှာ တိုက်ခန်းနဲ့ အခြေ
နဲ့.. ပြောလိုက်ရင် 'အားကိုးရှာချင်လို့ မဟုတ်ဘူး'ဆိုတာက ထိပ်က"

"အဲ့ဒါတွေ ထားလိုက် မေမေရာ .. မမကို မေမေ မခေါ်ချင်ပေ
သူ့ကို မိသားစုလို လက်ခံခဲ့ပြီးပြီ .. အလုပ်အကိုင် အဆင်မပြေကာ
ချင်းကြီး ဘာမှမဆိုင်ဘူး ထလုပ်တာ မကောင်းပါဘူး .."

"ကောင်းတယ် .. သူ တော်တာတွေ ငါ မျက်စိစပါးမွေး စူးတယ်
.. ခုလိုလုပ်မှုကို ကောင်းသွားတာ .. သူ ဒီမှာ နေနေသမျှ လူတွေ
လောက်အောင် ရက်ရောပေးကမ်းနေတာတွေကလည်း အ
တာက်တွေပဲ .. ဒါတွေကြောင့် ငါသား လူပျိုကိုလည်း ပုဝ်းတ်မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး ..”

“ဟား!...”

“ကျော် .. မအေကို မင်း ဘာမှ မိကျောင်းမင်း ရေခင်းပြ
မလိုဘူး .. အခု အိမ်ကို ပြန်လာခဲ့ဦး .. ခရီးသွားမယ်ဆိုလည်း ဖုန်း
ဆက်ပြောတာနဲ့ ပြီးရတယ် .. ပြန်လာပြီဆိုလည်း သူများက
သိရတယ် ..၊ အခု ခရီးသွားမယ်ဆိုရင် အိမ်ကနေ သွား ..”

“မလာချင်ဘူး မေမေ .. အခု မားလေး ရှိနေလား .. က
ပြောချင်လို့ ..”

မား ..၊

ငါ့မြေးလေး ဘယ်ရောက်သွားလဲ ..၊

ဖုန်းကိုင်ထားရင်း မျက်လုံးက ဟိုဒီ ရောက်သွား၏။

“မေမေ့ ..”

“မား .. မြေးလေး အိပ်နေတယ် ..”

အလွယ်တကူ ဖြေလိုက်တော့ ကျော့် အသံ ခဏ တိတ်သွား
ပြီးမှ ...

“မမက တစ်ယောက်တည်း အထီးကျန်နေရှာတာ ..
သူ့အမေနဲ့ ပြန်ထည့်ပေးလိုက်ပါလား ..”

“ဘာ!... ပြောတယ်ကွ ..”

“ဖြစ်သင့်တာကို ပြောနေတာ မေမေ .. သူက မိသားစု
မှုကို မက်လို့တောင် ခြစ်ခြုတ် ကြိုးစားပြီး မေမေ့ဆီ ရောက်
လာခဲ့တဲ့သူပါ ..၊ မေမေက သူ့သားလေးကိုတောင် အနိုင်ကျင့်
လိုက်သေးတယ်ဆိုရင် ..”

“မင်းက မအေကို ပြောတယ် .. ဟုတ်လား ..”

“ကျွန်တော်က ..”

“အိမ်မှာ တစ်နာရီပြည့်အောင် မနေတဲ့သူက ကိုယ့်အိမ်မှာ



ဖြစ်နေလဲဆိုတာရော မင်း သိရဲ့လား ..”

“အမြဲတမ်း ဖြစ်နေတာတွေကို ကျွန်တော် စာရင်းပြုစုထားရင်
နိုင်မှာ မဟုတ်ဘူး .. အခု မေမေက ကျွန်တော့်ကို ပြန်လာစေ
တာလား.. အိမ်မှာရှုပ်ယှက်ခတ်နေတာတွေကို ပြောပြချင်လို့လား..”

“မင်းကရော ကိစ္စကို သတိရလို့ ဖုန်းဆက်တာလား .. ဂီတ တို့
အမိအတွက် ဟီးရိုး လုပ်ချင်တာလား ..”

“မေမေ့ဘာသာ ထင်ချင်သလို ထင် မေမေရာ .. ကျွန်တော်လည်း
ပြဿနာနဲ့ ကိုယ် အရေးကြီးနေတာ .. တစ်ခုပဲ မေမေ့ကို ပြောချင်
.. မမကို မေမေ မချစ်နိုင်ဘူးဆိုတာ ကျွန်တော် သိတယ် .. ဒါ
..”

“အိမ်ကို ခေါ်မထားနိုင်ဘူး ကျော် .. မြေးလေးကိုလည်း မပေးနိုင်
”

“ပြီးတာပဲ မေမေ .. ကျွန်တော်လည်း မေမေ့ဆီ ဘယ်တော့မှ
လာတော့ဘူး ..”

“ဘာ!...”

ဒေါ်မေညွန့် အံ့ဩခြင်း၏နောက်မှာ ဒေါသတွေပွက်ပွက်ဆူသွား၏။

“ဘာပြောတယ် ကျော် .. မင်း!... ကျော် .. ဟဲ့ .. တောက်!...”

ချုန်းချသွားပြီဖြစ်သည့် ကျော့် ကို ပြေးခုန်ဆွဲထားတော့မတတ်
ရဲ့ ဖြစ်ကျန်ခဲ့ရင်း တက်ခေါက်မိ၏။

သားက တစ်မျိုး .. သမီးက တစ်မျိုး ..၊ တစ်ယောက်ကိုမှ သူမ
ချုပ်ကိုင်နိုင်စွမ်း မရှိခဲ့ ..။

“မညွန့် .. မားလေး အိမ်ပေါ်ထပ်မှာ မရှိဘူး ..”

“ဘာ!...”

ဒေါ်ဦး က ပန်းသီးစိတ်တွေ ထည့်ထားသည့်ပန်းကန်လေးနှင့်
ပေါ်က ဆင်းလာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ခြံထဲ သွားကြည့်လိုက်ဦးမယ် နော် .."

ဒေါ်မေညွန့် နဲ့ ချို တို့ အကြည့်ချင်း ဆုံသွားကြသည်။ ချို
ခေါင်းခါ၍ ...

"ချို နဲ့ ပြန်ပါလာတည်းက အိမ်ပေါ်တက်သွားတာ .."

"သိတယ် ..ညည်း အခု ဝတ်စားပြီး ပြန်ဆင်းလာတော့ .. အ
ထွက်ဦးမှာပဲ ထင်ပြီး ခြံထဲက ဆင်းစောင့်နေသလားမှ မသိတာ -

"မဟုတ်လောက်ပါဘူး .. ချို က အပြင်သွားမယ်ဆိုရင် မ
အရင်ကပ်ပြောပြီး ရေချိုး အဝတ်စား လဲခိုင်းထားနေကျ .."

"ကျွတ် .. ငါတော့ သေချင်တာပါပဲ .. ငါ့ကိုယ်ငါ ဘာတွေ
နေမှန်းကို မသိတော့ပါဘူး .."

"ချို ကိုယ်တိုင် သွားရှာလိုက်မယ် မေမေ .. ကိုယ့်အိမ်မှာ
ဟာ ပူမနေပါနဲ့ .."

ချို ထွက်သွားဖို့ ပြင်လိုက်လျှင် ဒေါ်မေညွန့် ရဲ့ဖုန်းက မြည်
ပြန်၏။ ငုံ့ကြည့်လိုက်တော့ မသိသော ဖုန်းနံပါတ်မို့ ...

"ဟလို .. ဒေါ်မေညွန့် ပါ .."

"... ... ... ..."

"ဟင်!..."

ဒေါ်မေညွန့် ရဲ့မျက်လုံးတွေ ပြူးကျယ်သွားပုံက သတိလ
မလား .. ဖုန်းကို လွှတ်ချပစ်တော့မလား .. တစ်ခုခုတော့ မလွဲ
ဖြစ်တော့မှာမျိုး ..။

"မေမေ!... မေမေ ဘာဖြစ်တာလဲ .. ဘယ်သူလဲ .."

"ခနသိုက် .."

"ဟင်!..."





## အခန်း (၂၆)

"ငါ တောင်းဆိုနေရင် ခွင့်ပြုပေးမှာ မဟုတ်ဘူး .. သွားရင်းနဲ့ပဲ ကိုယ့်ဘာသာ ဝင်တွေ့သွားတော့မယ် .."

"နင် အိမ်ရှေ့ရောက်သွားတာနဲ့ အဆင်ပြေမှာပဲလို့ ထင်နေတာလား.. ပြီးတော့ ညဘက်ကြီး ငါတော့ နင့်ကို တံခါးဖွင့်ပေးမယ် မထင်ဘူး ဂီတ .."

"လွမ်း ရယ် .. အဲဒီလောက် ဖြစ်ရအောင် ရန်သူတော်ကြီးတွေမှ မဟုတ်တာ .. သူ စိတ်ချမ်းသာသလို လုပ်ကြည့်ပါစေ .."

ဂီတ မျက်နှာလေးကို ကြည့်၍ လွမ်း ရဲ့စကားကြောင့် ထပ်ပြီး ဆေဒနာတိုးသွားပြီကို သိလိုက်သည်။ ထို့ကြောင့် ဝင်ဒီ က လွမ်း ကို ပြောပြီး ဂီတ လက်လေးကို ကိုင်၍ ...

"ဘာဖြစ်လဲ ဂီတ .. ကိုယ်က မအေပဲ .. ကလေးကို တွေ့ခွင့်မရလောက်အောင် ဘာမှ ဖြစ်စရာ မလိုဘူး .. တစ်ဖက်အုပ်ထိန်းသူက ပအေဆိုရင်တောင်မှ မိခင်မှာ အခွင့်အရေး မရှိလောက်အောင် ပြစ်ချက်ရှိနေရင်သာ သူတို့ တားဆီးနိုင်မှာ .."

သူငယ်ချင်းတွေ စကားကို နားထောင်ရင်း ခရီးဆောင်အိတ်ကို အပြီးသတ် ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ရတော့မည့်အတွေးကို ဘယ်လိုပဲ ဖျောက်ဖျက်ထားပေမယ့် စိတ်က တစ်ချက်လေး ညှတ်ကျသွားတာနှင့် မျက်ရည်က ဝေ၏။

သားလေးကို သူမ ထားခဲ့ရမည် ..၊ ဟိုမှာ အဆင်ပြေပြေ မပြေပြေ အနည်းဆုံး တစ်နှစ်အထက်တော့ ကြာမှာပဲ ဖြစ်သည်။

သူမ လုပ်နိုင်ပါ့မလား ..၊

သားလေးနဲ့ နင် တကယ် ခွဲနိုင်လို့လား ဂီတ ဟင် ..၊

မျက်ရည်စက်တွေ အိတ်ပေါ်ကို တပေါက်ပေါက် ကျလာကြတာ အသံတွေပါ မြည်၏။

"ဟင် .. ဂီတ ငိုနေတယ် .."

"ဂီတ ရယ် .."

လွှမ်း တို့ ဂီတ ရဲ့ မျက်ရည်တွေကို မြင်သွားကြလျှင် သူမတို့ပါ ငိုသံတွေ ပါကုန်ကြ၏။

"ဂီတ ရယ် .. နင့်ကို သူများက စရိတ်စက အကုန်ခံပြီး ခေါ်တယ် .. ဟိုမှာ ကိုယ် တတ်ကျွမ်းတဲ့ပညာနဲ့ စီးပွားရေးလုပ်ကွက်တွေလည်း အဆင်သင့် ..၊ နင် ဒါတွေကိုလည်း လက်လွှတ်မခံနိုင်ဘူးမို့လား .."

"အေးလေဟယ် .. ဒီက ပြဿနာတွေ .. ကလေးကို ထားခဲ့ရတဲ့ အကြောင်းတွေချည်း မတွေးဘဲ အကောင်းဘက်က ဆွဲတွေးလိုက်ဟာ.."

ဂီတ ခေါင်းလေးညိတ်ပြီး မျက်ရည်တွေ သုတ်ပစ်ရှာသည်။

ထိုစဉ် ဖုန်းလာသဖြင့် ဆားမှာ ချထားသည့် ဆလင်းဘက်ခ် အားစစ်လေးထဲကနေ လွှမ်း က ထုတ်ပေးသည်။

"ရော့ .. နင့်ယောက္ခမ ခေါ်နေတာ .."

"ဟင် .."

"ဘယ်လိုဖြစ်တာလဲ .. ကွက်တိပါလား .."

လွှမ်း တို့တင် မကဘဲ ဂီတ စိတ်စောစွာ ဖွင့်လိုက်မိကာ ...



"ဟလို .."

"ဂီတ .."

"ဟုတ်ကဲ့ အမေ .. ဂီတ ခုပဲ လာမလို့ .."

"အေး .. ညည်းကို အဲ့ဒါ ပြောမလို့ပဲ .. ဒါပေမယ့် လာရမှာ မဟုတ်ဘူး သွားရမှာ .."

"ဟင် .. ဘယ်ကိုလဲ .."

"မြေးကို ခနသိုက် ခေါ်သွားတယ် .."

"ဘာ!..."

နားထဲမှာ မိုးကြိုးပစ်ခ်ကြီးလို ကိုယ့်အသံကိုတောင် မမှတ်မိလိုက် ..၊

"ဘယ်ကို ခေါ်သွားတာလဲ ဟင် .. သူက ဘာလုပ်တာလဲ ..၊ အမေတို့ကို ဘယ်သူ ပြောတာလဲ .."

"သူပဲ ပြောတာ .. ကလေးက သူ့ဘက်ကို ကူးလာတာတဲ့ .. ဒါပေမယ့် သူ ပြန်မလွှတ်နိုင်ဘူးတဲ့ .. ညည်းကိုယ်တိုင် လာပြန်ခေါ်ပါတဲ့ .."

"တောက်!..."

"မြေးကလည်း ဖုန်းပြောတာ ရယ်ရယ်မောမောပဲ ..'မေမေ လာခေါ်မှာလား'လို့တောင် မေးလိုက်သေးတယ် .. ကလေးက ခြံနီးချင်းမို့ လွယ်လွယ် ချော့ခေါ်လို့ ရသွားတာ နေမှာ .. ညနေတည်းက ကလေး ပျောက်နေလို့ ငါတို့ ရှာလိုက်တာ နံ့နေတာပဲ .. ရဲစခန်းသွားတော့မယ် လုပ်မှ သူ့ဖုန်း ဝင်လာတာ .. အဲ့ဒါ မြေးကို ခုချက်ချင်း ညည်း သွားခေါ်ပေးပါ .."

ဒေါ်မြညွန့် က ရာဇသံ တင်းသွားသည်။ လွှမ်း တို့က ဝိုင်းမေးကြပြီး တအံ့တသြတွေ ဖြစ်နေကြကာ ...

"ဒါဆို ပြောပုံက နင်က ရှုပ်ပွေထားလို့ပဲ ကလေးပါသွားတာ



www.burmeseclassic.com

www.burmeseclassic.com



လိုလို့ပေါ့ ..”

“ငါတော့ မယုံပါဘူး .. ချို ဆိုတဲ့တစ်ယောက် ပတ်ရှုပ်နေတာဖြစ်မှာ .. သူက မင်္ဂလာစရိတ် လိုနေတဲ့သူ .. ခနသိုက် က ပေးနိုင်တဲ့လူမို့လို့ ..”

“ဘာလဲ သူတို့ ပူးပေါင်းကြံတယ် ထင်လို့လား ..”

“မဟုတ်ဘူး .. သူက ဟိုတစ်ယောက်ကို ခုတုံးလုပ်ပြီး ငွေညှစ်ချင်လို့ နေမှာ .. ဂီတ မှာ ခြူးတစ်ပြားမှ မရှိတော့ဘူးဆိုတာ သူတို့က ယုံတာမှ မဟုတ်တာ ..”

“မဖြစ်နိုင်ဘူး ..”

ပြောလိုက်ပြီး ဂီတ က ဆလင်းဘက်ခ်ကို ကိုင်၍ ဆတ်ခနဲ ထရပ်သည်။

“ဒီလူ ငါ့ကို ဒုက္ခပေးဖို့ အမျိုးမျိုး ကြိုးစားနေတာ ..”

“ဟဲ့ .. နင်က အဲဒါကို တန်းတန်းမတ်မတ်ကြီး တိုးဝင်သွားမလို့လား .. ပြန်ပေးဆွဲတာလည်း မဟုတ်ဘူး .. လူသတ်သမားလည်း မဟုတ်ဘဲနဲ့ဟာ .. မနက်မှ ..”

“မနက်ထိ နေလို့ မဖြစ်ဘူး ဝင်ဒီ .. သားက လူစိမ်းတစ်ယောက်နဲ့ တစ်ညလုံး နေနိုင်မှာ မဟုတ်ဘူး .. ကလေး ဂျီကျရင် ဒီလူ ကလေးကို ဒုက္ခပေးလိမ့်မယ် ..”

ထိုအချိန်လေးမှာ ဘယ်လိုဖိအားမှ မပါခဲ့ဘဲ သားလေးကို စိုးရိမ်စိတ် တစ်ခုတည်းနှင့် ဂီတ တစ်ချက်လေးမှ မတွေဝေခဲ့ပေ ..။

ခနသိုက် ဘယ်အိမ်မှာလဲလို့ မေးလိုက်တော့ ဒေါ်မေညွန့် က ဖုန်းနံပါတ် ပြန်ပေးသည်။

“ညည်းကို သူ ပြောလိမ့်မယ် .. ဖုန်းဆက်ပေးလိုက်” တဲ့ ..။

ဒေါ်မေညွန့် ရဲ့ ဒေါသသံက ကိုယ့်ကို စကားတောင် ပြန်မပြောချင်အောင် ဖြစ်နေမှန်း သိသာ၏။



ဒါဆို မြေးဖြစ်သူ ဒုက္ခရောက်နေတာ ကိုယ့်ကြောင့်လို့ လုံးလုံးလျားလျား သတ်မှတ်လိုက်တာလား ..။ ကိုယ့်သားလေးကို ပူပန်သည် ဆိုတော့ လွမ်း တို့ ထင်သလို ဟန်ဆောင်မေတ္တာမျိုး မဟုတ်သည်မို့ ကျေနပ်စရာပါ ..။

ဒါပေမယ့် ကိုယ့်ကို ဘယ်တုန်းကမှ အထင်တကြီး မရှိခဲ့သည့် အဖြစ်က ခုလိုမျိုး အထင်မြင်သေးဖွယ်တွေ ထပ်ရှိလာတော့ ရင်နာမိသည်။

သူ ပြောသည့် ခြံနံပါတ်ရှေ့ကို ရောက်တော့ ညရှစ်နာရီခွဲပြီ ဖြစ်၏။ ဘဲလ်နှိပ်လိုက်သည်။

ခြံတံခါး၏ အထဲနဲ့အပြင် ပတ်ဝန်းကျင်မှာ မီးရောင်တွေ ဖွေးထိန်သွား၏။ ပြီးတော့ အထဲမှာ ခြံစောင့်မျက်နှာကြီး နီးကပ်စွာ ပေါ်လာကာ သူကလည်း ဂီတ ကို သေချာကြည့်၏။

“ကျွန်မ ..”

“မှာထားပါတယ် .. ဝင်ပါ မိန်းကလေး ..”

လှမ်းကြည့်လိုက်တော့ ပန်းခြံထဲက မီးတိုင်တို့၏အလင်းရောင် ပြောက်တိပြောက်ကျားက ကားလမ်းပေါ်ကို တိုးမပေါက်ဘဲရှိကာ ရှေ့တူရူက မှောင်မိုက်နေ၏။

“မိန်းကလေး ဝင်သွားပါ .. ကျုပ် လမ်းမီးတွေ ဖွင့်လိုက်ပါ့မယ်..”

လူကြီး သူ့အိမ်လေးထဲ လှည့်ဝင်သွားပြီး မကြာမီ ဂီတ ရဲ့ရှေ့မှာ မီးတိုင်တွေ တစ်တိုင်ပြီးတစ်တိုင် လင်းသွားသဖြင့် တိုက်ကြီးဆီ ဦးတည်နေသော ဂငယ်ပုံ ကတ္တရာလမ်းမကြီးကို ထင်ရှားစွာ မြင်လိုက်ရ၏။

အိမ်ထဲကို မရောက်သေးပေမယ့် ဒီပိုင်ရှင်၏ ခမ်းနားကြီးကျယ်ပုံကို စတင် ခံစားမိလိုက်သည်။ ခြံစောင့်ရှိသည်ဆိုတော့ အထဲမှာ တခြား အလုပ်သမားတွေလည်း ရှိနေနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးညာတိ မရှိတဲ့လူက အိမ်မှာလည်း အလုပ်သမား များများ ခေါ်မထားမှာ သေချာပါသည်။ အဘယ်ကြောင့်ဆိုလျှင် သူ့ပုံစံက ဂီတ တို့လို မိသားစုအသိုက်အဝန်းအပေါ် မက်မောတွယ်တာလိုပုံ မရှိ ..။

တစ်ကောင်ကြွက်နေခြင်းကြောင့် တစ်ကိုယ်တည်း အထီးကျန်နေရခြင်းအပေါ် အသားကျ ဘောင်ဝင်နေတာလည်း သိသာသည်။

ဒီလိုလူမျိုးက သားလေးကို ဒီထိ ဘယ်လိုကြီးယောင်းစည်းရုံးပြီး ခေါ်လာခဲ့တာလဲ ..။

သားလေးကတော့ သူ့ကို အဲဒီလူက ဆူပြီ မာန်ပြီဆို ထိုသူကိုသာ အာရုံစိုက်နေတတ်ကာ ထိုသူ၏အာရုံစိုက်မှု နူးညံ့မှု တစ်စုံတစ်ရာကို မမြင်ရမချင်း ကြောက်ရွံ့နောက်တွန့် ကျန်ခဲ့တယ်ဆိုတာ မရှိ ..။

မူကြိုမှာ အပ်ထားကာစကဆို သူငယ်ချင်းတွေ ရတော့ ပျော်နေတတ်ကာ ဘယ်သူငယ်ချင်းရဲ့အဖေက မျက်နှာကြီး ဘာကြောင့် တည်နေတာ ..၊ 'သားကို ဘာဖြစ်လို့ ရယ်မပြတာလဲ' စသဖြင့်သော မေးခွန်းလေးတွေနှင့် စာမဖတ်ခင် သိချင်တာအားလုံး မေးနေတတ်၏။

ပြီးတော့ 'ဒီနေ့ မာမာ့ ဒက်ဒီက သားသားကို ရယ်ပြတယ်' စသော သူ ပြန်ရလိုက်သည့်အပြုံးကို တခမ်းတနား ပြန်ပြောပြခဲ့တာတွေ ..၊

ထို့ပြင် သူများခြံထဲက ပန်းလေးတွေ လှနေတာမြင်လျှင် 'တီချယ့်ကို ပေးချင်တယ် .. တီချယ်က ပန်းပန်ထားရင် လှတယ်' ဟု ပူဆာလွန်းသဖြင့် ပန်းလေးတစ်ပွင့်လောက် ရောင်းပါလို့ ဂီတ က တောင်းပန်ပြီး ပန်းဝယ်ပေးခဲ့ရသည်။

ဒီခြံရှေ့က သားအမိ အမြဲတမ်း ဖြတ်လျှောက်သွားနေကျမို့ ခြံထဲက လူကလည်း ဂီတ တို့ကို သိနေကာ ပန်းခူးခွင့် ပေးထားခဲ့တဲ့ အထိ ..။

"သားသားက ပန်း နေ့တိုင်း မခူးပါဘူး .."



"ဟော .. မင်းပဲ ပန်းတွေခူးပြီး မင်း တီချယ့်ကို ပေးချင်လို့ဆို .. တစ်နေ့ တစ်ပွင့်လောက်နဲ့ ငါ့ခြံကြီးထဲက ပန်းတွေ ဘာမှ ယုတ်လျော့မသွားပါဘူးကွ .."

"ဟင့်အင်း .. မေမေက သူများဆီက ဘာမှ အလကားမယူရဘူးတဲ့ ..၊ သားသားကလည်း တီချယ် စိတ်ဆိုးနေလို့ ပန်းပေးချင်တာ .. အခု တီချယ်က သားသားကို စိတ်မဆိုးတော့ဘူး .."

သားလေးကို လက်ဆွဲထားလျက်နှင့် ဂီတ လည်း အနားမှာ ရှိနေခဲ့၏။ ထို့ကြောင့် ခြံပိုင်ရှင်က အံ့သြသွားတော့ ဂီတ ကို လှမ်းကြည့်ပြီး ကြားလား .. ဆိုတာမျိုး မေးဆတ်ပြသည်။

ဂီတ က ရယ်ကာ ...

"ဒါဆို သားသား က တီချယ် စိတ်ဆိုးနေလို့ ပန်းပေးပြီး ချော့လိုက်တာပေါ့ .. ပြောပါဦး .. ပန်းပေးပြီး ချော့ရတယ်လို့ သားကို ဘယ်သူ ပြောလိုက်တာလဲ .."

"မေမေလေ .."

"ဟင် .. မေမေ .."

"ဟုတ်တယ် .. မေမေ ဘုရားပန်းလဲနေတုန်း သားသားက ပန်းလေးတွေ ချိုးပြီး မေမေ့ကို ပန်ပေးရင် မေမေရယ်တယ်.. အဲ့ဒါကြောင့်.."

"ဟား .. ဟား .. ဟား ... ငါ့ကောင်ကြီးက လူလည်ပဲကွ .."

ဂီတ ခေါင်းလှမ်းတွေ တိုက်ကြီးဆီ ဦးတည်ရင်း သားအတွက် အလားအလာကောင်းတွေ ရှိနေဖို့ ကြိုဖန် တွေးယူနေမိသည်။ သားလေးကတော့ ဒီလူ့ကို ကြောက်နေမှာ မဟုတ်ပါ ..။

သူ့ကို ဆူပေါက် ငြိုငြင်ထားခဲ့ပေမယ့် နွေးထွေးကြည်သာပုံလေး တစ်ချက်လောက် ပြလိုက်တာနှင့် ပျော်ပျော်ကြီး ပါဝင်စီးမျောသွားမှာ ဖြစ်သည်။

ခုလောက်ဆို သားလေး အိမ်ပြန်ချင်နေလောက်ပါပြီ .. ဒီလူလည်း

www.burmeseclassic.com



မင်းသားခေါင်းဆောင်းထားတာကို ဘယ်လောက်ကြာကြာ ထိန်းနေနိုင်မှာလဲ ..၊ ကလေးက ငို .. သူက ဒေါသထွက်လာခဲ့လျှင် ...

"အမေ့!..."

အိမ်တံခါးဝရောက်ကာမှ အခြောက်တိုက် ခလုတ်တိုက်မိသေးသည်။ လှေကားငါးထစ် ခပ်ပြေပြေ ပြားပြားလေးကို စိတ်စောပြီး တ[...] မိသဖြင့် အပေါ်ရောက်မှ ခလုတ်တိုက်မိကာ ခြေမတစ်ခုလုံး အဆမတ[...] နာကျင်သွား၏။

"ကျွတ် .. ကျွတ် .."

ငုံ့မကြည့်ဖြစ်ဘဲ မျက်နှာလေး မဲ့သွားပြီး ညည်းမိသည်။ ပြီးတော့ အဆင်သင့် ဖွင့်ထားသည့် တံခါးဝမှာ ရပ်လိုက်ပြီး ...

"ဒီမှာ .."

"ဝင်ခဲ့လေ .. တံခါးဖွင့်ထားတာပဲ .."

ဧည့်ခန်းတစ်ဝက်လောက်ကို မြင်နေရပေမယ့် လူကို မတွေ့သေး[...] ဖိနပ်ချွတ်ရခြင်း မချွတ်ရခြင်းကိုလည်း သတိမထားမိဘဲ သားရဲ့[...]သံ .. ဒါမှမဟုတ် ငိုသံ တစ်ခုခုကို နားစွင့်ရင်း အထဲကို ဝင်ခဲ့မိသည်။

ဧည့်ခန်းရဲ့နောက်က ရှိုးကေ့စ်အထပ်စင်တစ်ဖက်ကနေ မနသိုက်[...] ထွက်လာတာ မြင်သည်။ ဒါပေမယ့် ဂီတ မျက်လုံးတွေက လှေကား[...]ကို လှမ်းကြည့်မိနေကာ အပေါ်ကို ထောင်တက်သွားသမျှ မျက်[...] နောက်ကို မျက်နှာပါ ပါသွားခဲ့၏။

လှေကား၏ကျောဘက်ကနေ သူမ မြင်နေရတာဖြစ်ကာ ကြေး[...] လိမ်လှေကားပုံစံက မြွေတစ်ကောင်လို အလုံးမဟုတ်ဘဲ ယပ်[...] ဖြန့်ထားသည့် ကိုယ်လုံးမျိုးနဲ့ လိမ်ကောက်တက်သွားတာ ဖြစ်သည်။

ဒီလောက် အထပ်မြင့်ကြီးနဲ့ဆို သားလေး အပေါ်ထပ်ကနေ ငို[...] အော်တာတွေကို အောက်က ကြားနိုင်ပါ့မလား ..၊

ဧည့်ခန်းကို ခြေထောက်တွေက တစ်လှမ်းချင်း ဦးတည်နေခဲ့[...]





[...] ဂီတ မျက်နှာက မော့နေသဖြင့် ...

"မင်း ဒီမှာ ခဏ ထိုင်ဦး .. ဖုန်းပြောစရာ ရှိလို့ .."

"ဘာ!..."

ထိုစကားကြားမှ ဂီတ စိတ်တွေ သူ့ဆီ ပြန်ရောက်၏။ ဖုန်းက[...]တ် .. မီးခိုးလွန့်နေသော စီးကရက်တစ်ဖက်နှင့် မနသိုက် က[...]တွေဆီ ညွှန်ပြကာ ...

"ထိုင်ဦး .."

"ရှင့်ဆီကို စကားစမြည် ပြောကြဖို့ လာတာ မဟုတ်ဘူး .."

"မင်းကိုလည်း စကားပြောဖို့ ထိုင်ခိုင်းတာ မဟုတ်ဘူး .."

သူက ဖုန်းခေါ်ပြီး ရှေ့ကို လျှောက်ထွက်လာလျှင် ...

"ဒီမှာ .."

သူ ခေါ်လို့ ရောက်လာရတဲ့လူကို အဖက်မတန်လို ထားပြီး ဖုန်း[...]ဖို့ ပြင်နေတာကို ဂီတ သည်းမခံနိုင် ..၊

"မနသိုက် .."

သူ့ရှေ့ကနေ ဆိုးဆိုးဆတ်ဆတ်လေး ပိတ်ရပ်ပစ်လိုက်ကာ ...

"ကျွန်မသား ဘယ်မှာလဲ ..၊ ကျွန်မကို ခေါ်ပြီး ဘယ်လို နှိပ်စက်[...]အစီအစဉ်တွေ ရှိထားသလဲ .. ရှင် ဘာလုပ်မှာလဲ .. ပြောစမ်းပါ .."

"မပြောနိုင်သေးဘူး .."

"ရှင် အဲဒီလို အချိုးတွေနဲ့ အနိုင်ပိုင်း ပြောနေရတာတွေကို ကြိုက်[...] ဟုတ်လား .."

"မနိုင်သေးဘူး .. မင်းကို ဘာမှ ဒုက္ခမပေးရသေးလို့ ကိုယ့်ခေါင်း[...]ကိုက်ခွဲပစ်ရမလား စဉ်းစားနေတာ .. အဲဒီတော့ ဟိုမှာ ထိုင်နေလိုက်.. [...]အတွက် ငါ့အစီအစဉ်တွေကို တစ်ခုချင်း သိရမယ် .."

"မထိုင်နိုင်ဘူး .. ရှင့်အစီအစဉ်တွေ ဘာဖြစ်ဖြစ် ကျွန်မ ဂရုစည်း[...]ဘူး.. အခုချက်ချင်း သားကိုခေါ်ပေး.. ကျွန်မသား ဘယ်မှာလဲ.."



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး .."

"ဘာပြောတယ် .."

မနသိုက် အေးတိအေးစက် ဖြေကာ ဖုန်းကို နားမှာကပ်၍

"အေး .. မင်းပို့တဲ့ မက်ဆေ့ချ် ရတယ် .. ဒါက .."

သူ ဖုန်းပြောနေတုန်း ရိပ်ခနဲ ဖြတ်ပြေးသွားသည့် အရိပ် ကြောင့် သူ လှည့်ကြည့်မိကာ ...

"ဟိတ် .."

ဂီတ ကို သူ ဖမ်းဆွဲလိုက်၏။ လက်ကောက်ဝတ်လေးကို ကထိ ကိုင်လိုက်မိပေမယ့် လွတ်ထွက်သွားလျှင် ...

"ဟော့ .. ရပ်လိုက်စမ်း .."

ဂီတ က တစ်ချက်မှ လှည့်မကြည့်ဘဲ လှေကားကြီးဆီ တန် မတ်မတ် ပြေးသည်။ လှေကားငါးထစ်မှာ တစ်ဆစ်ချိုးထားသော အောက်က မော့ကြည့်တော့ လှေကားရဲ့ကျောပြင်က ယပ်တော တွေလို ဖြာနေတာ ဖြစ်သည်။

ထို့ပြင် ပန်းရင့်ရောင် ကော်ဇောပွင့်ကြီးတွေ အပြည့်ခင် သဖြင့် ရုတ်တရက် ခြေချော်ကျဖို့လည်း မရှိ ..။

ဂီတ အပေါ်ဆုံးထိ တစ်ချက်မှ မနားဘဲ မောရမှန်းလည်း

ဒါပေမယ့် လှေကားထိပ်မှာ လက်ရန်းနဲ့အတူ ခွဲထွက်သွ ကော်ရစ်ဒါကျဉ်းကျဉ်းနှင့် လမ်းခွဲလေးရယ်.. ဒီဘက်မှာ ဧည့်ခန်း

ဧည့်ခန်းရဲ့နောက်မှာလည်း အခန်းတွေ ရှိနေသေးသည်။ ရပ်နေသည့် ရှေ့တည့်တည့်မှာတော့ ပိတ်ထားသည့် ပြတင်းတစ် ပါသော အခန်းနံရံ ..၊

သူမ ဘယ်ကိုသွားရမလဲ ..၊

စောစောက ပစ္စည်းပြုတ်ကျသံလိုလို .. ပြေးလွှားသံလိုလို ကြားလိုက်ရတာ ခုတော့ တိတ်ဆိတ်လို့ပါလား ..၊



"သားလေးရေ .."

သူမအသံသည်သာ ပဲ့တင်ထပ်သွား၏။ မီးရောင်က မှေးထိန်နေ သံမှ မကြားရပေ ..၊ အလုပ်သမား ဘာညာ၏ အရိပ်အယောင် မမြင်ရ .. ဒို့ပြင် ဘာလှုပ်ရှားမှုမျိုးမှလည်း မမြင် ..။

"သား .. သားလေး အိပ်ပျော်နေတာလား .. မေမေ လာပြီလေ.."

ဂီတ နောက်ကိုလည်း လှည့်မကြည့် .. ဘယ်သူ့နေရာဆိုတာ ဂရုမစိုက်ဘဲ အခန်းတွေ မြင်မြင်သမျှ ပြေးဖွင့်၏။

"သားလေး .."

"ခုန်း .. ခုန်း ..."

ဖွင့်လို့မပွင့်သည့် အခန်းတွေကို တမင် ဆူညံသွားအောင် ထုနှက် ၊ သားလေးက အိပ်ရေးဆတ်သူ ဖြစ်သည်။

အိပ်ပျော်နေရင်တောင် သူမအသံကို ကြားရလျှင် .. ဒါမှမဟုတ် က် ဆူညံနေရင် နိုးပြီ ..၊

"ခုန်း .."

"ဟင်!..."

အခန်းတစ်ခန်းကို ထုလို့ အားမရဘဲ ပခုံးစောင်းနဲ့ပါ တိုက်ပစ် ဖြင့် တံခါးက ပွင့်သွား၏။ တံခါးနောက် လူပါသွားကာ ဂီတ ထဲကို အော်တိုမစ်တစ် ရောက်လေသည်။

သားလေး ..၊ သား ဘယ်မှာလဲ ..။

အိပ်ခန်းတစ်ခန်းဆိုတာ သိလိုက်ရကာ သားလေး အိပ်နေတာ တော့ မျက်လုံးက ဟိုရောက်ဒီရောက် ဖြစ်သွား၏။

အိပ်ခန်းက အကျယ်ကြီးပဲဖြစ်ကာ ဖြူလွလွထူထဲသော မွေ့ရာနှင့် ကြီးတစ်လုံးအပြင် စားပွဲနဲ့ ကွန်ပျူတာစင် နှစ်ခု ရှိသည်။

တစ်ခန်းလုံး ပြောင်ရှင်းနေလျက် အဝတ်ဗီရိုဆိုတာလည်း နံရံ တွေဖြစ်ကာ မှန်ချပ်တွေအပြည့် တပ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အထဲမှာ ရှိသမျှ အဝတ်စားတွေကို ဒီတိုင်း ဖြ
ရ၏။ ယောကျ်ားအဝတ်အစား အသုံးအဆောင်တို့နှင့် ဒီအခန်း

"ဒါ .. ငါ့အိပ်ခန်းလေ .."

ဟင်!...

နောက်က ခနသိုက် အသံကြောင့် လူက တုန်ခနဲ ဖြစ်သွာ
ထိတ်လန့်ဖို့ သတိရလိုက်ပေမယ့် သားကို မတွေ့ရသေးသည့် ပူ
သာ ကြီးစိုးနေကာ နောက်ကို မျက်နှာချင်းဆိုင် လှည့်လိုက်ပြီး –

"သား ဘယ်မှာလဲ .."

"မင်း ရှာပြီးပြီမို့လား .."

"အပိုတွေ ပြောမနေနဲ့ .. ကျွန်မသား ဘယ်မှာလဲ .. ရှင် ဘ
ထားသလဲ .."

"အပိုတွေ မင်း ပြောနေတာ .. အခု မင်း ရှာခဲ့တာ မနဲ့စပ်
ထင်နေလို့လား .."

ပြောနေရင်း စားပွဲအံဆွဲထဲက သော့တစ်တွဲ သွားနှိုက်ပြီး
ကို လှမ်းပစ်ပေးလိုက်၏။

ချွင်ခနဲ မြောက်တက်လာသည့် သော့တွဲကို ရုတ်တရက်ကြီး
ဖို့ ကြိုးစားလိုက်ရသဖြင့် ဂီတ ရင်ဘတ်တွေပါ အောင့်သွား

"အပေါ်ထပ်မှာတော့ အခန်းတွေ ကုန်ပြီ ထင်တယ် ..
ထပ်မှာ သွားရှာမယ်ဆို .. အဲဒီသော့တွဲတွေထဲမှာ ပိတ်ထားတဲ့
သော့တွေ ပါတယ် .."

"တောက်!..."

"ချွင် .."

ဒေါသဖြစ်ဖြစ်နှင့် သော့တွေကို နံရံဆီ လွှဲပေါက်ပစ်လိုက်

"ကျွန်မသား ဘယ်မှာလဲ .. ရှင် သားကို ခေါ်သွားတယ် –
ပြန်လာခေါ်ရမယ်ဆိုလို့ အခု လိုက်လာခဲ့တယ် .. ကလေးကို



ထုတ်ပေးပါ .. ကလေးကို မြင်ရမှ ရှင်နဲ့ ကျွန်မ စကားပြောမယ်.."

"မင်းနဲ့ ငါ ဘာတွေပြောဖို့ လိုလို့လဲ .."

"ဘာ!..."

"ဟွန်း .."

မီးရောင်အောက်မှာ ထိုမဲ့ပြုံးကို သေချာမြင်နေရတာလောက် မုန်း
ယ်ကောင်းတဲ့ မြင်ကွင်းမျိုး မရှိနိုင် ...

"မင်းနဲ့ ငါ ကလေးဝှက်တိုင်း ကစားကြတာမှ မဟုတ်တာ .."

သူ့ရဲ့ မဲ့ပြုံးတွေက တွင်းမာ အေးစက်သွားခဲ့ပြီး ...

"မင်းရဲ့ကလေးကို တစ်ညနေလုံး ထိန်းကျောင်းနေရင်း မင်း လာ
ကို ထိုင်စောင့်နေရအောင် ခနသိုက် က ဘာလဲ .."

"ဘာမုန်းတော့ မသိပေမယ့် ရှင် ခုထိ ကောင်းရောင်းကောင်း
တစ်ခုမှ မလုပ်သေးတာတော့ သေချာတယ် .."

"ဟုတ်တယ် .. ကိုယ် မရောင်းချင်ဘဲ လာဝယ်နေရင် ဒီရောင်း
ကာလတိုပြည့်ဖို့အတွက် မင်း တာဝန်ယူဖို့ လိုသလား .."

သူ ဘာပြောတာလဲ ...

သူ့မေးခွန်းကို ဂီတ မဖြေနိုင် ...

"မကောင်းတာကို ဝယ်ရပြီဆိုရင်လည်း မကောင်းတဲ့ဈေးပဲ ရမှာ
အားလုံးက အလိုက်အထိုက်ပဲ .."

"ခုရော .."

"မင်း ခေါင်းစဉ်တပ်လိုက်တဲ့အတိုင်းပဲ .. ဒီည ငါ အရောင်း
တစ်ခု လုပ်ထားတယ် .."

ဂီတ နားမလည်သေးပေမယ့် ထိတ်ခနဲတော့ ဖြစ်သွား၏။ ခန
က သူမကို ခပ်ရိုင်းရိုင်းကြည့်ကာ ...

"သေချာတာကတော့ အဲ့ဒါ ကောင်းရောင်းကောင်းဝယ် မဟုတ်
ဆိုတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ရှင် .. ရှင် ဘာပြောတာလဲ .."

"ဟား .. ဟား .. ဟား ..."

"ဂျိမ်း .."

"တံခါး ဘာလို့ ပိတ်လိုက်တာလဲ .. ရှင်!..."

"ငြိမ်ငြိမ်လေး နေလိုက်ရင် အေးဆေး ပြီးသွားလိမ့်မယ် .."

"အား!..."

ဂီတ တံခါးဝကို ပြေးသွားမိလျှင် မနသိုက် က လက်[illegible] ဆောင့်ဆွဲလိုက်၏။ ပြေးသည့်လူကို ဆောင့်ဆွဲပစ်လိုက်တာ[illegible] ကိုယ်လေး သူ့ရင်ခွင်ထဲ ပစ်ကျသွားသည်။

"ရှင် .. မယုတ်မာနဲ့ နော် .. လွှတ် .."

"ငြိမ်ငြိမ်နေစမ်း .."

သူ့အင်အား ပလ္လကြီးနှင့် အတင်းအကျပ် ဆွဲချုပ်ပစ်လိုက်[illegible] ဂီတ လှုပ်လို့မရအောင် ဖြစ်သွား၏။

"ရှင် .. အဲဒီလိုနည်းနဲ့ အကျပ်ကိုင်ရလောက်အောင် အော[illegible] ကျလှချေလား .."

"ငါ ပြောပြီးသားပဲ .. မကောင်းတာကို မကောင်းတဲ့ရေး[illegible] တာလေ .."

ဂီတ ကိုယ်လေးကို လွှတ်လိုက်ပြီးမှ ပခုံးနှစ်ဖက်ကို ခ[illegible] ကြမ်း ဆောင့်ခါပစ်၍ ...

"မင်းကို ငါက ကလေးနဲ့ အကျပ်ကိုင်နေတယ် ထင်လို့[illegible] မင့်သား ဒီမှာ မရှိဘူး .."

"ဟင်!..."

"ကလေးတစ်ယောက်ကို ငါ့လက်နဲ့ ပွေ့ဖက်ချော့မြူဖို့ မ[illegible] အသိမိတ်ဆွေတွေထဲက ကလေးတွေကိုတောင် ပါးတစ်ချက် [illegible] ဘူး .. သည်းခံ ယုယတတ်တဲ့သွေး ငါ့မှာ မွေးတည်းက မပါ[illegible]





"ရှင် ဘာတွေပြောနေတာလဲ .. ရှင် ခုမှ ဘာတွေ ထပ်ပြီး ညာ[illegible] [illegible]တာလဲ ..၊ သားလေးကို ဒီမှာ လာခေါ်ဖို့ ရှင်ပဲ ကျွန်မကို ဖုန်းဆက် [illegible]တာ .."

"လိုရင်းက မင်း ရောက်လာဖို့ .."

"မဟုတ်ဘူး .."

ဂီတ မျက်လုံးအဝိုင်းသားနှင့် ခေါင်းတွင်တွင် ခါ၏။

"ဂီတ ကို အမေကိုယ်တိုင် ဖုန်းဆက်ပြောခဲ့တာ .. ရှင်နဲ့ ပြောတာ [illegible]နောက်မှ .."

"ဟွန်း .."

"ကျွန်မသားလေး တစ်ခုခု ဖြစ်သွားလို့လား .. ရှင် .. ရှင် တစ်ခုခု [illegible]လိုက်သလား .. သားလေး ဘယ်မှာလဲ .."

"အဲဒါ မင်းယောက္ခမကို ပြန်မေးလိုက်လေ .."

သူက ဖုန်းကမ်းပေးနေသည်။ ဂီတ ဖုန်းကို ကြည့်နေရင်း တစ်စုံ [illegible]ရာကို ရေးရေး မြင်လာခဲ့၏။

အမေနဲ့ မနသိုက် တစ်ခုခု သဘောတူ ကြံစည်ခဲ့ကြတာလား ..၊

"မမေးဘူးလား .."

ပြောပြီး ဖုန်းကို ပြန်သိမ်း၍ ...

"ဒါဆို မင်း သဘောပေါက်သွားပြီ ထင်တယ် .."

"မပေါက်သေးဘူး မနသိုက် .. ရှင် ကျွန်မသားကို ခုတုံးလုပ်ခဲ့တာ [illegible]တ်သလား မဟုတ်ဘူးလား .. အဲဒါ ပြော .."

"ဟုတ်တယ် .."

"အခု ကလေးက အမေ့ဆီ ပြန်ရောက်သွားတာလား .."

"ဟုတ်တယ် .."

"ကျွန်မကို ဒီထိ လာခိုင်းတာက .."

"ဒီည မင်းကို ငါ ဝယ်လိုက်တာ .."



www.burmeseclassic.com

"ဘာ!... ပြောတယ် .."

"ဟား .. ဟား .. ဟား ..."

"ခ န သိုက် .."

"ဒေါသတွေ သိပ်ထွက်နေပါလား .. ဟွန်း .. သိက္ခာတွေ ထဲတွေ ဖြစ်နှံ့ခင်းပြီး ဈေးမြှင့်ချင်တာဆိုရင်တော့ ငါ ပြောပြီးသားနော် - ကောင်းရောင်းကောင်းဝယ် မဟုတ်ဘူးဆိုတာ .."

"လူယုတ်မာ!..."

ဂီတ သူ့မျက်နှာကို စိတ်ရှိလက်ရှိ လွှဲရိုက်ပစ်လိုက်၏။

သို့သော် သူမလက်ကို နေသိုက် က ပုတ်ထုတ်ပစ်လိုက်ကာ တခြားတစ်ဖက်က ရိုပ်ခနဲ မြောက်တက်သွား၏။

"အား!..."

လက်ပြန်ရိုက်ချက်က ကုပ်ပေါ်တည့်တည့်ကျကာ ဂီတ မျက်လုံးထဲမှာ မီးပွင့်တွေ ဖြာထွက်သွားသည်။

ပြီးတော့ စိုက်ခနဲ ခွေကျသွားခဲ့ပြီး ...၊

သူမ ကြယ်တွေစုံတဲ့ ညထဲမှာ ...၊





## အခန်း (၂၇)

ခေါင်းတွေကိုက်ခဲနေခြင်းက လူကို ပုတ်နှိုးနေသလိုပင် ...၊ ပြီးတော့ ဇက်ကြောတွေ တောင့်ခံနေလျက် လှုပ်လိုက်တာနှင့် နာကျင်သွား၏။

"အား!... ကျွတ် .. ကျွတ် .."

ဂီတ မျက်လုံးတွေဖွင့်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ အပြာနုရောင် မျက်နှာကြက်နှင့် အကာမြူရောင် မီးဆိုင်းကြီးက သူမ မြင်ကွင်းထဲမှာ လုံးဝ စိမ်းသက်နေခဲ့ပြီး ...

"ဟင်!..."

လှဲနေရာမှ ဆတ်ခနဲ ထထိုင်လိုက်မိ၏။ ထိုအခါ ရင်ညွန့်အထိ ဆွဲတင်ထားသည့် စောင်က ပေါင်ပေါ် ပုံကျသွားလျှင် ...

"အမလေး!..."

မျက်လုံးထဲမှာ ပြာသွားသည်။ စောင်ကို ကမန်းကတန်း ပြန်ဆွဲခြုံလိုက်မိကာ ...

ဘုရား!... ဘုရား ...

သူမ ညက နေသိုက် ဆီကို လာခဲ့သည်။ ပြီးတော့ ဒီအခန်း ...၊

www.burmeseclassic.com



ဟုတ်သည် ...၊ သူမ ဟိုနေရာ ကြမ်းပေါ်မှာ သတိလစ်သွားခဲ့တာ— ငါ ဘဝပျက်ခဲ့ပြီ ...။

ဆောင်းချမ်းညမှာ ဆောင်ခြုံကွေးနေသူကဲ့သို့ ဆောင်ကို ကိုယ်ပေါ်မှာ တင်းနေအောင် ထပ်ဖိဆွဲရင်း မျက်ရည်ပူတွေ တလိမ့်လိမ့် ဆင်းကျလာခဲ့၏။

"ဒီည မင်းကို ငါ ဝယ်လိုက်တာ .."

"မကောင်းတာကို မကောင်းတဲ့ဈေးနဲ့ပဲ ဝယ်မှာပေါ့ .."

"ငါ ပြောပြီးသား နော် .. ကောင်းရောင်းကောင်းဝယ် မဟုတ်ဘူးဆိုတာ .."

"လူယုတ်မာ .."

နားနှစ်ဖက် ဖိပိတ်၍ ဂီတ တအား ရှိုက်ငိုမိလေသည်။ နာရီသံ တချပ်ချပ်က လှောင်ရယ်တိုင်ပြုနေသလို ဖြစ်နေစေလျက် မိုးစင်စင်လင်းတဲ့အထိ သူမ ရှိုက်သံ မစဲခဲ့ပေ ...။

"ဟိတ် .. မင်း ပြန်ချင် ပြန်လို့ရပြီ .."

ဟင်!...

တံခါးပွင့်သွားကာ သူ့အသံကြားမှ ဖိမှိတ်ငိုနေမိသည့် မျက်လုံးတွေကို ဖွင့်မိ၏။ နေသိုက် က ခရမ်းနုနဲ့ အနက်ကွက်ပါသော ရှပ်အကျီ လက်ရှည်ကို တစ်ထပ်လောက်ပဲ ပြန်ခေါက်တင်ထားကာ အပြာရေ ဂျက်ကက်လက်ပြတ်ကို ထပ်ဝတ်ထားသည်။

ဆံပင်ကတော့ ဖြီးထားတာမဟုတ်ဘဲ ဖြစ်သလို ထိုးသိမ်းတင်ထားတာဖြစ်လျက် လက်တစ်ဖက်မှာ မီးခြစ်နှင့် မပါမပြီးသော စီးကရက်က မီးခိုးတလွင့်လွင့် ...၊

"ရော့ .. အဲ့ဒါ မင်း လိုအပ်တာ ဝယ်ဖို့ .."

"ဘုတ် .."

တစ်ထွာလောက်ရှိသည့် ပိုက်ဆံထုပ်ကို လူပေါ် လှမ်းပစ်လိုက်



သဖြင့် အထုပ်က တင်ပါးဆောင်းနဲ့ ပစ်ဆောင့်မိပြီးမှ မွေ့ရာပေါ် ကျ၏။

"ပြီးတော့ မင်းကို မပြောရသေးတာ ရှိတယ် .. မင်း ဒီက ထွက်သွားပြီး ပြန်မလာခဲ့ရင် .. ဒါမှမဟုတ် မာနတွေ ရှာကြံတက်ပြီး ငယ်ထိပ်တက်ဆောင့်လို့ သေခြင်းတစ်မျိုးမျိုးနဲ့ သေခဲ့ရင် .. ဘာအကြောင်းနဲ့မင်း ရောက်မလာတာဖြစ်ဖြစ် မင်းရှိနေသေးရင် မင်းဘဝ ဒီ့ထက်ဆိုးပြီး ထောင်ကျ လူညွန့်တုံးမယ် .. သေကြောင်းကြံခဲ့ရင်လည်း ငါ လက်တုံ့မပြန်ရသေးတဲ့အတွက် ကျန်ခဲ့တဲ့ မင့်သားအပေါ်မှာ အတိုးနဲ့ ပေါင်းထပ်မယ် .."

"ရှင် ဘာတွေပြောနေတာလဲ .. ရှင့်ပါးစပ်က ဒီလောက်တောင် အောက်တန်းကျတဲ့စကားတွေ ထွက်နေတာ မဆန်းပေမယ့် ကျွန်မကို ရှင့်ရဲ့ ငွေဝယ်ကျွန်လို ပိုင်စိုးပိုင်နင်း ပြောနေတာတွေ ခုချက်ချင်း ရပ်လိုက်စမ်းပါ .."

ဆောင်ကို ရင်ဘတ်ကနေ သိုင်းဖိထားကာ အော်ပြောမိသည့် အသံက ဒေါသကြောင့် အက်ရှ တုန်ယင်နေခဲ့ပြီး ...

"ရှင်က ဘယ်လို အာဏာပါဝါတွေနဲ့ နောက်ပြန်လာဖို့တွေ .. အတိုးထပ်မှာတွေနဲ့ ခြိမ်းခြောက်နေရတာလဲ .. ရှင် ယုတ်မာလိုက်တဲ့အတွက် ကျွန်မက မထူးစိတ်ပိုက်နေတော့မယ်လို့ ထင်နေတာလား.."

"မင်းဘာသာ မထူးစိတ်နဲ့ဖြစ်ဖြစ် .. ဘာဖြစ်ဖြစ် မင်းကို ငါ ပြောထားတာ စကားကုန်ပြီ.. ဟောဒီခြံထဲကို မင်း ဝင်လာတာ .. အခု ပြန်ထွက်သွားမှာ .. အဲ့ဒါတွေအတွက် ငါ့ကင်မရာတွေကနေ ဗီဒီယို ရုပ်ကော့ဒ် ယူထားတာ ရှိတယ် .."

အေးစက် ကောက်ကျစ်သော မျက်လုံးတွေကို စိုက်ကြည့်ရင်း ဂီတ အံကြိတ်ထားမိ၏။ နေသိုက် က သူမပုံစံကို ကြည့်ပြီး ခပ်မဲ့မဲ့ ပြုံးလျက် ...

"မင်း ပြန်မလာတာနဲ့ မင်းကို ခိုးမှုနဲ့ စွဲလို့ ရတယ် .. ဒီအခန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲက စိစိတီတီဖွဲ့ကင်မရာမှာလည်း မင်းနဲ့ ငါ့ရဲ့ ..''

''ရှင် တော်တော့ ..''

''မင်းက ပြောပြမှ သိမှာဆိုတော့ တော်လို့ မဖြစ်ဘူး .. နောက်ထပ် ငါ ပြန်ရမှ ဖြစ်မှာတွေ နားထောင်ဦး .. မင်းကို ငါ့ခြံဝင်းထဲ ထည့်ပေးဖို့ အတွက်နဲ့ မင်းယောက္ခမတွေကို ငါ ဘာတွေပေးလိုက်ရလဲ သိလား..''

ဟင်!...

အံ့ဩမှင်တက်မိသွားခြင်းနှင့်အတူ လူတစ်ကိုယ်လုံးက ပရုပ်လုံး လေး ဖြစ်သွားသကဲ့သို့ အရည်ပျော် ပျောက်ကွယ်သွားတော့မှာလား..၊

ဒါမှမဟုတ် လေနဲ့ လွင့်တော့မလား ..၊ ရေမှာ မျောတော့မလား..၊

ဒီလိုအဖြစ်တွေ ရှိလာလိမ့်မည်ဆိုတာ တွေးလည်း မတွေးမိခဲ့ ..၊ တခြားနေရာမှာ တခြားတစ်ယောက်က ပြောပြတာဆိုရင် ယုံနိုင်ဖို့ လည်း မလွယ်ပေ ..၊

''အလင်္ကာ နဲ့ လက်ထပ်ပေးရမယ့်အပြင် တိုက်တစ်လုံးနဲ့ ကား တစ်စီး ပါသေးတယ် .. အဲဒါ မင်းကို တစ်ည ပိုင်ဖို့အတွက် ..''

ဆက်ပြောရင်း သူကလည်း နှုတ်ခမ်းတွေကို ဖိကပ် အံကြိတ်၏။

''ငါရှာတဲ့ စည်းစိမ်ဥစ္စာတွေကို မက်ပြီး အရှက်မရှိ တကောက် ကောက်လိုက်တဲ့ မိန်းမက ကြွေသမျှ ကျသမျှ အကုန် ဖွဲ့ချယူတယ် .. ငါ တန်ဖိုးထားတဲ့ ဂုဏ်သိက္ခာနဲ့ မာန်မာနတွေကတော့ မင်းကြောင့်..''

''ဟုတ်တယ် .. ကျွန်မကြောင့် ရှင် ထိခိုက်ခဲ့တယ် .. အခု ကလဲ့ စားချေခဲ့ပြီးပြီ .. မိန်းမတစ်ယောက်ဆီက ရှင် ဘယ်လောက်ထိ ထပ်လို ချင်သေးလို့လဲ ..''

''မိန်းမတစ်ယောက်ဆီက မဟုတ်ဘူး.. ဂီတ ဆိုတဲ့ မင်းဆီကပဲ..''

''ဟုတ်တယ် .. ဂီတ ကို ရှင် အခု ဖျက်ဆီးခဲ့ပြီးပြီ ..''

''မင်းက ဆက်ထုံးနဲ့ ကြိုးတစ်ချောင်းပဲ.. ငါ့အိပ်ခန်းထဲမှာ တစ်ည နေလိုက်ရတာ ဘာတွေ နောက်ထပ် ပျက်စီးသွားနိုင်သလဲ ..''





''ဘာ!... ဘာပြောတယ် ..''

''နံပါတ်တစ် တကယ်ဆိုရင် မင်းလို မိန်းကလေးတစ်ယောက်ကို ငါ့အိပ်ရာပေါ် တင်ခဲ့တာ ငါ့ရဲ့ မဆင်ခြင်မှု ..၊ နံပါတ်နှစ်က မင်း ပြောတဲ့အတိုင်း ငါက လူယုတ်မာကောင် ဖြစ်ပြလိုက်တာ .. အဲ့ဒါ ကြောင့် အခု အဲဒီလူယုတ်မာလက်ထဲမှာ မင်းက တန်ဖိုးမဲ့ အရုပ်တစ် ရုပ်ပဲ ..''

သူ့စကားသူ သဘောကျသလို မျက်နှာမော့၍ ပခုံးတွန့်ရယ်ရင်း...

''အခုမှ ပွဲဦးထွက် ပညာပေးပဲ ရှိသေးတာ ဂီတ .. နံပါတ်သုံးကျမှ မင်းက ငါ့အတွက် အမြဲတမ်း အသင့်ရှိနေရမယ့် ပေးဆပ်သူသက်သက် အဖြစ် ဇာတ်သိမ်းရမှာ ..''

''တော်တော် ယုတ်မာကောက်ကျစ်တဲ့လူ .. ကျွန်မ ရှင့်လက်ထဲမှာ အဲဒီလို အဖြစ်ခံမယ့်အစား အသေခံပစ်လိုက်မယ် နားလည်လား ..''

''သိပ်နားလည်တာပေါ့ .. အဲ့ဒါကြောင့် မင်းကို ပြောခဲ့တာပဲလေ.. မင်း သေချင် သေလို့ရတယ် .. မင်းအစား မင့်သား ကျန်ခဲ့မှာပဲ .. သူ့ အမေ ဘယ်လိုရှုပ်သွားသလဲ .. ဘယ်လိုပြဿနာတွေနဲ့ ဇာတ်သိမ်းသွား သလဲ .. အစခပ်သိမ်းက အတင်းအဖျင်းပြောတတ်တဲ့လူတွေရဲ့ ပါးစပ် ထဲမှာပဲ ရှိတာ ..''

''တောက်!...''

''မင်း ဖြန့်ကျဲထားတဲ့ သတင်း သတင်းတွေအရ ငါက လူယုတ် မာ မှောင်ခိုကောင်ဆိုတော့ .. မင်းနဲ့ ငါ ဘယ်လိုပတ်ရှုပ်နေခဲ့သလဲ ဆိုတာ ..''

''ရှင် ဘာဖြစ်စေချင်တာလဲ ခနသိုက် ..''

''ဟွန်း ..''

''ရှင် ကြိုက်သလို ယုတ်မာဖို့အတွက် ကျွန်မက ဘယ်အခန်း ဘာ္ဍက ပါရမှာလဲ ..''



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့အိမ်မှာပဲ နေရမယ် .. ငါ့အတွက် လိုအပ်သမျှ မင်းဘာကိုမှ ခေါင်းခါခွင့် မရှိဘူး .."

"ဒီ့ထက်ရှင်းရှင်း ပြောစမ်းပါ .."

သတ္တိမာနတို့နှင့် ရူးရဲ လင်းလက်နေသည့် မျက်ဝန်းတွေကို သူက စိုက်ကြည့်သည်။

စောင်နဲ့ကပ်ကွယ်ထားသည့်ကြားကနေ ဖြူဝင်းနေသည့် ရွှေလည်တိုင်ကျော့နှင့် ပခုံးစွန်းလေးတွေက နူးမွတ် ဝင်းထိန်နေ၏။

သူ ကြည့်လိုက်ကာနှင့် ဂီတ က ကျောပြင်မှာ ဖားလျားပြန့်ကျနေသည့် ဆံနွယ်ရှည်တွေကို ပခုံးတွေပေါ် ပြိုကျလာအောင် မျက်နှာနဲ့ ခါယမ်း မွှေနှောက်ပစ်လိုက်သည်။

ပြီးတော့ ဆံပင်တွေကိုရော စောင်ကိုပါ မိသမျှ စုလုံး ကိုင်ထားပြီး ရူးရူးရဲရဲ ပြန်ကြည့်၍ ...

"ရှင်က ဘုရင်မဟုတ်ပေမယ့် ကျွန်မက ရှင့်အတွက် ပျော့တော်ဆက်ပေါ့ .. ရှင့်ကိုယ်ရှင် လူယုတ်မာမှန်း သိနေရင်လည်း ရှင်းရှင်းပြောလိုက်စမ်းပါ .. ပြီးတော့ ဘာကျန်သေးလဲ .. ပြောလေ .."

"မင်းကိုယ်မင်း အိမ်ဖော်တစ်ယောက်လို အဆင့်မျိုးနဲ့ နေရမှာကို မမေ့နဲ့ .. ခြောက်လအတွင်း ကလေးကို လုံးဝ ခေါ်သိပ်ခွင့် မရှိဘူး .. အပြင်မှာလည်း သွားမတွေ့ရဘူး .. မင်းတို့ တွေ့ရမယ့်အချိန်က ငါ သတ်မှတ်တဲ့အတိုင်းပဲ .."

"ကျွန်မက ကလေးရဲ့အမေပဲ .."

"ငါက မင်းရဲ့အလုပ်ရှင် .."

လက်ညှိုးထိုး ပြောလိုက်သည့် ခနသိုက် မျက်နှာမှာ နီမြန်းတင်းမာနေ၏။ ပြီးတော့ မဲ့၍ ...

"ငါ့ကို ပထမဆုံး သိက္ခာချ အရှက်ခွဲခဲ့တာ မင့်သား .."

"ကလေးကို ရှင်က .."





"နောက်ထပ်လည်း မင့်သားပဲ .. ပြီးတော့ မင်း .. ပြီးတော့လည်း ခင်းပဲ ..၊ မင်းတို့သားအမိနှစ်ယောက်စလုံးက ငါ့တာ့ဂတ်ထဲမှာပဲ ဂီတ.. ဒဲဒီတော့ မင်း လွတ်မြောက်ချင်ရင် ငါ သနားအောင် နေ .."

"ဘယ်တော့မှ မနေဘူး .. ရှင့်ကိုပါ သတိပေးထားဦးမယ် .. ရှင့်ကို အစိမ်းလိုက် ဝါးစားချင်လောက်အောင် သတ်ချင်ဖြတ်ချင်တဲ့ ခိန်းမက ရှင့်နားမှာ နှစ်ဆယ့်လေးနာရီ ရှိနေမှာ .."

"ဟုတ်လား .."

လှောင်ပြုံးနှင့် မဲ့သွားသည့်မျက်နှာက မျက်ခုံးတွေကို ကြာရှည်စွာ ပင့်ထားလျက် ...

"မဆိုးဘူးပဲ .. မင်း တော်တော် သတ္တိရှိတယ် .."

"ဘယ်လောက်ထိ ရှိသလဲဆိုတာ ပိုပြီး အတိအကျ သိရတော့မှာ ပါ .. ရှင် သတိထားနေပေါ့ .."

ဂီတ ကလည်း သူ့ရဲ့ အေးစက်ခြင်းတွေလောက်ကို ဂရုမစိုက်သော စိန်ခေါ်ခြင်းဖြင့် နှုတ်ခမ်းလေးကို အကြည်းတန်အောင် မဲ့၍ ...

"ရှင် ဖွပ်ဖွဲမယ့်ပုဒ်မတွေနဲ့ နာမည်ပျက်မှာထက်စာရင် လူသတ်မှုနဲ့ ထောင်ထဲဝင်ရတာ ဂုဏ်ရှိတာပေါ့ .."

"ဟား .. ဟား .. ဟား ..."

"လူယုတ်မာ .. ရှင့်လောက် အပြုံးကြီးပြီး ယုတ်မာတာ မတွေ့ဖူးဘူး .."

"ခု တွေ့ဖူးပြီပေါ့ .. နောက်ဆိုရင် မင်း ဒီ့ထက်ပိုပြီး နှုဖူးတွေ့ဖူးတွေ့ သိရတော့မှာ .."

ပြောပြီးတာနှင့် လှည့်ထွက်သွား၏။ ဂီတ ဒီတိုင်း အံလေးကြိတ်နေမိရင်း သူ ကွယ်သွားမှ ဆတ်ခနဲ မတ်သွားမိကာ ...

"ခနသိုက် .. ခနသိုက် ရှင် နေဦး .."

တံခါးပြန်ပွင့်ပြီး သူ ပြန်ရောက်လာမလား စောင့်ကြည့်နေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မနသိုက် ရောက်မလာခဲ့ပေ ...။

"တောက် .. ငါက ဒီထဲက ဘယ်လိုလုပ် ထွက်ရမှာလဲ .."

"ဒုန်း .."

တစ်ယောက်တည်း အော်ဟစ်ပြောမိကာ ထားရစ်ခဲ့သည့် ပိုက်ဆံ ထုပ်ကို ခုတင်အောက် ရောက်သွားအောင် တွန်းချပစ်လိုက်မိသည်။ ပြီးတော့ စောင်နဲ့ ကိုယ်ကို ရစ်ပတ်ကာ ခုတင်ပေါ်က ဆင်း၍ ... လိုက်ငုံ့ရှာနေစဉ် ...

"ဘာလုပ်နေတာလဲ .."

"အမေ့!..."

မလုံမခြုံနှင့် ကိုယ့်ကိုယ့်ကိုယ် စိတ်ဆင်းရဲကြီးစွာ ဖြစ်နေဆဲ ... သိုက် အသံကြောင့် တုန်ခနဲ ဖြစ်သွား၏။ လူကလည်း မွေ့ရာစပ် ... ပြေးထိုင်လိုက်ပြီးဖြစ်ကာ ...

"ရှင် .. ကျွန်မရဲ့ .."

"ရော့ .."

သူက ဆွဲကိုင်လာသည့်အိတ်ကို မွေ့ရာပေါ် ပစ်တင်လိုက်ကာ—

"မင်း ငါ့အခန်းထဲကနေ ဆယ်မိနစ်အတွင်း ထွက်ပါ .."

"ဘာ!..."

"နောက်ထပ် ဒီအခန်းထဲကို ငါ မခေါ်ဘဲ မင်း ဝင်ခွင့်မရှိဘူး— ဒီမှာ သော့ .."

သော့တစ်ချောင်းကို ကိုင်ပြပြီးမှ ပစ်ပေးလိုက်၍ ...

"အဲဒီသော့မှာ နံပါတ်ပါတယ် .. အဲဒါ မင်းနေရမယ့် အခန်း— နေ့စဉ် မင်း ဘာတွေ လုပ်ရမယ်ဆိုတာလည်း အဲဒီအခန်းမှာပဲ ရှိတယ်— ဖွင့်ကြည့်လိုက် .."

တစ်နေရာတည်းမှာ ပစ်ကျလာသည့် အကျီထုပ်နဲ့ သော့ ... ကြည့်ရင်း ပြန်မော့လိုက်တော့ သူ မရှိတော့ပေ ...။





လူကို ဖျက်ဆီး စော်ကားသည် ...၊ ပြီးတော့ အကျဉ်းချ၏။

နောက်ထပ် ဘာတွေ ပျက်စီးပေးရဦးမှာလဲ ...၊

သူမ ဒီမြေကို စတင်နင်းမိပြီဆိုတည်းက ဘဝနွံတွင်း သက် ...ခဲ့သည်ဆိုလျှင် ဒီလမ်းကို သွားပါ .. ဒါ လုပ်ပါလို့ လမ်းညွှန်ခဲ့ ... ဘယ်သူလဲ ...။

...ွေးထွေးခြင်းကင်းမဲ့သော ဒေါ်မေညွန့် ရဲ့ မျက်ဝန်းအစုံနှင့် မစာ ... ပြောတတ်သည့် နှုတ်ခမ်းလွှာတို့က စိတ်အာရုံမှာ ထင်ဟပ်လာခဲ့ ...

ပြီးတော့ ချို ...၊

ကိုယ့်ဘဝကို ချခင်း နင်းပြီး သူမကတော့ ရွှေလက်တွဲ၍ ချစ်ပွဲ ...တော့မည် ...၊

အားလုံးက မှန်ပြီး ကိုယ်သာ မှားနေတာလို့ ခံယူရင်း နောက်ဆုံး ...ည်တစ်စက်နှင့် အံကြိတ်ထားမိ၏။

နင်တို့ ပျော်ရွှင်နိုင်ပါစေ ချို ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"အို .. မပျော်ရဘူး .. မေမေ လုံးဝ ခွင့်မပြုနိုင်ဘူး သား .."

"မေမေ့ .. ကိုကြီးကိုယ်တိုင်က ခွင့်ပြုခဲ့တာ .. ပြီးတော့ မင်္ဂ
စရိတ်အပြင် တိုက်နဲ့ ကား .."

"တိုက်နဲ့ကား မေမေတို့လည်း ပေးနိုင်တယ် .. မင်္ဂလာပွဲ အ
အကျယ်ဖြစ်သွားဖို့လည်း တတ်နိုင်တယ် .. သိုက် ဆီမှာ သူ ဆုံး
တဲ့အတိုင်းဆိုပြီး အပ်ထားခဲ့တာက သိုက် ကို မေမေတို့က ယုံကြ
လေးစားလို့ ..၊ သူ့အပေါ်မှာ မင်း အပြစ်လုပ်ခဲ့တဲ့အတွက် ကျေ
စေချင်လို့ .."

"ဟုတ်ပါတယ် .. အခု ကိုကြီး ဆုံးဖြတ်လိုက်တာကို ကျေ
မေမေက ကန့်ကွက်နေပြန်ပြီ.. မေမေလုပ်ပုံကိုလည်း ပြန်ကြည့်ပါဦး"

"ကန့်ကွက်နေတာက မှန်တယ် .. ဒါပေမယ့် သိုက် နဲ့ မ
ဘူး .."

ဒေါ်အေးပွင့် က သောက်လက်စ ကော်ဖီပန်းကန်ကို ပြန်ချ
လိုက်ကာ စိတ်ဆင်းရဲ မှုန်ကုပ်သွားသည့် အလက်ာ့ မျက်နှာကို ပြ
သည်။ ပြီးတော့ ခေါင်းခါ၍ ...



"သိုက် နဲ့ မဆိုင်တဲ့အကြောင်း ခု ဒီဝိုင်းက ထတာနဲ့ မေမေကိုယ်
ဖုန်းဆက်မယ် .. သူလည်း ကျေနပ်မှာပါ .."

"ကျေနပ်မှာ မဟုတ်ဘူး မေမေ .. ကိုကြီးက သူကိုယ်တိုင် အန်တီ
နဲ့ သဘောတူ ကတိပေးခဲ့တာ .."

"ဘာတွေ လဲလှယ်ပေးယူပြီး ကတိပေးခဲ့သလဲ မင်း သိလား .."

"ဘာကို သိရမှာလဲ မေမေရာ .. အန်တီညွန့် က သမီးရှင်ဖြစ်တဲ့
တ် သူကိုယ်တိုင် မျက်နှာအောက်ချပြီး .."

"အဲဒါတွေ လုံးဝ မဟုတ်ဘူး .."

ဒေါ်အေးပွင့် က ဒေါ်သသံနှင့် ပြောပြီးမှ ဖုန်းဆက်ပြီး ပြန်
က်လာသည့် ဦးဟံသာ ကြောင့် ပင့်သက်ရှိုက်ရင်း စိတ်ကို လျှော့
သည်။

"အဲဒါတွေ မင်းအဖေလည်း သိတယ် .. မနေ့သိုက် က မေမေတို့ကို
ပြခဲ့တာ .."

"ဟင် .."

"ဟုတ်တယ် သား .. ဖေဖေတို့အနေနဲ့ သားရဲ့အိမ်ထောင်ဖက်ကို
ငွေစာရိတ္တပိုင်းရော .. စိတ်ဓာတ်ရေးရာမှာပါ ဆန်ခါတင် ရွေးချင်
း မဟုတ်ဘူး .. အကောင်းဆုံးတွေချည်း မရနိုင်တာကို ကျေနပ်
တယ် .. စုတ်ပြတ် ဆိုးဝါးနေတာကိုတော့ လက်ခံလို့ မဖြစ်ဘူး.."

"နေပါဦး ဖေဖေ .. ချို့ က ဘာဖြစ်နေလို့လဲ .."

"သူတင် မကဘူး .. တစ်မိသားစုလုံး စိတ်ဓာတ် မကောင်းခဲ့
.."

ဒေါ်အေးပွင့် က မနေ့သိုက် ပြောပြသမျှကို ပြန်ပြောသည်။ ဦးဟံ
သာ ခေါင်းခါနေ၏။ ကိတ်ခြောက်တစ်ခု လှမ်းယူပြီး မစားဖြစ်ဘဲ
း ကိုင်ထားလျက် ...

"သူ့သမီး ကောင်းစားဖို့အတွက် အားကိုးမဲ့နေတဲ့ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ချောက်တွန်းခဲ့တယ် .. သမီးမရှိလို့ မစာနာဘူးဆို
လူကြားကောင်းပေမယ့် ကိုယ့်မှာလည်း သမီးက မဖုံးနိုင် မဖိနိုင်နဲ့ ..

"ဟုတ်တယ် မေမေ .. သူ့သမီးအတွက် သူ့အမေ ဘယ်လို
မတရားလုပ်နေနေ အဲဒါ အမေတစ်ယောက်ရဲ့အတ္တလို့ မေမေ မြင်
ပါ .."

"ဘာပြောတယ် အလက်ာ .."

"မဟုတ်ပါဘူး .. ဒါပေမယ့် သူများရဲ့စိတ်ဓာတ်ကို မကြိုက်
နဲ့ ချို နဲ့ ကျွန်တော့်ကို ခွဲပစ်လိုက်ရင် သူ့မှာ ကိုယ်ဝန်နဲ့ မေမေ .."

"အဲဒီကိုယ်ဝန်က ညာတာ .."

"ဗျာ!..."

"မင်းက မိဘတွေ့ကို မယုံကြည်တာလား အလက်ာ .."

"ယုံပါတယ် .. ဒါပေမယ့် .."

"ရပြီ .. ဒါပေမယ့်နဲ့ ထပ်မဆက်နဲ့ .. မင်းရဲ့ ချို မင်းကို
အတွက် နည်းမျိုးစုံနဲ့ ကြိုးစားနေတာတွေ မေမေတို့ အားလုံး သိတ
ယောက်ျားလေးရှိတဲ့ဆီကို ချောင်းပေါက်အောင် လာတာ .. နေရာ
ချိန်းတွေ့တာ .."

"မေမေ .."

"မေမေ မဟုတ်တာ တစ်ခုမှ မပြောဘူး သား .. မင်း ဝင်မ
ပြီးတော့ ခုလို မသမာတဲ့နည်းတွေ သုံးခဲ့တာရော .. အဲဒီလို မိန်း
အပေါ် မေမေတို့က ဘယ်လို တန်ဖိုးတွေ တပ်ပေးရမလဲ .."

"မင်း စဉ်းစားရမယ် အလက်ာ .. ကိုယ့်ရဲ့ ဘဝကြင်ဖော်
တာဟာ ဘဝစာမျက်နှာပေါ်မှာ ကိုယ်သမိုင်း ကိုယ်ရေးဖို့ စတင်
မင်ရည်ကျဲလို့ မရဘူး .."

"ဒါဆို .. ကျွန်တော်နဲ့ ချို့ ကို .."

"မင်းနဲ့ သူ့ကို လက်ထပ်မပေးနိုင်ဘူး .."



အလက်ာ ခေါင်းငိုက်စိုက်ကျသွားခဲ့၏။ အစတည်းက မိဘ
ျက်နှာကို မော်ကြည့်ရဲတဲ့သူ မဟုတ် ...၊

ပြီးတော့ ခနသိုက် ...၊

"ဖေဖေ .."

"ပြော .."

"ဒါဆို ကိုကြီးကရော ဂီတ ဆိုတဲ့ အစ်မကို ရန်ငြိုးနဲ့ ဖျက်ဆီး
ာလဲ မဟုတ်လား ...၊ မဂီတ က သူ့ပညာနဲ့ သူ့အလုပ်နဲ့ ရပ်တည်နေနိုင်
ဲ့သူ .. ဒါကို သူ့အတွက် အိမ်ဖော်လုံးလုံးဖြစ်အောင် ဖန်တီးယူလိုက်
ာ .."

"ဒါက သူတို့ကိစ္စတွေပါ .."

"သူတို့ကိစ္စပေမယ့် ကိုကြီးကို ကျွန်တော်တို့ တစ်မိသားစုလုံးက
ုံကြည်လေးစားခဲ့ကြတာလေ ...၊ သူ့စိတ်ဓာတ်ကရော လေးစားထိုက်ဖို့
လိုဘူးလား .."

"လိုတာပေါ့ကွာ .."

ဦးဟံသာ က ကိတ်ခြောက်ဝါးရင်း လက်သုတ်ပဝါပေါ် လက်
ာင်ထားလျက် ...

"အမြဲတမ်း မှန်နေတဲ့လူ မရှိသလို .. အမှားတိုင်းကိုလည်း ကြက်
ခြေခတ်ပစ်လို့ မရဘူး .. သိုက် က ငါတို့ ချစ်ခင်လေးစား ယုံကြည်
ိုက်တဲ့လူမျိုး ...၊ အသက်အရွယ်မတူပေမယ့် ဖေဖေ့အတွက် လုပ်ဖော်
ိုင်ဘက်လို တိုင်ပင်လို့ ရတယ် .. ရင်းနှီးစွန့်စားရမှာတွေကျတော့
ူက အားကိုးရတဲ့ သားကြီးတစ်ယောက်လိုပဲ သူ့အလုပ်ကို သူ လုပ်
ာလို.. အကူအညီလိုလို့ တောင်းလိုက်ရင် စိတ်ဝင်တစား ကူညီတယ်.."

"ဒါတွေ ခုလောက် ရှင်းပြနေစရာတောင် မလိုပါဘူး အစ်ကို
ယ်.. သိုက် ကို သူကိုယ်တိုင် ချစ်ခင်လေးစားခဲ့တာပဲ .. ဘာလဲ မိန်းမ
ာစ်ယောက်အတွက်ကျမှ မင်းက အမုန်းပွားချင်တာလား .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး .. ဒါပေမယ့် .."

"ဂီတ ဆိုတဲ့ မိန်းကလေးနဲ့ သိုက် အဆင်မပြေတာတွေ
တယ် .. အဲဒါကြောင့် သူ့အကြောင်းနဲ့သူ ဘာတွေလုပ်နေနေ ..
ဘယ်တော့မှ မယုတ်မာဘူးဆိုတာ မေမေတို့ ယုံတယ် .. မယုတ်
သာ သူ ပေးစရာရှိတာကို ပေးမှာဖြစ်တဲ့အကြောင်း မေမေတို့ကို
တာပေါ့ .. သူ လုပ်ခဲ့တာက မင်္ဂလာပွဲနဲ့ဆိုင်ပေမယ့် မင်းရဲ့ဘဝကို
မေမေတို့ပဲ စီမံခွင့် ရှိတယ်တဲ့ .."

"ဒါဖြင့် ကျွန်တော်တို့ လက်မထပ်ဖြစ်ရင်တောင် အဲဒီ
အလှယ်ကို ကိုကြီးက ပေးမှာပဲတဲ့လား .."

"ဟုတ်တယ် .."

"မေမေတို့က လက်ထပ်ခွင့်မပြုဘူးဆိုတာ အကြောင်းပြန်လို
ပေါ့ .."

"ဒါကို အကြောင်းပြန်ရမှာက ဒေါ်မေညွန့် ဆီကိုပါ ..
နဲ့မှ မဆိုင်တာ .. သိုက် ဆီ ဖုန်းဆက်မယ်ဆိုတာက မေမေ သဘော
နိုင်တဲ့အကြောင်း သိုက် ကို အရင် အသိပေးပြီး နားလည်စေချင်

ချို ဘယ်လိုနေမလဲ ..၊

ကိုယ်ဝန် တကယ်မရှိဘူးဆိုရင်တောင် ကိုယ့်ကို ချစ်လို့သာ
ဆိုင်ရရေးကို ကြိုးစားခဲ့တာဖြစ်သည်။

ဒါကို မေမေတို့က ဘာဖြစ်လို့ မရိုးသားခြင်းလို့ ခေါင်း
လိုက်တာလဲ ..။

ဘာပဲဖြစ်ဖြစ် မေမေက အတင်းအကျပ် တားဆီးလာပြီ
တော့ ..၊





## အခန်း (၂၉)

"ဘာကိစ္စရှိလို့လဲ .."

မေးလိုက်သည့်မျက်နှာကို မြင်တည်းက ဈော်လင့်ချက် တစ်ဝက်
ကျိုးသွားပြီကို သိလိုက်သည်။ ဒါပေမယ့် ဒေါ်မေညွန့် ကိုယ့်မာနကို
နှိမ်ထားလိုက်ကာ ...

"ထိုင်မယ် နော် .."

ခနသိုက် က ခေါင်းညိတ်ပြပေမယ့် မျက်မှောင်ကုတ်ထားပုံက
မြန်မြန်ပြော မြန်မြန်ပြန်လို့ ပြောနေသလိုပင် ..၊

"အန်တီလာတာ မင်း သိမှာပါ .."

"ဘာကိုလဲ .."

"သမီးချို ရဲ့ မင်္ဂလာကိစ္စကို အလကော့ ဘက်က ငြင်းလိုက်တယ်"

"အဲ့ဒီတော့ .."

"အန်တီတို့က သဘောတူထားပြီးပြီလေ .. မင်းလိုချင်တာ အန်
ဆးခဲ့တယ် .. အန်တီတို့အတွက် .."

"ဒီမှာ ကားသော့ .."



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩ ဆွဲလိုက်သံ ရှောခနဲ ညင်သာပေမယ့် မျက်နှာရှေ့ကို ပ
လာသည့် ကားသော့က နောက် အရှိန်နည်းနည်း ထပ်ပို့လိုက်တာ
ရင်ဘတ်ဆီကို အင်အားနဲ့ ပစ်ဆောင့်နိုင်၏။

ပြီးတော့ 'ဘုတ်'ခနဲ ထပ်ချလိုက်တာလည်း ခပ်ရိုင်းရိုင်း ..

ကြည့်လိုက်တော့ ဖိုင်နှစ်ခုဖြစ်ကာ ...

"ဖိုင်ထဲမှာ ချက်လက်မှတ်လည်း ပါတယ် .. အဲ့ဒါက မင်း
စရိတ်အတွက် .."

ဒေါ်မေညွန့် မျက်နှာရှေ့ ရောက်လာသမျှကို တအံ့တဩ ကြည့်
မိဆဲ ...

"အိမ်ဂရန်နဲ့ စာရွက်စာတမ်းတွေ အကုန်လုံးပဲ .. လွှဲပြောင်း
တဲ့ စာချုပ်မှာလည်း ခင်ဗျား လက်မှတ်ထိုးရုံပဲ .."

"ဒါ .. ဒါကခြံနဲ့ တိုက်ရဲ့ ဂရန် .."

"ရှိသေးတယ် .. ဒီမှာ ကားရဲ့ အုံနာဘုတ်ခ် .."

"ကားက စီးပြီးသားကြီးလား .."

"ရှိုးရွမ်းမှာ စီးပြီးသားတွေချည်းပဲ .. ခင်ဗျားတို့ ဝယ်ပြီး ဖယ
ထပ်ရှုပ်လာမှာစိုးလို့ အပြီးလုပ်ပေးထားတာ .. ကားက ရှပ
စတွန်(မ်)ပါးလ်ဝှိုက်တ် .."

"ဟင်!..."

ဒေါ်မေညွန့် ကျေနပ်သည့်မျက်နှာကြီး ဖုံးဖိမရအောင် ဖြစ်သွ
သို့သော် ချက်ချင်း ...

"ဟုတ်ပါတယ် .. ဒါတွေ မင်း ပေးမယ်ဆိုတာ သိပါတ
ဒါပေမယ့် အလက်ာ့ မိဘတွေက .."

"အဲ့ဒါ သူတို့ကို သွားမေးကြည့်လေ .."

"မဟုတ်ဘူးလေ သိုက် ရယ် .. သူ့သားရဲ့မင်္ဂလာကိစ္စကို
ဆုံးဖြတ်ခွင့်ရှိတယ်လို့ သူတို့ ပြောခဲ့တာပဲ .."



"သူ့မိဘတွေ ငုတ်တုတ်ကြီး ရှိနေတာ ကျွန်တော်က ဘာမို့လို့
လဲ .."

"ဒါပေမယ့် မင်းလည်း အာမခံခဲ့တယ်လေ .."

"ဟွန်း .."

သိုက် က စီးကရက်ရှိုက်ပြီး မှဲ့သည်။ ပြီးတော့ လည်နေသည့်
ကုလားထိုင်ကို ထိုင်ချလိုက်ပြီးမှ ဒေါ်မေညွန့် ဘက်ကို လှည့်၍ ...

"ပြန်တွေးကြည့်ပါဦး အလက်ာ့ ကို ရရစေမယ်လို့ ကျွန်တော်
ပြောခဲ့မိသလား .."

ဒေါ်မေညွန့် မျက်နှာ အနီရောင်သမ်းသွားသည်။ စီးကရက်ငွေ့တွေ
တလွန့်လွန့်ရဲ့နောက်မှာ သိုက် ရဲ့ မဲ့ပြုံးက အောင်နိုင်သူ၏ ပီတိမျိုးဖြင့်
ကြာရှည်ခဲ့၏။

"မဟုတ်သေးဘူး သိုက် .. ငါတို့ စီစဉ်ခဲ့ကြတာက .."

"ကျွန်တော်တို့ ပြောစရာ မရှိတော့ဘူး ထင်တယ် .."

"ဘာ!..."

"ကျွန်တော်နဲ့ ခင်ဗျား ဖုန်းထဲကနေ အပေးအယူကိစ္စ ပြောခဲ့ကြ
တယ် .. အခု ကျွန်တော်က စာရွက်စာတမ်းတွေ လက်ငင်းချပေးပြီးပြီ.."

"ဟုတ်ပါတယ် .. အဲ့ဒါက ဟုတ်ပါတယ် .. အခု ပြောတာက
သမီးတို့ရဲ့ မင်္ဂလာကိစ္စကို .."

"အဲ့ဒါ ကျွန်တော်နဲ့ မဆိုင်တော့ဘူး .. ခင်ဗျားတို့ မင်္ဂလာကိစ္စ
ဖြစ်ဖြစ် .. မဖြစ်ဖြစ် ကျွန်တော့်ဘက်က ပေးစရာရှိတာကို ပေးပြီးပြီ.."

"အန်တီ လာတာကလည်း အခြေအနေကို မေးကြည့်ချင်လို့ပါ..
မင်းကို အပြစ်တင်ဖို့ လုံးဝ မဟုတ်ပါဘူး .. သူ့မိဘတွေရှိနေတဲ့အတွက်
မင်းနဲ့ မဆိုင်ဘူးဆိုတာလည်း ဒါ သဘာဝကျပါတယ် .. ဒါပေမယ့်
ကွယ် မင်းရဲ့စကားတစ်ခွန်းက သူတို့အပေါ်မှာ ဘယ်လောက်ထိ သက်
ရောက်တယ်ဆိုတာ အန်တီတို့ သိပါတယ် .. ချို့ အတွက် အရမ်းကို

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးနေလို့ပါ ..”

“သူများကိစ္စတွေ ကျွန်တော် စိတ်မဝင်စားတတ်ဘူး .. ကျွန်တော့် ကိစ္စကို သူများ စပ်စုတာလည်း မုန်းတယ် .. အလက်ဇ် တို့ မိသား လည်း ဒီတိုင်းပဲဆိုတော့ .. ခင်ဗျားကို ကျွန်တော် မကူညီနိုင်ဘူး ..”

တော်တော် မိုက်ရိုင်းတဲ့ သတ္တဝါ ...၊

ဒေါ်မေညွန့် မျက်လုံးတွေထဲမှာ မီးညွန့်တွေ တလွန့်လွန့် တက် လာသလိုပင် ...၊ ဒါပေမယ့် ဖိုင်နဲ့တကွသော တခြားပစ္စည်းတွေပေါ်မှာ လက်ကို တင်ထားပြီးဖြစ်ကာ ...

“တစ်ခုတော့ ငါ့ဘက်က ပြောအားရှိပါသေးတယ် .. အဲ့ဒါ ဂီတ ..”

စီးကရက်ပြာ တောက်ချရင်း သိုက် ရဲ့မျက်တောင်ဖျားတွေ ခနဲ ပင့်တက်လာ၏။

ဒီလောက်တော့ လှုပ်ရှားသွားအောင် တတ်နိုင်သေးတာမို့ ဒေါ်မေ ညွန့် က မရိုးသားသည့်အပြုံးနှင့် မဲ့၍ ...

“ဂီတ ဆိုတဲ့ မိန်းကလေးက ငါ လက်ဖျစ်တီးလိုက်တာနဲ့ ချက် ချင်း ဒူးတုပ်ပြီး ရောက်လာရတဲ့ မိန်းကလေး ..”

“ဟွန်း ..”

သိုက် က စီးကရက်ကိုပါ ခွက်ထဲမှာ ဖိချေပစ်လိုက်ပြီး ရယ် ပြီးမှ စားပွဲပေါ်မှာ လက်ပိုက်သလို တင်၍ ဒေါ်မေညွန့် မျက်နှာ စေ့စေ့ကြည့်ကာ ...

“ခင်ဗျားလက်ထဲက ပစ္စည်းတွေကို မြဲအောင် ကိုင်ထားပြီးမှ ပြော ပါလား ..”

လက်အစုံက ဖိုင်ပေါ်မှာ တင်းခနဲ ဖိအုပ်ထားလိုက်ရင်း အုံ ဘုတ်ခ်နဲ့ ကားသော့တို့ကို လက်ချောင်းတွေ ကား၍ တစ်ခုစီမှာ ထိ ထားလိုက်မိသည်။





ထိုလက်တွေကို သိုက် က မျက်တောင်ဖျားတွေ စင်းကြည့်ပြီး အရယ်မပျက်နှင့် ...

“ခင်ဗျားသမီးကိုတော့ အလက်ဇ့် မိဘတွေက လက်ဖျစ်တီး ခေါ် ချင်ပုံတောင် မရဘူး .. ဘယ်လိုလုပ်မလဲ ..”

ခွေးဝဲစားလေး ...၊

စိတ်ထဲကနေ ပစ်ပစ်နှစ်နှစ် ဆဲရေးရင်း ကမန်းကတန်း ထထွက် လာခဲ့မိသည်။

တော်ကြာ စိတ်ပြောင်းသွားပြီး ဖိုင်တွေ ပြန်ဆွဲလုထားလိုက်ရင် ဒုက္ခ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"တင်းတောင် .."

တံခါးဘဲလ်သံကြောင့် ဆပ်ပြာမြှုပ်တွေနဲ့ ဖော့ဇာကို ဇလုံထဲ ပြ[illegible] ထည့်ပြီး လက်ကို ဒီတိုင်းပဲ သုတ်လိုက်သည်။

'အိမ်ရှေ့ထိ ရောက်လာပြီဆိုရင် မင်းကို ဒုက္ခပေးမယ့်ဧည့်သည် မဟုတ်ဘူး .. ဘယ်သူဘယ်ဝါ ပြောရင် တံခါးဖွင့်ပေးလိုက်' လို့ [illegible] မှာထားသဖြင့် တံခါးနားရောက်တော့ အမျိုးသမီးကြီးတစ်ယောက်[illegible] မြင်လိုက်ရကာ ...

"အန်တီ ဘယ်သူနဲ့ တွေ့ချင်လို့လဲ ဟင် .."

"မင်းက .."

"ဂီတ .."

ဂီတ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရမှာကို သတိရသွားကာ ရှ[illegible] တရက် ထစ်ငေါ့သွား၏။ ဒါပေမယ့် ...

"ဂီတ က ဒီအိမ်က အိမ်ဖော်ပါ .."

"အိမ်ဖော် .."

အမျိုးသမီးကြီးက မျက်မှောင်ကုတ်သွားကာ ဂီတ ကို တံခါး အပြင်ကနေ ခြေဆုံးခေါင်းဆုံး ပြန်ကြည့်၏။





မီးခိုးရောင်ရေကာအင်္ကျီကို လည်ကုပ်နဲ့ ခါးမှာ သိုင်းချည်ထား တာ လက်ဖျံတွေပေါ်မှာရော .. ပခုံးစွန်းတစ်ဖက်မှာရော ဆပ်ပြာမြှုပ် ဆွေ စင်နေတာလည်း မြင်နေရသည်။ ပြီးတော့ အနီရဲရဲ လည်ကပ်အင်္ကျီ သက်တိုကိုလည်း တစ်စွန်းတစ်စ မြင်နေရ၏။ ဆံပင်တွေကို ခေါင်းအုပ် လေးထဲမှာ ထည့်ထားပေမယ့် နဖူးနဲ့ နားသယ်စပ် ဆံယဉ်စလေးတွေ စိမ်းမှောင်နေတာက ထင်းနေသေးသည်။

ဘာလုပ်နေတယ်ဆိုတာ မြင်နေရသလို သူမ တစ်ကိုယ်လုံး ပြစ် ချိုးမှုံ့မထင် ဝင်းစက်နူးမွတ်နေတာလေးက ပျောက်ကွယ်မသွားဘဲရှိရာ...

"အင်း.. ဂီတ ဟုတ်လား.. အန်တီက သိုက် ရဲ့အဒေါ်ဝမ်းကွဲပါ.."

"ရှင် .."

"လူလေး မှာမထားဘူးလား .."

"ဟင့်အင်း .."

ခေါင်းခါပြမိပေမယ့် ခပ်ဖိုင့်ဖိုင့် ရှင်းသန့်နေသော အမျိုးသမီးကြီး ၏ ဥပမိရုပ်သွင်နှင့် ခရီးဆောင်အိတ်နှစ်လုံးကို ငုံ့ကြည့်မိကာ ...

"ဒါပေမယ့် ဝင်ပါ အန်တီ .. အပြင်မှာ ခြံစောင့်ရှိတာပဲ .. သူ တံခါးဖွင့်ပေးလိုက်တည်းက သူ့မြေးရဲ့ဧည့်သည်ဆိုတာ ဂီတ သိပါ တယ် .. ကြွပါရှင် .."

ဂီတ က ပျာပျာသလဲ တံခါးဖွင့်ရင်း အိတ်တွေကိုပါ အိမ်ထဲထိ သယ်လာခဲ့သည်။ အမျိုးသမီးကြီးက ရှိုးကေ့စ်မှန်တွေနဲ့ ပြတင်းပေါက် မှန်တွေရော .. အလင်းအမှောင် နှစ်မျိုးနဲ့ ကာရံ ဖန်တီးထားသော အောက်ဒိုးဗျူးရဲ့ မှန်တွေကိုပါ သေချာ လိုက်ကြည့်သည်။

မှန်တွေကို ဆပ်ပြာနဲ့တိုက်ချွတ်နေတာမို့ ဆပ်ပြာမြှုပ်တွေက စီး သွယ်နေဆဲ ...၊

"သန့်ရှင်းရေး လုပ်နေတာလား .."

"ဟုတ်ကဲ့ .. ဒီမှာ ထိုင်ပါ အန်တီ .. ဂီတ ရောက်တာ တစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



ရှိပြီ .. နေ့တိုင်း တိုက်နေတာတောင် အောက်ထပ်တစ်ထပ်ကို နေရာမနံ့သေးဘူး"

"ဟင် .."

တစ်ယောက်ထိုင် ဆိုဖာကြီးကို သန့်ရှင်းရေးလုပ်တုန်း သေးကပ်ထားတာမို့ ညှော်သည်ထိုင်ဖို့ ပြေးရွှေ့ သုတ်သင်နေရတာ ဂီတ တစ်ယောက်တည်း ဖက်ဖက်မောနေ၏။ ဒါပေမယ့် ဖော်ရွေစွာ ပြုံးပြရင်း...

"ထိုင်ပါ အန်တီ .. ဂီတ အအေးသွားလုပ်ခဲ့မယ် နော် .."

"အို .. နေပါစေ သမီးရယ် .. အဲ .."

အမျိုးသမီးကြီးမျက်နှာမှာ နူးညံ့ချိုသာခြင်းတွေ ပြည့်ပြည့်သိပ်သိပ်ဖြစ်သွားပြီးမှ မျက်နှာကို တည်ငြိမ်ပြေပြစ်ရုံ သေချာပြင်ဆင်လိုက်ပြီး...

"ရတယ် .. မင်းလည်း အလုပ်တစ်ဖက်နဲ့ပဲ .. ပြီးအောင် လုပ် .. ငါ အိမ်ပေါ် တက်ကြည့်လိုက်ဦးမယ် .."

"ဟို .. အပေါ်မှာ တချို့နေရာတွေမှာ ဖုန်တွေ ရှိသေးတယ် .. အန်တီ့ခြေထောက်တွေ .."

"ဖြစ်ပါတယ် .. မရောက်တာ ကြာပြီဆိုတော့ သေချာကြည့်ချင်သေးတယ် .. ဒီကောင်လေး အိမ်ကြီး ဒီလောက်အကြီးကြီးကို အလုပ်သမားတစ်ယောက်တည်းနဲ့ ဘယ်လိုလုပ် ထောင့်စေ့မှာလဲ .. သန့်ရှင်းရေးလည်း ဒီလက် .. ချက်ပြုတ်တော့လည်း ဒီလက်နဲ့ .."

ဂီတ ကိုယ့်လက်တွေကို ဖြန့်ကြည့်လိုက်မိစဉ် အမျိုးသမီးကြီးက ထဘီတစ်စ 'မ'၍ အပေါ်ထပ်သို့ တက်သွားပြီ ဖြစ်၏။

ဘာပဲဖြစ်ဖြစ် ကိုယ်တစ်ယောက်တည်း ရှိနေသလို အလုပ်ပြီးဖို့ပဲ လုံ့လစိုက်လို့ မရတော့မှန်း သိလိုက်ကာ လုပ်လက်စကို မြန်မြန် အပြီးသတ်၍ မီးဖိုခန်းထဲ ပြေးဝင်ခဲ့ရ၏။ မီးဖိုခန်းထဲမှာလည်း ဟင်းချက်ပစ္စည်း စုံစုံလင်လင်တော့ ရှိပေမယ့် ဘဲဥနဲ့ ခေါက်ဆွဲခြောက်ထုပ်တွေရယ် .. ဟင်းသီးဟင်းရွက်တွေရယ် ဒါတွေပဲ ရှိသည်။





အားလုံးကလည်း ကိုယ့်ဘာသာ ဝယ်ထည့်ထားတာတွေပါ ..။

"တစ်ချက်မှ နားနေတာ မကြိုက်ဘူး .. ပင်ပန်းတယ်လို့လည်း ညည်းသံမထွက်နဲ့ .. ဒီအိမ်ကြီးတစ်အိမ်ရဲ့ သန့်ရှင်းရေးဗာဟီရက မင်းတာဝန် .. ငါ မသိဘဲ အပြင်မထွက်ရဘူး .. ငါ့ကို အသိမပေးဘဲ ဘာမှ လုပ်ရဘူး .. မင်းကို ငါ ခေါ်သထွက်လာရပြီဆိုရင်တော့ မင်း ငါ့အိမ်ကို ရောက်လာတဲ့ညကစပြီး အားလုံးကို လူတွေသိကုန်မယ် ..၊ မင်းရဲ့ အကျက် .. မင်းသိက္ခာ .. မင့်သားရဲ့နောင်ရေး .. အားလုံးက မှန်ကွဲစတွေ ဖြစ်ကုန်လိမ့်မယ် .." တဲ့ ..။

သူ့စကားတွေကို လွမ်း တို့ကိုလည်း ပြောပြခဲ့သေးသည်။ သူမတို့ သူကလည်း စိတ်မကောင်းရုံအပြင် ဘာမှမတတ်နိုင်ကြပေ ..၊

"နင်က သူ့အိမ်ထဲကို ရောက်သွားခဲ့တာဆိုတော့ ဘာဖြစ်ဖြစ် နင် ကြီးသားပဲ ဂီတ .. နင့်ယောက္ခမတွေ အရမ်းယုတ်မာတယ် .. နေသိုက်ဆက် အများကြီး ပိုသေးတယ် .. တကယ် အံ့ရော .."

"ငါတော့ သိပ်မအံ့သြပါဘူး .. ဒေါ်မြေညွှန့် ဆိုတဲ့ မိန်းမကြီးက မျက်နှာ အင်္ဂါရုပ်ကိုက သိသာနေတာ .. ဂီတ ဘာကို အထင်တကြီး ကြီးပြီး ဘယ်ကမြွေဟာကို မျှော်လင့်နေမှန်း မသိဘူး .. ချို့ က ပိုတောင် ကျန်သေးတယ် .."

"ဟုတ်တယ်.. ကျော် တောင်မှ ယောကျ်ားလေးမို့လို့ နေမှာ.. ဂီတ ကလည်း မရှိးသားတော့ ညှာတာစိတ်လေး နည်းနည်းပါးပါးရှိမှာပေါ့"

"မဟုတ်တာ ဝင်ဒီ ရယ် .. "

"ဒီလောက် အသိသာကြီး ဂီတ ရယ် .. ဒေါ်မြေညွှန့် သူ့သား လေးလေးပါဆိုပြီး ဆတ်ဆတ်ခါ ဖြစ်နေတာ နင် မတွေ့ဘူးလား ..၊ ဘယ်ဆို လူပျိုရုံမကလို့ မွေးကင်းစလေးပဲဖြစ်ဖြစ် သူ့သားလို တွေ့ တစ်ရာ့တစ်ဆယ်နဲ့ ဂီတ တန်ကို မတန်ဘူး ..၊ လူပျိုဖြစ်တာနဲ့ပဲ ကောင်ကြီး ပေါက်လာမှာ ကျနေတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"နင်လည်း မနသိုက် ကို ပြေလည်အောင် ပေါင်းကြည့်ဖို့ ကြိုး… ဂီတ.. ခုအခြေအနေမှာ နင် မာနကြီးလေ သူ့ဒေါသက မီးမြင့်လေ… နေမှာ..၊ သူ ဒေါသဖြစ်နေသမျှ နင် လွတ်မြောက်မှာ မဟုတ်ဘူး.. … ငွေဝယ်ကျွန်ဖြစ်ရတာထက် နင့်ဘက်မှာ အများကြီး နစ်နာခဲ့တာလေ.."

"ဟုတ်တယ် ဂီတ .. ဒေါ်မေညွှန့် တို့ကြောင့် နင့်ဘဝ နစ်မွန်း… သွားခဲ့ပြီ .. အဲဒီ အရက်တွေ သိက္ခာတွေကို သူက ထုပ်ပိုးယူထား… နင် သိလား.. နင့်ကို မကျေနပ်တိုင်း 'ငါ ပစ်ချလိုက်ရမလား' လို့ သိက္ခာ… ထုပ်ကို မြှောက်ပြီး ခြောက်လှန့်နေမှာပဲ .. အဲဒီတော့ နင် မာနလျှော့… မယ် .. သူ ခွင့်လွှတ်ချင်အောင် နေရမယ် .."

"ဝင်ဒီ ပြောတာ မှန်တယ်ဟ .. ကိုယ်က ဖျက်ဆီးခံရပါတယ်… ဆိုပြီး ဘယ်ရုံးမှာ တက်တိုင်ရဲလို့လဲ .. ဒါမျိုးကို တော်ရုံမိန်းမ လုပ်ရဲ… မဟုတ်ဘူး .. နင့်မှာ ဟာလေးရဲ့အနာဂတ်က ရှိသေးတယ် .. နိုင်… မရှိတဲ့အပြင် သူ့အင်အားအောက်မှာ ပိပြားသွားခဲ့ရင် နင့်ဘက်မှာ ထိခိုက်… မှာ နစ်ဘဝ .."

"ဒေါ်မေညွှန့် ကို ဒီလောက်ထိ ပုံချပေးပြီး နင့်ကို ချုပ်ကိုင်ထား… အောင် ကြိုးစားခဲ့တာ နည်းတဲ့ အငြိုးလား .."

လွှမ်း တို့နဲ့ ပြောဖြစ်ခဲ့တာတွေကို စဉ်းစားရင်း ဂီတ သက်မဲ့… လေးလို ငေးမောနေခဲ့၏။ ဘယ်ဘက်မှာ ကိုင်ထားတာ ဘဲဥခြင်း… ဖြစ်ကာ ညာဘက်မှာ ကန်စွန်းရွက် တစ်စည်း …။

ဒါပေမယ့် သူမ မျက်ဝန်းလေးတွေက ကြည့်နေပေမယ့် မမြင်… ကဲ့သို့ …၊





## အခန်း (၃၁)

"ချက်ပြုတ်စရာ ဘာရှိလဲ .."

"ဘာမှမရှိဘူး .."

ပါးစပ်ထဲ ထည့်မည့် ပန်းသီးစိတ်က နှုတ်ခမ်းနဲ့ မထိတထိကနေ… …ပြန်ဆုတ်သွား၏။

သိုက် က ပြန်ဖြေလိုက်သည့် ဂီတ ကို လှည့်ကြည့်ကာ …

"ဘာဖြစ်လို့ ဘာမှ မရှိတာလဲ .."

"မဝယ်ထားလို့ မရှိတာလေ .. သူ့ဈေးလည်း အိမ်မှာ ထမင်းစား… …မဟုတ်တော့ ဘာတွေ ဝယ်ထားဖို့ လိုလို့လဲ .."

"အင်း .. ကြားရတာတော့ နားထဲမှာ နည်းနည်း ကလောနေပြီ.."

ဒေါ်အေးပွင့် က အခန်းထဲ ဝင်လာကာ ခန်းဆီးတွေ တပ်နေသည့်… …ကို လှမ်းကြည့်သည်။ ပြီးတော့ ရေခဲသေတ္တာရှေ့မှာ ရပ်နေသည့်… …ရှေ့မှာ ရပ်လိုက်ပြီး ပြောလက်စကို ဆက်၍ …

"ဘယ်လိုလဲ သိုက်.. မင်းတို့ ဆက်ဆံနေပုံက အလုပ်ရှင်နဲ့ အလုပ်… …ပုံ မပေါက်ပါလား .. မင်းရဲ့အလုပ်သမား ဘယ်လိုပုံစံမျိုး ဖြစ်နေ… .. အန်တီ ပြောပြရမလား .."



www.burmeseclassic.com

www.burmeseclassic.com



သိုက် ရဲ့မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ဂီတာ မျက်နှာလေး ငယ်
သွားကာ သိုက် နဲ့မျက်လုံးချင်းဆုံမိသည်နှင့် ဖျတ်ခနဲ မျက်လွှာချပစ်မိ

"မင်းက ဒီအိမ်မှာ အိမ်ဖော် .."

သူ ပြောခဲ့တဲ့ စကားသံကို သတိရလိုက်ကာ 'ငါ မှားသွားပြီ'
သည့်နှောင်တနှင့် တစ်ယောက်တည်း ကြိတ်၍ စုတ်သပ်မိ၏။

"မင်းကိုယ်မင်း အိမ်ဖော်အဆင့်နဲ့ နေရမှာကို မမေ့နဲ့ .."

ဒီလူ သေချာပြောခဲ့တဲ့ ကိစ္စကိုမှ ...၊

"ဂီတ .."

ဟင်!...

ထူးလိုက်တာ မဟုတ်ဘဲ ဆတ်ခနဲ ဖြစ်သွားတာဖြစ်၏။

"မင်း အန်တီ့ကို ဘာတွေ ကျွေးနေသလဲ .."

"ဟို .. ရှိတာလေးတော့ ဖွယ်ဖွယ်ရာရာ လုပ်ကျွေးထားတာ
အန်တီကလည်း ဘာမှ မခိုင်းလို့ပါ .. သူ့ဖွေး ဘာလုပ်ပေးချင်သလဲ
တာ အမိန့်ရှိပါ .."

ရှိသေကျိုးနွံပြလိုက်ပေမယ့် သိုက် ရဲ့ မျက်ခုံးတွေ တွန့်ကုတ်
တာက မပြေ ..၊ အံကြိတ်ထားသည့် မေးရိုးတစ်ဖက်ကလည်း လှုပ်
နေဆဲ ...

"နေပါစေတော့ သားရယ် .. အန်တီကလည်း သူ့ ချက်ပြုတ်
တာ သိပ်မစားချင်လို့ပါ .. စားချိန်သောက်ချိန်မို့ သို့ သူ့ကြည့်လိုက်
ကြမ်းတိုက်နေ .. ဖုန်သုတ်နေနဲ့ ..၊ စားစရာတွေကို လာပါ .. ချ
ဘယ်လိုလုပ် ခိုင်းမလဲ .."

ဒေါ်အေးပွင့် က ပြောပြီးတာနှင့် ဂီတ ကိုပဲ ကြည့်၍ ရှေ့
ထွက်သွား၏။ ပြီးတော့ တံခါးနားရောက်မှ ခဏရပ်ကာ ...

"ရေခဲသေတ္တာတွေ ကြည့်လိုက်ရင် သောက်စရာ မရှိ .. စား
မရှိနဲ့ .. ညမှုညတာ ဆာလောင်လာရင် ဘာတွေ ဖွင့်စားနေကြသလဲ





သိုက် က ညတိုင်း အိမ်ပြန်လာတာ မဟုတ်ပေ ..၊ ဒါပေမယ့်
ယောက်စလုံး နှုတ်ဆိတ်နေကြကာ ...

"ဂီတ .."

ဒေါ်အေးပွင့် ထွက်သွားသည်နှင့် သိုက် က ဂီတ နားကို တလှမ်း
လျှောက်လာ၏။ ပြီးတော့ လက်ကောက်ဝတ်လေးကို ဆုပ်ကိုင်
လက်ကို လိမ်ချိုးပစ်တော့မလို နံရံဆီ နောက်ပြန်ပါသွားအောင်
န်းသွားခဲ့ပြီး ...

"အ!..."

နံရံမှာ ကျောကပ်မိသွားလျှင် ဂီတ မျက်နှာလေး နာကျင်မှု
င့် ရှုံ့မဲ့သွား၏။

"မင်း ဘာအချိုး ချိုးတာလဲ ဂီတ .."

"ရှင့်!... အား ..."

"မင်းကိုယ်မင်း ဘာထင်နေလို့လဲ .. ငါ့ကို မင်း အဲဒီလို ဆက်ဆံ
ရှိဘူးဆိုတာ အစတည်းက ပြောခဲ့ပြီးသား .."

"ဂီတ တမင်ရည်ရွယ်တာ မဟုတ်ဘူး .. ရှင် ယုံချင်ယုံ မယုံချင်
ဖယ် .. နော် .. လက်ကို လွှတ် .."

"အေး .. မင်းက ငါ ပေါင်းသင်းနေတဲ့ မိန်းမပဲ .. ငါ့အတွက်
သည်းပေးဖို့ ဒီမှာ ရှိနေရတဲ့ သူ .. အဲ့ဒါကို မင်း ပြောချင် ပြောလို့
ယ် .. ဒါပေမယ့် ငါ က်ထပ်ယူထားတဲ့မိန်းမ မဟုတ်ဘူးဆိုတာ
ပြောဖို့လည်း မမေ့နဲ့ .."

သူ့လက်ကို လွှတ်လိုက်ပြီး ခါးထောက်ရပ်သည်။ ပြီးတော့ ဂီတ
လေးကို စူးစိုက်ကြည့်၏။

"အဲ့ဒါတွေ အားလုံးက မင်းရဲ့ မိုက်မဲမှုတွေကြောင့်ပဲ ဂီတ
ခေါင်မှာ မင်း လက်ညှိုးထိုးခဲ့တဲ့ကောင်မျိုး ငါ ဖြစ်ပြလိုက်တာ
ကွက်ထဲမှာ ဆွဲထုတ်ခံရလောက်အောင် မကောင်းမှုတွေ လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကောင် .. အဲဒီကောင် အခု မင်းရှေ့မှာ ရပ်နေတာ .. သူ့ေ မင်းဘဝ ပျက်မယ် ... စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရမယ် .."

ဂီတ မျက်ရည်တွေ ဝေ့လာရင်း အံကြိတ်သည်။ ပြီးတော့ လှည့်ထွက်ခဲ့လျှင် သိုက် က လက်ကို ပြန်ဆောင့်ဆွဲလိုက်ပြီး —

"ငါ့စကားမဆုံးသေးဘဲ ထွက်သွားတာမျိုး နောက်ထပ်မလုပ်

ပါးတစ်ဖက်မှာ မျက်ရည်တစ်ကြောင်းတည်း ကျလျက် နေသော မျက်ဝန်းလေးတွေကို အနီးကပ်ကြည့်၍ မဲ့ကာ ...

"နောက်နေ့က စပြီး မိုးလင်းတာနဲ့ ဈေးထသွား .. တစ် ငါးရက်စာ ဝယ်မထားရဘူး .. နေ့တိုင်း သွား .. ဖွယ်ဖွယ်ရာရာ အိမ်အလုပ်တွေလည်း မလစ်ဟင်းစေရဘူး .. အန်တီ စိတ်တိုင်း ပြန်တိုင်သံလည်း မကြားချင်ဘူး .. ညဘက် ငါ ပြန်လာရင် မင်း မနီးမဝေးမှာ အမြဲရှိနေရမယ် .."

ဂီတ က သူ့မျက်နှာကို ရဲရဲတင်းတင်း စိုက်ကြည့်ပြီး ခေါ် ၏။ ပြီးမှ ...

"ကျွန်မက အဲဒီလို တိတ်တိတ်ပုန်း နေပေးရတဲ့ဘဝနဲ့ သားရဲ့ အနာဂတ်ကို လှပအောင် ဖန်တီးရမယ်ပေါ့ .."

"လုပ်လေ .. အနာဂတ်ဆိုတာတွေ မပြောနဲ့ .. ငါ့အနာဂတ် ငါ စိတ်မဝင်စားဘူး .. မင်း တွေးကြည့်မယ်ဆိုရင်တော့ ဘ လမ်းက အဆိုးရွားဆုံး ဖြစ်မလဲဆိုတာ အရင်တွေး .. မင်း အောက်က ထွက်ပြေးသွားတာနဲ့ ဘာတွေဖြစ်လာမလဲဆိုတာ တည့်စမ်းကြည့်သင့်တဲ့အရာ မဟုတ်ဘူးဆိုတာ အပါအဝင်

မိုက်ရိုင်းလွန်းသည့် စကားတွေက ကမ်းကုန်သည်။

"မနသိုက် .."

လှည့်ထွက်သွားသည့် ခြေလှမ်းက တုံ့ခနဲ ဖြစ်သွား လှည့်လာတော့ မျက်နှာပြင်က တင်းမာနေကာ ...



"မင်း .."

"ကျွန်မ ရှင့်ရဲ့အစေခံ မဟုတ်ဘူးဆိုတာ ရှင် သိပါတယ်.. တခြား တွေ မရှိတဲ့အချိန်မှာတော့ ဘယ်လိုမှ ရှိသေလေးစားဖွယ်မရှိတဲ့ လူ ယောက်ကို ရိုသေဟန် ပြမနေနိုင်ဘူး .."

ဂီတ က ပြတ်သားစွာပြော၍ ရှေ့တိုးလာကာ ...

"ရှင် ဖြစ်စေချင်တဲ့အတိုင်း ကျွန်မ အားလုံး ပြည့်စုံအောင် ဖြည့် ည်းပေးပါ့မယ် .. ဒါပေမယ့် အဲဒီကာလကို ကန့်သတ်ချိန်နဲ့ .."

"မရဘူး .."

"ရှင် နိုင်ကွက်ရနေတိုင်း ဒီလောက်ထိ မမိုက်ရိုင်းပါနဲ့ .. ကျွန်မ ကို တောင်းပန်နေတာပါ .. ပြီးတော့ .. သားလေးကို အဲ့ဒီအိမ်မှာ မ ဆက်ထည့်မထားနိုင်ဘူး .."

"မိသားစု တစ်စုထဲမှာ ရှိနေတာပဲ .. သူ့အတွက် သူစိမ်းတွေမှ တ်တာ .."

"ဘာ!..."

"မင်း လိုချင်တဲ့ မိသားစုလေ .."

"ရှင်!..."

ဂီတ သူ့မျက်နှာကို ကြည့်၍ အံ့ဩနေတာ မပြီးနိုင် ...၊

"ရှင် .. အဲဒါတွေပါ သိနေတယ်ပေါ့ .."

"ဟွန်း .."

သိုက် က ဘောင်းဘီအိတ်တွေထဲမှာ လက်ထည့်ထားရင်း သူမ ကို ပြန်လှျောက်လာသည်။

"သိပ်သိတာပေါ့ .. ဒေါ်**မေညွန့်** ရဲ့သား မြင့်မား ဆိုတာ .."

ဟင်!...

ဂီတ ဆတ်ခနဲ ဖြစ်သွားသည်။

"ကို့ကို ရှင် သိနေတယ် .. ကိုက ဘာဖြစ်လို့လဲ ...၊ ဘယ်လို သိ



www.burmeseclassic.com

www.burmeseclassic.com



ကြတာလဲ .."

"ဘယ်လိုသိသိ မင်းကို ရှင်းပြမနေနိုင်ဘူး .. သေချာတာက ကစပြီး မင်းရဲ့ အဲဒီမိသားစုတစ်စုလုံးက ရွံစရာကောင်းတဲ့အုပ်စုတွေ

"ဘာ!.. ပြောတယ် .."

"အထင်မြင်လွဲတယ် ဆိုတာ မြင်လိုက်ရတဲ့အပေါ်မှာ အထင် တာ .. အထင်လွဲမခံရဘူး ဆိုတည်းက ဘာကိုမှ မြင်အောင် မပြ အပေါ်ယံရွှေမှုန်ကြဲပြီး အတွင်းမှာ လောက်ကိုက်နေတဲ့ လူစားမျိုးတွေ

"ဘာကြောင့်ဆိုတာ မပြောနိုင်ဘဲနဲ့ ရှင် သူများကို ဘာဖြစ် အပုပ်ချ ပြောနေတာလဲ .."

"ဘာလဲ .. မင်းယောကျ်ားက ပိုင်းလုံးဆိုတာကို နာတာလား"

"ဘာ!... ရှင် ဘာပြောလိုက်တယ် .."

"မဟုတ်ရင် ၄၅ ခွေးမကို ရောင်းစားလိုက်တဲ့ မင်းယောက် ဘက်ကလား .."

"ရှင် စကားကို ရှင်းအောင် ပြောနော် .. ဒီထက်ရှင်းအောင် သေသွားတဲ့လူကိုတောင် ရှင် လိုက်ပြီး အပုပ်ချ .."

"မသေခင်တည်းက ပုပ်နေတာ .."

"ရှင့်!..."

ဂီတ သူ့ကို တအားပြေးရိုက်သည်။ သူက ပထမတစ်ချက် ရှောင်သွားပေမယ့် နောက်ထပ်ရိုက်တော့ လက်ကို ဖမ်းဆုပ်ထား ကာ ...

"စီးပွားရှာနေတာ ဇမ်းပြပြီး မိန်းမတစ်ယောက်ရဲ့ အထော နဲ့ နောက်ကမိသားစုကို ထောက်ပံ့နေခဲ့တာ မင်းရဲ့ မြင့်မား ပဲ .."

ဟင်!...

ဂီတ သူ ကိုင်ထားသည့်လက်ကို ရုန်းဖို့လည်း သတိမရ ဒီတိုင်း တောင့်တောင့်လေး ဖြစ်သွား၏။





"သူ့ကို ထောက်ပံ့နေတာ နုနုဇင် ဆိုတဲ့ မိန်းမ .."

ကိုင်ထားသည့်လက်ကို တွန်းထုတ်လိုက်တော့ ဂီတ ကိုယ်လေး ယိုင်ထွက်သွား၏။

ပါလာပြန်ပြီ နုနုဇင် ..။

"ယောကျ်ားနှစ်ယောက်ကို တစ်ဖက်စီ ချည်နှောင်ပြီး လိုသလို သုံးချဖို့ ကြိုးစားတယ် .. အဲဒီလူက မင်းကို ရွေးချယ်သွားပြီး သူက တော .. ပွန်း .. ငါ့ရဲ့ စည်းစိမ်တွေကိုလေ .."

"ရှင်က အဲဒါတွေကို သိထားပြီး ဒီမိသားစုကို အငြိုးထားခဲ့တာ .."

"ငါ အဲဒီလောက် ရင်ဘတ်ထဲ ထည့်ခဲ့ရင် ဒီနေ့ကိစ္စတွေ ဖြစ်မလာ .. ဒါပေမယ့် မြင့်မား ဆိုတဲ့ကောင်နဲ့ အနီးဆုံးမှာ ငါ ရောက်နေတာ လိုက်ရတဲ့အချိန်မှာပဲ ငါ့ကို လာငြိတာ မင်းတို့သားအမိ .."

"ကျွန်မတို့က ဘာမှ သိခဲ့တာ မဟုတ်ဘူး .."

"ထားလိုက်တော့ ဂီတ.. မင်းနဲ့ ငါ သာတာနာတာတွေ တွက်ပြီး အလျော်အစားတွေလည်း ထွက်နေပြီ .. ဒါတွေပြန်ပြောနေဖို့ မလို .."

"လိုတယ် ခနသိုက် .. ကိုမြင့်မား က သားလေးရဲ့အဖေ .. သားရဲ့ အနာဂတ်အတွက် သူ့အဖေက ရာဇဝင်ကောင်းရမယ် .."

"ဟား .. ဟား .. ဟား ..."

"ရှင် မရယ်ပါနဲ့ .. မိန်းမတစ်ယောက်ရဲ့ အထောက်အပံ့ကို ယူခဲ့ တာ ရှိရင်ရှိမယ် .. ကို ကိုယ်တိုင် ပျော့ညံ့ပြီး ရုန်းမထွက်နိုင်ခဲ့တာ ကောင် ဒါကို ပိုင်းလုံးလို့တော့ သတ်မှတ်လို့ မရပါဘူး .. စင်းလုံး ကောင်းမွန်နေတဲ့သူဆိုတာ မရှိဘူး .."

"ဒါကိုတော့ မင်း ခွင့်လွှတ်နိုင်သွားတယ်ပေါ့ .."

"ရှင့်ကိုယ်ရှင်ရော ပြန်ကြည့်ပါဦး .."



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ဖို့ မလိုဘူး .. အတိတ်ဆိုတာ ကိုယ့်ရဲ့ ပြုလုပ်ချက်တွေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရင် အတိတ်က စိတ်ဝင်စားစရာကောင်း တဲ့နယ်ပယ် မဟုတ်မှန်း မင်း နားလည်သွားလိမ့်မယ် .. လူတစ်ယော အတွက် အရေးပါဆုံးက သူ့ရဲ့ ပစ္စုပ္ပန် .."

မျက်လုံးချင်း ဆုံသွားတော့ အင်အားမဲ့နေပေမယ့် မခံချင်ဒေါ များနှင့် မျက်ဝန်းလေးတွေက မျက်ရည်တွေ ဝေ့နေခဲ့၏။

"အဲ့ဒီတော့ မင့်သားအတွက် အရေးပါတဲ့ အနာဂတ်အတွက် ရဲ့ပစ္စုပ္ပန်မှာ မင်း ဘာလုပ်မှာလဲ .."

ဂီတ က သူ့မျက်နှာကို စူးစူးဝါးဝါးကြည့်၍ အံကြိတ်ကာ –

"အကြောင်းအရာတွေ အများကြီး သိပြီး ဒုက္ခပေးဖို့တွေပဲ စဉ်းစားနေတဲ့ ရှင့်ကို လူမသိ သူမသိ သတ်ပစ်လိုက်ရင် ပြီးပြီ –"

"ဒါဆို အခု ဘာလို့ မသတ်တာလဲ .."

တည်တင်းနေသည့် မျက်နှာကြီးက ကိုယ့်ရဲ့ မာန်မာနတို့ကို ပုတ် နှိုးဆွနေသလိုပင် ...၊ ဒါပေမယ့် ...

ကောက်ခနဲ ပြန်ပြောလိုက်ဖို့ နှုတ်က မထွက်နိုင် ...၊

"ဟွန်း .. မိန်းမတစ်ယောက်ကို အဲ့လောက် ဂရုစိုက်နေရင် မ ငါ့နားမှာ ခေါ်ထားပါ့မလား .. မင်း ငါ့ကို သတ်ချင်ဖြတ်ချင်တာ ကြိမ်းဝါးနေတည်းက ငါ ဘာဖြစ်ဖြစ် မင်းက တရားခံပဲ ဂီတ – တော့ နေ့စဉ် ငါ့ကို ကျန်းမာပါစေ.. အနာကင်းပါစေလို့ မင်း ဆု နေပေတော့ ...၊ ငါ သေရင် မင်းပဲ .."

သူ ထွက်သွားပေမယ့် စီးကရက်နံ့က ကျန်ရစ်ခဲ့ကာ အ မသေသည့် ဒေါသတွေက သူ့ကိုယ်နံ့တွေနဲ့ ဆက်လက် တိုက် ဖြစ်နေခဲ့လျက် .."

"သူက နုနုဇင် ရဲ့ ယောကျ်ား ...၊ ကိုက ဒီမိန်းမနဲ့ ပတ် တာ .. ငါက .. ငါက ကို့ရဲ့ ဇနီး .."





တိုးတိတ်စွာ ရေရွတ်ရင်း နံရံမှာပဲ ကျောလေးကပ်မိကာ တစ် ကိုယ်လုံးက ခွန်အားမဲ့သွားခဲ့၏။

သူ ဒီလူတွေကို မငြိုးခဲ့ပါဘူးဆိုတာ ဖြစ်နိုင်ရဲ့လား ...၊

ကို သေသွားခဲ့ပြီဆိုတော့ ဒါက ဖြစ်နိုင်ရင်တောင် ဘာဖြစ်လို့ ဒီလောက်တောင် တိုက်တိုက်ဆိုင်ဆိုင် လာပတ်သက်နေရတာလဲ ..၊

နုနုဇင် ဆိုတာကို လူကိုရော နာမည်ကိုပါ အမေ့ကို ဘာမှ မသိ တာက ကို ဘယ်လို ချိတ်ဆက် ဖုံးကွယ်ခဲ့တာတွေလဲ ...၊

သေသွားခဲ့ပြီဆိုပေမယ့် ဒီလောက်ကြီးကျယ်သည့်ကိစ္စကြီးကို ဖုံး ကွယ်ခဲ့သည့်အဖြစ်အတွက် ကို့ကို ဂီတ ဘယ်လို နားလည်ပေးရမလဲ..၊

"ကိုယ် မင်းကို မြင်မှ တမ်းတမ်းစွဲ ချစ်ခဲ့မိတာ .."

"မင်းကို စေ့စေ့ကြည့်မိတိုင်း ကိုယ့်ရင်ခုန်သံတွေကို ပြန်ကြားလာ ရတယ် .."

"ကိုယ့်ကိုချစ်ရင် ကိုယ့်မိသားစုကိုတော့ ကြည်ဖြူပေးဖို့ ကြိုးစား ပါ ဂီတ ရယ် .. နော် .. ဖေဖေ မရှိတော့တည်းက ကိုယ်ပဲ ဦးဆောင် ရှာဖွေလာခဲ့ရတာ .."

"မေမေတို့ကို ထားပြီး ခွဲထွက်နေဖို့ မပြောဘူးမို့လား ဟင် .."

"ကိုယ် ရွေးချယ်တာ မှန်သွားပြီကွာ .. ဂီတ ဆိုတဲ့ ကောင်မလေး က သဘောဖြူ မနော‌ဖြူလေး .."

သူ့စကားတွေထဲမှာ တချို့တလေကိုတော့ ပြန်မေးချင်စိတ်တွေ ဖြစ်ခဲ့မိသည်။ သူ့စကားကြောင့် မေးခွန်းတချို့နှင့် ရှုပ်ထွေး ကျန်ရစ်ခဲ့ရ တာတွေလည်း ရှိခဲ့သည်။

ဒါပေမယ့် အလုပ်များနေတတ်သည့် ကို့ကို ဂီတ ပဲ နားလည်ပေး ခဲ့ရသည်။ သူ ပြေးရောက်လာတတ်သောအချိန်တွေကို မှဲ့ထွင် ပြဿနာ ရှာမိတာမျိုး မဖြစ်စေချင်သည့်စိတ်နှင့် မေ့မေ့ပျောက်ပျောက် သိမ်းထား ခဲ့ရသည့် စကားလုံးတွေ ...၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကို မရှိတော့ကာမှ ပေါ်လာပါပြီ ...၊

'ကိုယ် ရွေးချယ်ခဲ့တာ မှန်သည်'ဆိုတာ ဂီတ ကို ဘယ်သူနဲ့ယှဉ်ပြီး ရွေးချယ်ခဲ့တာလဲ ...၊

"ကိုယ် တစ်ခါတလေ ထွက်ပြေးချင်စိတ် ပေါက်တယ်ကွာ .."

"မဟုတ်ဘူး .. စီးပွားရေးတစ်ခုတည်းကြောင့် မဟုတ်ဘူး .."

"ဂီတ ကိုယ့်အချစ်ကိုတော့ အကြွင်းမဲ့ ယုနော် .. ဘယ်သူတွေ ဘာပြောပြော ကိုယ့်ကို ယုံရမယ် .." စသဖြင့်သော ကို့စကားတွေထဲမှာ နုနုဇင် ကို ဘယ်နေရာမှာ သိမ်းထားခဲ့တာလဲ ...။

သူမနဲ့ ဘယ်လောက်ထိ ပတ်သက်ခဲ့သလဲ ...၊ အမေတို့ကရော နုနုဇင် ကို မမြင်ဖူးကြရင်တောင် မိန်းမတစ်ယောက်ဆီက ထောက်ပံ့မှုတွေနဲ့ ကိုယ့်သား ရပ်တည်နေတာကို နည်းနည်းလေးမှ မသိခဲ့ဘူးဆိုတာ ဖြစ်နိုင်ရဲ့လား ...။

"မင်းကစပြီး အဲဒီတစ်မိသားစုလုံးက ရွံစရာ ကောင်းနေတာ.."

"အပေါ်ယံ ရွှေမှုန်ကြဲပြီး အတွင်းက လောက်ကိုက်နေတဲ့လူစားမျိုးတွေ" တဲ့ ...၊

ဒါဆို အမေတို့က သိရက်နဲ့ မသိချင်ယောင်ဆောင်ခဲ့ကြတာလား...

မေးခွန်းများစွာ ထွက်လာပေမယ့် အဖြေက မရှိ ...၊

သို့သော် သူမအတွက်ကတော့ သေချာသထက် သေချာနေတာ ရှိသည် ...၊ ထိုအရာဟာ မနေသိုက် လက်ထဲမှာ သူမဘဝ စုန်းစုန်းနစ်ခဲ့ပြီဆိုသည့်အဖြစ် ...၊





## အခန်း(၃၂)

"ထမင်း ဘာလို့ မစားတာလဲ လူလေး .."

"မစားချင်လို့ပါ .."

"ဘာဖြစ်လို့လဲကွယ် .. ဟင်းတွေချက်ထားတာ စုံနေတာပဲ.. အိမ်ထမင်း အိမ်ဟင်း ဆိုတာ .."

"ဘယ်တုန်းကမှ မစားခဲ့ရတော့ ဘာတွေ ကွာခြားသလဲဆိုတာ မသိဘူး .. မက်လည်း မမက်ဘူး အန်တီ .."

အချိန်တိုင်း စီးကရက် လက်ကြားညှပ်နေတတ်သည့် သိုက် ကို ထမင်းစားနေရင်း ဒေါ်အေးပွင့် က ခဏ ခဏ ကြည့်သည်။ ပြီးတော့ ဂီတ ဘယ်နားမှာ ရှိနေနိုင်သလဲ တစ်ချက် နားစွင့်ကြည့်ပြီးမှ ...

"သားမှ မစားတာ အန်တီ့အတွက်လည်း ဟင်းတွေ ဒီလောက် မလိုပါဘူး .. ဂီတ ကလည်း စားတာ မဟုတ်ဘူး .."

"ဘာကို မစားတာလဲ .."

"ဟင်းနဲ့ မစားတာလေ .. လက်ဖက်သုပ်ဘူးကလေး သူ့မှာ ရှိတယ် .. အထဲမှာ လက်ဖက်နှပ်တွေ အမြဲ ရှိတယ် .. ပြီးတော့ မြေပဲနဲ့ စားတာ ရှိတယ် .. အာလူးကြော်ထုပ်တွေ ဖွင့်ထည့်ပြီး စားတယ် .. ရေခဲသေတ္တာထဲမှာ အစက အနည်းအကျဉ်း ဝယ်ထည့်ထားတာလည်း ခင်း ပြန်စားတဲ့အခါ ချက်ချင်း ထလုပ်ပေးလို့ ရအောင်လို့ တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



သိုက် က မျက်နှာ ခပ်လွှဲလွှဲနေကာ စေ့ထားသည့် နှုတ်ခမ်းလွှာကြားက ဖြူလွှသော စီးကရက်မီးခိုးတို့ တလွန့်လွန့်နှင့် ...

"ထမင်းတစ်ပွဲ ဆိုတာလည်း ကြောင်စာသာသာလေးရယ် .. ပြီးတော့ ပန်းကန်မှာ ဇွန်းတပ်ပြီး အလုပ်လုပ်ရင်း စားနေရတယ် .. သူ့အလုပ်ကလည်း တကယ်ကို ထမင်း အေးဆေးစားချိန် မရှိ .."

"အန်တီ .."

"ဟင် .."

"ကျေးဇူးပြုပြီး ကျွန်တော့်ကို မဝေဖန်ပါနဲ့ .."

"မဝေဖန်ပါဘူး သားရယ် .. အန်တီက သား အကူအညီတောင်းလို့ ဒီမှာ လာနေပေးရပေမယ့် ကိုယ့်သားသမီးဆီ လာရတဲ့ မိဘလိုစိတ်မျိုးနဲ့ပါ .. သား ပြောပြထားတဲ့အတိုင်းပဲ မိန်းကလေးကို ဆက်ဆံခဲ့တယ် .. သိတာလည်း မဟာဘူး .. ရှိတာလည်း မပြဘူး .. ဒါပေမယ့်-"

"အဲဒီအတိုင်းပဲ ကောင်းတယ် အန်တီ .."

"ဟင် .. ဘာကိုလဲ သား .."

"သူ ပင်ပန်းပါစေ .. ဒီမှာ ခေါ်ထားတာ ခိုင်းဖို့ ခေါ်တာပဲ - ကျွန်တော်က ခိုင်းရင် ဘာဖြစ်ဖြစ် သူ လုပ်ရမယ် .."

"အိမ်အလုပ်တွေက ဟုတ်ပါပြီ .. ဟင်းတွေချက်ရတာက စား မယ့်သူ မရှိဘဲနဲ့ ဆယ်မျိုးလောက်ကို .."

"သွန်ပစ်ခိုင်းလိုက်ပါ .."

"ဟင်!..."

"တစ်နေ့ကို ဟင်းဆယ်မျိုးလောက် သွန်ပစ်နေရလို့ ကျွန်တော် မွဲမသွားပါဘူး .. သူ ဖက်ဖက်မော လုပ်နေရအောင် ခိုင်းထားနိုင်ဖို့ လိုရင်း .."

ဒေါ်အေးပွင့် ပါးစပ်ပိတ်သွားလေသည်။

"အန်တီ အိမ်ကို စိတ်မချရင် ပြန်ပါ .. သူ နိုကပ်နေမနေ မကြာ လာကြည့်ပေးရင် ရပြီ .."





"စိတ်မချစရာ မရှိပါဘူး .. မင်း ဦးလေးကလည်း မင်း အလုပ်တွေ ပြန်လုပ်နေပြီဆိုတည်းက အရမ်း အားတက်နေတာ .. လူလေး ထင်ရာ စိုင်းသွားမှာ စိုးတာရော .. သူ့ကိုယ်သူ အားကိုးမဲ့သလို ခံစားရတာရော တစ်နေ့တစ်နေ့ ဒါတွေပဲ ပြောနေတာလေ .. အခု သူ ကျေနပ်နေတယ်.. အန်တီ့ဆိုင်ကလည်း တူမနဲ့ လွှဲထားလို့ရတယ် .. မင်းညီကလည်း .."

"သူ ကျွန်တော့်ကို တစ်မျိုးထင်နေပုံ ရတယ် .."

"မထင်ပါဘူး .. ဒါပေမယ့် စီစဉ်ဖြစ်ပြီလို့ တွက်ခဲ့ပြီးမှ ပျက်သွားတော့ အံ့ဩသွားတာပါ .. သူပ႔ဘက်က မရိုးသားတာအပြင် ဒီလောက် ကောက်ကျစ်တာကို သေချာသိရင် ဘယ်သူက သတိုးတော့မှာလဲ ..၊ ချစ်ခြင်းမေတ္တာဆိုတာ ဆင်ကန်းတောတိုးဆန်ပေမယ့် ဖြူစင်ခြင်းက အဓိကပဲ ..၊ အန်တီတို့က လုပ်ကြံလီဆယ်ပြောတာ ဘာမှမပါဘူးလေ.. အလက်ာ က နားလည်လွယ်တဲ့ ကလေးပါ .. ပြီးတော့ မိဘစကားကို ဘယ်တုန်းကမှ မပယ်ရှားခဲ့ဖူးဘူး .."

ဆီးဖု(ဒ်)ချဉ်စပ်နဲ့ မာလာငါးဟင်းကို နည်းနည်းစီ စားရင် စကားပြောနေတာတောင် ရပ်တန့်သွားခဲ့၏။ ပြီးတော့ ကြက်ကချင်ဟင်း၊ ကဇွန်းလက်မပေါင်း၊ ဝက်သားမြေအိုးပေါင်း .. ပြီးတော့ ပဲကြာဆံကြော် .. နောက်ထပ်ဟင်းတွေကို စားရင်း ကြည့်ရင်းနှင့် စိတ်လည်း ချမ်းသာရပါ ..။

အားလုံးက ဟိုတယ်လ်လက်ရာတွေအတိုင်း အဆင်းအနံ့ အရသာတွေက ပြည့်စုံနေ၏။ ဒါတွေကို ကိုယ့်မျက်စိရှေ့မှာပဲ ချက်ပြုတ်နေတာ မြင်ရလို့သာ ..၊

မဟုတ်ရင် တစ်ယောက်တည်းက ဟင်းမျိုးပေါင်းစုံ ချက်ပြုတ်သားတာ ဒီလောက်တောင် ကောင်းသလားလို့ သူများပြောရင် ယုံမှာ မဟုတ် ..၊

www.burmeseclassic.com

www.burmeseclassic.com



"သူ့ခများ .. မိုးလင်းတည်းက တစ်ချက်မှ မနားရတာ .."

"ဟင် .."

"သြော် .. ဘာမှ မဟုတ်ပါဘူး .. ဟင်းတွေ ဒီလောက်တောင် ချက်နိုင်တာကို အံ့ဩလို့ပါ .."

မိန်းကလေးတစ်ယောက် ဘယ်လောက်ပဲ တော်နေနေ .. ဒီလောက်ထိ ပင်ပန်းနေတာကို ဘယ်လောက်ကြာကြာ ဒဏ်ခံနိုင်မှာလဲ..၊

စားတော့ ကောင်းကောင်းမစားဘဲ နားချိန်မရအောင် ပြေးလွှားတက်ဆင်းပြီး လုပ်နေရသည်..၊ ဘယ်လောက်ထိ အမုန်းငြိုးတွေ ကြီးမားပြီး ရက်စက်နိုင်တာလဲ ..။

ထမင်းဟင်းတွေကို တို့တိတိ စားရင်း ဒေါ်အေးပွင့် စိတ်တွေက ဂီတ မျက်နှာလေးနဲ့ လှုပ်ရှားပြေးလွှားနေရသမျှ ပုံရိပ်လေးတွေဆီမှာ ပျံ့လွင့်နေခဲ့၏။ ခုလည်း သူမတို့တွေ ထမင်းစားခန်းထဲမှာ စမတ်ကျကျ စားသောက်နေပေမယ့် ဂီတ က အောက်ထပ်မှာ အိမ်သာတွေ သန့်ရှင်းရေး လုပ်နေရှာ၏။

ဝင်လာရတုန်းက သိုက် မှာထားတဲ့အတိုင်း အပိုအလိုမရှိ သရုပ်ဆောင်ပြီး ဝင်လာရပေမယ့် ကိုယ့်စိတ်ကိုက ရက်စက်တတ်သူ မဟုတ်တော့ ခက်သည်။

ထို့ပြင် ဂီတ မျက်နှာလေးကို သေချာ စိုက်ကြည့်မိတိုင်း ချွေးသုတ်ဖို့ ပဝါလေး ကမ်းပေးလိုက်ချင်၏။ ခဏ ထိုင်နေစမ်း .. နားစမ်းပါဦးလို့ ပြောလိုက်ချင်တာ ခဏ ခဏ ..၊

သူမလေးက သနားစရာလို့ မြင်လာသည့်အချိန်မှာ သိုက် ဘယ်လောက်ထိ အငြိုးထားနေဦးမှာလဲဆိုတာ တွေးမိလာခဲ့သည်။

ဒါက မယုံကြည်တာတော့ မဟုတ်ပေမယ့် ...

"အန်တီ ဘာမှာဦးမလဲ .. ကျွန်တော် ညနေ မိုးမချုပ်ခင် ပြန်လာမှာ .."





ပြောပြီး ထရပ်လိုက်မှ ဒေါ်အေးပွင့် စိတ်က ထမင်းပွဲမှာ ပြန်ရောက်လာကာ ...

"မမှာတော့ဘူး သား.. စကားတွေ ဟိုရောက်ဒီရောက်နဲ့ တကယ်ပြောဖို့ဟာကို မေ့နေတယ် .."

"ဟုတ် .. ပြောလေ .."

"အန်တီက ဆရာလုပ်တာတော့ မဟုတ်ပါဘူး .. ဒါပေမယ့် ကြာကြာဝါးမယ့်သွား အရိုးရှောင်ရတယ်လေ .. ဂီတ ကို ဒီအိမ်ကြီးတစ်ခုလုံး လက်လက်တောက်နေဖို့နဲ့ .. နေ့စဉ် ဟင်းတွေ စားပွဲတစ်လုံးပြည့်အောင် စီစဉ် ချက်ပြုတ်ခိုင်းနေတာ ကြာလာရင် သူ့ကျန်းမာရေး ထိခိုက်လာနိုင်တယ် သား .."

ဒီစကားပဲ ပြန်ရောက်လာသည်ဆိုသော မျက်နှာနှင့် သိုက် က တစ်ဖက်လှည့်နေ၏။

"သူ့ကို သေအောင် သတ်ပစ်ဖို့ထိတော့ လူလေး စိတ်ကူးမရှိဘူး မို့လား.. ပြီးတော့ သူ့မှာ ကလေးလေး ရှိသေးတယ်.. အရာရာကို ပြန်တွက်ပြီး တစ်ထစ်လောက်တော့ လျှော့လိုက်ပါကွယ် .. အန်တီ ပြောချင်တာက သန့်ရှင်းရေးအတွက် အလုပ်သမားတစ်ယောက်တော့ ခေါ်သင့်တယ်လို့ပါ .."

သိုက် က ဘာမှမပြောသဖြင့် ဒေါ်အေးပွင့် က ဆက်၍ ...

"အိမ်အလုပ်ရဲ့တာဝန်ကို မိန်းမသားချင်းမို့ အန်တီက ပိုသိတယ်.. မိုးလင်းတာနဲ့ ဈေးသွားရတာလည်း သွားတာက လွယ်ပေမယ့် အပြန်ကျတော့ ပစ္စည်းတွေက သယ်ရပြီ .. ပြီးတော့ လူလေးက ဟင်းဆယ်မျိုးချက်ထားရင် ပြီးရော ခိုင်းတာ မဟုတ်ဘူး .. ပင်လယ်စာ ရခိုင်စာ ရှမ်းစာ အသုပ် အပေါင်း အကုန်လုံးကို ဟိုတယ်လ်မှာ အဆင်သင့်မှာစားလို့ ရသလို သူ့ကို ခိုင်းတာလေ .."

သိုက် နှုတ်ခမ်းမှာ အပြုံးယဲ့ယဲ့လေး ထင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးပွင့် က ထိုအပြုံး ဖာစ်စွန်းတစ်စကို မြင်သည် ..၊ မဟာန်မှန်းလည်း သိပေမယ့် ပြောလက်စကို မရပ်တန့်ချင် ..၊

"ချက်ပြုတ်တာကို အသာထားဦး.. ဒါတွေ ဝယ်ခြမ်းရတာတောင် လိုချင်တဲ့ပစ္စည်း လိုသလောက်ရဖို့ တစ်နေရာတည်းမှာ ရှိတာမှ မဟုတ်ဘဲ .. ဝယ်ပြီး အချိန်မီ ပြန်ချက်ဖို့ လုံးပမ်းရပြန်ရော တစ်ခါ..၊ လူလေးက ကိုယ့်ခံစားချက်နဲ့ ကိုယ် အဆင်ပြေပြပေမယ့် အန်တီက ဒီတိုင်းထိုင်ကြည့်နေရတော့ .."

"အန်တီ ကျွန်တော့်ကို ရက်စက်လှချေလားလို့ မြင်နေတာလား-

"မြင်ပေမယ့် လူလေးမှာလည်း အကြောင်းရှိလို့ပဲဆိုတာ အန်တီနားလည်ပါတယ် .. လူကြီးအမြင်တစ်ခုတည်းနဲ့ ပြောရရင်တော့ သူ့ကလေးလေးကို ငဲ့ညှာပြီးတော့ ဖြစ်ဖြစ် .."

"ညှာပဲစိတ်မွေးမီရင် ဓားဦးနဲ့ ကလော်ထုတ်ပစ်ဦးမှာ အန်တီ-ဒီမိန်းမမျိုးကို ဘယ်တော့မှ သနားစိတ်ဝင်မှာလည်း မဟုတ်ဘူး .. မိန်းတွေအားလုံး အတူတူချည်းပဲ .."

ကိုယ့်ကို ဒုက္ခပေးတဲ့ မိန်းမနှစ်ယောက်စလုံးက ဒီယောက်ျားတစ်ယောက်တည်းနဲ့ ပတ်သက်နေကြသည်။

လူသာ သေသွားပြီး အချစ်ကတော့ မသေခဲ့ဘဲ သူ့ကျမှ ဒုက္ခပေးအကြောင်းတွေက တိုက်တိုက်ဆိုင်ဆိုင် ..၊ နုနုဇင် ဆိုတဲ့မိန်းမ ကိုယ့်ကိုအသုံးချဖို့ ကြိုးစားမှန်း သိတော့ သူ ပြတ်သားစွာ ဆုံးဖြတ်ခဲ့သည်။ ပတ်ဝန်းကျင်မှာ မျက်နှာပူမိသည့်ရှက်စိတ်ကြောင့် မမြင်ကွယ်ရာ ရပ်ဝန်းတွေမှာ မေ့မေ့ပျောက်ပျောက် သွားနေမိကာမှ ...

"ဟိုဘက်ခြံကတော့ အထည်ကြီးပျက်တွေပါ .. မကြာခင် အိမ်ရောင်းပြီး ပြေးရတော့မှာ .. သူ့သား မြင့်မား ဆိုတဲ့လူ ဆုံးသွားတည်းက အဘွားကြီးက လက်ကျိုး ခြေကျိုးလို ဖြစ်သွားခဲ့တာ .. ဒီသားတစ်ယောက်ကိုပဲ အားကိုးနေရတာကိုး .."



အဲဒီခြံကို ငှားလိုက်မိတည်းက သိလိုက်ရတဲ့ ထိုသတင်း ..၊ ဒါလည်း သူ ဘာသိဘာသာ နေလိုက်နိုင်သေးသည်။ မြင့်မား ဘာလည်း မရှိတော့ ..၊ ကိုယ်နဲ့ သက်ဆိုင်တာလည်း မဟုတ် ..၊ နုနုဇင် နဲ့ ကွာရှင်းပြီးပြီမို့ ဒါတွေကို ခေါင်းထဲ ထည့်စရာ မလို ကဏ္ဍနှင့် ထားခဲ့၏။ ဒါပေမယ့် လူတစ်ယောက်လုံးကို သူတောင်း ချ်အောင် နုနုဇင် က ပြောင်ပြောင် လိုက်ဖွဲ့သည်။

ထိုနေ့မှာပဲ ကလေးက ပိုက်ဆံလာထည့်၏။ ကလေးရဲ့ မအေက ကိုယ့်ကိုပဲ သူတောင်းစားပုံ ပေါက်နေသည်လို့ ရန်တွေ့သွားသေး

ဂီတ ဆိုသည့် သူမရဲ့ ရန်လို စူးရဲနေသော မျက်လုံးတွေကို ဖျောက် မရတော့ခြင်းကြောင့် ထိုခြံထဲကလူတွေနဲ့ ပတ်သက်သမျှ သူ စုံ သည်။

ထို့ကြောင့် မြင့်မား က သေဆုံးခဲ့ပြီပေမယ့် ထိုလူနှင့်ပတ်သက်နေ သားအမိ မိသားစုတွေအကြောင်း သူ အားလုံး သိလာခဲ့ရ၏။

"ဂီတ ဆိုတာ မြင့်မား ရဲ့မိန်းမ .."

လို့ ပြောသံ ကြားလိုက်ရသည့်အချိန်မှာ ဟားတိုက် ရယ်မောနေ နုနုဇင် ၏မျက်နှာနှင့် နှစ်ရပ်ပေါင်း၍ ရှက်ဒေါသတွေ တရစ်ရစ် ဆင့်လာခဲ့သည်။

ဘာဖြစ်လို့ ဒီမိန်းမနှစ်ယောက်စလုံးကပဲ ကိုယ့်ကို ဒုက္ခပေးချင်နေ ာလဲ .. ဆိုသည့် မေးခွန်းက မဆုံးလိုက်ပေ ..၊

"သူ့မှာ ခိုင်လုံတဲ့အကြောင်းပြချက် မရှိပါဘူး .. သူက လူမှောင်ခို တွေနဲ့တောင် ပတ်သက်မှု ရှိနေနိုင်တဲ့ လူပါ .."

"မိန်းကလေးတွေနဲ့ ဘယ်လို ဆက်သွယ် ပတ်သက်မှန်း မသိဘဲ မ်မှာ အဝင်အထွက်တွေ ရှုပ်ထွေးနေတာ လူတိုင်း သိပါတယ်ရှင်"

"အဲဒီလိုလူကို အရပ်ထဲမှာ ထားနေရင် မိန်းကလေးတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



အနှူရာယ် မများဘူးလား" တဲ့ ..၊

"ဟား .. ဟား .. ဟား .. ဟား ..."

ရုတ်တရက် သိုက် ရယ်ချလိုက်တော့ ဒေါ်အေးပွင့်

တောင်တောင် ဖြစ်သွားခဲ့၏။ ကိုယ့်ကို လှောင်ပြောင်ပြီး ရယ်လို

လားလို့ ထင်သွားမိပေမယ့် နီရဲတင်းမာနေသည့် ဆန့်ကျင်ဘက်

ကို ကြည့်မိတော့ စိတ်မကောင်းဖြစ်သွားမိသည်။

သူ့မှာလည်း နာကျင်မှုတွေ အပြည့်နဲ့ပါလား ..၊

"နုနုဇင် က သူ့ကို ကျွန်တော်က အရှက်ခွဲတယ်ဆိုပြီး ကျွ

ကို လူကြားထဲမှာ နေလို့မရအောင် အမျိုးမျိုး လိုက်ဒုက္ခပေး

သူကတော့ ကျွန်တော့်ရဲ့ ဂရုမစိုက်မှုတွေကို ရိုက်ချိုးဖျက်ဆီးပြီး

ဆိုတဲ့ မိန်းမရဲ့ မှုအတိုင်း ကျွန်တော့်ဘဝကို ဖောက်ထိုးမိုးမျှော်ဖြစ်

လုပ်ဖို့ ကြိုးစားခဲ့တာ .. သူ့ကြောင့်သာ သူခင်းတဲ့အကွက်အတိုင်း

တော် နင်းမိရင် အားလုံးက သွားပြီ .."

အံကြိတ်လိုက်တာ ကျိုခနဲ ပြည်သွားသလား မသိ ..၊ သိုက်

နှုတ်ခမ်းကို အကျည်းတန်အောင် မဲ့ပစ်ကာ ...

"ကျွန်တော် ဘာမှ မဖြစ်ခဲ့ပေမယ့် သူ ဖြစ်ကိုဖြစ်ရမှာ ..

ကို ဥပဒေလက်ထဲ ထိုးအပ်လိုက်နိုင်တယ် .. သူ့ကိုတော့ ကျွ

လက်နဲ့ ဖိချေပစ်ရမှ ကျေနပ်မှာ .."

"အန်တီ ထမင်းစားပြီး .."

သူတို့ စကားမပြတ်သေးခင် ဂီတ ဝင်လာ၏။ နှစ်ယောက်

ကို မြင်ကာ အကြောင်းအရာတစ်ခုခုကို ပြောနေကြမှန်းလည်း

လိုက်ပြီး စကားက တစ်ပိုင်းတစ်စနှင့် ရပ်၏။

"ဘာလဲ ဂီတ .."

"အန်တီ့အတွက် ကြက်လည်ဆံရှက်ပြုတ်လေ .. ခုတော့

တယ် .. ဒါပေမယ့် သိပ်မအေးခင် .. အမေ့!..."





စတီးအိုးလေးမို့ ကိုင်ထားရင်း ပူလာတော့ လက်ပြင်လိုက်မိ၏။ အကိုင်မတတ်ဘဲ လွှတ်ကျသွားခဲ့လျှင် ...

"ဒုန်း .."

"အား .."

ခြေထောက်ပေါ်ကို လုံးလုံးကျသွားပြီ ထင်ကာ ဂီတ လန့်အော်၏။ သိုက် က ဂီတ လက်လေးတစ်ဖက်ကို ဖျတ်ခနဲ ဆောင့်ဆွဲလိုက်လျှင် ဆေးရွက်ပြုတ်အိုးက ခြေထောက်ပေါ် မကျပေမယ့် ဂီတ သူ့ရင်ခွင်ထဲ ပစ်ကျသွားခဲ့၏။

လဲမသွားအောင် ထိန်းကြရင်း တစ်ယောက်ကိုတစ်ယောက် ဖက်ထားလိုက်မိသလို ဖြစ်သွားခဲ့ပြီး ...

"တောက်!... အလုပ်လုပ်ရင် နမော်နမဲ့ .."

ဂီတ ကိုယ်လေးကို ရင်ခွင်ထဲက ဆွဲဖယ်ပစ်ကာ သိုက် ခြေလှမ်းကျဲများနှင့် ထွက်သွားလေသည်။ အစအဆုံး မြင်နေရသည့် ဒေါ်အေးပွင့်ကတော့ ခပ်ကြိတ်ကြိတ် ခေါင်းခါရင်း ပြုံးလိုက်၏။

"ကြည့်နေလိုက်ပါလား သိုက် ရယ် .. ကိုယ့်လက်နဲ့ ဖိချေပစ်ရသက်သာတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဟင် .. သားလေး .."

"မေမေ့ .."

ဘဲလ်သံကြောင့် အိမ်ရှေ့ထွက်လာခဲ့လျှင် ချို နဲ့ သားလေးကို တွေ့လိုက်ရသဖြင့် ဂီတ တအံ့တသြ ဖြစ်သွား၏။ ပြီးတော့ ပျော်ရွှင်ခြင်းက အတိုင်းအဆမရှိ ဖြစ်ကာ ...

"သားလေး .."

"မေမေ့ .. မေမေက သားသားကို ဘာလို့ လာမခေါ်တာလဲ .."

"သားရယ် .."

တံခါးဖွင့်လိုက်သည်နှင့် မား ဟ ဂီတ ရင်ခွင်ထဲ ပြေးဝင်လာ၏။ ချို က တံခါးဝမှာပဲ ရပ်နေကာ ...

"မနေသိုက် ရော .."

ကိုယ့်ထက် အသက်ကြီးတဲ့လူကို ခေါ်ပုံက ရိုင်းသည်။ ပြီးတော့ အိမ်ထဲကို တစ်လှမ်းချင်း ဝင်လာကာ ...

"ဒါလည်း သူ့အိမ်ပဲလား .. ဟွန်း .."

"ချို .."



သားကို တွေ့လိုက်ရလို့ ပျော်သွားခဲ့တာတွေက ချို့ စကားသံတွေကြောင့် ပစ္စက္ခ အခြေအနေကို သတိရသွားမိကာ ...

"နင် ဒီကိုမလာသင့်ဘူးဆိုတာတော့ နားလည်ဖို့ကောင်းတယ်.."

"ဘာ!..."

"သားကို ဒီခေါ်လာတာက ငါနဲ့ တွေ့စေချင်လို့ မဟုတ်မှန်း ငါ သိတယ် .."

ကလေးက ပြောင်လက်ထည်ဝါနေသည့် တိုက်ကြီးထဲကို ရောက်သနင့် ဟိုပြေး ဒီပြေး လျှောက်ကြည့်နေတော့သည်။ ကလေးက သူ့အမေ ဒီအိမ်ကြီးမှာ နေသလိုလို .. သူ့အမေ ပိုင်တာလိုလို ပျော်ရွှင်သွားသည့် စိတ်ခံစားချက်လေးနဲ့ လွတ်လပ်စွာ ပြေးလွှားနေတာ ဖြစ်၏။

ဒေါ်အေးပွင့် ဘုရားခန်းက ထွက်လာတော့ အောက်ထပ်က စကားသံတွေ ကြားလိုက်သည်။ ဒါပေမယ့် ချို့ ကို မြင်လိုက်သည့်နေရာမှာပဲ ရပ်နေလိုက်သဖြင့် သူမကို ဘယ်သူမှ သတိမထားမိ ...၊

"အစ်မပဲ ကလေးကို ခေါ်ချင်လှချေရဲ့ဆိုလို့လေ .. ဘယ့်နှယ်လဲ .. အကျယ်ကြီးပဲဟာ .. ကလေးကို ခေါ်ထားလို့ ရပြီပေါ့ .."

"အခု သားကို ငါ့လက်ထဲ လာထည့်တာလား .."

"ဘယ်ဟုတ်မလဲ .. ကလေးက ပူဆာရင်တော့ လိုက်ပို့မယ် .. တစ်ဖြုတ်ပေါ့ .."

"အဲ့ဒါ ဘယ်လိုကြံစည်မှုတွေနဲ့လဲ ချို .. နင်တို့ကြောင့် ငါ့ဘဝ ... ပျက်ခဲ့ပြီးပြီ .. အခု ငါနေရတဲ့ဘဝကို လာပြပြီး သားနဲ့ ငါ့ကို.."

"လျှောက်တွေးနေပြန်ပြီ အစ်မရယ် .. အခု မေမေက စိတ်လျှော့ ... တယ်.. အစ်မက ကလေးကိုခေါ်မသွားဘဲ အိမ်မှာပဲ လာနေမယ်ဆို ... တဲ့.."

"ဩော် .."

"ကလေးကလည်း ချို့ ကို တအားကပ်နေတာဆလေ .. သူ့အမေကို

www.burmeseclassic.com

www.burmeseclassic.com



လွမ်းလို့ နေမှာပေါ့ .. ချို က အိမ်ထောင်မပြုဖြစ်တော့ တော်သေးတယ်.. ဟကယ်လို့ ချို သာ လက်ထပ်သွားရင် ကလေးက အဘွားတစ်ယောက်တည်းနဲ့ ဘယ်လိုလုပ် နေနိုင်မှာလဲ .. မေမေက အဲဒါကို တွေးမိလို့.."

"ခုမှ တွေးမိလာတယ်ဆိုတော့ ကျေးဇူးတင်ထိုက်တာပေါ့ .. ကောင်းပါတယ် .."

"အစ်မက ချို ပြောတဲ့စကားတိုင်းကို ဘာဖြစ်လို့ အကောင်းမထင်ဖြစ်နေရတာလဲ .."

"နင်မို့ ပြန်မေးရက်တယ် ချို .."

ဖုန်သုတ်တံကို ကိုင်လိုက်ပြီးမှ ပြန်ပစ်ချမိကာ ...

"ငါ့ကို ထပ်မနှိပ်စက်ပါနဲ့တော့ .. ငါ နင်တို့နဲ့ ဘာမှ ပြိုင်ဆိုင်မပြောချင်တော့ဘူး .. ဒီကိုရောက်နေရတာလည်း နင်တို့ အလိုဆန္ဒအတိုင်းပါပဲ .. တော်ပါတော့ .. ငါ သူများအိမ်မှာ ကျွန်ခံနေရတဲ့အဖြစ်ကို သားလေး မြင်အောင် လာပြပြီး .."

"မဟုတ်ပါဘူး .. မေမေက သူ မှားမှန်းသိလို့ အစ်မကို ပြန်လိုက်ခဲ့မယ်ဆိုရင် .."

"အဲ့ဒါ မင်း ဒီထိ လာပြောဖို့ မလိုဘူး .."

ချို မျက်နှာပျက်သွားသည်။ ပြီးတော့ နောက်ကို အလန့်တကြားလှည့်ကြည့်၏။ ခြံထဲက တက်လာသည့် သိုက် ရဲ့မျက်နှာက တည်ငြိမ်အေးစက်နေကာ ...

"မင်းအမေကို ပြောလိုက် .. ဒူးတုပ်ပြီး ရောက်လာမယ်ထင်ရင် ကိုယ့်အိမ်ကနေ လက်ဖျစ်တီး ခေါ် .. ဒီကို ဘယ်သူမှ လာစရာ မလိုဘူးလို့ .."

ချို တကယ်တမ်းကျတော့ သိုက် ရှေ့မှာ ဘာမှမပြောရဲဘဲ နှုတ်ခမ်းကိုက်မိလိုက် .. တံတွေးမျိုမိလိုက် ...၊

"ဟိတ် .. ဟိုကောင်လေး ထွက်ခဲ့စမ်း .."





သားကို ခေါ်တာ သိလိုက်သည်နှင့် ဂီတ ဆတ်ခနဲ ဖြစ်သွားသည်။ ...လည်း လေ့ကားကြီးကို မော့ကြည့်နေရာကနေ မျက်နှာလေး ...ာပြီး နားစွင့်၏။

"သားရေ .."

"ဗျာ မေမေ .."

...တွေ မြင်နေရတဲ့နေရာ ပြေးထွက်လာပေမယ့် ထိုနေရာမှာပဲ ...ရပ်နေ၏။ ပြီးတော့ သိုက် ကို မြင်လိုက်သဖြင့် အံ့သြသွားသည့် ...လေးနှင့် ငေးခနဲ ...၊

"ခု .. ထွက်လာခဲ့စမ်း .."

...လိုလုပ်မှာကို စိုးရိမ်ပေမယ့် မထင်ထားခဲ့သဖြင့် ဂီတ အမီလိုက် ...ာင် မမီလိုက်ပေ ...၊

"လာခဲ့ .."

"သားကို ရှင် ဆွဲထုတ်ဖို့ မလိုဘူး .. လွှတ်လိုက် .."

...လေးရဲ့လက်ကို သူ ဆုပ်ကိုင်လိုက်တာနှင့် ဂီတ က ထိုလက် ...ဆုပ်ကိုင်ပြီး အတင်း ဖြုတ်ချပစ်သည်။

...ီးတော့ သားကို သူ့ရှေ့က လွတ်အောင် ဆွဲယူ ချီထားလိုက်ပြီး...

"ရှင်ဟာ တော်တော် စာနာစိတ် ကင်းမဲ့တဲ့လူ.. လူတိုင်းက ရှင့်လို ...ာင်ကြွက် မဟုတ်ဘူး .. သူ့အမေရှိလို့ သူ့သား လာတာ .."

"...မလိုဘူး .. လုံးဝ မလာရဘူး .. ဒီကလေး ဒီရောက်လာတာ ...စေတနာရှိလွန်းလို့ မထင်နဲ့ .. နောက်ထပ် မနေသိုက် ဆီက ...ရှိုးမလဲ ညစ်ပတ်ချင်လို့ .."

"ရှင် .. ချို့ ကို အဲ့လို မပြောနဲ့ နော် .."

"...မင်း ပါးစပ်ကိုပဲ ပိတ်လိုက် .."

...ိုက် က ချို့ ဘက်ကို ချာခနဲ လှည့်လာကာ ခြေလှမ်းကျဲတော့ ...ာ်လာတဲ့အတိုင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



"မင်း .. ငါ့အိမ်ထဲက ခုချက်ချင်း ထွက်သွား .."

ထိုးညွှန်ထားသည့် လက်ညှိုးက မျက်နှာရှေ့ရောက်မှ အိမ်ရှေ့ လွှဲညွှန်၍ ...

"ငါ ဆွဲမထုတ်ခင် ခုချက်ချင်း နော် .."

"သွားမှာပါ .. ကတိပျက်တာက ရှင် .. ရှင်ကပဲ မာရေကျော ပြောသေးတယ် .. ချို့တို့ အလုပ်လုပ်ကြတာ ဘယ်အပေးအယူမှ တ မဝင်ဘူး .. ရှင် ဖျက်ရဲသလို ကျွန်မတို့ကလည်း .."

"တိတ်စမ်း .."

ချို့ ကိုယ်လေး တုန်သွားကာ တိခနဲ တိတ်၏။

"တော်တော် ဖယားရှုပ်တဲ့ မိန်းမတွေ .. တစ်ခုရပြီးတော့ နော တစ်ခု ...၊ တောင်းလို့မရရင် ရတဲ့နည်းနဲ့ ယူမယ် ဆိုတာမျိုး ...၊ ဒီ မင်းအမေကို ပြောလိုက် .. ခနသိုက် က အချဉ်မဟုတ်ဘူး .. အိမ် ယာခြေပါ ပျောက်မသွားချင်ရင် လိမ်လိမ်မာမာနေရမယ်ဆိုတာ ကို ကိုယ်ကိုယ် နားလည် .."

သူ တက်ခေါက်ပြီး ခြံစောင့်ဆီ ဖုန်းခေါ်ကာ ...

"ဦးရာမာ .. ခင်ဗျား ထည့်ပေးလိုက်တဲ့ ဧည့်သည်ကို ခုချက်ချ လာပြန်ဆွဲထုတ် .."

"ဟွန်း .."

ချို့ ဒေါသတွေက ဂီတ ဆီ ရောက်သွားကာ ချီထားသည့် က ကို လာပြန်ဆွဲခေါ်၏။

"ဟင့်အင်း .. သားသား မေမေနဲ့ နေမှာ .."

"မနေရဘူး သားလေး .. လိုက်သွား နော် .. နောက်တော့ မေ လာခေါ်မယ် .."

"မေမေ .."

"လိုက်သွားလိုက်ပါ သားရယ်.. လိမ္မာပါတယ်.. လိုက်သွားနော်





"ခု တစ်ခါတည်း ပြောခဲ့မယ်.. အစ်မသားကို တွေ့ချင်ရင် လာ တွေ့လို့ မရဘူး .. ဒီကနေ တစ်ခါတည်း ပြန်လာခဲ့ .."

နှစ်ဖက် အပေးအယူတွေ တည့်ပြီး ချောက်ကမ်းပါးထဲ တွန်းချ လိုက်တုန်းကလည်း သူတို့ ...၊ သူတို့နှစ်ဖက် အပေးအယူ မတည့်ကြ တော့ ပြန်လာပါ .. ပြန်သွားပါနဲ့ ...၊

ဂီတ မျက်ရည်စက်တို့ တပေါက်ပေါက် ကြွေဆင်းလာကြကာ သားလေးရဲ့ခေါ်သံတွေကြောင့် နားနှစ်ဖက်ကို ဖိပိတ်ထားလိုက်မိသည်။

ဒေါ်အေးပွင့် ကွယ်ရာမှာနေရင်း ကြားနေရသည့်အဖြစ်တွေ ကြောင့် သက်ပြင်းချတာတောင် မဖြောင့်နိုင် ...၊

ချို ဆိုတဲ့ မိန်းကလေး ...၊

ဒီမိန်းကလေးက သားကို လိုချင်နေတဲ့ မိန်းကလေး ...၊

ကိုယ်ဝန်ရှိနေပါပြီပြောပြီး အမျိုးမျိုး ကြိုးစားခဲ့သည်။ သိုက် က သဘောတူရင် ရသည်ဆိုတော့ သိုက် ရဲ့ရန်ဘက် မိန်းကလေးကို သိုက် လက်ထဲ ထည့်ပေးနိုင်အောင် လုပ်ကြသည်။ ပြီးတော့ အပေးအယူတွေ လုပ်ခဲ့ကြ၏။

အဆင်မပြေ ဖြစ်လာကြတော့ .. 'ငါနဲ့ မတည့် ငါ့အိုးပုတ် ပြန် ပေး' ...၊

ဒီထဲမှာ နစ်နာဆုံးလူက ဂီတ ပဲ ဖြစ်လေသည်။

သူမမှာ ကလေးငယ်လေး တစ်ဖက်နဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

မှန်တွေကို မှန်ကြည်ဆေးနဲ့ ဖျန်း၍ ပွတ်တိုက်နေရင်း ခေါင်းတွေ မူးလာသဖြင့် ဆိုဖာမှာ ခဏလေး ထိုင်လိုက်မိတာ မှေးခနဲ အိပ်ပျော်သွားသည်။

"မေမေ .. မေမေ့ .. မေမေ .."

"သားလေး .."

သားလေး လက်ကမ်းပြီး ပြေးဝင်လာတာ ခလုတ်တိုက်သွားသဖြင့် ဂီတ ဆတ်ခနဲ ကျုံးထလိုက်မိ၏။

သူမ အိပ်မက်မက်ခဲ့ခြင်း ...၊

"အား!... ကျွတ်!..."

"ဂီတ .."

"ရှင် .."

ဒေါ်အေးပွင့် က ခေါင်းနှိပ်ပြီး မျက်နှာလေးမဲ့နေသည့် ဂီတ ဆီကို ရောက်လာကာ ...

"မင်း နေမကောင်းဘူးဆိုရင် သွားနားလေ .. တစ်အိမ်လုံး ဖုန်ရှိတာမှ မဟုတ်ဘဲ .. တစ်နေ့တလေ ထားလိုက်ပါ .."

"ရပါတယ် .. ဂီတ နားလို့ မဖြစ်ဘူး .."





ဒီလူက သနားတတ်တဲ့လူ မဟုတ်ပေ ...၊ ကိုယ် က ရွဲ့လျှင် သူက ပိုတင်းသည်။ ကိုယ်ကလည်း သူ့ သနားတာကို ခံချင်လွန်းလို့ မဟုတ်ပါ ...၊ သားလေးကို ပြန်ခေါ်ခွင့်ရဖို့အတွက် သူ့ ကျေနပ်အောင် သူ ခိုင်းထားသမျှ ပြောသမျှကို တာဝန်ကျေရမှာမို့ ...

"အန်တီ ထမင်းစားတော့မလား ဟင် .."

"မစားသေးပါဘူး .. မင်းကို ကြည့်ရတာ ပိုမောတယ် .. အဲ့ဒါကြောင့် အန်တီလည်း စကားပြောဖော်လေးရအောင် မင်း ခဏနားပါသား .. အပေါ်ထပ် ဝရန်တာမှာ ပန်းတွေလည်း ပွင့်နေတယ် .. အေးဆေး ထိုင်ရင်းနဲ့လေ .."

ဂီတ က ခေါင်းညိတ်မည့်ပုံ မပေါ် ...၊

"တစ်ယောက်တည်းဆိုတော့ ခြောက်ကပ်ကပ်ကြီးမို့လို့ ဆင်းလာတာ .."

"ဂီတ အန်တီနဲ့ ထိုင်နေပေးချင်ပါတယ် .. ဒါပေမယ့် .."

"ဘာဖြစ်လို့လဲ .."

"ဒီရက်ပိုင်းမှာ ဂီတ ကို သူဌေး ပြုံပြင်မခံချင်ဘူး .. သားလေးကို အိမ်ကနေ ပြန်ခေါ်ခွင့်ရအောင် သူဌေး ကူညီမှ ရမှာမို့လို့ .. ဂီတကို နားလည်ပေးပါနော် .."

ပြောနေရင်းနဲ့ သန့်ရှင်းရေးလုပ်ဖို့ ပြန်စသည်။ ပြီးတော့ နာရီကိုလည်း လှမ်းကြည့်သေး၏။ ဆောင်းဘီရှည်အနီရဲရဲပွပွ အင်္ကျီ ပန်းရောင်တတ်ပြတ်လေးနှင့် ဂီတ တစ်ကိုယ်လုံးက အဝတ်စားရောင်နဲ့အပြိုင် ရဲနေလေသည်။

ဆံပင်တွေကို နောက်မှာ မြင့်တင် စည်းထားသဖြင့် မျက်နှာပြင်လေးမှာ စိမ်းနုနေသော ဆံစပ်လေးတွေက ဆောင်ခတ်ပြထားသလိုရှိတာ သူမကိုယ်မှာ သန့်ရှင်းရေးကာဗာကြီး တပ်ထားပေမယ့် အိမ်ဖော်ဆိုတာ ဘယ်သူမှ ယုံနိုင်မှာ မဟုတ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ခြေဖဝါးလေးတွေကအစ လက်ဖဝါးစောင်းလေးတွေမှာ ထွက်နေသလို နီရဲနေတာလည်း စိတ်မချမ်းသာစရာပင် ..။

"သမီးက ကွန်ပျူတာသင်တန်းမှာ ဂိုက်ဒ်လုပ်ဖူးတယ်ဆို .."

"ဟုတ် .."

"စပီကင်နစ်မျိုးလောက် ကျွမ်းကျင်တယ်လို့လည်း ပြောတယ်.."

"ကျွမ်းကျင်တာတော့ မဟုတ်ပါဘူး .. အလုပ်က အရမ်းလုပ်ချင် တော့ ပညာတတ်မှ ဖြစ်မှာဆိုပြီး လက်လှမ်းမီသမျှ လိုက်သင်တာ နော် .. တကယ်တမ်းကျတော့ သားလေးတစ်ဖက်နဲ့ တိုးရစ်ဂိုဒ်လုပ် လည်း မလွယ်ပါဘူး .."

"ဒါပေမယ့် ညပိုင်းမှာ အလွတ်သင်တန်းပြန်ပေးပြီး ပိုက်ဆံ အောင် ရှာခဲ့သေးတယ်မို့လား .."

အလုပ်လုပ်နေရင်း ဂီတ ဒေါ်အေးပွင့် ကို လှည့်ကြည့်မိသည်။ ဒါတွေထိ ဘာလို့ သိနေတာလဲ ..။

"မင်းမိတ်ဆွေတွေထဲက စပီကင်တတ်ချင်တဲ့လူတွေကပဲ မင်း က ပြန်ယူတာ .. မဟုတ်လား .."

"ဟုတ်တယ် .. ဂီတ အကူအညီလိုနေမှန်းသိလို့ ကူညီချင်ကြတာ လည်း ပါပါတယ်.. ဒီတိုင်း ပိုက်ဆံထုတ်ပေးတာနဲ့စာရင် သူတို့ မတတ် သေးတာလေးတွေ နည်းနည်းပါးပါး ပြန်သင်ပေးလိုက်ရုံပါ .."

"အန်တီက သူများအကြောင်း မစပ်စုတတ်ပါဘူး .. ဟိုတစ်လော လေးကပဲ မင်းသူငယ်ချင်းတွေရဲ့ ဆိုင်မှာ ခေါင်းသွားလျှော်ဖြစ်လို့ .."

ဂီတ ရဲ့ လှုပ်ရှားနေသည့်လက်လေးတွေ ရပ်တန့်သွားကြ၏။ ဒေါ်အေးပွင့် က သူမ နောက်နားမှာပဲ လက်ပိုက်ရပ်နေရင်း ဟိုလျှောက် ဒီလျှောက် သွားနေရင်းဖြင့် ...

"သူတို့ကို မင်းနဲ့ အဲလောက်ထိ တရင်းတနှီး ပတ်သက်ခဲ့ကြမှန်း လည်း မသိပါဘူး .. သူတို့ကလည်း အန်တီ့ကို မသိပါဘူး .. ဒါပေမယ့်





ဒီမှာ စထိုင်လိုက်တည်းက သူတို့ ပြောနေကြတာ မင်းအကြောင်းပဲ.. တာ ဆိုတာ မင်းပဲဖြစ်နိုင်တာဆိုတော့ အဲ့ဒီမှာ ဟိုပြောဒီပြောနဲ့ စပ်မိ သွားကြတာ .."

"ဒါဆို အမေတို့မိသားစုတွေနဲ့ သိုက် နဲ့ သူမတို့ရဲ့ ရှုပ်ထွေးမှုတွေ ပါ အန်တီ သိသွားပြီလား ..၊ ဒါမှမဟုတ် သူ့တူ လက်ထပ်ခဲ့တဲ့မိန်းမ နောက်တစ်ယောက်က ဂီတ ရဲ့ယောက်ျား မြင့်မား ဆိုတာ ..၊

"ဘာမှတော့ ထွေထွေထူးထူး မပြောဖြစ်ပါဘူး .. သူတို့က မင်းကို ဟာဟပ်တစ်ယောက် ဖြစ်တဲ့အကြောင်းနဲ့ ဒီမှာ အလုပ်လုပ်နေတာ သဘောမကျတဲ့အကြောင်းတွေပါပဲ .."

ပြောပြရင်း ဂီတ မျက်နှာလေးကို အကဲခတ်ကြည့်လိုက်သည်။ ယ်တော့ ပြဿနာအားလုံးကို ဒေါ်အေးပွင့် သိခဲ့ပြီးပါပြီ ..၊ သိချင် သည်း တမင်သွားခဲ့တာ ဖြစ်သည်။

အထူးသဖြင့် ဂီတ ရဲ့ဘဝကို သိချင်ခဲ့တာဖြစ်ကာ ...

"တစ်ခုတော့ သိချင်တယ် .. မင်းရဲ့အကြောင်းက စိတ်ဝင်စား ကောင်းလို့ပါ .."

ဂီတ ရင်ထဲမှာ ဒိန်းခနဲ မြည်သွားသည်။ စိတ်လှုပ်ရှားသွားသဖြင့် သည့်ခေါင်းက ပိုဆိုးသွားသလိုပင် ..၊ ပြန်ပြောပြချင်ဖွယ် မရှိသော ၏ရဲ့အကြောင်းတွေကို ဘာသိချင်တာလဲ ..၊

"မိန်းမသားတွေဟာ ပုခက်လွှဲသောလက်ပိုင်ရှင်တွေပဲ မို့လား .. သားစုဘဝကို ဖန်တီးနိုင်တယ် .. အဲ့ဒီမိသားစု သာယာစိုပြည်အောင် ည်း စွမ်းဆောင်နိုင်တယ် .. မင်းဆိုရင် အများကြီး ဖြစ်နိုင်တာပဲ ..၊ ယ်ရှိတယ် .. အဆင်းလှတယ် .. ဘာဖြစ်လို့ ယောက္ခမမိသားစုကို သ့်ဘဝလို မက်မောနေရတာလဲ .."

မေးခွန်းက 'ဒါ'ဆိုရင်တော့ လွှမ်း တို့ ဘာကို အဓိက ပြောနေကြ လဲဆိုတာ ဂီတ ရိပ်မိသွားပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း 'ဒီလူတွေကိုမှ ခင်တွယ်နေသလား'လို့ မေး
မချင့်မရဲ ဖြစ်နေတတ်တာ လွမ်း ...။

"မျက်နှာများတာ မကောင်းဘူးဆိုပေမယ့် လူ့ဘဝမှာ အခြေ
အကြောင်းကြောင်းတွေ အများကြီး ပြောင်းလဲနေတာလေ .. ပြီး
မိမိစိတ်ကလည်း ရှိသေးတယ် .. စိတ်ဆိုတာ ပြောင်းလဲမှု အမြဲ
သမီးကို အန်တီ မေးတာက ဘာဖြစ်လို့ တစ်နေရာတည်းမှာပဲ
ဘဝကို ကျောက်ချ ရပ်တည်ဖို့ ကြိုးစားနေရတာလဲဆိုတာ .."

ဂီတ အလုပ်လုပ်နေတာတွေ ရပ်တန့်သွားကာ ဒေါ်အေးပွင့်
ကို လှည့်လာသည်။ ပြီးတော့ တင်းထားသည့်စိတ်ကို လျှော့ချထား
တာမျိုး မျက်နှာလေးမှာ ညှိုးငယ်ဖျော့ကျလျက် ...

"သားလေးရဲ့ဖေဖေနဲ့ စတွေ့တည်းက သူပြောပြောနေတဲ့
မိသားစုအကြောင်းရယ် .. ကိုယ့်မှာလည်း မိသားစုမရှိတော့တာ
ရယ် 'ဆက်ရက်တောင်ပံကျိုးနဲ့ ကြောင်ခံတွင်းပျက် တွေ့ကြတယ်'
ရှိုင်းရှိုင်း နှိုင်းရတော့မှာပဲ .. သူ့ကို မှီခိုနေရပါတယ်ဆိုတဲ့ မိသား
ကိုယ့်မိသားစုလိုပဲ သဘောထားခဲ့မိတာ သူနဲ့ လက်မထပ်ခင်တည်း
ပါ .."

"အင်း .."

"ဂီတ အိမ်ထောင်ကျခဲ့တာလည်း သူ့မိသားစုနဲ့ နေခဲ့ရတာ
သုံးလလောက်ပဲ ရှိတာ .."

"သမီးရဲ့ မင်္ဂလာဦးညမှာ သတို့သား ဆုံးသွားတာရော .. ကိုယ်
ကိုပါ မယုံကြည်လို့ ကလေး ဒီအရွယ်ထိ ယောက္ခမက နှင်ချလိုက်
ရော .. အဲဒါတွေလည်း အန်တီ သိခဲ့တယ် .. သူတို့ကလည်း အန်တီ
သိုက် ရဲ့အဒေါ်ဆိုလို့ ပြောပြကြတာပါ .. သူတို့သူငယ်ချင်းကို
အထင်မြင် မသေးစေချင်ကြဘူးကိုး .. မင်းသူငယ်ချင်းတွေက ဖြူစင်
ပါတယ် .. ဒါပေမယ့် မဖြူစင်တဲ့သူကိုလည်း အကဲခတ်နိုင်ဖို့ လို





ဂီတ .. မှားနေရင် ပြင်လို့ ရတယ် .. သိရက်နဲ့ မပြုပြင်တာကျတော့
ဘယ်တော့မှ ပြန်ကောင်းလာဖို့ မရှိတဲ့လူပဲ .."

ဂီတ ရဲ့ အားနည်းသော မျက်ဝန်းလေးတွေကို ဒေါ်အေးပွင့် က
ကြည့်ပြီး ပင့်သက်ရှိုက်သည်။ သူမမှာလည်း တည်တည်ခံ့ခံ့ကြီး လုပ်နေ
ရင်းနဲ့ပဲ ညှုံသက်ချင်နေသည့်စိတ်က 'မင်း'လို့ ပြောမိလိုက် .. 'သမီး'ဖြစ်
လိုက် ...။

"ကိုယ်က အလျှော့ပေးနေပေမယ့် သူ့လိုတိုင်း ရနေတဲ့အတွက်
'ဒီလူ အလကားပါ! တော့'လို့ တစ်ဖက်က ထင်လာတယ် .. အဲ့ဒါက
ကြာလာရင် ကိုယ်ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတော့ဘဲ
ထုံထိုင်း မှိုင်းသိပ်ပြီး ဆုံးဖြတ်နိုင်စွမ်းတဲ့ ရဲရင့်တက်ကြွမှုတွေပါ ပျောက်
ဆုံးသွားတတ်တယ် .."

"သားလေးအတွက် ဂီတ အဲဒီလို ဘယ်တော့မှ အဖြစ်မခံဘူး..."

"ဟွန်း .."

ဒေါ်အေးပွင့် က သဘောကျသလို ပြုံးလိုက်ကာ ...

"မင်းအမေလည်း မင်းအတွက် ဒီတိုင်း ပြောခဲ့မှာပဲ .."

ဂီတ ငိုင်သွားခဲ့သည်။

"အားလုံးဟာ စိတ်အလိုအတိုင်း သွားနေကြတဲ့အတွက် စိတ်က
မခံစားမိဘဲ ဘာကိုမှ ကြိုတင် ပြင်ဆင်ထားနိုင်မှာ မဟုတ်ဘူး .. စိတ်က
အမှားအမှန်ကို ခွဲခြားနိုင်တာမှ မဟုတ်ဘဲ .. ခံစားမိပြီဆိုမှ သတိက
နောက်ကပါတာ .. အန်တီတို့လည်း မှားခဲ့တယ် .. ခုထိလည်း အမှား
မကင်းသေးဘူး .. ဒါပေမယ့် လူတိုင်း ဖြတ်ကျော်သွားနိုင်တဲ့အမှားမျိုးမှာ
ကိုယ်က နွံနစ် ကျန်ခဲ့ရင်တော့ .."

ဂီတ အသံတိတ် ခေါင်းညိတ်ရင်း မျက်နှာလေး ငုံ့သွားရှာ၏။

"အန်တီက သူများ ကိုယ်ရေးကိုယ်တာတွေကို စပ်စပ်စုစု ဝင်ပါ
တာ မဟုတ်ဘူးနော် .. ဒါပေမယ့် သမီးတို့ သားအမိကိုတော့ အံ့သြလို့



www.burmeseclassic.com

www.burmeseclassic.com



လေ .. သမီးမှာ လုပ်ပိုင်ခွင့်တွေ အများကြီးရှိလျက်နဲ့ ကိုယ့်ငွေ .. ကိုယ့်ဘဝ အားလုံးကို နောက်ထပ်တစ်ခါ အဲ့ဒီမိသားစုမှာပဲ သွားမြှုပ်နှံတယ်.. ဘဝမှာ အခွင့်အရေးဆိုတာ နှစ်ခါ မရဘူး .. နောက်ထပ် ရလာမယ်ဆိုရင်လည်း တန်အောင် ပေးဆပ်ရတာပဲ .."

"ဂီတ နားလည်ပါတယ် အန်တီ .. ဒါပေမယ့် နားလည်ခဲ့တဲ့ အချိန်မှာ ဘာမှ လုပ်လို့ မရတော့ဘူး .."

ကို့မိသားစု အထင်လွဲနေတာတွေကို အမှန် သိစေချင်တာ ..၊ ကို မရှိပေမယ့် ကို့ ရဲ့ကိုယ်စား ဒီမိသားစုကို ဦးဆောင်ပြီး နွေးထွေးလုံခြုံစွာ နေထိုင်သွားချင်တာ ..၊

တက်ကြွစွာ ဖြစ်တည်ခဲ့ဖူးသော ဆန္ဒတွေကို အားလုံး အကောင်အထည်ဖော်နိုင်ခဲ့သည်။ သို့သော် ဒါတွေက ဆန္ဒအများတွေ ဖြစ်နေခဲ့ရခြင်းနဲ့ ပတ်သက်၍ ...

"သိပ်စိတ်မဆင်းရဲပါနဲ့ .."

ဒေါ်အေးပွင့် က ဂီတ ပခုံးလေးကို ခပ်ဖွဖွ ဆုပ်ကိုင်၍ ...

"အန်တီ.. မင်းကို နားလည်ပါတယ်.. တတ်နိုင်သလောက် ကူညီပေးမယ် .."

ဟင်!...

ဂီတ မျက်ဝန်းလေးတွေ လင်းလက်သွားသည်။ ဒေါ်အေးပွင့် က ကြည်လင်စွာ ပြုံးပြသည်။

အဆိုးတွေထဲမှာ အကောင်း တစ်ခုခုတော့ ရှိနေမြဲပါ ..။





## အခန်း (၃၅)

"မေမေ .."

ဟင်!...

နားကြား မှားတာလား .. ဒါမှမဟုတ် သူမ အိပ်မက် မက်နေတာ ..၊

"မေမေ ရေ .."

"သား .."

သားလေး ခေါ်နေမှန်း သေချာသည်နှင့် ဂီတ အိမ်ရှေ့ကို ပြေးထွက်လာခဲ့သည်။

တံခါးဖွင့်လိုက်တော့ သားက ပြေးဖက်ထားကာ ...

"သားသား .."

"သားသား မေမေ့ဆီ တစ်ယောက်တည်း လာတာ .."

"ဟင်!..."

ဒီအိမ်နေရာကို ချို့ တစ်ခါပဲ ခေါ်လာဖူးတာတောင် သား ဘယ်လို ရောက်အောင် လာတတ်တာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သားလေး မတော်တဆ အပြင်မှာ မျက်စိလည်နေ
ပြန်လာတတ်အောင် ကိုယ့်လိပ်စာ ဘယ်လိုမှတ်ထားရတယ် .. ဘယ်
အကူအညီတောင်းရတယ်ဆိုတာ သင်ထားခဲ့တာ ရှိသည်။

ဘာပဲဖြစ်ဖြစ် ဒီထိ ရောက်တယ်ဆိုတာက ..၊

"ကျွန်တော် ခေါ်လာခဲ့တာ မမ .."

"ဟင်!..."

တံခါးဝမှာ နောက်ထပ်ပေါ်လာတာ ချို တို့ အရွယ် လူငယ်
ယောက် ..၊

"မင်းက .."

"ကျွန်တော်က အလင်္ကာ ပါ .."

"အလင်္ကာ .."

"ဟုတ်တယ် မမေ .. တီတီချို ရဲ့ ချစ်သူ .."

"သား .."

ကလေးက ဒီစကားတွေ ပြောလိုက်သဖြင့် ဂီတ ကပျာကယ
ခေါင်းခါ တားမိ၏။ အလင်္ကာ က ရယ်၍ ...

"မမက မသိပေမယ့် ကျွန်တော်က မမကို သိပါတယ် .. ပြီးတော့
မားလေး ကို ချို မကြာမကြာ ခေါ်လာတတ်တော့ ကျွန်တော်တို့
ရင်းနှီးပြီးသား .."

အလင်္ကာ ဆိုသည့် ကောင်မလေးက မျက်နှာသွယ်သွယ် အသား
လတ်လတ်နှင့် ခပ်ချောချောလေးပဲ ဖြစ်သည်။ ဆံပင်ရှည်ကုပ်ထောင်
နှင့် အလယ်ခွဲဆံပင်ပုံကြောင့် ရှိသည့်အသက်ထက် ပို၍ နုငယ်ပုံရ
ပေါက်၏။

ကြားရသည့် သတင်းစကားတွေအရ အလင်္ကာ ဆိုသည့် လူ
ဟာ မနေ့သိုက် နဲ့ သူ့မိဘစကားကို မလွန်ဆန်ဝံ့သော ခပ်နွဲ့နွဲ့ လူ
ယောက်ဆိုတာလည်း ဖြစ်နိုင်လေသည်။





"သားကို မင်း သွားခေါ်လာတာလား .. မင်းနဲ့ ချို နဲ့က .."

"ကျွန်တော်တို့က .."

အလင်္ကာ မျက်နှာတစ်ချက် ပျက်သွားသည်။ ပြီးတော့ ထိုစကား
ကို ပြန်မဖြေခဲ့ဘဲ ...

"မားလေး ကို လမ်းမှာတွေ့လို့ ခေါ်လာတာပါ .."

"ဘာ!... ဘယ်လို .."

ဂီတ မျက်လုံးပိုင်းသွား၏။ သားလေး တကယ်ပဲ အိမ်က တစ်
ယောက်တည်း ခိုးထွက်လာတာလား ..၊

"မားလေး က ကျောင်းဆင်းလို့ ထွက်လာတာပါ .. လွယ်အိတ်က
ကျွန်တော့်ကားထဲမှာ .."

"သား .."

"သားသားက တီတီချို လာမကြိုခင် မေမေ့ဆီ ခိုးထွက်လာ
တာ .."

"အို!..."

"သားသားက ဒီအိမ်နံပါတ်ရယ် .. လမ်းနာမည်ရယ်ကို မှတ်ထား
တာ .. ပြီးတော့ မေမေ့ ဖုန်းနံပါတ်လည်း သိတယ် .. သားသားမှာ
ပိုက်ဆံလည်း ပါတယ် .. သားသား မလာတတ်ရင် မေမေ့ကို ဖုန်းဆက်
မှာ .."

"သားလေးရယ် .."

ခိုးရိမ်ဝမ်းနည်းသော မျက်ရည်တွေ တလိမ့်လိမ့် ကျလာကြ၏။
ပြီးတော့ သားလေးကို ဖက်ငိုမိသည်။

"နောက် အဲလို မလုပ်ရဘူး သား နော် .. သားလေး တစ်ခုခုဖြစ်
ခဲ့ရင် မေမေ ဘယ်လိုလုပ် သိမှာလဲ .. မေမေ လာမခေါ်ဘဲ ထွက်မလာ
နဲ့ .. ဘွားဘွားတို့နဲ့ပဲ နေရမယ် .."

"သားသား မေမေနဲ့ နေချင်တယ် .. မေမေ့ကို လွမ်းတယ် ..



www.burmeseclassic.com

သားသား ပြန်မသွားတော့ဘူး နော် .. မေမေ နော် ..”

“သား ..”

သိုက် ဘယ်လိုမှ လက်ခံမှာ မဟုတ်ပေ ..၊ ခုချိန်မှာ အမှန်တ[illegible] ဘယ်မှာနေမှန်း မသိသလို သိုက် ကို ကလန်ကဆန်လုပ်လိုက်တာ[illegible] ထိုလူ့ပါးစပ်ထဲမှာ သူမဘဝ အမျိုးမျိုး ပျက်စီး ပြိုကျသွားနိုင်၏။

သူ့လက်ထဲမှာ ရှိနေသည့် ဗီစီဒီတစ်ချပ်ကြောင့် သူမဘဝသာ[illegible] သားလေးရဲ့ နောင်အနာဂတ်ပါ အညွန့်ကျိုးသွားမှာ ဖြစ်သည်။

ကြမ်းကျွံလျှင် နုတ်လို့ရပေမယ့် ‘အသွားမတော် တစ်လှမ်း’[illegible] အမှားကြောင့် .. သူမ ..၊

“သူနဲ့ ကျွန်တော် ကျောင်းရှေ့နားမှာပဲ တွေ့ခဲ့တာပါ .. မေ[illegible] သွားချင်တယ်ဆိုပြီး လိပ်စာပြောပြတော့ ကိုကြီးအိမ် ဖြစ်နေတာနဲ့ ..”

ဂီတ ပါးပြင်လေးတွေ ရဲခနဲ ဖြစ်သွားသည်။ ပန်းနုသွေး [illegible] သော ပါးပြင်ညက်ညက်လေးနှင့် ဖွေးနုသော လုံးဝန်းသည့် လက်[illegible] သားလေးတွေကို ဝေ့ခနဲ ဖြတ်ပြေးသွားသည့် အလင်္ကာ့ အကြည့်[illegible] ချက်ကြောင့် ပို၍ ရှက်မိ၏။

ဒီအိမ်မှာ အိမ်ဖော် လာလုပ်နေပါတယ်ဆိုတာ ဘယ်လိုမှ ယုံ[illegible] မှာ မဟုတ်သည့် သံသယမျက်လုံးတွေ ..၊

“ကိုကြီးက ကျွန်တော့် အစ်ကိုရင်းလိုပါပဲ .. မမ ကျွန်တော်[illegible] ကိုယ့်မောင်လေးတစ်ယောက်လို ခင်နိုင်ပါတယ် ..”

“ဟင် .. အင်း ..”

ယောင်မှား ခေါင်းညိတ်ရင်း မျက်ရည်တွေ သုတ်ပစ်ရင်း [illegible] လွှဲမိသည်။ အလင်္ကာ ကလည်း ဂီတ ဘယ်လိုခံစားသွားရသည်[illegible] နေခဲ့၏။

သူမအနေဖြင့် ကိုကြီးနဲ့ မေမေတို့ ဘယ်လောက်ထိ ရင်းနှီး[illegible] မင်္ဂလာကိစ္စက ဘယ်လိုဖြစ်ဖို့ရှိပြီး ဘာကြောင့် ပျက်သွားတာလဲ ..



ဒါတွေကိုလည်း သေချာသိမည် မထင် ..၊ ကိုကြီးဆီမှာ မေမေ ရောက်နေပေမယ့် .. သူလည်း အခု ရောက်လာခဲ့ပေမယ့် ဒီလူတွေ ဘယ်လို ပတ်သက် ဆက်စပ်နေသည်ကို ဘာမှမသိခဲ့ ..၊

မေမေကတော့ ရင်းနှီးလာကြတဲ့အခါ ဒါကို ဆက်ပြီး ဖုံးကွယ်ထားသင့်တဲ့အကြောင်း ဖေဖေနဲ့ ပြောနေတာပါ ..၊ သူ လာခဲ့တာကည်း မေမေ ခေါ်လို့ပဲဖြစ်ကာ ကလေးနဲ့ တွေ့ခဲ့တာကတော့ ဒီသားအမိတွေ ရဖို့အတွက် မထင်မှတ်ဘဲ အဆင်ပြေသွားခဲ့ခြင်းသာ ..၊

“ထိုင်လေ အလင်္ကာ .. အန်တီက ဘုရားရှိခိုးပြီးလို့ ခဏ အိပ်နေတယ် .. ဘာသောက်မလဲ ..”

“မသောက်ပါဘူး .. ကျွန်တော့်ကို ဧည့်သည်လို လုပ်မနေပါနဲ့.. ကိုကြီးက ဘယ်အချိန် ပြန်လာတာလဲ ..”

“သူ့ဒွေးလား .. အဲဒါ မသိဘူး .. တစ်ခါတစ်ခါလည်း ပြန်မလာတာ ရှိတယ် ..”

“မမလည်း ထိုင်ပါဦး .. စကားပြောရအောင် ..”

သူက သိပေမယ့် ကိုယ့်အတွက်ကတော့ ခုမှ သိရတဲ့ လူစိမ်းပဲဖြစ်၏။ ပြီးတော့ သိုက် ရဲ့ညီရင်းလို ရှိခဲ့တဲ့ လူတစ်ယောက်ကို သူမဘက်က ရင်းနှီးစွာ ခေါ်ပြော ဆက်ဆံလို့ မဖြစ် ..၊

ဒီတစ်ခါ သိုက် ရဲ့ ရင့်သီးမောက်မာသော သတိပေး စကားသံတို့ကို မကြားလို ..၊

ထို့ကြောင့် သူမ ပြောသင့်သည့် တကယ့်လိုရင်းကို အမြန်ဆုံးဆုံးစားကာ ...

“အလင်္ကာ .. ချို နဲ့ မင်းတို့ ဘယ်လို အဆင်မပြေဖြစ်ကြသလဲဆိုတာ တို့ မသိဘူး .. တို့က ဘယ်သူ့အတွက် ဘယ်လိုအသုံးချခံမှန်းသိလိုက်ဘဲ ယှဉ်ပြိုင်တာ မဟုတ်တဲ့ပွဲမှာ ပြိုင်ဘက်ရဲ့ ခြေထောက်အောက်မှာ ပိပြားခဲ့ရတယ် ..”

www.burmeseclassic.com



"အားမနာတမ်း ပြောရရင် အဲဒီအဖြစ်ကြောင့်ပဲ ချို့ ကို ကျွန်တော် .."

ဂီတ နားစိုက်ထောင်သေမယ့် စကားသံက ဒီမှာပဲ ရပ်နေကာ ခဏကြာမှ ...

"မမရဲ့ယောက်မပေမယ့် မဆိုင်တဲ့လူတစ်ယောက်အနေနဲ့ပဲ နားထောင်ပေးပါ .."

အလင်္ကာ က တောင်းပန်စကားနဲ့ လမ်းခင်းပြီးမှ ...

"ချို အဲဒီလို လုပ်လိုက်တာ ကျွန်တော် မကြိုက်ဘူး .."

ချို့ ကို စိတ်တိုပေမယ့် သူမမှာ ကိုယ်ဝန်ရှိနေသဖြင့် ဂီတ ကိုယ်ဒေါသကို ပြန်လျှော့၍ ...

"အမေက ကွန်ထရိုးလ် လုပ်နေတာပါ .. ချို့ ကတော့ သူ့အရှက်သိက္ခာကြောင့် မင်းနောက်ကို လိုက်နေတာ .. သူ့ကိုတော့ အထင်မသေးလိုက်ပါနဲ့ .."

သားက လက်ကို အတင်းဆွဲနေသဖြင့် သားကို ဖက်ထားရင်းဆိုဖာမှာ ဝင်ထိုင်လိုက်ရကာ ...

"မိန်းမတစ်ယောက်ရဲ့ဘဝက .."

"မမက ချို့ ကို လက်ထပ်ဖို့ ပြောချင်တာလား .."

"မဟုတ်ပါဘူး .. ဒါပေမယ့် တို့ပြဿနာနဲ့ ပတ်သက်နေတာဆိုရင်တော့ သားသမီးရဲ့ အိမ်ထောင်ရေးကို မိဘကပဲ စီစဉ်ဘာမို့လို့ သူ့မှာအပြစ်မရှိပါဘူး .. အမေက သူ့သမီးအတွက် သူ့ဒွေးကို ပြောဆိုအောင်မြင်ဖို့ သူ့ဒွေးနဲ့ တို့ကို ရန်တိုက်ပေးတာ .. တို့က အနေမတိုင်မတတ်လို့ ရှုံးနိမ့်ခဲ့တာပဲ .."

"မမ ခုန ပြောတုန်းကတော့ အသုံးချခံလိုက်ရလို့ နာကျင်နေတဲ့ပုံမျိုးပါ .."

"အဲဒါ ဟုတ်တယ် .. တို့ရဲ့ ပြဿနာကလည်း အမေနဲ့ ရှင်းရမှာ



.. ချို နဲ့ မဆိုင်ပါဘူး .."

"ဒါဆို ချို နဲ့ သက်ဆိုင်ဆုံးက ကျွန်တော်ပေါ့ .. ကျွန်တော့်ကိုတော့ ချို က ပွင့်လင်းလို့ရတယ် မို့လား .."

"ပွင့်လင်းလို့ပဲ သူ့အရှက်အတွက် မင်းနောက် တကောက်ကောက်လိုက်နေတာပေါ့ .."

"အရှက်ဆိုဘာ ကိုယ်ဝန်ရှိနေတဲ့ကိစ္စလား .."

ဂီတ က မဖြေပါ .။ စိတ်မရှည်ဖြစ်လာသည့် မျက်ဝန်းလေးတွေနဲ့ကြည့်ရင်း နှုတ်ဆိတ်နေ၏။ အလင်္ကာ က တိတ်တိတ်လေး ကြည့်နေသည့် မား ရဲ့မျက်နှာလေးကို စိုက်ကြည့်ပြီး ပြုံးသည်။ ပြီးမှ ...

"သူ ကိုယ်ဝန်မရှိဘဲနဲ့ ညာနေတာ ဆိုရင်ရော .."

"ဟင်!..."

"ဆောရီးပါ .."

အလင်္ကာ က ဆိုဖာမှာ မှီလိုက်ပြီး ရှက်လို့ရယ်တာမျိုး အသက်မဲ့သော ရယ်သံ ခြောက်ကပ်ကပ်နှင့် ...

"စိတ်ခံစားချက်တစ်ခုကို ဘယ်သူမှ ဆွဲထုတ်ဖယ်ပစ်လို့ မရဘူး.. အေတို့နဲ့ ကိုကြီး ဘာဖြစ်ဖြစ် ကျွန်တော် သူ့ဘက်က ရပ်တည်ဖို့ ဆုံးဖြတ်ပြီးသားပါ .။ ဒါပေမယ့် ဘယ်သူမှ မတိုက်တွန်းရဘဲ ကျွန်တော် သူ့ကို စိတ်ကုန်သွားတယ် .. ဒီလိုကိစ္စကြီးကို သူ ညာတယ် .. အားကိုမဟုတ်ဘူး ကျွန်တော့်ကို ညာတာ.. အဲဒါကြောင့် ရှက်တယ်"

"ဒါ .. ဒါကလည်း .."

"မမတို့ကိစ္စတွေ လုံးဝ အကုန်မဟုတ်ရင်တောင် ကျွန်တော် အားလုံး သိတယ် .."

"ဒါတွေလည်း သူ ပြောတာပဲလား .."

"အန်တီ ပြောပြလိုက်တာ .."

ဟင်!...

www.burmeseclassic.com

www.burmeseclassic.com



နောက်က စကားသံကြောင့် လှည့်မကြည့်ရဘဲ ဂီတ အံ့ဩသွား ၏။ အလင်္ကာ နဲ့ အန်တီ ဘယ်လို ...၊

"အန်တီက အလင်္ကာ့ အမေ .."

ဒေါ်အေးပွင့် က သူတို့ရှေ့ထိ ရောက်လာသည်။ ပြီးတော့ သုံး ဆိုင်နေရာမှာ ထိုင်လိုက်ပြီး ...

"ကိုယ် မသိတာတွေ မပါဘူး .. သိထားသမျှတော့ ပြောပြလို တယ် ...၊ ဒီလိုမိန်းကလေးမျိုးနဲ့ အန်တီ ဘယ်လိုမှ သ သားကို ဒီလိုမှ အကုန်အစင် ပြောမပြရင်လည်း ချစ်တဲ့စိတ်ဆို သူများဖျက်တိုင်း ပျက်တာမျိုးမှ မဟုတ်ဘဲ .. သူကိုယ်တိုင် နား လက်ခံမှ ဖြစ်တာ .."

ဂီတ အံ့ဩနေရင်း သားနဲ့ပတ်သက်ပြီး ပူပင်သောက ရောက် တာတွေကိုတောင် ခဏတာ မေ့သွားခဲ့၏။

ခနသိုက် ရယ် .. အလင်္ကာ မိသားစုရယ် .. ပြီးတော့ အမေ သူမ ...၊

ဒီလူတွေပဲ ဘာဖြစ်လို့ ရစ်ပတ် ရှုပ်ထွေးနေခဲ့ရတာလဲ ...၊ တစ်ယောက်တည်းက ဘာဖြစ်လို့ သူတို့တွေရဲ့ပြဿနာတိုင်းမှာ မလွတ် ပါဝင်နေခဲ့တာလဲ ...၊

ဘယ်သူက ဘယ်သူနဲ့ ဘယ်လိုပတ်သက်နေသည်ကို ရှင်းလင်း သိလိုက်ရသည့်အချိန်တွင် ...

"ဘာပဲဖြစ်ဖြစ် ဂီတ နဲ့ သူဌေး ရန်သူတွေ ဖြစ်သွားခဲ့ရ ဘယ်သူနဲ့မှ မဆိုင်ပါဘူး .. ဂီတ ပေးဆပ်ရမယ့်ကြွေးကို ဘယ် လည်း ကြားဝင်ဖြေရှင်းပေးလို့ရမှာ မဟုတ်ဘူး .. အဲဒါကြောင့် အလ မင်္ဂလာကိစ္စမှာ ဂီတ နဲ့ပတ်သက်နေတာ ငြိနေခဲ့ရင် အဲဒါကို ဖျက် ပါ .."

"မဟုတ်ဘူး ဂီတ .. ရှုပ်ထွေးကုန်တာက မင်းနဲ့ပတ်သက်



ရှိရင် ရှိလိမ့်မယ်.. ဆုံးဖြတ်ချက်တွေကတော့ မင်းနဲ့ မဆိုင်ဘူး .. အန်တီ ကလည်း သားကို ချုပ်ကိုင်လွှမ်းမိုးထားတဲ့ မိဘမျိုး မဟုတ်ပါဘူး .. မတော်တာ တွေ့ရင်တော့ သဘောပေါက်အောင် ပြောပြတယ် .. သား ကလည်း လူပျော့လူညံ့မှ မဟုတ်ဘဲ .. သူကိုယ်တိုင် နားလည် လက်ခံခဲ့ လို့ မိဘစကားကို မြေဝယ်မကျ နားထောင်တဲ့ သား ဖြစ်လာခဲ့တာ.."

"ဒါဆို အန်တီက အားလုံးကို သိနေတာပေါ့ .."

"အားလုံးတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့ကွယ်.. အကယ်၍ သိုက် ကသာ ချို နဲ့ သားကို လက်ထပ်ပေးခဲ့ရင် သူက အန်တီ့ချွေးမ ဖြစ်လာ မှာလေ .. ဒီတော့ သူနဲ့ သူ့မိသားစုအကြောင်းကို စုံစမ်းရတာပေါ့ .. သူတို့က သိုက် ကို ပြောဆို အောင်မြင်ဖို့အတွက် သိုက် ကို အနိုင်တိုက် ခဲ့တဲ့ မင်းကို အသုံးချတယ် .. ဒါကြောင့် အားလုံးထဲမှာ မင်းက ပါနေ တာ.. တကယ်တော့ သိုက် နဲ့ မင်းရဲ့ပြဿနာ သပ်သပ် .. ချို နဲ့ သား ရဲ့ မင်္ဂလာကိစ္စက တခြားပါ .."

"ခုတော့ ကလေးက ကြားညပ်နေပြီ မေမေ .."

အလင်္ကာ က ကလေးကို သံယောဇဉ်ရှိနေသည့်အကြည့်တို့နှင့် ရှုးစိုက်ရင်း ...

"မားလေး နဲ့ လမ်းမှာ စကားပြောလာခဲ့တယ် .. သူတို့က သားနဲ့ အမေ ကြားမှာ သွေးထိုးနေကြပုံပဲ .."

"ဟင်!..."

ကိုယ့်ရင်ခွင်ထဲမှာ ဖက်ထားသည့် သားမျက်နှာလေးကို ဂီတ ဆွဲမော့ကြည့်မိ၏။ မား က တစ်စုံတစ်ခုသောအပြစ်ကို ကျူးလွန်ထား မိသလိုမျိုး မျက်နှာလေး မော့လျက် ပါလာပေမယ့် မျက်လွှာချထားတာ မျက်လုံးမှိတ်ပစ်တော့မတတ်ပင် ...၊

'သူများမေးတိုင်း ကိုယ့်အကြောင်း ထုတ်မပြောရဘူး .. အတင်း အဖျင်း မပြောတတ်ရဘူး .. ယောကျ်ားဆိုတာ ... ကြည်ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့်သော စည်းကမ်းအဝဝကို ဂီတ က အချိန်အားနေတိုင်း .. အကြောင်းတိုက်ဆိုင်လာတိုင်း အမြဲ ဆုံးမနေကျ ..၊

"သား .. သားကို တီတီချို ဘာပြောထားလဲ ဟင် .. မေမေ မဆူဘူး မေမေ့ကို ပြောစမ်း .."

"မေမေက သားသားကို ထားခဲ့ပြီး ချစ်သူနဲ့ အကူတူ နေနေဘာတဲ့ .."

"အို!..."

"မေမေ့ချစ်သူက သားသားကို ရိုက်မှာတဲ့ .. ဘယ်တော့မှ မေမေ့ဆီ သွားမနေရဘူး တဲ့ .."

ဂီတ မျက်ရည်တွေ ဝေ့ခနဲ ပြည့်တက်လာ၏။ သို့သော် မျက်နှာမမော့ခင် မျက်တောင်များတို့ဖြင့် ပုတ်ခတ် သိမ်းဆည်းကာ ...

"အဲဒါတွေ သား မယုံရဘူး.. သားကို မေမေ ဘယ်တော့မှ မထားခဲ့ဘူး .."

"မင်းရဲ့ကလေးကို ဒီအိမ် ပြန်ပို့လို့ ဖြစ်ပါ့မလား ဂီတ .."

ဂီတ သားလေးကို ဖက်ထားပြီး မဖြေနိုင် ..၊

"သိုက် က စိတ်ဓာတ်ပြင်းထန်ပေမယ့် အတွင်းစိတ်သဏ္ဌာန်မှာ ကြင်နာမှုတော့ ရှိပါတယ် .. ကလေးအတွက် အန်တီ ပြောပေးမယ်.."

"ချို တို့ လုပ်တာ တရားလွန်တယ် မေမေ .. ဒါပေမယ့် ကျွန်တော်နဲ့ စကားပြောဖြစ်ရင် .."

"အို .. ပြောဖို့ မလိုပါဘူး .. သားနဲ့ အမေကို သူတို့က ဘာလက်နက်မျိုးနဲ့ ခွဲနိုင်မှာလဲ ..၊ လူမှုရေးရှုပ်ထွေးမှုတွေ ဘယ်လိုရှိရှိ .. ဒီလို အနိုင်ကျင့်လို့တော့ မရဘူး .."

"သူ ဒီတိုင်း ကျေကျေနပ်နပ် ခံနေကျပဲ အန်တီ .. ဝင်ပူမနေပါနဲ့ .."

"သိုက် .."



"ကိုကြီး .."

တံခါးဝမှာ သိုက် ဘယ်လိုရောက်လာမှန်း မသိလိုက်ကြပေ ..၊ စပို့ရှပ်နက်ပြာရောင်ပေါ်မှာ လောင်းကုတ်ရှည်ကြီးနှင့် လူက ရှင်းသန့်နေပေမယ့် တင်းပြတ်ခက်ထန်နေသော မျက်နှာပြင်က ရင့်ရော်ခြင်းမည်၏။

"ကျွန်တော်လည်း လက်မခံနိုင်ဘူး .."

ထပ်ပြောပြီး ဝင်လာသည်။ ဒါပေမယ့် သူတို့ဆီကို မဟုတ်ဘဲ အိမ်ထဲကိုဖြစ်ကာ ...

"သူ့ဖြေး နေပါဦး .."

"ဘာလဲ .."

ဂီတ က မား လက်လေးကို ဆွဲ၍ သူ့နားတိ လျှောက်သွား၏။

"သားလေးကို ဒီမှာပဲ ထားပါရစေ .. ကလေးအတွက် ဘာတစ်ခုမှ တာဝန်မပိုစေရပါဘူး .. ကျွန်မလည်း အလုပ် ပိုလုပ်မယ် .. အဲဒီအိမ်မှာ ကလေးကို ပြန်ထားလို့ မဖြစ်လို့ပါ .."

"ဘာလို့လဲ .. လက်မခံကြဘူးတဲ့လား .."

"မဟုတ်ဘူး .. သူတို့က စိတ်ချထားလို့ရတဲ့လူတွေ မဟုတ်လို့ပါ ..၊ ကျွန်မ တောင်းပန်ပါတယ် .. ကလေးကို ခေါ်ထားပါရစေ .."

ငုံ့ကြည့်လိုက်တော့ သူ့ကို မော့ငေးနေသည့် မျက်ဝန်းလေးတွေက မအေလိုပဲ မျက်တောင်ခပ်ကျဲကျဲ ကော့ကော့လေးတွေ ထင်းနေကာ မျက်ခုံးထူထူလေးတွေနဲ့ သနားစဖွယ် ..၊

ဒါပေမယ့် သူ့စိတ်မှာ သနားသွားတာလိုခြင်း အလျှဉ်းမဖြစ်ခဲ့ဘဲ...

"လုံးဝ လက်မခံနိုင်ဘူး .."

သူ ပြောသွားသည့် ယတိပြတ်စကားကြောင့် အားလုံး ဟာ ချွဲခနဲ ဖြစ်ကျန်ရစ်လေသည်။ ဂီတ သားရဲ့ခေါင်းလေးကို ရင်ခွင်ထဲမှာ ဖက်ထားကာ မျက်ရည်တွေဝေ့ဝဲနေပေမယ့် တစ်စက်မှမကျအောင် ထိန်း၏။



www.burmeseclassic.com

"ရတယ် .. သားလေးကို ဂီတ နဲ့ပဲ ထားမယ် .. သူ ဘယ်လို ခွဲ ထုတ်ပစ်မှာလဲ .. ခွဲစမ်းပါစေ .. သူတို့လက်ထဲကိုတော့ ပြန်မပေးနိုင် ဘူး .."

အလက်ာ့ မျက်ဝန်းတွေမှာ မိခင်တစ်ယောက်ရဲ့ ရဲရင့်သောမျက် ရည်တွေက စွဲထင်သွားခဲ့၏။ ပြီးတော့ သူမကို သနားမိခြင်းက ကိုယ့် ကိုယ်ကိုယ် ဘယ်လိုဖြစ်သွားမှန်း မသိလောက်အောင် ပူလောင် ရှပ်မွေး သွားခဲ့ပြီး ...

"ကျွတ်!..."

"ကောင်းတယ် .. လူဆိုတာ မှန်တယ်ထင်ရင် ဆုံးဖြတ်ရဲရတယ်ဒါ ယုံကြည်မှုပဲ .."

သားအမိနှစ်ယောက်စလုံး သူမအတွက် ဖေးမ တာနာခဲ့ကြပေမယ့် သိုက် ကတော့ ..။



## အခန်း (၃၆)

မနက်စာ စားပြီးတည်းက ပြန်ရောက်လာပေမယ့် အိမ်ထဲကိုမဝင်ဖြစ်ဘဲ ခြံထဲကထိုင်ခုံမှာ ခပ်လျော့လျော့မှီရင်း အချိန်တွေ ဖြုန်းနေခဲ့မိသည်။ ပန်းတွေကိုမကြိုက်ပေမယ့် ပန်းရနံ့ကိုတော့ ကြိုက်သည်။ ရေမွှေးနံ့တွေကိုမုန်းသလောက် ပန်းနံ့တွေကိုတော့ ခွင့်လွှတ်ထားခဲ့သည့် စိတ်က စပယ်နံ့ရှူးရှူးကို ရနေပေမယ့် ထိုနေရာမှာပဲ မထဖြစ်ခဲ့ပေ ..။

ခြံထဲမှာ ပန်းတွေစုံအောင်ဆိုပြီး ခြံစောင့်ကြီး ဦးရာမာ က ပန်းတွေ လိုမ့်စိုက်သည်။ သူက ဆွေမျိုးမရှိ .. သားသမီးမရှိဘဲ ဇာတိမြေကလည်း မြန်မာပြည်အထက်ပိုင်း အစွန်အဖျားမှာမို့ ဘယ်တော့မှလည်း ပြန်မှာမဟုတ်သည့် လူ ..။

ဦးရာမာ ၏ အချိန်တိုင်းက ခြံလုံခြုံရေးကို ဂရုစိုက်ဖို့အပြင် ပန်းပင်တွေ စိုက်ပျိုးဖို့ကလည်း အဓိကပါ၏။ သူ ရှိရှိမရှိရှိ ခြံကို စိတ်ချရသည်။ ပန်းပင်တွေက အမြဲတမ်း ဝေဆာမြဲ ..။

ထို့ကြောင့် ဦးရာမာ ဘာပင်တွေစိုက်စိုက် .. ဘာတွေလုပ်ထားထား.. သိုက် အပြစ်လည်း မပြော .. ကောင်းသည်ဆိုးသည်လည်း မဝေဖန်ခဲ့ပေ ..။

www.burmeseclassic.com



နှာခေါင်းထဲမှာ မွှေးလွန်းသည့် စံပယ်နံ့က ညှီနံ့လို့ ထင်လာမိလျှင် စီးကရက်တစ်ရှိုက်နှင့် အနံ့ကို ဖျောက်ဖျက်ခဲ့၏။

သို့သော် မျက်လုံးတွေမှိတ်ရင်း စီးကရက် ရှိုက်ဖွာဖို့လည်း မေ့နေခဲ့စဉ် နှာခေါင်းထဲကို နှင်းဆီပန်းနံ့လေး ဝင်လာ၏။ ပြီးတော့ ပိုနီးလာသည်။

ထို့ပြင် ပေါင်ဒါနံ့ကို သတိထားမိလိုက်၏။

ဒါ ကလေးပေါင်ဒါနံ့ ...၊

ကလေးကိုယ်နံ့ ဆိုတာ သိလိုက်သည်နှင့် သူ့မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်လာ၏။

ထင်လိုက်သည့်အတိုင်း သူ့ရှေ့မှာ ရှပ်အင်္ကျီ အဖြူအနက်ကွက် ဘောင်းဘီတိုအနက်လေးနှင့် တောင့်တောင့်လေး ရပ်နေတာ ဂီတ ရဲ့ သား ...၊

"မင်း ဘာလာလုပ်တာလဲ .."

"ဦးဦးနဲ့ ခေါ်ချင်လို့ .."

"ဘာ ..."

မား က နောက်ပစ်ဝှက်ထားသည့် လက်လေးနှစ်ဖက်ကို ရှေ့ပြန်ပို့လိုက်၏။ လက်ထဲမှာ အဖြူရောင်နှင်းဆီပန်းလေးတစ်ပွင့် ပန်းကိုင်ပြီး လက်လေး ဆန့်ထားရင်း ရှေ့တိုးလာ၏။

"ဘာလုပ်တာလဲ .."

"ဦးဦးကို ချော့မို့ .."

"ဘာ!..."

သူ့မျက်နှာကြီး တင်းသွားသဖြင့် မား ကိုယ်လေး တုန်သွားသည်။ ဒါပေမယ့် ပန်းပေးရင်း ဆန့်ထုတ်ထားသည့်လက်က ပြန်ရုတ်မသွားခဲ့ဘဲ ...

"ဦးဦးက သားသားကို စိတ်ဆိုးနေတာဆို .. မေမေ စိတ်ဆိုးရင်





သားသားက ပန်းပန်ပေးလိုက်တာနဲ့ မေမေက သားသားကို ပြန်ဖက်ပြီး နမ်းတယ် .."

"တောက် .."

ကိုယ်ကို မတ်မတ် ဆောင့်ခနဲ ထိုင်လိုက်ရင်း တက်ခေါက်မိ၏။ ပြီးတော့ ပန်းကိုင်ထားသည့်လက်လေးကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲယူလိုက်ပြီး ...

"ပန်းကြိုက်တာ ဂန်ဒူးတွေမှ ကြိုက်တာ .. ဂန်ဒူးဆိုတာ သိသား ..."

'မိန်းမစိတ်ပေါက်ပြီး နှုတ်ခမ်းနီဆိုး အလှပြင်ကြတာကို ဂန်ဒူးတွေလို့ ခေါ်ကြတာ' ဟု ဂီတ ရှင်းပြခဲ့ဖူးတာကို မား ကောင်းကောင်း မှတ်မိသည်။

သို့သော် ကလေးပေမယ့် သိတယ်လို့ ဖြေလိုက်ရင် သိုက် စိတ်ဆိုးသွားမှာလား .. ကျေနပ်မှာလားဆိုသည့် ကြောက်ရွံ့စိတ်လေးနဲ့ မဖြေရဲဘဲ ရှိစဉ် ...

"မင်းကို မင်းအတွားအိမ် ပြန်ခိုင်းထားတာ ဘာလို့ ခုထိ ရှိနေသေးတာလဲ .."

ပြူးဝိုင်းနေသော မျက်လုံးလေးတွေကို စိုက်ကြည့်ကာ ဆုပ်ကိုင်ထားသည့်လက်ကို လွှတ်လိုက်သည်။

"ဟော့ .. ဖြေလေ .."

"သားသား .. မေမေနဲ့ နေချင်လို့ .."

"မင်းကို .."

စကားမပြောရသေးခင် ဖုန်းလာသဖြင့် ဖွင့်လိုက်ကာ ...

"ပြော .."

"မနသိုက် .."

"နာမည် ခေါ်ကြည့်တာလား .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. ငါ့မြေး အဲဒီမှာရှိတယ် မို့လား .."

"သူ့အမေဆီမှာ .."

"ဟွန်း .. စာရိတ္တမကောင်း .. အခြေအနေမဲ့နေတဲ့ မအေမျိုးဆီမှာ ငါ့မြေးကို မထားနိုင်ဘူး .. ကလေးကို မခွဲနိုင်ရင် တစ်ခါတည်း ပြန်လာခဲ့ဖို့ သူ့ကို ပြောပြီးသား..၊ ဒီမှာ မနသိုက် .. မင်းက မတရားသိမ်းပိုက်ပြီး ကျွန်ပြုထားတဲ့သူ .. ငါက ဂီတ ရဲ့ယောက္ခမ .. ကလေးရဲ့အဘွား .."

"အဲ့ဒီတော့ ဘာတွေ ဖြစ်လာမလဲ .."

"ငါ့မှာ ခေါ်ခွင့်ရှိတယ် .. သူတို့သားအမိအတွက် ဆွေးနွေးစရာတွေလည်း ရှိတယ် .. နှစ်ယောက်စလုံး ငါ့ဆီ လွှတ်လိုက်စမ်းပါ .."

"ကိစ္စက .."

"ဘာဖြစ်ဖြစ်ပါကွာ .. ဒါ ငါတို့မိသားစုကိစ္စပါ .."

"ခင်ဗျားပဲ လက်ဖျစ်တီးခေါ်ရင် ရတယ်ဆို .."

"မနသိုက် .."

"အပိုတွေ ထပ်ပြောမနေနဲ့တော့ ဒေါ်မေညွန့် .. ခင်ဗျား ခု ပြောနေတာ မနသိုက် ဆိုတာ သီရင် အမိန့်ပေးတဲ့လေသံကို ပြင် .. တောင်းဆိုဖို့ ဆန္ဒတွေရှိရင် ရေထဲ သွားမျှောပစ်လိုက် .."

မနသိုက် ပြောနေသမျှကို ဒေါ်မေညွန့် ရဲ့သားမှာ နီးကပ်စွာ ရှိနေသည့် ချို က အားလုံး ကြားသည်။

"တောက်!... တော်တော် လူဝါးဝတဲ့ကောင် .. အဲ့ဒါ ညည်းကြောင့် .."

"မဟုတ်ဘူး မေမေ .. ချို သွားကြိုတာ နောက်မကျဘူး.. မားလေးက အစောကြီး ထွက်သွားတာ .."

"ဒါဆိုလည်း ဘယ်လောက်ကွာမှာလဲအေ့ .. ကလေးကို ညည်းအစအနတောင် မမြင်ခဲ့ဘူးမို့လား .. ခုတော့ ငါ့မှာ မြေးပါလည်း ဆုံး— သားလည်း ဆုံး .."





"မေမေပဲ ကြေကွဲရတာ မဟုတ်ပါဘူး .. ချို့မှာလည်း တိုက်တွေ တွေ ရထားပြီးမှ ချစ်သူနဲ့ ဝေးခဲ့ရတာ .."

"ဒါကတော့ ကိုယ့်တရား ကိုယ်စီရင်တာလေ .. ညည်းက မအေ ကောင် ညာခဲ့သေးတာ .."

သူမ မညာသင့်တဲ့လူတွေကို ညာခဲ့မိသည်။ တကယ်တော့ သူမ င်တကာ ရည်ရွယ်ခဲ့တာ မဟုတ်ပါ ..၊ တကယ် ကိုယ်ဝန်ရှိနေပြီ သို့ ပြောခဲ့မိတာဖြစ်ကာ မရှိမှန်း သိလိုက်ပေမယ့် မရှိတာကို ဝန်မခံ နိုင်သလိုလို ရောယောင်နေခဲ့မိခြင်းသာ ဖြစ်သည်။

ကိုယ်ဝန်ရှိနေပြီဆိုသည့် လှည့်ဆော်မှုမှာ အလကား ပျာယာခတ်သွား ..၊ သူ့မိဘတွေဘက်က ပျော့ပျောင်းသွားခဲ့တာ ဒါတွေကို သာယာ မိပြီး ဆုံးရှုံးရမှာကို နှမြောခဲ့တာ ဖြစ်၏။

ခုတော့ အားလုံး သွားပြီ ..၊

"ဘာပစ္စည်းတွေ ရှိနေနေ စီးပွားရေး ဘာမှမလုပ်ရင် ဒါတွေကုန် .. သားငယ်လည်း အနားမှာ မရှိဘူး .. ငါ့ကြောင့် ဂီတ လည်း ကောင်လက်ထဲမှာ ပိတ်မိနေပြီ .. ငါတို့ အားကိုးလို့ရတဲ့လူတွေ ဘယ်သူ ရှိတော့ဘူး .."

"ဟိုမှာ ပိတ်မိမနေလည်း ဂီတ က ငတုံးမှ မဟုတ်တာ မေမေ.. ကို ချို တို့ ချောက်တွန်းထားခဲ့တာကို စိတ်မဆိုးဘဲနေမလား .."

"အောင်မယ်လေး .. ဂီတ ဆိုတဲ့ မိန်းကလေးက အချစ်ရဲ့ ကျေး ပါအေ .. ငါ့ချွေးမဖြစ်ခွင့်ရဦးမယ်ဆိုရင် ငါ ခုခေါ်ရင် ခု ရတယ်.. ားပြောခွင့်မရလို့ ခက်နေတာ .."

"မေမေက ဂီတ ကို ကိုလေးနဲ့ ပြောနေတာလား .."

"မဟုတ်ဘူး .. သူက ငါတို့မိသားစုဝင် ဖြစ်ချင်နေတာကို ပြော .. ငါ့လက်ထဲရောက်ရင် ငါ ဘာလုပ်လုပ် သင်း ဘယ်တော့မှ အကတက်မှာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ချို ပြောသားပဲ .. ကိုလေး ကလည်း ကျေနပ်မှာပဲ .. သူ ဒီ… တစ်'မ'တည်း 'မ'နေတာ .. သူတို့ကို ပေးစားထားလိုက်ရင် … လုပ်သမျှ စီးပွားရေးတွေက ချို တို့လက်ထဲပဲ ရောက်မှာ .. ဂီတ … တော်တယ် .. ကိုလေးက ဂီတ ပြောရင် ခဏပဲ .. အားလုံး ပြီးသွား… ဟာကို မေမေပဲ လူပျိုတွေ .. အပျိုတွေ ခွဲခြားပြီးတော့ .."

"တော်တော့ တော်ပါတော့အေ .. ငါတော့ ရူးချင်လာပါပြီ… တွေးကြည့်တော့ ငါတို့အဖြစ်က ကောက်ကျစ်တဲ့ ရွဲကုန်သည်… လား ..၊ ဒေါသတွေဖြစ်သလောက် ဘာမှလုပ်ခွင့်မရှိ .. ကိုယ့်ဟာ… မှ သူများရသွားတာကို ထိုင်ကြည့်နေရ .."

ငိုချင်းချပြီး ချုံးပွဲချ ခြေဆင်းငိုမိတော့သည်။ ဒါဟာ အကု… စိတ်က အကျိုးပေးသွားတာမှန်း သိပေမယ့် လိမ်ညာဖုံးဖိရင်း ဒေါ… တွေပဲ ထွက်နေမှိမိသည်။

မှားတော့ မှားသွားခဲ့သည်။ ဒါပေမယ့် သူတို့မကောင်းလို့ -

သူတို့မကောင်းလို့ ငါတို့က ဆိုးခဲ့ရတာ .. နောက်ထပ်… ဆိုးရဦးမှာပဲ ဂီတ ..၊

အကုသိုလ်စိတ်မှန်း သိနေပေမယ့် အကုသိုလ်တွေ ရေရွတ်… နေရခြင်းက ချိုမြိန်လေသည်။





အခန်း (၃၇)

"ရှဲ .. ရှဲ .. ရှဲ ..."

တစ်ရေးနိုး ရေထသောက်နေတုန်း အောက်ထပ်ကလာသည့် အသံ… ချို့ကို ကြားလိုက်ရသဖြင့် နားစွင့်ကြည့်မိ၏။ ပြီးတော့ အိပ်ရာထဲ… န်မဝင်ဖြစ်ဘဲ အပြင်ထွက်လာခဲ့လျှင် ...

ဒီကောင်လေး အပေါ်ထပ် တက်လာပြီး ဘာလုပ်တာလဲ ..၊

အပေါ်ထပ် ညှော်ခန်းကျယ်ကြီးကို အဖြတ်မှာ မား ကို မြင်လိုက်ရ… ာ ခြေလှမ်းတုံ့သွား၏။

မား က ကမ္ဘာလုံးပုံငါးကန်ကြီးသေးမှာ ရပ်နေကာ အထဲက ငါး… ကြီးတွေလှုပ်ရှားနေသမျှ သူ့လက်ညှိုးထိပ်လေးနဲ့ လိုက်ထိပြီး သဘော… ကျနေ၏။

"မင်း ဘာလုပ်နေတာလဲ .."

"ဟင် .. ဦး!..."

သူ့အသံကြောင့် ဆတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ မျက်နှာ… ငိုင်းဆိုင်လေး လှည့်ရပ်လိုက်ပြီး လက်လေးပိုက်ထားလိုက်ကာ ...

"သားသား .. ငါးကြီးတွေ ကြည့်ချင်လို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



“ငါးကြည့်ချင်တာ သန်းခေါင်ကျော်နေမှ အပေါ်တက်ပြီး ချောင်းခိုးဂှက် လုပ်နေရလား ..”

မား အသက်ရှူလေး ပြင်းနေကာ ဝါးစပ်လေးပြင်ရင်း ငါးကန် လည်း လက်ညှိုးထိုးသည်။ ရုတ်တရက် အသံမထွက်သေမယ့် ဖြေ ကြိုးစားနေတာမို့ သိုက် က ခါးထောက်ရင်း စောင့်ကြည့်နေလိုက်

“သားသား .. သားသား အိပ်ပြီးသွားပါပြီ .. သားသား နိုးလာ မေမေ မရှိလို့ အိပ်ရာက ထလာတာ .. အဲဒါ မေမေက သားသာ ပြန်သိပ်ဖို့ မအားသေးလို့တဲ့ .. သားသား အိမ်ထဲမှာ လျှောက်ကြည့် ရင် ကြည့်ထားတဲ့ .. ဘာမှ မကိုင်ရဘူးတဲ့ .. မနက်ကျရင် အပြင်မ ရဘူးတဲ့ .. ဦးဦး မြင်ရင် ဆူမှာစိုးလို့တဲ့ ..”

“သြော် .. ညဆိုတော့ လိုချင်တာတွေ့ရင် ခိုးယူထားလို့ ရတာ ဘာတွေ ယူထားပြီးပြီလဲ .. မင်း ..”

မား က ခေါင်းလေး တွင်တွင်ရမ်းကာ ကြောက်လန့်သွား မျက်ဝန်းလေးတွေက ကလေးပီပီ ဟန်မဆောင်တတ်စွာ ယောက် ခတ်သွား၏။

“သားသား ဘာမှ မယူပါဘူး .. အခန်းတွေထဲလည်း မဝင် ကိုင်လည်း မကြည့်ဘူး ..”

ပြောပြီး သူ့လက်ညှိုးလေးတစ်ချောင်းကို သိုက် မြင်အောင်ပြ ငါးကန်ကြီးကိုလည်း ကြည့်၏။ ပြီးမှ ...

“သားသား အပြင်ကနေ ဒီလိုလေးပဲ ထိလိုက်တာ .. ငါးတွေ မကိုင်ဘူး .. ဘာမှလည်း မယူဘူး ..”

သိုက် က မား ရဲ့မျက်နှာလေးကို စူးစိုက်ကြည့်နေလျှင် ထိတ် နေသည့် မား ရဲ့ မျက်ဝန်းလေးတွေကလည်း သူ ဘာဆက်ပြောမှာ တာကို မော့ငေးနေရင်း မျက်တောင်ကော့လေးတွေပါ မျက်ခွံပြေ ဖြန့်ကပ်နေခဲ့၏။



ထိုစဉ် သူ့နောက်က လှုပ်ရှားသံလေးတစ်ချက် ကြားလိုက်ရကာ...

“သား ..”

ဂီတ သူ့ကို ကျော်ဖြတ်ကာ ကလေးကို လက်လေး ပြေးဆွဲ၏။ ာက်လှည့်လိုက်တော့ သူမမျက်ဝန်းလေးတွေက စူးစူးစမ်းစမ်း ရန်လို ဖြင့် ...

“ရှင် ကလေးကို ဘာတွေ ဖိနှိပ်ပြောနေတာလဲ ..”

“အချိန်မတော် ဘာခိုးမလို့ တက်လာမှန်း မသိတာကို ပန်းကုံး ြးစွပ်ပေးရမလား ..”

ဂီတ မျက်လုံးတွေ ပြိုးပြိုးပြက်ပြက် လက်သွားသလိုပင် ...၊

“ရှင် စကားပြောတာ ရင့်သီးလှချေလား နေသိုက် .. ကလေးက ာမှမယူဘူးဆိုတာ ရှင် သိတယ် .. အဲဒီလို ပက်ပက်စက်စက် ပြောရ ာတွေ ရှင်ကိုက ဝါသနာပါနေတာ ..”

“နောက်ထပ် ရိုင်းစိုင်းယုတ်မာတာတွေ လာဦးမှာ .. အဲဒီတော့ ာသားကို ဒီအိမ်မှာ နေခွင့်ပြုခဲ့တာ ဘာကြောင့်လဲဆိုတဲ့ ငါ့ရည်ရွယ် ာ်ကို မင်း သိပြီလား ..”

ဂီတ နားမလည်နိုင်ဘဲ ငေးကြည့်နေမိ၏။ သိုက် က သူမမျက်နှာ ဲ စေ့စေ့ကြည့်ပြီး မဲ့သည်။

ထိုမဲ့ပြုံးကို မြင်မှ ဂီတ မျက်ဝန်းတွေမှာ နားလည်ခြင်းတစ်မျိုး ပ်ထင်လျက် ...

“ရှင့်ရဲ့ကလဲ့စားချေလိုခြင်းတွေက ကလေးငယ်လေးတစ်ယောက် ည်း ပါတာပဲလား ..”

“ပါတာပေါ့ .. ဒါ ငါ သတ်မှတ်တဲ့ ငါ့ရဲ့ဥပဒေ .. မသိလို့ဖြစ်ဖြစ်.. ာက်နဲ့ဖြစ်ဖြစ် ကလေးလူကြီး ဘာမှမကွာဘူး .. အပြစ်ပြုမိရင် အပြစ် ရမှာပဲ ..”

“သူတောင်းစားထင်ပြီး သနားမိလို့ ပိုက်ဆံပေးတာ ကျွန်မသားရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပေါ့ .."

"သူတောင်းစားလို့ ထင်ဇာတ်သေးရင် သူတောင်းစားမဟုတ်... လူတွေကိုလည်း သိတယ် .. မခွဲခြားခဲ့တာ အပြစ်ပဲ .."

ညဏ်မီးရောင်အောက်မှာ ရန်လိုစူးရဲသောမျက်ဝန်းတို့က ဘယ်... သူ့ကို ဘယ်သူကမှ အနိုင်မခံ အရှုံးမပေး ...။

သို့သော် .. အံတုဖက်ပြိုင်ခွင့် မရှိသော ကိုယ့်အဖြစ်ကို သတိ... လိုက်တာနှင့် ဂီတ မျက်နှာလေး မှိန်ဖျော့ကျသွားကာ သူမပဲ မျက်ဝန်း... တို့ကို တိမ်းဖယ်သွားခဲ့ပြီး ...

"သားလေးကို ရှင် မျက်မုန်းကျိုးမှာ စိုးလို့ .."

ပြောလိုက်ပြီးမှ သားကို သတိရကာ ...

"သားသား အိပ်ရာထဲ သွားလှဲနေ နော် .. မျက်လုံးတွေ မှိတ်ပြီး သချ်ာဆိုနေရမယ် .."

"ဟုတ် .."

သွက်သွက်လက်လက်လေး ခေါင်းညိတ်လိုက်ပြီးမှ သိုက် ကို ခဏ တရဲလေး မော့ကြည့်၏။

ပြီးတော့ ဂီတ ခါးလေးကို ဖက်၍ မော့ကြည့်ရင်း ခြေဖျားလေး ထောက်ကာ ...

"မေမေ ဦးဦးနဲ့ ရန်မဖြစ်နဲ့ နော် .."

တိုးတိုးလေး ကပ်မှာသလို လုပ်သွား၏။ ဒါပေမယ့် သိုက် က ကြားနေရလေသည်။ ဂီတ က မျက်နှာလွှဲထားရင်း ...

"သားကလည်း တစ်ရေးနိုးလာတာနဲ့ သွားလာနေပါစေဆိုပြီး ကြည့်နေလိုက်တာပါ.. နေ့ဘက်တွေမှာ ရှင် မမြင်စေရပါဘူး .. နောက် ညတွေမှာလည်း ရှင် မကြိုက်ရင် ခုလို မဖြစ်စေရဘူးလို့ ကျွန်မ ကတိ ပေးတယ် .."

"အဲဒီတော့ ဘာပြောချင်တာလဲ .."





"သားလေးကို ရှင် တစ်ခုခု အပြစ်ပေးချင်နေတာတွေကို ရပ် ...ပေးပါ .. ကျွန်မ ကွယ်ရာမှာ ခုလိုမျိုး သားလေးနဲ့ မျက်နှာချင်း ...ရင် သား ရင်ထဲကို ထိခိုက်ပွန်းရှသွားစေမယ့် စကားမျိုးတွေ ...ပါနဲ့ .. မခြောက်လှန့်ပါနဲ့ .."

"ငါက တားဆီးရင် ပိုလုပ်ချင်တယ် .. ငါ့ကို အမိန့်ပေးတာ ...ုံးပဲ .."

"ရှင့်ကို အမိန့်ပေးနေတာ မဟုတ်ဘူး .. ရှင့်လိုလူကို ဘယ်သူမှ ...ပေးလို့ မရမှန်းလည်း ကျွန်မ သိတယ် .. သားကို အပြစ်ရှိတဲ့သူ ...တွက်ထားရင် အဲဒီအပြစ်အတွက် ကျွန်မကိုပဲ ပုံချလိုက်ပါ .."

သိုက် က ဘာမှမပြောဘဲ စိုက်ကြည့်နေ၏။ ပြီးတော့မှ ဆတ်ခနဲ ...ညိတ်ကာ ...

"စမ်းကြည့်တာပေါ့ .. အခု လောလောဆယ် မင်းရဲ့အပေါ်ကကို ...ပြီး ငါနဲ့ ဘားထဲကို လိုက်ခဲ့ .."

"ဟင်!..."

ဂီတ ဆတ်ခနဲ ဖြစ်သွား၏။

ထွက်သွားသည့် ကျောပြင်ကို အလန့်တကြား ကြည့်မိကာ ကိုယ့် ...ကို မျက်လုံးပြန်ရောက်တော့ မီးဖိုချောင်ဝင်ထားသည့် စားဖိုမှူး ...က သူမကိုယ်ပေါ်မှာ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"ဘယ်လိုဖြစ်တာလဲ .. နှစ်ယောက်စလုံး နောက်ကျလှချေလား

ကော်ဖီတွေ ထည့်ပေးနေသည့် ဂီတ နဲ့ ခုံဆွဲထိုင်လိုက်သည့် သို
တို့ မျက်လုံးချင်း ဆုံသွား၏။ ဂီတ မျက်နှာလေးက ဖြူဖျော့ဖျော့
နေကာ ဆံပင်တွေက အမြဲတမ်း ချထားတတ်ပေမယ့် ဒီနေ့ကျမှ
မသပ်ပုံ ပေါက်နေခဲ့၏။

သိုက် ကျတော့ ခါတိုင်းထက် ပို၍နီနေသော မျက်နှာက
အစ် ဖြစ်နေ၏။ ဒေါ်အေးပွင့် က စကားမပြန်သည့် နှစ်ယောက်စလုံး
တစ်လှည့်စီကြည့်ကာ ...

"ဒီနေ့ အန်တီလည်း အပြင်သွားဖို့ရှိတော့ ညအိပ်ချိန်ကျမှပဲ
လာမှာလေ .. ဘာမှ ချက်ပြုတ်စရာ မလိုဘူးမို့လား .. ဂီတ သွားနား
ရပါပြီ ဒီမှာ ပြည့်စုံနေပြီပဲ .."

"ဟုတ်ကဲ့ .."

"ခုမှ ထလာတာကို ဘာဖြစ်လို့ သွားနားရမှာလဲ .."

"သူ သိပ်နေမကောင်းဘူး သားရဲ့ .. အရမ်းပင်ပန်းလွန်းချ
သွားလိမ့်မယ် .. လဲသွားမှဆို မင်းပဲ ဆေးပြန်ကုပေးနေရမှာ .. သွ
ဂီတ .."

ဂီတ က ခေါင်းခါ၏။



"ရပါတယ် .. ဂီတ အကျင့်ပါနေပါပြီ .. ဘာမှမဖြစ်ပါဘူး .."

နောက်ထပ် သွားခိုင်းနေမှာစိုးကာ ဂီတ က ရေခဲသေတ္တာထဲက အတွင်းအံတွေ တစ်ခုချင်း ဖြုတ်ချယူသွားပြီး ဘေဇင်ထဲ ထည့်သည်။

တစ်နေ့ တစ်နေ့ အလုပ်နဲ့ လက်နဲ့ ပြတ်သည် မရှိ ..၊ ဒီလောက်ကြီးမားကျယ်ဝန်းသည့် အိမ်ကြီးကိုတောင် 'တစ်နေ့ တစ်လံ ပုဂံ ဘယ်မရွှေ့'ဆိုသည့် စကားအတိုင်း သူမ တစ်ယောက်တည်း တလှုပ်လှုပ်ပြင်ဆင်သွားခဲ့တာ တစ်အိမ်လုံး လက်လက်တောက်နေပြီ ဖြစ်သည်။

သူမလေး 'တစ်နေ့နေ့တော့ လဲတော့မည်'လို့ ထင်ခဲ့ပေမယ့် နွမ်းယဲ့ယဲ့ပုံစံလေးနှင့် သူမ ဘယ်လို အားတင်းပြီး ထူထောင်နေနိုင်သလဲ တော့ မသိ ..၊

"လူလေး .."

သိုက် က ပေါင်မုန့်မီးကင်နဲ့ ကော်ဖီကို အေးဆေးစားနေရင်း မျက်လွှာပင့်ကြည့်၏။

"ညက မင်းတို့နှစ်ယောက်ကို ဘားမှာ တွေ့တယ် .."

ဒီ မီးဖိုခန်းနဲ့ ကပ်လျက် အခန်းကျယ်ကို ဘား လုပ်ထားတာဖြစ်သည်။ ပါတီ .. ဒင်နာ တစ်ခုခုဆိုလည်း ထိုအခန်းထဲမှာပဲ လုပ်ကာ တစ်ယောက်တည်း ပျက်စီးချင်တိုင်း ပျက်စီးနေဖို့အတွက် သူ့အတွက် သီးသန့်ထားတာလည်း ဖြစ်၏။

ညတုန်းက ဂီတ ကို ညစ်ပြီး အနားမှာ ခေါ်ထားလိုက်တာ မနက် သုံးနာရီကျော်မှ သူမကို ပြန်ခွင့်ပေးခဲ့၏။

"ဒီအမြည်းကို ငါ မကြိုက်ဘူး .. နောက်ထပ် သွားလုပ်ပေး .."

အကြော်အလှော် အသုပ်အပြုတ်တွေ တစ်ခုပြီးတစ်ခု လုပ်ခိုင်းပြီး တစ်ခုမှ စိတ်တိုင်းမကျသလို ဒုက္ခပေးခဲ့သည်။ အရက်ထည့်ခိုင်းပြီး အရက်နဲ့ ဝိုင်ကို ခွဲခြားမခေါ်လို့ ပြစ်တင် မောင်းမဲခဲ့သေးသည်။

"ရော့ .. ရေခဲနဲ့ ပြန်စပ်ထည့် .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာယ်လိုဖြစ်နေတာလဲ ဂီတ .. မင်းကို ငါ့အတွက် အမြဲတမ်း အဆင်သင့်ဖြစ်နေရမယ်လို့ ပြောပြီးသား .."

"ငါ ရေချိုးရင် ကြေးလိုက်တွန်းပေးရမယ် .. အရက်သောက်ရင် မင်းက အရက်ထည့်ပေးရမယ် .. ငါနဲ့ ပတ်သက်သမျှ အကုန်လုံး မင်း မညည်းမညူ လုပ်ပေးရမှာ .."

ဂီတ ကို မျက်နှာသိုတာတောင် သူ ဒေါသတွေထွက်ပြီး ဆူပူ မာန်မဲခဲ့သေးသည်။ ပြီးတော့ ...

"ရော့ .. နည်းနည်း သောက် .. မင်းမူးမှ ငါ အဆင်ပြေမှာ .."

"မသောက်နိုင်ဘူး .."

"မရဘူး .. သောက်ရမယ် .."

"လုံးဝ မသောက်ဘူး နေသိုက် .. အဲဒီပုလင်းကို ရိုက်ခွဲပြီး ကျွန်မ လည်ပင်းကို ရှင် အခု လှီးပဲ့စ်လိုက် .. အဲဒီအရက်တွေကို မျိုမချဘူး.."

"အရက် မဟုတ်ဘူးကွ .. ဒါ ဝိုင် .."

"ဘာဖြစ်ဖြစ် .."

"မင်းက နေရဲတယ်ပေါ့ .."

"နေရဲရုံတင်မကဘူး .. သေရဲတယ်ဆိုတာ ရှင် ကြည့်လိုက် .."

ဖန်ခွက်တစ်လုံးကို သူမဘာသာ ရိုက်ခွဲပစ်ကာ ကိုယ့်လည်ပင်းကို ပြန်ထောက်၍ ...

"ပြောစမ်းပါ .. ကျွန်မ ဘာလုပ်မယ် ထင်လဲ .."

သူ ဟားတိုက်ရယ်သည် ...၊ ပြီးတော့ ခေါင်းတညိတ်ညိတ်နှင့် လက်ကာ၏။

"မလုပ်နဲ့ .. မင်းကို ငါ သွေးသံရဲရဲနဲ့ သေစေချင်တာ မဟုတ်ဘူး.. မင်းကို တစ်ခါတည်း သတ်ပစ်ဖို့ စိတ်ကိုမကူးတာ .."

သူ ပြောခဲ့သမျှကို မှတ်မိနေသည်။ သူမရဲ့ အမူအရာတွေကိုလည်း မမေ့ ...၊ အားမတန်လို့ မာန်လျှော့နေသည့် မျက်ဝန်းတွေက သူမရင်ထဲ



မှာ မျိုသိပ်ကြိတ်မှိတ်နေရသော တစ်စုံတစ်ရာသာ ရှိမနေပါက ကိုယ့်ကို ဓားနဲ့ နုပ်နုပ်စဉ်းပစ်မလား ...၊

အဲဒီပုလင်းကွဲနဲ့ပဲ လည်ပင်းလှီးပစ်ဖို့ စိတ်ကူးနေသည်လား ...၊

"ဘာတွေ ပြုံးနေတာလဲ သား .."

စိတ်တွေက ညကို အလည်တစ်ခေါက် ရောက်သွားသဖြင့် သူ ပြုံးလိုက်မိလျှင် ဒေါ်အေးပွင့် က အံ့သြ စူးစမ်းသလို ကြည့်လာ၏။

"အန်တီ ပြောတာကို ပြုံးတာလား .."

"မဟုတ်ပါဘူး .."

"ဒါဆို အန်တီ ဆက်ပြောမယ်နော် .. သားနဲ့သူ အဲ့ဒီလို နေကြတာက .."

"ဘာမှမဆန်းဘူး အန်တီ .. သူ့ကို ဒီမှာခေါ်ထားတာကိုက ကျွန်တော့် လိုအပ်ချက်မှန်သမျှအတွက်ပဲ .."

"ဪ .."

ဆေးကြောသည့်အောက်က တစ်စုံတစ်ခု လွတ်ကျသံက ကျယ်လောင်စွာထွက်ပေါ်လာ၏။သိုက် က ပြုံးလိုက်ပြီး အသံကိုတမင်မြှင့်၍...

"ဘယ်သူတွေ ဘယ်လိုထင်ထင် ကိုယ် စိတ်ချမ်းသာဖို့က နံပါတ်တစ်ပဲ .. ကိုယ် ဖြစ်ချင်ရာ ဖြစ်ခွင့်ရနေမှ လောကနိဗ္ဗာန် .."

ဒေါ်အေးပွင့် ဂီတ ရှိနေတဲ့ဆီ လှမ်းကြည့်ပြီး စိတ်မကောင်းခြင်းတို့ဖြင့် သက်ပြင်းချ၏။

"အန်တီ မိတ်ဆွေကောင်း ပီသချင်တယ် .. ဒါကြောင့် အမုန်းခံပြီး ပြောချင်တာက သားလုပ်ရပ်တွေ နည်းနည်းတော့ အစွန်းရောက်နေပြီ ထင်တယ် .."

"လုံးဝ အစွန်းရောက်နေပါစေ အားလုံးက တန်ရာတန်ကြေးပဲ အန်တီ .. ကျွန်တော် နစ်နာဆုံးရှုံးခဲ့တဲ့ တန်ကြေးအတိုင်း ကျွန်တော့် ရင်ထဲက နာကျင်မှုတွေ မလျော့ပါးသရွေ့ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်မှာ သူ့ဘဝ အညွန့်ကျိုးနေပြီပေါ့ .."

"ကျွန်တော်ကရော .."

"လူလေးကတော့ အထင်လွဲခံရမှုတွေ ရှိခဲ့ပေမယ့် အဖြစ်မဆိုးသေးဘူးလို့ အန်တီ ထင်တယ် .."

"အဖြစ်ဆိုးတယ်ဆိုတာ ဘာကိုပြောတာလဲ အန်တီ.. ကျွန်တော်ဟာ မိန်းကလေးတွေနဲ့ စီးပွားရှာစားနေတဲ့ကောင်အဖြစ် ရဲစခန်းမှာ ရင်ဆိုင်ခဲ့ရတာ.. ဒါကိုဖြေရှင်းဖို့အတွက် လိုအပ်တဲ့ သက်သေတွေရဖို့ ကျွန်တော် တစ်သက်လုံးက ဂရုမစိုက်ခဲ့တဲ့ အသိုင်းအဝိုင်း ပတ်ဝန်းကျင်တွေ အကုန်လုံးကို ကိုယ့်အထုပ် ကိုယ်ဖြေခဲ့ရတယ်.. အကူအညီတောင်းရတယ်.."

"ဟုတ်ပါတယ် .. ဒါတွေကြားလို့ အန်တီတို့လည်း စိတ်မကောင်းဖြစ်ရပါတယ် သားရယ် .. ဒါပေမယ့် .."

"မလိုဘူး အန်တီ .. ကျွန်တော် လိုချင်တာ ကျွန်တော့်ကို လူတွေသနားတာကို မဟုတ်ဘူး .. သူ ဖန်တီးခဲ့တဲ့အတိုင်း သူ့ကို ပြန်ပေးဖို့ဒါပဲ .."

"ဒုန်း .."

စားလက်စ ပေါင်မုန့်ကို ပစ်ချသည်။ ခုံကို လက်နဲ့ 'မ' ကိုင်ပြီး အသံမြည်အောင် ဆောင့်ချပစ်ကာ သိုက် အခန်းထဲက ထွက်သွား၏။

ကော်ခွက်လေးတွေ ဆေးနေသော ဂီတ ရဲ့လက်တွေ တဆတ်ဆတ် တုန်နေခဲ့၏။ ပြီးတော့ ပေါက်ခနဲ ဆင်းကျသွားသည့် မျက်ရည်စက်က ရေထဲကို အသံမြည်အောင် ခုန်ချလေသည်။

"ဂီတ .."

ဒေါ်အေးပွင့် က ဂီတ ဘေးကို ရောက်သွားကာ ပခုံးစွန်းလေးကို ဆုပ်ကိုင်လိုက်ပြီး ...

"အန်တီ့ကို ပွင့်ပွင့်လင်းလင်း ပြောပြနိုင်မလား .."

ဂီတ က လှည့်မကြည့်ဘဲ ခေါင်းခါ၏။



"မမေးပါနဲ့ အန်တီ .. သူ ပြောသွားတာတွေ မှန်ပါတယ် .."

"အန်တီကတော့ မမှန်ဘူးလို့ပဲ ထင်နေတုန်း .."

ဒေါ်အေးပွင့် က ပခုံးမှာ ကိုင်ထားသည့်လက်ကို ချလိုက်ပြီး လက်ပိုက်ပြင်ရင်း ...

"သူ့ဒေါသ ဘယ်လောက်ပဲ အရှိန်မြင့်နေပါစေ .. သိုက် အဲဒီလိုလုပ်မယ့်ကလေး မဟုတ်ဘူး .. သမီးကို သူ နာမည်ပျက်သွားအောင် ဖျက်ဆီးချင်တာ ဖြစ်ရင်ဖြစ်မယ် .. တကယ် ကျူးလွန်ဖျက်ဆီးမှာမဟုတ်ဘူး .."

ဂီတ က နှုတ်ခမ်းလေးကို ကိုက်ပြီး မျက်နှာလွှဲပစ်သည်။ ဒေါ်အေးပွင့် သူမစကား မှန်သွားလား မသွားလား အကဲခတ်ချိန် မရလိုက်ပေ။

ဒါပေမယ့် စိတ်ထဲမှာ စွဲနေတာက သိုက် ဒီလောက်ထိ ယုတ်မာနိုင်မှာ မဟုတ်..၊ တကယ်မဟုတ်ဘဲ ခုလို ဒုက္ခတွေပေးနေတာကို ဂီတ က ဘာကြောင့် မျိုသိပ် သည်းခံနေခဲ့တာလဲ ..၊

ဒေါ်မေညွန့် တို့ လက်ထောက်ချခဲ့လို့ ဒုက္ခများခဲ့တာဆိုလျှင် ဒီလူတွေ မကောင်းမှန်း ခု သိပြီပဲ ..၊ သူတို့အတွက် ဘာကို အနစ်နာခံပေးဆပ်ရမှာလဲ ..၊ ဘာကြောင့်လဲ ..။

တစ်ယောက်တည်း အဖြေရှာမရပေမယ့် ဂီတ ကလည်း တစ်ခွန်းတစ်ပါဒမျှ မဖြေခဲ့ပေ ..၊ သူမ ဘာကြောင့် လည်စင်းပေးနေခဲ့ရသလဲ သူမသာ သိသည်။

ဒီလူဟာ ဒေါသကြီးရုံတင်မဟုတ်ဘဲ အငြိုးအာဃာတ ကြီးမားလွန်းစွာဖြင့် သူမကို ဖျက်ဆီးခဲ့သည်။ ဒါကို ရိုက်ယူထားပြီး နိုင်ငံကျော်အောင် သတင်းဖြန့်ဖို့လည်း သူ့လက်ထဲမှာ အဆင်သင့် ဆောင်ထား၏။

ကိုယ့်ဘာသာ သားဖောနဲ့ ခြေလှမ်းကျွံခဲ့ပေမယ့် အမှားတစ်ခုကနေ နောက်ထပ် အမှားကြီး ထပ်ဖြစ်ကာ သားလေးရဲ့အနာဂတ်ကိုတော့ ထိခိုက်မခံနိုင် ..၊

www.burmeseclassic.com

www.burmeseclassic.com



"သမီးက ဘာကို စဉ်းစားငေ့ညှာနေတာလဲ .. သမီးဘ၀အတွက်လား .. ကလေးအတွက်လား .."

ဒေါ်အေးပွင့် က အားမလျှော့ဘဲ ဂီတ မျက်နှာလေးကို အကဲခတ်ဖို့ ကြိုးစားရင်း ဆက်လက် မေးနေခဲ့၏။

"ဒါမှမဟုတ် .. သမီးရဲ့ ယောက္ခမတွေအတွက်လား .."

ဂီတ က အဖြေ ..၊

"ဘာအတွက်ဖြစ်ဖြစ် ဒါက အမှားကို ပြင်ဆင်တဲ့နည်း မဟုတ်ဘူး .. ကြွေးဆပ်တယ်ဆိုတာလည်း .."

"အန်တီ .."

"ပြော .."

"အန်တီက သူဌေးရဲ့အဒေါ်အဖြစ်နဲ့ ရပ်တည်ပေးနေတဲ့ မိတ်ဆွေကောင်းတစ်ဦးပါ.. အဲဒါကြောင့် အန်တီ့ကို ဂီတ မမုန်းချင်ဘူး.. သူနဲ့လည်း မမုန်းစေချင်ပါဘူး .. အန်တီ ဘာကြောင့် ဘယ်လိုရပ်တည်ဖို့ ဒီမေးခွန်းတွေ မေးနေတာဖြစ်ဖြစ် .. ဂီတဖြေမှာ မဟုတ်လို့ မမေးပါနဲ့.."

ဒေါ်အေးပွင့် ငေးကြည့်နေရင်း ငြိမ်သက်သွားခဲ့၏။

လောကကြီးတစ်ခုလုံးကပဲ ဟန်ဆောင်ခြင်း အတတ်ပညာတွေ တိုးတက်မြင့်မားနေတာလား .. ကိုယ် တစ်ယောက်တည်းကပဲ ဟန်မဆောင်တတ်သေးတာလား ..၊

ဘယ်သူ့ကိုကြည့်ကြည့် .. ဘယ်လိုတွေ ဖြစ်ပျက်ခံစားနေကြတာလဲဆိုတာ ဒေါ်အေးပွင့် ဘယ်လိုမှ အကဲမခတ်နိုင် ..၊

မေးရင်လည်း မဖြေပါဘူးဆိုမှ ဘယ်လိုလုပ်ရမလဲ ..။



## အခန်း (၃၉)

"အေး .. စင်ကာပူကို မင်း သွားလိုက်တော့ .."

"... ... ... ..."

"ကိုခိုင့် ကို ငါ အားလုံး ပြောထားတယ် .. မင်း ညကျရင် သူနဲ့ သွားတွေ့ပြီး ယူစရာရှိတာ ယူသွား .."

"... ... ... ..."

"ကုမ္ပဏီကိစ္စတွေကို မင်း ဘာမှ အပြတ်ပြောမလာနဲ့ .. သူတို့ စကားကိုပဲ စောင့် .. အခြေအနေတွေ ငါ့ဆီ မေးလ်ပို့လိုက်လေ .."

"... ... ... ..."

"အေး .. ဒါပဲ .."

သူ စကားဖြတ်ပြီး အိမ်ရှေ့ဘက်ကို လှည့်ဝင်လိုက်လျှင် ကျောပိုးအိတ်လေးနဲ့ မား ကို မျက်နှာချင်းဆိုင်မိလျက်သား ...

"ဦးဦး .."

မား က သူ့ကို မြင်လိုက်တာနှင့် ပြုံးပြ၏။ ဒီကောင်လေး သူ့ မျက်နှာတင်းနေတာ မြင်ရင်သာ မျက်နှာငယ်လေးနဲ့ လက်ပိုက်သွားတတ်တာ တခြား ဘယ်အချိန်ဖြစ်ဖြစ် မြင်လိုက်တာနဲ့ ပြုံးပြီးသား..



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး .."

သူ အထဲဝင်လာတော့ နောက်ကနေ ပါလာကာ ...

"ဦးဦးက သားသားကို မခေါ်ဘူးလား ဟင် .."

စာကြည့်ခန်းထဲ ဝင်ခဲ့တဲ့အထိ သူ့ဘေးမှာ ပါလာခဲ့ပြီး ...

"သားသားက ဦးဦး မကြိုက်တာ မလုပ်ဘူးလေ .. ဘာမှလည်း မယူဆော့ဘူး .. ဦးဦး ရှေ့ကိုလည်း မလာဘူး .. ဘာဖြစ်လို့ သားသားကို စိတ်ဆိုးနေတာလဲ .."

"အခုကျတော့ ဘာလိုက်လုပ်တာလဲ .."

သူ ချာခနဲ လှည့်ပြီး ပြန်မေးလိုက်တော့ နှုတ်ခမ်းလေး ပွင့်ဟလျက် လူကို အကြာကြီး မော့ကြည့်နေ၏။ ပြီးမှ ...

"ဦးဦးကို သားသားက ခေါ်ချင်လို့ .."

"သားလေး ရေ .."

"ဟာ .. မေမေ ခေါ်နေပြီ .."

သူ့ကို တစ်ခုခု ပြောခဲ့ချင်သည့် မျက်နှာလေးနှင့် မော့တော့ မော့ကြည့်သေးသည်။ ဒါပေမယ့် ချက်ချင်း ပြေးထွက်သွားခဲ့၏။ မား ကို မရည်ရွယ်ဘဲ အိမ်မှာ နေစေခဲ့မိတာ ဖြစ်သည်။

ဒေါ်မေညွန့် တို့ အနိုင်ပိုင်း ပြောတာတွေကြောင့်လည်း ပါသည်။ 'အောက်ကလည်း နေသေး .. ကြောက်ပြီလာလည်း မေးသေး'ဆိုတာ မျိုး ...၊

တိုက်နဲ့ ကားကို ရသွားပြီးတော့ ဒါနဲ့ပဲ ကျေနပ်သွားတော့မလို့ လို ...၊ ပြီးကျမှ လောဘအညွန့်တက်လာတဲ့ လောဘက အလက်ာ့ ကို စိတ်မလျှော့နိုင်သေးတာလား .. သူ့ဆီက ဒီလောက်နဲ့ပဲ မကျေနပ်နိုင် တာလား ...၊

ဒီသားအမိတွေ တစ်ခုခုတော့ ကြိတ်ကြံနေကြဦးမှာပါ ...၊ သူက လည်း အဲ့ဒါမျိုးကိုမှ တိုက်ခိုက်ချင်တာ ...၊





ဂီတ လို မိန်းကလေးတစ်ယောက်ကို ချုပ်ကိုင်ထားနိုင်တာနှင့် ဘာကကို ခါးစောင်းတင်ဖို့ ကြိုးစားချင်နေ၏။

"အား!... ကျွတ်!..."

ခေါင်းတွေ တဒိန်းဒိန်း ကိုက်ခဲလာသည်။ ဆံလည်ကုလားထိုင်မှာ ခင်ချလိုက်ပြီး နာခေါင်းထိပ် မျက်ခုံးရိုးနားကို ညှစ်ကိုင်ထားမိ၏။ ပြီးတော့ မျက်လုံးတွေ မှိတ်၍ တဖြည်းဖြည်း နှိပ်နယ်နေစဉ် ...

"တီ .."

ဟွန်းသံက ခြံဝဆီကလား ...၊

သူ့မျက်လုံးတွေ ပွင့်သွားခဲ့၏။ ကုလားထိုင်ကို ရွှေ့၍ ခြံဝက စီစီ ခဲ့ကင်မရာကို ဖမ်းကြည့်လိုက်၏။

မော်နီတာပေါ်မှာ အလက်ာ ရယ် .. ကားရယ် ...၊ ပြီးတော့ ဂီတ ... မား ...၊

စကားတွေ ထပ်ပြောနေကြပြီးမှ မား ကို အလက်ာ က ကားထဲ ခေါ်ဆေသည်။ ပြီးတော့ ဂီတ ကို တစ်စုံတစ်ခု ပြောပြီးမှ ကားထဲဝင်၏။

သူမ ပြန်လှည့်လျှောက်လာတဲ့အထိ အနီးကပ်ဆုံးကို ဆွဲကြည့် လိုက်သည်။ အပြာရောင်ပွင့်နုပ်လေးတွေပါသော အဖြူဆွတ်ဆွတ် ရှည်ပိုင်းလက်ရှည် ကိုယ်ကျပ်လေးနှင့် ထဘီအပြာပြောင်ကို ဝတ်ထား သည့် ဂီတ ...၊

ဖြန့်ချထားသည့် ဆံပင်တွေကို အဖြူရောင်ဘီးကုပ်လေးနဲ့ နဖူး ဘေးနေ ပင့်သိမ်းထား၏။ သူမ တစ်ကိုယ်လုံးက အရှိုက်အဝန်းတို့သည် ...လေးအမေ မှုဆိုးမပါလို့ ဘယ်သူ့ကိုပြောပြော မသိတဲ့လူဆို ယုံမှာ ...ဘုတ် ...၊

သူ နေရာမှ ပြန်ထိုင်လိုက်ကာ မျက်နှာကို မျောက်မှီပေါ်မှာ ပင့် ...န့်လိုက်၏။ ခဏကြာတော့ တံခါးပိတ်သံ ကြားလိုက်ရပြီး မကြာမီ...၊

"ဂီတ ခဏ လာဦး .."



www.burmeseclassic.com

www.burmeseclassic.com



ဂီတ ခြေလှမ်းတုံ့သွားသည်။ တစ်ဝက်ပွင့်နေသော စာကြည့်ခန်းထဲက သူ ထိုင်နေတာကို မြင်လိုက်ရလျှင် သူမ မျက်ခုံးတန်းလေးတွေ ဆတ်ခနဲ စုကျုံ့သွား၏။

"ဘာခိုင်းစရာ ရှိလို့လဲ .."

"ခေါင်းကိုက်နေတယ် .. နောက်က လာနှိပ်ပေး .."

သူမ သူ့နောက်ကို ချက်ချင်း ရောက်လာသည်။ ထိုအခါ ကုံ့ကော်ဝတ်ဆံနံ့လို ခပ်သင်းသင်းရနံ့တစ်မျိုးက သူ့နှာခေါင်းထဲ တိုးဝေ့ကျီစယ်သွားခဲ့၏။

"မင်းကို အန်တီက ပြောတော့ အလုပ်တွေချည်း လုပ်နေလွန်းလို့ ဟပ်ထိုးပဲ လဲတော့မလိုလိုပါလား .."

နားထင်နှစ်ဖက်မှာ တင်လိုက်သည့် လက်က ရပ်တန့်သွား၏။

"ငါ မြင်တာ မဟုတ်ဘူးဆိုရင် မင်းက ပျော်နေတာပဲ .."

ဂီတ က နားထင်နှစ်ဖက်ကို အသာလေး ဖိထောက်ပေးနေလျက် စကားတစ်ခွန်းမှ ပြန်မပြောပေ ..၊ ခဏစောင့်လိုက်ပေမယ့် ဘာမှမပြောတော့ သိုက် မျက်မှောင်ကုတ်သွားသည်။

"အလက်ာ က မင်းကို မမြင်ဖူးခဲ့ဘူးဆိုပြီးတော့ ဒီလောက်တောင် ရင်းနှီးသွားတာလား .."

ဂီတ က မဖြေ ..၊

"ဟော့ .. မင်းကို မေးနေတာ .."

"အား!..."

သူမ လက်နှစ်ဖက်ကို အသာလေး ဆွဲလှန်ပစ်လိုက်ကာ ထိုင်ခုံထက်လည်ထွက်သွားတော့ ဂီတ ကိုယ်လေး သူ့ရင်ခွင်ထဲ ပြိုကျလာ၏။ ဖြန့်ဝဲနေသော ဆံနွယ်တို့သည် သူ့ရင်ဘတ်မှာ တချို့က ကပ်ငြိသွားခဲ့ပြီး သူ့မျက်နှာအောက်မှာ ဂီတ ရဲ့မျက်နှာလေး အလန့်တကြား ..၊

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ .."





"မေးနေတာကို ဘာဖြစ်လို့ အဖက်မတန်သလို လုပ်နေတာလဲ..၊ မင်း ငါ့ကို အဲဒီလိုအချိုးမျိုးနဲ့ လာမ'စ'နဲ့ နားလည်လား .."

"နားလည်တယ် ..၊ နားလည်လို့ ကိုယ့်ဘာသာ နေတတ်သလို နေတာ .. လာ'စ'နေတာက ဂီတ မဟုတ်ဘူး .. ရှင်ပဲ .."

ထွေးအိနေသော စိုလက်လက် နှုတ်ခမ်းလွှာလေးတွေက ရန်စကားတွေ ဆိုနေပေမယ့် ဒေါသတွေ ဖြစ်နေသလောက် ပန်းနုရောင်သန်းတက်လာသည့် မျက်နှာလေးက ပိုလှနေသည်။

မျက်ခုံးတန်းလေးတွေ ပင့်၍ မျက်တောင်ဖျားလေးတွေ ကော့တက်နေအောင် အားပါးတရကြီး ပြောဆိုနေတာလေးက စိတ်လွတ်ကိုယ်လွတ်မို့ ဘာကိုမှ ဂရုမစိုက်တတ်သည့်ကလေးပုံ ပေါက်နေသေးသည်။

သူ စိုက်ကြည့်နေတာကို သတိထားမိသွားကာမှ ဂီတ အမူအရာတွေ ဖြုတ်ခနဲ ပြောင်းသွားသည်။ ပြီးတော့ အသည်းအသန် ပြန်ရုန်းသေးမယ့် ...

"ရှင် နော် .. ဟင့်အင်း .."

ပွေ့ဖက်လာသည့် သူ့လက်ချောင်းတွေက တင်းကျပ်သွားခဲ့ပြီး...

"ငြိမ်ငြိမ်လေး နေ .. မင်းကို ငါ ပိုင်တယ်ဆိုတာ မမေ့နဲ့ .."

မျက်နှာချင်း ထိကပ်ပြော၍ အငွေ့ဆန်ဆန် အနမ်းတွေ ခြွေရင်း...

"မင်းက ရင်ခုန်ဖို့တော့ ကောင်းတယ်" တဲ့ ..၊

လူယုတ်မာ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"မင်းက အမြဲထုမ်း အားနေတာပဲလား အလင်္ကာ .."

"မအားပါဘူး ကိုကြီး .. ဒီကပြန်တာနဲ့ ကုမ္ပဏီကို တန်းသွားတာပါ .."

သိုက် က ကားထဲဝင်ခါနီးမှ သောက်လက်စ စီးကရက်ကို ပစ်ချပြီး ခြေဦးထိပ်နဲ့ နင်းချေပစ်လိုက်ကာ ...

"ဒီက ကလေးကို ကျောင်းပို့ကျောင်းကြို လုပ်ပေးဖို့ အန်တီဆီ နိုင်းထားတာလား .."

"မဟုတ်ပါဘူး .. ဖယ်ရီက ပြောပြီးသားပါ .. နောက်အပတ်ကျမှ ဒီဘက်ရောက်မယ်ဆိုလို့ ဒီစပ်ကြားမှာ မား အဆင်ပြေအောင်လို့ပါ .."

"ဖယ်ရီ အဆင်မပြေတဲ့ကိစ္စကိုရော မင်းက ဘာလို့ သိသွားတာလဲ .."

အလင်္ကာ ကြောင်တက်တက် ဖြစ်သွားသည်။ ပြီးတော့ မျက်နှာရှုံ့တွတွနှင့် ခေါင်းကုတ်ရင်း ...





"ဖယ်ရီကိုရော .. ကျောင်းကိစ္စတွေကိုရော ကျွန်တော် သိတာပေါ့ ကိုကြီးကလည်း .. ချို နဲ့ တွေ့ဖြစ်တဲ့အခါတွေမှာ ကလေးက ပါနေတာပဲဟာ .. ကျောင်းကိုလည်း ရောက်တာပဲ .. ကျွန်တော့်ဆီကိုလည်း .."

သိုက် က ကားပေါ်တက်ပြီး မောင်းထွက်သွားပြီ ဖြစ်သည်။ မေးသော့ မေးပြီး စကားမဆုံးခင် ထွက်သွားသဖြင့် အလင်္ကာ ပခုံးတွန့် ခေါင်းခါရင်း ကျန်ရစ်လေသည်။

"သိုက် ဘာပြောသွားတာလဲ သား .."

ဒေါ်အေးပွင့် က အိမ်ထဲက ထွက်လာပြီး စိုးရိမ်သည့်မျက်နှာနှင့်—

"သားကို တစ်ခုခု ပြောသွားတယ်မို့လား .."

"ဟုတ်တယ် မေမေ .. မား ကို ကျောင်းပို့ပေးတဲ့ကိစ္စ မေးနေတာ .."

"သူ မကြိုက်ဘူးဆိုတာ မေမေ သိသားပဲ .."

ဒေါ်အေးပွင့် ပုံစံက စိတ်မသက်မသာ ဖြစ်သွားမှန်း သိသာနေတာ ...

"သားအဖေ သိရင်လည်း မေမေ့ကို အပြစ်တင်မှာပဲ .. မေမေတို့အနေနဲ့ သိုက် ကို စိတ်ဒုက္ခပေးမိသလို ထပ်မဖြစ်သင့်တော့ဘူး ထင်တယ် .."

"ကိုကြီးက ဘယ်မိန်းမကိုမှ စိတ်ဝင်စားတာ မဟုတ်ပါဘူး မေမေရာ .. မမနု နဲ့တုန်းက လူကြီးတွေစကား နားထောင်ပြီး .."

"နုနုခင် ကို သူကိုယ်တိုင် စိတ်ဝင်စားပြီး လက်ခံခဲ့တာ သား.."

"ဒါပေမယ့် ကိုကြီးက မက်မက်မောမောချစ်မိခဲ့တာမျိုးမှ မဟုတ်တာ .. ဒါကြောင့် ကျွန်တော် ဘာမသိညာမသိ ကကြိုးရှုပ်သလို ဝင်နေမိတာကို သိရက်နဲ့ အပြစ်မယူတာပေါ့ .."

"မင်း သူ့အပေါ် တမင်လုပ်ကြံတာ မဟုတ်မှန်း သိလို့လေ .."

"ဒါလည်း ဟုတ်တယ် .. ပြီးတော့ ကိုကြီး ဒေါသထွက်ရင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ကြောက်စရာကောင်းသလဲဆိုတာ အားမကော ပိုသိပါတယ် .. သူ ဒေါသမထွက်ခဲ့တာကိုက မမနု ကို သူဟုပ ဟုတ်ပြင် နားလည်ပြီး စိတ်ဝင်စားမှု မရှိလို့ပါ ..၊ ဒါပေမယ့် မိန်းမတစ်ယောက်ရဲ့ ဘဝက မှာ သူက ထောင်ဖမ်းခံရတဲ့ ကျားတစ်ကောင် ဖြစ်သွားတဲ့အတွက် အရှက်ကြီး ရှက်ခဲ့တာ .. တွေးကြည့်ရင် ကိုကြီး ရင်ထဲမှာ မမနု ကို ဘာမှမရှိတော့ဘူး .."

"ဘာပဲဖြစ်ဖြစ် မင်းမှာ အပြစ်ရှိခဲ့တယ် မို့လား .."

"မေမေက အခု မား အတွက် ကျွန်တော် ဘာမှ ဝင်မလုပ်ပေးနိုင် တော့ဘူးလို့ ပြောချင်လို့လား .."

"ပြောချင်ပေမယ့် ဥပေက္ခာလည်း မထားရက်ဘူး ဖြစ်နေတယ်"

ဒေါ်အေးပွင့် က အလင်္ကာ့ ဘေးထိ လျှောက်သွားပြီး ကားဘူ နက်ပေါ်မှာ လက်တစ်ဖက် တင်သည်။ ပြီးတော့ သက်ပြင်းရှည်ကြီး ချ၍ ...

"သိုက် ရဲ့စိတ်ကို မေမေ အနီးစပ်ဆုံး သိခွင့်ရရင် သိပ်ကောင်းမှာ ပဲ .."

တစ်ယောက်တည်း ညည်းသလို ဆိုရင်း ...

"ဂီတ ကိုသာမကဘဲ ကလေးကို ဘာဖြစ်လို့ ရန်သူလို ဆက်ဆံ တာလဲ .." လို့ တွေးနေမိတာနဲ့ တစ်ဆက်တည်း ..၊

"ရှင် ကလေးကိုပါ ရန်ငြိုးထားလိုက်တာပေါ့ .."

"ကလေး သဘာဝကိုက စိတ်ထဲရှိသလို နေလိုက် ပြောလိုက်တဲ့ မျိုးပါ .. ရှင် တော်တော် အငြိုးထားတတ်တဲ့လူ .."

ဂီတ နဲ့ သိုက် စကားများနေကြတုန်း ဒေါ်အေးပွင့် တစ်ခွန်းတစ် ကြားခဲ့ရသည်။ ဒီစကားတွေအရ ကလေးနဲ့ သိုက် တစ်ခုခု ပြဿနာ ရှိနေခဲ့တာလည်း သေချာသည်။

ဒီသားအမိနဲ့ချည်းပဲ မကျေလည်စရာတွေ ဖြစ်ခဲ့တယ်ဆိုမှ





တော့ လူတစ်ယောက်ရဲ့ဘဝကို တစ်ဆုံးထိ နင်းချေပစ်ချင်လောက် အောင် အငြိုးတကြီး ဖြစ်နေတာကို နားမလည်နိုင် ..၊

သူ ရန်ငြိုးထားနေတဲ့ မိန်းကလေးကိုလည်း ကြည့်ပါဦး ..၊

ကလေးတစ်ယောက်အမေ ဆိုပေမယ့် ဝင်းဝင်းစက်စက် နုနု ထွယ်သွယ်လေးနှင့် မိန်းမချောင်းတောင် မနာလိုဖြစ်သွားနိုင်တဲ့ အလှသွေး တွေ ကြွယ်နေဆဲ ..၊

ပြီးတော့ ပညာတတ် .. စိတ်ထား ရည်မွန်ယဉ်မြက်တဲ့ သူ ..၊

ဒီလို မိန်းကလေးကိုမှ ချုပ်ကိုင်ထားနိုင်ဖို့ ကြိုးစားသည်။ အငြိုး အတေးကြီး နှိပ်စက်နေခဲ့၏။

ပြီးတော့ 'ဂီတမြင့်မား' ဆိုတဲ့ ကလေးငယ်လေး ..၊

ငါးနှစ်တောင် မရှိသေးတဲ့ ကလေးလေးပါ .. ဒါပေမယ့် စကား တတ်သည် ..၊ အရိပ်အကဲလည်း နားလည်လွန်း၏။ ဖအေကို မသိပေ မယ့် ဒီမအေက မွေးထားတဲ့သားမို့ မအေတူသားလေးရဲ့ မျက်နှာလေး မှာ ဆွေရက် မာန်ရက်ဖွယ် တစ်စက်လေးမှ မရှိ ..၊

ဒေါ်အေးပွင့် နားမလည်နိုင်ခြင်းတွေနဲ့ ပြောလက်စ စကားကို ဆက်ပြောမလို့ ရှေ့မဆက်နိုင်ဘဲရှိကာ ...

"အလင်္ကာ .."

"ဗျာ .. မေမေ .."

"မင်းကို မေမေ မေးဖို့ သတိရလာပြီ .."

"ဟင် .. ဘာကိုလဲ .."

အလင်္ကာ က မေးဆတ်လိုက် ခေါင်းညိတ်လိုက်နှင့် မေးခွန်းကို စိတ်ဝင်တစား နားစွင့်နေ၏။

"သားကတော့ ဂီတ ကို စိတ်ဝင်စားနေတာ မဟုတ်ဘူးမို့လား ကွင် .."

"ဟာ .. မဟုတ်တာ မေမေကလည်း .."



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ပြင်လုံး အနီရောင်သမ်းသွားသည်။ အလကာ့ ဒေါ်အေးပွင့် က မလွတ်တမ်း အကဲခတ်သည်။

"မမ ကြားသွားရင် မကောင်းပါဘူး မေမေရာ .. ကျွန်တော် မေမေ့လို အတွေးမျိုးနဲ့ပါ .. ချို့ တို့ မိသားစုနဲ့ ကိုကြီးရဲ့ ဒေါသအ ကြားမှာ ကြားညပ်နေရတဲ့ သားအမိမို့လို့ သနားစိတ်နဲ့သက်သက်ပါ .."

ဒေါ်အေးပွင့် က သက်ပြင်းချလိုက်ကာ ...

"ချစ်တဲ့စိတ်ဆိုတာ အင်မတန် ခန့်မှန်းရခက်တာ သားရဲ့ .. အ ကို ဘယ်လိုအရာနဲ့မှ တိုင်းထွာလို့ မရဘူး .. ဘာအကြောင်းနဲ့မှ ပုံ သတ်မှတ်လို့လည်း မရဘူး .. တစ်ယောက်က တစ်ယောက်အပေါ် ချစ်တယ်ဆိုတာ အကြောင်းအရာတွေ အမျိုးမျိုး ရှိကြတာပဲ .. ဒါ မယ့် မေမေ သိပ်ဘာကတော့ ချစ်တဲ့စိတ်မှာ စွဲလမ်းမှုမပါရင် မခိုင်မြဲ ဘူး .."

သူမ စိုးရိမ်နေတာက သိုက် ရင်ထဲမှာ ဘာရှိနေလဲ ...။

ပြီးတော့ အခု ရှေ့မှာရှိနေတဲ့ သားရဲ့ ရင်ထဲမှာ ရိုးရှင်းရဲ့လား ဒါကို ရှင်းလင်းစွာ သိချင်နေမိသည်။

"မေမေက ကိုယ့်ဘာသာ ပွဲဆင်ပြီးမှ ကိုယ်အတွက် ကိုယ် စိုးရိမ်နေတာ .."

"ဘယ်လို မေမေ .."

"ဟင်း .."

"သက်ပြင်းတွေပဲ ချနေတယ် မေမေရာ .. မေမေ ဘာတွေ နေတာလဲ .."

"သိုက် နဲ့ မေမေတို့ ပြဿနာတက်ခံလို့ မဖြစ်ဘူး .. ဖြစ် မဖြစ်သင့်ဘူး .."

"မေမေရယ် .."

"ကိုယ့်သားကို ဒုက္ခပေးသလို ထပ်ဖြစ်ရင် မေမေ လုပ်သ



ပြီပေါ့ .."

"ဘာကို ဒုက္ခလဲ မေမေ .."

ဒေါ်အေးပွင့် က ခေါင်းခါလိုက်ပြီး ဘာမှမဖြေ ...၊ ပြီးတော့မှ ...

"မေမေ ခုနကပြောတဲ့ စွဲလမ်းမှုနဲ့ အချစ်ဆိုတာကလည်း .. အဲ့ဒီ စွဲလမ်းစိတ်ဟာ အထင်ကြီး အသက်ဝင်ခြင်းကပဲ စတယ် .."

"မေမေက .."

မေမေ့စကားက တစ်ခုခုကို ဦးတည်နေပြီမှန်း သိပေမယ့် သူ ဘာမှထပ်မမေးနိုင်ခင် ဂီတ တို့ သားအမိ အထဲက ထွက်လာကြ၏။

ဂီတ က သူတို့နားကို ရောက်တော့ တစ်ဖက်က ကားဂိုဒေါင်ဆီ လှမ်းကြည့်လိုက်ပြီး ...

"ဆောရီး နော် အလကာ .. အစ်မက မင်း ရောက်နေမှန်း မသိ ဘူး .. အန်တီနဲ့ သူ့ဘွေး စကားပြောနေတယ် မှတ်လို့ ထွက်မလာသေးဘဲ စောင့်နေတာ .."

"ကိုကြီးက ကလေးကို မှုကြိုထားတာ မကြိုက်လို့လား .. သူ တောင် မျက်စိနောက် သက်သာသေးတဲ့ဟာ .."

"ခုက မှုကြိုသက်သက် မဟုတ်တော့ဘူးလေ .. ES4E မှာထား တာ .. ဘာပဲဖြစ်ဖြစ် သိသာသိစေ မမြင်စေနဲ့တဲ့ .."

ဒေါ်အေးပွင့် က ဂီတ ကို ကြည့်ရင်း ပြုံးလိုက်သည်။ ပြီးတော့ မား ရဲ့ခေါင်းလေးကို တယုတယ ပွတ်သပ်၍ ...

"စိတ်မပူပါနဲ့ကွယ် .. နောက်ဆို အားလုံး အဆင်ပြေသွားမှာပါ .. အစက လုံးဝ မခေါ်ရဘူးလို့တောင် တားထားခဲ့တာမို့လား .. အခု ကလေးက အိမ်ပေါ်ရောက်နေပြီ .. ဒီလောက် ချစ်စရာကောင်းပြီး စကားသွက်တဲ့ကလေးလေးကို သူ ချစ်လာမှာပါ .."

"ဟုတ်ကဲ့ .. ဂီတ ကတော့ သူ ချစ်ချစ် မချစ်ချစ်ပါ .. ကလေးရှေ့ မှာ ဆူတာပြောတာလေးတွေ လျော့ပေါ့ပေးရင် ကျေနပ်ပါပြီ .. ဒါဆို

www.burmeseclassic.com

www.burmeseclassic.com



သားလေးကို သွားပို့လိုက်ဦးမယ် နော် အန်တီ .. ဂီတ ချက်ချင်း ပြန်ခဲ့ပါ့မယ် ..”

“ဟင် ..”

“ဟာ .. မမ ..”

သားအမိ နှစ်ယောက်စလုံး အံ့သြသွားကြ၏။

အလက်ာ့ ပုံစံက ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်သွားဟုံ ပေါက်လျက် ...

“မားကို ကျွန်တော် လိုက်ပို့မလို့ လာစောင့်နေတာလေ ..”

“ဖယ်ရီက ဒီရက်ပိုင်း လာမှာ မဟုတ်သေးဘူးလေ .. ပြီးတော့ သမီး သိပ်လည်း နေမကောင်းဘဲနဲ့ ..”

“ရပါတယ် .. သူ့ဒွေးက ငြိုငြင်လာရင် ဘယ်သူ့မျက်နှာကိုမှ ထောက်မှာ မဟုတ်ဘူး .. အန်တီတို့စေတနာကို ဂီတ နားလည်ပါတယ် .. ဂီတ ကြောင့် ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်လို့ပါ ..”

ဒေါ်အေးပွင့် တို့ သိုက် တို့ မိသားစုနဲ့ ဘယ်လို ကျေးဇူးတရားတွေကြောင့် ချိတ်ဆက်ပတ်သက်နေခဲ့သည်ဆိုတာ သူတို့ ပြောပြလို့ပဲ ဂီတ သိခဲ့ရတာပါ ...

“ပြောရရင် သမီးရယ် .. ကျောင်းနေဘက် သူငယ်ချင်းတွေပေမယ့် အန်တီတို့က ပြည့်စုံရုံပဲ နေနိုင်တဲ့သူတွေပါ.. ဒါကို ယူပါ.. ဒီလိုရင်းနှီးပြီး ဒီစီးပွားလုပ်ပါဆိုတာကို သိုက် ရဲ့ဖေဖေက ညွှန်ပြခဲ့တာ - လူရော ငွေအရင်းအနှီးတွေရော စိတ်ကူးအကြံဉာဏ် အားလုံးကို ဖောဖောသီသီ ချပေးပြီး လက်တွဲခေါ်ခဲ့တာပေါ့ ..” တဲ့ ..။

“ဒီနေ့ အန်တီတို့မှာ ချမ်းသာသမျှကို သိုက် က တစ်ပြားမကျန် ပြန်သိမ်းခွင့် ရှိတယ် .. ဘာမှမဆိုင်ပါဘူး အန်တီတို့ပိုင်တဲ့ စီးပွားတွေပါ ဆိုရင်လည်း မှန်တယ် .. ဒီအဖြစ်တွေကို ဘယ်သူမှမှ မသိခဲ့တာ - သိုက် တို့က ဘိုးဘွားစဉ်ဆက် ချမ်းသာခဲ့ကြတာ .. အားလုံးပဲ စိတ်ရင်း





ကောင်းတယ် .. မနောဖြူတယ် .. သိုက် ကလည်း စိတ်ဆိုးလာတဲ့အခါ အပြောဆိုးတာ ရှိပေမယ့် စိတ်ဓာတ် မှန်တယ် ..” တဲ့ ..။

ရှေ့ကြောင်းနောက်ကြောင်းတွေ ဘာပြောပြော သိုက် နဲ့ သူ့ရဲ့ မိသားစုကိုဆို ငြိုငြင်ဝေဖန်တာ ဘာတစ်ခုမှ မပါ ...၊

ဒါကြောင့် ဒေါ်အေးပွင့် အနေဖြင့် သူမဘက်ကနေ ဒီလောက်ထိ ရပ်တည်ပေးနေခဲ့တာကပဲ တန်ဖိုးမဖြတ်နိုင်တဲ့ စေတနာတွေ ဖြစ်သည်။

အထူးသဖြင့် ချို့ နဲ့ ပတ်သက်နေတဲ့ မိန်းကလေးတစ်ယောက်ဆိုသည့်အမြင်နဲ့ မဟုတ်ဘဲ လမ်းစဉ်ကိုဖျောက်၍ အဖြစ်အပျက်ပေါ်မှာပဲ သုံးသပ် နားလည်ပေးခဲ့တဲ့သူ ..၊

“မမက ဘာဖြစ်လို့လဲ ဟင် .. ကျွန်တော် လိုက်ပို့မှာကို မကြိုက်လို့လား .. ကလေးကို စိတ်မချတာတော့ မဟုတ်ဘူး ထင်ပါတယ် ..”

“မဟုတ်ပါဘူး အလက်ာ ရယ် .. အန်တီနဲ့ မင်းရဲ့စေတနာကို သိပါတယ် .. ဘာတွေ ဖြစ်လာနိုင်မလဲဆိုတာလည်း တို့သုံးယောက်စလုံး သိကြတာပဲလေ ..”

‘ခုနက သူတို့ ပြောနေကြတာကို ဂီတ ကြားသွားတာလား ..’လို့ တွေးမိကာ သားအမိ မျက်လုံးချင်းဆုံသွား၏။

ဂီတ ကတော့ သားလေးလက်ကို ဆုပ်ကိုင်ထားလျက် ဘယ်သူ လှမ်းဆွဲခေါ်လို့မှ ထည့်မပေးလိုက်ဖို့ ဆုံးဖြတ်ထားသည့် မျက်နှာလေးနှင့် ...

“မှင်ပြုကြပါဦး နော် ..”

“မမ .. ဟာ ..”

ဂီတ က ကလေးလက်လေးကို ဆွဲပြီး ထွက်သွားသည်။ မားက သမင်လည်ပြန်ငေး လှည့်ကြည့်ကာ ...

“ဦးဦးကာ တာ့တာ .. ဘွားဘွားကြီးရေ .. ဘိုင့် ..”

ကလေးပီပီ မအေနဲ့ အတူတူ သွားရတော့ ပျော်ရွှင်ကျေနပ်နေပုံ



www.burmeseclassic.com

ပါ ..၊ အလင်္ကာ က မျက်နှာချို့တွတွနှင့် လက်ကာ နှုတ်ဆက်ပြီး ခေါ်ခဲ့ ခါ၏။

ဒေါ်အေးပွင့် ကတော့ ကလေးကို လက်ပြရင်း မသိမသာ ခေါင်း ညိတ်လျက် ...

"တန်ဖိုးဆိုတာ အဲ့ဒါ .."

"ဟင်!..."

"အဲ့ဒီလို မိန်းကလေးမျိုးက နိမ့်ပါးတဲ့နေရာမှာ သူ့ဘဝ ဘယ် တော့မှ ကျဆုံးသွားမှာ မဟုတ်ဘူး .."

"မေမေ ဘာပြောတာလဲ .."

"လောလောဆယ် မင်း နားလည်နိုင်မှာ မဟုတ်ပါဘူး သားရယ် မေမေ့ရင်ထဲမှာတော့ လောလောဆယ် အေးချမ်းသွားတာ အမှန်ပဲ .."

"ဘာဖြစ်လို့လဲ ၊ ဘာအတွက်လဲ မေမေ .."

"မေမေတို့ လုပ်နေတာတွေ သင့်တော်ရဲ့လားလို့လေ .. တစ်ခါ ကို ကူညီချင်ပေမယ့် တစ်ဖက်ကလည်း ကျေးဇူးရှင် .."

"အဲ့ဒါကို .."

"မလုပ်သင့်ဘူးဆိုတာကို ဂီတ က သူ့ဘာသာ ဆုံးဖြတ်သွားတာ အဲ့ဒါ အရည်အချင်း .."

'သူ ဒီလိုဆုံးဖြတ်ပြီး ထွက်သွားတော့ မင်းရင်ထဲမှာ ဘာတွေ ကျန်ခဲ့သလဲ..'လို့ မေးလိုက်ရင်ဖြင့် သား နားမလည်နိုင်တာတွေ ရှိ သွားမှာပါ ..။

ဒါပေမယ့် ဒီလိုမေးခွန်းကို သူမ ဘယ်တော့မှ မေးမိမှာ မဟုတ် ပေ ..၊

အလင်္ကာ ဘာဖြစ်နေသလဲဆိုတာ ရင်ထဲမှာ ဘယ်လောက် အခိုင်အမာ သိထားပြီးဖြစ်ပါစေ.. သူ့ကိုယ်သူ သိရှိနားလည်ခွင့် ပေး နိုင် ..၊





လူငယ်တွေရဲ့ လှုပ်ရှားပြောင်းလဲနေသော ချစ်စိတ်ပဒေသာကို သူမ သိနေသည်။

လူကြီးမို့ လူငယ်တွေကို နားလည်တာမျိုးထက် ကိုယ့်သားမို့ ပို သိသည်။

စိတ်ပျက်ရှုံ့ရာဖွယ် မိန်းမမျိုးကို အလွယ်တကူ မေ့ဖျောက်ပစ် လိုက်နိုင်သလို အထင်ကြီး စွဲမက်ဖွယ်မိန်းမမျိုးကို ခဏအတွင်းမှာ ပြောင်းလဲချစ်မိသွားတယ်ဆိုလျှင် ဒါက ချစ်မိသူရဲ့အမှား မဟုတ်ပေ..၊

ဒါဆို ဘယ်သူ့ကြောင့်လဲ ..၊

'ငါ' ထင်တယ်လို့သာ အော်လိုက်ချင်တော့သည်။

ဂီတ မျက်နှာလေးကို မြင်မြင်ချင်း စာနာသနားတာစိတ်တွေ ဖြစ်မိ တဲ့ ကိုယ့်အပြစ် ..၊



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၁)

"တောက်!..."

ကားဘီးက ဘယ်လိုဖြစ်လို့ လေလျော့နေတာလဲ ..၊

ကားပေါ်က ဆင်းကြည့်ပြီး တက်ခေါက်လိုက်မိသည်။

ခုန ဆောက်လက်စ အဆောက်အအုံတစ်ခုရှေ့မှာ ကားတွေပိတ်နေလို့ ဘေးက ကပ်သပ် တိုးထွက်ခဲ့ရသည်။

ထိုနေရာမှာ သံစူးမိခဲ့သည်လား မသိ ..၊

သူ့ ကားပေါ်တက်ပြီဆို .. မစစ်မဆေးဘဲ ဘယ်တော့မှ မတက်ခဲ့ပေ ..၊ အိမ်က ထွက်ခဲ့တုန်းက အကောင်း ..၊

ဖုန်းထုတ်ပြီး ရုံးကို လှမ်းခေါ်လိုက်ကာ ...

"မင်းတို့ သွားနှင့်လိုက် .. ငါ ပါလာပြီလို့ ပြောထား .. ဆယ်မိနစ်လောက်ပဲ .."

ကားကို လမ်းဘေး ထိုးချလိုက်ကာ စပယ်ယာဘီး ထုတ်ပြီး ကိုယ့်ဘာသာ ဘီးလဲလိုက်ရသည်။

အားလုံး ပြီးသွားမှ ကားနောက်ခန်းထဲက အဝတ်စုတ် သွားယူပြီးလက်ကို သေချာသုတ်နေစဉ် ...



"ဖယ်ပေး နော် .."

"ရအောင် သွားပါလား .."

"ဖယ်ပေး နော် .. ငါ တီချယ့်ကို တိုင်မှာ .."

"တိုင်ပေါ့ တီချယ်က ငါ့အန်တီ .. ငါ့ကို ဘယ်တော့မှ မရိုက်ဘူး .."

ကလေးအသံတွေ ကြားလိုက်သဖြင့် လှမ်းကြည့်လိုက်တော့ မူကြိုစာသင်ကျောင်းလေးရှေ့မှာ ကလေးပေါက်စလေးတွေ လေးငါးယောက်ရှိနေကာ တစ်ယောက်သော ကလေးက ဂီတမြင့်မား ..၊

မား ဒီကျောင်းမှာ တက်နေမှန်း သူ မသိခဲ့ပေ ..၊ ကျောင်းဝင်ပေါက်က တစ်ဖက်မှာဖြစ်ကာ ကလေးတွေက ဒီဘက်ထောင့်နားမှာ ဝိုင်းဖွဲ့ရပ်နေကြ၏။

ဒါပေမယ့် မြင်နေရတဲ့ပုံအရ ချစ်ခင်တွယ်တာစွာ ဝိုင်းဖွဲ့နေတာ မဟုတ်ဘဲ မား ကိုပဲ လေးယောက်က ဝိုင်းပတ်ထားကြတာ ဖြစ်၏။

ထိုအထဲမှာ အရပ်အမြင့်ဆုံး ဝတုတ်တုတ် ချာတိတ်က ခါးနှစ်ဖက်ထောက် ခြေချဲရပ်နေကာ ...

"မင်း ဘယ်သူ့ကို မျှော်နေတာလဲ ..၊ ဘတ်စ်ကားနဲ့ ပြန်ရမှာများ .. ဟီး .. ဟီး .. ဟီး ..."

"မင်း နော် .."

ဒေါသသံလေးနဲ့ပေမယ့် မား က လူကောင်သေးသေးလေးနဲ့ လေးယောက်ကြားထဲမှာ မြုပ်နေ၏။

"ဟား .. ဟား .. ဟား .. ဟား ..."

"ဒီကောင် ဘတ်စ်ကား တိုးစီးပြီး ပြန်ရမှာကို လာကြိုမယ့်သူ စောင့်နေရတာ .."

"အေးလေကွာ .. ဖယ်ရီတောင် မစီးနိုင်တဲ့ကောင် .."

"အဖေမှ မရှိတာ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို ငါ ထိုးမှာ နော် .. ဟောကောင် .."

လက်သီးဆုပ်လေးနဲ့ ရွယ်ပေမယ့် ဆောင့်တွန်းခံလိုက်ရတော့ သူပဲဖြစ်ကာ ဆရာ၊ ဆရာမတွေ မမြင်နိုင်သည့်နေရာမှာ ဖြစ်ချင်တိုင်း ဖြစ်နေကြ၏။

သိုက် လက်နှစ်ဖက်ကို ပွတ်ခါရင်း ထိုနေရာကို လျှောက်သွား၏။ ငါးယောက်ရှိနေပြီး ရုတ်တရက် သိုက် ကို ကလေးငါးယောက်စလုံး သတိမထားမိကြ ..၊

"ဟိတ်ကောင် ပြန်ထ .. မင်းနဲ့ ငါ ဖိုက်တ် မယ် .."

"ဟုတ်တယ် ထစမ်း .. ကျော်ကျော်ဦး ကို မင်း နိုင်အောင်ထိုးနိုင်ရင် မင်းအမေကို စောင့်နေကျနေရာက သွားစောင့်ဖို့ ငါတို့ ဖယ်ပေးမယ် .."

ကလေးတွေက လက်ခုပ်တီးကြ၏။

ကျော်ကျော်ဦး ဆိုသော အဝဆုံး အရပ်အမြင့်ဆုံး ချာတိတ်က လက်သီးဆုပ်၍ ခြေကွက်တွေဘာတွေ ခင်းနေသဖြင့် သူ့ကို မော့ကြည့်နေရသည့် မား မျက်နှာလေးက တုံ့ပြန်တိုက်ခိုက်ဖို့ထက် စိုးရွံ့ငေးမောနေတာသာ ရှိကာ ..

"မား .."

ခေါ်သံကြားတော့ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်၏။

"ဟင်!... ဦးဦး .."

မား မျက်နှာလေး တအံ့တသြနှင့် ငေးသွား၏။ ပြီးတော့ ချက်ချင်း ပြုံးသွားကာ ...

"ဦးဦး .."

"မင်း .. လာဦး .."

ကလေးတွေမျက်နှာ မှုန်ကုပ်ကုပ် ဖြစ်သွားကြပေမယ့် မား ထွက်သွားတာကို ဘယ်သူမှ မတားဆီးရဲကြပေ ..၊ ဒါပေမယ့် တကယ့် အဘ





လေးတွေပါ ..၊

မိဘက ဘယ်လောက်ချမ်းသာပြီး ဘယ်လောက် အလိုလိုက်ထား ဒီလို အနိုင်ကျင့် ဆိုးသွမ်းချင်သည့်ညာဉ်တွေ စွဲကပ်နေကြသလဲ သိ ..၊

အနားကို လူကြီးတစ်ယောက် ရောက်လာတာတောင် ပျာယီ ယာ ဖြစ်မသွားကြဘဲ ဂျစ်ကန်ကန်အကြည့်လေးတွေနှင့် ...

"မင်း သူ့ကို ကြောက်သလား .."

သုံးလေးနှစ်သားလေးတွေက မိုက်တိမိုက်ကန်းပုံ ပေါက်နေကြ ဖြင့် သိုက် စိတ်ထဲမှာ ချဉ်သွားသည်။ မား ကို ပြန်ငုံ့ကြည့်ပြီး ရှေ့မှာပဲ ဖျားထောက် ထိုင်လိုက်ကာ လက်မောင်းလေးတစ်ဖက်ကို အနားဆွဲ ၍ ...

"အခု ရှော့ပင်းမောလ်ကို သွားမှာ မင်းအတွက် ဂါဝန်လှလှလေး နဲ့ နှုတ်ခမ်းနီ မိတ်ကပ်တွေ ဝယ်လာခဲ့မယ် .. ကြိုက်တယ်မို့လား.."

"ဟင့်အင်း .."

မား က မျက်မှောင်လေး ကျုံ့သွားပြီး ချက်ချင်း ခေါင်းခါ၏။ ငြင် ...

"မလိုချင်ဘူး .."

"ဘာဖြစ်လို့လဲ .."

"သားသားက ယောကျ်ားလေး .. ဂါဝန် မဝတ်ဘူး .."

"မင်း ယောကျ်ားဆိုရင် ယောကျ်ားချင်း ဘာလို့ ကြောက်နေတာ .."

မား ငေးခနဲ ဖြစ်သွားသည်။

ပြီးတော့ ကျော်ကျော်ဦး တို့ဆီ လှမ်းကြည့်၏။ မျက်မှောင်ကုတ် တ်သီးလေး ဆုပ်ပစ်လိုက်ပြီးမှ ...

"သားသား မကြောက်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ရင် သွားထိုး .."

သိုက် က ကလေးတွေကို မကြည့်ဘဲ မား မျက်နှာလေး သူ့ ကပ်လာအောင် လက်မောင်းလေးကို ထပ်ဖိဆွဲကာ ...

"သူ့အရုပ်ကို မမီရင် ဘွတ်ဖိနပ်စီးထားတဲ့ မင်းခြေထောက်ထိပ် သူ့ခြေသလုံးကို လွှဲကန်ပစ်လိုက် .."

"ဟုတ် .."

"တစ်ချက်တည်းနဲ့ လဲအောင် ကန်ရမယ် .. ညို့သကျည်းလို့ ခေါ် တဲ့ ဒီနေရာ .."

မား ရဲ့ ခြေသလုံးလေးတစ်ဖက်ကို ညို့သကျည်း ဘယ်နေရာ သိအောင် သေချာကိုင်ပြလိုက်ပြီး ပြုံး၍ ...

"ကြောက်ကြောက်နဲ့ ပြေးကန်တာမျိုး မလုပ်ရဘူး .. စိတ် လျှော့ချထား .. ကိုယ် လိုချင်တဲ့နေရာကို ကွက်တိ ထိအောင်ကန် သွားတော့ .."

"ဟုတ် .."

သိုက် မတ်တတ်ပြန်ရပ်ပြီး အေးဆေး လက်ပိုက်ကြည့်နေလိုက် သည်။ သိပ်မကြာလိုက်သော ခဏလေးအတွင်းမှာ ...

"အား!..."

"အား!... မေမေ ရေ .."

"မာမီ .. မာမီ ရေ .. အား!..."

ခြေသလုံးတစ်ဖက်စီ မြှောက်၍ ဖင်ထိုင်လဲကျကုန်ကြကာ အော် မခံရသည့်ကလေးများလည်း အပြေးမတော်သဖြင့် ခွေးလဲ ဝက် လဲ၏။

ကလေးတွေမို့ ဘာမှ မပြင်ဆင် မကာကွယ်နိုင်ဘဲ သင်တဲ့အတိုင်း ကွက်တိလုပ်ပစ်လိုက်သည့် မား ရဲ့ ကန်ချက်တွေမှာ အတုံးအရုံး -- --

"ဟယ် .. လုပ်ကြပါဦး .."





"ဟိုကောင်လေး ငါ့သားကို ကြည့်စမ်း .."

"ဆရာမ လုပ်ပါဦး .."

ကျောင်းပေါက်ဝနားမှာပဲ ရှိနေကြသည့် ဆရာမတွေနဲ့ ကျောင်း ဘတချို့ ပြေးလွှား ထွက်လာကြ၏။

ပတ်ဝန်းကျင်သည် ကလေး အော်သံ .. ငိုသံတွေနှင့် ဆရာမတွေရဲ့ ကြီး ကြိမ်းမောင်းသံတွေပါ ဆူညံ စိုပြည်သွားခဲ့ပြီး ...

"မား .. သား ဘယ်လိုလုပ်လိုက်တာလဲ ဟင် .. ရန်မဖြစ်ရဘူးလို့ ယ် ပြောထားတယ်လေ .."

"ဟုတ်တယ် .. မား က သားတို့ကို စကန်တာ .."

"သူ ရန်စတာ သားတို့ ဘာမှမလုပ်ဘူး .."

ဝိုင်းဝန်း လက်ညှိုးထိုးထားကြသည့် ကလေးတွေအလယ်မှာ မား နှုတ်ခမ်းကလေးကို ဖိဝိတ်ထားလျက် တစ်ခွန်းတစ်လေမှ ပြောဆို ငြင်းခြင်း မပြု ..။

လက်လေး ပိုက်လျက်သားနှင့် ဖိဝိတ်ထားသည့် နှုတ်ခမ်းထောင့် တွေကြောင့် ပါးလေးတွေပါ ဖောင်းတက်နေကြ၏။

"လာခဲ့ မား .. မင်းကို အပြစ်ပေးရမှာပဲ .."

"သူ့မှာ အပြစ်မရှိပါဘူး .."

ဆရာမတစ်ယောက်က မား လက်ကို ဆွဲ၍ ကျောင်းဘက်ကို လိုက်လျှင် သူမရှေ့မှာ တစ်စုံတစ်ယောက်က ကာဆီးထားလိုက်ပြီး လက်လေးကိုပါ သူမ လက်ထဲကနေ ဆွဲထုတ်ယူသွားပြီဖြစ်လျက်...

"ရန်မဖြစ်စေချင်ရင် 'ရန်မစရ'အမိန့်ကို အရင်ထုတ်သင့်တယ်.."

အနက်ရောင်လောင်းကုတ်အင်္ကျီနှင့် ခရမ်းပြာရောင် မျက်မှန်တပ် သည့် သိုက် ကို အားလုံးက 'ဘာဆိုင်လို့လဲ'ဆိုသည့် အကြည့်တွေ

"ရှင်က ကလေးအဖေ မို့လို့လား .."



www.burmeseclassic.com

www.burmeseclassic.com



သိုက် က မဖြေပါ …၊

"ဒီလေးယောက်ကို အလဲထိုးဖို့အတွက်နဲ့ တစ်ယောက်တ[illegible] သမားက ဟိုဘက်ထောင့်ထိ တစ်ပါတည်း ခေါ်ထုတ်သွားတာ ဖြ[illegible] လား …"

ဆရာမ ကြောင်တောင်တောင်မျက်နှာ ဖြစ်သွားကာ ကလေး[illegible] ရန်ဖြစ်သည့်နေရာနှင့် ကျောင်းအဝင်ဝကို ဟိုဒီ ဝေ့ပတ်ကြည့်၏။

ဖယ်ရီရောက်လာတော့ ကျောင်းတံခါးရှေ့မှာပဲရပ်သွားကာ [illegible] အိမ်က လာကြိုကြသည့်ကားတွေလည်း ဟိုဘက်မှာပဲ ဖြစ်၏။

မား ကသာ သူ့အမေလိုက်ပို့ လာကြိုနေတည်းက ဒီဘက်ထ[illegible] လာလာပြီး ထွက်စောင့်တတ်တာ …၊

အခြေအနေကို ဆရာမတွေ သုံးသပ်နေဆဲမှာ သိုက် နဲ့ မ[illegible] မရှိတော့ပေ …၊



## အခန်း (၄၂)

"နေမကောင်းဘဲနဲ့ သမီးရယ် … ကလေးကို သွားကြိုပေးဖို့ ဒီ[illegible]ရက်တော့ သားကို ဖုန်းဆက်လိုက်ပါ့မယ် …"

"နေပါစေ အန်တီ … သားက မအေနဲ့ သွားလာရတာကို ပျော်[illegible]တာ …"

ဆံပင်တွေကို ဘီးနဲ့ တစ်ချက် နှစ်ချက် သပ်ချကာ ဘီးကုပ်နဲ့ပဲ [illegible]သလို သိမ်းထားလိုက်သည်။

ပြီးတော့ အပေါ်ထပ်တစ်ထည် ကောက်ဝတ်ပြီး ပိုက်ဆံအိတ်လေး [illegible]င်လိုက်လျှင် …

"မေမေ ရေ …"

ဟင်!…

"ဟော … ကလေးက ပြန်ရောက်လာပြီ … အလကာ ဝင်ခေါ်လာ[illegible] ထင်တယ် …"

"မေမေ့ သားသားကို ဦးဦး လာခေါ်တာ …"

"ဟင်!…"

ဒီတစ်ခါ အံ့သြသွားသူက ဒေါ်အေးပွင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မား က တော်တော် ပျော်ရွှင်လာသည့်မျက်နှာလေးနှင့် ခုန်ပေါ
ပြေးဝင်လာ၏။ သိပ်မကြာခင် သိုက် ကို မြင်လိုက်ရကာ အပေါ်ထပ်
တန်းတက်သွားသည်။

ကလေးက ပျော်ရွှင်မြူးထူးနေသလောက် သူ့မျက်နှာက မြင်
ကျအတိုင်းပဲ ဖြစ်နေသည်မို့ ဘယ်လိုအခြေအနေတွေ ဖြစ်လာခဲ့ကြ
လဲဆိုတာကို နားမလည်နိုင် ..၊

"သား .. သားလေးတို့ အချိန်စောလွှတ်လိုက်တာလား .."

"ဒီနေ့ ကျောင်းမှာ ပဲကြာဇံကြော်တွေ ကျွေးကာ .."

"ဟုတ်လား .."

"သားသားတို့ စာမသင်ရဘဲနဲ့ ငြိမ်ငြိမ်လေးပဲ ထိုင်နေရ
အဲဒါလေ တီချယ်က ကျောင်းဝင်းထဲမှာ ခဏဆင်းဆော့ကြတဲ့ ..
ကို ကျော်ဦး တို့က ပြန်လို့ရပြီဆိုလို့ သားသား မေမေ့ကို ထွက်
တာ .. အဲ့ဒါနဲ့ သူတို့က လာပြီး သားသားကို ရန်စတာ .."

"ဟင်!... ရန်ဖြစ်ကြရောလား .. သား ဘာတွေဖြစ်ခဲ့လဲ ဟင်

ဂီတ ငုတ်တုတ်လေး ထိုင်ချလိုက်ကာ သားရဲ့ ပခုံးလေးနှစ်
စိုးရိမ်တကြီး ဆုပ်ကိုင်မေးမိ၏။ မား က ခေါင်းညိတ်ပြသည်။ ပြီး
ခေါင်းပြန်ခါ၏။

"ဘာလဲ သားရယ် .. သူ့ငွေးနဲ့ ဘယ်လိုဖြစ်လို့ .."

"ဦးဦး က သားသားဆီကို လာတာ .."

"ဟင်!..."

"ကျော်ဦး တို့က သားကို တွန်းတယ် .. အဲ့ဒါနဲ့ ဦးဦးက
လာပြီး ပြန်ချခိုင်းတယ် .. သားသားလည်း ပြန်ချတာပေါ့ ..
ခြေထောက်တွေ ဒီလိုတွေဖြစ်ပြီး .."

ခြေသလုံးကို လက်နှစ်ဖက်နဲ့ ပြန်ဆုပ်၍ ကျော်ဦး တို့
ပေါင်ကျိုးဖြစ်နေပုံအတိုင်း မား က ခုန်ဆွ ခုန်ဆွလေး လုပ်ပြ



သူ နိုင်လာတဲ့ပုံကို အားပါးတရလေး ပြောပြနေပေမယ့် ဂီတ
မျက်လုံးတွေ ပြူးကျယ်နေခဲ့လျက် ...

"သူတို့ .. သူတို့ ခြေထောက်ကို သားက ဘာလုပ်လိုက်တာလဲ.."

ထိုစဉ် ဖုန်းသံ မြည်လာပေမယ့် မကိုင်ဖြစ်သေးဘဲ သားဆီက
အဖြေတစ်ခုခုကို ရဖို့သာ စိတ်စောနေမိ၏။ သို့သော် တစ်စုံတစ်ရာကို
သတိရလိုက်ကာ အိတ်ကိုဖွင့်၍ ဖုန်းကို ကမန်းကမန်း ထုတ်ကိုင်လိုက်၏။

သူမ ထင်လိုက်သည့်အတိုင်း သားလေးရဲ့ကျောင်းကပဲ ဖြစ်ကာ...

"သူတို့တွေ ခတ်မှန်ရိုက်လို့ အခြေအနေမကောင်းရင် ပြဿနာ
ကြီးသွားမှာပဲ ဒေါ်ဂီတ .. တကယ်ဆို ကျွန်မတို့က ကလေးချင်း
ရာ ကလေးမိဘတွေပါ ကျေနပ်အောင် တစ်နေ့ရာတည်းမှာ ဆုံးမသင့်
ဘာ ဆုံးမပြီး ဖျန်ဖြေလိုက်မလို့ပါ .."

"ဒေါ်ဂီတ ရဲ့ အမျိုးသားက ရှိနေတဲ့ ဆရာမတွေကို ဂရုမစိုက်ဘဲ
ကလေးကို မြှောက်ထိုးပင့်ကော်တွေ ပြောပြီး ဆွဲထုတ်ခေါ်သွားတာ
ရမ်းကို ရိုင်းလွန်းတယ် .."

"မေးကြည့်တော့ ကလေးကို သူ မြှောက်ပင့်ပေးပြီး ခြေထောက်
တွေကိုပဲ တမင် ရိုက်ချိုးခိုင်းတာ တဲ့ .."

"ဒီလိုမျိုးတွေလုပ်ပြီး ကလေးကို ထိန်းကျောင်းနေရင်တော့ တစ်
နေ့ကျရင် ရှင့်သား ရှင်တို့ကို နားရွက်ကိုက်လိမ့်မယ် .."

"နောက်တစ်ခုက ကလေးက အသစ်မို့လို့ ဖယ်ရှိတောင် ရသေး
ဘာ မဟုတ်ဘူး .. ကျောင်းအုပ်ကြီးက လက်မခံနိုင်ရင်တော့ ကလေးကို
ကျောင်းကလည်း လက်ခံမှာ မဟုတ်တော့ဘူး .. ကျောင်းတွေ ပေါပေ
ယ့် ကျောင်းထုတ်ခံရတဲ့ ကလေးအဖြစ်နဲ့ ရှင့်ကလေး အရွယ်ဘော
ရောက်သေးဘူး အညွန့်ကျိုးပြီ .."

ဆရာမကလည်း ဘယ်လို ဆော်ကားခံလိုက်ရလို့ ဘယ်လောက်ထိ
ဒေါသထွက်နေသည် မသိ..၊ 'ဟလို ..'လို့ ဒီက ထူးလိုက်တာနှင့် သူမ

www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ ပြောဆို ကြိမ်းမောင်းသွားလိုက်တာတွေက တလစပ် ...

သားအတွက် ဂီတ ရင်ထဲမှာ ပူလောင်သွားသည်။ ထို့ကြောင့် ဖုန်းကိုင်လျက်နှင့် အပေါ်ထပ်ကို တောက်လျှောက် ပြေးတက်ခဲ့၏။

အနားမှာ ဒေါ်အေးပွင့် ရှိနေခဲ့တာကိုရော ကိုယ် ကြောက်ရွံ့ လေးစားနေရမည့် သူဌေးဆိုတဲ့အဖြစ်ကိုပါ ဂီတ ဘာမှ သတိမရတော့ ပေ ...၊

အပေါ်ထပ်ကို ရောက်တာနှင့် သူ့အခန်းရှိရာ တောက်လျှောက် သွားခဲ့ပြီး တံခါးကို စိတ်လိုက်မာန်ပါ တွန်းပစ်လိုက်၏။

"နေသိုက် .. ရှင့် .. ကျွန်မသားကို ကျောင်းထိ လိုက်သွား ဒုက္ခပေးတဲ့တယ် ဟုတ်လား .."

အဖြူရောင်မွေ့ရာနဲ့ ဆားမှာ ကျောပေးရပ်နေသည့် သိုက် .. မျက်မှောင်ကုတ်လျက် သမင်လည်ပြန် ကြည့်သည်။

"ဒီလောက်ထိတော့ သည်းမခံနိုင်ဘူး .. ရှင် တော်တော် လွန်း သိရဲ့လား .. ရှင့်ကို .."

အနားထိ သွားပြီး သူ့လက်မောင်းကို ကိုင်ပြီး ဆွဲလှည့်ပစ်လိုက် လျှင် ...

"ဟင်!..."

ဂီတ မျက်လုံးပြူးသွားကာ ဖျတ်ခနဲ ကျောခိုင်းပစ်လိုက်သည်

ဒါ သူ့အိပ်ခန်း ...၊ ပြီးတော့ သူ ခုနကမှ ပြန်လာပြီး ဝင်သွား ကို .. သူမ ...၊ တစ်ကိုယ်လုံး ပူထူသွားကာ ပြန်ထွက်ပြေးဖို့ သတိဝင် သည်နှင့် ...

"ဝင်လာပြီးမှတော့ ပြန်ထွက်မသွားပါနဲ့ .. ဒီဘက် လှည့် -"

"ဘာ!.."

ဂီတ ပခုံးလေး တုန်သွားတာကို နောက်ကကြည့်ပြီး သိုက် .. ပြုံးသည်။ ပြီးတော့ သူမ လက်မောင်းလေးတစ်ဖက်ကို ကိုင်၍ ...





ချင်းဆိုင် ဖြစ်သွားအောင် ဆွဲလှည့်ယူလိုက်ပြီး ...

"ခါးပတ် ဖြုတ်ပေး .."

"ဘာ!... ပြောတယ် .."

"ငါ အဝတ်စား လဲနေတဲ့အချိန် မင်း ဝင်လာတာလေ .."

အင်္ကျီချွတ်တော့မည့်ပုံ ကပိုကရိုနှင့် သူ့ပုံစံကြောင့် ဂီတ မျက်နှာ လေး နီရဲနေကာ သူ့လက်တွေကို အတင်းပုတ်ခတ် ဖယ်ချပစ်မိသည်။

"လွှတ် .. ရှင့်ကို .. ရှင့်ကို ကျောင်းကကိစ္စအတွက် အရမ်းစိတ်တို လို့ သတိမေ့ပြီး ဝင်လိုက်လာမိတာ.. ရှင် လွှတ်လို့ ပြောနေတယ် နော်.."

"မရှုန်းစမ်းပါနဲ့.. ဒီ့ထက်အဆင်ပြေတာတောင် ဒီလောက် အဆင် ပြေမှာ မဟုတ်ဘူး .. ခိုင်းတာကို လုပ်ပေး .."

"ဟင့်အင်း .. ရှင် မယုတ်မာနဲ့ နော် .."

ဂီတ သေလုမြောပါး ရုန်းနေသဖြင့် သိုက် က အတင်းအကျပ် ဖိချုပ်ပစ်လိုက်ကာ ...

"ဘယ်လိုလဲ .. မင်းကို ဒီမှာထားတာ ငါ့အတွက်လို့ ပြောခဲ့တာ မေ့နေလို့လား .."

"ဟင့်အင်း .. ရှင် .. ရှင် ကျွန်မကို ဖျက်ဆီးခဲ့ပြီးပြီ .. မိန်းမတစ် ယောက်ကို အင်အားသုံးပြီး ထပ်ခါထပ်ခါ အနိုင်မကျင့်နဲ့ သိလား .. လွှတ် .."

"ဟုတ်တယ် .. ထပ်ခါ ထပ်ခါ အနိုင်ကျင့်နိုင်ဖို့အတွက် မင်းကို အများကြီး ပေးပြီး လဲယူထားတာ .."

ဂီတ သူ့ရင်ခွင်ထဲမှာ အင်အားမဲ့စွာ ကျရှုံးသွားခဲ့၏။ အဆုံးမဲ့ အနမ်းတို့ဖြင့် ဒီရင်ခွင်ဟာ ဒီရာသီမှာ အပူလောင်ဆုံး ...၊

ထိုစဉ် ဖုန်းမြည်သံက သူ့အိတ်ထဲက နိုးကပ်စွာ ထွက်ပေါ်လာ ခဲ့၏။

ချုပ်နှောင်မှုတွေ ပြေလျော့သွားစဉ် ဂီတ သူ့ရင်ခွင်ထဲက ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့၏။ သူမ၏ ကိုယ်သင်းနံ့တွေ စွဲထင်ကျန်ရစ်သည့် ရင်ခွင်ကို ပြန်ငုံ့ကြည့်၍ နှုတ်ခမ်းမှာ ခပ်မဲ့မဲ့ ပြုံးရိပ်ထင်၏။

ပြီးတော့ ဖုန်းကိုင်လိုက်ပြီး ...

"မင်းက ဘာလုပ်နေလို့ ခုမှ ဖုန်းထဆက်ရတာလဲ .."

"ယောက္ခမ နာရေးလေကွာ .. ပြီးတော့ မင်းက ဘယ်တုန်းကမှ ငါ့ဆီ ဖုန်းဆက်ဖူးလို့လဲ ..၊ ခုတောင် အခေါ်တစ်ယောက်ဆီ ဖုန်းဆက်မလို့ ထုတ်ကြည့်လိုက်မှ တွေ့တာ .."

"အေး .. ယောက္ခမနာရေးရှိလည်း ကိုယ့်အမေမှ မဟုတ်တာ – မင်းကို ငါ ထပ်ပြီး အပူကပ်စရာ ရှိတယ် .. ဖြစ်မလား .."

"ကဲပါ .. ဟုတ်ပါတယ် .. အမေမှ မဟုတ်တာ .. ယောက္ခမဆိုတော့ အားနာမနေပါနဲ့ .. အပူပဲကပ်ကပ် .. အအေးပဲကပ်ကပ် ဘာလို့အပ်နေသလဲ ပြော .."

"မူကြိုမှာ လက်ထောက်ကျောင်းအုပ်လုပ်နေတဲ့ မင်းအစ်မ အပျိုကြီး လေ .."

"ဟာ .. ဟုတ်ကောင် .. ငါ့အစ်မက ယောက်ျားမုန်းဝါဒကို လက်ကိုင်ထားတာ နော် .. ကလေးတွေကို ချစ်ပေမယ့် မင်းကိုတော့ စိတ်ကူးမယ် မထင်ဘူး .. ငါ မင်းနဲ့ မိတ်မပျက်ချင်ဘူးကွာ .. တခြားမိန်းမကို စဉ်းစားစမ်းပါ .."

"ခွေးကောင် .. မရဘူးကွာ .. မင်းအစ်မမှ မရရင် ငါ ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ဘူး .."

"တော်တော် အခြေအနေဆိုးနေတာလား .."

"ဟုတ်တယ် .. တစ်ပတ်မှာ လေးရက် .. တစ်နေ့ နှစ်နာရီအပြည့် ငါ လိုချင်တယ် .."

"သိုက် .."

"ဘာလဲ .."



"မင်း နော် .. သူငယ်ချင်းချင်း .."

"အတည်ပြောနေတာ .."

"မင်းအတည်က တစ်နေ့ နှစ်နာရီလား .."

"ဝဲစား .."

"ဟား .. ဟား .. ဟား ..."

ဖုန်းထဲက သက်ခိုင် ရဲ့ ရယ်သံကြီးက အူလှိုက်သည်းလှိုက် ..၊ သူကတော့ ကိုယ့်ကိုယ်ကိုယ် ရယ်တတ် ပြုံးတတ်သေးတာတောင် ကျေးဇူးတင်ရဦးမှာပါ ..၊

အားပါးတရ ရယ်မောမြူးဆိုတာ ဘယ်လိုအချိန်တွေမှာ ဖြစ်လာတတ်သလဲလို့ မေးရတော့မလို သူ့ဘဝမှာ ပျော်ရွှင်စရာတွေ ခြောက်ခန်းနေခဲ့၏။

"သိုက် .. ပြောလေကွာ .. ညက မေးလ်ပို့ထားတာ ငါ ဖတ်ရတယ် .. ကလေးလေးပါ မင်းအိမ်ပေါ် ရောက်နေတယ်ဆို .. အခု ငါ့အစ်မကို ဂိုက်ဒ်ခေါ်ချင်တာ သူ့အတွက်လား .."

သိုက် က ရုတ်တရက် မဖြေပေမယ့် ..၊

"မင်း ရင်ထဲကိုတော့ မသိဘူး .. ဒါပေမယ့် မင်း ပြောသလောက် ငါ သိသမျှ ဝေဖန်ရရင်တော့ မင်းဘက်က လွန်တဲ့အပိုင်းကို ရောက်နေပြီ .."

"ငါ မလွန်တာ ငါ သိတယ် .."

"အေးပါ .. သိရင် ပြီးတာပါပဲ .. အခု ကလေးအတွက် လိုတာဆိုရင် ငါ ကူညီပါ့မယ် .. မမကြီးကလည်း တစ်ချက်လေးမှ အနားနေချင်တာ မဟုတ်ဘူး .. အားတဲ့အချိန်လေး သွားသင်ပေးလိုက်ပါဆိုရင် ခေါင်းညိတ်မှာပါ .. တစ်ခုပဲရှိတယ် .. နာရေးက ရှိနေတော့ ငါတို့ တစ်မိသားစုလုံး အိမ်မှာ စုပြုံ ဆောင်ရွက်နေကြတာ .. နာရေးပြီးအောင်တော့ စောင့်ရမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. တစ်မိသားစုလုံး 'မသာ'ကို တစ်ယောက်တစ်လှည့် ထမ်းပေးနေရတာလား .."

"ခွေးကောင် .."

ဆဲရေးသံသဲ့သဲ့နှင့် သက်ခိုင် က ရယ်နေ၏။

"အေးပါ .. ငါ အမြန်ဆုံးဖြစ်အောင် လုပ်ပေးပါ့မယ် .. သတင်း တစ်ခု ရှိသေးတယ်ကွ .. မင်းတော့ ကြားချင်မှာ မဟုတ်ဘူး .."

"သိရင်လည်း မပြောနဲ့တော့ .."

"ဟာ!... ယော့ .. နေပါဦး .. မင်းကလည်း သိသင့်တယ်ထင်လို့ သေချာ စုံစမ်းထားရတာကို .."

"ဘာလဲ .."

"နုနုဇင် လေ .. သူ့အစ်မက .."

"ဘယ်က အစ်မလဲ .."

"ဆွေမျိုးထဲက နေမှာပေါ့ကွ .. ပြောတာ နားထောင်စမ်းပါ မင်းကလည်း .. မင်းက သရေဖျက်မှုအပြင် သူ့ညီမရဲ့ဖြစ်ကြောင်းကုန်စင် ဖော်ပြောပြီး ထောင်ချပစ်တာကို မကျေနပ်ဘူး တဲ့ .."

"အဲဒီတော့ ငါက ဘယ်ပြေးပုန်းရမှာလဲ .."

"မင်း ဂရုတော့ စိုက်သင့်တယ်နော် သိက် .. နုနုဇင် ကြောင့် မင်း အသိုက်ပျက်သလို တစ်နေရာပြီး တစ်နေရာ လွင့်ခဲ့ရတယ် .. ပြီးတော့ ကံကောင်းလို့ လူကုန်ကူးမှုနဲ့ အဖမ်းမခံရတာ .."

ဒီစကားကြောင့် ဂီတ မျက်နှာကို ဖျတ်ခနဲ မြင်ယောင်သွား၏။

"အဲဒီကိစ္စတွေကို အကွက်ကျကျ လုပ်သွားတာ နုနုဇင် တစ် ယောက်တည်း မဟုတ်ဘူး .. သူတို့ ဝိုင်းပြီး ပုံပိုးကြတာ .."

စုတ်စုတ်ပြတ်ပြတ် ဖြစ်နေတဲ့နေရာမှာကျတော့ သူတောင်းစား ယောင်ဆောင်ပြီး ကိုယ်က မဟုတ်တာတွေ လုပ်နေသလိုလို ..။

သီးသီးသန့်သန့် နေထိုင်ခင်းကျင်းနေတော့ မိန်းကလေးတွေ





အဝင်အထွက် ရှုပ်နေအောင် တိုက်ဆိုင်မှုအမျိုးမျိုး ဖန်တီးပြီး ကိုယ့် ခြံဝင်းထဲကို အရောက်ပို့သည်။

နောက်ကွယ်ကနေ ဒီအခြေအနေကို မဟုတ်တရုတ်သတင်းတွေ လုပ်ပြီး ချဲ့ချဲ့ ထုတ်လွှင့်နေကြတာလည်း သူမတို့အုပ်စု ..။

"မင်းက ကွာရှင်းခဲ့တဲ့အဖြစ်ကို ရုတ်တရက် လူသိမခံချင်သလို သူတို့ကလည်း ဒီသတင်း ဘယ်သူမှမသိခင် မင်းကို ပြန်လာအောင် လုပ်ခဲ့ကြတာလေ .. ဒါပေမယ့် သူတို့လုပ်လို့ပဲ လူတွေ သိကုန်တာ .. တော်တော် လောဘကြီးတဲ့အုပ်စုပဲကွာ .."

"မင်း ပြောလို့ ပြီးပြီလား .."

"မပြီးသေးဘူး .. ခုလည်း မင်းအိမ်မှာ ဂီတ ရောက်နေတာ သူတို့ သိတဲ့ပုံပဲ .."

"အဲဒီမိန်းမအကြောင်း ငါ ဘာမှမကြားချင်ဘူး သက်ခိုင် .. မပြော နဲ့တော့ .. ကွာရှင်းပေးခဲ့တည်းက သူ ရသင့်တာ ငါ ပေးခဲ့ပြီးသား.."

"သူ့ညီမ ဘာမှ မရလိုက်ဘူးလို့ ပြောနေတယ်ကွ .."

"ဘာတွေ ရသင့်လို့လဲ .. အကျင့်သိက္ခာပျက်တဲ့ မိန်းမကို ငါ လက်ဖျားနဲ့တောင် မထိဘူး .. မင်္ဂလာဦးညဆိုတာ ဧည့်ခံပွဲပြီးကာစ ဧည့်ခန်းထဲမှာတောင် ဖင်ပူအောင် မထိုင်ရသေးဘူး .. ဒီလိုမိန်းမကို ငါက ဘာတွေ ပေးကွာရဦးမှာလဲ .."

ဒီလောက်လည်ပြီး ယုတ်မာတဲ့စိတ်ဓာတ် အပြည့်အဝရှိတဲ့ မိန်းမ က သူမမှာသာ ခိုင်လုံတဲ့ပြစ်ချက်တွေ တကယ်ရှိမနေခဲ့ရင် အေးအေး ကွာရှင်းပေးမှာတဲ့လား ..။

"အေးလေ .. မင်းကလည်း ဒီလိုမိန်းမတွေ လက်လွှတ်ခံနိုင် လောက်အောင် ချမ်းသာနေတော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံကိုသာ မှတ် တော့ ..။ နောက်ထပ် တစ်ရန်ကတော့ အနေးနဲ့အမြန် မင်းဆီ ရောက် လာဦးမှာလို့ ငါ ထင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက် မင်းအစ်မ ရောက်လာဖို့ပဲ လိုတာ .."

"သူတောင်းစား .."

သက်နိုင် ရဲ့ စကားတွေက အတောသတ်သွားဖို့ အစဖြတ်ပေးလိုက်ပေမယ့် ဖုန်းချလိုက်ပြီးသည့် သူ့မျက်နှာမှာ မျက်မှောင်ကုတ်တင်းမာ ကျန်ရစ်ခဲ့လျက် ...

လူတွေက ဘာဖြစ်လို့ သူ့ကို လိုတရမင်းသား ဟာစ်ပါးလို ထင်နေကြတာလဲ ..။

ဒီလောက်ချမ်းသာတဲ့ ကောင် ..။ 'မင်းကတော့ မကောင့်မတ ရနေတာကိုး'လို့ ပြောကြတာတွေလည်း ရှိသေးသည်။

ဒါပေမယ့် သူ့မှာ ပြည့်စုံတာ ဘာရှိသလဲ ..။

ဒေါသ မောဟတွေနဲ့ လုံးထွေးနေရတဲ့ ဒီအဖြစ်တွေထဲက နုတ်ထွက်ချင်ခဲ့သည်။ 'မကောင်းသူခံ ကောင်းသူစံ' သူ့စိတ်ထဲမှာ မှန်တာထင်သမျှ အားလုံးကို နေရာမှန်အတိုင်း ပို့ပေးလိုက်သည်။

ပြီးပြီ ထင်ခဲ့ပေမယ့် ဘာတစ်ခုမှလည်း ပြီးမသွားပါလား ..။

လူတွေမသိသေးတဲ့ သူ့အဖြစ်က ချစ်နေရတာလည်း မကောင်း..။ အချစ်ခံရနေတာလည်း မကောင်း ..။





## အခန်း (၄၃)

"မမ .."

ရှေ့ကနေ မားမားကြီး ပိတ်ထားလိုက်သဖြင့် လူကို မော့ကြည့်လိုက်တော့ ကျော် ..။

"မမ .. ကျွန်တော်တို့ စကား အေးဆေးပြောရအောင် .."

"မင်း ခရီးထွက်သွားမို့လား .. ဘယ်တုန်းက ပြန်ရောက်တာလဲ.."

ကျော့် မျက်နှာက သုန်မှုန်နေကာ ဂီတ ကို စူးစိုက်ကြည့်နေသည့် မျက်လုံးတွေက မေးတာကို ဖြေဖို့ စိတ်မဝင်စားသလို ဟိုအရင်က လေးစားတွယ်တာစွာ ပြုံးရယ်တတ်သည့် ဖြူစင်ခြင်းတွေလည်း ပျောက်နေခဲ့၏။

ထို့ပြင် ဂီတ မနိုင်မနင်း ဆွဲလာသည့်ပစ္စည်းတွေအပြည့်နဲ့ ဆွဲခြင်းကြီးကို ကြည့်၍ ...

"မမ အဲဒီမှာ နေရတာ ပျော်နေသလား .."

"ဘာ!.."

"မပျော်ရင် အခု ကျွန်တော်နဲ့ လိုက်ခဲ့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဂီတ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ပြီးတော့ တင်းမာသွား၏။

"မင်း ဘာအဓိပ္ပာယ်တွေနဲ့ ပြောလိုက်တာလဲ ကျော် .."

"ကျွန်တော် မမနဲ့ မေမေတို့ ဖြစ်ကြတဲ့သတင်းကို ရောက်ရောက်ချင်း ကြားလိုက်ရတယ် .. ကျွန်တော် ပြန်လာတာ မဟုတ်ဘူး မမ .. ခဏပဲလာတာ .. အလုပ်ကိစ္စပြီးတာနဲ့ ပြန်မှာ .. ဒါပေမယ့် မမကို ဝင်တွေ့သွားဖို့ ကြိုးစားနေတုန်း အဲဒါတွေကို ကြားလိုက်ရတာ .."

"ဟွန်း .."

ဂီတ က ဆွဲခြင်းကို ဘေးမှာ ချထားလိုက်ပြီး ကျော့် မျက်နှာကို စေ့စေ့ကြည့်သည်။

"ဘာတွေ ကြားတာလဲ .. နေသိုက် နဲ့ ငါ ဖောက်ပြန်လို့ အိမ်ပေါ်က နှင်ချလိုက်ပြန်ပြီလို့လား .."

မဟုတ်ဘူး ခေါင်းမခါဘဲ ကျော့် မျက်နှာ ပျက်သွားသဖြင့် ဂီတ က ခပ်မဲ့မဲ့ ခေါင်းညိတ်သည်။

တဆစ်ဆစ် နာကျင်သွားသည့်ရင်ထဲမှာ ခုချိန်ထိ သွားပုပ်လေလွင့် အပြောခံနေရသည့်အဖြစ်ကို မခံစားနိုင် ..၊

"မိန်းမသားချင်းဆိုတဲ့ စာနာစိတ်လေး ထားပေးရင်တောင် သားမရှိတော့တဲ့နောက်မှာ ချွေးမဆိုတာ မတော်လည်း ရ .. တော်လည်းရမို့ ငါ့ကိုယ်ငါ ဖြေသိမ့်နိုင်သေးတယ် .. ခုတော့ .."

"မေမေတို့ ဘာပြောပြော ကျွန်တော်က ယုံကြည်နေမယ် ထင်လို့လား မမ .."

"ယုံယုံမယုံယုံ မင်းတို့လူစုကို ငါ့ရင်ထဲ ခေါင်းထဲက ဖယ်ထုတ်ထားလိုက်ပြီးသားပါ .."

"ဘယ်လို!..."

ကျော် မျက်စိမျက်နှာ ပျက်သွားတော့ ဂီတ က မျက်နှာလွှဲပစ်







တ်ပြီး နာကြည်းစွာ ပြုံး၏။

"အချိန်မီ ချက်ပြုတ်ရဦးမှာ .. ငါ သွားမယ် .."

"မမ .."

"ငါ့ရှေ့က ကာဆီးကာဆီး မလုပ်နဲ့ ကျော် .. ငါက ဒဏ်ရာတွေနဲ့ ် .. အသက်ရှိပေမယ့် ထလည်း မပျံနိုင်ဘူး .. ခြေထော့ပြီးတော့ ည်း မပြေးနိုင်ဘူး .. မင်းတို့ကြောင့် ငါ့ဘဝ ထပ်ပြီး .."

"မမကို ဘာမှ အဖြစ်မခံနိုင်ဘူး မမ .. အခု မမ ကျွန်တော်နဲ့ တ်ခဲ့ပါ .. စင်ကာပူမှာ ကျွန်တော် အလုပ် အဆင်ပြေနေပြီ ..၊ မမ .."

"ငါ့ကို ဘယ်လိုသဘောထားပြီး လိုက်ခဲ့ဖို့ ခေါ်နေတာလဲ .."

ကျော် ရုတ်တရက် ဆွံ့အသွားသည်။ ပြီးမှ ...

"ကျွန်တော် .. ကျွန်တော်က ဟို .. ကျွန်တော်တို့ ဒီနားမှာ စကား းဆေး ပြောရအောင် .."

"အေးဆေးဖို့ မလိုဘူး .. မင်း မပြောလည်း ငါ သိတယ်..၊ ဂီတ တဲ့ မိန်းမကို မင်းတို့မိသားစုက ဘောလုံးတစ်လုံးလို သဘောထား ကြတာလား .. ဒါမှမဟုတ် ငါက ဘာတန်ဖိုးမှ မရှိတော့တဲ့ .."

"မမရာ .. မမပဲ ကျွန်တော့်ကို ပြုပြင်စည်းရုံးခဲ့တာ .. မမက န်တော့်ရဲ့ မီးအိမ်ရှင်ပါ .. ကိုကို ဆုံးပြီး မမ ထွက်သွားရတည်းက အတွက်နဲ့ ကျွန်တော် လေလွင့်နေခဲ့တာ မမ သိပါတယ် .. မေတ္တာ ်ဆိုတာ ဆန်းကြယ်ပါတယ် မမရယ် .. အဲ့ဒါကို မမ လက်ခံပေး .. မမကို ကျွန်တော် အထင်သေးလို့ မဟုတ်ဘူး .."

"ကျော် .. မင်း .. ဖယ်စမ်း .."

လက်ကို ကိုင်မလို့ ထိလာသဖြင့် ဂီတ ဖယ်ချပစ်လိုက်ပြီး တက် ်သည်။

"မမကို ကျွန်တော် အမြဲတမ်း ရိုးသားခဲ့တာပါ .. ရိုသေလေးစားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မမ သိတယ် ..''

''အခု ငါက ကိုယ်ကျင့်သိက္ခာ မရှိတော့တဲ့ မိန်းမမို့လို့ နိုး
လိုက်ခဲ့ဖို့ ခေါ်နေတာပေါ့ ..''

''မဟုတ်ဘူး မမ .. အားလုံးက ပြောင်းလဲကုန်ပြီ .. ကျွန်တော်
မရီးနဲ့ မတ်လို့ ရိုးသားနေကြဖို့လည်း မလိုတော့ဘူးလေ .. ကျွန်တော်
မမကို အထင်မသေးဘူးဆိုတာ မမကို ရိုးရိုးသားသား စောင့်ရှောက်
နဲ့ သက်သေပြပါ့မယ် .. မမ မကြည်ဖြူဘဲ ကျွန်တော် ဘာမှ ..''

''ကျော် .. မင်း .. ငါ့ရှေ့က ဖယ်စမ်း ..''

''နေပါဦး မမရာ .. ကလေးရဲ့ ရှေ့ရေးကိုလည်း ထည့်တွေး
ကလေးက ကျွန်တော့်တူအရင်း .. သားကို ကျွန်တော့်လောက် ဘယ်
မှ မချစ်နိုင်ပါဘူး .. ပြီးတော့ အခု သားနဲ့ မမကို ခေါ်ပြီး မိသားစု
လေး ထူထောင်ဖို့အတွက် ကျွန်တော့်မှာ အင်အားရှိနေပါပြီ .. ခေါ်
တိုက်နဲ့ ကားနဲ့ ကျွန်တော် ထားနိုင်တယ် ..''

''တောက်!...''

ဂီတ မျက်နှာလေး ရဲသိုတက်လာလျက် ကျော့် မျက်နှာကို စူးစူး
ကြည့်ပြီး တက်ခေါက်သည်။

''ငါ့သားလေး ရှေ့ရေးအတွက် ငါ အရေးရာကို အနစ်နာခံနေ
တာ .. ခုလည်း သားအတွက် ငါ့သိက္ခာ အကျမခံနိုင်သေးဘူး .. မင်း
ပါးရိုက်ရဲပေမယ့် မရိုက်မိအောင် ငါ့ရှေ့က ဖယ်ပါ ..''

ကျော့် မျက်နှာမှာ နားမလည်နိုင်ခြင်းများနှင့် ဆွေးသွား၏။

ဂီတ ရဲ့ခေါင်းကို အကဲဖမ်းဖို့ ကြိုးစားရင်း ခြေတစ်လှမ်းဆုတ်
ကာ ...

''မမ .. မမကို ကျွန်တော် စောင့်နေမယ် ..''

နားထဲမှာ ခါးသွားသဖြင့် ခေါင်းခါပစ်လိုက်မိသည်။

''မမ ..''





ကျော် က ပြေးလွှားလိုက်လာပြီး ...

''ကျွန်တော် ဒီတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး နော် ..
ကျွန်တော် စောင့်နေတယ်ဆိုတာ မမ မမေ့ပါနဲ့ ..''

ဂီတ မျက်ရည်တွေ ဝေ့တက်လာတဲ့အထိ ရှက်စိတ်တွေကြောင့်
ဘာ ခြေမနိုင်ချင် ...၊

ဘယ်လောက်ထိ တော်သင့် ထက်မြက်ပါစေ .. ယောကျ်ားတွေ
အမွှဆန်လာပြီဆို မိန်းမသားတို့ ယိမ်းယိုင်ပျက်ရသည်သာ ...၊

ဒီအခြေအနေကို ကိုယ့်ကိုသိသော တစ်ယောက်ယောက်သာ မြင်
သွားခဲ့ပါလျှင် ...

''တောက် ..''

တက္ကစီပေါ်ကို ရောက်ကာမှ မျက်နှာကိုကွယ်ရင်း မျက်ရည်ဖြိုင်
ဖြိုင်ကျမိလေသည်။ ငိုနေရင်း ခပ်ကြိတ်ကြိတ် တက်ခေါက်မိ၏။

တစ်ခုလပ် မုဆိုးမဖြစ်နေသည့်အတွက် ယောကျ်ားတွေမျက်လုံး
ထဲမှာ သူမက လမ်းဘေးမှာ ဖြန့်ခင်းပြထားသော မဲပေါက်သူရမည့်
ဆုပ်မ တစ်ရုပ်လိုလား ...၊

သူယူမယ် .. ငါယူမယ် တိုးကြိတ် ကြံရွယ်နေကြသည့် လက်မှတ်
ပါသူ ဝင်တန်းစီခွင့်ရှိတဲ့ နိဗ္ဗာန်ဈေးပွဲတော်ထဲက ပံ့သကူပစ္စည်းလား...၊

ရှက်ဖို့ကောင်းလိုက်တာ ဂီတ ...၊

ညည်း ဘယ်လိုနေနေတာလဲ ...၊

ညည်းကိုမှ ယောကျ်ားတွေ ဘာဖြစ်လို့ မျက်လုံးတဝင်းဝင်း ဖြစ်
နေကြတာလဲ ...၊

''မင်းကို ငါ့အတွက် အနားမှာ ထားထားတာ ..''

''မင်းလိုမိန်းမကို ငါ့အိပ်ရာပေါ် တင်ထားတာ ငါ ဘယ်လောက်
ပီ နစ်နာသလဲ ..''

''ငါ့အနီးအနားမှာ မင်း ရှိနေရမယ် ..''



www.burmeseclassic.com

www.burmeseclassic.com



"ငါ လိုအပ်တိုင်း မင်း အဆင်သင့် ရှိနေရမှာ .."

သိုက် ရဲ့ ရိုင်းစိုင်းတင်စီးသော အထင်သေးစကားတွေက အချိန်
အမျှ နှိပ်စက်နေခဲ့သည်။ ပြီးတော့ အလကား ..၊

ယောကျ်ားတစ်ယောက်ရဲ့ မျက်လုံးတွေကို မိန်းမသားဖြစ်သည့်
သူမရဲ့စိတ်ထဲမှာ ခံစားမိနေသည်။

ဒီလူငယ်ဟာ ချို့ ကို လက်ထပ်ဖို့ထိ ရည်ရွယ်ခဲ့ပြီးမှ လမ်းခွဲခြင်း
ကို ပေါ့ပါးစွာ ဆုံးဖြတ်ခဲ့သည်။

ကိုယ့်ဆီ ခြေဦးလှည့်လာတည်းက သူ့မျက်လုံးတွေက စကားလုံး
ပေါင်းများစွာနှင့် ရှန်းရှန်းစက်စက် ..၊

နုနုရွရွ အပျိုစင်လုလုလေးကို ပြတ်သားစွာ ပြတ်တောက်ထားနိုင်
ခဲ့တဲ့ လူငယ်တစ်ယောက်က ကိုယ့်ကို စိတ်ကူးနေတာ ဘယ်လိုအကြံ
အစည်တွေနဲ့ ဖြစ်နိုင်သလဲ ..။

အန်တီ ဒေါ်အေးပွင့် ကရော .. ချို့ တို့ကိုတော့ ခါးခါးသီး ပြစ်
ဆန်ခဲ့ပြီး သူ့သားရင်ထဲကို မမြင်လို့လား ..၊ မသိချင်ယောင် ဆောင်နေ
တာလား ..။

သူ့သား ချို့ အပေါ်မှာ အာရုံပြောင်းသွားဖို့အတွက် မိန်းမသားချင်း
မစာမနာ ကိုယ့်ဘက်ဦးတည်ပေးပြီး နမ်းလိုက နမ်း .. ခွေလိုက ခွေ..
'အနင်းခံ မြက် .. အနမ်းခံ ပန်း' လို သဘောထားနေတာလား ..
ခုတော့ ကျော် ..၊

ယောကျ်ားသား သုံးဦးရဲ့ မျက်နှာတွေကို တရှပ်ရှပ် ပြေးလွှားမြင်
ရင်း တက္ကစီပေါ်မှာ သူမရဲ့မျက်ရည်တွေနဲ့ မျောတော့မည် ထင်၏။

သူမ မသိသေး၀ ..က တက္ကစီရဲ့နောက်မှာ သိုက် ရဲ့ကား တော
လျှက် ပါလာတာပင် ..၊

"ကြည့်ရတာ ငိုနေတဲ့ပုံပဲ သိုက် .."

လင့်နိခရူဇာပေါ်ကနေ တက္ကစီထဲကို အနည်းအပါး မြင်နေရသည်

နောက်ကနေ မြင်နေရသည့်အတိုင်း သူမရဲ့ခေါင်း ငုံ့သွားတာ
မျက်ရည်သုတ်တဲ့ပုံ ဖြစ်သွားတာ အားလုံးကို သက်နိုင် က သေချာ
ကြည့်နေပြီး ..

"မိန်းမတစ်ယောက်က လှနေတာလည်း ဒုက္ခများတာပဲ နော် ..
သူတာကို လှူတိုင်း မက်မောပေမယ့် သူကတော့ တော်တော် ကြေကွဲ
သွားတဲ့ပုံပဲ .."

ကားမောင်းရင်း သူပဲ လှမ်းကြည့်ဝေဖန်နေကာ သိုက် က တက္ကစီ
ကိုတော့ ကြည့်နေပေမယ့် နှုတ်ဆိတ်နေ၏။

"ဟိုကောင်က သူ့ရဲ့မတ် ဆိုတာ သေချာလား သိုက် .."

"သေချာတယ် .. အဲ့ဒါ ဒေါ်မြေညွန့် ရဲ့ သားအငယ် .."

"အကြီးဆုံးက ဂီတ ယောကျ်ားပေါ့ .."

"အင်း .."

မြင့်မား ဆိုရင်တော့ 'ဒီယောကျ်ားက နုနုဇင် နဲ့ ပတ်သက်ခဲ့ဖူးတဲ့
တစ်ယောက်လား' လို့ သက်နိုင် မေးတော့မှာပါ ..၊

အဘယ်ကြောင့်ဆိုသော် နုနုဇင် နဲ့ မြင့်မား တို့ ဘယ်လောက်ထိ
ကြာရှည်စွာ ပတ်သက် နိုင်မြဲနေခဲ့တဲ့သတင်းတွေ အတိအကျပေးခဲ့တာ
က သက်နိုင် ပဲ ဖြစ်၏။

ဒါပေမယ့် မြင့်မား တို့ မိသားစုကို မသိ ..၊

မြင့်မား ဘယ်သူနဲ့ အိမ်ထောင်ကျသွားသလဲ ဆိုတာကလည်း
ဘယ်သူနဲ့မှ မသက်ဆိုင်တော့သည့်ကိစ္စမို့ နောက်ပိုင်းကိစ္စတွေကို သက်
နိုင် ဘာမှ မသိတော့ပေ ..၊

သူမှာသာ မြင့်မား ရဲ့မိသားစု ခြံဝင်းဘေးမှာ သွားရောက် နေထိုင်
ခဲ့မိတဲ့ တိုက်ဆိုင်မှုကြောင့် ..၊

"သိုက် .."

"ဘာလဲ .."







www.burmeseclassic.com

www.burmeseclassic.com



"မတ်ဆိုတဲ့ ချာတိတ်က မင်းရဲ့ ဂီတ ကို လုံးဝချိန်နေတာ တယ်နော် .. အကဲခတ်ကြည့်ရတာ မင်းဆီရောက်နေတာ သီချ ထုတ်ဖို့ ကြိုးစားတဲ့ပုံပဲ .."

"သူ့အစွမ်းရှိသလောက် လုပ်ပါစေ .."

တကွက်စီနောက်က မေးလိုက်နေရင်း သက်နိုင် က သိုက် ကို ကြည့်သည်။

"မင်းကရော .."

"ဘာလဲ .."

"သူ့အပေါ်မှာ မကျေနပ်တာတွေ ဘယ်တော့ ပြေမှာလဲ .."

သိုက် က မဖြေ ...၊

"ယောက်ျားချင်းပဲကွာ .. ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း ဂီတ နဲ့ မင်းက လစ်ငီးဗင်း တူဂဲသားရဲ လား .."

"မဟုတ်လောက်ဘူး ထင်တယ် .."

"ဘာကိုလဲ .."

"သူက ငါ့ကို အားမတန်လို့ မာန်လျှော့နေရတာ .."

"ဒါဖြင့် မင်းက တစ်ဖက်သတ် ရယူမှုတွေနဲ့ .."

"အဲဒါ ငါ့ကိစ္စပါ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် ကိုယ်က မိကောင်းဖခင် သား တစ်ယောက်လေကွာ .. မင်းကိုယ်တိုင်လည်း ဒီလို ကာရိုက်တာ မရှိခဲ့ပါဘူး .. ဟိုတစ်လောက နုနုဇင် ကြောင့် လူတွေ ဟိုမေး ဒီ ဟိုထင် ဒီထင်တွေလည်း ဖြစ်ထားတယ် .."

"နုနုဇင် ခင်းတဲ့အကွက်တွေ ငါ ပြန်ရှေ့ပစ်နိုင်တယ် သက်နိုင် သူ ခင်းနေတာတွေက ငါ့ကို သူ့ဆီ ပြန်လာဖို့ပဲ...၊ ဂီတ ရဲ့ ရိုက်ချက် ငါ့ဘဝတစ်ခုလုံးကို ခါးလယ်တည့်တည့် ထိတာ .."

"ဒါတွေ မဟုတ်ဘူးဆိုတာလည်း ရှင်းပြီးပြီပဲကွ .. ငါ ပြော



သတ္တဝါနဲ့ လက်နက်နဲ့ မမျှဘူးဖြစ်လာရင် သူ့အပြစ်တွေက မင်း ဖြစ် ဖြစ်လာနိုင်တယ် .."

"ဖြစ်တော့ ဘာဖြစ်လဲ ...၊ ဘယ်သတ္တဝါကို ဘယ်လက်နက်နဲ့ င်တွယ်ရမလဲလို့ စဉ်းစားနေရအောင် ငါက မုဆိုး မဟုတ်ဘူး .. လူ တ်သမားလည်း မဟုတ်ဘူး .. ဒါပေမယ့် သူပဲ ခေါင်းစဉ်တပ်ပေးခဲ့ .. အခု သူပြောတဲ့ လူယုတ်မာလက်ထဲကို သူ ရောက်နေတဲ့အတွက် ဆီက စာနာညှာတာမှုကိုလည်း ဘယ်တော့မှ ရမှာ မဟုတ်ဘူး .."

"ဟော့ကောင် .. ဘယ်တော့မှဆိုတဲ့ စကားကို လက်လွှတ်စပယ် သုံးရဘူး နော် .. မင်း ခုပဲ ကလေးအတွက် .."

"တော်တော့ သက်နိုင် .. ငါ ဘာလုပ်နေသလဲဆိုတာ ငါ့ကိုယ်ငါ သိတယ် .. သူ့ကို ဘာကြောင့် မုန်းနေသလဲဆိုတာလည်း ဘယ်သူမှ သိဖို့ မလိုဘူး .. ငါ့ကိုယ်ငါ သိနေဖို့ပဲ .."

"မင်းကို ငါ သိနေတာတော့ မုန်းတီးနာကြည်းဖွယ်တွေ ပြည့်နှက် နေတဲ့ ဂီတ ကိုပဲ မင်း စိတ်ဝင်စားနေတာ .."

သိုက် မျက်လုံးတွေ သူ့ဆီ ရွေ့လျားလာသည်။ ဒါပေမယ့် မျက် လုံးချင်း မဆုံခင်မှာ မျက်တောင်တစ်ခတ်နှင့် ရှေ့ပြန်လွှဲ၏။

"ဝန်ခံနေတာလား .."

ထပ်မေးတော့လည်း သိုက် က မဖြေသဖြင့် သက်နိုင် က ပြုံးလိုက် ...

"ဟိုမှာ အိမ်ပြန်တော့မှာ ဆက်လိုက်ပေးရမလား .. အိမ်ထိ လိုက် လိုက်မယ်ကွာ .. ငါ့ကိုလည်း ဂီတ နဲ့ မိတ်ဆက်ပေးပေါ့ .."

"မလိုက်နဲ့တော့ .. 'ရှိုင်း'ကွန်စထရက်ရှင်က ပရိုဇန်တေးရှင်း သွားရဦးမှာ .."

တကွက်စီ ကွေ့သွားသည့်ဘက်ကို လိုက်မကွေ့တော့ဘဲ ဘယ်ဘက် ကို ပြန်ယူပြီး နောက်ပြန်ဝိုက်ဖို့ ပြင်လိုက်ရင်း သက်နိုင် က ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



တညိတ်ညိတ်နှင့် ...

"အင်း .. ဂီတ ဆိုတဲ့ မိန်းကလေးကတော့ 'မဟေသီ' ... ပေါက်တော့မှာပဲ .."

သိုက် ရဲ့ ပုတ်သိုးသိုးမျက်နှာ လှည့်လာတော့ သက်နိုင် က ... တွန့်၍ ...

"ဇာတ်တော်တွေထဲမှာလည်း ရှိတယ်လေကွာ .. လက်ထပ်... ဇနီးသည်က ဘုန်းကံမြင့်မားပြီး သူနဲ့ မထိုက်တန်တော့ ဒီမိန်းမ... ကစ်လိုက်တာနဲ့ တစ်ကိုယ်လုံး မနေနိုင်အောင် ယားတော့တာ... နောက်ဆုံး မပေါင်းနိုင်တော့လို့ မိန်းမကို သစ်ပင်မြင့်ပေါ်တင်... အောက်ကနေ ဆူးခက်တွေ ဝိုင်းအုံထားခဲ့ပြီး ထွက်ပြေးရတာ -"

သူ့ဘာသာ ပြောပြီး သဘောတွေ ကျနေကာ ...

"ဂီတ ဆိုတဲ့ မင်းကြိုက်စိုးကြိုက်လေးက သန်းကြွယ်သူဌေး... နဲ့ ထိုက်တန်နေတော့ မင်္ဂလာဦးညမှာပဲ မထိုက်တန်တဲ့လူက သေသွား... ရှာတယ် .. ကလေးလေးတစ်ယောက်နဲ့ ဒုက္ခများရတာတွေက... ဝဋ်ကြွေးပေါ့ကွာ .."

"ဟောကောင် လျှောက်ပြောမနေနဲ့ .."

"ဟုတ်တာတွေ ပြောနေတာ နော် .. မဟုတ်တာ တစ်လုံးမှ ... သေးဘူး .. မင်းမှာရော .. မင်းရဲ့ မဟေသီဖြစ်ခွင့် မရှိတဲ့ မိန်းမနဲ့ ... လို့လား .. သူ့အကြောင်းတွေ အချိန်မီ မင်း သိပြီး မင်္ဂလာဦးည... တစ်ခါတည်း ကွာရှင်းဖြစ်ခဲ့တာလေ .. အဲဒီအကြောင်းတရားတွေ... မင်းတို့နှစ်ယောက် လိုက်တူနေကြတာ .."

ပြောနေသည့်မျက်နှာ စပ်ဖြဲဖြဲကို မမြင်ချင်ယောင်ဆောင်နေလို... မိကာ တိတ်ဆိတ်စွာ မြင်ယောင်နေခဲ့တာက စောစောက ဟိုသစ္စာ... လေးနဲ့ ဂီတ ရဲ့ ရင်နင့်းလွန်းသည့်မြင်ကွင်း ...၊

ရှေ့သိမ်းရောင် လယ်သာကျာကင်နှင့် စတိုင်လ်ဆောင်းဘီအနေ...





က ထင်းနေသည်။ ဆံပင်ရှည်ကုပ်ထောက်က အဖျားတွေ လန်ပြီး အနီ ရောင်သမ်းနေ၏။

ဒီခေတ် ဟဲရ်စတိုင်လ် လုပ်ထားတာလား .. အစတည်းက ဒီတိုင်း ပဲလား ...။

ဟိုအရင်တုန်းက သေချာ သတိထားမကြည့်မိခဲ့သဖြင့် မသိဆ... ဒါပေမယ့် သူ သိသော ဒေါ်မြေညွန့် ရဲ့သားအငယ်ဆိုသည့် လူငယ်က ဒီလို တောက်တောက်ပပ မဟုတ်ခဲ့တာတော့ သေချာပါသည်။

ခရီးထွက်သွားသည်ဆိုသောကာလအတွင်းမှာ ဒီလို ပြောင်းလဲလာ ခဲ့တာဆိုလျှင် ...

"သိုက် .."

မျက်နှာ ဒီဘက်ကို တိမ်းလာပြီး ခပ်တိုးတိုးခေါ်ကာ ...

"အဟွန်း.. ငါ့ကို စိတ်တိုသွားတာလား .. ငါ ပြောတာတွေ ဟုတ် တာပဲဆိုပြီး ကြိတ်တွေးနေတာလား .."

"သက်နိုင် .. မင်း တော်တော် အူမြူးနေတာလား .."

"မမြူးပါဘူး .. ဒါပေမယ့် မင်းက ဘာမှမပြောတော့ ငါလည်း ဒီလိုပဲ လျှောက်တွေးကြည့်ရတာပေါ့ .. မဖြစ်နိုင်တာတော့ မရှိပါဘူး ကွာ .. မင်းလိုကောင်အတွက် နောက်ထပ် ချမ်းသာတဲ့မိန်းမမှ မလိုတာ.. ဘာလဲ နိုင်ငံတကာမှာ စီးပွားရေးလုပ်ငန်းတွေ ပြန့်ပွားထားတာ နည်း နေသေးလို့လား .."

သူပဲ ပြော .. သူပဲ သေချာနေသဖြင့် သိုက် က ဘာမှမပြောဘဲ တစ်ဖက်လှည့်နေလိုက်၏။

"ကြည့်လုပ်နော် သူငယ်ချင်း .. တော်ကြာ ကိုယ့်ဒေါသနဲ့ကိုယ် ကျွမ်းနေခဲ့ဦးမယ် .. သဘောကျနေရင် ကိုယ့်အိတ်ထဲ ကောက်ထည့်ထား လိုက် .. ချထားမိရင်တော့ ဘယ်သူဖြစ်ဖြစ် ကောက်ယူသွားမှာပဲ - သူများလက်ထဲ ရောက်မှ ပြန်လုနေရရင် .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ စိတ်မဝင်စားဘူး ဟော့ကောင် .. ကား ဖြောင့်ဖြောင့်မောင်း .. ရှေ့မှာ လမ်းပြင်နေတယ် .. တစ်စီးစာပဲ ပေးနေတာ .. သူ တက် ကိုယ်တက်နဲ့ ငြိသွားဦးမယ် .."

"အေးဆေး .."

ပြောတော့ အေးဆေး ..၊

ကားက သုံးတန်းလောက် ထပ်နေသည်။ တစ်စီးစာပဲ ပေးထားသည့် လမ်းတစ်ခြမ်းလေးကို သူ့ထက်ငါ ဝင်ဖို့ ခေါင်းတိုးနေကြသည့် ကားတွေက တစ်စီးနဲ့တစ်စီး ထပ်ကပ်နေသလား မှတ်ရသည်။

သက်နိုင် မျက်လုံးနှစ်လုံး အနားမရဘဲ အသံတိတ်သွားသဖြင့် သိုက် က ရယ်ကာ ...

"ပူမနေနဲ့ အေးဆေး .."



## အခန်း (၄၄)

"နေပူစေတော့ လွှမ်း .. သားက စာတွေ တော်တော်တတ်နေပါပြီ .. ငါ တတ်စေချင်တာတွေ အိမ်မှာပဲ ငါ့ဟာငါ သင်ပေးတော့မယ် .. ကျောင်းပို့ဖို့ကိစ္စတွေ မလုပ်တော့ဘူး .."

"... ... ... ..."

"ငါ ဘာလုပ်လုပ် သူ ဖျက်မှာပဲ .."

"... ... ... ..."

"မေးစရာ မလိုတော့ဘူးလေ .. ငါလည်း အဲဒီ မူကြိုကို ထပ်မပို့တော့ဘူး .. ငါးနှစ်ပြည့်ရင် ကျောင်းတက်ရတော့မှာပဲ .. ဒီတိုင်းခဲထားလိုက်တော့မယ် .."

"... ... ... ..."

"အေးပါ .. လုပ်မနေပါနဲ့တော့ .. ငါ နင်တို့ကို ကျေးဇူးတင်ပါတယ် .."

"... ... ... ..."

"မတတ်နိုင်ဘူးလေ .. ဒါပေမယ့် ညစ်ပတ်ချင်လို့ ကြည့်နေတဲ့ လူကို ဘယ်လို ရှောင်မလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"... ... ... ..."

"ကာလ ကန့်သတ်ချက်တစ်ခုခုတော့ မရမနေ တောင်းရမှာပဲ - သားလေးရဲ့ အနာဂတ်အတွက် ငါ ကြိုးစားရဦးမှာ .."

"ကဲ .. မင်း ဖုန်းပြောပြီးတဲ့အထိ ငါ စောင့်မနေနိုင်ဘူး .. သွားစရာ ရှိသေးတယ် .."

သူ့အသံ နီးနီးကပ်ကပ်က ကြားလိုက်ရသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ပြီးတော့ လွမ်း ကို နှုတ်ဆက်လိုက်ရကာ ...

"ခဏလေး .. ကျွန်မ ရှင့်ကို ပြောစရာရှိလို့ .."

"ပြောနေလည်း အပိုပဲ .. ငါ ဘယ်သူ့အနာဂတ်မှ စိတ်မဝင်စားဘူး .. အဲ့ဒီတော့ ငါ ပြောတာကို နားထောင် .."

သိုက် က ကားသော့ ဖြုတ်ယူလိုက်ပြီးမှ ဒီဘက် ပြန်လှည့်လာကာ ...

"ဒီည အိမ်မှာ ဒင်နာလုပ်မယ် .. လူ ဆယ်ယောက်စာ ဟင်းထော်ဝိုင်းစာ စီစဉ်ထားလိုက် .. အနည်းဆုံး ဟင်း ဆယ့်ငါးမျိုး ပါရမယ် .. အမြည်းအတွက်က .."

"ခနသိုက် .."

"ဘာလဲ .."

"ဒီညအတွက်ကို ရှင် ခုမှ ပြောရလား .."

"အဲဒီတော့ မရနိုင်တော့ဘူးလို့ ပြောချင်တာလား .."

"အခု ရှစ်နာရီ ထိုးနေပြီ .."

"လိုရင်းကို ပြော .."

"ကျွန်မ .."

"မင်းပါးစပ်က ငါ့စကားကို ဘာမှ ငြင်းခွင့်မရှိဘူး .. လိုအပ်တာကိုပဲ ပြော .."

ဂီတ မျက်နှာလေး တင်းသွားကာ မျက်လုံးချင်း ဆုံပြီး စူးစူးရဲရဲ





ကြည့်၏။ ပြီးတော့ ခေါင်းညိတ်လိုက်ကာ ...

"ဘာမှမလိုဘူး .. ရစေရမယ် .."

"နေဦး .."

ဂီတ က လှည့်ထွက်သွားသည်။ သူက ပြန်ဆွဲထားလိုက်၏။ ထိုင်လိုက်တိုင်း ခါးခါးသီး ဖြစ်သွားတတ်သည့် ဂီတ ကလည်း သူ့ဘက်ကို ပြန်လှည့်ပါသွားပေမယ့် လက်ကို ဆောင့်ခါချရင်း ...

"ဘာလဲ .. ပြော .."

လက်ကိုတော့ မကိုင်နဲ့ဆိုသည့် မာနတွေနှင့် ရွံ့ရှာသလို ရှန်းနေသဖြင့် သိုက် က လက်ကို ပို၍ ဖိညှစ်ဆုပ်ထားလိုက်ကာ ...

"မင်း ဧည့်ခံပေးရမှာ .."

"ဘာ!..."

"အဲဒီတော့ အလှပြင်ထား .."

ဂီတ မျက်နှာလေးပေါ်မှာ တင်နေသည့် ဒေါသ မာနတွေက အံ့သြခြင်းတွေ ဖြစ်သွားခဲ့ပြီး နောက်ထပ် ဘာစကားမှ မဆိုနိုင်ဘဲ ဒီတိုင်း ကျန်ရစ်ခဲ့လေသည်။

အိမ်မှာ ယောက်ျားတွေ စုဝေးပြီး သောက်ကြစားကြမှာကို သူမက ဧည့်ခံပေးရမည် ...၊

ဒီလူ ဒီလောက်ထိတောင် ယုတ်မာနှိပ်စက်ဖို့ နည်းတွေ တစ်ချိုးပြီး တစ်မျိုး မကုန်နိုင်ပါလား ...၊

ရင်ထဲမှာ ပြင်းရှသော နာကျင်ခြင်းက ပြည်တည်နာတစ်ခုလို ဆစ်ဆစ် ခံရခက်လာ၏။

သူမဘဝ ဘယ်လောက်ထိ အဖြစ်ဆိုးဦးမှာလဲ ...၊

ဒီလူ ဘယ်လောက်ထိ နှိပ်စက်ဦးမှာလဲ ...၊

"ဂီတ ရယ် .. နင် ဘာတွေ ဒီလောက်တောင် စိုးရိမ်ကြောက်လန့်နေသလဲတော့ မသိဘူး .. နင့်ယောက္ခမတွေ ကောင်းစားသွားတာကို

www.burmeseclassic.com

www.burmeseclassic.com



နင်က ကျေကျေနပ်နပ်ကြီး ပေးဆပ်နေတာတော့ ငါတို့ တကယ် အံ့ဩတယ် ..”

“ဟုတ်တယ် ဂီတ .. နင် ဘာအတွက် ပေးဆပ်နေတာလဲ - အဲဒါတွေက ဘယ်လောက်ထိလဲ ..၊ လူတစ်ယောက်က ကံဆိုးနေတယ် ဆိုရင်တောင် အဲဒီဆိုးရွားမှုတွေကို အံတုခံနိုင်ဖို့ ခွန်အားရစ်ရာ အခွင့်အရေးတော့ ရှိနေတာပဲ .. နင် ဘာတွေ အရှုံးပေးနေတာလဲ .. သိုက်ဆိုတဲ့လူ ဘာတွေ ကြံစည်ပြီး ဒုက္ခပေးမယ်ဆိုတာ နင် သိလို့လား ..” တဲ့ ..။

လွမ်း တို့နဲ့ ဖုန်းပြောဖြစ်လာတာတောင် မကြာသေးပေ ..၊ ဒီစကားတွေပြောရင်း ဝင်ဒီ ကလည်း တက်တခေါက်ခေါက် ..၊

သူမ ဘာတွေ လုပ်နေမိသလဲ ..၊

ထိုအတွေးက စတင် ဝင်ရောက်လာခဲ့သည်။ ဘယ်လောက်ထိ ပေးဆပ်သင့်သလဲ ..၊ ကိုယ် ပေးနေရတာနဲ့ ပြန်ရမှာ တန်ရဲ့လား ..၊

သူ့လက်ထဲမှာ ချုပ်ကိုင်ထားသည့် ဝှက်ဖဲတစ်ချပ်က သားလေးနဲ့ ကိုယ်ဘဝ နှစ်ခုစလုံး ပုံချပေးဆပ်လိုက်ဖို့ထိ လိုသလား ..၊

‘နင်က ပေးနေလေ .. သူက လောဘတက်လေပဲ ဂီတ ..’

‘ဒီလူ နင့်ကို နိုင်စားနေရတာကို အရသာ တွေ့နေပြီ ..”

‘နင့်ကို ဘယ်တော့မှ လက်လွှတ်မှာ မဟုတ်ဘူး ..’

“မေမေ ..”

“ဟင်!...”

သားလေး လာပြီ ထိကိုင်လိုက်သဖြင့် ဆတ်ခနဲ တုန်သွားကာ အတွေးတွေ ပြတ်တောက်ကုန်၏

“သားလေး ..”

“မေမေ့ ..ဦးဦး ရော ..”

“ဘာလုပ်မလို့လဲ သား .. ဒီလူ့ကို သားသား သွားမခေါ်နဲ့ဘူး -



သူရှိတဲ့နေရာထိ ဘယ်တော့မှ စကားသွားမပြောရဘူး - အဲဒါ အမြဲမှတ်ထား နော် ..”

‘ဟုတ် ..’လို့ သွက်လက်စွာ နာခံတတ်တဲ့ မဲ့ားလေး က ဒီတစ်ခါ ခေါင်းမညိတ်ဘဲ မော့ငေးနေခဲ့၏။

“သားလေး မေမေ ပြောတာ ကြားရဲ့လား ..”

“ဦးဦးက ဘာပြောသွားလို့လဲ ဟင် ..”

“သား ..”

စိတ်တိုသွားသဖြင့် ဂီတ သားလက်မောင်းလေးကို ဖိဆုပ်ခေါ်မိ၏။ ပြီးမှ သတိရကာ သားလေးရှေ့မှာ ထိုင်ချလိုက်ပြီး ထိတ်လန့်သွားသည့် မျက်နှာလေးကို ရင်ခွင်ထဲ ဆွဲယူ ဖက်ထားလိုက်မိလျက် -

“အဲဒီလူက ကလေးတွေကို မချစ်တတ်ဘူး သားရဲ့ .. သားလေး သူ့နားသွားရင် အဆူခံရမှာစိုးလို့ မေမေ ပြောတာ ..”

“ဦးဦးက မဆူပါဘူး .. သားသားကိုလည်း ကွန်ပျူတာ ..”

“တော်တော့ သား .. မေမေ့စကားကိုပဲ နားထောင် ..”

ဒီတစ်ခါ သားရဲ့စကားကိုတောင် သည်းခံ နားထောင်ပေးနိုင်စွမ်း မရှိခဲ့ဘဲ စကားမဆုံးခင် ပိတ်ပြောလိုက်မိသည်။

ဒီလူ သားလေးကို ဖျက်ဆီးဖို့ပါ အကြံကြီး ကြံနေပါပြီ ..၊

ကလေး မက်မောချင်စရာတွေ ပြပြီး စည်းရုံးမည်။ ပညာမတတ်၊ အကျင့်ပျက်အောင် ဒီအရွယ်လေးတည်းက စည်းရုံးဖျက်ဆီးသွားဖို့က လွယ်လွယ်လေး ..၊

ကလေးရဲ့သဘာဝကိုက မရတာကို ပိုလိုချင်သည်။ ကြောက်ရ ပိုချစ်၏။ ဒီလူကို ကြောက်နေခဲ့ရသည့်စိတ်က မျက်နှာသာပေးခံလိုက်ရ တာနှင့် မြန်မြန်ဆန်ဆန်ကြီး ချစ်ခင်တွယ်တာသွားမှာပဲ ဖြစ်၏။

“အန်တီ ..”

“ဟင် .. သမီး ..”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးပွင့် က ခုတစ်လောမှာ 'မင်း'တွေ 'ငါ'တွေနဲ့ မပြောတော့ဘဲ အဒေါ်ရင်းချာတစ်ယောက်လို နူးညံ့ကြင်နာစွာ ပြောဆိုဆက်ဆံလာခဲ့သည်မို့ ...

"မျက်နှာလည်း မကောင်းပါလား .. သားအမိ ဘာဖြစ်ကြလို့လဲ.."

ကျန်နေသည့် လှေကားနှစ်ထစ်ကို ခပ်သွက်သွက် ဆင်းလာခဲ့ပြီး မား ရဲ့ခေါင်းလေးကို ပွတ်သပ်ရင်း မေး၏။ ဂီတ ကိုယ့်မျက်နှာကို ပြင်ဆင်ဖို့ ခက်ခဲနေကာ မျက်နှာ ခပ်လွဲလွဲ ဖြစ်သွား၏။ ပြီးမှ ...

"ဘာမှတော့ မဟုတ်ပါဘူး .. ဟိုလေ .. အလက်ဇ် အိမ်မှာ ရှိလားဟင် .."

"ရှိမှာပေါ့ သမီးရဲ့ .. သူ့ကို ဒီရက်ပိုင်းတွေမှာ ဟိုသွား ဒီလာတွေ မခိုင်းဖို့ သူ့အဖေကို အန်တီ မှာထားတာ .. ဘာရယ်တော့ မဟုတ်ပါဘူး .. မလိုအပ်တဲ့ကိစ္စတွေ ဖြစ်မလာစေချင်လို့ပါ .."

ဒေါ်အေးပွင့် က မျက်နှာတည်သွားကာ ဂီတ ကို အားနာသလိုတော့ ကြည့်ပေမယ့် ...

"ချို ဆိုတဲ့ မိန်းကလေးက သားနဲ့ အဆက်အသွယ်ရဖို့ ကြိုးစားနေတယ်တဲ့လေ.. ကိုယ့်သားကို ယုံကြည်ပေမယ့် မိန်းကလေးက ကဲလာရင် ယောကျ်ားသားက ဘာသားနဲ့ ထုထားတာမို့လို့လဲ .. ဒီမိန်းကလေးရဲ့ ကာရိုက်တာက ဘာမဆို လုပ်မယ့်ပုံ .."

စကားဆုံးအောင် ပြောပြီးမှ ဂီတ ကို မေးဆတ်၍ ...

"ပြောလေ .. အလက်ဇ် ကို ဘာလို့ မေးတာလဲ .."

"သားလေးကို ဒီည အဲ့ဒီမှာ ပေးသိပ်ထားချင်တာ .."

"ဟင် .."

"ချို ရယ် .. သူရယ် ကလေးက ရင်းနှီးပြီးသားဆိုတော့ တစ်ညလောက်တော့ .."

"ဖြစ်ပါတယ် သမီးရဲ့ ဒါပေမယ့် ဘာဖြစ်လို့လဲ .."



ဒီည ဒင်နာလုပ်မှာဖြစ်တဲ့အကြောင်းရယ် .. အမြည်း စီစဉ်ထားနို့ ...ါ မှာသွားတာကို ပြန်ပြောပြမိကာ ...

"ဂီတ ကို သူ ဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ ဂီတ သည်းခံနိုင်တယ် .. သားလေးကိုတော့ မြင်လည်း မမြင်စေချင်ဘူး .. ကြားလည်း မကြားစေချင်ဘူး အန်တီ .. သူ့လူတွေ ခေါ်လာပြီး အိမ်မှာ ကျွေးမွေးပြည့်ခံမယ့် အစီအစဉ်ကိုက ဂီတ ကို ဒုက္ခပေးဖို့ပဲ .."

"ဒီလိုတော့ မဟုတ်လောက်ပါဘူး သမီးရယ် .. လုပ်ငန်းတစ်ခုခု ရှိလာပြီဆိုရင် လုပ်ငန်းပါတနာတွေ .. မိတ်ဆွေတွေနဲ့ ဟိုပွဲဒီပွဲတွေ ထက်ကြရတာပဲ .. သိုက် လိုလူက ဒါမျိုးတွေ ပိုတောင် ရှိဦးမှာ .."

"မဟုတ်ရင်လည်း သူတို့ သောက်ကြ စားကြမှာတွေ သားလေးကို မမြင်စေချင်ဘူး .. သား ရှိနေရင်လည်း ဂီတ ကို ဒုက္ခပေးဖို့အတွက် သားလေးကို သူ ခေါ်ထုတ်သွားနိုင်တယ် .. အဲ့ဒါကြောင့်ပါ .. ဒီတစ်ခုတော့ ကူညီပါနော် .. ဖြစ်နိုင်ရင် သားလေးကို သူ ပြန်မလာခင် လာခေါ်ပေးပါ လို့ .."

"အင်း .. ဒါပေမယ့် သူ ကြိုက်ပါ့မလား .."

"သားကို မြင်ရင်တောင် သူ ကြိုက်ချင်မှ ကြိုက်မှာပါ .. အိပ်နေတယ် ပြောလိုက်ရင် ဖြစ်ပါတယ် .."

ဒေါ်အေးပွင့် က ခေါင်းညိတ်ပြီး အလက်ဇ် ကို ဖုန်းဆက်နေသည်၊ သားကို သေချာမှာခဲ့ပြီး ဂီတ က ဈေးသွားဖို့ ပြင်ရ၏။

"သမီးက .."

"ချက်ပြုတ်ရမှာတွေ အများကြီးပဲ အန်တီ .. အိမ်မှာ ပြည့်စုံအောင် မရှိဘူး .. ဈေးပြေးရဦးမှာ .."

"အို .. လူ ဆယ်ယောက်စာကြီးကိုကွယ် .. ဟိုတယ်လ်က မှာလိုက်မှာပေါ့ .. ကိုယ်လည်း မပင်ပန်းဘူး .. စုံစုံလင်လင် သေသေသပ်သပ်နဲ့ ပြီးသွားမှာကို .."

ရွှေသမင်စာပေ

www.burmeseclassic.com



"နေပါစေ .. တမင် ပင်ပန်းစေချင်တာကို ဂီတ ရှောင်နေလည်း နောက်တစ်မျိုး ထပ်လာဦးမှာ .."

ဒေါ်အေးပွင့် သက်ပြင်းချရင်း ကျန်ခဲ့၏။

သေချာသိနေတာကတော့ ဒီကောင်လေး ဂီတ ကို ဒုက္ခပေးဖို့ ကြိုးစားနေတာပါ ..။

ဒီလောက်လှပြီး သိမ်မွေ့ သေသပ်လွန်းတဲ့ မိန်းကလေးတစ် ယောက်ကို ဘာတွေ ဒီလောက်ထိ အငြိုးထားနေရတာလဲ ..။

ငြိုးနေတာတွေကရော မပြီးနိုင်တော့ဘူးလား ..။

သိုက် မှာ မေတ္တာစိတ်မှ ရှိရဲ့လားလို့တောင် တွေးရမလို ဖြစ်လာ ခဲ့သည်။

ဂီတ လောက် လှတဲ့ မိန်းကလေးကို ရက်စက်မှုတွေနဲ့ ဒဏ်ရာ အထပ်ထပ်ပေးပြီး ဒီလောက်ထိ ဥပေက္ခာထားနိုင်တာ ဘယ်လို နှလုံး သားနဲ့လဲ ..။



အခန်း (၄၅)

ဖိတ်ထားသမျှထဲမှာ အသက်လေးဆယ်လောက်အရွယ် နှစ် ...က်ပဲ ပါကာ အားလုံးက သူ့လောက် မတိမ်းမယိမ်းတွေပဲ ဖြစ်၏။

"ဟား .. ဟင်းတွေ စုံလှချေလား .. ဆောင်းဦး ရေ .. မင်းအလှည့် ...င်တော့ ဒီတိုင်းဖြစ်မှ ရမှာ နော် .."

"မလုပ်နဲ့လေ .. ငါ့မှာ အဲ့ဒီလောက်တော်တဲ့ စားဖိုမှူး မရှိဘူး.."

"ဟာ .. ဒါတွေက ဆိုင်က မှာထားတာတွေ မဟုတ်ဘူးလား.."

"ဘယ်ကလာ ဟုတ်ရမှာလဲ .. ဒီကောင် လက်သပ်မွေးထားတာ ...က သူ့အတွက် လိုတရ ကုဋ္ဌာသယအိုးလေး .."

"အား .. ဒီလိုလား .."

ကြားလိုက်ရသည့် စကားသံတွေကြောင့် ဂီတ တစ်ကိုယ်လုံး ဖျင်း ကြမ်းရှသွားသည်။

'ဒီကောင် လက်သပ်မွေးထားတာလေးက ..'

ထိုစကားသွားက ဓားသွားလို နားထဲ ဝင်၏။

"ဒီမှာ ဘာလုပ်နေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဘားရဲ့ အပြင်ဘက် ကွယ်ရပ်လေးမှာ တောင့်တောင့်လေး ရပ်နေမိသဲ ..၊ သိုက် က သူမ ရှေ့ ရောက်လာ၏။

အနက်ရောင်လုနေသော ရေညှိစိမ်းရောင် ကုတ်အင်္ကျီနှင့် အဝါရောင် စပို့ရှပ်လည်ပိုင်းကို ဝတ်ထားသည်။

ဆံပင်တွေကို နောက်ကို သိမ်းလှန်ဖြီးထားသည့်မျက်နှာက ခါတိုင်းထက် ပို၍ ရှင်းသန့် ကြည်စင်နေ၏။

ပြီးတော့ ဂီတ ရှေ့ကို ရောက်လာတာနှင့် သူ့ကိုယ်မှ ရလိုက်သော ရေမွှေးနံ့က ပန်းရနံ့ သင်းနေ၏။

ဘီလူးက ပန်းပန်လာသလိုပါလား ..၊

မှန်းတီးသော မျက်လုံးတွေက မီးတောက်မတတ် ရှိနေခဲ့လျက် သိုက် ကို ရူးရူးဝါးဝါး ကြည့်မိကာ ...

"လိုအပ်တာ အားလုံး ပြင်ပေးထားပြီးပြီ .."

"ပြင်ပေးပြီး ဖုတ်ဖတ်ခါ ထွက်သွားလို့ မရဘူး .. မင်းကို ပြင်ဆင်ထားဖို့ ငါ ပြောထားတာ .. ဒီမှာ ဘာရပ်လုပ်နေတာလဲ .."

ဂီတ အံလေးကြိတ်ထားရင်း ငြိမ်ကျသွားသည်။ သိုက် က နားကြည့်၍ ...

"ခု သွားပြင်ချေ .. ဆယ့်ငါးမိနစ်အတွင်း ပြီးအောင် လုပ်ခဲ့ -"

အမိန့်တစ်ရပ် ချမှတ်ပြီး သူ ပြန်ထွက်သွားသည်။

ဂီတ ဒါကို ကြိုတွေးပြီးသားပါ ..၊ ခိုကပ်နေကြည့်လို့ မရနိုင်မှန်းလုံးဝ သေချာသွားပြီဆိုမှတော့ သူမဘက်က နာခံရုံအပြင် တခြား မရှိတော့ ..။

"ဟော .. ဟိုမှာ .. သိုက် ရဲ့ ကောင်မလေး .."

သိပ်မကြာလိုက်ခင် ထွက်လာသဖြင့် သိုက် အံ့ဩသွားသည်။ ဦးမျိုးနောင် လှမ်းကြည့်ပြီး ပြောသံထွက်လာမှ နောက်ကို ပြန်ငဲ့ကြည့်မိ၏။



ပန်းပုဆစ်ထားသလို အချိုးကျ လှပသော ကိုယ်ခန္ဓာအလှပေါ်မှာ အနက်ရောင်အဖြောင်သား လည်ကပ်လက်ပြတ်လေးက ဒူးဆစ်နားထိ ပျော့ပျော့ကပ်ကပ်လေး ..၊

ဖွေးနုဝင်းထိန်နေသော လက်မောင်းသားနဲ့ ပေါင်တံသွယ်သွယ်လေးတွေရဲ့အလှက သူ့မျက်လုံးတွေထဲမှာ ပြုံးပြက်လက်သွား၏။

ဆံပင်တွေကို အကုန်လုံး သိမ်းတင်ပြီး ဘယ်လို ဖိကပ် ထိန်းကွပ်ထားသည်တော့ မသိ ..၊ ဆံပင်အားလုံးသည် သရဖူဘီးကုပ်လေးထဲမှာပဲ လှလှပပလေး တွေးလိပ် နိုင်မြဲနေ၏။

လည်တိုင်ကျော့မှာ ပြောင်ရှင်းနေသည်က အဖြူနဲ့ အနက် ရောထွေးနေသော နားဆွဲရှည်ကြောင့် နုနွဲ့လှပနေ၏။ လှမ်းကြည့်မိကြသော ယောကျ်ားသားအားလုံး၏အကြည့်တွေ သူမ တစ်ကိုယ်လုံးမှာ စုန်ချီဆန်ချီ ဖြစ်နေခဲ့ကြစဉ် သိုက် က မျက်မှောင်ကုတ်နှင့် စိုက်ကြည့်နေ၏။

အုပ်စုထဲမှာ ပါနေသော သက်ခိုင် ကတော့ ဂီတ ကို မြင်လိုက်တည်းက သိုက် ရဲ့မျက်နှာကို လှမ်းကြည့်လိုက်တာမို့ တဖြည်းဖြည်း တည်တင်း ရဲတက်လာသော မျက်နှာအခြေအနေကို သေချာ မြင်နေရ၏။

ဒါပေမယ့် ခဏလေးပဲဖြစ်ကာ သိုက် က ရှေ့ပြန်လှည့်၍ အပြုံးမပျက် နေ၏။ ထိုအခါကျမှ လည်ချောင်းရှင်းတဲ့သူ .. ချောင်းဆိုတဲ့သူနှင့် အားလုံး လှုပ်လှုပ်ရှားရှားတွေ ပြန်ဖြစ်လာကြပြီး ...

"ပြည့်စုံသွားပြီကွာ .. သိုက် တည်ခင်းတဲ့ ဒင်နာလောက် ပြည့်စုံတာ ဘယ်မှာမှ ရှိမှာ မဟုတ်ဘူး .. ကဲ .. ကဲ .. ယမကာရယ် .. မိန်းမလှလေးရယ် .. ပြည့်စုံပြီဆိုတော့ စလိုက်ရအောင်လေ .."

ဂီတ က အေးစက်စက် မျက်နှာလေးနှင့် ရှေ့တိုးလာပြီး ဒီကိုမှလင်းကို ကိုင်၏။

ဦးမျိုးနောင် မျက်နှာကြီး ပြုံးချိုသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ .. ဦးတို့နဲ့ အတူတူ စားသောက်ပေးရင် ပိုပြည့်စုံတာပေါ့ လာ ချ .."

ဂီတ ကိုင်လိုက်သည့် ဖန်ခွက်ထဲကို သူကိုယ်တိုင် ရေခဲတုံးလေး တွေ ထည့်ပေးပြီး ...

"ရပြီ ထည့်လိုက်တော့ ဆက်စီဂဲလ်လေး .. ပိုင် ဆိုတာ တကယ် ကို သက်သက်လေးနဲ့ ငြိမ့်ငြိမ့်လေးပဲ .."

"ကျွန်မ မသောက်တတ်ဘူး .."

"ဟာ .. မလုပ်နဲ့လေ .. တစ်ဝိုင်းတည်း အတူတူ ချရမှာပေါ့ မဟုတ်ဘူးလား သိုက် .."

သိုက် က ပြုံးလိုက်ပြီး ဂီတ ခါးလေးကို လက်တစ်ဖက်နဲ့ ဆွဲ ထားလိုက်၏။ ပြီးတော့ သူ့ပေါင်ပေါ်မှာ ထိုင်လျက်သားလေး ဖြ သွားအောင် ဆွဲသိမ်းထားလိုက်ပြီး ...

"သူ့ကို တိုက်လို့ မဖြစ်သေးဘူး .. နှစ်ယောက်စလုံး မူးနေ ဒီည ကျွန်တော် မူးတာတွေ အလကား ဖြစ်ကုန်မှာပေါ့ .."

"ဟော .."

"ဦးမျိုး ကလည်းဗျာ .. အိမ်ရှင်ကို တစ်ကွက် ချန်ပေးဦးမှပေါ့"

"ဒီလိုလား .."

"ဒီလို .. ဒီလို .."

ဂီတ သူ့လက်တွေကို အားစိုက်၍ ဖိတွန်းချမိသည်။ တွန်းမှ ပိုတ သွားသဖြင့် လူတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ မြုပ်နေကာ ပခုံးသာ နုနုလေးမှာ ထိမိသွားလိုက် .. လည်တိုင်မှာ နွေးခနဲ ဖြစ်သွားလိုက်

"ဟိုး .. ဟိုး ..."

"သိုက် နော် .. ငါတို့ကို အထီးကျန်ဆန်အောင် လုပ်ပြမနေနဲ့"

"နေပါစေကွာ .. သူ့လို နတ်စည်းစိမ်မျိုး သူ့လိုလူပဲ ခံစားနိုင်တာ မနာလို မရှိစမ်းပါနဲ့ .."





သူ တစ်ခါ နမ်းလိုက်တိုင်း စနောက် ရယ်မောသံတွေ ဆူညံသွား ကာ အားလုံးက သောက်ကြစားကြနှင့် ပြောကြသည့် စကားလုံးတွေက လည်း ကြမ်းတမ်းလာ၏။

သူတို့အမြင်မှာ .. သူတို့ရဲ့ စကားတွေထဲမှာ သူမက သိုက် ရဲ့ အဖြည့်ခံ ပျော်တော်ဆက်မလေး ...၊

"သိုက် နော် .. မင်း ဒါတော့ လွန်ပြီ .."

သူ ပြုမူနေပုံတွေကလည်း ဂီတ ဆိုတဲ့ မိန်းမတစ်ယောက်က တန်ဖိုးမဲ့ အရုပ်တစ်ရုပ်လို ...၊

"မင်း သူ့ကို သဘောမကျဘူးလား သိုက် .. ဒီလောက် ဆက်ဂ်စီ ဖြစ်တဲ့ အလှပဒေါးလေးကို .."

"မေးမနေနဲ့ .. မျက်လုံးထဲမှာ ကြည့်လိုက် .."

"မျက်လုံးကို မကြည့်ရဘူးဗျ .. ဖက်ထားတာကို ကြည့် .. သူသာ နှုပိုင်သုံးစွဲခွင့်ပါမစ် ရထားတာကို ကြွားနေတာ .."

ဂီတ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာခဲ့သည်။ အမြည်း တွေကို တို့တိတို့တိ နှိုက်စားရင်း ဟုတ်တိပတ်တိလည်း သောက်တာ မဟုတ်ဘဲ သိုက် က ကျေနပ်စွာ ပြုံးနေ၏။

ဒီည ဒီပွဲဟာ ကိုယ့်ဘဝကို အရေခွံဆုတ်ခွာ၍ ဆားပက် မီးကင် တဲ့ပွဲသာ ဖြစ်လေသည်။ သိမ်းဖက်ထားသော လက်တွေကို ဖယ်ချဖို့ သည်း မကြိုးစားတော့ပါ ..။

ပြည့်သိပ်လာသည့် မျက်ရည်တို့ကို မျက်နှာလွှဲ၍ ဖျောက်ကွယ်ဖို့ ကြိုးစားကာမှ ပါးပြင်ထက်သို့ ပူနွေးစွာ လျှောဆင်းကုန်ကြ၏။

ဖုန်းမြည်သံ ဆူညံလာကာမှ ဂီတ ကို ဖယ်၍ သူ ဖုန်းကိုင်ပြီး ထွက်သွားသည်။

"ဆောရီး .. ခဏပဲ .."

အားလုံးကို ခွင့်တောင်းသွားတာ ကိုယ် မပါလေမယ့် ဂီတ သူ

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တဲ့အတိုင်းလေး မတ်တတ်ရပ် ကျန်ခဲ့၏။

"ကလေး အဲဒီလိုကြီး ထိုင်မနေနဲ့လေ .. လာပါ .. ဦးကို ဝိုင်လေး တစ်ခွက်လောက် လာထည့်ပေး .. လာပါ .. လုပ်ပါ .."

"ဟာ .. ဦးမျိုး .."

"နေစမ်းပါ.. မင်းတို့ကလည်း ယောက်ျားလေးတွေထဲမှာ ဒါလေး တစ်ယောက်တည်း ပါတာ တို့အားလုံးနဲ့လည်း သက်ဆိုင်ရမှာပေါ့ - လာပါ ချာတိတ်ရဲ့ .."

ဂီတ မျက်ရည်တွေ သုတ်ထားပြီးပေမယ့် မျက်တောင်ကော့တို့က စိုစွတ်နေဆဲဖြစ်ကာ ထိုလူကို စိုက်ကြည့်နေစဉ်မှာ မျက်ရည်ရေ ကြောင့် မျက်ဝန်းညိုတို့က ပို၍ လက်တောက် စူးရဲနေကြ၏။

မူးနေတဲ့လူ မျက်လုံးထဲမှာတော့ ဒေါသလား .. ရမ္မက်လား မျ ခြားနိုင်ဘဲ ...

"အားပါးပါး လှလိုက်တာ .. ဒီလိုကြီး မကြည့်နဲ့လေ .."

ဝိုင်ထည့်ပေးဖို့ ထလိုက်ပေမယ့် လောဘကြီးပြီး လက်ကိုပါ လှမ်း ဆွဲလိုက်တော့ ဂီတ ဦးမျိုးနောင် လက်ကို ပုတ်ထုတ်ပစ်လိုက်၏။

"ဟဲ .. ဟဲ .. လာပါကွ .. ခုနက သိုက် ရင်ခွင်ထဲမှာ နေသလိုလေး လာပါ .. ခဏလေးပဲ .."

ဂီတ မျက်လုံးတွေ တလက်လက် ဖြစ်လာကာ ဖန်ခွက်ကိုပဲ ထိုလူ ရှေ့ တွန်းပို့ပေးလိုက်၏။

"စိမ်းကားလိုက်တာကွာ .. ဒီလောက်နဲ့တော့ ဘယ်ကျေနပ်နိုင် မလဲ .. လာပါ .."

ဘယ်ကို လက်ပြင်လိုက် ပြင်လိုက် ပုတ်ထုတ် ခါချပစ်နေသဖြင့် ဦးမျိုးနိုင် က ဂီတ ရဲ့ခါးလေးကို မမီ့တမီ လှမ်းဖက်သည်။

မမိတော့ အားမလိုအားမရ ထလိုက်ပြီး ခပ်ယိုင်ယိုင် ကိုယ်ကြီး ပူးကပ်ဖို့ ကြိုးစားလျှင် ...





"အဲ့လောက်ထိ မပါဘူး ဦးမျိုးနောင် .."

ဂီတ ရှေ့ကို သိုက် ရောက်လာကာ ဦးမျိုးနောင် ရဲ့ အင်္ကျီရင်ဘတ်စ ကို ဆောင့်ဆွဲလိုက်ပြီး ...

"ခင်ဗျား သတိတွေ လွတ်ချင်နေပြီ .."

"ခွပ် .."

"အင့် .."

"ခွပ် .."

"သိုက်!... သိုက် တော်တော့ .."

"ဟေ့ .. လုပ်ပါဦးဟ .."

"ဦးမျိုး ကို အဲဒါကြောင့် ငါ ပြောနေတာ .."

အားလုံး ရှုံ့မဲ့ ခေါင်းခါနေကြပေမယ့် သက်နိုင် က သိုက် ရဲ့ဆီ ကို ရောက်သွားခဲ့၏။

"သိုက် .. တော်တော့ကွ .. ဒီလူက မူးရင် လွတ်တတ်တယ် .."

"အဲ့ဒါကြောင့် သတိရသွားအောင် လုပ်ပေးလိုက်တာ .. သွား - ဒီလူကြီးကို ခု ခေါ်ထုတ်သွား .."

"အေးပါ .. အေးပါ .. ကျွတ် .. မင်း ထပ်ဖြစ်ဦးမယ် .. ငါ သွား မယ်နော် .."

ဦးမျိုးနောင် က ကြမ်းပေါ်မှာ လဲပြိုနေပြီဖြစ်ကာ အထိုးခံလိုက်ရ သူ့မျက်နှာ သူ စမ်းကြည့်ပြီး ရှူးရှူးရှားရှား ထဖြစ်၏။

"လာဗျာ .. ဦးမျိုး သွားမယ် .. ခင်ဗျား ကားမောင်းနိုင်မှာ မဟုတ် ဘူး .. ကျွန်တော် လိုက်ပို့မယ် .."

"ဘာလဲ့ကွ .. ငါ သောက်နေတာ မပြီးသေးဘူးလေ .. ဒေ့ - သိုက် .. သိုက် က ငါ့ကို ဘာလို့ မောင်းထုတ်နေတာလဲ .."

အားလုံး ဇရုတ်သုတ်ခတွေ ထဖြစ်ကုန်ကာ သက်နိုင်က လေးငါး ယောက်လောက်ကို သူနဲ့ တစ်ပါတည်းပါအောင် ခေါ်ထုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကျန်ရစ်သူတွေကို သိုက် က ဂရုမစိုက်ဘဲ ဂီတ လက်လေးကို ဆွဲ၍ ခေါ်ထုတ်လာခဲ့၏။

ပြီးတော့ အခန်းထဲရောက်မှ တံခါးကို တုန်ခါသွားအောင် ဆောင့်ပိတ်ပစ်လိုက်ပြီး ...

"မင်းက ဘာပုံစံ လုပ်ထွက်လာတာလဲ .."

ပခုံးနစ်ဖက်ကို ဆောင့်ခါပစ်လိုက်ပြီး အော်သည်။ ပခုံးကို ဆွဲခါနေပေမယ့် လူတစ်ကိုယ်လုံးကို ကိုင်ပေါက်ခံနေရသလို ခေါင်းထဲမှာ ချာချာလည်ကာ ဂီတ သူ့ရင်ဘတ်ကို အားရှိသမျှနဲ့ ဆောင့်တွန်းပစ်လိုက်၏။

"အဲဒါ ရှင် လိုချင်တဲ့ ပုံစံပဲလေ .. ရှင် ခိုင်းလို့ လုပ်ခဲ့တာ .. ရှင့်လူတွေကလည်း ရှင့်ခွင့်ပြုချက်နဲ့ ဇော်ကားကြတာပဲ.. လူယုတ်မာတွေ.."

"အေး .. လူတွေ ဖောက်မာချင်အောင် မင်းတို့မိန်းမတွေပဲ လုပ်နေတာ .. မင်းကို အဲဒီကောင်တွေ ဖန်ခွက်ထဲထိ အရက်ထည့်ပေးဖို့ ဘယ်သူခိုင်းလို့ တာဝန်ကျေနေတာလဲ .. ပြော .."

"ရှင် ခိုင်းတာလေ .. ဒီလို ဝတ်ထွက်လာဖို့ .. ဒီလူတွေကို ဧည့်ခံဖို့ .."

"တိတ်စမ်း .."

"ဘာလို့ တိတ်ရမှာလဲ .. ရှင့်ကို အရမ်းမုန်းတယ် .. ရွံတယ် .. ကျွန်မဘဝကို ရှင့်ခြေဖဝါးအောက်မှာ နင်းလို နင်း .. ချေလိုချေ ချပေးထားခဲ့ပေမယ့် ရှင့်ကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်ဆိုတာ ရှင် မှတ်ထား .."

မျက်ရည်များနှင့် စိုလူးနေသော မျက်နှာလေးက ဒေါသတွေနဲ့ ပွက်ပွက်ဆူနေပေမယ့် သနားစဖွယ်လေး ဖြစ်နေခဲ့၏။ မုန်းတာတွေ ပြောနေရင်း လဲပြိုမတတ် တုန်ယင်နေကာ ...

"ရှင့်ကို အရမ်းမုန်းတယ် .. လူယုတ်မာ .."





"မင်း!..."

တူးတူးခါးခါး မုန်းတာတွေ ပြောနေသည့် သူမကို ဆတ်ခနဲ ဆောင့်ဆွဲကာ မျက်နှာလေးကို စေ့စေ့ ကြည့်မိ၏။ ပြီးတော့ သူမကိုယ်လေးကို အရုပ်လေး တစ်ရုပ်လို ပွေ့ယူလိုက်ပြီး ...

"အား!..."

ဂီတ မွေ့ရာပေါ်ကို ပက်လက်ကလေး ပစ်ကျသွားသည်။ သို့သော် သိုက် မွေ့ရာစပ်မှာ ထိုင်လိုက်သည်နှင့် သူမ လူးလဲ ပြန်ထလိုက်ပြီးဖြစ်ကာ ...

"ဒီမှာ တွေ့လား .."

သူမလက်ထဲမှာ အော်တိုမစ်တစ် ခလုတ်ဓားလေးတစ်ချောင်းက တလက်လက် တောက်နေ၏။ သိုက် က စီးကရက်ထုတ်လိုက်ပြီးမှ မီးမညှိဖြစ်ဘဲ ဒီတိုင်း ကိုင်ထားရင်း အံ့ဩသလို ငုံ့ကြည့်သည်။

ဖိနပ်ရော လူပါ မွေ့ရာပေါ် ပစ်ကျသွားခဲ့တာမို့ ဒီဓား ဘယ်က ထွက်လာသည်ကို သိလိုက်ပြီး သိုက် က ပြုံးသည်။

"မင်းက ငါ့ကို ထိုးမလို့လား .."

"ရှင် ကျွန်မကို ထိရဲရင် ထိကြည့်လေ .."

"ထိတော့ .."

"ကျွန်မ ဆုံးဖြတ်ပြီးပြီ .. သူများ ယုတ်မာတာကို တတိတိ ခံစားနေရမယ့်အစား ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်လိုက်မယ် .."

"ဒါဆို .. မင်း ဖြောင့်ဖြောင့်သေလို့ ရအောင် .. မင့်သားကိုပါ သွားသတ်လေ .. သွားခေါ်ပေးမယ် .."

"ဟွန်း .."

ဂီတ က စိန်ခေါ်သလို ပြုံးသည်။ သို့သော် ပြုံးမဲ့မဲ့ မျက်နှာလေးမှာ မျက်ရည်တွေ စီးကျနေခဲ့လျက် ...

"ကျွန်မ လုပ်မှာ.. ရှင် ထိရဲရင် ထိကြည့်.. ရှင် ကျွန်မတို့ အနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျင့်ဖို့ ကြိုးစားကြည့်လိုက်စမ်းပါ .. ကျွန်မ လုပ်ပစ်မှာ ..”

မားကို ပို၍ ကျစ်နေအောင် ဆုပ်ထားလိုက်ကာ လည်ပင်းမှာ ကပ်ထောက်လိုက်၏။ သိုက် က စိုက်ကြည့်နေကာ ...

“ဘာထူးမှာမို့လို့ မာနတွေ ပြနေတာလဲ.. မင်းဘဝက ငါ့လက်ခုပ်ထဲက ရေပဲ .. မင်း လိမ္မာရင် ငါ့ဆီက အခွင့်အရေးကောင်းတွေ ရဖို့ပဲ ကြိုးစားရမှာ ..”

“အခွင့်အရေး .. ဘာ အခွင့်အရေးလဲ ..”

“တကယ်လို့ မင်းက ဆွဲဆောင်မှုအား ကောင်းနေရင် .. မင်းကို ငါက စွဲလမ်းခဲ့ရင် ..”

“အရှုး ..”

ဂီတ က ရှူးရှူးဝါးဝါးကြည့်ပြီး ရှုံ့မဲ့ ကဲ့ရဲ့သည်။ ပြီးတော့ တလက်လက်နဲ့ မျက်ရည်တွေ သုတ်၍ ...

“ရှင့်လိုလူကို ဘယ်သူတွေက မက်နေတာလဲ ..၊ လူယုတ်မာတစ်ယောက်က တစ်နေ့ကို ရွှေစင်ဆယ်တင်းလောက် ဖန်တီးနိုင်တယ်ဆိုရင်တောင် အဲဒီလူယုတ်မာကို သစ္စာရှိ ခွေးတစ်ကောင်လောက် ကျွန်မ မမက်ဘူး ..”

သိုက် မျက်မှောင်ကုတ်သွားသည်။ ဂီတ က ခဏလေး ခြောက်သွေ့သွားသည့် ပါးပြင်ထက်မှာ မျက်ရည်တွေ နောက်ထပ် စိုလူးနေပြန်လျက် ...

“ကျွန်မကို ကျွန်လို ကြိုက်သလောက် ခိုင်း.. ထားချင်သလို ထား-နောက်ထပ် အနိုင်ကျင့်ဖို့ မကြိုးစားနဲ့ ..”

သိုက် က စီးကရက်ကို အသစ်အတိုင်း လွှင့်ပစ်လိုက်ပြီး မဲ့သည်။ ပြီးတော့ ဂီတ ကို မျက်ခုံးတွေပင့်၍ စိန်ခေါ်သလို ကြည့်၍ ...

“မင်း သိလား .. လူ့သဘာဝကိုက မရရင် ပိုလိုချင်တယ် .. ပြီးတော့ ..”





မွေ့ရာပေါ်မှာ လက်ထောက်ပြီး မျက်နှာကို သူမနား ကပ်လိုက်ပြီး ...

“ဒီည မင်းအလှကြောင့် ငါ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်ကုန်ပြီ ..”

ဂီတ နှုတ်ခမ်းလေး တင်းခနဲ စေ့ပိတ်သွားသည်။ ပြီးတော့ မျက်လုံးတွေ စုံမှိတ်၍ မားကို ဖိဝိုက်ချလိုက်၏။

“အ!...”

ထိုလက်လေးကို သိုက် က ဖမ်းဆွဲလိုက်ကာ လက်ခုံလေးကို ဒိညှပ်ပစ်လိုက်တာနှင့် ကိုင်ထားသည့်မားလေးက မွေ့ရာပေါ် လျှောကျသွားလေသည်။

“ဒေါက် ..”

မားကို ခလုတ်နှိပ် ပိတ်လိုက်ပြီး လွှင့်ပစ်လိုက်၏။ ထို့နောက် ဂီတ သူနဲ့အတူ အိပ်ရာပေါ် ရောထွေး ပြိုကျသွားခဲ့၏။

“ရှင် .. ရှင် မယုတ်မာနဲ့ .. ဟင့်အင်း .. လွှတ် ..”

ချောက်ချားသွားသည့်စိတ်သည် အနိုင်မခံ အရှုံးမပေးချင်သည့် မာနနှင့် ရောထွေးကာ နိုင်မှာလည်း မဟုတ်သည်ကို နားလည်လိုက်ရပြီး ...

“ရှင့်ကို မုန်းတယ် .. မုန်းတယ် .. သိလား ..”

သူ့အနမ်းတွေကို ခါးသီးစွာ ရှောင်ဖယ်ရင်း စိတ်ဖိစီးမှုတွေက ခေါင်းတစ်ခုလုံးကို ချာချာလည်နေစေလျက် ...

တွန်းထိုး ထုနှက်နေသည့် ဂီတ လက်လေးတွေ လျော့ရဲ ခွေကျသွား၏။

မုန်းတာတွေ တတွတ်တွတ် ဆိုနေခဲ့သည့် နှုတ်ခမ်းသားလေးတွေမှာလည်း စကားသံတို့ တိတ်ကျသွားခဲ့လျက် ...

“မင်း တော်တော် မာနကြီးပါလား ..”

www.burmeseclassic.com

www.burmeseclassic.com



သတိလစ် ငြိမ်သက်နေသည့် မျက်နှာလေးကို မော့ယူကာ တစိမ့်စိမ့် စီးမိုး ငေးနေမိသည်။

ပြီးတော့ နဖူးဆံစလေးတွေကို သပ်တင်ပေးရင်း နဖူးပြေပြေလေးကို မထိတထိ နမ်းသည်။

ပြီးတော့ ဂီတ ရဲ့ နှုတ်ခမ်းလွှာလေးတွေကို လက်ချောင်းတို့နှင့် ဖွဖွလေး တို့ထိနေရင်း သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။

ပြီးတော့များစွာနှင့် သူ့ရဲ့ ညင်သာစွာ တို့ထိ ကြင်နာခြင်းတို့သည် သူမ တစ်ကိုယ်လုံးကို တင်းခနဲ ပွေ့ပိုက်ကာ ပါးချင်းကပ်ထားလိုက်မိခြင်းမှာ အဆုံးသတ်ခဲ့ပြီး ...

"အရမ်း ချစ်တယ် .."

သူ့ကိုယ်သူ သေချာစွာ သုံးသပ် ဆုံးဖြတ်၍ တိုးတိတ်စွာ ဖွင့်ဟမိရင်း ...။



အခန်း (၄၆)

"မေမေ .. ဆရာဝန်က အနားယူဖို့ ■ပြောထားတယ်လေ .."

"မေမေ နေကောင်းပါတယ် သားရယ် .. သားလေး သွားဆော့နော် .."

"သားသားက ဆော့ပြီးပြီ မေမေရဲ့ .. ဦးဦးက အပေါ်ထပ်ကို လာခဲ့ဦးဆိုလို့ .. အဲ့ဒါ .."

"မသွားရဘူး .."

ဂီတ ရေခဲသေတ္တာထဲက ထုတ်ယူထားသည့် အသားဘူးတွေကို ဆာဗင်ထဲ ဒီတိုင်း တွန်းချပစ်လိုက်ကာ ခေါင်းခါရင်း ...

"မသွားရဘူး .. ဒီလူက .."

"သမီး .."

ဒေါ်အေးပွင့် က မီးဖိုခန်းထဲ ဝင်လာကာ ...

"သမီးရယ် .. ကလေးက အိမ်မှာ တစ်ယောက်တည်း နေရ[illegible] ဒီအိမ်ထဲမှာတောင်မှ ဟိုမသွားရ .. ဒီမသွားရဆိုရင် .."

"မဟုတ်ဘူး အန်တီ .. သူ့ကြောင့် .. သူ့ကြောင့် .."

ဘာဆက်ပြောရမှန်း မသိတော့ပေ ...။

www.burmeseclassic.com

www.burmeseclassic.com



ခုတလော သိုက် က ကလေးကို မနှုးညံ့ပေမယ့် အော်လား ငေါက်လားတွေ သိပ်မရှိတော့ဘူးဆိုတော့ ဒေါ်အေးပွင့် တို့က ကျေနပ်နေကြသည်။

သူမကတော့ မှုကြိုထိ လိုက်သွားပြီး ကလေးကို မိုက်ရိုင်းရမ်းကားဖို့ လမ်းစဖော်ပေးလိုက်သည်ဆိုတည်းက သိုက် ဘယ်လိုခြေလှမ်းပြင်လိုက်သည်ကို သိနေ၏။

လက်သာရာ ပျော်တတ်၍ သိလွယ် တတ်လွယ်သော ကလေးရဲ့ အနာဂတ်ကို ဒီလူ အချိုသတ်၍ ဖျက်ဆီးတော့မှာ ဖြစ်သည်။

"သမီးလည်း နေမကောင်းဘူးလေ.. ဒီထဲဝင်ပြီး ဘာလုပ်မလို့လဲ.."

စိတ်ကို အားတင်းရင်း ကိုယ့်သောကတွေနဲ့သာ လုံးထွေးလည်ပတ်နေသည့်စိတ်က ဒေါ်အေးပွင့် စကားကို ကြားလိုက်ရမှ ကိုယ့်တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်နေသေးတာကို သတိပြန်ရ၏။ သို့သော်...

"ရတယ် အန်တီ .. မနေ့တည်းက ဂီတ ဘယ်လိုမှ ခေါင်းမထူနိုင်လို့ ထမလာခဲ့တာပါ ..၊ အန်တီ မီးဖိုချောင်ဝင်လိုက်ရတာကို ဂီတ .."

"ဖြစ်ရလေ ဂီတ ရယ် .. သမီး ကိုယ့်ကိုယ်ကိုယ် အလုပ်သမားတစ်ယောက်လို သဘောထားနေတာကို မပြောလိုပါဘူး .. ဒါပေမယ့် ဒီမှာရှိတဲ့ လူလေး နှစ်ယောက် သုံးယောက်တည်းကိုတော့ မိသားစုလိုပဲ သဘောထားပါ .. သိုက် က သမီးကို ရန်သူလို သတ်မှတ်ပြီး ဆက်ဆံတယ် .. အန်တီ့ကိုတော့ အဒေါ်သားရင်းလို လာပါ .. ကူပါပြောလို့ အန်တီက လာနေပေးရတယ် .. ဘာပဲဖြစ်ဖြစ် အန်တီတို့က သိုက် နဲ့ ပတ်သက်ကြရုံ အတူတူပါပဲ .."

"မတူပါဘူး အန်တီ .. ဂီတ က ရန်သူ .. အန်တီက မိတ်ဆွေပါ..၊ ဂီတ လည်း သူ့ကို ဘယ်တော့မှ မိတ်ဆွေလို့ သတ်မှတ်နိုင်မှာ မဟုတ်သလို သူလည်း ဒီတိုင်းပဲနေမှာ .."

စကားပြောနေရင်း တရိပ်ရိပ် မူးဝေလာသဖြင့် ဆောဇင်ဘက်ကို





ဒိမသာ ကပ်ပြီး ကိုင်ထားလိုက်ရ၏။

ဒေါ်အေးပွင့် ကလည်း ဂီတ မျက်နှာကိုပဲ တကြည့်ကြည့်မို့ ..၊

"သမီး နေသာရဲ့လား .. အခု ဘာလုပ်မလို့လဲ ဟင် .. အန်တီ့အိမ် ကောင်မလေးတစ်ယောက်ကို လွှတ်လိုက်ဖို့ အလက်ာ ကို အန်တီ း ဆက်ထားတယ် .. တော်ကြာဆို ရောက်လာလိမ့်မယ် .. သန့်ရှင်း တွေ .. ချက်ပြုတ်ဖို့တွေ သမီး ဘာမှ ပူမနေနဲ့ .. သမီး ကျန်းမာလာ အထိ .."

"အို .. မလုပ်ပါနဲ့ အန်တီ ရယ် .. မဖြစ်ဘူး .."

ဂီတ မူးနေတာတွေပါ ရုတ်တရက် ပျောက်ကွယ်ကုန်၏။ ဒီ ဘက် ရက်စက်ရိုင်းစိုင်းတဲ့လူက 'ဒီမိန်းမ နေမကောင်းတုန်း နားပါ ' ဆိုပြီး ကြည့်နေမှာတဲ့လား ..၊

တော်ကြာ သူ ရောက်လာတာနဲ့ အိပ်ရာထဲကနေ လာဆွဲချမှာ မ ကြိုသိနေသည်။ ပြီးတော့ ဒင်နှာညတုန်းက သူနဲ့ ဂီတ ..၊

သူ ဂီတ ကို ဘာမှ မကျူးလွန်ခဲ့ဘဲ အနမ်းများနဲ့သာ နောက်ဆုတ် ၏။ ကိုယ်ကလည်း ကြိုက်သလို နိုင်း .. လူကို မထိနဲ့လို့ စိန်ခေါ်ခဲ့ပြီး ..၊ ထို့ကြောင့် သူမ မိုက်ကပ်နေလို့ မဖြစ်သေး ..၊ ဒီလူနဲ့ သူမ ငြိမ်းချမ်းဖို့ လိုသလို သူ့ထံမှ သနားညှာတာခြင်းကိုလည်း စောင့်စားနေဖို့ မရှိ ..၊

"ဂီတ နေကောင်းပါတယ် အန်တီ .. သားလေးကိုသာ သူ့ရှေ့ဆီ က်မသွားအောင် ခေါ်ထားပေးပါ နော် .."

"သားသား မသွားတော့ဘူး မေမေ .. မေမေ့ကို ဝိုင်းကူပေးမယ် .. သားသား ရေတ်သီးထောင်းတတ်တယ် .."

"မလုပ်နဲ့ သား .. ဘွားဘွားနဲ့ .."

သားကို ငုံ့ကြည့်ပြီး ချော့မော့ပြောဖို့ပေမယ့် မျက်လွှာချလိုက်တ မျက်လုံးထဲမှာ ပြာခနဲ မှောင်မိုက်သွားခဲ့ပြီး ...

"ဟင်!... ဂီတ .."

www.burmeseclassic.com



ဂီတ ခေါင်းလေး ငိုက်ခနဲ ကျသွားကာ တအိအိ ခွေကျသွားလျှင်
ခေါ်အေးပွင့် လန့်ဖျပ်သွား၏။ ထိုစဉ် သူမရဲ့ကိုယ်လေးကို သိုက်
ပွေ့ယူထားလိုက်ပြီးဖြစ်လျက် ...

"တောက်!... ပြောလိုက်ရရင် မကောင်းဘူး .. ဒီလောက်တော
ခေါင်းမာရလား .. မင်း .."

ဘယ်လို ပြေးလွှားရောက်လာပြီး တစ်ကိုယ်လုံးကို မိအောင် ခွဲ
ပွေ့ပစ်လိုက်သည် မသိ ..၊ ဂီတ ကလည်း သတိလစ်သွားတာ မဟုတ်
သူ့အင်္ကျီရင်ဘတ်စကို ဆုပ်ကိုင်ထားလျက် .. မျက်နှာလေး မှဲ့နေသည်

သိုက် ရဲ့မျက်နှာသည် ဘယ်လိုဒေါသတွေနဲ့ ဘာကြောင့် ဒီလော
ထိ ခက်ထန်ညိုမောင်းနေသည် မသိဘဲ ...

"ဘွားဘွား .. ဦးဦးက မေမေ့ကို ဆူမှာလား ဟင် .. မေမေ
ရိုက်မလို့လား .."

ဟင်!...

ကလေး မျက်နှာလေး ငယ်နေတာကို သတိထားမိမှ ခေါ်အေး
ပျာပျာသလဲ ခေါင်းခါပြီး ချော့မော့သလို ပြုံးကာ ...

"မဟုတ်ဘူး လူလေး .. အိပ်ရာထဲ ပြန်ပို့ပြီး ဆေးတိုက်မှာပါ
သားလေး မေမေက နေမကောင်းဘဲ ထွက်လာလို့ ဦး က စိတ်ဆိုး
တာ .."

ယုံတာ မယုံတာ ထား ..၊

မား ရဲ့ မျက်နှာလေးကတော့ စိုးရိမ်ဟန်တွေနှင့် ညှိုးငယ်နေ
ရှိလျက် ..၊



## အခန်း (၄၇)

ကားနှစ်စီး ခေါင်းချင်းဆိုင်လျက် ခြံဝမှာ ရပ်တန့်သွားခဲ့သည်။
နှစ်စီးစလုံး အနက်ရောင်နှင့် ပေးလ်ဂိုးလ် မော်ဒယ်မြင့် ကားတွေချည်း
ဖြစ်ကာ ဘယ်သူတွေမှန်းလည်း မသိ ..၊

ခြံစောင့် ဦးရာမာ က တံခါးနားကို ရောက်သွားပေမယ့် သူ ရောက်
လာတာက သိုက် အပြင်ထွက်ချိန်မှန်း သိလို့ ကိုယ့်အလုပ် ကိုယ်လုပ်
တာ ဖြစ်၏။ သိုက် ကလည်း ထွက်လာပြီဖြစ်ကာ ခြံတံခါးဖွင့်လိုက်တာ
နှင့် ကားသုံးစီးဆိုင်ကြတော့မည် ဖြစ်သည်။ ခြံဝကို လှမ်းမြင်လိုက်ရ
သည်နှင့် သိုက် ကလည်း ကားနှစ်စီးကို မြင်သည်။

ဦးရာမာ တံခါးမဖွင့်သေးဘဲ သူ့အမိန့်ကို ပြန်စောင့်နေတာလည်း
သိ၏။ ထိုစဉ် သူ့ကား ခြံနားနီးလာတာနှင့် ရှေ့ကားပေါ်တလူတွေ
ကားပေါ်က အသီးသီး ဆင်းလာကြတာ မြင်လိုက်ရ၏။

ပါဂျဲရိုကားပေါ်က ဆင်းလာတာ ဘယ်သူမှန်း မသိသော အမျိုး
သမီးကြီးနှစ်ယောက်ဖြစ်ကာ ဆင်ဖ်ကားပေါ်က ဆင်းလာတဲ့ နှစ်
ယောက်ကတော့ ဒေါ်မေညွန့် နဲ့ ချို ..၊

ခြံတံခါး ဖွင့်လိုက်သည့်အချိန်မှာ သိုက် ကလည်း ကားပေါ်က
ဆင်းလျှောက်သွားခဲ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ နာရေးလည်း မရှိဘူး .. အလှူလည်း မလုပ်ဘူး - အိမ်မှားလာကြတာ ဆိုရင် .."

သိုက် က သူတို့ကို ပြန်သွားဖို့ လက်နဲ့ ညွှန်ပြ၏။ ဒေါ်မေညွှန့် ကလည်း ဂရုမစိုက်သည့်ဟန်နှင့် လက်ဆွဲအိတ်ကို လက်တံတောင်ဖက်မှာ ချိတ်လျက် ဟန်ပါပါ လျှောက်လာကာ ...

"ငါတို့က အလှူအိမ် လိုက်ရှာနေတာ မဟုတ်တော့ အိမ်မှား အကြောင်း မရှိပါဘူး .. ဟိုဘက်က ဧည့်သည်ကိုပဲ မင်း မေးရမှာ -

"ကျွန်မကလည်း ဂီတ ရှိနေတဲ့အိမ်ကို သေချာ စုံစမ်းပြီးမှ လာတာပါ .. မမှားပါဘူး .."

သိုက် က အမျိုးသမီးကြီးနဲ့ ဒေါ်မေညွှန့် ကို မျက်လုံးဝေ့ကြည့်လိုက်ပြီး ဘောင်းဘီခါးစပ်မှာ လက်ချိတ်ရင်း ...

"ကိစ္စက .."

"ငါတို့ မင်းနဲ့ ဆွေးနွေးစရာ ရှိတယ် .."

"ကျုပ်ဘက်က ဘာမှမရှိဘူး .."

"ဒါဆိုရင် ဂီတ နဲ့ စကားပြောမယ် .."

"ဒါလည်း တောင်းဆိုခွင့် မရှိဘူး .. အဲဒီတော့ ခင်ဗျားစိတ်ကူးတွေ အားလုံး ပျက်ပြီ .. ပြန်တော့ .."

"ဒီမှာ ကိုနေသိုက် .."

ချို က ဒေါ်မေညွှန့် ရဲ့ ဘေးမှာ ယှဉ်တွဲရပ်လိုက်ပြီး သူမတို့ရဲ့ ကားဆီကို ပြန်ကြည့်၍ မေးဆတ်ပြကာ ...

"ရှင် စကားပြောတာ ကြည့်ပြောပါ .. ချို တို့က အခု ရှင့်ရဲ့ အပေးအယူတွေနဲ့ အဆင်ပြေနေရတဲ့လူတွေ မဟုတ်တော့ဘူး .."

သိုက် ရဲ့ မျက်ဝန်းတွေမှာ အထင်မြင်သေးသော ရယ်မြူးရိပ်တွေ ယှက်သမ်းသွား၏။

"ဒီမှာ ငါ့သားက စီးပွားရေးလုပ်ငန်းရှင် ဖြစ်နေပြီ .. နောက်ထပ်





[...]ိုက်နဲ့ ခြံလည်း ဝယ်ထားပြီးပြီ .. ပြောချင်တာက ငါ့မြေးလေးကို [...]ါတို့လက်ထဲ ပြန်ထည့်လိုက်ဖို့ပဲ .."

"ဂီတ ကိုလည်း ရှင့်စိတ်ကြိုက် စေလိုရာ စေနေနိုင်ပြီပဲ .. အခုက [...]ျို တို့ ရှိခဲ့တဲ့ လူမှုရေးကိစ္စတွေမပါဘဲ ပြောနေတာ.. ကလေးကို ဒီလို [...]အမျိုးနဲ့ မထားနိုင်ဘူး .."

ထိုစဉ် နောက်ထပ် ကားတစ်စီး ရောက်လာခဲ့၏။ ထိုကားသည် [...]ည်း ခြံဝမှာပဲ ရပ်သွားခဲ့ပြီး ဆင်းလာခဲ့သူက အလင်္ကာ ဖြစ်လေသည်။

ထိုမျက်နှာကို မြင်လိုက်သည်နှင့် ဒေါ်မေညွှန့် မျက်နှာကြီး ညို[...]ောင်သွားကာ ချို့ မျက်နှာ ဖြူက်ခနဲ ဖျော့ကျသွား၏။ ဒါပေမယ့် [...]က်ချင်း ပြန်တင်းသွားကာ ...

"ဟွန်း .."

ဆတ်ခနဲ မျက်နှာလွှဲပစ်၏။ ဒေါ်မေညွှန့် စကားတွေ ပိုမို ကြမ်း[...]မ်းလာခဲ့ပြီး ...

"သူများအိမ်မှာ အိမ်ဖော်လိုလို .. ဟိုဟာလိုလို .. ဒီဟာလိုလိုနဲ့ [...]ိုမိန်းမလက်ထဲမှာ ကလေးက ဘာဖြစ်သွားမလဲ.. ငါ့မြေးရဲ့အနာဂတ် [...]ို အညွှန့်ကျိုး မခံနိုင်ဘူး .. မရရအောင် ပြန်ခေါ်ရမှာပဲ .."

ပြောနေရင်း မျက်လုံးတွေက အလင်္ကာ ဆီ ရောက်ပြန်သည်။ [...] ကလည်း ထို့အတူပဲ ဖြစ်ကာ ...၊

အလင်္ကာ ကလည်း သူတို့နားကို လျှောက်လာပြီး သိုက် ရဲ့ဘေး[...] သွားရပ်လိုက်တော့ ချို့ မျက်နှာ သွေးခုတ်မရအောင် ဖြစ်သွားခဲ့၏။

ဒီလူတစ်ယောက်တည်းက ငွေရှိတိုင်း ခြယ်လှယ် ချုပ်ကိုင်နေတာ [...]ို ခုချိန်ထိ ဒီလူမှ အကောင်းဆုံး ဖြစ်နေသည်ဆိုတော့ အလင်္ကာ [...]သောထားကို ပို၍ နားလည်သွားခဲ့၏။

တကယ်တော့ ဒီနေ့ ဒီလိုဖြစ်လာတာတွေက အလင်္ကာ ဘေးမှာ [...] ကို မြင်နေရသဖြင့် မခံရပ်နိုင်သော သဝန်တိုစိတ်က လှုံ့ဆော်နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်သည်။ နောက်တစ်ခုက ကိုလေး ၏ တောင်းဆိုချက် ...၊

ကလေးကို ခေါ်လျှင် အမေ ပါလာမှာပဲ ဖြစ်သည်။ ကလေးကို လည်း ပြန်လိုချင်ကာ အမေကိုလည်း ရမှ ဖြစ်မည်။ ဂီတ ကို ရမည်ဆိုလျှင် သူ ဒီမှာပဲ အမြဲတမ်း နေသွားမည်ဟု ကတိပေး၏။

ကိုလေး ဒီတစ်ခါ ပြန်ရောက်လာတာ အရင်လို မဟုတ်ဘဲ ဘဝတ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာပြီဖြစ်ကာ မေမေကိုယ်တိုင်က သားကို လည်း ထပ်ပြီး ဆုံးရှုံးမခံနိုင်သလို အားကိုးနိုင်လောက်သည့် ငွေကြေး ဥစ္စာတွေကိုလည်း လက်လွှတ်မခံနိုင်ပေ ...၊

ထို့ကြောင့် အစက ဘယ်လို ဆုံးဖြတ်ချက်တွေ ရှိခဲ့ပါစေ ခုချိန်မှာ တော့ ဒီသားအမိကို ရဖို့အတွက် ပထမခြေလှမ်းအဖြစ် ကလေးကို အရင် တောင်းရခြင်း ဖြစ်သည်။

ဂီတ ကသာ အရှက်သိက္ခာတွေကို ဘေးချိတ်ထားလိုက်နိုင်ပြီဆိုလျှင် သူမကိုယ်တိုင် ဒီဘက်ကို ပြောင်းထွက်လာဖို့က လွယ်လွယ်လေး-

"ဟွန်း .."

ကိုယ့်စိတ်ကူးတွေနဲ့ ကိုယ် ချို က အသံထွက် မဲ့၍ ပခုံးတွန့်ကာ-

"ဒီမိန်းမကလည်း ဘာလဲ .. ပြောတော့ဖြင့် ကလေးအတွက် - ကလေးနောင်ရေးနဲ့ ...၊ ကလေးကို သူ ကြမ်းတိုက်နေရတဲ့ဘေးမှာ ထား တော့ ဘာတွေဖြစ်လာမှာလဲ .."

"ခဏ နေဦး ချို .."

အလင်္ကာ က သိုက် ရဲ့ အေးဆေးတည်ငြိမ်နေသည့် မျက်နှာကို ငဲ့ကြည့်လိုက်ပြီးမှ ပြန်လှည့်ကာ ...

"ဒီကိစ္စ ဖြစ်လာခဲ့တာလည်း မင်းတို့ကြောင့်ပဲ မို့လား .. ခုမှ ဘာလို့ .."

သိုက် က သူ့ပခုံးကို ပုတ်လိုက်သဖြင့် အလင်္ကာ စကားရပ်သွား ၏။ ကြည့်လိုက်တော့ သိုက် က တစ်နေရာကို မေးဆတ်ပြနေလျှင်-





ဟင်!...

အလင်္ကာ မျက်နှာပျက်သွား၏။ ကားထဲမှာ မား ရှိနေသည်။ ချို တို့ ကားပေါ်ကဆင်းကာ သူ့ကားဆီ ချဉ်းကပ်သွားသည့် တျော့ ကို မြင်လိုက်ကာ ...

"ဟော့လူ .."

အခြေအနေတွေက ဟိုလူကနေ ဒီလူ အာရုံတွေများကာ ရှုပ်ရှုပ် ထွေးထွေးတွေ ဖြစ်ကုန်၏။ အလင်္ကာ ဆင်းလာတာ တွေ့ပေမယ့် ကားထဲမှာ မား ရှိနေခဲ့မှန်း ချို တို့ကလည်း မသိ ...၊

မား ရှိနေသားနဲ့ သူမတို့ကို မြင်တာတောင် ဆင်းမလာဘဲ နေနိုင် လိမ့်မည်လို့လည်း မထင်ခဲ့ရာ ...

"အလင်္ကာ!..."

ကိုလေးကို အလင်္ကာ ဘာလုပ်မလို့လဲဆိုသည့် အတွေးသာ ရှိခဲ့ သျှက် ချို ကလည်း အလင်္ကာ့ နောက် လိုက်၏။ သိုက် က အားလုံးကို အေးဆေးကြည့်နေခဲ့သည့်အပြင် ဒီတိုင်း ရပ်ငေးနေဆဲရှိသည့် အမျိုး သမီးကြီးကို မျက်ခုံးပင့် မေးဆတ်ကြည့်ကာ ...

"ခင်ဗျားမှာရော ဘာတွေ ရှင်းစရာပါသေးလဲ .. ဂီတ ကို တွေ့ခွင့် မှာ မဟုတ်ပေမယ့် သူတို့လိုပဲ ပြောလို့ ရတယ် .."

"အို .. အန်တီက ဒီလိုကိစ္စတွေ မဟုတ်ပါဘူးကွယ် .. ဂီတ က အကူအညီတောင်းထားလို့ စေတနာအပြည့်နဲ့ ကူညီနေတဲ့သူပါ - သူ င်ကာပူကို လိုက်ချင်တယ်ဆိုလို့ ဟိုတစ်ခေါက်ကလည်း ကူညီပေးခဲ့ ယ်.. သူ မလိုက်ဖြစ်ခဲ့ဘူး.. ခုတစ်ခေါက် သွားဖြစ်မှာဆိုတာကို သူကို-

"သူ လိုက်မှာ မဟုတ်ဘူး .."

အမျိုးသမီးကြီးက ဒေါ်မေညွန့် တို့လို မဟုတ်ဘဲ ရှုံးနိမ့် လောက် မျက်နှာသွင်ပြင်ကလည်း ကျက်သရေ ရှိ၏။

ဂီတ နဲ့ ပတ်သက်သည့် အခြေအနေတွေကိုလည်း မြင်



www.burmeseclassic.com

www.burmeseclassic.com



သိုက် ရဲ့စကားကို စိတ်ဆိုးမပြခဲ့ပေ ..၊ ထို့ပြင် ဘာမှလည်း မေးမြန်း စပ်စုမနေဘဲ ခဏပဲ ငြိမ်သွားပြီး ခေါင်းညိတ်သည်။

"ပြီးရောလေ .. ဂီတ က မင်းရဲ့အလုပ်သမား ဖြစ်နေပြီဆိုတော့ မင်းမှာ ပြောဖို့ အခွင့်အရေး ရှိပါတယ် .. သူ့ကိုတော့ အန်တီကော် လာသွားတယ်လို့ ပြောပြပေးပါ .."

ကားတစ်စီးကို ရှင်းထုတ်လိုက်နိုင်ပေမယ့် အလက်ာ နဲ့ ကျော် အခြေအနေက ဖြစ်သင့်တာထက် ပိုမို တင်းမာနေကြကာ ...

"မင်းက တော်တော် အပြောင်းအလဲမြန်ပြီး မျက်နှာလည်း ပြောင်း ရဲ့ဟာပဲ အလက်ာ .. မင်းနဲ့ ငါ့ညီမကိစ္စတွေ ခုတစ်လောကမှ ငါ သိ တာ .. ဒါပေမယ့် စိတ်ဝင်စားစရာတော့ မရှိပါဘူး .. ဒါပေမယ့် အခုလို မင်းနဲ့ ရင်ဆိုင်ရတော့ စိတ်ဝင်စားဖို့ ရှိလာပြီ .."

"ကျွန်တော်ကတော့ ကိုကျော့် စကားတွေကို စိတ်မဝင်စားဘူး– အခု ကျွန်တော်တို့ ပြောရမှာက မား ကိစ္စ .."

"မား က ငါ့တူအရင်း .."

"ကျွန်တော်က ဘာမှမတော်စပ်တဲ့သူပါ .. ဒါပေမယ့် ကလေး ဆန္ဒအရ သူ မလိုက်ချင်တာကို ဖွတ်အတင်း မခေါ်ဖို့တော့ ပြောရမှာပဲ– သူ့အမေက ကျွန်တော့်ကို အပ်ထားတာ .."

"ကျွတ်!..."

ကျော် က ရှုံ့မဲ့သွားသည့်မျက်နှာနှင့် ကျွတ်ခနဲ စုတ်သပ်ကာ ကလေး ထိုင်နေသည့် ဘေးကမှန်ကို ပုတ်၍ ဆင်းခဲ့ဖို့ လက်ယပ်ခေါ်၏။ မား က အထဲကနေ ခေါင်းလေး တွင်တွင်ခါနေလေသည်။

"မား.. မားလေး .. တီတီချို လေ သားရဲ့ .. လာ .. ဆင်းခဲ့ လာ– သားလေးအတွက် အိမ်မှာ ကစားစရာတွေ ဝယ်ထားတာ အများကြီးပဲ– ပြီးတော့ ဒီကပြန်ရင် တီတီချို ရယ် .. လေးလေးကျော် ရယ် .. ဘွားရယ် သားကြိုက်တဲ့ အမေရိကန်ထမင်းကြော်နဲ့ ဘဲကင် ဝင်စားကြမယ် –"





ချို က မှန်ကို ပုတ်၍ အားမလို အားမရ ပြောနေကာ –

"အလက်ာ .. တို့ကို တံခါးဖွင့်ပေးစမ်းပါ .. ရှင်တို့ ကလေးကို ဘယ်လိုတွေ ခြိမ်းခြောက်ထားကြသလဲ ..၊ ကလေးက ဒီလိုငိုနေမှ မဟုတ် တာ .."

"လျှောက်ပြောမနေနဲ့ ချို .. ကိုကြီး ဝင်ပါမလာခင် မင်းတို့ ပြန် ကြပါ .. တော်ကြာ အားလုံး ရှုပ်ကုန်လိမ့်မယ် .. ဒါ နောက်မှ ဆွေးနွေး လည်း ရတယ် .. အိမ်ရှေ့မှာ ရုတ်ရုတ် ရုတ်ရုတ်နဲ့ မကောင်းပါဘူး–"

"မကောင်းမှန်းသိရင် .. ကလေးကို အခု ကားပေါ်က ချပေးလေ– ချို တို့ ဆွဲခေါ်မသွားဘူး .. ကလေးနဲ့ စကားပြောမယ် .. ရှင်တို့ ခြိမ်း ခြောက်ထားလား မထားလား သိရရုံပဲ .."

ထိုစဉ် သိုက် က အနားရောက်လာကာ ...

"မင်းတို့လိုလူတွေက ကလေး လာလုတယ်ဆိုတော့ အံ့ဩစရာ ပဲ .."

ပြောရင်း မျက်လုံးက ကျော့် ဆီ တန်းခနဲ ရောက်သွားသည်။ ကျော် ကလည်း ပြင်းထန်စူးရဲသော ခပ်ရိုင်းရိုင်း အကြည့်တို့နှင့် –

"မင်းတို့လိုလူတွေလို့ ခေါ်င်းစဉ်တပ်ချင်ရင် ခင်ဗျား ဘယ်လိုလူလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိအောင် အရင်ကြိုးစားပါဦး .. မိန်းမတစ် ယောက်ကို လူတွေရှေ့မှာ အနိုင်မတိုက်နိုင်လို့ ကောက်ကျစ်တဲ့နည်း သုံးပြီး ကျွန်ပြုထားတယ်ဆိုတာ ဘယ်လိုလူမျိုးတွေရဲ့ လုပ်ရပ်လဲ –"

"အဲ့ဒါတွေ တွေးပြီး ငါ့ကို မင်း နားလည်အောင် ကြိုးစားနေရင် ရှုံးသွားလိမ့်မယ် .. ငါက ငါလုပ်ချင်တာ လုပ်ရဖို့အတွက် ဘာပဲဖြစ်ဖြစ် ဘယ်လိုနည်းပဲ သုံးရ သုံးရ .. ဒါကို ဘယ်သူတွေ ဘာပြောပြော [illegible] မဝင်စားဘူး .. ဂရုလည်း မစိုက်ဘူး .. မင်းက စိတ်ဝင်စားသင့်တာ [illegible] တော့ မင်းနားမှာ ရှိနေတဲ့ သားအမိနှစ်ယောက်ကို မေးကြည့်လိုက် –"

မျက်နှာကို ကြည့်ပြီး မေးဆတ်ပြလိုက်တော့ ချို [illegible]

www.burmeseclassic.com

www.burmeseclassic.com



၏။ ပြီးတော့ မအေကို လှည့်ကြည့်လိုက်သည်…၊ ကျော် ကလည်း ကိုယ့်လူတွေအကြောင်းကို မသိလို့ မဟုတ်ပေ …၊

သူ သိထားခဲ့တာတွေ အမှန်မဟုတ်ဘူးဆိုတာကိုလည်း တွေးမိခဲ့၏။ ဒါပေမယ့် ဒီအဖြစ်တွေထဲမှာ ဘယ်ဟာအမှန်လဲ သိရဖို့ထက် သူ့အတွက် အရေးကြီးနေတာက ဂီတ ကို ပြန်ရဖို့ပဲ ဖြစ်သည်။

သူ့အလုပ်က တစ်နေရာတည်းမှာ အခြေချ ရပ်တည်ပြီး သူ့ဗွေးကြီးလို နေလို့ မရပေ …၊

ဂီတ ကို ပိုင်ဆိုင်နိုင်ပြီဆိုတာနှင့် သူမတို့ သားအမိကို ခေါ်ပြီး သူ ဒီက ထွက်သွားရဦးမည်။ အလုပ်အတွက် အဆင်ပြေသလို နေရမည့် သူ့ဘဝမှာ ဂီတ က သူ့အနားမှာ ရှိနေဖို့ အလိုအပ်ဆုံး …၊

သူမကို အရယူဖို့ ရည်ရွယ်ချက်နဲ့ ရောက်လာခဲ့တာ မဟုတ်သော်လည်း ခုတော့ သူမကို ရယူနိုင်ဖို့အတွက် ဘယ်လိုအခြေအနေနဲ့ဖြစ်ဖြစ် ရင်ဆိုင်ဖို့ အဆင်သင့် …၊

"ဘယ်လိုလဲ … မင်း မမေးရဲဘူးလား …၊ ဂီတ ဆိုတဲ့ မိန်းကလေး ငါ့ရင်ခွင်ထဲ ဘယ်လိုရောက်လာသလဲဆိုတာ သူတို့ ပြောနိုင်တယ် …"

ရင်ခွင်ဆိုသည့်စကားကြောင့် ကျော့် မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"မင်း သူတို့ကို ဘာတွေပေးပြီး စည်းရုံးလာခဲ့သလဲ မသိပေမယ့် ငါ ပေးထားသလောက် မင်း မပေးနိုင်သေးပါဘူး… ဟုတ်တယ်မို့လား…"

ကျော် က အံကြိတ်၏။ ပြီးတော့ ချို့ မျက်နှာကို ကြည့်လိုက်တော့ စားမတတ် ဝါးမတတ် …၊

"မဟုတ်ဘူး ကိုလေး … အဲဒါတွေက ချို နဲ့ အလက်ာ့ မင်္ဂလာကိစ္စတွေကြောင့် …"

"မပြောနဲ့"

အစ်ကိုတစ်ယောက်၏ မျက်နှာပြင်က ညီမရဲ့ သိက္ခာမဲ့စကားတွေကြောင့် နီရဲတက်လာ၏။ သိုက် က အသံထွက်အောင် ရယ်လျက် …





"ကလေးရဲ့အမေကို ဘယ်လိုဘဝရောက်ရောက် ကွန်မြောင်လိုက်ပြီးမှ ဒီကလေးရဲ့ အနာဂတ်အတွက်ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြန်လာတယ်… မင်းနဲ့ မင်းရဲ့မိသားစုတွေ ရှက်တတ်ရင် လဲသေပစ်လိုက်လို့ ရတယ်…"

သိုက် က ပြောပြီး အလက်ာ့ ကို မေးဆတ်ပြကာ …

"ကလေးကို ခေါ်သွားလိုက်တော့ …"

အလက်ာ က ခေါင်းညိတ်ကာ ကားထဲကို ပြန်ဝင်လျှတ် ကျော် က အလက်ာ့ ပခုံးအကျီစကို လှမ်းဆွဲလိုက်၏။ သိုက် က ထိုလက်ပေါ် ကနေ အုပ်ကိုင်လိုက်ကာ …

"မင်း ငါ့အိမ်ရှေ့မှာ ပြဿနာရှာရင် နောင်တရသွားလိမ့်မယ်…"

ကျော် က အံတင်းတင်းကြိတ်ထားရင်း ပြန်လှည့်ကြည့်လျှင် သိုက် က သူ့လက်ကို ပြန်ရုတ်လိုက်ပြီး …

"လွှတ်လိုက်ပါ …"

"မင်း လက်ကို အရင်လွှတ်လိုက် အောင်မြင်ကျော် …"

နာမည်ကို တစ်လုံးတစ်ဝ ခေါ်လိုက်သံက ခြိမ်းခြောက် ကြိမ်းမောင်းသံကဲ့သို့ ပြတ်ရှနေ၏။ ကျော် က အလက်ာ့ လက်ကို လွှတ်လိုက်ပြီး သိုက် ဘက်ကို လှည့်၍ စူးစူးရဲရဲ ကြည့်သည်။

"မနေသိုက် …"

ရင်ဘတ်ချင်း ထိလုထိခင်အထိ ရှေ့ထပ်တိုးလိုက်သည့်ပြင် မျက်နှာချင်း ထိမတတ် တိုး၍ …

"ယောက်ျားချင်းဆိုတာ ခင်ဗျား သိမှာပါ …"

"သိတာပေါ့ …"

"ခင်ဗျား ခြေတော်တင်ခဲ့တယ်ဆိုရင်လည်း အဲဒီမိန်းမကို ကျွန်တော်က နှလုံးသားပလ္လင်ထက်မှာ လှဖုရားတစ်ပါးလို ကိုးကွယ်ချင်မယ့်သူ …"

"အဲ ဒီ တော့ …"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ ကျွန်တော် အေးဆေး ပြီးချင်တယ် .."

"မင်းကို ပြန်ပေးဖို့လား ..၊ ဂီတ က အရမ်းလှတဲ့ မိန်းမတစ်ယောက်ပဲ .. လက်နှီးစုတ် တစ်စုတ်မှ မဟုတ်တာ .."

"ခနသိုက် .. ခင်ဗျား!..."

"လိုတဲ့ဆုကို တောင်း ဆိုတိုင်း သမီးတော်ကို မတန်မရာ တောင်းတဲ့ သူတောင်းစားလို မလုပ်နဲ့လေ .. မင်းက သူတောင်းစား မဟုတ်သလို ငါကလည်း ဘုရင် မဟုတ်ဘူး .."

"ခင်ဗျားက လူယုတ်မာပဲ .."

"တံငါနားနီး တံငါပေါ့ .."

ကျော့် မျက်လုံးတွေက လူသတ်ချင်သည့် အရိပ်အယောင်တွေ စွန်းထင်နေကာ အံကြိတ်ထားသဖြင့် မေးရိုးနှစ်ဖက်က တင်းကား လှုပ်ခတ်နေ၏။

ပြီးတော့ လက်သီးနှစ်ဖက် ဆုပ်၍ မဲ့သည်။ အရာရာကို တစ်ဖက ပြန်စလို့ မရနိုင်တော့သည့်အဖြစ်ကြောင့် ဖြစ်ချင်သလို ဖြစ်ပျက်ပြောင်းလဲသွားခြင်းတွေကိုတော့ ဘာမှမတတ်နိုင် ..၊ ဒါပေမယ့် ...

"မတန်မရာ ယူထားတာက ခင်ဗျားပဲ ခနသိုက် .. အဲဒါကြောင့် ထိုက်တန်သူလက်ထဲကို ခင်ဗျား ပြန်ထည့်ပေးရမှာ .. မမကို ခင်ဗျား လက်ထဲကနေ ကျွန်တော် ရအောင် ပြန်ယူမယ် .."

ပြုံးနေသည့် မျက်နှာကို ကြည့်ပြီး ကြိမ်းဝါးနေရတာ လဲအိတ်ကြီးကို စိတ်ရှိလက်ရှိ ထိုးနက်နေရတာနှင့် တူ၏။

"အဲ့ဒီအပြုံးတွေ ခင်ဗျား ကြာကြာ မပြုံးနိုင်တော့အောင် ကျုပ်လုပ်ပြမယ် .. ကြည့်နေ .."

နောက်ထပ် အံကြိတ် ကြိမ်းဝါးရင်းဖြင့် ..၊



## အခန်း (၄၈)

"ဒီတော့ ဖုန်းထပ်ဆက်ပြီး ဘာပြောသွားသလဲ .. ပြောပါဦး .."

"အဲဒါတွေပဲ ထပ်ပြောတာ မေမေ .. မအေရဲ့ စီးပွားရေးနဲ့ အလုပ်အကိုင်အခြေအနေကို ထောက်ပြပြီး ကလေးကို သူတို့ ရအောင် ပြန်ခေါ်မယ်တဲ့ ..၊ ရှေ့နေနဲ့ သေချာ စီစဉ်နေကြပြီ .."

"အင်း .."

ဒေါ်အေးပွင့် စိတ်မသက်မသာ ဖြစ်သွားမိသည်၊ မဆိုင်သလို နေတတ်ရင် အနေသာကြီးပါ ..၊ ဒါပေမယ့် မဆိုင်သလို ဘယ်လိုမှ နေလို့မရခဲ့တာက ဂီတ မျက်နှာလေးကို စတွေ့လိုက်တည်းကပါ ..၊

ဘယ်လို ရေစက်တွေလဲ ..၊

"မေမေ .."

"ဟင် .."

"ကျော် ဆိုတဲ့လူက မမကို လိုချင်လို့ လုပ်နေတာ .. ကလေးကိုစွ ာ အကြောင်းပြနေတာ သက်သက်ပဲ .."

"အေးလေ .. ဒါက အသိသာကြီးပဲ .."



www.burmeseclassic.com

www.burmeseclassic.com



အနားကလူတွေ ပြောနေကြတာ သူမနဲ့ မဆိုင်သလို ဂီတ က ရှိုးကေ့စ်ကြီးပေါ်က ပန်းပုရုပ်တွေ ... ကြေးသွန်းရုပ်တွေကို သေချာ တိုက်ရိုက် သန့်စင်နေ၏။

ဒေါ်အေးပွင့် က ဂီတ ကို လှမ်းကြည့်လိုက်ပြီး ...

"သမီးကို မေးရဦးမယ် ... ဒီမှာ ခဏ လာထိုင်ပါလား ..."

"ရှင် ... ဟုတ်ကဲ့ ..."

မိုးပြာရောင် ရိုးရိုးလေး ဝတ်ထားပေမယ့် ဂီတ က ဘယ်အချိန် ကြည့်ကြည့် လှနေ၏။ ကော့ထင်းနေသည့် နှာတံလေးနှင့် နီမြန်းဖူးငုံ သည့်နှုတ်ခမ်းလေးတွေက သူမရဲ့မျက်နှာလေးပေါ်က အလှအပတို့ကို ပို၍ ပြည့်စုံအောင် ဖြည့်တင်းပေးထားသည်။

ပြီးတော့ တည်ငြိမ်စွာ စိုက်ကြည့်လိုက်တိုင်း အရောင်လက်နေ သလို ညှို့အားကောင်းသည့် သူမရဲ့ မျက်ဝန်းတွေ ...၊

ညှို့ငင်ခြင်းဆိုတာ ဖန်တီးခြင်းမည်ပေမယ့် သူမရဲ့ မျက်လုံးတွေက ဖန်တီးယူဖို့မလိုဘဲ ဆွဲဆောင်နိုင်စွမ်းရှိတာ ဖြစ်၏။

ထိုမျက်နှာလေးကို အလင်္ကာ က ငေးစိုက်နေခဲ့၏။ ဒေါ်အေးပွင့် က သားဖြစ်သူကို မသိမသာ ကြည့်လိုက်ပြီးမှ ဂီတ ဘက်ကို ပြန်လှည့် ၍ ...

"အခု သမီးယောက္ခမတွေဘက်က ဘာတွေ ပြင်ဆင်နေကြတယ် ဆိုတာ သမီး သိတယ်မို့လား ..."

"ဟုတ်ကဲ့ ..."

"ဖြစ်နိုင်ချေကတော့ အမျိုးမျိုး ထွက်မှာပဲ ... ဒါပေမယ့် တစ်ဖက် က တိုင်ပြီဆိုရင်တော့ အမှားအမှန် အဖြေက နောက်မှ ထွက်မှာ ... ရင်ဆိုင်ကြရမှာက အရင် ..."

"သားလေးကို သူတို့လက်ထဲ ဂီတ ဘယ်တော့မှ မထည့်ဘူး အန်တီ ... ရှေ့ထွက်မယ်ဆိုရင် 'ဘနဖူး သိုက်တူးမယ့်လူတွေ' ... ဂီတ



ဘဝနဲ့ရင်းပြီး သိခဲ့ရပြီးပြီ ... သူတို့ဆီက အသံတွေကို စိတ်လည်း မဝင် စားဘူး ... စဉ်းစားဖို့လည်း မလိုဘူး ... အန်တီတို့ ဂီတ အတွက် စိတ် ပူပေးကြတာကို ကျေးဇူးတင်ပါတယ် ... ဒါပေမယ့် ..."

"နေဦး သမီး ... အန်တီ မေးစရာရှိတယ်ဆိုတာ အဲ့ဒါ မဟုတ်ဘူး ... ပြောရမယ်ဆိုရင် ခုနလိုပေါ့ကွယ် ... အမှုဖြစ်ကြပြီဆိုရင်တော့ ရင်ဆိုင် ရမှာပဲလေ ... သမီးမှာလည်း သူတို့ ထောက်ပြနိုင်တဲ့ ချို့ယွင်းချက်တွေ ရှိနေတာ အမှန်ပဲ ... ကလေးကို အုပ်ထိန်းခွင့်အတိုင်း ပြိုင်လုနေကြမယ် ဆိုရင် သမီး နိုင်ဖို့ မသေချာဘူး ..."

ဂီတ မျက်ဝန်းလေးတွေ လက်ခနဲ ဝင့်တက်လာ၏။ ကိုယ့်သား ဆိုသည့်အာနှင့် အရှုံးမပေးနိုင်သော ရလိုမှုတွေ ဖြစ်၏။

သို့သော် သူမမှာ ချေပစရာစကား မရှိ ...၊

"ကိုယ်မွေးထားတဲ့သား ဆိုတာ မှန်တယ် ... ဒီတစ်ခုတည်းနဲ့ ဥပဒေဘောင်မှာ အကျုံးဝင်မှာ မဟုတ်ဘူး ... အခုက သွေးသားနီးစပ်ပုံ ချင်း နှိုင်းယှဉ်မှာ မဟုတ်ဘူးလေ ... ကလေးကို စောင့်ရှောက်ခွင့်အတွက် ယှဉ်ပြိုင်ရမှာ ..."

"ဟုတ်တယ် မမ ... မမရဲ့သားပေမယ့် သူတို့ကလည်း မြေးဖြစ် နေတယ် ... မမရဲ့ အခြေအနေအရပ်ရပ်ကို ထောက်ပြမယ်ဆိုရင် မြေရှင်း ကြ... ရင်ဆိုင်ကြနဲ့ ရှည့်လျားရှုပ်ထွေးကုန်မှာက သေချာပေမယ့် ... ကိုယ် နိုင်ဖို့ မသေချာဘူး ..."

"အဲဒီတော့ သူတို့ဘက်က နိုင်ချေတွေ ရှိတယ်ပေါ့ ..."

အလင်္ကာ က မပြောတော့ဘဲ ဒေါ်အေးပွင့် ကို လှည့်ကြည့်၏။ ဒေါ်အေးပွင့် က ခေါင်းခါပြကာ ...

"ဖြစ်နိုင်ချေတွေ ခန့်မှန်းနေရင်တော့ အမျိုးမျိုး ထွက်လာမှာပဲလို့ အန်တီ ပြောခဲ့သားပဲ ... ဒါပေမယ့် သူတို့ဘက်က လိုချင်တဲ့ ဖြစ်နိုင်ချေ ကတော့ ကလေး မဟုတ်ဘူး သမီး ... လူကြီးကို လိုချင်နေတာ ...

www.burmeseclassic.com

www.burmeseclassic.com



ဂီတ မျက်ခုံးတန်းလေးကွေ့ ကုတ်ကျသွားသည်။ ဒီလိုအသံတွေကို သူမ မကြားချင်တော့ပေ ...၊ ကျော့် အနေနဲ့ ခုလောက်ထိ ရဲရဲတင်းတင်း ရှေ့ဆက်လာခဲ့မယ်လို့ မထင်ခဲ့သလို ဒီလောက် ရဲကင်းလွန်းတာကိုလည်း ရှုံမိသည်။

ကလေးတစ်ယောက်နဲ့ စုဆောင်းထားတာလေးတွေကို ပိုက်ပြီး *သူတို့မိသားစုထဲကို နောက်တစ်ခေါက် ပြန်သွားခဲ့ကာကိုတောင် သား*လူမျိုးရှိနေသေးတာကို မျှော်လင့်ပြီး သွားခဲ့သလိုလို ...၊

မကြားတကြား ပြောသည် ...၊ မကြားကြားအောင် ပြောခဲ့သည်။ ကိုယ်ထားခဲ့တဲ့ စေတနာတွေ .. ပြီးတော့ သားလေးကိုယ်ဝန်ကို ပုတ်ခတ် ငြင်းပယ်ခံခဲ့ရသဖြင့် ဒါကို သက်သေပြချင်ခဲ့တဲ့ ကိုယ့်ရဲ့ အမှန်တရားတွေ ...၊

အားလုံးကို ဘာမှ အရောင်းမမြင် ...၊ ဘာကိုမှလည်း အသိအမှတ်မပြုခဲ့ ...၊

စားစရာရှိနေသေးတော့ ဟုတ်သလို သိသလိုလိုနဲ့ စားသောက်ဝါးမျိုနေခဲ့တာ အကောင်း ...၊

ဂီတ မှာ ဘာမှမရှိတော့တဲ့နေ့ဟာ 'ဒီမိန်းမ မိန်းမရှင်သာသာ' ...၊

"သမီး မငိုနဲ့လေ .. ဒါက ငိုရမယ့်အချိန် မဟုတ်ဘူး .. သမီး ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မှာ .."

မျက်ရည်က မျက်ဝန်းအိမ်ထဲမှာပဲ ပြည့်ပြည့် စုဝေးနေတာပါ ...၊ ဒါပေမယ့် ဒေါ်အေးပွင့် က မြင်နေကာ ...

"သမီးက သိုက် ကိုလည်း မနိုင်လို့ အရှုံးပေးနေခဲ့ရတာလေ .. ဒေါ်မေညွှန့် တို့ အကျင့်မကောင်းတာကိုလည်း သိပြီးပြီ .. ဒါပေမယ့် အောင်မြင်ကျော် ကတော့ .."

"အတူတူပဲ အန်တီ.. အောင်မြင်ကျော် ဖြစ်ဖြစ်.. ဘယ်ယောက်ျားဖြစ်ဖြစ် .. ဒေါ်မေညွှန့် ဖြစ်ဖြစ် .. တခြား ဘယ်သူဖြစ်ဖြစ် .. ဂီတ





ဘယ်သူ့ကိုမှ လက်မခံဘူး ...၊ ဘယ်သူ ဘယ်လောက်ကောင်းတယ်ဆိုဆို မယုံတော့ဘူး .."

မျက်ရည်စက်တွေက ပါးပြင်တစ်ဆုံးထိ ဖြတ်လျှောက်ခွင့် မရကြဘဲ ဂီတ ခေါင်းခါလိုက်သည်မှာ ခုန်ချ လွင့်စင်ကုန်လေသည်။

"ဒီအတွက် ဦးနှောက်ခြောက်ခံပြီး စဉ်းစားမနေပါနဲ့ အန်တီ .."

ဂီတ ပါးပြင်ကို လက်ခုံနဲ့ ကပ်ပွတ်ပစ်ရင်း ...

"ဘယ်ထိ တက်ရတက်ရ ဂီတ ရင်ဆိုင်မယ် .. သားကို ဘယ်သူ့မှ ပေးဘူး .."

ဒေါ်အေးပွင့် က ခေါင်းခါရင်း သက်ပြင်းချသည်။

"ရင်ဆိုင်ဖို့ဆိုတာ ငွေရှိမှ ဖြစ်တာ သမီး .. သမီးဘက်မှာ အင်အားရှိဘူး .. အန်တီ တစ်ခု ထောက်ပြမယ် .. အဲ့ဒါကို သမီး စဉ်းစားကြည့်ပေတော့ပြီလား .."

ဒေါ်အေးပွင့် က အလက်ာ ကို လှည့်ကြည့်၍ တစ်ခုခု ပြောတော့မလို ပြင်ပြီးမှ ဂီတ ဘက်ကို ပြန်လှည့်ကာ ...

"သမီး ခုနေ ပြည့်စုံတောင့်တင်းတဲ့ အိမ်ထောင်ဖက်ကောင်းတစ်ယောက်နဲ့ လက်ထပ်လိုက်ရင် ရှစ်ဆယ်ရာနှုန်းက အကောင်းဆုံးဘက်မှာ ရှိလိမ့်မယ် .."

ဒါကိုပဲ ခါးခါးသီး ခေါင်းခါနေတာကို မေမေ ဘာလို့ ထပ်ပြောတာလဲ ...၊

အလက်ာ ကလည်း မိခင်ဖြစ်သူကို နားလည်စွာ ကြည့်နေ၏။ ဒါတ ကတော့ ဒေါ်အေးပွင့် စကား ဒီမှာတင် ပြီးမှာ မဟုတ်သေးဘူးဆိုတာ ခံစားမိနေ၏။

ထို့ကြောင့် ဘာဆက်ပြောလာမလဲဆိုတာကို စောင့်နေလိုက်သည်။

"မိန်းမသားတစ်ယောက် ဒုက္ခရောက်နေရင် .. အထူးသဖြင့်သမီးလို မိန်းကလေးမျိုးက အားကိုးမဲ့နေရင် စာနာတတ်တဲ့ ဘယ်သူမဆို



www.burmeseclassic.com

www.burmeseclassic.com



ကူညီချင်မှာပဲ .. အန်တီလည်း ဒီတိုင်း ကြည့်မနေနိုင်ဘူး .. ဒါ[illegible] အန်တီ ကူညီနိုင်တာ ရှိတယ် .. သမီး လက်ခံနိုင်တယ်ဆိုရင် [illegible] သား အလင်္ကာ နဲ့ လက်ထပ်လိုက်ပါ ..”

“ရှင်!...”

အလင်္ကာ အံ့သြကာ ပါးစပ်အဟောင်းသားနှင့် မအေ့ကို [illegible] ဂီတ က ဒေါ်အေးပွင့် ကို ကြည့်နေရင်း နောက်ထပ် အသံ တော်[illegible] မထွက်ခဲ့ဘဲ ...

“အန်တီ ..”

“ဒီလို သမီး ..”

“ထားလိုက်ပါတော့ အန်တီ .. ဂီတ က သူဌေးတစ်ယော[illegible] မယ်ဆိုတိုင်း ..”

“သမီး အဲ့ဒီလို မဟုတ်တာ အန်တီ သိတာပေါ့ .. သိလို့[illegible] ဒီစကား ပြောရဲတာ .. သမီးစိတ်ကို အလေးထားတဲ့သူမို့လို့ [illegible] ပြောတာကို နားထောင် .. အထင်မလွဲနဲ့ ခေါင်းထဲ နည်းနည်းထ[illegible] စဉ်းစားပေးရင် ရပြီ ..”

ဒေါ်အေးပွင့် က ဤသို့ အစချီ၍ အလင်္ကာ ကို လှည့်ကြည့်[illegible]

“သားလည်း ကူညီချင်မှာပဲဆိုတာ အန်တီ သိတယ် .. ဒီ[illegible] အတွက်လို့ ပြောပြရင် သိုက် ကလည်း လက်ခံမှာပါ ..၊ က[illegible] သမီး ပိုင်ဆိုင်ခွင့်ရဖို့အတွက် လူသိရှင်ကြား လက်ထပ်လိုက်ပါ .. [illegible] လိုအပ်ချက်တစ်ခုအတွက် ညှိနှိုင်းနားလည်ပြီး ဖြစ်မြောက်စေခဲ့တဲ့[illegible] တာ တို့တွေ သိကြဖို့ပဲ လိုတာ ..”

“ဂီတ အတွက် မလိုဘူး အန်တီ .. အန်တီ့စေတနာကို လေး[illegible] ပါတယ်.. ဂီတ ဘဝက ခုလည်း ဒဏ်ရာဗလပွနဲ့ ဖြစ်နေပါပြီ .. နော[illegible] ထပ် အဲဒီကိစ္စတွေနဲ့ ထပ်ပြီး ထိခိုက်ရဦးမယ်ဆိုရင် ..”

ဂီတ ပြောနေရင်း ခေါင်းတွင်တွင်ခါပစ်သည်။ ပြီးတော့ —





“နည်းလမ်းမရှိတော့ဘူးဆိုတာ မဟုတ်ဘူး – [illegible] တော့ ရှိလာမှာပါ – ဂီတ အတွက် ဘယ်သူမှ စွန့်လွှတ်[illegible] မလိုပါဘူး.. နောက်ဆုံးနည်းလမ်း မရှိတော့ရင်တောင် အဲဒီ[illegible] ပြဿနာကို မဖြေရှင်းဘူး ..”

ပြောပြီးတာနှင့် နေရာမှ ထရပ်လိုက်သည်။ ကိုယ့်စိတ်ကို [illegible] သလို ပင်သက်တစ်ဝကြီး ရှိုက်ပြီး လှည့်ထွက်သွားလျှင် [illegible] ဆံနွယ်ဖျားတို့က ခါးစပ်လေးအောက်မှာ လွန့်ခနဲ လေ့ထွက်သွား[illegible]။

သူမ ထွက်သွားတာကို လိုက်ငေးကြည့်နေပြီးမှ အလင်္ကာ [illegible] လိုက်ထရပ်ကာ ...

“ကျွန်တော် စကားနည်းနည်းလောက် သွားပြောမယ် [illegible] မေမေ ..”

ခွင့်တောင်းပေမယ့် ခေါင်းညိတ်တာကို မစောင့်ဘဲ [illegible] လာခဲ့၏။ ဒေါ်အေးပွင့် သက်ပြင်းချ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၉)

"တို့ မလိုက်ဘူးလို့ ပြောခဲ့ပြီးပြီပဲ အလင်္ကာ .."

အိမ်ပေါ်ထပ်က ဆင်းလာခဲ့သည့် သိုက် ရဲ့ခြေတစ်လှမ်းက အဆ လှေကားထစ်သို့ အသာလေး ပြန်ဆုတ်သွား၏။ အလင်္ကာ့ အသံက အလွန်အမင်း နူးညံ့နေကာ စကားလုံးတိုင်းက တောင်းပန်ခယမှုတေ နှင့် ...

"မေမေ ပြောတဲ့နည်းကို မမ လက်မခံနိုင်မှန်း သိပါတယ် - မေမေကလည်း မမက လက်မခံလောက်ဘူးလို့ အစတည်းက တွက် ထားတဲ့ပုံပါ .. ဒါပေမယ့် မမရယ် .."

"တော်တော့ အလင်္ကာ .."

ရှေ့ဆက်မသွားတော့ဘဲ ဂီတ နေရာမှာပဲ ရပ်ပစ်လိုက်သည် လူကြီးရှေ့မှာ ဟန်ဆောင်မျိုသိပ်နေခဲ့ရတာတွေက ဒီနားရောက်မှ မျက်နှာပြင်လေးတစ်ခုလုံးကို နီမြန်းနေစေကာ ...

"အန်တီက တို့အတွက် ဘယ်လိုကူညီနိုင်မလဲဆိုတာ စဉ်းစားပြီ သူ့သားတစ်ယောက်လုံးကို လိုအပ်သော ပစ္စည်းတစ်ခုလို ငါ့လက်ထဲ ခဏတစ်ဖြုတ် ထည့်ပေးလိုက်တာ ငါ ကျေးဇူးတင်တယ် .."





ဂီတ အလင်္ကာ့ မျက်နှာကို စေ့စေ့ကြည့်ရင်း ...

"မေမေ ကူညီစေချင်ရင် ကူညီပါ့မယ်ဆိုတဲ့ နာခံမှုမျိုးနဲ့ မင်း နကလိုပဲ အန်တီ့သားမှာ ထိုင်ကျန်ခဲ့လိုက်ဖို့ ကောင်းတာ အလင်္ကာ.. ဒါဆိုရင် အန်တီ စွန့်စားပြောလိုက်တဲ့ စေတနာတွေကိုရော မင်းကိုပါ ငါ ကျေးဇူးတင်နေမိမှာ .."

"ကျွန်တော်က မမ ကျေးဇူးတင်တာကို ရယူဖို့ ကြိုးစားနေတာ ဟုတ်ပါဘူး .."

"ဒါဆို ဘာကို ရယူချင်တာလဲ .."

အလင်္ကာ ရုတ်တရက် တိတ်ကျသွား၏။ ပြီးမှ ...

"ကျွန်တော် .."

"ငါ့ကိုလား .. ပြောပါ .. မင်း ဘာပြောချင်တာလဲ .."

ဂီတ အားမလိုအားမရ လေသံနှင့် အံကြိတ်၍ ...

"ကိုယ့်အစ်ကိုရဲ့မိန်းမကို မတ်က ကြံတယ် .. မင်းကတော့ မင်း ကျူးလွန်ပေါင်းသင်းခဲ့တဲ့ ချစ်သူရဲ့ ယောက်မကို စိတ်ကူးနေတယ် .. င်းနဲ့ ကျော် ရဲ့ စေတနာမေတ္တာဆိုတာတွေက ဘာလဲ ..၊ ဘာအတွက် ီလောက်တောင် ကူညီချင်နေကြတာလဲ .. မင်းတို့ရဲ့အမြင်မှာ ငါက ဘယ်လောက်တောင် စုတ်ပြတ်နိမ့်ကျတဲ့မိန်းမ ဖြစ်နေသလဲ -"

"မမ .."

"ဒီမှာ အလင်္ကာ .. ချို ဆိုတဲ့မိန်းကလေး ဘယ်လိုကာရိုက်တာပဲ ရှိ .. မင်းဘက်မှာ ဘယ်လိုအခက်အခဲတွေနဲ့ ပြည့်နှက်နေပါစေ .. ိုယ်နဲ့ လွန်ကျူးခဲ့တဲ့ မိန်းကလေးကို တာဝန်ယူရမယ်ဆိုတဲ့ စိတ်ဓာတ် င်းမှာ ရှိသင့်တယ် .. ဒါပေမယ့် ချို့ ကိုရော .. မင်းတို့ကိစ္စတွေကိုရော.. ိုက် ဆိုတဲ့လူနဲ့ ပတ်သက်နေတဲ့အဖြစ်တွေကြောင့်ရော .. အဲဒါတွေကို ဘာမှ စိတ်မဝင်စားဘဲ နေခဲ့တာ .."

"ဒါတွေက မမကို ဘယ်လိုဒုက္ခရောက်အောင် တွန်းပို့ခဲ့သလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လက်တွေ့အဖြစ်ကြီးက သက်သေ ခိုင်မာနေတာ ..."

"သြော် .."

"မမေတို့ကလည်း လှုယုက်မာတွေ မဟုတ်ပါဘူး .. ကိုယ့်မိဘကို နားလည်လို့ မမေ့စကားကို ကျွန်တော် နားထောင်ခဲ့တာပါ .."

"ချို့ စိတ်ဓာတ်ကို သိလိုက်ရလို့ နောက်ဆုတ်ခဲ့တယ်ဆိုတော့ မင်း သူများသားသမီးကို စော်ကားပြီးမှ သိလိုက်တာပေါ့ .. အစကတော့ ဘာမှ မစဉ်းစားဘဲနဲ့ .."

"မမ .."

"မိဘက မိဘအလုပ်ကို လုပ်တာ မှန်တယ် .. ဒါပေမယ့် မင်းကတော့ လှုယုတ်မာမည်တယ် အလက်ာ .."

ဂီတ က ပြောချင်သလို ပြောချလိုက်ပြီးမှ ကိုယ့်စိတ်ကို လျှော့သင့်မှန်း တွေးမိကာ ...

"ဒီမိန်းမကြီးက စေတနာ စော်ကားလိုက်တာဆိုပြီး မင်း ကူညီသင့်တယ်ထင်ထားတဲ့ လူစာရင်းက ငါ့ကို ထုတ်ပစ်လိုက်ပါ .. ဂီတဆိုတဲ့မိန်းမက ပေးတိုင်း မယူတတ်ဘူး .."

"မမ နေပါဦး .."

ဂီတ က ရှေ့ဆက်ဖို့ ပြင်သည်။

အလက်ာ က ဘေးကနေ တားဆီးရင်း ခြေလှမ်းအတိုင်း လိုက်ပြီ ...

"ပြောလက်စနဲ့ မမ အစွမ်းကုန် ဒေါသထွက်လို့ရအောင် ကျွန်တော် ပြောချင်တဲ့ အမိကကို ပြောပါရစေ .."

မျက်နှာချင်းဆိုင်ဖြစ်အောင် အလက်ာ က မျက်နှာရှေ့မှာ ခြေလှမ်း ရွှေ့နေလိုက်ပြီး ...

"စေတနာ မေတ္တာဆိုတာ ဟိုလူ့ကို ထားလိုက်ပါ .. ဒီလူက ထားသင့်ပါတယ်ဆိုတာမျိုး လုပ်လို့ မရပါဘူး .. မမ ပြောသလို ကျွန်တော်





ချို့ အပေါ်မှာ လှုယုတ်မာမည်သွားတယ်ဆိုရင်တောင် မမေတို့တော့ နာသန့်သန့် ကူညီချင်တာပါ .. မမအကြောင်းတွေ ချို နဲ့ ဆွေးနွေး ကြားနေခဲ့ရတယ် .. မမ သားလေးကို ကျွန်တော့်ပေါင်ပေါ်မှာ သိပ်ခဲ့ဖူးတယ် .. အဲဒီအချိန်တွေမှာတည်းက မမက ကျွန်တော့် စိတ်ထဲမှာ သနားစရာ မိန်းမတစ်ယောက်အဖြစ်နဲ့ နေရာယူခဲ့တာ ..

သနားတာကို မကြိုက်သည့်မိန်းမမှန်း သိပေမယ့် ဒါက သူ့စိတ်မှာ ဖြစ်ခဲ့တဲ့အတိုင်း မှသားမပါ ...၊

"အဲဒီမိန်းမက တကယ့်ငတုံး သိလား.. ကိုယ့်ဘာသာ ယောက်ျားလိုက်ရင် သားတွေ သမီးတွေ မွေးထားတာနဲ့ မိသားစုဘဝဆိုတာ ဘာမှာပဲ .. အဲ့ဒါကို အိမ်မှာလာပြီး မိသားစုဘဝနဲ့ နွေးနွေးထွေးထွေး ချင်လို့တဲ့ .."

"မမေက သူ့ကို အရမ်းမုန်းတာ.. သူနဲ့လက်ထပ်မှ ကိုကို သေခဲ့ တာလေ .."

"ကလေးကတော့ ကိုကိုနဲ့ တစ်ထေရာတည်း တူနေတာနဲ့ မမေ လက်ခံခဲ့တာ .. ပြီးတော့ သူပါလာတဲ့ငွေတွေက အများကြီးပဲ .. မှန်း .. 'ကိုယ့်စရိတ် ကိုယ်စားပြီး အလုပ်အကျွေးပြုပါရစေဆိုတာ' သူက ပုတ်ချမှာလဲ .. မမေကတော့ ပြောတယ် .. ငါ့သားအငယ် ချိန်နေတာ .." တဲ့ ...။

ချို နဲ့ တွေ့တိုင်း တစ်ကြောင်းနဲ့မဟုတ် တစ်ကြောင်းနဲ့ ပါလာပြီ ဂီတ အကြောင်းပဲ ဖြစ်နေတတ်၏။

ချို ကတော့ အတင်းအဖျင်း ပြောနေတာပေမယ့် သူ့ရင်ခွင်မှာ တက်နေတာက ကရုဏာစိတ်တွေပဲ ဖြစ်နေခဲ့တာ ဘယ်သူမှ မသိ...၊

ခုလည်း ဂီတ မျက်နှာပေါ်မှာ သူ့ရင်ထဲက ကရုဏာစိတ်ကို သည်သွားခဲ့ပုံ အလျဉ်းမရှိခဲ့ဘဲ ...

"နားလည်ပြီ .. ဒီနေ့ကစပြီး သူများက သနားစရာမိန်းမလို့ ထင်



www.burmeseclassic.com

www.burmeseclassic.com



မြင်လာအောင် မနေမိဖို့ ငါ ကြိုးစားမယ် ..”

“မမ .. မမကို ကျွန်တော် ဟန်ဆောင်လက်ထပ်တာ မဟုတ်ဘူး တကယ်တာဝန်ယူပြီး တကယ် စောင့်ရှောက်ပေးချင်တာ ..”

“ဘာ!... ဘာပြောတယ် ..”

“အားနည်းတဲ့ဘက်က ရပ်တည်ပေးချင်တဲ့ စေတနာနဲ့ပါ မေ...

“မင်း ငါ ဒီလောက် ပြောနေတာတောင် ထပ်ပြောရဲသေးတာ နော် .. မင်းကို ငါ သိပ်အံ့ဩတယ် အလက်ာ ..”

“မမ ရင်ထဲမှာ ရှိနေတဲ့ ကြေကွဲဝမ်းနည်းမှုတွေ .. နာကြည်း... တီးမှုတွေ .. အဲဒါတွေကြောင့် ဖြစ်နေတဲ့ မာနတွေနဲ့ မမ အရမ်းပင်ပန်း နေပါပြီ .. စိတ်ကို နည်းနည်းလေး လျှော့လိုက်ပါ မမရယ် ..”

“တောက်!...”

“မမကို ကျွန်တော် ချစ်ရေးဆိုနေတာ မဟုတ်ပါဘူး .. မမ မျှော် လင့်ခဲ့ရ .. ဆုံးရှုံးခဲ့ရတာတွေနဲ့ .. ခု ထပ်ပြီး ကလေးနဲ့ပါ ခွဲရဦးမယ် မမ ဘယ်လိုမှ ခံစားနိုင်မှာ မဟုတ်ဘူး.. အဲဒါတွေအတွက် ကျွန်တော်...

“ငါ့အတွက် ဘာမှမလိုဘူး.. အထူးသဖြင့် ယောကျ်ားတစ်ယောက် ယောက်ဆီက ရွံစရာကောင်းတဲ့ ပံ့ပိုးကူညီမှုတွေ ငါ့အတွက် မလိုဘူး ငါ မျှော်လင့် တောင့်တခဲ့တာတွေထဲမှာလည်း မင်း ပေးချင်နေတာ... မပါဘူး .. အဲဒီတော့ ..”

ဂီတ က သူ့မျက်နှာကို မျက်လုံးချင်းဆုံအောင် ကြည့်နေပြီး...

“အန်တို့ကို ချန်လှပ်ပြီး ပြောရရင် မင်း နောက်ထပ် ဒီလိုအကူ အညီတွေ ပေးချင်နေသေးရင် အဲဒါတွေ ငါတို့ မပြောမိအောင် မင်း ငါ့ရှေ့ကို ဘယ်တော့မှ မလာနဲ့ ..”

ဂီတ သူ့ရှေ့ကနေ ထွက်ခွာသွားသည်နှင့် အလက်ာ့ မျက်နှာ တစ် လုံးက စိတ်ပျက်အားလျှော့ခြင်းများကြောင့် ညိုမှောင်သွားခဲ့၏။

မိသားစုမေတ္တာကိုမှ ရူးသွပ်နေခဲ့သည့် မိန်းမတစ်ယောက်၏ နှလုံး





သားထဲမှာ နောက်ထပ် တစ်စုံတစ်ရာသော ချစ်ခြင်းမေတ္တာအတွက် ဘာကြောင့် နေရာမရှိရတာလဲ ...၊

သူကရော ဂီတ ဆိုသည့် မိန်းမတစ်ယောက်ကိုမှ မြင်မြင်ချင်း ကြင်နာချင်တာတွေ .. သနားကရုဏာစိတ်တွေ ဘာကြောင့် ဗုန်းပေါ လအော ထဖြစ်လာခဲ့တာလဲ ...၊

ကလေးနဲ့ သူမကို ယှဉ်တွဲ သိမြင်လိုက်ရသည့်နောက်မှာ သူ့ရဲ့ အချိန်တိုင်းက သူမ ဒီလောက်ထိ နစ်နာခဲ့သည် ...၊ သူမ ဒီလောက်ထိ ဖြူစင်ခဲ့သည် ...၊

ပြီးတော့ သူမကျမှ စွဲလမ်း ရူးသွပ်လောက်အောင် လှနေခဲ့သည်။ သူမနဲ့ပတ်သက်သော အနိမ့်အမြင့် အဆိုးအကောင်းတွေကိုသာ နေ့နေ့ ညည တွေးနေခဲ့မိ၏။

ချို နဲ့ ပတ်သက်၍ သတိရခြင်းလက်ကျန်တွေက သူမကို မြင် လိုက်သည်နှင့် ကိုယ့်မှာ အရင်က ဘယ်မိန်းမကိုမှ မချစ်ခဲ့ဖူးသလို ရင်ထဲမှာ တကယ့်ဗလာ ...၊

ကိုကြီး အပေါ်မှာ မကျေလည်ခဲ့သော တချို့ ခံစားချက်တွေက လည်း သူမကို မြင်ချင် တွေ့ချင်သည့်စိတ်ဖြင့် အားလုံးကို မေ့ပျောက်နိုင်ခဲ့ ပြန်၏။

ဒီလောက်ထိ ကျွန်တော် ရူးသွပ်နေပါတယ်လို့များ ပြောလိုက်မိ ရင် သူမ ဘယ်လိုဖြစ်သွားမလဲ ...၊

သူမရဲ့ မာနတွေကို သိလာရလေ – စွဲလမ်းခြင်းက အရှူးရင့်လေ –

မေမေ ဒီလောက်ထိ အလေးထား ဂရုစိုက်နေတာ မြင်တည်းက ဂီတ ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မေမေ ကြည်ဖြူမှာကို စိတ်ထဲက သိ နေ၏။ ဒါပေမယ့် ...

သူ့ရဲ့ အားတက်သရော မျှော်လင့်မိခဲ့သမျှတွေက ဂီတ ရဲ့ မာန် မာနတွေအောက်မှာ ပျက်ရ ပျောက်ဆုံးခဲ့ပြီ ...၊ နောက်ထပ် သူ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ခွင့် ရှိသေးရဲ့လား ...၊

မိန်းမတစ်ယောက်ကို မြင်မြင်ချင်း မကြိုက်ရဘူးဆိုတဲ့ တားမြစ်ချက် ဥပဒေလည်း မရှိခဲ့ဘဲ သူ ချစ်ခဲ့မိတာ အပြစ်ရှိသွားသလား ...၊

တစ်ယောက်ကို ချစ်ခဲ့ပြီး ဒါမှမဟုတ် တစ်ယောက်ကို ချစ်နေတုန်းမှာ နောက်တစ်ယောက် မချစ်ရဘူးလား ...၊

ဒီလိုမဟုတ်ဘူး မမ ...၊

တစ်ချစ် သေဆုံးပြီးမှ နောက်တစ်ချစ် ဖြစ်လာတာပါ ...၊ အချစ်ဘာကြောင့်ပျက်ပြယ်ရသလဲ ...၊ ဘာကြောင့် ဖြစ်ပေါ်လာရသလဲဆိုတာတော့ ကျွန်တော် မသိဘူး ...။

ဒါပေမယ့် မမကို ကျွန်တော် တကယ်ချစ်တာ ...၊

ရင်တွင်းခံစားချက်တွေ တစ်နင့်တစ်ပိုးနှင့် နေရာမှ လှည့်ထွက်လိုက်လျှင် လှေကားခြေရင်းမှာနေ လက်ပိုက်ရပ်ကြည့်နေသည့် သိုက်နှင့် နီးနီးလေး ...။

သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်နေသည့် သိုက် ရဲ့မျက်ဝန်းတွေက ဘာကို သိနေတာလဲ ...၊ ဘာကို ပြောချင်တာလဲ ...။

ဘာမှန်းမသိသေးခင် ရှုးရဲသောအကြည့်တွေအောက်မှာ မျက်နှာလွှဲမိတော့မတတ် ဖြစ်သွားခဲ့၏။

ရုတ်တရက် နိုးထုပ်နိုးထည်နှင့် အဖမ်းခံလိုက်ရသလို တစ်ကိုယ်လုံး ပူထူ ရှိန်းဖိန်းသွားခဲ့လျက် ...၊ သူ့အမူအရာတွေ ကသောင်းကနင်းဖြစ်ကုန်၏။

"မင်းကို မှာစရာရှိလို့ စောင့်နေတာ ..."

"ဗျာ!..."

"ငါ ဒီနေ့ သွားစရာရှိတယ် .. ညလည်း ပြန်အိပ်ချင်မှ အိပ်မှာ.."

ဘာမှမဖြစ်သည့် မျက်နှာက ပုံမှန်အတိုင်း စကားပြောနေပေမယ့် ထိုမျက်လုံးတွေထဲမှာ အလင်္ကာ တစ်စုံတစ်ရာကို ရှာဖွေနေမိ၏။





ကိုကြီး တကယ် ဘာမှ မကြားလိုက်တာလား ...၊

"အန်တီ့ကို မင်းပဲ ပြောလိုက်တော့ .. တကယ်လို့ ငါ ပြန်မအိပ်ခဲ့ရင် ဒီမှာ မိန်းမသားတွေချည်းပဲ ဆိုတော့ .."

သူ့စကား ရပ်သွားသဖြင့် အလင်္ကာ က နားစွင့်နေ၏။ ဘာမှဆက်မပြောတော့မှ ...

"ကျွန်တော် ဒီမှာ လာအိပ်ပေးရမလား ကိုကြီး .."

"ဟွန်း .."

သိုက် က ရယ်မြူးရိပ်သမ်းနေသော မျက်ဝန်းတွေနှင့် ကြည့်တာနှုတ်ခမ်းကတော့ မဲ့နေတာနှင့် တူ၏။

"မင်းကို ဒီအိမ် ထပ်အပ်လိုက်ရင် နောက်ကောင်မလေးတစ်ယောက်နဲ့ ထပ်တွေ့နေမှာစိုးလို့ မအပ်တော့ဘူး .."

အလင်္ကာ့ မျက်နှာ သိသာစွာ ပျက်သွား၏။ သိုက် က ရယ်လိုက်ပြီး နေရာမှ လှည့်ထွက်သွားကာ ...

"ဒီအိမ်ကတော့ ငါချစ်တဲ့ မိန်းမအတွက် သီးသန့်ဖြစ်ရမှာ .. ဘယ်မိန်းမမှ အဝင်မခံနိုင်ဘူး .."

ရင်ထဲမှာ ခံရခက်စွာ ကျန်ရစ်၏။

အိမ်ထဲမှာ သွားချိန်းတွေ့ရအောင်လို့ ချို့ကို သူ စမခေါ်ခဲ့ဝါ ...၊ ဒီလိုပဲ လူကြီးတွေ မသိနိုင်တဲ့နေရာ ရှာရင်း ...

"ဆိတ်ကွယ်ရာဆိုတာ များတတ်တာပဲကွ .."

သိုက် က ပြန်လှည့်လာပြီး လှေကားအတိုင်း ပြန်တက်ရင်း ...

"နှစ်ယောက်စလုံးအပြစ်ပေမယ့် မိန်းကလေးက ဘာဝပျက်တယ်.. ယောကျ်ားလေးလည်း နာမည်ဆိုးနဲ့ ကျန်ရစ်တာပဲ .. နောက်တစ်ခါ သူတို့က လိုက်ရဲတယ်ဆိုလည်း မင်းက ရှောင်ပေါ့ .."

သူ ဒီတိုင်း နေရာမှ မရွေ့ဘဲ ရပ်နေခဲ့သလို .. သိုက် က လှေကားနစ်ကွေ့ချိုးကနေ ပြန်ငုံ့ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးက သာယာသွားတာ ခဏလေးရယ် .. ကိုယ် မချစ်နိုင်မှန်း သိတဲ့အချိန်မှာ မင်း လူယုတ်မာဖြစ်ပြီ .."

မျက်နှာတစ်ပြင်လုံး ဖျန်းခနဲ ပူနွေးသွားသည်။

ဒေါသကို မထိန်းနိုင်ခဲ့ဘဲ ဆတ်ခနဲ မော့ကြည့်လိုက်တော့ သိုက်က မရှိတော့ပေ ..၊

"တောက်!..."

တခြားလူ မကြားနိုင်သော တက်ခေါက်ခြင်း အမျိုးအစားတစ်မျိုးနှင့် စိတ်ကို ဖြေရင်း ..၊

'သူကတော့ ဘယ်လောက် ကောင်းနေလို့လဲ ..'





## အခန်း (၅၀)

"ဘာမှ မေးမနေပါနဲ့ဟာ .. ငါ့ကို ကူညီမယ်ဆိုရင် သားလေးကို အန်တီကေ့ ဆီ သေချာပို့ပေးပါ .."

"... ... ... ..."

"ဟင့်အင်း .. ငါ မငိုပါဘူး .."

ဖုန်းကို တစ်ဖက်က ကိုင်ထားရင်း မျက်ရည်သုတ်၏။ ဘယ်လိုပဲ ထိန်းပြောပြော နားထောင်နေသည့် ဝင်ဒီ ကတော့ သူမ ငိုနေပြီဆိုတာ သိနေမှာပါ ..။

"မဖြစ်ဘူး .. မဖြစ်ဘူး .. သားကို နင်တို့ ခေါ်ထားလို့ မရဘူး ..၊ ငါ .. ငါ နင့်တို့ကို မယုံလို့ မဟုတ်ပါဘူး .. အားနာတာတွေကြောင့် လည်း မဟုတ်ဘူး .. ဒါပေမယ့် .."

"... ... ... ..."

"ငါ တောင်းပန်ပါတယ် ဝင်ဒီ ရယ်.. ငါ မပြောချင်ဘူး ..မပြောလို့ ဖြစ်လည်း မဖြစ်ဘူး .. အကယ်၍ဟာ ငါ တစ်ခုခု ဖြစ်သွားရင်တောင် သားလေးကို ငါ့အကြောင်း လုံးဝ ပေးမသိပါနဲ့ ..၊ နင်တို့တွေ ငါ့သားလေးကို ဝိုင်းပြီး စောင့်ရှောက်ပေးပါ .."



www.burmeseclassic.com

www.burmeseclassic.com



"... ... ... ..."

"စကားကုန် ပြောလိုက်တာပါ .. အခု ငါ ရှိနေပါသေးတယ် - သားအတွက် အကောင်းဆုံးဖြစ်အောင် ငါ ကြိုးစားနိုင်သေးတယ် - သူ့အဘွားတွေရဲ့ရန်က အပ်နဲ့ ထွင်ရမယ့်အဆင့် မဟုတ်တော့ဘူး - ပေါက်ဆိန်နဲ့ ပေါက်ရတော့မှာ .. အဲဒါကြောင့် ငါ မဖြစ်လွန်းလို့ပါ - ငါ မှာတာလေးတွေကိုပဲ မှတ်ထားပေး နော် .. နင်တို့လည်း အန်တီကျေ ကို ယုံကြည်လိုက်ပါ .. ငါ့သားလေးဘဝကို ဒီစက်ကွင်းထဲက လွတ် လွတ်ကျွတ်ကျွတ် ဆွဲထုတ်နိုင်မှာ သူပဲ .. ဒါကြောင့် .."

"... ... ... ..."

"ကျေးဇူးတင်ပါတယ်ဟာ .. မနက်ဖြန် လေယာဉ်မထွက်ခင် သားလေးကို ရောက်အောင် ပို့ပေးပါ .."

"... ... ... ..."

"ငါ ဖြစ်အောင် စီစဉ်မယ် .. သားလေး နင်တို့ဆီ ရောက်လာရင် သာ .. လေဆိပ်ကို အချိန်မီ ပို့ပေးပါ .."

ဖုန်းချလိုက်ပြီး နေရာမှာပဲ ထိုင်ချလိုက်ကာ ရှိုက်ငိုပစ်မိသည်။ တော်တော် ငိုလိုက်ရမှ ရင်ထဲမှာ အသက်ရှူဝသလို ခံစားရ၏။

သူမမှာ လုပ်စရာတွေ ရှိနေသေးသည် ..၊ ငိုနေရုံနဲ့ ဘာမှမပြီး ..၊

မျက်ရည်တွေကိုပါ သုတ်ပစ်လိုက်ပြီး နေရာမှ ထရပ်လိုက်၏၊ ပြီးတော့ ထိုင်နေသည့် ခုံတန်းလေးကနေ အိမ်ဘက်ကို ပြန်အလှည့် ..

ဟင်!...

သူမ ခြေဦးထိပ်ကို ရှုရှုလေး လွင့်ကျလာသည့် စက္ကူစွန်လေး တစ်ခု ..၊

စွန်ကို ငုံ့ကြည့်နေမိတုန်းမှာ ဆားကပေါ်လာသည့် လူရိပ် ကြောင့် လှည့်ကြည့်မိ၏။

"ရှင်!..."



ဂီတ မျက်လုံးပြူးသွားကာ သိုက် ဘယ်နားက ထွက်လာသလဲ ဆိုတာ နောက်ထပ် ရှာဖွေမိရင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ရှင်က .. ဒီနားမှာလား .."

"ဆိုပါတော့ .."

"ဟင်!..."

သူမ ဖုန်းပြောနေတာတွေ ကြားသွားပြီလား ..၊ ဘယ်လိုမှ လူသိ မခံနိုင်လို့ ခြံထဲမှာ လာဆင်းပြောကာမှ စိတ်နောက်ကိုယ်ဝါဖြစ်တာ သတ်လက်လွှက်တွေ ပြောမိ ငိုမိ ဖြစ်ကုန်ရသည်။

ဒီလူ ..၊

"ရှင် .. ဘယ်တုန်းက .."

"ဘာဖြစ်လို့ ပြူးတူးပြဲတဲ ဖြစ်နေတာလဲ .. မင်းကို ငါ ဘာမှ မမေးရသေးဘူး .. ခိုးထုပ်ခိုးထည်နဲ့ မိသလိုကြီးပါလား .."

ဂီတ ကိုယ့်အမူအရာတွေကို သတိရကာ ဖျတ်ခနဲ မျက်နှာငုံ့ပစ်၏။

"မင်း မနေ့ညက ငါ့အိပ်ခန်းထဲ ဝင်သလား .."

မေးခွန်းကြောင့် ရင်ထဲမှာ ဒိန်းခနဲ မြည်သွားသည်။ သူ ဗီဒိယို ရီကော့ဒ် ယူထားတယ်ဆိုတာကို လိုက်ရှာခဲ့တာပါ .. ဒီအခွေကြီး တစ်ခုကို ဖျောက်ဖျက်နိုင်လျှင် သူမ ဒီစံအိမ်ကြီးရဲ့ အချုပ်အနှောင်သဲထ လွတ်မြောက်ပြီ ..၊

ဒါပေမယ့် ဘာအစအနမှ ရှာမတွေ့ခဲ့ပေ ..

"ဟော့ .. မေးနေတာ ဖြေလေ .."

"ဝင်တယ် .."

"ဘာဝင်လုပ်တာလဲ .."

"ပစ္စည်းတစ်ခု သွားရှာတာ .."

"ဘာပစ္စည်းလဲ .. အတွင်းအကျီလား .. ဘောက်ဘီလား .."

ဂီတ မျက်နှာလေး နီရဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် .. မမိုက်ရိုင်းနဲ့ .."

သူကတော့ အပြုံးအရယ် မဲ့နေသည့် မျက်နှာနှင့် ရှိလျက် ...

"မရိုင်းစေချင်ရင် ဖြေလေ .."

"နားဆွဲတစ်ဖက် ဘယ်မှာမှ ရှာမတွေ့လို့ .."

ကိုယ် ဝင်ခဲ့ပါလျက်နှင့် မဝင်ဘူးလို့ ပြောင်ပြောင်တင်းတင်း ညာဖို့ထိ သူမ နှုတ်က မထွက်ပေ ..။ ထို့ကြောင့် သူ မေးတာကို ဝန်ခံလိုက်ပေမယ့် ဘာလဲလို့ ထပ်မေးတော့မှ ပါးစပ်ထဲ တွေ့ကရာ ဆွဲပြောမိ၏။

သိုက် ကလည်း သူမနားဆီ တန်းခနဲ ကြည့်၏။ ပြီးတော့ မမြင်အောင် မဲ့သည်။

"ရော့ .."

သူ ကမ်းပေးလာတော့ မျက်နှာရှေ့ ရောက်လာသည့်အရာကို ကြည့်လိုက်မိသည်။

ရွှေဝါရောင် ထရိုင်ဇာ အပေါ်ထပ်အင်္ကျီလေး ..။

ဂီတ မျက်နှာပျက်သွားသည်။ ဒီအင်္ကျီလေးကို လျှော်မလို့ ရေချိုးခန်းထဲကို ယူသွားတာ ဖြစ်သည်။ ဒါပေမယ့် သူ ပြန်မအိပ်ဘူးဆိုတာ သေချာကြားလိုက်ရသဖြင့် ရေချိုးခန်းဆီ သွားသည့်ခြေလှမ်းက သူ့အခန်းဘက်ကို ဦးလှည့်သွားခဲ့၏။

ဒါကြီးတစ်ထည်လုံး လက်ပွူးလက်ကြပ် ကျန်ခဲ့တာကို သူ့အခန်းထဲ မဝင်ပါဘူးလို့များ ဖြေလိုက်မိရင် သွားပြီ ..။

"ယူလေ .. အပေါ်အင်္ကျီတွေဘာတွေ ချွတ်ထားရတဲ့အထိ အိပ်ခန်းထဲမှာ မင်း တော်တော်ကြာအောင် ရှာဖွေနေရပုံပဲ .."

လူကို မထိတထိ ကပ်ရိနေကာ ဂီတ ကို ချောင်ပိတ်ရိုက်နေခဲ့၏။

"တစ်ခုတော့ ပြောလိုက်မယ် နော် .. ငါ့အိပ်ခန်းထဲကို ခဏတစ်ဖြုတ် ရောက်ရောက်လာခဲ့တာတွေမှာ သဘာယာမနေနဲ့ .."

ကြည့်စမ်း ..။





ဒေါသနှင့် လက်ခနဲဖြစ်သွားသည့် မျက်ဝန်းလေးတွေကို သိုက် [illegible] လှောင်ရိပ်တို့နှင့် ကြည့်၏။ ပြီးတော့ ...

"မိန်းမတွေက စိတ်ထဲမှာ ရှိတာတစ်မျိုး .. ပါးစပ်ကပြောတာ [illegible]မျိုး တဲ့ .. မင်းက ငါ့ကို ရန်သူလို ဆက်ဆံနေပေမယ့် စိတ်ထဲ[illegible]"

"အဲဒီလိုစိတ်တွေ ပေါက်လာရင် ကိုယ့်ကိုယ်ကိုယ် တိုင်နဲ့ခေါင်းနဲ့[illegible]ဆောင့် သေပစ်လိုက်မယ် .. ဒီမှာ .. ကိုယ် ထင်တာတစ်ခုခု [illegible]တော့မယ်ဆို .. ရှင့်ရှေ့မှာ ရပ်နေတာ ဘယ်သူလဲဆိုတာ သေချာကြည့်[illegible] ပြော .."

ဂီတ .. အင်္ကျီကို ဆောင့်ဆွဲယူကာ ချာခနဲ လှည့်ထွက်သွားသည်။ [illegible]မရဲ့ ပန်းနုံ့သင်းသော ကိုယ်သင်းနံ့က သူ့ဆီ ပျံ့လွင့်ကျန်ရစ်၏။

ကျောပြင်လှလှလေးကို ငေး၍ သိုက် တစ်ယောက်တည်း ပြုံးမိ[illegible]သည်။ ပြီးတော့ ခေါင်းခါ၍ ...

'တကယ် .. မဖြစ်သင့်ဘူး ..'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၁)

ညဥ့်တစ်နာရီ၏ နာရီသံက လူကို ခပ်ကြမ်းကြမ်း ဆောင့်ခါလိုက်သလိုပင် ...၊

သားလေးရဲ့ ခေါင်းအုံးလေးကို ပွေ့ပိုက်ဝိုနေသည့် ဂီတ ရဲ့ရှိုက်သံတွေလည်း တင်းခနဲ ရပ်၏။

"မေမေက ဒီမှာ နေခဲ့မှာလား .. သားသားဆီ ဘယ်တော့ လိုက်လာမှာလဲ ဟင် .."

"သားသားက ဘွားဘွားတို့ဆီ ပြန်သွားရမှာ ဟုတ်ဘူး နော် - ဟုတ်လား မေမေ .. သားသား ဘီဘီချို တို့နဲ့ မနေချင်ဘူး .."

သားလေးရဲ့ စကားသံတွေကို သူမ ပြန်ပြီး ကြားယောင်နေခဲ့တာ သားလေးကို အလက်ာ နဲ့ ထည့်ပေးလိုက်တဲ့အချိန်ကစ၍ ဖြစ်သည်။

"ကလေးကို ဟိုအိမ် ဒီအိမ် သွားလည်ခိုင်းတာ .. ညအိပ်ညနေခိုင်းတာ မကောင်းဘူးနော် မမ .."

"ဒီအိမ်ကလည်း သူနဲ့ ဘာမှမဆိုင်တဲ့ အိမ်ပဲ .. မအေက အခြေအနေမဲ့ ဖြစ်နေမှတော့ ဒါတွေ မလိုပါဘူး .."

"လိုတယ် မမ .. ကလေး အဲ့ဒီလို ဖြစ်နေတာကို အကြောင်းပြပြီး ချို တို့က .."





"မင်း ငါ့ကို မကူညီရင်နေ အလက်ာ .. ငါ့စိတ်ကူး ငါ့ဆုံးဖြတ်ချက်တွေကို မဝေဖန်နဲ့ .. သားကို လွှမ်း တို့ဆီ ပို့ပေးလိုက် .. သူတို့ လက်ပေါ်မှာ ကြီးခဲ့တဲ့ ကလေး .."

ဘာအကြောင်းမှ ဖော်မပြဘဲ လွှမ်း တို့နဲ့ တစ်ည နှစ်ည နေသိပ်ချင်လို့ဆိုပြီး ကလေးကို သွားပို့ခိုင်းခဲ့သည်။

"မေမေ့ .. သားသားနဲ့ ညကျရင် ဖုန်းပြောမယ် နော် .."

"မေမေ .. ဘယ်နေ့ လာခေါ်မှာလဲ .."

သားလေးက မသွားချင်ရှာ ...၊

ဒီစကားသံလေးတွေကိုပဲ တစ်ညလုံး ကြားယောင်နေပြီး မစဲခဲ့တဲ့ မျက်ရည်တွေက ခုချိန်ထိ အားကောင်းနေတုန်း ...၊

သားလေးရယ် .. သားနဲ့ မေမေ နောက်ထပ် အကြာကြီး ခွဲကြရဦးမှာ ...၊ သားလေး လူပျိုကြီးဖြစ်သွားတဲ့အထိ ဒါမှမဟုတ် မေမေက ထောင်ထဲမှာပဲ သေသွားခဲ့မယ် ဆိုရင်လေ ...၊

ရင်ထဲမှာ ဆို့ကျပ်သွားသည်။

မဟုတ်ဘူး ...၊ နင် ဒီလောက် စိတ်မပျော့ရဘူး .. လုပ်ရဲရင် ခံရဲရမယ် .. မှန်တယ်ထင်လို့ လုပ်ပြီးရင် မနွဲ့နဲ့ ...၊

ဂီတ အံလေးကြိတ်၍ မျက်ရည်တွေကို သုတ်ပစ်မိသည်။ ပြာလဲ့လဲ့ မီးရောင်လေးထဲမှာပဲ မွေ့ရာပေါ်ကနေ ဆင်းရပ်လိုက်သည်။ ပြီးတော့ သေချာချထားသည့် ခြေလက်မ ဓားမြှောင်ကို ကောက်ယူလိုက်သည်။

သားလေး နောင်ရေးအတွက် စိတ်ချရမည့်လူ့လက်ထဲ ထည့်ခဲ့ပြီးပြီ ...၊ ကျန်တဲ့အန္တရာယ်ကို သူမ ရှင်းပစ်ဖို့သာ ကျန်တော့သည်။

"ငါ့ကို သတ်မလို့လား .. ဟား .. ဟား .. ဟား ..."

"မင်း ထည့်ပြောလိုက်တည်းက မှားသွားတာ .. ခုဆိုရင် ငါ့ကြောင့်ပဲသေသေ မင်းက တရားခံဖြစ်တော့မှာ .. မင်းက ကြိုက်ခဲ့တဲ့သူကိုး .."



www.burmeseclassic.com

www.burmeseclassic.com



သိုက် ပြောခဲ့တာတွေကို ပြန်တွေးမိတော့ မဲ့ပစ်လိုက်မိသည်။

လူသတ်ရင် ထောင်ကျမယ်မှန်း သိပ်သိတာပေါ့ ခနသိုက် ရယ်—ရှင့်ကိုသတ်ဖို့ ဆုံးဖြတ်လိုက်တည်းက ဘာကိုမှ မကြောက်တတ်အောင် ခွန်အား မွေးထားပြီးသား ...၊

ဓားကို ကျစ်နေအောင်ဆုပ်၍ အခန်းထဲက တိတ်တဆိတ် ထွက်လာခဲ့သည်။ သတ်ပစ်ချင်အောင် မုန်းမိပေမယ့် တကယ် သတ်ပစ်ဖို့ထိ ဖြစ်လာခဲ့တာက သူ့ကြောင့်ပဲ ..။

"မင်း ကိုယ့်ကိုယ်ကိုယ် သတ်သေမှာလား .. လုပ်လေ .. မင်းမရှိတော့ မင့်သား ရှိတာပဲ .. ငါလိုချင်တာ ဖြစ်အောင်လုပ်ယူဖို့ ငါ့မှာ အင်အားအပြည့် ရှိတယ်.. မင်း မဆပ်ခဲ့တဲ့ကြွေးကို မင့်သား ဆပ်ရမယ်—သူ့အမေ ဘာကြောင့် အဆုံးစီရင်သွားသလဲဆိုတဲ့ ကျော်မကောင်း ကြားမကောင်း ဖြစ်ခဲ့တဲ့ မင်းနဲ့ ငါ့ရဲ့အဖြစ်တွေရော .. ပြီးတော့ .."

လူယုတ်မာ ...၊

တွေးကြည့်တာနဲ့တောင် ရင်ထဲမှာ ခါးခါးသီး မုန်းတီးလာခဲ့သည်။ ကိုယ်သေသွားလည်း ကျန်ခဲ့တဲ့လူအတွက် ရတက်မအေးရမယ့်အတူတူ မီးခိုးကြွက်လျှောက် ဒုက္ခပေးနိုင်တဲ့လူကိုပဲ အဆုံးသတ်ပေးဖို့ရှိတော့သည်။

နင် မမှားဘူး ဂီတ .. ဒီ့ထက်ကောင်းတဲ့ နည်းတောင် ဒီလောက် မကောင်းနိုင်ဘူး .. ရဲရဲ ဆုံးဖြတ် .. ရဲရဲ လုပ် ...၊

သူ့အိပ်ခန်းရှေ့ရောက်တော့ ခြေစုံရပ်ပြီး နားစွင့်ကြည့်လိုက်မိသည်။

လူတစ်ယောက်လုံးကို သတ်ပစ်ဖို့အတွက် ရင်ထဲက နာကျင်နေတာက သပ်သပ် ...၊ မသိစိတ်မှာ တုန်လှုပ်နေတာကတော့ တစ်ကိုယ်လုံး တဒိန်းဒိန်း ဆောင့်ခုန်နေသလိုပင် ...၊

လက်တွေ တုန်ယင်လာကာ မဖြစ်တော့ဘူး ထင်လေ .. ဖိဆုပ်ထားမိလေ ...၊

ဓားရိုးက လက်ဖဝါးထဲမှာ မြုပ်နေတော့သည်။





ဘယ်တော့မှ အတွင်းက ပိတ်မထားတတ်သည့် သူ့တံခါးကို သိနေသည်။ ထို့ကြောင့် အသာလေး တွန်းဖွင့်ပြီး အထဲဝင်လိုက်၏။

မနေ့ညက ဒီလိုအချိန်မှာပဲ သူမ ဒီထဲကို ရောက်ခဲ့သည်။ ဗီဒီယိုကို ရှာမတွေ့ခဲ့ခြင်းကြောင့် ဒီနေ့ ဒီနေရာကို အခိုင်အမာဆုံးဖြတ်ပြီး ရောက်လာခဲ့တာ သူ့ကို သတ်ပစ်ဖို့ ...၊

ညဥ့်၏ တိတ်ဆိတ်ခြင်းက ခြေဖဝါး အကြွ — အချမှာပဲ အသံတွေ မြည်နေသလို ထင်ရလောက်အောင် တိတ်ဆိတ်နေခဲ့၏။

သိုက် ကို မွေ့ရာပေါ်မှာ လှမ်းမြင်နေရသည်။ ဒါပေမယ့် ပက်လက် အိပ်နေတာလား .. မှောက်နေတာလား ...၊

သေးတစောင်းပုံစံ မဟုတ်တာတော့ သေချာပါသည်

အနားရောက်သွားကာမှ သူနိုးလာပြီး လက်ရဖမ်းမိခဲ့လျှင် ဘယ်လို လုပ်မလဲ ...၊ ဒီလိုလူဆိုက ညာတာမှုကို မမျှော်လင့်ပေမယ့် သားလေးနဲ့ သူမဘဝ ဆုံးပြီ ...၊

ဂီတ ပင့်သက် တစ်ဝကြီးရှိုက်ကာ ခုတင်နဲ့မလှမ်းမကမ်းမှာ ရပ် လိုက်သည်။ မှောက်လျက် အိပ်ပျော်နေသော စောင်တစ်ဝက်တင်ထားသည့်ကျောပြင်က သူမကို စိန်ခေါ်နေ၏။

အခွင့်သာတုန်း ထိုးချလိုက်တော့ ...၊

ထိုးစမ်း .. တစ်ဆုံး ထိုး ...၊

ဓားကို ညာလက်နဲ့ အောက်စိုက်ကိုင်ကာ ဘယ်လက်နဲ့ ထပ်ဆုပ် ထားလိုက်သည်။ ပြီးတော့ ခုတင်နားတို့ ထပ်တိုးလိုက်၏။

အနီရောင်မှိန်မှိန်ဖျော့ဖျော့ မီးနှင့် အပြာရောင်သမ်းနေသော အကျီ နဲ့ ကျောပြင်မှာ ဘယ်ဘက်ရင်အုံကို သေချာချိန်သည်။

အံကြိတ်နေရင်း .. မာန်တင်းနေရင်း လက်တွေက တုန်နေ၏။ သတ်ရမှာကို ကြောက်ခြင်းထက် သားလေးနဲ့ သူမ ပေးရမည့် သတိရ လိုက်တိုင်း လူက ဟပ်ထိုးလဲချင်၏။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက လိုက်လာမှာလား .."

"မေမေ ဘယ်နေ့ လာခေါ်မှာလဲ ဟင် .."

ဟင့်အင်း .. မခေါ်ဘူး .. မေမေနဲ့နေရင် သားလေး ဘာမှဖြစ်ထွန်းလာမှာ မဟုတ်ဘူး ..။

မေမေ ဆုံးဖြတ်လိုက်တာ သားအတွက် ..။

မျက်လုံးကို မှိတ်ပစ်လိုက်ကာ ဓားနဲ့ အားရပါးရ စိုက်ချပစ်လိုက်၏။

"အား!..."

ညဥ့်ယံမှာ အော်သံကြီးထွက်လာခဲ့၏။ ဂီတ ခေါင်းတွင်တွင်ခါပြီး ဆက်ထိုးသည်။

"အ!... ... ား!..."

နောက်ထပ် တစ်ချက် ..။

ဓားသုံးချက်မြောက်မှာ သူမပါ မွေ့ရာထက်သို့ ခွေခေါက် လဲကျသွားခဲ့၏။

"ဆက်ထိုးလေ .. သွေးလည်း မထွက်သေးဘူး .."

ဟင်!...

ဂီတ တစ်ကိုယ်လုံး တုန်ခါသွား၏။ ထိုစဉ် ချောက်ခနဲ အသံနှင့် အတူ တစ်ခန်းလုံး မီးရောင်တွေ ဖွေးထိန်သွားခဲ့၏။

သိုက် က တံခါး၏ညာဘက် အလှပန်းစင်ကြီးအေားမှာ လက်ပိုက်ရပ်နေကာ မျက်နှာပြင်က ပြုံးထေ့ထေ့ ..။

ချောက်ချားခြင်းသည် စိတ်ပျက် မုန်းတီးခြင်းတွေပါ ပါလာခဲ့ပြီး ဂီတ မျက်လုံးတွေ ပြူးပြက်လက်လာ၏။ ပြီးတော့ အရူးမလေးလို ကြောင်စီစီ ထရပ်လိုက်ကာ ...

"ရှင်က သိပ်လည်တယ်ပေါ့ .."

"မင်းက ညံ့လို့ပါ .."



သိုက် က အနက်ရောင် ကိုယ်ကျပ်အင်္ကျီလက်ရှည် .. ဘောင်းဘီရှည်အနက်နှင့် လက်ပိုက်မပျက်ဘဲ လျှောက်လာသည်။

"ငါ အပြင်သွားသွား .. အထဲမှာနေနေ .. အဲဒ်ကွန်း မရှိရင် မနေတတ်ဘူးဆိုတာ မင်း မသိဘူးလား .."

ဆံတင်တုကြီး အုပ်ထားသော ခေါင်းအုံးနှင့် လူပုံစံ ဖန်တီးထားသည့် မွေ့ရာပေါ်က ပုံစံကို မေးဆတ်ပြ၍ ...

"မင်း ကြိုတင်စီစဉ်ပြီး သတ်ဖို့ လာတယ် .. ပြီးတော့ အငြိုးနဲ့ မသေမချင်း ထိုးသတ်တယ် .."

"ရှင် .. အဲ့ဒီလို သေသွားသင့်တာ .."

ဆီလီကွန်တချို့နှင့် အဝတ်စတွေ ဖွာထွက်နေသော ခေါင်းအုံးနဲ့ စောင်ကို ဂီတ ဒေါသတကြီး ဆွဲလွှဲ လွှင့်ပစ်၏။

ပြီးတော့ ဓားကိုင်ပြီး သူ့ဆီ ပြေးဝင်သည်။

သိုက် က တစ်ချက်ကို ရှောင်လိုက်ပြီး နောက်တစ်ချက်တွင်မှ ဓားနဲ့လက်ကို ဖမ်းဆုပ်ထားလိုက်ပြီး လွတ်ကျသွားအောင် ညှိတ်ချလိုက်၏။

ဓား လွတ်ကျသွားရုံသာမကဘဲ ဂီတ ဖင်ထိုင်လေး ပြိုလဲသွားတော့ မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် ကျလာကြ၏။

"မုန်းတယ် .. ရှင့်ကို မုန်းတယ် .."

"မင်း အဲဒီလောက် မုန်းနေကာမှ ငါက ဘာဖြစ်လို့ ခုးခုးနစ်နစ်ချစ်သွားမိမှန်း မသိဘူး .."

ဂီတ ၏ မုန်းတီးသောအကြည့်တွေက စူးစူးဝါးဝါး ..။

"မင်း ဒီရက်ပိုင်းမှာ တစ်ခုခု လုပ်ရှားတော့မယ်ဆိုတာ ငါ သိတယ် .. ဘာလို့ သိတာလဲဆိုတော့ မင်းကိုပဲ သိအောင် ကြိုးစားနေလို့ .. မင်းကို ငါ အရိပ်လို ကြည့်နေခဲ့တာ မင်း သိလား .."

ဂီတ က နဂါးမျက်စောင်းမျိုးဖြင့် သောတိုက် ကြည့်နေရင်း

www.burmeseclassic.com



အံလည်း ကြိတ်သည်။ အသက်ရှူတွေပါ ပြင်းနေခဲ့၏။ ဒါပေမယ့် ...
မျက်ရည်စက်တွေက မရပ်နားသေး ...၊

သိုက် က သူ့မဘေးမှာ မှဆိုးဒူးထောက် ထိုင်လိုက်ပြီး ...

"ဒေါ်မေညွန့် တို့ သားအမိ ဒီလောက်ထိ ခလောက်ဆန်ဖို့ ... စားတာကို မင်းက လုံးဝ ငြိမ်နေတယ် .. အဲဒါကို စပြီး မသက်... သွားရာကနေ မင်း ငါ့အိပ်ခန်းထဲဝင်ပြီး စီစီတီဗွီက ဗီဒီယိုကို လို... တယ် .."

"ဟုတ်တယ် .. အဲ့ဒါ ကျွန်မကို အခု ပေးပါ .. အဲ့ဒါကို ဖျက်... ပစ်ပါရစေ .. ရှင် ကျွန်မကို ထောင်ချမှာမို့လား .. ကျွန်မကိုယ်... ဒီလိုကြံခဲ့ပါတယ် .. ဒီလိုလုပ်ခဲ့ပါတယ်ပြောပြီး သွားအဖမ်းခံပါ့မယ်... အဲ့ဒါကိုတော့ ဖျက်ဆီးခဲ့ပါရစေ .."

"ရှိမှ မရှိတာ .."

ဟင်!...

ဂီတ မယုံနိုင် ...၊

ဒါ ဖြစ်မှ မဖြစ်နိုင်ဘဲ ...၊ ဒါကိုပဲ သူ တောက်လျှောက် ချုပ်ကိုင်... အနိုင်ယူလာခဲ့တာ ...၊

"မနေသိုက် .. ရှင် ..."

"မယုံဘူးလား .."

"ရှင် ကျွန်မကို ဒါလေးပဲ လိုက်လျောပေးပါ .. သေခါနီးလူ... ယောက်ကိုတောင် နောက်ဆုံးအခွင့်ရေးတစ်ခုတော့ ပေးကြတာပဲ ... ဒါက မိန်းမတစ်ယောက်ရဲ့ အရှက် .. ကျွန်မရဲ့ အသက်ပါ .. ကျွ... တောင်းပန်ပါတယ် .."

သိုက် က စိုက်ကြည့်နေပြီး တောင်းပန်တာကို ခေါင်းခါ... ဂီတ လက်အုပ်လေးပါ ချီ၍ သူ့ဘက်ကို ကျုံ့ကျုံ့လေး လှည့်ထိုင်လို... တာ အရူးတစ်ယောက်လို ...၊





"ရှင့်ကို ရှိခိုး တောင်းပန်ပါတယ် .. ဒါကြီး သတင်းထွက်သွားရင်လည်း ရှင်လည်း လူယုတ်မာအဖြစ် ရာဇဝင်တွင်မှာပဲ ... ကိုယ့်ကိုယ်ကို အပျက်ခံပြီး သူများကို မကောင်းမကြံပါနဲ့ .."

"မင်းလိုမိန်းမကို ရဖို့အတွက် ငါ လူယုတ်မာလုပ်ခဲ့ရတာ ဘယ်... တယ် .. အဲဒါကို နားလည်လာလို့ ကျေနပ်တာ .."

"ဘာပြောလိုက်တယ် မနေသိုက် .. ရှင်!... ရှင် .. တော်တော် မိုက်ရိုင်းရမ်းကားတဲ့ လူ .. အသည်းနှလုံး မရှိတဲ့ လူ .."

"သိပ်ရှိတာပေါ့ .. အသည်းနှလုံးရှိလို့ မင်းကို ချစ်မိခဲ့တာ ..."

"ဘာတွေ လာပြောနေတာလဲ .. ရှင် ဘာလဲ မနေသိုက် ... ရူးနေပြီလား .."

"မရူးပါဘူး .."

သူ့မျက်နှာက အပြောင်အပျက် ပြောနေတာနဲ့လည်း မတူ... ငြင်နေကျအကြည့်တွေနဲ့ မျက်နှာပဲဖြစ်ပြီး အပြုံးတို့သည်သာ မဲ့ပြုံးတွေ မဟုတ်ခဲ့ဘဲ ...

"ဂီတ .."

သူ ဂီတ ဘေးမှာပဲ ကပ်ထိုင်လိုက်ကာ ...

"ငါ့နောက် တကောက်ကောက်လိုက်ပြီး အရာရာတို့ ထပ်မံ... လိုချင်နေကြတဲ့မိန်းမတွေ ရှိတယ် ... အားလုံး မင်းထက် သာတယ် ... ဒါပေမယ့် မင်းလို မဟုတ်ဘူး .."

ဂီတ က သူနဲ့ ထိမိလိုက်တာနှင့် ဝေးရာလေးတော့သွားတော ...

"ကျွန်မ ရှင့်ကို တောင်းပန်နေတာ ... အဲဒီလိုစကားတွေ ပြောခြင်း မဟုတ်ဘူး .."

"ပြောကြဖို့လည်း တိုယ် ရည်ရွယ်ခဲ့တာ မဟုတ်ဘူး ဂီတ ... ဒါပေမယ့် မင်းက ကိုယ့်ကို သတ်ပစ်တဲ့အထိ အမုန်းကြီးလာတော့ ကိုယ် မပြောလို့ မရတော့ဘူး .. မင်းက သေလောက်အောင် မုန်းနေပေမယ့်

www.burmeseclassic.com



ကိုယ့်ဘက်က မမုန်းချင်တော့ဘူး ..."

သူ့ကို ဓားနဲ့ သုံးလေးချက် ထိုးဆွထားခဲ့တဲ့ မိန်းမကို ချက်ချင်းကြီး ချစ်သွားပြန်ပါသတဲ့ ...၊

ဂီတ စိတ်ပျက်ခြင်းတို့နှင့် နေရာမှ ထရပ်ဖို့ ပြင်လိုက်လျှင် သိုက်က လက်ကို ဖိဆွဲထားကာ ...

"ဂီတ .. မင်းကို ကိုယ် ဒီနေ့ထိ နစ်မွန်းအောင် ဘာမှ မလုပ်ခဲ့ဘူး .."

"ဟင်!... ဘာ .."

သူမ နားကြား မှားသွားတာလား ...၊

"မင်းကို အရမ်းမုန်းခဲ့တယ် .. ဒုက္ခပေးဖို့ ပြင်ဆင်လိုက်မိတာ မီးကုန်ယမ်းကုန်ပဲ .. ဒါပေမယ့် သတိလစ်နေတဲ့ မိန်းမတစ်ယောက်ကို ဖျက်ဆီးစော်ကားဖို့အတွက် ကိုယ့်စိတ်က ခွင့်မပြုဘူး .. နောက်ထပ် မင်းဆီက ကိုယ် အတင်းအဓမ္မ အနိုင်ကျင့်ယူခဲ့တာတွေက အနမ်းတွေပါ .."

အဖြစ်တွေကို ပြန်စဉ်းစားကြည့်လိုက်တော့ ဘယ်ဟာက အမှန်တရားလဲဆိုတာ မသိ ...၊ ကိုယ့်အဝတ်စားတွေ လဲထားပြီးသည့်အဖြစ်ကြောင့် သူမ ဘဝပျက်ပြီဆိုတာပဲ နားလည်ထားခဲ့တာ .. အဲဒီတုန်းက သူမ ဘာကိုမှ ဆင်ခြင်နိုင်စွမ်း မရှိခဲ့တာလည်း အမှန်ပဲ ဖြစ်သည်။

"ကိုယ် မင်းကို ဘာမှ မလုပ်ခဲ့တဲ့အတွက် ဘာဗီဒီယိုရီကော့ဒ်မှလည်း မရှိဘူး .. နောက်ထပ်ပြီး ငါ မင်းကို ပြောခဲ့သလို မင်းဘဝကို ခြေတော်တင်ရုံ ဖျက်ဆီးပစ်ဖို့လည်း ကိုယ့်စိတ်ကို တင်းပြီး အကြိမ်ကြိမ်ကြိုးစားကြည့်ဖူးတယ်.. ဒါပေမယ့် ကိုယ်က မုဒိမ်းသမားမှ မဟုတ်ဘဲ.."

ဂီတ သူ့ကို ကြည့်လိုက်မိသည်။ သိုက် ရဲ့မျက်လုံးတွေက နူးညံ့ရီဝေနေကာ ...

"မင်းကို ဘယ်တုန်းက ဘာကြောင့် မုန်းလို့မရတော့တာလဲဆို



တာကို ကိုယ့်ကိုယ်ကိုယ် မသိဘူး .. ဒါပေမယ့် ဝန်မခံနိုင်တဲ့စိတ်တွေနဲ့ပဲ မင်းရဲ့သားကို ကိုယ် ကာကွယ်စောင့်ရှောက်ပေးခဲ့ပါတယ် .. မင်းရှေ့မှာ ပြောခဲ့သမျှ ကိုယ် ဝန်မခံနိုင်တဲ့ ကာကွယ်စကားတွေပါ ...၊ ကလေးအတွက် အိမ်မှာ စာလာသင်ပေးဖို့ ဂိုက်စ် ခေါ်ထားပြီးပြီ .. ပြီးခဲ့တဲ့နှစ်ရက်က သူ လာတယ် .. ဒါပေမယ့် လမ်းမှာပဲ သူစီးတဲ့ကားနဲ့ ကားကြီးနဲ့ ငြိမိလို့ ခြေထောက်ဒဏ်ရာ ရသွားတယ် .."

ခုကျတော့ စကားတွေပြောနေတဲ့ သိုက် က မနေ့တစ်နေ့က မနေ့ သိုက် မဟုတ်တော့ဘူးလား ...၊

ကိုယ်ကရော သူ ဒါတွေ ပြောပြလိုက်တာနဲ့ပဲ မနေ့တစ်နေ့က အမုန်းငြိုးတွေကို ဖြေဖျောက်ပစ်လိုက်နိုင်သလား ...၊

ရဆို သားလေးက စင်ကာပူ ပါသွားခဲ့ပြီ ဖြစ်သည်။

ဂီတ မျက်ရည်တွေ ပြည့်ဝိုင်းလာ၏။ သူမ အိပ်မက်မက်နေတာဖြစ်ပါစေ ...၊

ဒီလောက်ထိ ပြောင်းလဲသွားမှာ မဟုတ်တဲ့ သိုက် ကို အိပ်မက်ထဲမှာ သူမ တွေ့နေတာ ...၊

ဒီနေ့ သူ့ကိုသတ်ဖို့ မအောင်မြင်ခဲ့တာလည်း အိပ်မက်ထဲမှာပဲ...၊

ဒီနေ့ကို အစက ပြန်ရမှ ဖြစ်မည်။ သိုက် ကို သူမ အောင်မြင်စွာ သတ်နိုင်ရမည်။

စိတ်ကဖြစ်တဲ့အတိုင်း လက်က ကြမ်းပေါ်မှာရှိနေသည့် ဓားကို လှမ်းကောက်မိသည်။ သို့သော် ...

သူမ တစ်ကိုယ်လုံးကို သိုက် က နောက်ကနေ ဆွဲဖွေ့ထားလိုက်ကာ ဓားကို ဒုတိယမ္ဗ လွှတ်ကျစေခဲ့ပြီး ...

"ဓားကြီး ချထားလိုက်ပါတော့ ကွာ .."

"ဟင့်အင်း .. ရှင့်ကို သတ်ပစ်မှ ဖြစ်မှာ .."

ဂီတ အတင်းရုန်းမိသည်။ သူက အတင်းအကျပ် ချုပ်ဖက်ထား

www.burmeseclassic.com

www.burmeseclassic.com



လျက် ...

"ကိုယ့်ကို သတ်ပစ်ဖို့မှ မလိုတော့တာ .. မင်းကို ဒုက္ခပေးရော ဘာအချက်အလက် အထောက်အထားမှ ကိုယ့်မှာ မရှိဘူး .. မင်းလည်း မဖျက်ဆီးခဲ့ဘူး .. ပြီးတော့ ကိုယ် ရှိနေမှ မင်းနဲ့ မင်းရဲ့သား တင့်တင့်တယ်တယ် ထားနိုင်မှာ .."

"ရှင် ဘာတွေ ပြောနေတာလဲ .. ဖယ်ပေးပါ .. လွှတ် .."

"ကိုယ်တို့ လက်ထပ်မယ် .."

"ဘာ!..."

"မင်းက ကိုယ် အလိုအပ်ဆုံး မိန်းမပဲ ဂီတ.. မင်းကို ကိုယ် ချစ်တယ် .."

"လျှောက်ပြောမနေနဲ့ ခနသိုက် .. ကိုယ့်ကို သတ်ဖို့ ကြိုးစားခဲ့တဲ့ မိန်းမကို လက်ထပ်မယ်ဆိုတာ ရှင့်စကားကို ယုံရအောင် ကျွန်မက အရူးမဟုတ်ဘူး .."

"ဒါဆိုလည်း ရှူးလိုက်တော့ .."

"နေပါဦး .. ရှင် ကျွန်မကို ဘယ်လိုနည်းနဲ့ ထပ်နှိပ်စက်ဖို့ နောက်တစ်မျိုး ကြံတာလဲ .."

"မင်းက မုန်းနေပေမယ့် ကိုယ်က ချစ်ချင်လို့ .."

"ဖယ် .. လွှတ် .. ရှင့်ကို ကျွန်မ သတ်မှာ နော် .."

"ဒါဆိုလည်း လုပ်ကွာ .. ရော့ .."

သိုက် က ဓားကို ပြန်ကောက်ယူပြီး ဂီတ လက်ထဲ ထည့်ပေး၏။ ပြီးတော့ ဓားကို တစ်ချက်မှမကြည့်ဘဲ ဂီတ မျက်နှာလေးကိုပဲ ကြည့်နေရင်း ...

"ကိုယ် ဘယ်မိန်းမကိုမှ မပြောခဲ့သေးဘူး .. မင်းကို ချစ်တယ် ဂီတ .."

ဟင့်အင်း ...၊





ဂီတ ခေါင်းခါပစ်သည်။ ခုပဲ သူ့ကို ဂီတ နာနာကြည်းကြည်း ဓားနဲ့ ထိုးသတ်နေခဲ့တာ ...၊ ဒီလိုမိန်းမကို သူက ယူရဲတယ်ဆိုတာ ဖြစ်နိုင်သလား ...၊

သူ့ဆီမှာ ဗီဒီယို မရှိတာ .. မစော်ကားခဲ့ဘူးဆိုတာတွေကရော...၊ လုံးဝ မဖြစ်နိုင်ဘူး ...၊

စိတ်ကို ထိန်းချုပ်၍ တွေး တွင်တွင်မှိုချမိသည်။ ခုနတုန်းက သတ်ရဲနေသည့် အမုန်းငြိုးတွေ ဘယ်ရောက်ကုန်ပြီလဲ ...၊

မျက်နှာကိုကြည့်ပြီး မထိုးရဲတာလား ...၊ သူ့စကားတွေကို ယုံချင်နေတာလား ...၊

မယုံနဲ့ ...၊ နင့်ကို တောက်လျှောက် ရက်စက်ခဲ့တာ .. မနက်ကထိ အညှာအတာမဲ့တဲ့စကားတွေနဲ့ နှိပ်ကွပ် ပြောနေတုန်း ...

"မင်း ထိုးချင်ထိုးလိုက် ဂီတ .. မင်းကို ငါ ရက်စက်ခဲ့တာတွေ အများကြီးပဲ .. မင်း စိတ်နာထိုက်တယ် .."

ဂီတ ဓားကို ပို၍ တင်းအောင် ဆုပ်ထားလိုက်သည်။ ပြီးတော့...

လိုလို့လား ဂီတ .. နင့်ကို စော်ကားချင်ရင် ဘာခက်လို့လဲ ...၊ နင်ကိုယ်တိုင် သူ့ကို ပုံပေးခဲ့ရပြီပဲ ထင်ခဲ့တာ ...၊ ဒီအတွက် ဘာအတား အဆီးတွေ ရှိမှာမို့လို့လဲ ...၊

အခု နင် သူ့ကို သတ်ဖို့ ကြိုးစားတာကလည်း ဒါကို သူ အပြစ်ပေးချင်ရင် ဥပဒေဘောင်ထဲကဆိုလည်း လွယ်လွယ်လေးပဲ ...၊

သူ့လိုလူက နင့်ကို ချစ်တာတွေပြောပြီး တကယ်မဟုတ်ဘဲ ခယ ချော့မော့နေမှာလား ...၊

"မင်းရဲ့သား စင်ကာပူ ပါမသွားဘူး .."

ဟင်!...

ဂီတ ထခုန်မတတ် ဖြစ်သွားသည်။

အံ့သြလွန်းလို့လား .. ဝမ်းသာသွားတာလား ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မယုံနိုင်တာပဲ ဖြစ်ကာ ...

"သားလေး .."

"မင်း လုပ်နေသမျှ ကိုယ် သိပါတယ်လို့ ပြောနေတာပဲ .. ကလေးကို မင်းရဲ့ လွမ်း တို့ဆီက ကိုယ် ပြန်ခေါ်ထားလိုက်တယ် .."

ဂီတ မျက်ဝန်းလေးတွေ အရောင်ပြောင်းသွားခဲ့ပြီ ဖြစ်၏။

"မင်းက မိခင်တစ်ယောက်အနေနဲ့ရော .. မိန်းမပြတ်တစ်ယောက်အနေနဲ့ပါ အရာရာမှာ အမှတ်ပြည့်နဲ့ တန်ဖိုးကြီး မိန်းကလေးပါ .."

သိုက် က ပခုံးလေးကို ဖွဖွလေး ဖက်၍ ရင်ခွင်ထဲ ဆွဲယူလိုက်သည်။ ဂီတ ပခုံးလေး ကျုံ့သွားပြီး ကိုယ်ကို တောင့်ထားမိကာ ...

"သားလေးကိစ္စ ရှင် ဘယ်လိုလုပ် သိတာလဲ .."

"မင်းရဲ့ အန်တီကောတီ နဲ့ ကိုယ် တွေ့လိုက်တာပဲ .. မင်း ဖုန်းပြောနေတာ ကြားတာနဲ့ တွေးကြည့်စရာမှ မလိုတာ .."

ဂီတ ကိုယ်လေး နွဲ့ကျသွားသည်နှင့် သူ့လက်နှစ်ဖက်နဲ့ သိမ်းဖက်ထားလိုက်ကာ ...

"ကိုယ့်ကို မင်း လက်ထပ်ကြည့်လိုက် .. အရမ်းကောင်းသွားလိမ့်မယ် .."

"ဘာ!..."

"မား နဲ့ မင်းရဲ့ဘဝအတွက်လေ .. မင်း ဘယ်လောက်ပဲ မာနကြီးကြီးနဲ့ ရပ်တည်နိုင်ပါစေ .. ယောကျ်ားတစ်ယောက်ရဲ့ အရိပ်အမိုးဆိုတာ လိုအပ်တယ် .. အားကိုးဖို့ လိုလို မလိုလို လုံခြုံဖို့အတွက်က လိုတယ်.."

သူ့ဘာသာ ပြောနေရင်း ဂီတ ရဲ့ ဆံနွယ်ရှည်တွေကို သူ့မျက်နှာနဲ့ တိုက်ဖယ်ပြီး နမ်းဖို့ တိုး၏။ ဂီတ က ရှောင်ပစ်လိုက်သည်။

"မင်းကို ကိုယ် မရှိးသားတော့ဘူးဆိုတာ ရိပ်မိလာတော့ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်လာတယ် .. အဲဒါကြောင့် မင်းအပေါ်မှာ ပိုပြီး ဖိနှိပ်မှုပေ့ ရှိလာတာ .. 'ငါ'ဆိုတဲ့မာနက မင်းရဲ့ မာနနဲ့ အရောင်လက်





နေတဲ့ မျက်လုံးတွေကို အရှုံးမပေးချင်ဘူး .."

"ရှင် ဘာတွေပြောနေနေ .. ကျွန်မ ရှင့်ကို ကျွန်မ မယုံနိုင်သေးဘူး .. အချစ်ဆိုတာ ဝေးလို့ ရှင့်ကို ကျေနပ်နိုင်ဖို့ဆိုတာ .."

"ကြိုက်သလောက် မုန်းကွာ .. ကိုယ့်ကို တစ်ခုပဲ ကတိပေး .."

သူက ဂီတ ရဲ့ ပါးပြင်လေးကို လေနဲ့ မှုတ်လိုက်ပြီးမှ ...

"ကိုယ်နဲ့ မိသားစုဘဝလေးတစ်ခု ထူထောင်ရမယ် .. မား က မျက်နှာငယ်လို့ .. သူ့ထက် ပိုချစ်မိမှာစိုးလို့ .. အဲဒီလို တိုယ် ကြားခဲ့ဖူးတဲ့ အကြောင်းတွေနဲ့ ကိုယ့်ရင်သွေးကို မငြင်းရဘူး .. ဘယ်လိုလဲ .."

"ရှင့်ကို ဘယ်သူက လက်ထပ်မယ် ပြောလို့လဲ .."

"မပြောရင် မင်းကို ကိုယ် အခု သိမ်းပိုက်ထားလိုက်မှာ .. ခေါင်းညိတ်ရင်တော့ မင်းအလိုလိုက်ဖို့ စဉ်းစားပေးမယ် .."

"ရှင့်ကို ကျွန်မ ချစ်နိုင်ဖို့ မလွယ်ဘူး ခနသိုက် .. ပြီးတော့ ကျွန်မ အိမ်ထောင်မပြုချင်ဘူး .."

"ကိုယ်က မင်းနဲ့ အထိုက်တန်ဆုံး အိမ်ထောင်ဖက်ပဲလေ .. မင်းနဲ့ ကိုယ် အိမ်ထောင် အသီးသီးကျခဲ့ပေမယ့် ခုလို ဂြိုဟ် နဲ့ဆုံခဲ့ကြတယ် .. မုန်းကြပြီးမှ ချစ်လာခဲ့တယ် .. ရန်ဘက်ချင်း တွယ်တာသောတာတာမှ ပြန်ပြီး ပျက်ပြယ်ဖို့မလွယ်တဲ့ ချစ်ခြင်း တဲ့ .."

"ဘယ်သူ ပြောတာလဲ .."

"အခု ကိုယ် ပြောနေတာ .."

"ကျွန်မ ရှင့်ကို ယုံကြည်ဖို့အတွက် အချိန်ယူရဦးမယ် .. အဲဒါကြောင့် လက်မထပ်နိုင်သေးဘူး .."

"မရဘူး ဂီတ .. ကိုယ်တို့က တက္ကသိုလ်ကျောင်းသားအရွယ်လေးတွေ မဟုတ်တော့ဘူး .. လိုအပ်ချက်များစွာနဲ့ ဒုက္ခတွေ ဒီလောက် ရင်ဆိုင်လာခဲ့ရပြီးပြီ.. အခု ကိုယ် လိုအပ်နေတာကို ဖြည့်ဆည်းမှ ဖြစ်မယ် .. မင်းကို လိုချင်သူတွေ ဝိုင်းနေတဲ့အတွက် စိတ်လည်းမချဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို လွှတ်ပါ .. အဲဒါတွေ မနက်ကျမှ .."

"ခု တစ်ခါတည်း ဆွေးနွေးချင်တာ .. ခု ပြောပါကွာ .."

"အို .. မသိဘူး သွား .. ရှင့်ကို မုန်းတာပဲ သိတယ် .. အဲ့ဒါကို ထပ်ထပ်ကြားချင်နေရင် ဆက်မေး .. ဖြေပေးမယ် .."

"ပြီးရောကွာ .. မောတဲ့သူ ရပ်လိမ့်မယ် .. အိုခေ .."

"ဟင့်အင်း .. ရှင် နော် .. သိုက် .."

"မုန်းနေရမှာ မင်းဝတ္တရားဆိုရင် .. ချစ်ပြဖို့က ကိုယ့်အပိုင်း .."

အစတည်းက အမြဲတမ်း အနိုင်ယူခဲ့သည့် သူ့အကျင့်အတိုင်း .. ဂီတ သူ့ရင်ခွင်ထဲ ရောက်သွားသည်။

ပြီးတော့ အိပ်မက်ဆန်သော အဆုံးအဖြတ်တို့နှင့် ညက 'ပွဲပြီးမီးသေ' ဆိုတာမျိုး ပင့်သက်ရှိုက်သံသဲ့သဲ့နှင့် ငိုက်မျဉ်းလေသည်။

ဘာတွေ ဘယ်လို စခဲ့ပြီး အဆုံးသတ်ရောက်တဲ့အထိ ဘာကိုမှ နားမလည်ခဲ့ပေမယ့် သူမ နဲ့ သူ ...၊

'ယနေ့မှစ၍ ကျွန်တော် ကျွန်မတို့သည် .."

ပရိသတ်အတွက်

ထာဝရ



www.burmeseclassic.com